ပြည်ထောင်စု မြန်မာနိုင်ငံတော်
ရှေ့နေချုပ်ရုံး

၁၉၆၀ ပြည့်နှစ်
အကြောင်းအရာများနှင့်နည်းဥပဒေများ

(၁၉၉၉ ခုနှစ်၊ ဩဂုတ်လအထိ ပြင်ဆင်ဖြည့်စွက်ပြီး)

၁၉၉၉ ခုနှစ်
ရှေ့နေချုပ်ရုံးက ထုတ်ဝေသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်

ရှေ့နေချုပ်ရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားလွှတ်တော်

၁၉၄၀ ပြည့်နှစ်

အက်ဥပဒေများနှင့်နည်းဥပဒေများ

(၁၉၉၉ ခုနှစ်၊ ဩဂုတ်လအထိ ပြင်ဆင်ဖြည့်စွက်ပြီး)

၁၉၉၉ ခုနှစ်
ရှေ့နေချုပ်ရုံးက ထုတ်ဝေသည်။

ပထမအကြိမ်ပုံနှိပ်ခြင်း
၁၉၉၉ ခုနှစ်၊ စက်တင်ဘာလ
အုပ်ရေ (၂၀၀၀)

တန်ဖိုး - ၄၀၀ ကျပ်

ရွှေနေချုပ်ရုံးက ထုတ်ဝေသည်။

အမှာစာ

၁၉၅၅ ခုနှစ်မှ ၁၉၆၁ ခုနှစ်အတွင်း ပုံနှိပ်ထုတ်ဝေခဲ့သော အက်ဥပဒေစာအုပ်များ ရှားပါးမှုကြောင့် ဥပဒေလိုက်စားသူများ၏ အခက်အခဲ လိုအပ်ချက်ကို ဖြည့်ဆည်းသည့်အနေဖြင့် ၁၉၅၅ ခုနှစ် အက်ဥပဒေများနှင့် နည်းဥပဒေများကို ၁၉၉၇ ခုနှစ်၊ မေလတွင် လည်းကောင်း၊ ၁၉၅၆ ခုနှစ် အက်ဥပဒေများနှင့် နည်းဥပဒေများစာအုပ်ကို ၁၉၉၇ ခုနှစ် ဩဂုတ်လတွင် လည်းကောင်း၊ ၁၉၅၇ ခုနှစ် အက်ဥပဒေများနှင့် နည်းဥပဒေများစာအုပ်ကို ၁၉၉၈ ခုနှစ် ဇန်နဝါရီလတွင် လည်းကောင်း၊ ၁၉၅၈ ခုနှစ် အက်ဥပဒေများနှင့် နည်းဥပဒေများ စာအုပ်ကို ၁၉၉၈ ခုနှစ် ဇွန်လတွင် လည်းကောင်း၊ ၁၉၅၉ ခုနှစ် အက်ဥပဒေများနှင့် နည်းဥပဒေများ စာအုပ်ကို ၁၉၉၉ ခုနှစ် ဇန်နဝါရီလတွင်လည်းကောင်း၊ ပြန်လည်ပုံနှိပ်၍ ထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။

ယခုတဖန် ၁၉၆၀ ပြည့်နှစ် အက်ဥပဒေများနှင့် နည်းဥပဒေများစာအုပ်ကို ပြင်ဆင်ဖြည့်စွက်ချက်များဖြင့် ပြန်လည်၍ ပုံနှိပ်ထုတ်ဝေပါသည်။ ၁၉၆၀ ပြည့်နှစ် အက်ဥပဒေများအနက် ထိုနှစ်အတွက်သာလျှင် အာဏာသက်ရောက်သော ၁၉၆၀ ပြည့်နှစ် ဘဏ္ဍာတော် အက်ဥပဒေ၊ ဘဏ္ဍာတော်ငွေခွဲဝေသုံးစွဲရေး အက်ဥပဒေများနှင့် ၁၉၉၉ ခုနှစ် ဩဂုတ်လ ၃၁ ရက်နေ့အထိ ရုပ်သိမ်းပြီးသော မူရင်းအက်ဥပဒေများ၊ ပြင်ဆင်ချက်အက်ဥပဒေများကို ချန်လှပ်ထားပါသည်။

ဥပဒေကို လေ့လာရာတွင် သက်ဆိုင်သည့် နည်းဥပဒေများကိုပါ လေ့လာသိရှိပါမှ ပိုမိုပြည့်စုံနိုင်မည်ဖြစ်သဖြင့် ၁၉၆၀ ပြည့်နှစ် မူရင်းအက်ဥပဒေများအပြင် မူရင်းနည်းဥပဒေများကို ၁၉၉၉ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့အထိ ပြင်ဆင်ဖြည့်စွက် အစားထိုးထားသည့်အတိုင်း ထည့်သွင်း ပုံနှိပ်ထားပါသည်။ ပြင်ဆင်သည့်ဥပဒေနှင့်နည်းဥပဒေများကို မူလအတိုင်း ဖော်ပြပုံနှိပ်ထားပါသည်။

ယင်းသို့ စုဆောင်းရှာဖွေရာ၌ အမှားအယွင်းကင်းစင်နိုင်သမျှ ကင်းစင်စေရန် ကြိုးစားဆောင်ရွက်ထားပါသော်လည်း လိုအပ်ချက်များ၊ ပြင်ဆင်ဖြည့်စွက်ရန် အချက်များ တွေ့ရှိပါက အကြံပြုညွှန်ပြနိုင်ပါကြောင်း ဖော်ပြအပ်ပါသည်။

၁၉၆၁ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော အက်ဥပဒေများနှင့် နည်းဥပဒေများကိုလည်း ပြင်ဆင်ဖြည့်စွက်ချက်များဖြင့် ဆက်လက်ထုတ်ဝေသွားရန် စီစဉ်လျက်ရှိပါကြောင်းနှင့် ၁၉၈၈ ခုနှစ်မှစ၍ နှစ်စဉ် ပြဋ္ဌာန်းထားသော ဥပဒေများကို အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေရန် စီစဉ်လျက်ရှိရာ Myanmar Laws (1988-89) စာအုပ်ကို ထုတ်ဝေရောင်းချလျက်ရှိပြီး ကျန်ခုနှစ်များအတွက်လည်း ဆက်လက် ထုတ်ဝေရန် စီစဉ်လျက်ရှိကြောင်းသတင်းကောင်း ပါးအပ်ပါသည်။

ရွှေနေချုပ်ရုံး

၁၉၉၉ ခုနှစ်၊ ဩဂုတ်လ ၃၁ရက်။

မာတိကာ
(က)

ခဉ်	အက်ဥပဒေများ	စာမျက်နှာ
၁။	၁၉၆၀ ပြည့်နှစ် အတွင်းပြဋ္ဌာန်းခဲ့သော ပြည်ထောင်စုမြန်မာနိုင်ငံ အက်ဥပဒေများစာရင်း။	၁
၂။	The Foreign Exchange Regulation (Amendment) Act, 1960.	၇
၃။	၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေ။	၈
၄။	၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေး (ပြင်ဆင်ချက်) အက်ဥပဒေ။	၃၉
၅။	The State (Extension of Laws) (Amendment) Act, 1960.	၄၀
၆။	The Myanmar Post Office (Amendment) Act, 1960.	၄၁
၇။	၁၉၆၀ ပြည့်နှစ်၊ တပ်မတော် (ပြင်ဆင်ချက်) အက်ဥပဒေ။	၄၂
၈။	၁၉၆၀ ပြည့်နှစ်၊ လူမှုဖူလုံရေး (ပြင်ဆင်ချက်) အက်ဥပဒေ။	၄၈
၉။	The Penal Code (Amendment) Act, 1960.	၄၉
၁၀။	၁၉၆၀ ပြည့်နှစ်၊ တိဝိဋကဓရရွေးချယ်ရေးအဖွဲ့အက်ဥပဒေ။	၅၇
၁၁။	The Myanmar Telegraph (Amendment) Act, 1960.	၇၁
၁၂။	၁၉၆၀ ပြည့်နှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့်မြို့ရွာစည်ပင်ရေးအဖွဲ့ (ပြင်ဆင်ချက်) အက်ဥပဒေ။	၇၆

မာတိကာ

(ခ)

စဉ်	အက်ဥပဒေများ	စာမျက်နှာ
၁၃။	The City of Yangon Municipal (Amendment) Act, 1960.	၇၀
၁၄။	The Penal Code (Amendment) Act, 1960.	၈၂
၁၅။	၁၉၆၀ ပြည့်နှစ်၊ ပြည်နယ်များ ရာဇဝတ် တရားဥပဒေ အကျိုးသက်ရောက်ရေး အက်ဥပဒေ။	၈၃
၁၆။	The Control of Imports and Exports (Temporary) (Amendment) Act, 1960.	၈၄
၁၇။	၁၉၆၀ ပြည့်နှစ်၊ ကျေးလက်စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုရန်ပုံငွေ အက်ဥပဒေ။	၈၅

မာတိကာ

(ဂ)

စဉ်	နည်းဥပဒေများ	စာမျက်နှာ
၁။	၁၉၆၀ ပြည့်နှစ်အတွင်း ပြဋ္ဌာန်းခဲ့သော ပြည်ထောင်စု မြန်မာနိုင်ငံ နည်းဥပဒေများစာရင်း။	၉၀
၂။	Amendment to the Minicipal Electoral Rules. 1959.	၁၀၃
၃။	Amendment to the Mineral Concessions Rules, 1957.	၁၀၄
၄။	The Dock Workers (Regulation of Employment) Rules for the Port of Mawlamyine.	၁၀၆
၅။	Amendment to the Myanmar Auditor's Certificate Rules, 1956.	၁၀၉
၆။	၁၉၅၂ ခုနှစ်၊ ပြည်ထောင်စု အသက်အာမခံနည်းဥပဒေများ၏ ပြင်ဆင်ချက်။	၁၁၀
၇။	Amendment to the Rules for Working the Floating Jetties, Quays and Godowns at Mawlamyine 1903.	၁၁၇
၈။	Amendment to the Myanmar Auditor's Certificate Rules. 1956.	၁၁၈
၉။	Amendment to the Rules under the Land and Revenue Act 1897.	၁၁၉
၁၀။	မြန်မာနိုင်ငံတော် ခရီးစရိတ် နည်းဥပဒေ နောက်ဆက်တွဲ၏ ပြင်ဆင်ချက်။	၁၂၀

မာတိကာ
(ဃ)

စဉ်	နည်းဥပဒေများ	စာမျက်နှာ
၁၁။	၁၉၆၀ ပြည့်နှစ်၊ အလုပ်ခန့်ထားမှု ကန့်သတ်ရေး နည်းဥပဒေများ။	၁၂၁
၁၂။	Amendment to the Myanmar Ferries Rules, 1936.	၁၄၃
၁၃။	တပ်မတော်နည်းဥပဒေများ။	၁၄၄
၁၄။	Amendment to the Foreign Exchange Regulation Rules.	၃၀၇
၁၅။	Amendment to the Myanmar Foreign Service Leave Rules, 1953.	၃၁၀
၁၆။	Amendment to the Government Savings Banks Rules.	၃၁၁
၁၇။	၁၉၆၀ ပြည့်နှစ်၊ အထူးစုံစမ်းစစ်ဆေးမှုအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ နှင့်အခြားအဖွဲ့ဝင်များ၏အမှုထမ်းစည်းကမ်းဆိုင်ရာနည်းဥပဒေများ။	၃၁၂
၁၈။	Amendment to the Municipal Electoral Rules, 1950.	၃၁၃
၁၉။	Amendment to the Myanmar Auditor's Certificate Rules, 1956.	၃၁၄
၂၀။	၁၉၆၀ ပြည့်နှစ်၊ မြန်မာနိုင်ငံဆေးကောင်စီနည်းဥပဒေများ။	၃၁၅
၂၁။	၁၉၆၀ ပြည့်နှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံဆေးကောင်စီ ငွေရေး ကြေးရေးနှင့် စာရင်းများဆိုင်ရာ နည်းဥပဒေများ။	၃၃၄
၂၂။	Amendment to the Myanmar Wireless Telegraphs Rules, 1937.	၃၃၃

မာတိကာ

(င)

စဉ်	နည်းဥပဒေများ	စာမျက်နှာ
၂၃။	Amendment to the Myanmar Wireless Telegraphs (Possession) Rules, 1937.	၃၇၈
၂၄။	The Myanmar Wireless Telegraphy Licence Charges Rules, 1960.	၃၇၉
၂၅။	Amendment to the Daily Allowance Rules, 1951. (The Foreign Service Travelling Allowance Rules, 1951)	၃၈၂
၂၆။	Amendment to the Myanmar Municipal Rules, 1934.	၃၉၉
၂၇။	Amendment to the Myanmar Municipal Rules, 1934.	၄၀၀
၂၈။	၁၉၅၃ ခုနှစ်၊ နိုင်ငံတော်စိုက်ပျိုးရေးဘဏ် နည်းဥပဒေများ၏ ပြင်ဆင်ချက်။	၄၀၁

၁၉၆၀ ပြည့်နှစ် အတွင်း ပြဋ္ဌာန်းခဲ့သောပြည်ထောင်စုမြန်မာနိုင်ငံ အက်ဥပဒေများစာရင်း

ဥပဒေ အမှတ်	ဥပဒေအမည်	မှတ်ချက်
၁။	၁၉၆၀ ပြည့်နှစ်၊ ပြည်ထောင်စုအစိုးရ (အဖွဲ့ဝင်ဝန်ကြီးများ၏ လစာငွေများ) (ပြင်ဆင်ချက်) အက်ဥပဒေ။	ဥပဒေများရုပ်သိမ်းသည့် ဥပဒေ (အမှတ် ၁/၉၂) ဖြင့် ရုပ်သိမ်းသည်။
၂။	၁၉၆၀ ပြည့်နှစ်၊ ပါလီမန်အမတ်များ (လစာနှင့်စရိတ်ကြေးငွေများ) (ပြင်ဆင်ချက်) အက်ဥပဒေ။	ဥပဒေများရုပ်သိမ်းသည့် ဥပဒေ (အမှတ် ၁/၉၂) ဖြင့် ရုပ်သိမ်းသည်။
၃။	၁၉၆၀ ပြည့်နှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံငွေရင်းနှီးရေး (ပြင်ဆင်ချက်) အက်ဥပဒေ။	ပုဂ္ဂလိကလုပ်ငန်း လုပ်ပိုင်ခွင့်ဥပဒေ (အမှတ် ၁၂/၇၇) ဖြင့် ရုပ်သိမ်းသည်။
၄။	The Foreign Exchange Regulation (Amendment) Act, 1960.	
၅။	၁၉၆၀ ပြည့်နှစ်၊ နောက်ထပ်ဘဏ္ဍာတော်ငွေခွဲဝေသုံးစွဲရေး အက်ဥပဒေ။	
၆။	၁၉၆၀ ပြည့်နှစ်၊ ဒီမိုကရေစီဒေသန္တရအုပ်ချုပ်ရေး(ပြင်ဆင်ချက်) အက်ဥပဒေ။	၁၉၆၆ ခုနှစ်၊ ဒီမိုကရေစီ ဒေသန္တရအုပ်ချုပ်ရေးနှင့် ဒီမိုကရေစီဒေသန္တရ အုပ်ချုပ်ရေး (ရပ်ဆိုင်းခြင်း) အက် ဥပဒေများရုပ်သိမ်းသည့် ဥပဒေ (အမှတ် ၆/၆၆)ဖြင့်ရုပ်သိမ်းသည်။
၇။	The Municipal (Amendment) Act, 1960.	စည်ပင်သာယာရေးအဖွဲ့များ ဥပဒေ (အမှတ် ၅/၉၇) ဖြင့် ရုပ်သိမ်းသည်။

၁၉၆၀ ပြည့်နှစ် အတွင်း ပြဋ္ဌာန်းခဲ့သောပြည်ထောင်စုမြန်မာနိုင်ငံ အက်ဥပဒေများစာရင်း

ဥပဒေ အမှတ်	ဥပဒေအမည်	မှတ်ချက်
၈။	၁၉၆၀ ပြည့်နှစ်၊ မြူပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေ။	
၉။	The Cattle Slaughter Prohibition (Amendment) Act, 1960.	စည်ပင်သာယာရေးအဖွဲ့များဥပဒေ (အမှတ် ၅/၉၃) ဖြင့် ရုပ်သိမ်းသည်။
၁၀။	The Yangon City Civil Court (Amendment) Act, 1960.	၁၉၇၃ ခုနှစ်၊ ရန်ကုန်မြို့တရားမရုံးအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေ (အမှတ် ၆/၇၃) ဖြင့် ရုပ်သိမ်းသည်။
၁၁။	၁၉၆၀ ပြည့်နှစ်၊ နောက်ထပ်ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲရေး အက်ဥပဒေ။	
၁၂။	၁၉၆၀ ပြည့်နှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ယဉ်ကျေးမှုကောင်စီ (ပြင်ဆင်ချက်) အက်ဥပဒေ။	ဥပဒေများရုပ်သိမ်းသည့် ဥပဒေ (အမှတ် ၁/၉၂) ဖြင့် ရုပ်သိမ်းသည်။
၁၃။	၁၉၆၀ ပြည့်နှစ်၊ ရောင်းခွန် (ပြင်ဆင်ချက်) အက်ဥပဒေ။	ဥပဒေများရုပ်သိမ်းသည့် ဥပဒေ (အမှတ် ၁/၉၂) ဖြင့် ရုပ်သိမ်းသည်။
၁၄။	The Myanmar Income-Tax (Amendment) Act, 1960.	ဥပဒေများရုပ်သိမ်းသည့် ဥပဒေ (အမှတ် ၁/၉၂) ဖြင့် ရုပ်သိမ်းသည်။

၁၉၆၀ ပြည့်နှစ် အတွင်း ပြဋ္ဌာန်းခဲ့သောပြည်ထောင်စုမြန်မာနိုင်ငံ အက်ဥပဒေများစာရင်း

ဥပဒေ အမှတ်	ဥပဒေအမည်	မှတ်ချက်
၁၅။	၁၉၆၀ ပြည့်နှစ်၊ နိုင်ငံတော်စိုက်ပျိုးရေးဘဏ် (ပြင်ဆင်ချက်) အက်ဥပဒေ။	၁၉၆၇ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ ပြည်သူ့ဘဏ်ဥပဒေ (အမှတ် ၁/၆၇) ဖြင့် ရုပ်သိမ်းသည်။ ၁၉၆၇ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ ပြည်သူ့ဘဏ်ဥပဒေ (အမှတ် ၁/၆၇) ကို ဘဏ်ဥပဒေ အမှတ် (၉/၇၅) ဖြင့် ရုပ်သိမ်းသည်။ ဘဏ်ဥပဒေ (အမှတ် ၉/၇၅) ကို ဗဟိုဘဏ် ဥပဒေ အမှတ် (၁၅/၉၀) ဖြင့် ရုပ်သိမ်းသည်။
၁၆။	The Special Crime (Tribunal) (Amendment) Act, 1960.	ပြည်သူ့တရားသူကြီးအဖွဲ့ဥပဒေ (အမှတ်၁၇/၇၄) ဖြင့် ရုပ်သိမ်းသည်။ ပြည်သူ့တရားသူကြီးအဖွဲ့ဥပဒေ (အမှတ်၁၇/၇၄) ကို တရားစီရင်ရေးဥပဒေ (နဝတ ဥပဒေ အမှတ် ၂/၈၈) ဖြင့် ရုပ်သိမ်းသည်။
၁၇။	၁၉၆၀ ပြည့်နှစ်၊ ပါလီမန်က ခွင့်ပြုသည့်ငွေထက် ပိုသုံးသော ငွေများကို ခွင့်ပြုသည့် အက်ဥပဒေ။	

၁၉၆၀ ပြည့်နှစ် အတွင်း ပြဋ္ဌာန်းခဲ့သောပြည်ထောင်စုမြန်မာနိုင်ငံ အက်ဥပဒေများစာရင်း

ဥပဒေ အမှတ်	ဥပဒေအမည်	မှတ်ချက်
၁၈။	၁၉၆၀ ပြည့်နှစ်၊ ဘဏ္ဍာတော်အက်ဥပဒေ။	
၁၉။	၁၉၆၀ ပြည့်နှစ်၊ ဘဏ္ဍာတော်ငွေခွဲဝေသုံးစွဲရေးအက်ဥပဒေ။	
၂၀။	၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေး (ပြင်ဆင်ချက်) အက်ဥပဒေ။	
၂၁။	The State(Extension of Laws) (Amendment) Act, 1960.	
၂၂။	The Myanmar Post Office (Amendment) Act, 1960.	
၂၃။	၁၉၆၀ ပြည့်နှစ်၊ တပ်မတော် (ပြင်ဆင်ချက်) အက်ဥပဒေ။	
၂၄။	၁၉၆၀ ပြည့်နှစ်၊ လျှပ်စစ်ဓာတ်အားပေးရေး (ပြင်ဆင်ချက်) အက်ဥပဒေ။	ဥပဒေများရုပ်သိမ်းသည့်ဥပဒေ (အမှတ် ၁/၉၂) ဖြင့် ရုပ်သိမ်းသည်။
၂၅။	၁၉၆၀ ပြည့်နှစ်၊ ပုံနှိပ်သူများနှင့်ထုတ်ဝေသူများမှတ်ပုံတင် (ပြင်ဆင်ချက်)အက်ဥပဒေ။	၁၉၆၂ ခုနှစ်၊ ပုံနှိပ်သူများနှင့် ထုတ်ဝေသူများမှတ်ပုံတင်ဥပဒေ (အမှတ် ၂၆/၆၂) ဖြင့် ရုပ်သိမ်းသည်။
၂၆။	၁၉၆၀ ပြည့်နှစ်၊ လူမှုဖူလုံရေး (ပြင်ဆင်ချက်) အက်ဥပဒေ။	
၂၇။	The Penal Code (Amendment) Act, 1960.	
၂၈။	၁၉၆၀ ပြည့်နှစ်၊ တိပိဋကဓရရွေးချယ်ရေးအဖွဲ့အက်ဥပဒေ။	
၂၉။	The Myanmar Telegraph (Amendment) Act, 1960.	

၁၉၆၀ ပြည့်နှစ် အတွင်း ပြဋ္ဌာန်းခဲ့သောပြည်ထောင်စုမြန်မာနိုင်ငံ အက်ဥပဒေများစာရင်း

ဥပဒေ အမှတ်	ဥပဒေအမည်	မှတ်ချက်
၃၀။	၁၉၆၀ ပြည့်နှစ်၊ နိုင်ငံတော်ပြည်သူ့ဖိုးအိမ်ပြန်လည်ထူထောင်ရေးနှင့်မြို့ရွာစည်ပင်ရေးအဖွဲ့ (ပြင်ဆင်ချက်) အက်ဥပဒေ။	
၃၁။	The City of Yangon Municipal (Amendment) Act, 1960.	
၃၂။	The Penal Code (Amendment) Act, 1960.	
၃၃။	၁၉၆၀ ပြည့်နှစ်၊ ပြည်နယ်များရာဇဝတ် တရားဥပဒေ အကျိုးသက်ရောက်ရေးအက်ဥပဒေ။	
၃၄။	၁၉၆၀ ပြည့်နှစ်၊ ပြည်ထောင်စုအာမခံစနစ်အဖွဲ့ (ပြင်ဆင်ချက်) အက်ဥပဒေ။	၁၉၆၇ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ ပြည်သူ့ဘဏ်ဥပဒေ (အမှတ် ၁/၆၇) ဖြင့် ရုပ်သိမ်းသည်။ ၁၉၆၇ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်သူ့ဘဏ်ဥပဒေ (အမှတ် ၁/၆၇) ကို ဘဏ်ဥပဒေ (အမှတ် ၈/၇၅) ဖြင့် ရုပ်သိမ်းသည်။ ဘဏ်ဥပဒေ (အမှတ် ၈/၇၅) ကို ဗဟိုဘဏ်ဥပဒေ (အမှတ် ၁၅/၉၀) ဖြင့် ရုပ်သိမ်းသည်။

၁၉၆၀ ပြည့်နှစ် အတွင်း ပြဋ္ဌာန်းခဲ့သောပြည်ထောင်စုမြန်မာနိုင်ငံ အက်ဥပဒေများစာရင်း

ဥပဒေ အမှတ်	ဥပဒေအမည်	မှတ်ချက်
၃၅။	The Control of Imports and Exports (Temporary) (Amendment) Act, 1960.	
၃၆။	၁၉၆၀ ပြည့်နှစ်၊ ဒီမိုကရေစီဒေသန္တရအုပ်ချုပ်ရေး(ယာယီ) (ပြင်ဆင်ချက်) အက်ဥပဒေ။	၁၉၆၆ ခုနှစ်၊ ဒီမိုကရေစီ ဒေသန္တရအုပ်ချုပ်ရေး အက်ဥပဒေနှင့် ဒီမိုကရေစီဒေသန္တရအုပ်ချုပ်ရေး (ရပ်ဆိုင်းခြင်း) အက်ဥပဒေများရုပ်သိမ်းသည့် ဥပဒေ (အမှတ် ၆/၆၆) ဖြင့် ရုပ်သိမ်းသည်။
၃၇။	၁၉၆၀ ပြည့်နှစ်၊ ကျေးလက်စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုရန်ပုံငွေ အက်ဥပဒေ။	

THE FOREIGN EXCHANGE REGULATION (AMENDMENT) ACT, 1960.*

[Act No. IV of 1960.]
(The 2nd May 1960.)

It is hereby enacted as follows: —

1. This Act may be called the Foreign Exchange Regulation (Amendment) Act. 1960.

2. In sub- section *(2)* of section 5 of the Foreign Exchange Regulation Act, 1947, hereinafter referred to as the said Act, *for* the word "Bank" the words "Union Bank of Myanmar" ***shall be substituted.***

3. In sub-section (2) of section 8 of the said Act, *for* the word "Bank" the words "Union Bank of Myanmar" ***shall be substituted.***

4. In clause *(a)* of section 10 of the said Act, *after* the words "who owns" the words "or holds" ***shall be inserted.***

5. In sub-section (3) of section 21 of the said Act, *for* the expression "travel agents or stock brokers" the expression "travel agents, common or private carriers or their accredited agents, or stock brokers" ***shall be substituted.***

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ဦးဝင်းမောင်၊
နိုင်ငံတော်သမ္မတ၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၂၂ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်။)
(၁၉၆၀ ပြည့်နှစ် မေလ ၂ ရက်။)

အမိန့်အရ
ကြည်စိန်၊
နိုင်ငံတော်သမ္မတ၏ ဒုတိယအတွင်းဝန်။

---

* မြန်မာနိုင်ငံပြန်တမ်း အပိုင်း -၁၊ ၁၉၆၀ ပြည့်နှစ် မေလ (၁၄)ရက် စာမျက်နှာ - ၆၁၇။

၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေ။ *

[၁၉၆၀ ပြည့်နှစ်၊ အက်ဥပဒေအမှတ် ၈။]
(၁၉၆၀ ပြည့်နှစ်၊ မေလ ၄ ရက်။)

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ (၁) ဤအက်ဥပဒေကို၊ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ပုဒ်မ ၃ ပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ ဤအက်ဥပဒေကို ပြည်ထောင်စု မြန်မာနိုင်ငံရှိ မြို့ပြဒေသအားလုံးနှင့် သက်ဆိုင်စေရမည်။

၂။ ။ ဤအက်ဥပဒေတွင် အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏ အဓိပ္ပာယ်နှင့်ဖြစ်စေ၊ မဆန့်ကျင်လျှင် —

(က) "ရန်ကုန်မြို့တော်" ဆိုသည်မှာ၊ အခါအားလျော်စွာပြင်ထားသည့် ရန်ကုန်မြို့တော် မြူနီစီပါယ် အက်ဥပဒေဇယား ၆ တွင် ဖော်ပြထားသော ရန်ကုန်မြို့တော်ကိုဆိုလိုသည်။

(ခ) "ကြီးကြပ်ရေးဝန်" ဆိုသည်မှာ၊ ဤအက်ဥပဒေအရ ခန့်ထားသည့် ငှားရမ်းခ ကြီးကြပ်ရေးဝန်ကိုဆိုလိုသည်။

(ဂ) "အိမ်ရှင်" ဆိုသည်မှာ၊ မိမိအတွက်ဖြစ်စေ၊ သူတစ်ပါးအတွက်ဖြစ်စေ၊ သူတစ်ပါး၏ ကိုယ်စားဖြစ်စေ၊ သူတစ်ပါး၏အကျိုးအတွက်ဖြစ်စေ၊ သူတစ်ပါး၏ ယုံမှတ် အပ်နှံခံရသူ၊ သို့တည်းမဟုတ် အုပ်ထိန်းသူ၊ သို့တည်း မဟုတ် ပစ္စည်းထိန်း အနေနှင့်ဖြစ်စေ၊ ဥပစာတစ်ခုခုနှင့်စပ်လျဉ်း၍ အခါ အားလျော်စွာ ငှားရမ်း ခကို ရထိုက်ခွင့်ရှိသော၊ သို့တည်းမဟုတ် ဥပစာကို အိမ်ငှားအားအငှားချ ထားလျှင်၊ ငှားရမ်းခကို ထိုသို့ရရှိမည်ဖြစ်သော၊ သို့တည်းမဟုတ် ရထိုက်ခွင့် ရှိသောသူကို ဆိုလိုသည်။ ထိုစကားရပ်တွင်၊ တရားမကျင့်ထုံးကိုဥပဒေ၌ အဓိပ္ပာယ်ဖော်ပြထားသည့် တရားဝင်ကိုယ်စား လှယ်လည်းကောင်း၊ ဥပစာ တစ်ခုခုကို ဈာန်ဆင့်အငှားချထားသော

* မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း - ၁၊ ၁၉၆၀ ပြည့်နှစ်၊ မေလ (၂၁) ရက်၊ စာမျက်နှာ - ၆၄၁။

အိမ်ငှားလည်းကောင်း၊ အခါ အားလျော်စွာ အိမ်ရှင်ထံမှ တစ်ဆင့်ဆိုင်ရာ ဆိုင်ခွင့်ရရှိသူအသီးသီး လည်းကောင်း ပါဝင်သည်။

(ယ) "ဥပစာ" ဆိုသည်မှာ —

(၁) အဆောက်အအုံ ဆောက်လုပ်ထားသည့်မြေကိုလည်းကောင်း၊ မည်သည့်ကိစ္စအတွက်မဆို သီးခြားအငှားချထားသည့်၊ သို့တည်းမဟုတ် နေထိုင်သည့်၊ သို့တည်းမဟုတ် အငှားချထားရန်သော်လည်းကောင်း၊ နေထိုင်ရန်သော်လည်းကောင်း၊ ရည်ရွယ်သည့်အဆောက်အအုံ၊ သို့တည်းမဟုတ်အဆောက်အအုံ အစိတ်အပိုင်း တစ်ခုခုကိုလည်းကောင်း ဆိုလိုသည်။ ထိုစကားရပ်တွင်၊ ဈေး၊ သို့တည်းမဟုတ် အခြားအဆောက်အအုံတစ်ခုခုအတွင်း ကုန်စည်ပစ္စည်းများ လက်လီရောင်းချရန် အငှားချထားသည့်ဈေးဆိုင်၊ ထို့ပြင် ထိုအဆောက်အအုံ၊ သို့တည်းမဟုတ် အဆောက်အအုံအစိတ်အပိုင်းနှင့် အတူ အငှားချထားသည့်မြေ၊ အိမ်ထောင်ပရိဘောဂ၊ သို့တည်းမဟုတ် တပ်ဆင်ထားသည့် ပစ္စည်းများလည်း ပါဝင်သည်။

(၂) မည်သည့်ကိစ္စအတွက်မဆို သီးခြားအငှားချထားသည့်၊ သို့တည်းမဟုတ် နေထိုင်သည့်၊ သို့တည်းမဟုတ် အငှားချထားရန်သော်လည်းကောင်း၊ နေထိုင်ရန်သော်လည်းကောင်း၊ ရည်ရွယ်သည့်မြေကိုဆိုလိုသည်။

(င) "သတ်မှတ်သည်" ဆိုသည်မှာ၊ ဤအက်ဥပဒေအရ ပြုသည့်နည်းဥပဒေများဖြင့် သတ်မှတ်သည်ကိုဆိုလိုသည်။

(စ) ဥပစာတစ်ခုခုနှင့်စပ်လျဉ်း၍၊ "စံငှားရမ်းခ" ဆိုသည်မှာ၊ အောက်ဖော်ပြရာပါ ငှားရမ်းခများကို ဆိုလိုသည် —

(၁) ပုဒ်မ ၂၇ ၌ သီးခြားဖော်ပြထားသည့်ကိစ္စများတွင်၊ ရန်ကုန်မြို့တော်အတွက် ရန်ကုန်မြို့တော်တရားမရုံးတရားသူကြီးချုပ်၏ အမိန့်နှင့်မဆန့်ကျင်စေဘဲဖြစ်စေ၊ အခြားမြို့ပြဒေသအတွက် ပုဒ်မ ၃၂ ကရ သတ်မှတ်သည့် တရားသူကြီး၏ အမိန့်နှင့်မဆန့်ကျင်စေဘဲဖြစ်စေ၊ ကြီးကြပ်ရေးဝန်က သတ်မှတ်သော ငှားရမ်းခ၊

(၂) အခြားကိစ္စအားလုံးတွင် —

(က-က) ဥပစာကို၊ ၁၉၃၉ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့၌ အငှားချထားသော ငှားရမ်းခ။

(ခ-ခ) ဥပစာကို၊ ၁၉၃၉ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့၌ အငှားချထားခြင်းမရှိလျှင်၊ ထိုရက်နေ့မတိုင်မီက၊ ထိုဥပစာကို အငှားချထားသော

ငှားရမ်းခ။

(ဂ-ဂ) ဥပစာကို၊ ၁၉၃၉ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့နောက်နှင့် ၁၉၄၁ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မတိုင်မီ ပထမအကြိမ် အငှားချထားလျှင်၊ ယင်းသို့ပထမအကြိမ် အငှားချထားသောငှားရမ်းခ။

(ဃ-ဃ) ငှားရမ်းခကို ကာလအပိုင်းအခြားအလိုက် တိုးမြှင့်ရန် စည်းကမ်းချက်ပါရှိသော အငှားစာချုပ်ဖြင့် ဥပစာကို၊ ၁၉၃၉ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့၌ အငှားချထားလျှင် —

(၁) အငှားစာချုပ်အတည်ဖြစ်နေစဉ်အတွင်း၊ ဆိုခဲ့သည့်စည်းကမ်းချက်အတိုင်း အခါအားလျော်စွာ ထိုသို့ တိုးမြှင့်ထားသည့် ငှားရမ်းခ၊ သို့မြင်

(၂) အငှားစာချုပ် အချိန်စေ့ကုန်သွားပြီးနောက်တွင်၊ အငှားစာချုပ်၏ နောက်ဆုံးကာလ အပိုင်းအခြားအတွင်း ပေးရမည့်ငှားရမ်းခ။

(င-င) ဥပစာကို၊ ၁၉၃၄ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့က၊ သို့တည်းမဟုတ် ထိုရက်နေ့မတိုင်မီက အစပြုသည့် ငါးနှစ်၊ သို့တည်းမဟုတ် ငါးနှစ်အထက်ကာလအပိုင်းအခြားအတွက် အငှားစာချုပ်ဖြင့် အငှားချထားသည့်ကိစ္စတွင် ထိုစာချုပ်သည်၊ ၁၉၃၉ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့နောက်တွင် အချိန်စေ့ကုန်ပြီးဖြစ်ခဲ့လျှင်၊ ၁၉၃၉ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့ပါဝင်သည့် ကာလအပိုင်းအခြားအတွက်၊ ထိုအငှားစာချုပ်ဖြင့် သတ်မှတ်ထားသည့်ငှားရမ်းခ။

သို့ရာတွင် နိုင်ငံတော်သမ္မတသည်၊ အပိုဒ်ခွဲ (က-က)၊ (ခ-ခ)၊ (ဂ-ဂ)၊ (ဃ-ဃ) (၂) နှင့် (င-င) တွင် အဓိပ္ပာယ်ဖော်ပြထားသည့် စံငှားရမ်းခကို၊ ရှိဆဲ စီးပွားရေးအခြေအနေများအရ တိုးမြှင့်ထိုက်သည်ဟု သဘောရရှိလျှင်၊ စံငှားရမ်းခကို ၂၅ ရာခိုင်နှုန်းထက်မပိုစေဘဲ တိုးမြှင့်ရမည်ဟု၊ ယေဘုယျအားဖြင့်သော်လည်းကောင်း၊ မြို့ပြဒေသတစ်ခုခုအတွက်သော်လည်းကောင်း၊ ဥပစာအမျိုးအစားအတွက်သော်လည်းကောင်း၊ သတ်မှတ်နိုင်သည်။

(ဆ) "အိမ်ငှား" ဆိုသည်မှာ၊ ဥပစာအတွက် မိမိကိုယ်တိုင်ဖြစ်စေ၊ အခြားသူမှတစ်ဆင့်ဖြစ်စေ၊ ငှားရမ်းခပေးရမည့်သူတစ်ဦးတစ်ယောက်ကိုဆိုလိုသည်၊ ထိုစကားရပ်တွင်၊ တရားမကျင့်ထုံးကိုဥပဒေ၌ အဓိပ္ပာယ်ဖော်ပြထားသည့် တရားဝင်ကိုယ်စားလှယ်လည်းကောင်း၊ အခါအားလျော်စွာ အိမ်ငှားထံမှ

တစ်ဆင့် ဆိုင်ရာဆိုင်ခွင့်ရရှိသူ အသီးသီးလည်းကောင်း၊ အငှားချထားမှု သို့တည်းမဟုတ် အငှားစာချုပ်ကုန်ဆုံးပြီးနောက်၊ မိမိအားငှားရမ်းသည့် ဥပစာကို အိမ်ရှင်၏ သဘောတူညီချက်အရဖြစ်စေ၊ သဘောတူညီချက်အရ မဟုတ်ဘဲဖြစ်စေ၊ လက်ရှိနေထိုင်မြဲနေထိုင်သူ အသီးသီးလည်းကောင်း၊ ပါဝင်သည်။

(ဧ) "မြို့ပြဒေသ" ဆိုသည့်စကားရပ်တွင်၊ ရန်ကုန်မြို့တော်လည်းကောင်း၊ မြူနီစီပါယ်အက်ဥပဒေအခန်း ၂ အရ မြူနီစီပါယ်နယ်ဟု ကြေညာထားသည့်ဒေသလည်းကောင်း၊ အဆိုပါအက်ဥပဒေပုဒ်မ ၂၄၆ အရ ကြေညာပြီး နယ်မြေဟူ၍ အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်ထားသည့်ဒေသလည်းကောင်း၊ တပ်မြေအက်ဥပဒေတွင် အဓိပ္ပာယ်ဖော်ပြထားသည့် တပ်မြေလည်းကောင်း၊ မြို့များအက်ဥပဒေအရ မြို့ဟူ၍ကြေညာထားသော ဒေသလည်းကောင်း၊ ဤအက်ဥပဒေပါ ကိစ္စအလို့ငှာ၊ မြို့ပြဒေသဟူ၍ နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်ထားသည့် အခြားဒေသလည်းကောင်း၊ ပါဝင်သည်။

၃။ ။ (၁) နိုင်ငံတော်သမ္မတသည်၊ အမိန့်ကြော်ငြာစာထုတ်ပြန်၍ ထိုအမိန့်ကြော်ငြာစာတွင် သီးခြားဖော်ပြထားသောဒေသ၊ သို့တည်းမဟုတ် ဥပစာအမျိုးအစားကို ဤအက်ဥပဒေ တစ်ရပ်လုံးနှင့်ဖြစ်စေ၊ တစ်စိတ်တစ်ဒေသနှင့်ဖြစ်စေ၊ သက်ဆိုင်ခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည့်ပြင်၊ နောင်အခါတွင်လည်း၊ ထိုအမိန့်ကြော်ငြာစာကို ဖျက်သိမ်းနိုင်သည်၊ သို့တည်းမဟုတ် ပြောင်းလဲနိုင်သည်။

(၂) ဥပစာတစ်ခုခုသည်၊ မြို့ပြဒေသတွင် ပါဝင် မပါဝင်၊ သို့တည်းမဟုတ် ဤအက်ဥပဒေနှင့် သက်ဆိုင်ခြင်းမှ ပုဒ်မခွဲ (၁)အရ အမိန့်ကြော်ငြာစာထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသော ဒေသ၊ သို့တည်းမဟုတ် ဥပစာအမျိုးအစားတစ်ခုခုတွင်ပါဝင်မဝင်ဟူသော ပြဿနာပေါ်ပေါက်လျှင်၊ ထိုပြဿနာနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတ၏ ဆုံးဖြတ်ချက်သည်၊ အပြီးသတ်အတည်ဖြစ်စေရမည်။

(၃) အိမ်ငှားများအတွက် နေရာထိုင်ခင်းနှင့်တကွ အစားအသောက်ကိုပါ စီမံထားရှိသော ဥပစာတစ်ခုခုကို နိုင်ငံတော်သမ္မတကအမိန့်ကြော်ငြာစာဖြင့်၊ ခရီးသည်များတည်းခိုရန်အတွက် အဓိကရည်ရွယ်ထားသည့်ဥပစာအဖြစ် ထုတ်ပြန်ကြေညာထားလျှင်၊ ထိုဥပစာမှာ၊ ဤအက်ဥပဒေပုဒ်မ ၉၊ ၁၂ သို့တည်းမဟုတ် ပုဒ်မ ၁၃ ပါမည်သည့် ပြဋ္ဌာန်းချက်နှင့်မျှ သက်ဆိုင်ခြင်းမရှိစေရ။

၄။ ။ ဤအက်ဥပဒေအာဏာတည်သည့် မြို့ပြဒေသအတွက်၊ ကြီးကြပ်ရေးဝန်နှင့် လက်ထောက်ကြီးကြပ်ရေးဝန်တစ်ဦး၊ သို့တည်းမဟုတ် အများကို နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာ

တ ထုတ်ပြန်၍ ခန့်ထားနိုင်သည့်ပြင်၊ ယေဘုယျ၊ သို့တည်းမဟုတ် အထူးအမိန့်ဖြင့် လက်ထောက် ကြီးကြပ်ရေးဝန် တစ်ဦးဦးအားလည်း ကြီးကြပ်ရေးဝန်၏ အာဏာအားလုံးကိုဖြစ်စေ၊ အာဏာတစ်ခုခု ကိုဖြစ်စေ၊ အပ်နှင်းနိုင်သည်။

၅။ ။ (၁) ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ ဥပစာတစ်ခုခုနှင့် စပ်လျဉ်း၍၊ ငှားရမ်းခကို စံငှားရမ်းခထက်ပို၍ တိုးမြှင့်ထားလျှင်၊ သို့တည်းမဟုတ် ဤမှနောက်တွင် တိုးမြှင့်လျှင်၊ ယင်းသို့တိုးမြှင့်ထားသည့် ငှားရမ်းခက စံငှားရမ်းခထက်ပိုသမျှသော ငွေပေါင်းကို၊ ပေး ဆောင်ရန် ချုပ်ဆိုထားသည့် သဘောတူစာချုပ် မည်သို့ပင်ရှိစေကာမူ၊ အရတောင်းခံနိုင်ခွင့်မရှိစေရ။

သို့ရာတွင် ဤပုဒ်မပါ မည်သည့်ပြဋ္ဌာန်းချက်မျှ အောက်ပါငှားရမ်းခတစ်ခုခုနှင့် မသက်ဆိုင် စေရ —

(က) ဤအက်ဥပဒေ စတင်အာဏာမတည်မီက ပေးရန်ရှိသည့် ငှားရမ်းခ၊

(ခ) ၁၉၃၉ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့မတိုင်မီ ချုပ်ဆိုခဲ့သော သဘောတူစာချုပ်အရ ရသင့်သည့် ကာလအပိုင်းအခြားအလိုက် တိုးမြှင့်ငှားရမ်းခ၊ သို့တည်းမဟုတ်

(ဂ) ၁၉၃၉ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့မတိုင်မီ ချုပ်ဆိုထား၍၊ ထိုနေ့ရက်တွင် သက် တမ်းမစေ့ကုန်သေးသော အငှားစာချုပ်အရပေးရမည့် ငှားရမ်းခ။

(၂) ပုဒ်မခွဲ (၁) ပါ ကိစ္စအလို့ငှာ၊ ငှားရမ်းခများ တစ်ရက်ပြီးတစ်ရက် ပေးရမည့် ငှားရမ်းခ ဖြစ်သည်ဟု မှတ်ယူရမည်။

၆။ ။ ၁၉၃၉ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့မှစ၍၊ အိမ်ရှင်သည် ဥပစာကို ပြုပြင် ထားရှိရာ၌ ဆောက်လုပ်ရန်ပစ္စည်းများ ဈေးနှုန်းကြီးမြင့်သည့်အတွက် အသုံးစရိတ်ပိုမိုကုန်ကျလျှင် သော်လည်းကောင်း၊ တိုးတက်ကောင်းမွန်အောင်ပြုပြင်ခြင်း၊ သို့တည်းမဟုတ် ပုံသဏ္ဌာန်ပြောင်းလဲ ဆောက်လုပ်ခြင်းအတွက် အသုံးစရိတ် (မွမ်းမံတန်ဆာဆင်ခြင်း သို့တည်းမဟုတ် ပြုပြင်ခြင်းအတွက် အသုံးစရိတ်မပါ) ကုန်ကျလျှင်သော်လည်းကောင်း၊ ကြီးကြပ်ရေးဝန်ထံ စံငှားရမ်းခပြင်ပေးရန် လျှောက် ထားနိုင်သည်။

၇။ ။ (၁) အငှားချထားသည့် စည်းကမ်းချက်များပြောင်းလဲခြင်းကြောင့် ဥပစာတစ်ခုခု လက်ရှိထားသည့်အတွက် လိုက်နာရသည့် စည်းကမ်းချက်များ၊ အိမ်ငှား၏ အခွင့်အရေးများမှာ ယေဘုယျ အားဖြင့် ယခင်စည်းကမ်းချက်များအရပေးသော အခွင့်အရေးများအောက်ယုတ်လျော့နည်းပါးလျှင်၊ ငှားရမ်းခအဖြစ် ပေးရမည့်ငွေကို တိုးမြှင့်သည်ဖြစ်စေ၊ မတိုးမြှင့်သည်ဖြစ်စေ၊ ဤအက်ဥပဒေအဓိပ္ပာယ်

အရ ငှားရမ်းခကို တိုးမြှင့်သည်ဟု မှတ်ယူရမည်။

(၂) အငှားချထားသည့် စည်းကမ်းချက်များပြောင်းလဲခြင်းကြောင့် ဥပစာတစ်ခုခု လက်ရှိထားသည့်အတွက် လိုက်နာရသည့် စည်းကမ်းချက်များအရ အိမ်ငှား၏အခွင့်အရေးများမှာ ယေဘုယျအားဖြင့် ယခင်စည်းကမ်းချက်များအရ ပေးသောအခွင့်အရေးများအောက်ယုတ်လျော့နည်းပါး ခြင်းမရှိလျှင်၊ ငှားရမ်းခအဖြစ်ပေးရမည့်ငွေကို တိုးမြှင့်သည်ဖြစ်စေ၊ မတိုးမြှင့်သည်ဖြစ်စေ၊ ဤအက်ဥပဒေ အဓိပ္ပာယ်အရ ငှားရမ်းခကို တိုးမြှင့်သည်ဟု မမှတ်ယူရ။

၈။ ။ အိမ်ရှင်သည်၊ ဥပစာတစ်ခုခုနှင့်စပ်လျဉ်း၍ မြူနီစီပါယ်ခွန်၊ နိုင်ကြေး၊ သို့တည်းမဟုတ် အခြားအခွန်များကို ပေးဆောင်လျှင်၊ ထိုမြူနီစီပါယ်ခွန်၊ နိုင်ကြေး၊ သို့တည်းမဟုတ် အခြားအခွန်များအတွက် အခါအားလျော်စွာ မိမိပေးဆောင်ရသောငွေက၊ ၁၉၃၉ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့ အပါအဝင်ဖြစ်သည့် အခွန်စည်းကြပ်ရာကာလ အပိုင်းအခြားအတွင်း ပေးဆောင်ခဲ့သောငွေထက် ပိုမို သည်နှင့်အမျှ စံငှားရမ်းခကို တိုးမြှင့်ပေးရန်၊ ကြီးကြပ်ရေးဝန်ထံ လျှောက်ထားနိုင်သည်။

၉။ ။ (၁) ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များအရ ဥပစာ တစ်ခုခုအတွက် ငှားရမ်းခ ကို တိုးမြှင့်ခွင့်ပြုနိုင်သည့် ကိစ္စတိုင်းတွင်၊ အိမ်ရှင်မှာ ငှားရမ်းခ တိုးမြှင့်ရန် ကြံရွယ်ကြောင်းနို့တစ်စာ ကို ကြီးကြပ်ရေးဝန်ထံမှ စံငှားရမ်းခသတ်မှတ်သည့် သက်သေခံလက်မှတ်နှင့်တကွ၊ အိမ်ငှားအပေါ် ချအပ်ပြီးနောက်၊ တစ်လမကုန်မီ ထိုသို့တိုးမြှင့်ထားသည့် ငှားရမ်းခကို အရတောင်းခံနိုင်ခွင့်မရှိစေရ။

(၂) အဆိုပါနို့တစ်စာကို အိမ်ငှားတစ်ဦးအပေါ် ချအပ်ပြီးဖြစ်လျှင်၊ နောက်အိမ်ငှား တစ်ဦးအပေါ် နို့တစ်စာအသစ်တစ်ဖန်မချအပ်ဘဲ၊ တိုးမြှင့်ထားသည့် ငှားရမ်းခကို ဆက်လက်တောင်းခံ နိုင်သည်။

၁၀။ ။ မည်သူမျှ ဥပစာတစ်ခုခုအငှားချထားခြင်း၊ သို့တည်းမဟုတ် အသစ်ပြန်၍ အငှား ချထားခြင်း၊ သို့တည်းမဟုတ် ဆက်လက်အငှားချထားခြင်းကြောင့်၊ ငှားရမ်းခအပြင် နောက်ထပ် ဒဏ်ငွေ၊ စဘော်ငွေ၊ သို့တည်းမဟုတ် အခြားငွေပေးဆောင်ရန်၊ မတောင်းဆိုရ။ သို့တည်းမဟုတ် တစ်လအတွက် ငှားရမ်းခထက်ပိုသော စရံငွေကို မတောင်းဆိုရ။

သို့ရာတွင် ဤပုဒ်မပါ မည်သည့်ပြဋ္ဌာန်းချက်မျှ၊ ၁၉၃၉ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့ မတိုင်မီ ချုပ်ဆိုခဲ့သော သဘောတူစာချုပ်အရ၊ ငွေပေးခြင်းနှင့် မသက်ဆိုင်စေရ။

၁၁။ ။ (၁) အခြားတရားဥပဒေ တစ်ခုခုတွင် မည်သို့ပင် ပါရှိစေကာမူ၊ ကြီးကြပ်ရေးဝန် သည်၊ ဤအက်ဥပဒေနှင့်သက်ဆိုင်သည့် အဆောက်အအုံတွင် လက်ရှိနေထိုင်သော၊ ပုဒ်မ ၁၃ (၁) ပါ

ပြဋ္ဌာန်းချက်များအရ နေထိုင်ခွင့်ရသူ အပါအဝင်အိမ်ငှား၏ လျှောက်ထားချက်အရ၊ ထိုအဆောက်အအုံပိုင် အိမ်ရှင်အပေါ် နို့တစ်စာချအပ်စေ၍၊ အဆိုပါအဆောက်အအုံကို လူနေထိုင်နိုင်သည့် အခြေအနေတွင်ထားရှိရန် လိုအပ်သည်ဟု မိမိထင်မြင်သဘောရရှိသော ပြုပြင်မှုတစ်ရပ်ရပ်၊ သို့တည်းမဟုတ် အရပ်ရပ် ပြုလုပ်စေရန်သော်လည်းကောင်း၊ ရေ၊ သို့တည်းမဟုတ် လျှပ်စစ်ဓာတ်အားပေးသွင်းမှုမှစ၍၊ ရေပြွန်နှင့်မိလ္လာပြွန်များ ပြုပြင်ထားရှိမှုအတွက် လိုအပ်သော စီမံချက်များပြုလုပ်ပါက၊ ထိုသို့သော ရေ၊ သို့တည်းမဟုတ် လျှပ်စစ်ဓာတ်အားကို ရနိုင်၍ ရေပြွန်နှင့်မိလ္လာပြွန်များကို အသုံးပြုနိုင်မည်ဟု မိမိကျေနပ်လျှင်၊ ထိုစီမံချက်များကို ပြုလုပ်စေရန်သော်လည်းကောင်း၊ ဆင့်ဆိုရမည်။ သို့ရာတွင် အဆိုပါ ရေ၊ သို့တည်းမဟုတ် လျှပ်စစ်ဓာတ်အားပေးသွင်းမှုကိုသော်လည်းကောင်း၊ အဆိုပါ ရေပြွန်နှင့်မိလ္လာပြွန်ကိုသော်လည်းကောင်း၊ ၁၉၄၁ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မတိုင်မီက စီမံထားရှိခဲ့ပြီးဖြစ်စေရမည်။

ရှင်းလင်းချက်။ ။ ဤပုဒ်မခွဲပါကိစ္စအလို့ငှာ "ပြုပြင်မှု" ဆိုသည်မှာ၊ အဆောက်အအုံများကို ကောင်းမွန်စွာ အိမ်ငှားနေထိုင်နိုင်သည့် အခြေအနေ၌ ထားရှိရန် လိုအပ်သော ပြုပြင်မှုကိုဆိုလိုသည်။ ထို့ပြင် အတည့်အလင်းချုပ်ဆိုထားသော သဘောတူစာချုပ်အရ ပြုပြင်မှုတစ်ခုခုအတွက် အိမ်ငှားက တာဝန်ခံလျှင်၊ ထိုပြုပြင်မှုအတွက် အိမ်ရှင်၌ တာဝန်ရှိသည်ဟု မမှတ်ယူရ။

(၂) ဤပုဒ်မခွဲသည်၊ ၁၉၄၆ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်နေ့မတိုင်မီကဖြစ်စေ၊ ထို့နေ့နောက်ဖြစ်စေ၊ ပြုလုပ်သောအငှားချထားမှုများနှင့် သက်ဆိုင်စေရမည်။

(၃) အဆိုပါ နို့တစ်စာကို ရရှိပြီးနောက်၊ အိမ်ရှင်က ထိုပြုပြင်မှုများကို သင့်လျော်သည့် အချိန်အတွင်း ပြုလုပ်စေရန်သော်လည်းကောင်း၊ ထိုစီမံချက်များကို သင့်လျော်သောအချိန်အတွင်း ပြုလုပ်ရန်သော်လည်းကောင်း၊ ပျက်ကွက်လျှင်၊ သို့တည်းမဟုတ် ပေါ့လျော့လျှင်၊ အိမ်ငှားသည် ထိုပြုပြင်မှုများအတွက်၊ သို့တည်းမဟုတ် ထိုစီမံချက်များအတွက် ကုန်ကျစရိတ်ခန့်မှန်းခြေကို ကြီးကြပ် ရေးဝန်ထံတင်သွင်း၍၊ ထိုပြုပြင်မှုများကို၊ သို့တည်းမဟုတ် ထိုစီမံချက်များကို၊ မိမိကိုယ်တိုင်ပြုလုပ်ရန် ခွင့်ပြုပါမည့်အကြောင်းဖြင့် လျှောက်ထားနိုင်သည်။ ထိုသို့လျှောက်ထားသည့်အခါ ကြီးကြပ်ရေးဝန်သည်၊ ထိုကုန်ကျစရိတ်ခန့်မှန်းခြေကို စဉ်းစားဆင်ခြင်၍ လိုအပ်သည်ဟု မိမိယူဆသော စုံစမ်းစစ်ဆေး မှုများကို ပြုလုပ်ပြီးနောက်၊ အမိန့်စာချမှတ်၍ အိမ်ငှားအား၊ အဆိုပါပြုပြင်မှုများကို၊ သို့တည်းမဟုတ် စီမံချက်များကို ထိုအမိန့်စာတွင် သတ်မှတ်ထားသည့် ငွေထက်ပို၍ မကုန်ကျစေဘဲ၊ ပြုလုပ်ရန်ခွင့်ပြု နိုင်သည်။ ထိုသို့ခွင့်ပြုပြီးသည့်နောက်၊ အိမ်ငှားကိုယ်တိုင် ထိုပြုပြင်မှုများကို သို့တည်းမဟုတ် ထိုစီမံချက် များကို ပြုလုပ်နိုင်သည့်ပြင်၊ ၎င်းအတွက် ကုန်ကျစရိတ်ကိုလည်း၊ အမိန့်စာတွင် သတ်မှတ်ထားသည့် ငွေထက် မည်သို့မျှ မပိုစေဘဲ၊ ငှားရမ်းခထဲမှ နုတ်ယူနိုင်သည်၊ သို့တည်းမဟုတ် အခြားနည်းဖြင့် အိမ်ရှင် ထံမှ အရကောက်ခံနိုင်သည်။

၁၂။ (၁) ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေတွင်သော်လည်းကောင်း၊ ပဋိညာဉ်အက်ဥပဒေတွင်သော်လည်းကောင်း၊ ရန်ကုန်မြို့တော်တရားမရုံးအက်ဥပဒေတွင်သော်လည်းကောင်း၊ မည်သို့ပင်ပါရှိစေကာမူ၊ ဤအက်ဥပဒေနှင့်သက်ဆိုင်သော ဥပစာကို ပြန်လည်သိမ်းပိုက်ရန်အတွက်ဖြစ်စေ၊ ထိုဥပစာမှ အိမ်ငှားကို နှင်ထုတ်ရန်အတွက်ဖြစ်စေ၊ မည်သည့်အမိန့် သို့တည်းမဟုတ် ဒီကရီကိုမျှ၊ အောက်ပါကိစ္စများတွင်မှတစ်ပါး ချမှတ်ခြင်းမပြုရ —

(က) ဂျပန်နှင့်ဖြစ်ပွားသော စစ်မက်အပြီး မြို့ဘက်ဆိုင်ရာအစိုးရ တစ်ဖန် ပြန်လည်အုပ်ချုပ်သည့်နောက် အိမ်ငှားထံမှ တရားဥပဒေနှင့်အညီရထိုက်သော ငှားရမ်းခအတွက် တောင်းဆိုသည့်စာကို စာပို့တိုက်မှ မှတ်ပုံတင်၍၊ အိမ်ငှားထံသို့ ပေးပို့ပြီးသည့်နောက် ထိုသို့တောင်းဆိုသည့်နေ့ရက်မှစ၍ ရက်သတ္တပတ် ၃ ပတ်အတွင်း ထို ငှားရမ်းခကို အိမ်ရှင်အားမပေးဘဲ၊ သို့တည်းမဟုတ် ကြီးကြပ်ရေးဝန်ထံ ပုဒ်မ ၁၆ အရ မပေးသွင်းဘဲ နေသည်ကို၊ သို့တည်းမဟုတ် အငှားချထားမှုနှင့်စပ်လျဉ်း၍၊ အိမ်ငှားချထားမှုပဋိညာဉ်အရ ဖြစ်စေ၊ ဤအက်ဥပဒေအရဖြစ်စေ တင်ရှိသည့်အခြားတာဝန်တစ်ခုခုကို ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်သရွေ့ ဖောက်ဖျက်သည့်၊ သို့တည်းမဟုတ် မဆောင်ရွက်ဘဲနေသည့်ကိစ္စ၊ သို့တည်းမဟုတ်

(ခ) ဂျပန်နှင့်ဖြစ်ပွားသော စစ်မက်အပြီး မြို့ဘက်ဆိုင်ရာအစိုးရ တစ်ဖန် ပြန်လည်အုပ်ချုပ်သည့် နေ့ရက်မတိုင်မီ ကာလအပိုင်းအခြားတစ်ခုခုနှင့်စပ်လျဉ်း၍၊ အိမ်ငှားထံမှ ရရန်ရှိသော ငှားရမ်းခအတွက် တရားမရုံးက၊ အိမ်ရှင်အား အနိုင်ပေး၍ အိမ်ငှားအပေါ် အမိန့်၊ သို့တည်းမဟုတ် ဒီကရီချမှတ်ထားသည့်ငွေကို မပေးဘဲနေသည့်ကိစ္စ၊ သို့တည်းမဟုတ်

(ဂ) အိမ်ငှားက၊ သို့တည်းမဟုတ် အိမ်ငှားနှင့်အတူလက်ရှိထားသည့်၊ သို့တည်းမဟုတ် နေထိုင်သည့် အခြားသူတစ်ဦးတစ်ယောက်က၊ အိမ်ခန်းချင်းဆက်စပ်လျက်ရှိသော၊ သို့တည်းမဟုတ် အနီးအနားရှိသော နေထိုင်သူများအား၊ စိတ်ပြိုကွဲစေသည့်၊ သို့တည်းမဟုတ် အနှောင့်အယှက်ဖြစ်စေသည့် ပြုကျင့်မှုကို ကျူးလွန်သည့်ကိစ္စ၊ သို့တည်းမဟုတ် ဥပစာကို ညစ်ညမ်းယုတ်မာသော၊ သို့တည်းမဟုတ် တရားဥပဒေနှင့်ဆန့်ကျင်သောကိစ္စအလို့ငှာ အသုံးပြုသည့်၊ သို့တည်းမဟုတ် အသုံးပြုစေသည့် ပြစ်မှုထင်ရှားစီရင်ခံရသည့်ကိစ္စ၊ သို့တည်းမဟုတ် အိမ်ငှား၏၊ သို့တည်းမဟုတ် ဆိုခဲ့သည့် သူတစ်ဦးတစ်ယောက်၏ ဖြုန်းတီးမှု၊ သို့တည်းမဟုတ် ပေါ့လျော့မှု၊ သို့တည်းမဟုတ် ပျက်ကွက်မှုကြောင့် တရားရုံး၏ သဘောအရ ဥပစာ၏ အခြေအနေဆိုးရွားသွားသည့်ကိစ္စ၊ သို့တည်းမဟုတ်

(ဃ) ဥပစာသည် မြေဖြစ်လျှင်၊ ထိုဥပစာကို အဆောက်အအုံ၊ သို့တည်းမဟုတ် အဆောက်အအုံများဆောက်လုပ်ရန်၊ သို့တည်းမဟုတ် ပြန်လည်ဆောက်လုပ်ရန် အိမ်ရှင်ကရိုးဖြောင့်သောသဘောဖြင့် ရယူလို၍၊ ဥပစာကို အဆောက်အအုံ သို့တည်းမဟုတ် အဆောက်အအုံများ ဆောက်လုပ်ရန်၊ သို့တည်းမဟုတ် ပြန်လည်ဆောက်လုပ်ရန်အတွက် အသုံးပြုပါမည်ဟူ၍ လည်းကောင်း၊ ထိုဥပစာမှ အိမ်ငှားပြောင်းရွှေ့သည့် နေ့ရက်ကစ၍ တစ်နှစ် အတွင်း ထိုကိစ္စကို ပြီးစီးအောင် ဆောင်ရွက်ပါမည်ဟူ၍လည်းကောင်း၊ အိမ်ရှင်က၊ တရားရုံးက သင့်သည် ထင်မြင်သည့်ငွေ အရေအတွက်ဖြင့် ခံဝန်ချုပ်ဆို သည့် ကိစ္စ၊ သို့တည်းမဟုတ်

(င) ဤအက်ဥပဒေနှင့်သက်ဆိုင်သော အဆောက်အအုံ၊ သို့တည်းမဟုတ် အဆောက်အအုံအစိတ်အပိုင်းကို၊ ပြန်လည်ဆောက်လုပ်ရန်အတွက်ဖြစ်စေ၊ လိုအပ်သော၊ သို့တည်းမဟုတ် အရေးကြီးသော၊ သို့တည်းမဟုတ် ပုံသဏ္ဌာန်ပြောင်းလဲသော ပြုပြင်မှုများပြုလုပ်ရန်အတွက်ဖြစ်စေ၊ အိမ်ရှင်က အကြောင်းအားလျော်စွာ ရိုးဖြောင့်သောသဘောဖြင့် ရယူလို၍၊ ဆိုခဲ့သည့်ဥပစာကို ထိုပြုပြင်မှုများ ပြုလုပ်ရန်အတွက်၊ သို့တည်းမဟုတ် ပြန်လည်ဆောက်လုပ်ရန်အတွက် အသုံးပြုပါမည်ဟူ၍လည်းကောင်း၊ ထိုဥပစာမှ အိမ်ငှားပြောင်းရွှေ့ပေးသည့် နေ့ရက်ကစ၍ ကိုးလထက်မပိုဘဲ၊ တရားရုံးက သတ်မှတ်သော ကာလအပိုင်းအခြားအတွင်း၊ ထိုကိစ္စကို ပြီးအောင်ဆောင်ရွက်ပါမည်ဟူ၍လည်းကောင်း၊ ထိုဥပစာ ဖယ်ရှား ပေးသောအိမ်ငှားက၊ ထိုသို့ပြုပြင်ပြီးသည့်အခါ၊ သို့တည်းမဟုတ် ပြန်လည်ဆောက်လုပ်ပြီးသည့်အခါ၊ ထိုဥပစာကို ပြန်ပေးစေလိုလျှင်၊ ပြန်ပေးပါမည်ဟူ၍ လည်းကောင်း၊ တရားရုံးသင့်သည် ထင်မြင်သည့် ငွေအရေအတွက်ဖြင့် ခံဝန် ချုပ်ဆိုသည့်ကိစ္စ၊ သို့တည်းမဟုတ်

(စ) ဤအက်ဥပဒေနှင့်သက်ဆိုင်သည့်အဆောက်အအုံ၊ သို့တည်းမဟုတ် အဆောက်အအုံ အစိတ်အပိုင်းကို၊ ပိုင်ရှင်က အကြောင်းအားလျော်စွာ ရိုးဖြောင့်သောသဘောဖြင့် မိမိကိုယ်တိုင်နေထိုင်ရန် ကိစ္စအတွက် သက်သက်ရယူလို၍၊ ဆိုခဲ့သည့်ဥပစာ၌ မိမိကိုယ်တိုင်နေထိုင်ပါမည်ဟူ၍လည်းကောင်း၊ ထိုဥပစာမှ အိမ်ငှားပြောင်းရွှေ့ပေးသည့်နေ့ရက်ကစ၍ သုံးလအတွင်း ထိုကိစ္စကို ပြီးစီးအောင်ဆောင်ရွက်ပါမည်ဟူ၍လည်းကောင်း၊ တရားရုံးသင့်သည် ထင်မြင်သည့် ငွေအရေအတွက်ဖြင့် ခံဝန်ချုပ်ဆိုသည့်ကိစ္စ။

သို့ရာတွင် ဤအပိုဒ်ပါကိစ္စအလို့ငှာ "ပိုင်ရှင်" ဆိုသည့်စကားရပ်တွင် ၁၉၄၅ ခုနှစ်၊ မေလ ၁ ရက်နေ့၌ ဆိုခဲ့သည့် ဥပစာပိုင်ရှင်ဖြစ်သူ သို့တည်းမဟုတ် ထိုနေ့ရက်

နောက်မှ အမွေဆက်ခံခြင်းဖြင့် ထိုဥပစာပိုင်ရှင်ဖြစ်လာသူမှတစ်ပါး၊ အခြား မည်သူမျှ မပါဝင်စေရ။

ထို့ပြင် အငှားချထားမှု သဘောတူစာချုပ်အရဖြစ်စေ၊ နှစ်ဦးသဘောတူညီချက်ဖြင့်၊ တရားရုံးတော်က ချမှတ်သော ဒီကရီပါစည်းကမ်းချက်များအရဖြစ်စေ သတ်မှတ်ထားသည့် ကာလအပိုင်းအခြားအတွက် ပြုလုပ်သော အငှားချထားမှုများမှာ၊ အဆိုပါအငှားချထားသည့် ကာလအပိုင်းအခြားမကုန်ဆုံးမီ၊ သို့တည်းမဟုတ် အဆိုပါ ဒီကရီအရ ခွင့်ပြုထားသည့် ကာလအပိုင်းအခြား မကုန်ဆုံးမီ ဤအပိုဒ်နှင့်မသက်ဆိုင်စေရ။

(၂) ဥပစာတစ်ခုခုကို ပြန်လည်သိမ်းပိုက်ရန်အတွက်ဖြစ်စေ၊ ထိုဥပစာမှ အိမ်ငှားကို နှင်ထုတ်ရန်အတွက်ဖြစ်စေ၊ ပုဒ်မခွဲ (၁)၊ အပိုဒ် (ဃ)၊ (င)၊ သို့တည်းမဟုတ် အပိုဒ် (စ) အရ အမိန့်၊ သို့တည်းမဟုတ် ဒီကရီချမှတ်ရာ၌ တရားရုံးသည်၊ ထိုဥပစာကို မည်သည့်ကိစ္စအလို့ငှာ၊ အိမ်ရှင်က၊ သို့တည်းမဟုတ် ပိုင်ရှင်ကရယူလိုကြောင်း သီးခြားဖော်ပြရမည့်ပြင်၊ ဆိုခဲ့သည့်အမိန့်၊ သို့တည်းမဟုတ် ဒီကရီမိတ္တူကိုလည်းကောင်း၊ ပုဒ်မခွဲ (၁)၊ အပိုဒ် (ဃ)၊ (င)၊ သို့တည်းမဟုတ် အပိုဒ် (စ) ပါ ပြဋ္ဌာန်းချက်များအရ၊ အိမ်ရှင်က၊ သို့တည်းမဟုတ် ပိုင်ရှင်က ချုပ်ဆိုသည့်ခံဝန်ချုပ်မိတ္တူကိုလည်းကောင်း၊ ကြီးကြပ်ရေးဝန်ထံ အိမ်ရှင်က၊ သို့တည်းမဟုတ် ပိုင်ရှင်က၊ အမိန့်တွင်၊ သို့တည်းမဟုတ် ဒီကရီတွင်၊ သို့တည်းမဟုတ် ခံဝန်ချုပ်တွင် သီးခြားဖော်ပြထားသည့် ကိစ္စမှတစ်ပါး၊ အခြားကိစ္စအတွက် ဥပစာကို အသုံးပြုလျှင်ဖြစ်စေ၊ အမိန့်တွင်၊ သို့တည်းမဟုတ် ဒီကရီတွင်၊ သို့တည်းမဟုတ် ခံဝန်ချုပ်တွင် သီးခြားဖော်ပြထားသည့် ကာလအပိုင်းအခြားအတွင်း၊ အဆိုပါကိစ္စအတွက် ဥပစာကို အသုံးပြုရန်ပျက်ကွက်လျှင်ဖြစ်စေ၊ ခံဝန်ချုပ်တွင် ၎င်းအပေါ်သတ်မှတ်ထားသည့် စည်းကမ်းချက်များကို လိုက်နာရန်ပျက်ကွက်လျှင်ဖြစ်စေ၊ တရားရုံးသည်၊ ထိုအမိန့်၊ သို့တည်းမဟုတ် ဒီကရီချမှတ်ခံရသည့် အိမ်ငှားများ၏ လျှောက်ထားချက်အရသော်လည်းကောင်း၊ ကြီးကြပ်ရေးဝန်၏ လျှောက်ထားချက်အရသော်လည်းကောင်း၊ ခံဝန်ချုပ်ဖြင့်ချုပ်ဆိုသောငွေကို အစိုးရက သိမ်းယူစေဟု ကြေညာနိုင်သည့်ပြင်၊ တရားရုံးက သင့်တော်သည်ထင်မြင်သည့် လျော်ကြေးငွေကိုလည်း အိမ်ရှင်က၊ သို့တည်းမဟုတ် ပိုင်ရှင်က အိမ်ငှားအားပေးရမည်ဟု ဆင့်ဆိုနိုင်သည်။ သို့ရာတွင် တရားရုံးက ကျေနပ်လောက်သည်ဟု သဘောရသည့်အကြောင်းပြချက်များကြောင့် ဆိုခဲ့သည့် ကိစ္စအတွက် ဥပစာကို အသုံးမပြုနိုင်ကြောင်းဖြင့်သော်လည်းကောင်း၊ ခံဝန်ချုပ်တွင် သတ်မှတ်သည့် စည်းကမ်းချက်များကို မလိုက်နာနိုင်ကြောင်းဖြင့်သော်လည်းကောင်း၊ အိမ်ရှင်က၊ သို့တည်းမဟုတ် ပိုင်ရှင်က သက်သေထင်ရှားပြလျှင်၊ ဆိုခဲ့သည့်အတိုင်း ကြေညာခြင်း၊ သို့တည်းမဟုတ် ဆင့်ဆိုခြင်း မပြုရ။

(၃) ပုဒ်မခွဲ (၂) အရ လျော်ကြေးပေးရန် ချမှတ်သည့် ဆုံးဖြတ်ချက်အပြင်၊ တရားရုံးသည်၊ ဒီကရီ၊ သို့တည်းမဟုတ် အမိန့်ချမှတ်ခံရသည့်အိမ်ငှားက သဘောတူလျှင်၊ ထိုအိမ်ငှားအား အမိန့်၊

သို့တည်းမဟုတ် ဒီကရီချမှတ်သည့် နေ့ရက်မတိုင်မီက ထားရှိသည့် စည်းကမ်းချက်များအတိုင်း ထိုဥပစာကို လက်ရှိပေးအပ်ရမည်။

(၄) ဤပုဒ်မအရ အာမခံငွေကို သိမ်းယူရန်၊ သို့တည်းမဟုတ် လျော်ကြေးပေးရန်ချမှတ်သောအအမိန့်ကို၊ တရားမကျင့်ထုံးကိုဥပဒေတွင် ဒီကရီများ အတည်ပြုရန်ပြဋ္ဌာန်းထားသည့် နည်းလမ်းအတိုင်း အတည်ပြုနိုင်သည်။

၁၃။ ။ (၁) နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် ဤပုဒ်မနှင့် သက်ဆိုင်စေရန်၊ ကြေညာနိုင်သည့်ဒေသ၌သော်လည်းကောင်း၊ ဥပစာအမျိုးအစားတစ်ခုခုနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ မည်သူမဆို ဥပစာတစ်ခုခု၏ အိမ်ငှားပင်မဟုတ်စေကာမူ၊ နေထိုင်မှုကိစ္စ၊ သို့တည်းမဟုတ် လုပ်ငန်းကိစ္စအတွက် ရိုးဖြောင့်သောသဘောဖြင့် နေထိုင်သူဖြစ်လျှင်၊ ထိုဥပစာတွင် ဆက်လက်နေထိုင်ခွင့်ရရှိရန် ကြီးကြပ်ရေးဝန်ထံလျှောက်ထားနိုင်သည်။ ထိုလျှောက်ထားသူက ဆိုခဲ့သည့် ဥပစာအတွက် စံငှားရမ်းခကို ပေးဆောင်လိုကြောင်း စာဖြင့်ဝန်ခံသည့်အခါ၊ ကြီးကြပ်ရေးဝန်သည် ထိုလျှောက်ထားသူအား၊ ဆိုခဲ့သည့်ဥပစာတွင် ဆက်လက်နေထိုင်ခွင့်ပြုသည့်အမိန့်စာကို ထုတ်ပေးရမည်ပြင်၊ မိမိအမိန့်မိတ္တူကိုလည်း အိမ်ရှင်ထံသို့ဖြစ်စေ၊ အိမ်ရှင်ကအာဏာလွှဲအပ်ထားသည့် ကိုယ်စားလှယ်ထံသို့ဖြစ်စေ၊ ၎င်း၏နေရပ်ကိုသိလျှင် ပေးပို့ရမည်။

(၂) ပုဒ်မ ၁၄ အရ တရားရုံးက ချမှတ်သည့်အမိန့်များနှင့် မဆန့်ကျင်စေဘဲ၊ ပုဒ်မခွဲ (၁)အရ တစ်ဦးတစ်ယောက်သောသူအား ဥပစာတစ်ခုခုတွင် ဆက်လက်နေထိုင်ခွင့်ပြုသည့်အမိန့်ဟူသမျှမှာ၊ ဆိုခဲ့သည့် ဥပစာတည်ရှိရာ ဒေသနှင့်ဖြစ်စေ၊ ထိုဥပစာပါဝင်သည့် ဥပစာအမျိုးအစားနှင့်ဖြစ်စေ၊ ဤပုဒ်မပါ ပြဋ္ဌာန်းချက်များ သက်ဆိုင်နေသမျှကာလပတ်လုံးအတည်ဖြစ်ရမည်ပြင်၊ ထို့နောက်လည်း သုံးလပတ်လုံး ဆက်လက်အတည်ဖြစ်ရမည်။

သို့ရာတွင် အမိန့်ချမှတ်သဖြင့် အနိုင်ရသူသည်၊ ဤကာလအပိုင်းအခြားအတွင်း မိမိအလိုအလျောက် ထိုဥပစာမှ ထွက်ခွာသွားလျှင်၊ ကြီးကြပ်ရေးဝန်သည်၊ အိမ်ရှင်တင်သွင်းသည့် လျှောက်လွှာအရ ဆိုခဲ့သည့်အမိန့်ကို ဖျက်သိမ်းနိုင်သည့်ပြင်၊ ထိုသို့ဖျက်သိမ်းပြီးနောက် ထိုအမိန့်ကို ထပ်မံအတည်မပြုရ။

၁၄။ ။ (၁) အခြားတရားဥပဒေတစ်ခုခုတွင် မည်သို့ပင်ပါရှိစေကာမူ၊ ပုဒ်မ ၁၃ ပါ ပြဋ္ဌာန်းချက်များအရ တစ်ဦးတစ်ယောက်သောသူအား နေထိုင်ရန်ခွင့်ပြုထားသည့် ဥပစာကို ပြန်လည်သိမ်းပိုက်ရန်အတွက်ဖြစ်စေ၊ ထိုဥပစာမှ ထိုသူအား နှင်ထုတ်ရန်အတွက်ဖြစ်စေ၊ မည်သည့်အမိန့်၊ သို့တည်းမဟုတ် ဒီကရီကိုမျှ အောက်ပါကိစ္စများတွင်မှတစ်ပါး ချမှတ်ခြင်းမပြုရ—

(က) ထိုသူအား ကြီးကြပ်ရေးဝန်ကဆိုခဲ့သည့် ဥပစာတွင်နေထိုင်ခွင့်ပြုပြီးနောက်၊ ကာလအပိုင်းအခြား တစ်ခုခုနှင့်စပ်လျဉ်း၍ ထိုသူထံမှ တရားဥပဒေနှင့်အညီ ရရန်ရှိသော ငှားရမ်းခပေးရန်တောင်းဆိုသည့်စာကို စာပို့တိုက်မှ မှတ်ပုံတင်၍ ပေးပို့ပြီးသည့်နောက် ထိုတောင်းဆိုသည့်နေ့ရက်မှ ခုနစ်ရက်အတွင်း လိုက်နာဆောင်ရွက်ခြင်းမရှိဘဲ၊ ထိုငှားရမ်းခကို အိမ်ရှင်အားလည်းမပေး၊ ပုဒ်မ ၁၆ အရ ကြီးကြပ်ရေးဝန်ထံသို့လည်း မပေးသွင်းဘဲနေသည့်ကိစ္စ၊ သို့တည်းမဟုတ်

(ခ) ထိုသူက၊ သို့တည်းမဟုတ် ထိုသူနှင့်အတူနေထိုင်သူ တစ်ဦးတစ်ယောက်က၊ အိမ်ခန်းချင်းဆက်စပ်လျက်ရှိသော၊ သို့တည်းမဟုတ် အနီးအနားရှိသော နေထိုင်သူများအား စိတ်ပြိုငြင်စေသည့်၊ သို့တည်းမဟုတ် အနှောင့်အယှက်ဖြစ်စေသည့် အမှုကို ကျူးလွန်သည့်ကိစ္စ၊ သို့တည်းမဟုတ် ဥပစာကို ညစ်ညမ်းယုတ်မာသော၊ သို့တည်းမဟုတ် တရားဥပဒေနှင့်ဆန့်ကျင်သော ကိစ္စအလို့ငှာ အသုံးပြုသည့်၊ သို့တည်းမဟုတ် အသုံးပြုနေသည့်အတွက် ပြစ်မှုထင်ရှားစီရင်ခံရသည့်ကိစ္စ၊ သို့တည်းမဟုတ် ဆိုခဲ့သည့်သူ တစ်ဦးတစ်ယောက်၏ ဖြုန်းတီးမှု၊ သို့တည်းမဟုတ် ပေါ့လျော့မှု၊ သို့တည်းမဟုတ် ပျက်ကွက်မှုကြောင့်၊ တရားရုံး၏ သဘောအရ ဥပစာအခြေအနေ ဆိုးရွားသွားသည့်ကိစ္စ၊ သို့တည်းမဟုတ်

(ဂ) ဥပစာကို အကြောင်းအားလျော်စွာ နှိုးဖြောင့်သောသဘောဖြင့် အိမ်ရှင်က မိမိကိုယ်တိုင်၊ သို့တည်းမဟုတ်မိမိ၏အိမ်ထောင်သားစုတွင် ပါဝင်သူတစ်ဦး တစ်ယောက် နေထိုင်ရန်အတွက်ဖြစ်စေ၊ ဥပစာ၏ အကျိုးခံစားခွင့် ရှိသူတစ်ဦးတစ်ယောက် နေထိုင်ရန်အတွက်ဖြစ်စေ၊ တရားရုံးက ကျေနပ်လောက်သည်ဟု ယူဆသည့် အခြားကိစ္စတစ်ခုခုအတွက်ဖြစ်စေ၊ ရယူလို၍ ထိုဥပစာကို မိမိကိုယ်တိုင်၊ သို့တည်းမဟုတ် မိမိ၏ အိမ်ထောင်သားစုတွင် ပါဝင်သူ၊ သို့တည်းမဟုတ် အကျိုးခံစားခွင့် ရှိသူ နေထိုင်ပါမည် ဟူ၍သော်လည်းကောင်း၊ တရားရုံးက သတ်မှတ်သည့် ကာလအပိုင်းအခြားအတွင်း၊ ထိုကိစ္စကို ပြီးစီးအောင်ဆောင်ရွက်ပါမည်ဟူ၍သော် လည်းကောင်း၊ တရားရုံးက သင့်သည်ထင်မြင်သည့် ငွေအရေအတွက်ဖြင့် ခံဝန်ချုပ်ဆိုသည့်ကိစ္စ၊ သို့တည်းမဟုတ်

(ဃ) ယင်းသို့အခွင့်ပြုသည့်အမိန့်ကို၊ ပုဒ်မ ၁၃ (၂) ပါ ခြွင်းချက်အရ ဖျက်သိမ်းပြီးဖြစ်သည့်ကိစ္စ။

(၂) ဥပစာကို ပြန်လည်သိမ်းပိုက်ရန်၊ ပုဒ်မခွဲ (၁)၊ အပိုဒ် (ဂ) အရ အမိန့်၊ သို့တည်းမဟုတ် ဒီကရီ ချမှတ်ရာ၌၊ တရားရုံးသည် ထိုဥပစာကို မည်သည့်ကိစ္စအလို့ငှာ၊ အိမ်ရှင်က ရလိုကြောင်း သီးခြား

ဖော်ပြရမည့်ပြင်၊ ဆိုခဲ့သည့်အမိန့်၊ သို့တည်းမဟုတ် ဒီကရီမိတ္တူကိုလည်းကောင်း၊ ပုဒ်မခွဲ (၁)၏ အပိုဒ် (ဂ) ပါ ပြဋ္ဌာန်းချက်များအရ၊ အိမ်ရှင်ကချုပ်ဆိုသည့် ခံဝန်ချုပ်မိတ္တူကိုလည်းကောင်း၊ ကြီးကြပ်ရေးဝန် ထံပေးပို့ရမည်။ အိမ်ရှင်သည်၊ အမိန့်တွင်၊ သို့တည်းမဟုတ် ဒီကရီတွင်၊ သို့တည်းမဟုတ် ခံဝန်ချုပ်တွင် သီးခြားဖော်ပြထားသည့် ကိစ္စမှတစ်ပါး၊ အခြားကိစ္စအတွက် ဥပစာကို အသုံးပြုလျှင်ဖြစ်စေ၊ အမိန့်တွင်၊ သို့တည်းမဟုတ်ဒီကရီတွင်၊ သို့တည်းမဟုတ် ခံဝန်ချုပ်တွင် သီးခြားဖော်ပြထားသည့် ကာလအပိုင်း အခြားအတွင်း ထိုကိစ္စအတွက် ဥပစာကို အသုံးပြုရန် ပျက်ကွက်လျှင်ဖြစ်စေ၊ တရားရုံးသည် ထိုဒီကရီ၊ သို့တည်း မဟုတ် အမိန့်ချမှတ်ခံရသူ၏ လျှောက်ထားချက်အရသော်လည်းကောင်း၊ ကြီးကြပ်ရေးဝန်၏ လျှောက် ထားချက်အရသော်လည်းကောင်း၊ ခံဝန်ချုပ်တွင်ချုပ်ဆိုထားသည့်ငွေကို အစိုးရက သိမ်းယူစေဟု ကြေညာနိုင်သည့်ပြင်၊ တရားရုံးက သင့်တော်သည်ထင်မြင်သည့် လျော်ကြေးငွေကို၊ အိမ်ရှင်က အိမ်ငှားအား ပေးစေဟုလည်း ဆင့်ဆိုနိုင်သည်။ သို့ရာတွင်တရားရုံးက ကျေနပ်လောက်သည်ဟု သဘောရသည့် အကြောင်းပြချက်များကြောင့်၊ ဆိုခဲ့သည့်အတိုင်း ကြေညာခြင်း၊ သို့တည်းမဟုတ် ဆင့်ဆိုခြင်းမပြုရ။

(၃) ပုဒ်မခွဲ (၂) အရ လျော်ကြေးပေးရန် ချမှတ်သည့် ဆုံးဖြတ်ချက်အစား၊ သို့တည်းမဟုတ် ထိုဆုံးဖြတ်ချက်အပြင်၊ တရားရုံးသည်၊ မိမိသဘောအရလည်းကောင်း၊ ဒီကရီ သို့တည်းမဟုတ် အမိန့် ချမှတ်ခံရသူက သဘောတူညီလျှင်လည်းကောင်း၊ ထိုသူအား အမိန့်၊ သို့တည်းမဟုတ် ဒီကရီချမှတ်သည့် နေ့ရက်မတိုင်မီက ထားရှိသည့် စည်းကမ်းချက်များအတိုင်း ထိုဥပစာကို လက်ရှိပေးအပ်နိုင်သည်။

(၄) ဤပုဒ်မအရ အာမခံငွေကို သိမ်းယူရန်၊ သို့တည်းမဟုတ် လျော်ကြေးပေးရန် ချမှတ်သော အမိန့်ကို၊ တရားမကျင့်ထုံးကိုဥပဒေတွင် ဒီကရီများ အတည်ပြုရန်ပြဋ္ဌာန်းထားသည့် နည်းလမ်း အတိုင်း အတည်ပြုနိုင်သည်။

၁၅။ ။ (၁) ဤအက်ဥပဒေနှင့်သက်ဆိုင်သည့်ဥပစာကို ပြန်လည်သိမ်းပိုက်ရန်အတွက်ဖြစ်စေ၊ ထိုဥပစာမှ အိမ်ငှားကို၊ သို့တည်းမဟုတ် ပုဒ်မ ၁၃ (၁)ပါ ပြဋ္ဌာန်းချက်များအရ နေထိုင်ခွင့်ရှိသူ တစ်ဦးတစ်ယောက်ကို နှင်ထုတ်ရန်အတွက်ဖြစ်စေ၊ အမိန့်၊ သို့တည်းမဟုတ် ဒီကရီချမှတ်သည့်အချိန်၌သော်လည်းကောင်း၊ ဤအက်ဥပဒေ အာဏာမတည်မီကဖြစ်စေ၊ အာဏာတည်ပြီးနောက်ဖြစ်စေ ထိုအမိန့်ကို၊ သို့တည်းမဟုတ် ထိုဒီကရီကို ချမှတ်ထားသော်လည်း၊ အိမ်ရှင်က ထိုအမိန့်ကို၊ သို့တည်းမဟုတ် ထိုဒီကရီကို အတည်ပြုရန် လျှောက်ထားသည့်အခါတွင်ဖြစ်စေ၊ အိမ်ငှားက၊ သို့တည်းမဟုတ် ပုဒ်မ ၁၃ (၁) အရ နေထိုင်ခွင့်ရသူက ထိုအမိန့်ကို၊ သို့တည်းမဟုတ် ထိုဒီကရီကို အတည်မပြုရန် လျှောက်ထားသည့်အခါတွင်ဖြစ်စေ၊ ထိုအမိန့်၊ သို့တည်းမဟုတ် ထိုဒီကရီကို အတည်မပြုရသေးသည့်ကိစ္စ၌သော်လည်းကောင်း၊ တရားရုံးသည်၊ ပုဒ်မ ၁၂ (၁)၏ အပိုဒ် (ဂ) အရ၊ သို့တည်းမဟုတ် ပုဒ်မ ၁၄(၁)၏ အပိုဒ် (ခ) နှင့် သက်ဆိုင်သည့် ကိစ္စမှတစ်ပါး၊ ထိုအမိန့်၊ သို့တည်းမဟုတ် ထိုဒီကရီအတည်ပြုခြင်းကို ရပ်ဆိုင်း ထားရမည်၊ သို့တည်းမဟုတ် ဆိုင်းငံ့ထားရမည်၊ သို့တည်းမဟုတ် လက်ရှိဖြစ်သော ဥပစာ

ပေးအပ်ရန် နေ့ရက်ကို တရားရုံးက သင့်သည်ထင်မြင်သည့် ကာလအပိုင်းအခြား. သို့တည်းမဟုတ် ကာလအပိုင်း အခြားများတွင်၊ အိမ်ငှားကဖြစ်စေ၊ အမိန့်၊ သို့တည်းမဟုတ် ဒီကရီချမှတ်ခံရသူကဖြစ်စေ၊ ပေးရန် ကျန်ရှိသေးသော ငှားရမ်းခပေးခြင်းနှင့်စပ်လျဉ်း၍၊ သို့တည်းမဟုတ် အငှားချထားသည့် ကာလအပိုင်းအခြား ကုန်လွန်ပြီးနောက်၊ ဥပစာလက်ရှိထားသည့်အတွက် အကျိုးခံစားရသော ငွေပေးခြင်းနှင့်စပ်လျဉ်း ၍ သင့်သည်ထင်မြင်သည့် စည်းကမ်းချက်များအရဖြစ်စေ၊ ရွှေ့ဆိုင်းထားရမည်။ ထို့ပြင် အဆိုပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်လျှင်၊ တရားရုံးသည်၊ ထိုအမိန့်ကို၊ သို့တည်းမဟုတ် ထိုဒီကရီကို အတည် ဖြစ်ခြင်းမှ ရပ်စဲစေရမည်၊ သို့တည်းမဟုတ် ဖျက်သိမ်းရမည်။

သို့ရာတွင် ပုဒ်မ ၁၂ ပုဒ်မခွဲ (၁)၊ အပိုဒ် (ဃ)၊ (င)၊ သို့တည်းမဟုတ် အပိုဒ် (စ) တွင်ဖြစ်စေ၊ ပုဒ်မ ၁၄၊ ပုဒ်မခွဲ (၁)၊ အပိုဒ် (ဂ) တွင်ဖြစ်စေ၊ သီးခြားဖော်ပြထားသည့် အကြောင်းပြချက်တစ်ခုခု ကြောင့်၊ ဥပစာမှ နှင်ထုတ်ရန်၊ သို့တည်းမဟုတ် ဥပစာကို ပြန်လည်သိမ်းပိုက်ရန် တရားမမှုများ စွဲဆိုသည့်ကိစ္စတွင် ချမှတ်ထားပြီးဖြစ်သောအမိန့်ကို၊ သို့တည်းမဟုတ် ဒီကရီကို အတည်ဖြစ်ခြင်းမှရပ်စဲခြင်း၊ သို့တည်းမဟုတ် ဖျက်သိမ်းခြင်းမပြုရ။

(၂) ဤအက်ဥပဒေ အာဏာမတည်မီကဖြစ်စေ၊ အာဏာတည်ပြီးနောက်ဖြစ်စေ၊ ပုဒ်မ ၁၂ ပုဒ်မခွဲ (၁) တွင်သော်လည်းကောင်း၊ ပုဒ်မ ၁၄၊ ပုဒ်မခွဲ (၁) တွင်သော်လည်းကောင်း၊ ဖော်ပြထားသည့် အမိန့်၊ သို့တည်းမဟုတ် ဒီကရီမျိုးကို ချမှတ်ပြီးနောက် အတည်မပြုရသေးလျှင်၊ ထို့ပြင်ထိုအမိန့်၊ သို့ တည်းမဟုတ် ဒီကရီချမှတ်သည့်အချိန်တွင်၊ ပုဒ်မ ၁၂ သို့တည်းမဟုတ် ပုဒ်မ ၁၄ ပါ ပြဋ္ဌာန်းချက်များ အာဏာတည်လျက်ရှိလျှင်၊ သို့တည်းမဟုတ် ထိုအမိန့်၊ သို့တည်းမဟုတ် ဒီကရီနှင့် သက်ဆိုင်လျှင်၊ ထိုအမိန့်ကို၊ သို့တည်းမဟုတ် ထိုဒီကရီကို ချမှတ်ခဲ့မည်မဟုတ် ဟု တရားရုံးက ထင်မြင်သဘောရရှိလျှင်၊ တရားရုံးသည်၊ အိမ်ငှား၏၊ သို့တည်းမဟုတ် ပုဒ်မ ၁၃(၁) အရ နေထိုင်ခွင့်ရသူ၏ လျှောက်ထားချက်အရ၊ ထိုအမိန့်ကို၊ သို့တည်းမဟုတ် ထိုဒီကရီကို ဖျက်သိမ်းရမည်၊ သို့တည်းမဟုတ် ဤအက်ဥပဒေ အကျိုးသက်ရောက်စေရန်ကိစ္စအလို့ငှာ၊ မိမိသင့်သည်ထင်မြင် သည့်အတိုင်း ပြောင်းလဲရမည်။ ထို့ပြင် ပုဒ်မ ၁၂ ပုဒ်မခွဲ (၁)၊ သို့တည်းမဟုတ် ပုဒ်မ ၁၄၊ ပုဒ်မခွဲ (၁) ပါ ပြဋ္ဌာန်းချက်များသည်၊ အဆိုပါလျှောက်လွှာကိစ္စအလို့ငှာ၊ ထိုအမိန့်၊ သို့တည်းမဟုတ် ဒီကရီ ချမှတ် ထားသည့် တရားမမှု၊ သို့တည်းမဟုတ် အမှုအခင်းနှင့် သက်ဆိုင်သည်ဟု မှတ်ယူရမည်။

၁၆။ ။ (၁) ဥပစာတစ်ခုခုနှင့်စပ်လျဉ်း၍၊ ပုဒ်မ ၁၂ (၁)၊ အပိုဒ် (က) တွင်ဖြစ်စေ၊ ပုဒ်မ ၁၄(၁)၊ အပိုဒ် (က) တွင်ဖြစ်စေ၊ ရည်ညွှန်းထားသည့် ငှားရမ်းခကိုပေးရန် အိမ်ရှင်က တောင်းဆိုခြင်း မရှိသော်လည်း၊ အိမ်ငှားက၊ ထိုငှားရမ်းခပေးသည်ကို အိမ်ရှင်က လက်မခံလို၊ ငြင်းဆိုသောအခါ၊ အိမ်ငှား သည် —

(က) ထိုငှားရမ်းခကို ကြီးကြပ်ရေးဝန်ထံပေးသွင်းနိုင်သည်၊ ထို့ပြင်

(ခ) အိမ်ရှင်က၊ ထိုဥပစာနှင့် စပ်လျဉ်း၍ နောက်ထပ်ရရန်ရှိသောငှားရမ်းခကို မိမိ လက်ခံလိုကြောင်း နို့တစ်စာဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ၊ အိမ်ငှားအား အကြောင်းမကြားလျှင်၊ ထိုသို့နောက်ထပ်ပေးရန်ရှိသော ငှားရမ်းခကိုလည်း ကြီးကြပ်ရေးဝန်ထံပေးသွင်းနိုင်သည်။

(၂) ပုဒ်မခွဲ (၁) အရ ငှားရမ်းခပေးသွင်းသည့်အခါ၊ ကြီးကြပ်ရေးဝန်သည် ထိုပေးသွင်းငွေကို ရရှိကြောင်းဖြင့် အိမ်ရှင်အပေါ် နို့တစ်စာ ချအပ်စေရမည်။ ထိုသို့နို့တစ်စာချအပ်ရာ၌၊ နို့တစ်စာကို၊ အိမ်ရှင်လက်သို့ဖြစ်စေ၊ အိမ်ရှင်က အာဏာလွှဲအပ်ထားသည့်ကိုယ်စားလှယ်လက်သို့ဖြစ်စေ၊ ပေးအပ်ရမည်။ အကယ်၍ အိမ်ရှင်ကိုသော်လည်းကောင်း၊ အိမ်ရှင်ကအာဏာလွှဲအပ်ထားသည့် ကိုယ်စားလှယ်ကိုသော်လည်းကောင်း၊ မတွေ့ရှိလျှင်၊ ထိုနို့တစ်စာကို၊ စာပို့တိုက်မှ မှတ်ပုံတင်၍၊ အိမ်ရှင်၏၊ သို့တည်းမဟုတ် ထိုအိမ်ရှင်က အာဏာလွှဲအပ်ထားသည့် ကိုယ်စားလှယ်၏ နောက်ဆုံးသိရှိရသော နေရပ်သို့ ပေးပို့ရမည်။ ထိုသို့ပေးသွင်းထားသည့်ငွေကို၊ ပုဒ်မ ၄၂ ပုဒ်မခွဲ (၂)၊ အပိုဒ် (စ) အရ၊ ပြုသည့် နည်းဥပဒေ များနှင့် မဆန့်ကျင်စေဘဲ၊ အိမ်ရှင်က၊ သို့တည်းမဟုတ် ထိုအိမ်ရှင်အာဏာလွှဲအပ်ထားသည့် ကိုယ်စားလှယ်က၊ ထိုကိစ္စအလို့ငှာ၊ ကြီးကြပ်ရေးဝန်ထံ လျှောက်လွှာတင်သွင်း၍ ထုတ်ယူနိုင်သည်။

၁၇။ ။ (၁) အိမ်ရှင်သည်၊ သို့တည်းမဟုတ် အိမ်ငှားသည်၊ သို့တည်းမဟုတ် ၎င်း၏ကိုယ်စား ဆောင်ရွက်သူတစ်ဦးဦးသည်၊ ဥပစာ တစ်ခုခုနှင့်စပ်လျဉ်း၍၊ အိမ်ငှားက၊ သို့တည်းမဟုတ် တစ်ဆင့်ခံ အိမ်ငှားက၊ မိမိအားပေးသောငှားရမ်းခ၊ သို့တည်းမဟုတ် ငွေကိုမှန်ကန်စွာ ပြေစာရေးသားပေးရမည်။ ထိုပြေစာကို မိမိက နည်းလမ်းတကျလက်မှတ်ရေးထိုးရမည်၊ သို့တည်းမဟုတ် ထိုကိစ္စအလို့ငှာစီမံထား ရှိသည့်စာအုပ်တွင် ထိုငှားရမ်းခ၊ သို့တည်းမဟုတ် ထိုငွေရကြောင်းကို နည်းလမ်းတကျဝန်ခံ လက်မှတ် ရေးထိုးရမည်။

(၂) မည်သူမဆို ပုဒ်မခွဲ (၁) ပါ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်လျှင်၊ ကျပ်ငါးရာထိ ငွေဒဏ် စီရင်ခြင်းခံရမည်။

၁၈။ ။ ဤအက်ဥပဒေနှင့်သက်ဆိုင်သည့် ဥပစာတစ်ခုခုကို ပြန်လည်သိမ်းပိုက်ရန်၊ သို့တည်း မဟုတ် ဥပစာမှ အိမ်ငှားကို နှင်ထုတ်ရန်အတွက် တရားမမှု၊ သို့တည်းမဟုတ် လျှောက်လွှာတစ်ခုခုတွင် ဖြစ်စေ၊ ထိုတရားမမှု၊ သို့တည်းမဟုတ် လျှောက်လွှာမှ ပေါ်ပေါက်လာသည့် မှုခင်းတစ်ခုခုတွင်ဖြစ်စေ၊ ရန်ကုန်မြို့တော်တရားမရုံး တရားသူကြီးတစ်ဦးကသော်လည်းကောင်း၊ ရန်ကုန်မြို့ ပြင်ပရှိ ခရိုင်တရားမ ရုံး တရားသူကြီးတစ်ဦးကသော်လည်းကောင်း၊ ချမှတ်သည့်အမိန့်ကို၊ သို့တည်းမဟုတ် ဒီကရီကို ဥပဒေ ကြောင်းနှင့် အမှုချင်းရာအရ တရားလွှတ်တော်သို့ အယူခံဝင်နိုင်သည်။

၁၉။ ။ ဤအက်ဥပဒေနှင့် သက်ဆိုင်သည့် ဥပစာတစ်ခုခုနှင့်စပ်လျဉ်း၍၊ ဤအက်ဥပဒေကို ပြဋ္ဌာန်းပြီးနောက်မှ ရရန်ရှိသော ငှားရမ်းခကို အရတောင်းခံရန် အလို့ငှာ၊ စွဲဆိုသည့် တရားမမှုဆိုင်ရာ အဆိုလွှာကို မည်သည့်တရားမရုံးကမျှ လက်မခံရ၊ သို့တည်းမဟုတ် ဆိုခဲ့သည့်ငှားရမ်းခကို အရတောင်းခံရန်အလို့ငှာ၊ ရန်ကုန်မြို့တော်တရားမရုံး အက်ဥပဒေပုဒ်မ ၂၂ အရ ပစ္စည်းသိမ်းဝရမ်းအတွက် လျှောက်လွှာကို မည်သည့်တရားမရုံးကမျှ တင်သွင်းခွင့်မပြုရ။ သို့ရာတွင် ထိုဥပစာ၏ စံငှားရမ်းခနှင့်စပ်လျဉ်း၍၊ ကြီးကြပ်ရေးဝန်၏ သက်သေခံလက်မှတ်တစ်စောင်ကို၊ ထိုအဆိုလွှာနှင့်အတူ ဖြစ်စေ၊ ပစ္စည်းသိမ်းဝရမ်းအတွက် လျှောက်လွှာနှင့်အတူဖြစ်စေ၊ ပူးတွဲတင်သွင်းလျှင်၊ ထိုအဆိုလွှာ၊ သို့တည်းမဟုတ် လျှောက်လွှာကို လက်ခံရမည်။

၂၀။ ။ (၁) လူနေထိုင်ရန် ဥပစာမှတစ်ပါး၊ အခြားဥပစာ တစ်ခုခုလစ်လပ်သည့်အခါ၊ သို့တည်းမဟုတ် လစ်လပ်ရန်အကြောင်းရှိသည့်အခါ၊ သို့တည်းမဟုတ် လူနေထိုင်ရန် ဥပစာမှတစ်ပါး အခြားဥပစာသစ်တစ်ခုခုဆောက်လုပ်သည့်အခါ၊ ထိုပြင်အိမ်ရှင်ကလည်း ထိုဥပစာကို အိမ်ငှားအား အငှားချထားရန် ကြံရွယ်သည့်အခါ၊ အဆိုပါဥပစာကို ငှားရမ်းမည့်အိမ်ငှားအား အငှားချထားခွင့်ပြုသောလက်မှတ်ရရှိရန် အိမ်ရှင်က ကြီးကြပ်ရေးဝန်ထံ လျှောက်လွှာတင်သွင်းရမည်။

ထိုနည်းတူစွာ အိမ်ငှားက လူနေထိုင်ရန် ဥပစာမှတစ်ပါး၊ အခြားဥပစာတစ်ခုခုကို၊ သို့တည်းမဟုတ် ထိုဥပစာအစိတ်အပိုင်းကိုတစ်ဆင့်ခံအိမ်ငှားအား၊ တစ်ဆင့်အငှားချထားရန် ကြံရွယ်လျှင်၊ ထိုဥပစာ၊ သို့တည်းမဟုတ် ထိုဥပစာအစိတ်အပိုင်းကို တစ်ဆင့်ခံအိမ်ငှားအား၊ တစ်ဆင့်အငှားချထားခွင့်ပြုသောလက်မှတ်ကို ရရှိရန် အိမ်ငှားက ကြီးကြပ်ရေးဝန်ထံ လျှောက်လွှာတင်သွင်းရမည်။

(၂) ပုဒ်မခွဲ (၁) အရ တင်သွင်းသည့် လျှောက်လွှာတွင် အောက်ပါအကြောင်းအရာများပါရှိရမည်။

(က) ဥပစာ၏အကြောင်းအရာ၊ ဥပမာ အခန်းနံပါတ်၊ အထပ်နံပါတ်၊ အိမ်နံပါတ်၊ လမ်းအမည် စသည်များ၊ သို့တည်းမဟုတ် ဥပစာသည် မြေဖြစ်လျှင်၊ မြေကွက်နံပါတ်၊ အကွက်နံပါတ်စသည်များ။

(ခ) ပိုင်ရှင်၏အမည်နှင့်နေရပ်။

(ဂ) ငှားရမ်းမည့်အိမ်ငှား၏၊ သို့တည်းမဟုတ် တစ်ဆင့်ခံအိမ်ငှား၏အမည်၊ အလုပ်အကိုင်နှင့်နေရပ်။

(ဃ) တောင်းဆိုရန် ကြံရွယ်သည့် လစဉ်ငှားရမ်းခ။

(င) ရနိုင်ခဲ့လျှင်၊ ၁၉၃၉ ခုနှစ်၊ စက်တင်ဘာလအတွက် လစဉ်ငှားရမ်းခစာရင်း၊ သို့တည်းမဟုတ် ရန်ကုန်မြူနီစီပါယ်ကော်ပိုရေးရှင်း၊ သို့တည်းမဟုတ် ရန်ကုန်မြူနီစီပါယ် က၊ ၁၉၃၉-၄၀ ပြည့်နှစ်အတွက် အခွန်စည်းကြပ်ရာတွင် အခြေခံထားသည့်တန်ဖိုး။

(စ) ယခုတောင်းခံဆဲလစဉ်ငှားရမ်းခ။
(ဆ) အဆောက်အအုံအမျိုးအစား (တိုက်၊ ပျဉ်ထောင်၊ သို့တည်းမဟုတ် ထရံ)။
(ဇ) နေရာထိုင်ခင်းအမျိုးအစား(လုပ်ငန်းလုပ်ကိုင်ရန်၊ သို့တည်းမဟုတ် လူနေထိုင်ရန်)။
(ဈ) အဆိုပါ ဥပစာအငှားရနိုင်မည့်၊ သို့တည်းမဟုတ် ပြန်လည်အငှားရနိုင်မည့်နေ့ရက်၊ သို့တည်းမဟုတ် ခန့်မှန်းရက်။
(ည) ဆလာမီ၊ သို့တည်းမဟုတ် ဆလာမီပေးရန်ကတိ၊ သို့တည်းမဟုတ် အခြားအလားတူ အဖိုးစားနားကို မတောင်းဆိုကြောင်း။ သို့တည်းမဟုတ် မရရှိကြောင်း ဝန်ခံချက်။

(၃) ပုဒ်မခွဲ (၁) အရ တင်သွင်းသည့်လျှောက်လွှာကို ရရှိသည့်အခါ၊ ကြီးကြပ်ရေးဝန်မှာ၊ အကျဉ်းချုပ် စုံစမ်းစစ်ဆေးခြင်းပြုပြီးနောက် ကန့်ကွက်ရန် ခိုင်လုံသောအကြောင်းများမရှိဟု ကျေနပ်လျှင်၊ ခွင့်ပြုချက်လက်မှတ်ချက်ခြင်းထုတ်ပေးရမည်။ တစ်ဆင့်အငှားချထားသည့်ကိစ္စတွင် ကြီးကြပ်ရေးဝန်မှာ၊ ခွင့်ပြုချက်လက်မှတ်ထုတ်ပေးသည့်အချိန်၌ပင်၊ ထိုလက်မှတ် မိတ္တူတစ်စောင်ကို စာပို့တိုက်မှ မှတ်ပုံတင်၍ ပိုင်ရှင်ထံသို့ ပေးပို့ရမည်။

သို့ရာတွင် —

(က) ဥပစာသည် လစ်လပ်ရန်အကြောင်းရှိသည့်ကိစ္စတွင်၊ သို့တည်းမဟုတ် လစ်လပ်ခါစဖြစ်သည့်ကိစ္စတွင်၊ ကြီးကြပ်ရေးဝန်က သဘောတူညီလျှင်၊ ငှားရမ်းမည့်အိမ်ငှားသည်၊ သို့တည်းမဟုတ် တဆင့်ခံအိမ်ငှားသည် နေထိုင်သည့်နေ့ရက်ကစ၍ ငှားရမ်းခ ပေးဆောင်ရမည်။ ပုဒ်မခွဲ (၁) အရ လျှောက်လွှာမတင်သွင်းမီ အချိန်အတန်ကြာကပင် ဥပစာလစ်လပ်လျက်ရှိလျှင်၊ ငှားရမ်းမည့်အိမ်ငှားသည်၊ သို့တည်းမဟုတ် တစ်ဆင့်ခံအိမ်ငှားသည်၊ လျှောက်လွှာတင်သွင်းသည့်နေ့ရက်ကစ၍ ငှားရမ်းခ ပေးရမည်။

(ခ) အိမ်ငှားက တစ်သီးတစ်ခြားအခန်းအဖြစ် ခွဲခြားမပေးနိုင်သည့် ထိုဥပစာတစ်စိတ်တစ်ပိုင်းကို တစ်ဆင့်အငှားချထားသည့်ကိစ္စတွင်၊ တစ်ဆင့်ခံအိမ်ငှားက၊ ထိုသို့သော အစိတ်အပိုင်းအတွက် ငှားရမ်းခကို၊ အိမ်ငှားသို့ပေးရမည်။ ထို့ပြင် ထိုအိမ်ငှားမှာ၊ ဥပစာတစ်ခုလုံးအတွက် ငှားရမ်းခကို အိမ်ရှင်သို့ပေးရန် တာဝန်ရှိမြဲရှိစေရမည်။

(ဂ) အိမ်ငှားက တစ်ဆင့်ခံအိမ်ငှားအား၊ ထိုဥပစာ တစ်ခုလုံးကိုဖြစ်စေ၊ တစ်သီးတစ်ခြားအခန်းအဖြစ် ခွဲခြားပေးနိုင်သည့် ထိုဥပစာအစိတ်အပိုင်းကိုဖြစ်စေ၊ တစ်ဆင့်အငှားချထားသည့်ကိစ္စတွင်၊ တစ်ဆင့်ခံအိမ်ငှားသည်၊ အိမ်ရှင် (တစ်နည်းအားဖြင့်ဆိုသော် မူလအငှားချထားသူ) သို့ ငှားရမ်းခပေးရမည့်ပြင်၊ ထိုဥပစာကို တစ်ဆင့်ခံအိမ်ငှားအား အငှားချထားသည်ဟု မှတ်ယူရမည်။

၂၁။ ။ (၁) အိမ်ရှင်က —

(က) လူနေထိုင်ရန် ဥပစာတစ်ခုခု အငှားချထားခြင်း ရပ်စဲသည့်နို့တစ်စာကို ပေးသည့်အခါ၊ သို့တည်းမဟုတ် ရရှိသည့်အခါ၊ သို့တည်းမဟုတ်

(ခ) မိမိအိမ်ရှင်ဖြစ်သည့် လူနေထိုင်ရန်ဥပစာတစ်ခုခုမှ အိမ်ငှား ထွက်ခွာသွားရန် အကြောင်းရှိသည်ဟူ၍သော်လည်းကောင်း၊ ထိုဥပစာမှ အိမ်ငှားထွက်ခွာသွားပြီးနောက်၊ နေထိုင်သူမရှိဘဲ လစ်လပ်နေသည်၊ သို့တည်းမဟုတ် ကြီးကြပ်ရေးဝန်၏ ခွင့်ပြုချက် မရဘဲ တစ်ဦးတစ်ယောက်သောသူက ၁၉၅၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၁ရက်နေ့နောက်တွင် နေထိုင်လျက်ရှိသည်ဟူ၍သော်လည်းကောင်း၊ အခြားနည်း သတင်းရရှိသည့်အခါ၊ သို့တည်းမဟုတ်

(ဂ) လူနေထိုင်ရန် ဥပစာအသစ် တစ်ခုခု ဆောက်လုပ်သောအခါ၊ သို့တည်းမဟုတ် အဆိုပါဥပစာတစ်ခုခုကို နောက်ထပ်လူနေထိုင်နိုင်ရန် နေရာထိုင်ခင်းရနိုင်အောင် ပြုပြင်ပြောင်းလဲ၊ သို့တည်းမဟုတ် တိုးတက်ကောင်းမွန်အောင် ပြုလုပ်စေသည့်အခါ ထိုအိမ်ရှင်သည်၊ ထိုသို့ ပြုလုပ်သည့်အကြောင်းကြားစာကို ကြီးကြပ်ရေးဝန်ထံ ပေးပို့ရမည်။ ထိုနည်းတူစွာ လူနေထိုင်ရန် ဥပစာတစ်ခုခုတွင် နေထိုင်လျက်ရှိသော အိမ်ငှားက —

(ဃ) အဆိုပါဥပစာနှင့် စပ်လျဉ်း၍၊ အငှားချထားခြင်း ရပ်စဲသည့်နို့တစ်စာကို ပေးသည့်အခါ၊ သို့တည်းမဟုတ်

(င) အဆိုပါဥပစာတစ်ခုခုမှ ထွက်ခွာသွားသည့်အခါ

ထိုအိမ်ငှားသည်၊ ထိုသို့ ပြုလုပ်သည့် အကြောင်းကြားစာကို၊ ကြီးကြပ်ရေးဝန်ထံပေးပို့ရမည်။

(၂) လိုလောက်သော အကြောင်းမရှိလျှင် ပုဒ်မခွဲ (၁)တွင် ရည်ညွှန်းသည့်အကြောင်းကြားစာကို —

(က) ပုဒ်မခွဲ (၁)၊ အပိုဒ် (က)၊ သို့တည်းမဟုတ် အပိုဒ် (ဃ)တွင် အကျုံးဝင်သည့်ကိစ္စ၌၊ နို့တစ်စာပေးသည့်၊ သို့တည်းမဟုတ် ရရှိသည့်နေ့ရက်မှ သုံးရက်အတွင်း ပေးပို့ရမည်။

(ခ) ပုဒ်မခွဲ (၁)၊ အပိုဒ် (ခ)၊ သို့တည်းမဟုတ် အပိုဒ် (င)တွင် အကျုံးဝင်သည့်ကိစ္စ၌၊ အိမ်ရှင်က သတင်းရရှိသည့်နေ့ရက်မှ သုံးရက်အတွင်းဖြစ်စေ၊ ဥပစာမှ အိမ်ငှား ထွက်ခွာသွားသည့်နေ့ရက်မှ သုံးရက်အတွင်း ဖြစ်စေ၊ ပေးပို့ရမည်။

(ဂ) ပုဒ်မခွဲ (၁)၊ အပိုဒ် (ဂ) တွင် အကျုံးဝင်သည့် ကိစ္စ၌၊ ဆောက်လုပ်ခြင်း၊ ပြုပြင်ခြင်း၊ ပြောင်းလဲခြင်း၊ သို့တည်းမဟုတ် တိုးတက်ကောင်းမွန်အောင်ပြုလုပ်ခြင်း၊ ပြီးစီးသည့်နေ့ရက်မှ သုံးရက်အတွင်း ပေးပို့ရမည်။

(၃) ထိုသို့ အကြောင်းကြားစာပေးပို့ရာတွင် အိမ်ရှင်သည်၊ ပုဒ်မ ၂၀၊ ပုဒ်မခွဲ (၂)၊ အပိုဒ် (က)၊ (ခ)၊ (ဃ)၊ (င)၊ (စ)၊ (ဆ)၊ (ဈ) နှင့် (ဈ) တွင် သီးခြားဖော်ပြထားသည့် အကြောင်းအရာများကို ပေးရမည်။

(၄) ကြီးကြပ်ရေးဝန်သည်၊ ပုဒ်မခွဲ (၁)အရ လူနေထိုင်ရန် ဥပစာတစ်ခုခုမှ အိမ်ငှားထွက်ခွာသွားကြောင်း၊ သို့တည်းမဟုတ် ထွက်ခွာသွားမည့်ဆဲဆဲဖြစ်ကြောင်း၊ သို့တည်းမဟုတ် အဆိုပါဥပစာတစ်ခုခုမှ အိမ်ငှားထွက်ခွာသွားပြီးနောက်၊ ကြီးကြပ်ရေးဝန်၏ခွင့်ပြုချက်မရဘဲ၊ တစ်ဦးတစ်ယောက်သောသူက ၁၉၅၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၁ ရက်နေ့နောက်တွင် နေထိုင်ကြောင်းဖြင့် အကြောင်းကြားစာကို ရရှိသောအခါ၊ သို့တည်းမဟုတ် အခြားနည်းဖြင့် သတင်းရရှိသောအခါ [×××××][၁] အိမ်ရှင်ထံ ညွှန်ကြားချက်ထုတ်၍၊ ထိုညွှန်ကြားချက်တွင် သီးခြားဖော်ပြထားသူ၊ သို့တည်းမဟုတ် သီးခြားဖော်ပြထားသူများအား၊ ဥပစာများ၊ လစ်လပ်သည့်အခါအငှားချထားရန်၊ သို့တည်းမဟုတ် ဥပစာမှ အိမ်ငှားထွက်ခွာသွားလျှင်၊ ထိုသို့ အိမ်ငှားထွက်ခွာသွားသည့် ဥပစာကို အငှားချထားရန် ဆင့်ဆိုနိုင်သည်။

(၅) ပုဒ်မခွဲ (၄)အရ ညွှန်ကြားချက်ဟူသမျှကို၊ နို့တစ်စာဖြင့် အိမ်ငှားအပေါ် ချအပ်ရမည်။ ထိုသို့ နို့တစ်စာချအပ်ခြင်းခံရသည့်အခါ၊ အိမ်ရှင်သည် ထိုညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်ရမည်။

(၆) ကြီးကြပ်ရေးဝန်သည်၊ ပုဒ်မခွဲ (၄)တွင် ရည်ညွှန်းသည့်၊ ဥပစာအငှားချထားရန် သင့်လျော်သော အိမ်ငှားကို မရနိုင်လျှင်၊ ထိုသို့မရနိုင်ကြောင်းကို အိမ်ရှင်အား အကြောင်းကြားရမည်။ ထိုအခါ အိမ်ရှင်သည်၊ အဆိုပါ ဥပစာကို မည်သည့်အိမ်ငှားအားမဆို အငှားချထားနိုင်သည်။

သို့ရာတွင် ပုဒ်မခွဲ (၄) နှင့် (၅)၊ သို့တည်းမဟုတ် ဤပုဒ်မခွဲအရ၊ အိမ်ရှင်အားပေးသော ညွှန်ကြားချက်၊ သို့တည်းမဟုတ် အကြောင်းကြားချက်မှာ အိမ်ငှားထွက်ခွာသွားသည့် ဥပစာနှင့် သက်ဆိုင်လျှင်၊ ထိုညွှန်ကြားချက်၊ သို့တည်းမဟုတ် အကြောင်းကြားချက်ကို၊ ပုဒ်မခွဲ (၁)အရ အိမ်ရှင်က ပေးပို့သည့် အကြောင်းကြားစာ ရရှိသောနေ့ရက်မှ တစ်ဆယ်ရက်အတွင်းအိမ်ရှင်ထံပေး ပို့ချအပ်ရမည်။

(၇) မည်သည့်အိမ်ငှား၊ သို့တည်းမဟုတ် နေထိုင်သူမဆို ပုဒ်မခွဲ (၄)အရ ထုတ်သည့်ဆင့်ဆိုချက်တွင် သီးခြားဖော်ပြထားသူ၊ သို့တည်းမဟုတ် သီးခြားဖော်ပြထားသူများအား၊ အငှားချထားရေးအတွက် အဆိုပါလူနေထိုင်ရန်ဥပစာကို၊ အိမ်ရှင်အား လက်ရောက်မပေးအပ်ဘဲ ပျက်ကွက်လျှင် အဆောတလျင် နှင်ထုတ်ခြင်းခံရမည်။

၁။ ၁၉၆၁ခုနှစ် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေး (ပြင်ဆင်ချက်) အက်ဥပဒေ (၁၉၆၁ခုနှစ်၊ အက်ဥပဒေအမှတ် ၃၁) ၂. ၁၀. ၆၁ အရ ပယ်ဖျက်သည်။ မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း -၁၊ ၁၉၆၁ခုနှစ်၊ အောက်တိုဘာလ (၁၄)ရက်၊ စာမျက်နှာ - ၂၀၇၆။

<u>ရှင်းလင်းချက်</u> ။ ။ ဤပုဒ်မနှင့်ပုဒ်မ ၂၀ ပါကိစ္စအလို့ငှာ "လူနေထိုင်ရန် ဥပစာ" ဆိုသည်မှာ၊ လူနေထိုင်ရန်အတွက် သက်သက်အသုံးပြုသည့် ဥပစာကိုသော်လည်းကောင်း၊ လူနေထိုင်ရန်အတွက် အဓိကအားဖြင့်အသုံးပြု၍၊ စီးပွားရေးလုပ်ငန်း၊ သို့တည်းမဟုတ် ပညာရှင်လုပ်ငန်းအတွက် အကြောင်းသင့်ဆက်စပ်၍ အသုံးပြုသောဥပစာကိုသော်လည်းကောင်း၊ ဆိုလိုသည်။

၂၂။ ။ မည်သူမဆို၊ ပုဒ်မ ၂၀၊ ပုဒ်မခွဲ (၁)၊ သို့တည်းမဟုတ် ပုဒ်မခွဲ (၂)၊ သို့တည်းမဟုတ် ပုဒ်မ ၂၁၊ ပုဒ်မခွဲ (၁)၊ (၂)၊ (၃) သို့တည်းမဟုတ် ပုဒ်မခွဲ (၅)ပါ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်လျှင်၊ သုံးလထိ အလုပ်မဲ့ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်ထောင်ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ၊ စီရင်ခြင်းခံရမည်။

သို့ရာတွင် ကြီးကြပ်ရေးဝန်သည်၊ ဤပုဒ်မအရဖြစ်သောပြစ်မှုကို တစ်ဦးတစ်ယောက်သောသူ ကျူးလွန်သည့်သတင်းကို ရရှိသည့်အခါ၊ စုံစမ်းစစ်ဆေးမှုပြုလုပ်၍ ပြစ်မှုကျူးလွန်သူကို တရားရုံးတွင် တရားစွဲဆိုစေနိုင်သည်။

၂၃။ ။ (၁) တစ်ဦးတစ်ယောက်သောသူသည်၊ ပုဒ်မ ၂၂ အရဖြစ်သော ပြစ်မှုထင်ရှား စီရင်ခြင်းခံရသည့်အခါတိုင်း၊ သို့တည်းမဟုတ် ထိုပြစ်မှုကို အားပေးကူညီသည့်ပြစ်မှုထင်ရှားစီရင်ခြင်း ခံရသည့်အခါတိုင်း၊ သက်ဆိုင်ရာဥပစာတွင် နေထိုင်ရန်၊ ကြီးကြပ်ရေးဝန်က ခွင့်ပြုမထားသော အိမ်ငှား များသည်၊ သို့တည်းမဟုတ် နေထိုင်သူများသည်၊ အဆောတလျင်နှင်ထုတ်ခြင်း ခံရမည်။

(၂) ဤပုဒ်မရှိ ပုဒ်မခွဲ (၁)အရဖြစ်စေ၊ ပုဒ်မ ၂၁၊ ပုဒ်မခွဲ (၇)အရ ဖြစ်စေ၊ အဆောတလျင် နှင်ထုတ်ခြင်းခံရမည့်အိမ်ငှားများကို၊ သို့တည်းမဟုတ် နေထိုင်သူများကိုနှင်ထုတ်ရန်ကိစ္စအလို့ငှာ၊ ကြီးကြပ်ရေးဝန်သည်၊ ထိုအိမ်ငှားများအပေါ်၊ သို့တည်းမဟုတ် နေထိုင်သူများအပေါ် နို့တစ်စာ ချအပ်၍၊ အဆိုပါ နို့တစ်စာရရှိသည့်နေ့ရက်မှ ခုနစ်ရက်အတွင်း အဆိုပါဥပစာမှ ၎င်းတို့နှင့်၎င်းတို့၏ပစ္စည်း များကို ပြောင်းရွှေ့ရန် ဆင့်ဆိုရမည်။ အကယ်၍ အိမ်ငှား၊ သို့တည်းမဟုတ် နေထိုင်သူတစ်ဦးဦးက အဆိုပါအချိန်အတွင်း အဆိုပါ နို့တစ်စာအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင်၊ ကြီးကြပ် ရေးဝန်သည်၊ ထိုသို့ ပြောင်းရွှေ့ခြင်းကို အတင်းအကြပ်ပြုလုပ်စေရန် ခရိုင်ရုံဝန်အား ဆင့်ဆိုနိုင်သည်၊ ခရိုင်ရုံဝန်သည်၊ အဆိုပါ ဆင့်ဆိုချက်ကို ရရှိသောအခါ၊ အထက်အဆိုပါသူများနှင့် ၎င်းတို့၏ပစ္စည်း များကို၊ အဆိုပါဥပစာမှပြောင်းရွှေ့စေရမည့်ပြင်၊ ထိုသူတစ်ဦးဦးအားလည်း၊ အဆိုပါ ဥပစာအတွင်း ကြီးကြပ်ရေးဝန်၏ ခွင့်ပြုချက်မရဘဲ တစ်ဖန်ဝင်ရောက်ခြင်း၊ သို့တည်းမဟုတ် ဆက်လက်နေထိုင်ခြင်း မပြုရအောင် အရေးယူဆောင်ရွက်ရမည်။

၂၄။ ။ ပုဒ်မ ၂၀၊ ၂၁ နှင့် ၂၃ ပါ ပြဋ္ဌာန်းချက်များသည်၊ တည်ဆဲဥပဒေတစ်ခုခုတွင် ဆန့်ကျင်ကွဲလွဲချက်မည်သို့ပင်ပါရှိစေကာမူ အတည်ဖြစ်စေရမည်။

၂၅။ ။ (၁) ဤအက်ဥပဒေ စတင်အာဏာတည်ပြီးသည့်နောက်၊ ငှားရမ်းခအတွက် ငွေတစ်ရပ်ရပ်ပေးပြီးဖြစ်သည့်ကိစ္စတွင်၊ ထိုငွေမှာ ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များကြောင့် အရမတောင်းခံနိုင်သည့်ငွေဖြစ်လျှင်၊ ထိုငွေကိုပေးသည့်နေ့ရက်နောက်၊ ခြောက်လအတွင်း မည်သည့်အခါမဆို၊ ထိုငွေပေးသည့်အိမ်ငှားမှာ၊ ထိုငွေကိုလက်ခံသည့်အိမ်ရှင်ထံမှ အရတောင်းခံနိုင်ခွင့်ရှိစေရမည့်ပြင်၊ အခြားအရတောင်းခံနည်းတစ်ခုခုကို မထိခိုက်စေဘဲ၊ ထိုအိမ်ငှားက၊ ထိုအိမ်ရှင်အား၊ ခြောက်လအတွင်း မိမိပေးရမည့် ငှားရမ်းခထဲမှ ခုနှိမ်နိုင်သည်။

(၂) ဤပုဒ်မပါ ကိစ္စအလို့ငှာ "အိမ်ရှင်" ဆိုသည့် စကားရပ်တွင် တွဲဖက်အိမ်ထောင်သားစုပိုင် ပစ္စည်းဖြစ်သည့်ကိစ္စ၌ အိမ်ရှင်သေဆုံးခဲ့လျှင်၊ ထိုအိမ်ရှင်အိမ်သားအဖြစ် ပါဝင်သော တွဲဖက်အိမ်ထောင်သားစုလည်း ပါဝင်သည်။

၂၆ ။ ။ (၁) ဤအက်ဥပဒေစတင်အာဏာတည်ပြီးသည့်နောက်၊ အိမ်ငှားက အိမ်ရှင်အား စံငှားရမ်းခသတ်မှတ်ပြီးဖြစ်သည့် ဥပစာတစ်ခုခုနှင့်စပ်လျဉ်း၍၊ ငှားရမ်းခအတွက် ကျပ်သုံးရာထက်မပိုသောငွေကို၊ စံငှားရမ်းခထက်ပို၍ ပေးခဲ့ပြီးဖြစ်သည့်ကိစ္စတွင် ထိုငွေကိုပေးသည့်နေ့ရက်နောက်၊ ခြောက်လအတွင်း မည်သည့်အခါမဆို၊ အိမ်ငှားကအိမ်ရှင်ထံမှ ပြန်ရလိုကြောင်း ရာဇဝတ်တရားသူကြီးထံ လျှောက်ထားလျှင်၊ အခြားအရ တောင်းခံနည်းတစ်ခုခုကို မထိခိုက်စေဘဲ၊ ရာဇဝတ်ကျင့်ထုံးကိုဥပဒေပါ ပြဋ္ဌာန်းချက်များအရ ဒဏ်ငွေဖြစ်ဘိသကဲ့သို့ အရတောင်းခံနိုင်ခွင့်ရှိစေရမည့်ပြင်၊ တောင်းခံရရှိသည့် ငှားရမ်းခ လက်ကျန်ငွေကိုလည်း၊ အရ တောင်းခံရာတွင် ကုန်ကျစရိတ်များခုနှိမ်ပြီးနောက်၊ အိမ်ငှားအား ပေးရမည်။

(၂) ပုဒ်မခွဲ (၁) အရ ဆောင်ရွက်သည့်မှုခင်းကိစ္စတွင်၊ ဆိုင်ရာဥပစာအတွက် စံငှားရမ်းခအမှန်ဖြစ်ကြောင်း ကြီးကြပ်ရေးဝန် လက်မှတ်ရေးထိုးသည့်သက်သေခံလက်မှတ်ကိုတင်ပြလျှင်၊ ထိုဥပစာအတွက် စံငှားရမ်းခမှာ၊ သက်သေခံလက်မှတ်တွင် သက်သေခံထားသည့်အတိုင်း မဟုတ်ဟု သက်သေထင်ရှားမပြမီ၊ ထိုသို့ သက်သေခံထားသည့်အတိုင်းဖြစ်သည်ဟု၊ ရာဇဝတ်တရားသူကြီးက ယူဆရမည်။

၂၇။ ။ (၁) ကြီးကြပ်ရေးဝန်သည်၊ အိမ်ရှင်၊ သို့တည်းမဟုတ် အိမ်ငှားတစ်ဦးဦး၏ လျှောက်ထားချက်အရ၊ ထိုအိမ်ရှင်က အငှားချထားသည့်၊ သို့တည်းမဟုတ် ထိုအိမ်ငှားက ငှားရမ်းသည့်ဥပစာတစ်ခုခုနှင့်စပ်လျဉ်း၍၊ စံငှားရမ်းခအမှန်ဖြစ်ကြောင်း မိမိလက်မှတ်ရေးထိုးသည့် သက်သေခံလက်မှတ်ကို ထုတ်ပေးရမည်။

(၂) အောက်ပါ ကိစ္စတစ်ခုခုတွင်၊ ကြီးကြပ်ရေးဝန်သည်၊ အိမ်ရှင်၏ သို့တည်းမဟုတ် အိမ်ငှား၏ လျှောက်ထားချက်အရ ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များကိုလည်းကောင်း၊ ဆိုင်ရာအကြောင်းခြင်းရာများကိုလည်းကောင်း၊ ထောက်ထား၍မိမိကတရားသည်ထင်မြင်သည့်စံငှားရမ်းခကိုသတ်မှတ် ရမည့်ပြင်၊ မိမိသဘောအတိုင်းလည်း သတ်မှတ်နိုင်သည်။

(က) ဥပစာတစ်ခုခုကို တစ်ခါတစ်ရံ တစ်ခုလုံး၊ တစ်ခါတစ်ရံ အစိတ်စိတ် အပိုင်းပိုင်းအငှားချထားသည့်ကိစ္စ၊ သို့တည်းမဟုတ် အိမ်ငှားက၊ မိမိအားအငှားချထားသည့် ဥပစာတစ်စိတ်တစ်ဒေသကို တစ်ဆင့်အငှားချထားသည့်ကိစ္စ၊ သို့တည်းမဟုတ် ဤအက်ဥပဒေကို အကျိုးသက်ရောက်စေရာတွင် အကြောင်းတစ်ခုခုကြောင့် အခက်အခဲတစ်ခုခု ဖြစ်ပေါ်လာသည့် ကိစ္စ။

(ခ) အိမ်ထောင်ပရိဘောဂနှင့်တကွ အငှားချထားသည့် ဥပစာနှင့်သော်လည်းကောင်း၊ စားသောက်နေထိုင်ခပါထည့်သွင်း၍ အငှားချထားသည့်ဥပစာနှင့်သော်လည်းကောင်း၊ စပ်လျဉ်း၍ ဤအက်ဥပဒေ အကျိုးသက်ရောက်စေရန် ကိစ္စအလို့ငှာ၊ ငှားရမ်းခအဖြစ်ပေးရမည့်ငွေကို၊ အိမ်ထောင်ပရိဘောဂငှားရမ်းခ၊ သို့တည်းမဟုတ် အစားအသောက်နှင့် ပြုစုခအဖြစ်ဖြင့် ပေးရမည့်ငွေမှ ခွဲခြားရန်လိုအပ်သည့်ကိစ္စ။

(ဂ) ဥပစာတစ်ခုခုကို၊ ငှားရမ်းခအလွတ်သော်လည်းကောင်း၊ ငှားရမ်းခမည်ရုံမျှနှင့်သော်လည်းကောင်း၊ ငှားရမ်းခအပြင် အဖိုးစားနား တစ်ခုခုနှင့်သော်လည်းကောင်း၊ အငှားချထားပြီးဖြစ်သည့်၊ သို့တည်းမဟုတ် အငှားချထားသည့်ကိစ္စ။

(ဃ) ၁၉၃၉ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့တွင်ပေးသည့် ငှားရမ်းခမှာ၊ သို့တည်းမဟုတ် ထိုနေ့ရက်တွင် ဆိုင်ရာဥပစာကို အငှားချထားခြင်းမရှိလျှင်၊ ထိုနေ့ရက် မတိုင်မီက၊ ထိုဥပစာကိုနောက်ဆုံးအငှားချထားသည့် ငှားရမ်းခမှာ၊ အဆမတန်နည်းလွန်းသည်ဟု ကြီးကြပ်ရေးဝန်က ထင်မြင်သဘောရရှိသည့်ကိစ္စ။

(င) ဥပစာတစ်ခုခု၏အခြေအနေ ပြောင်းလဲသည့်ကိစ္စ၊ သို့တည်းမဟုတ် အဆောက်အအုံဆောက်လုပ်ရန်ပစ္စည်းများ၏ တန်ဘိုးကြီးမြင့်လာခြင်းကြောင့် ပြုပြင်ထားရှိရာတွင် စရိတ်ပိုမိုကုန်ကျသည့်ကိစ္စ၊ သို့တည်းမဟုတ် ၁၉၃၉ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့နောက်၌ ဥပစာတစ်ခုခုနှင့်စပ်လျဉ်း၍၊ မြူနီစီပါယ်ခွန်၊ နိုင်ငံခွန်၊ သို့တည်းမဟုတ် အခြားအခွန်များတိုးတက်လာသည့်ကိစ္စ။

(စ) ဥပစာတစ်ခုခုကို၊ ၁၉၄၁ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့နောက်၊ ပထမအကြိမ်အငှားချထားသည့်ကိစ္စ။

(ဆ) ၁၉၃၉ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့ကစ၍၊ ဥပစာ၏အခြေအနေ ဆိုးရွားသွားခြင်းကြောင့်သော်လည်းကောင်း၊ အခြားလုံလောက်သောအကြောင်းများကြောင့်သော်

လည်းကောင်း၊ ၁၉၃၉ ခုနှစ်၊ စက်တင်ဘာလ ၁ရက်နေ့တွင် ဥပစာကိုအငှားချထားသည်၊ သို့တည်းမဟုတ် ထိုနေ့ရက်နောက်၊ ထိုဥပစာကိုပထမအကြိမ် အငှားချထားသည့် ငှားရမ်းခမှာ များလွန်းသည် သို့တည်းမဟုတ် တရားမျှတခြင်းမရှိဟု ကြီးကြပ်ရေးဝန်က ထင်မြင်သဘောရရှိသည့်ကိစ္စ။

သို့ရာတွင် —

(၁) အပိုဒ် (ယ) အရ၊ ငှားရမ်းခမှာ၊ ၁၉၃၄ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့နှင့် ၁၉၃၉ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့ စပ်ကြားမည်သည့်အခါတွင်မဆို၊ ဥပစာကို အငှားချထားခဲ့သည့် အများဆုံးငှားရမ်းခ၊ သို့တည်းမဟုတ် ထိုကာလအပိုင်းအခြားအတွင်း ထိုဥပစာကို အငှားချထားသည့် အနည်းဆုံးငှားရမ်းခနှင့် ထိုအနည်းဆုံးငှားရမ်းခ၏ ၂၅ ရာခိုင်နှုန်း၊ နှစ်ခုပေါင်းငှားရမ်းခ၊ ထိုအများဆုံး၊ ငှားရမ်းခနှင့် အနည်းဆုံးငှားရမ်းခ နှစ်ရပ်အနက်များရာငှားရမ်းခထက်မပိုစေရ။

(၂) အပိုဒ် (င) အရ ကြီးကြပ်ရေးဝန်မှာ၊ ငှားရမ်းခကို ပုဒ်မ ၆ တွင် ပြဋ္ဌာန်းထားသည့် အတိုင်း။ ဥပစာတိုးတက်ကောင်းမွန်အောင်ပြုပြင်ခြင်း။ သို့တည်းမဟုတ် ပုံသဏ္ဌာန်ပြောင်းလဲခြင်းအတွက် ကုန်ကျသည့်ငွေနှင့်စပ်လျဉ်း၍ဖြစ်စေ၊ ဥပစာပြုပြင်ထားရှိရာတွင် ပိုမိုကုန်ကျသည့်အသုံးစရိတ်နှင့်စပ်လျဉ်း၍ဖြစ်စေ၊ တစ်နှစ်လျှင် ၆ ရာခိုင်နှုန်းထက်ပို၍တိုးမြှင့်ခြင်းမပြုရ။

(၃) အပိုဒ် (ဆ) အရ စံငှားရမ်းခမှာ၊ ကိစ္စတစ်ရပ်ရပ်အတွက် သီးခြားအငှားချထားသည့် ကိုယ်ပိုင်မြေနှင့်စပ်လျဉ်း၍၊ အဆိုပါမြေအနီးအနားတွင် အလားတူကိစ္စများအလို့ငှာ၊ အငှားချထားသည့်အလားတူမြေအမျိုးအစားအတွက် အစိုးရဖြစ်စေ၊ ရန်ကုန်စည်ပင်သာယာရေးအဖွဲ့၊ သို့တည်းမဟုတ် ရန်ကုန်မြူနီစီပါယ်ကော်ပိုရေးရှင်း။ သို့တည်းမဟုတ် အခြားအလားတူဒေသန္တရအဖွဲ့ တစ်ခုခုကဖြစ်စေ၊ တောင်းဆိုဆဲဖြစ်သည့်ငှားရမ်းခနှုန်းထက်မပိုစေရ။

(၄) အပိုဒ် (စ)၊ သို့တည်းမဟုတ် (ဆ) အရ ကိစ္စတစ်ခုခုအတွက် သီးခြားအငှားချထားသည့် မြေဖြစ်၍၊ မြေရှင်မှာ၊ အစိုးရ၊ သို့တည်းမဟုတ် ရန်ကုန်စည်ပင်သာယာရေးအဖွဲ့၊ သို့တည်းမဟုတ် ရန်ကုန်မြူနီစီပါယ် ကော်ပိုရေးရှင်း။ သို့တည်းမဟုတ် အခြားအလားတူဒေသန္တရအဖွဲ့ဖြစ်သည့်ကိစ္စတွင်၊ စံငှားရမ်းခမှာ အစိုးရက၊ သို့တည်းမဟုတ် ရန်ကုန်စည်ပင်သာယာရေးအဖွဲ့က၊ သို့တည်းမဟုတ် ရန်ကုန်မြူနီစီပါယ်ကော်ပိုရေးရှင်းက၊ သို့တည်းမဟုတ် အခြားသက်ဆိုင်ရာဒေသန္တရ အဖွဲ့က၊ ထိုမြေကိုအငှားချထားသည့် ငှားရမ်းခဖြစ်စေရမည်။

၂၈။ ။ (၁) ပုဒ်မ ၂၁ အရ အပ်နှင်းသည့်အာဏာများမှအပ၊ ဤအက်ဥပဒေအရ အပ်နှင်းထားသည့်အာဏာတစ်ရပ်ရပ်ကို မသုံးစွဲမီ၊ ကြီးကြပ်ရေးဝန်သည်၊ အိမ်ရှင်နှင့် အိမ်ငှား၊ သို့တည်းမဟုတ် နေထိုင်သူရှိခဲ့လျှင်၊ ၎င်းတို့အား၊ ထိုအာဏာသုံးစွဲရန် မိမိကြံရွယ်သည်ကို အကြောင်းကြားရမည့်ပြင်၊ အကျိုးသက်ဆိုင်သူ တစ်ဦးတစ်ယောက်ထံမှ ထိုအကြောင်းကြားစာတွင် သီးခြားဖော်ပြထားသည့် ကာလအပိုင်းအခြားအတွင်း မိမိရရှိသည့်လျှောက်လွှာကို နည်းလမ်းတကျဆင်ခြင်စဉ်းစားရမည်။

(၂) ဤအက်ဥပဒေအရချမှတ်သည့် ကြီးကြပ်ရေးဝန်၏ အမိန့်အားလုံးကို၊ စာဖြင့်ရေးသားချမှတ်ရမည်။

(၃) ကြီးကြပ်ရေးဝန်၏ အမိန့်နှင့်သက်ဆိုင်သူမှာ၊ နိုင်ငံတော်သမ္မတသတ်မှတ်သည့်ငွေကိုပေး၊ဆောင်ကာလ၊ ကြီးကြပ်ရေးဝန်က၊ မိတ္တူအမှန်ဖြစ်ကြောင်း နည်းလမ်းတကျသက်သေခံလက်မှတ်ရေးထိုးသည့်ထိုအမိန့်စာမိတ္တူကို ရထိုက်ခွင့်ရှိစေရမည်။ ထိုမိတ္တူကို ကြီးကြပ်ရေးဝန်၏ အမိန့်ဖြစ်ကြောင်း သက်သေထင်ရှားပြရန်၊ မည်သည့်တရားရုံးတွင်မဆို သက်သေခံအဖြစ်လက်ခံနိုင်စေရမည်။

၂၉။ ။ ဤအက်ဥပဒေအရ ကြည့်ရှုစစ်ဆေးရန်၊ သို့တည်းမဟုတ် စုံစမ်းစစ်ဆေးရန်ကိစ္စအလို့ငှာ၊ ကြီးကြပ်ရေးဝန်သည်၊ သို့တည်းမဟုတ် ဤကိစ္စအလို့ငှာ၊ ကြီးကြပ်ရေးဝန်ကယေဘုယျအားဖြင့်ဖြစ်စေ၊ အထူးအားဖြင့်ဖြစ်စေ၊ စာဖြင့်ရေးသား၍၊ နည်းလမ်းတကျ အာဏာအပ်နှင်းထားသောသူတစ်ဦးတစ်ယောက်သည်၊ မည်သည့်အဆောက်အအုံ၊ သို့တည်းမဟုတ် မြေသို့မဆို၊ လက်ထောက်များပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ၊ နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ၊ အချိန်နာရီများအတွင်းဝင်ရောက်နိုင်သည်။

သို့ရာတွင် လူနေထိုင်ရန်အတွက် အသုံးပြုသော မည်သည့်အဆောက်အအုံအတွင်းသို့မျှ စာဖြင့် ၂၄ နာရီကြိုတင်အကြောင်းကြားခြင်းမရှိလျှင် နေထိုင်သူ၏ အခွင့်မရဘဲ၊ ထိုသို့ဝင်ရောက်ခြင်းမပြုရ။

၃၀။ ။ (၁) ဤအက်ဥပဒေအရ စုံစမ်းစစ်ဆေးရန်ကိစ္စများအလို့ငှာ၊ ကြီးကြပ်ရေးဝန်သည် မည်သူ့ကိုမဆို အမိန့်စာဖြင့် အောက်ပါအတိုင်းဆင့်ဆိုနိုင်သည်။

(က) ဥပစာတစ်ခုခုကို ၁၉၃၄ ခုနှစ်တွင်ဖြစ်စေ၊ ထိုနှစ်နောက်တွင်ဖြစ်စေ၊ မည်သည့်ငှားရမ်းခဖြင့် မည်သည့်နည်းလမ်းအတိုင်းအငှားချထားသည့်ကိစ္စနှင့်လည်းကောင်း။ စုံစမ်းစစ် ဆေးခြင်းနှင့်သက်ဆိုင်သည့် အခြားကိစ္စတစ်ခုခုနှင့်လည်းကောင်း။ စပ်လျဉ်း၍၊ အကြောင်းအရာများကို၊ အမိန့်တွင်သီးခြားဖော်ပြထားသည့်ပုံစံဖြင့်၊ သီးခြားဖော်ပြ ထားသည့် အချိန်အတွင်း။ သီးခြားဖော်ပြထားသည့် နေရာ၌ မိမိအားပေးရန်။

(ခ) စုံစမ်းစစ်ဆေးခြင်းနှင့်သက်ဆိုင်သည့်ငွေစာရင်းများ။ ငှားရမ်းခပြေစာများ။ စာအုပ်

များ၊ သို့တည်းမဟုတ် အခြားစာတမ်းအမှတ်အသားများကို အမိန့်တွင်သီးခြားဖော်ပြထားသည့်အချိန်နှင့်နေရာ၌ မိမိကြည့်ရှုစစ်ဆေးစိမ့်သောငှာတင်ပြရန်၊ သို့တည်းမဟုတ် အမိန့်တွင် သီးခြားဖော်ပြထားသူအားပေးအပ်ရန်။

(၂) ကြီးကြပ်ရေးဝန်မှာ၊ ဤအက်ဥပဒေအရပြုသည့် နည်းဥပဒေများနှင့် မဆန့်ကျင်စေဘဲ၊ ထို့ပြင် ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များကို ပြီးမြောက်အောင်ဆောင်ရွက်ရန်အာဏာများ လိုအပ်သည်နှင့်အမျှ တရားမကျင့်ထုံး ကိုဋ္ဌဥပဒေဖြင့် တရားရုံးအတွက် ပြဋ္ဌာန်းထားသည့်နည်းများကိုသုံး၍၊ တတ်နိုင်သမျှထိုသို့ပြဋ္ဌာန်းထားသည့်အတိုင်း သက်သေများဆင့်ခေါ်နိုင်ခွင့်အာဏာနှင့် သက်သေများလာရောက်ရန်အတင်းအကြပ်ပြုနိုင်ခွင့် အာဏာရှိရမည့်ပြင်၊ စာတမ်းအမှတ်အသားများ တင်ပြရန်အတင်းအကြပ်ပြုနိုင်ခွင့်အာဏာလည်းရှိရမည်။

(၃) မည်သူမဆို၊ ပုဒ်မခွဲ (၁)တွင် ရည်ညွှန်းသည့်အကြောင်းအရာကိုပေးရန်ဆင့်ဆိုခြင်းခံရလျှင်၊ ရာဇသတ်ကြီးပုဒ်မ ၁၇၆ နှင့် ၁၇၇ အဓိပ္ပာယ်အရ၊ ထိုသို့ဆင့်ဆိုသည့်အတိုင်းပေးရန် တရားဥပဒေအရတာဝန်ရှိသည်ဟုမှတ်ယူရမည်။

၃၁။ ။ ကြီးကြပ်ရေးဝန်သည်၊ ဤအက်ဥပဒေအရ မိမိချမှတ်သည့်၊ သို့တည်းမဟုတ်ချမှတ်သည်ဟု မှတ်ယူသည့်အမိန့်တစ်ရပ်ရပ်ကို ပြန်လည်စဉ်းစားနိုင်သည်။ တရားမကျင့်ထုံး ကိုဋ္ဌဥပဒေပထမဇယားရှိအမိန့် ၄၇ ပါ ပြဋ္ဌာန်းချက်များသည်၊ အဆိုပါပြန်လည်စဉ်းစားခြင်းနှင့် သက်ဆိုင်နိုင်သမျှ သက်ဆိုင်စေရမည်။

၃၂။ ။ (၁) ပုဒ်မ ၂၇ အရဥပစာတစ်ခုခုအတွက် စံငှားရမ်းခသတ်မှတ်သည့်ကြီးကြပ်ရေးဝန်၏ ဆုံးဖြတ်ချက်ကိုငြင်းဆိုလျှင်၊ ထိုဥပစာမှာ၊ ရန်ကုန်မြို့တော်အတွင်းတည်ရှိသော်၊ ရန်ကုန်မြို့တော်တရားမရုံးတရားသူကြီးချုပ်ထံသို့လည်းကောင်း။ ဥပစာမှာ ဤအက်ဥပဒေအာဏာတည်သည့် မြို့ပြဒေသတစ်ခုခုတွင်တည်ရှိသော်၊ နိုင်ငံတော်သမ္မတ သတ်မှတ်သည့်တရားသူကြီးထံသို့လည်းကောင်း။ လွှဲအပ်လွှာတင်သွင်းနိုင်စေရမည်။

သို့ရာတွင် ဤပုဒ်မခွဲအရ လွှဲအပ်လွှာတင်သွင်းရာ ရန်ကုန်မြို့တော်တရားမရုံး တရားသူကြီးချုပ်သည်၊ သို့တည်းမဟုတ် ထိုသို့သတ်မှတ်ထားသည့် တရားသူကြီးတစ်ဦးဦးသည်၊ မိမိထံတင်သွင်းသော လွှဲအပ်မှုကို မိမိအရေးယူဆောင်ရွက်ရန်မသင့်ဟုယူဆလျှင်၊ လျှောက်လွှာကို ဥပစာတည်ရာခရိုင်တွင် စီရင်ပိုင်ခွင့်အာဏာသုံးစွဲသည့် အခြားတရားသူကြီးတစ်ဦးဦးထံလွှဲအပ်ပြောင်းပေးနိုင်သည်။ ထိုသို့လျှောက်လွှာလွှဲပြောင်းပေးခြင်းခံရသည့်တရားသူကြီးမှာ ထိုလွှဲအပ်လွှာကိုမိမိလက်ခံနိုင်ဘိသကဲ့သို့၊ ထိုလျှောက်လွှာကို အရေးယူဆောင်ရွက်နိုင်သည့်အာဏာရှိရမည်။

(၂) ကြီးကြပ်ရေးဝန်၏အမိန့်မိတ္တူကို လွှဲအပ်လွှာနှင့်အတူ ပူးတွဲတင်သွင်းရမည်။

(၃) လွှဲအပ်လွှာတွင် မြူနီစီပယ်တန်ဆိပ်ခေါင်းပါရှိရမည်။

(၄) ထိုလွှဲအပ်လွှာကို ကြီးကြပ်ရေးဝန်အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်းသုံးဆယ်အတွင်းတင်သွင်းရမည်။ သို့ရာတွင်ကြီးကြပ်ရေးဝန်၏အမိန့်မိတ္တူရယူရာတွင် ကုန်လွန်သည့်ကာလအပိုင်းအခြားကို လွှဲအပ်လွှာတင်သွင်းရမည့်အချိန် တွက်ချက်ရာ၌ မထည့်သွင်းရ။

(၅) ရန်ကုန်မြို့တော်တရားမရုံးတရားသူကြီးချုပ်ကသော်လည်းကောင်း၊ အထက်အဆိုပါအခြားရုံး တရားသူကြီးကသော်လည်းကောင်း ချမှတ်သည့်ဆုံးဖြတ်ချက်သည်အပြီးသတ်အတည်ဖြစ်စေရမည်။

၃၃။ ။ ကြီးကြပ်ရေးဝန်ချမှတ်သောဆုံးဖြတ်ချက်လွှဲအပ်မှုများ စစ်ဆေးစီရင်သည့်အခါ၊ တရားသူကြီးသည် ရန်ကုန်မြို့တော်တရားမရုံးကတရားမမှုများ စစ်ဆေးစီရင်ရန်အတွက်သတ်မှတ်ထားသည့် ကျင့်ထုံးကိုသော်လည်းကောင်း၊ တရားမကြီးမှုများ စစ်ဆေးစီရင်ရန်အတွက်သတ်မှတ်ထားသည့် ကျင့်ထုံးကိုသော်လည်းကောင်း၊ မိမိသဘောအတိုင်းတတ်နိုင်သမျှလိုက်နာနိုင်သည်။

၃၄။ ။ (၁)မည်သူမဆို၊ စံငှားရမ်းခသတ်မှတ်ထားပြီးဖြစ်သော ဥပစာတစ်ခုခုနှင့်စပ်လျဉ်း၍၊ ငှားရမ်းခအတွက် စံငှားရမ်းခထက်ပိုသောငွေကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ သိလျက်နှင့်လက်ခံလျှင် ရာဇဝတ်တရားသူကြီး၏ပြစ်မှုထင်ရှားစီရင်ခြင်းခံရကာလ၊ ပထမအကြိမ်ကျူးလွန်သည့် ပြစ်မှုဖြစ်သည့်ကိစ္စတွင် ကျပ်ငါးရာထိငွေဒဏ်ဖြစ်စေ၊ အဆိုပါဥပစာနှင့် စပ်လျဉ်း၍၊ သို့တည်းမဟုတ် စံငှားခသတ်မှတ်ပြီးဖြစ်သောအခြားဥပစာတစ်ခုခုနှင့်စပ်လျဉ်း၍၊ ဒုတိယအကြိမ်၊ သို့တည်းမဟုတ် နောက်ထပ်ကျူးလွန်သည့်ပြစ်မှုဖြစ်သည့်ကိစ္စတွင် ကျပ်နှစ်ထောင်ထိငွေဒဏ်ဖြစ်စေ၊ စီရင်ခြင်းခံရမည်။

(၂) တစ်ဦးတစ်ယောက်သောသူသည် စံငှားရမ်းခထက်ပို၍ ငွေတန်ဖိုးရှိသည့်အဖိုးတန်ပစ္စည်း တစ်ခုခုကိုလက်ခံလျှင်၊ ထိုစံငှားရမ်းခထက်ပိုသောငွေကို လက်ခံသည်ဟုမှတ်ယူရမည်။

၃၅။ ။ (၁) မည်သူမဆို၊ အိမ်ငှားတစ်ဦးဦးအား၊ သို့တည်းမဟုတ် ပုဒ်မ ၁၃ပါ ပြဋ္ဌာန်းချက်အရ ကြီးကြပ်ရေးဝန်ကအမိန့်ချမှတ်ပေးပြီးဖြစ်သောသူ တစ်ဦးတစ်ယောက်အားဥပစာမှ ထွက်ခွာသွားစေလိုသောအကြံဖြင့် အနှောင့်အယှက်ပြုလျှင်၊ သို့တည်းမဟုတ် တမင်နှောင့်ယှက်လျှင်၊ ရာဇဝတ်တရားသူကြီး၏ပြစ်မှုထင်ရှားစီရင်ခြင်းခံရကာလ၊ ပထမအကြိမ်ကျူးလွန်သည့် ပြစ်မှုဖြစ်သည့်ကိစ္စတွင် ကျပ်နှစ်ရာထိငွေဒဏ်ဖြစ်စေ၊ ဒုတိယအကြိမ်၊ သို့တည်းမဟုတ် နောက်ထပ်ကျူးလွန်သည့် ပြစ်မှုဖြစ်သည့်ကိစ္စတွင် ကျပ်တစ်ထောင်ထိငွေဒဏ်ဖြစ်စေ၊ စီရင်ခြင်းခံရမည်။

(၂) အထက်ပါပုဒ်မခွဲ၏ ယေဘုယျသဘောကိုမထိခိုက်စေဘဲ၊ အိမ်ရှင်သည်လုံလောက်သော အကြောင်းမရှိဘဲ၊ ဥပစာကို ဤအက်ဥပဒေစတင်အာဏာတည်သည့်အခါက တည်ရှိသည့်အခြေအနေ

အတိုင်းမိုးလေဝသမှလုံခြုံအောင်ထားရှိရန်ပျက်ကွက်လျှင်သော်လည်းကောင်း၊ သီးခြားသဘောတူစာချုပ်တစ်ခုခုအရဖြစ်စေ၊ ထုံးစံအရဖြစ်စေ၊ အိမ်ရှင်ကပြုပြင်ထားရှိရန် တာဝန်ရှိသည့်အဆောက်အအုံသို့တည်းမဟုတ် တပ်ဆင်ထားသည့်ကိရိယာတန်ဆာ အစိတ်အပိုင်းတစ်ခုခုကို လိုအပ်သည့်အတိုင်းပြုပြင်ထားရှိရန်ပျက်ကွက်လျှင်သော်လည်းကောင်း၊ တမင်နှောင့်ယှက်သည်ဟုမှတ်ယူရမည်။

၃၆။ ။ ဤအက်ဥပဒေပါပြဋ္ဌာန်းချက်များနှင့်မဆန့်ကျင်စေဘဲ၊ ဥပစာမှထွက်ခွာ၍အိမ်ရှင်သို့ဥပစာပြန်အပ်ရန် တရားဥပဒေနှင့်အညီအမိန့်၊ သို့တည်းမဟုတ် ဒီကရီချမှတ်ခြင်းခံရသည့်အိမ်ငှားအား၊ အဆိုပါဥပစာတွင်နေထိုင်ရန်၊ သို့တည်းမဟုတ ၄င်းကိုလက်ရှိထားရန်ခွင့်မပြုရ။ ထိုပြင်ထိုအမိန့်၊ သို့တည်းမဟုတ် ဒီကရီချမှတ်ခံရလျက်နှင့် ထိုအိမ်ငှားသည်၊ ထိုဥပစာတွင် ဆက်လက်နေထိုင်လျှင်၊ သို့တည်းမဟုတ် ထိုဥပစာကိုလက်ရှိထားမြဲထားလျှင် ရာဇသတ်ကြီးပုဒ်မ ၄၄၁ နှင့် ၄၄၂ တွင်အဓိပ္ပာယ်ဖော်ပြထားသော ရာဇဝတ်ပြစ်ဒဏ်ထိုက်သည့် ကျော်နင်းမှုကိုကျူးလွန်သည်ဟုမှတ်ယူရမည့်ပြင်၊ မိမိကအိမ်ရှင်အားပေးရန်ရှိသည့် ငှားရမ်းခနှစ်ဆထက်မပိုသော ငွေဒဏ်အပြင်၊ ထိုပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့်ထောင်ဒဏ်လည်း စီရင်ခြင်းခံရမည်။

၃၇။ ။ (၁) မည်သူမဆို၊ ပုဒ်မ ၁၀ ပါပြဋ္ဌာန်းချက်များကို ဆန့်ကျင်လျှင်၊ ခြောက်လထိထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်ထောင်ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ၊ စီရင်ခြင်းခံရမည်။

(၂) တစ်ဦးတစ်ယောက်သောသူအား၊ ဤပုဒ်မအရ ပြစ်ဒဏ်ထိုက်သော ပြစ်မှုထင်ရှား၍ ဒဏ်ငွေပေးဆောင်ရန် စီရင်ချက်ချမှတ်သည့်အခါ၊ ထိုသူအား ပြစ်မှုထင်ရှားစီရင်သည့်တရားရုံး သည်၊ ထိုဒဏ်ငွေအားလုံးကိုဖြစ်စေ၊ အချို့အဝက်ကိုဖြစ်စေ၊ ရာဇဝတ်ကျင့်ထုံးကိုဥပဒေပုဒ်မ ၅၄၅ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း၊ တစ်ဦးတစ်ယောက်သောသူအား၊ ထိုပြစ်မှုကြောင့်ခံရသည့်ဆုံးရှုံးမှု တစ်ခုခုအတွက် လျော်ကြေးအဖြစ်ပေးစေဟု ညွှန်ကြားနိုင်သည်။

၃၈။ ။ မည်သူမဆို၊ ဥပစာတစ်ခုခုကို ပြန်လည်သိမ်းပိုက်ရန်အတွက် အမိန့်၊ သို့တည်းမဟုတ် ဒီကရီကို ပုဒ်မ ၁၂၊ သို့တည်းမဟုတ် ပုဒ်မ ၁၄ အရ တားမြစ်သည့်ကိစ္စတွင် ကြီးကြပ်ရေးဝန်၏ ကြိုတင်ခွင့်ပြုစာမရရှိဘဲ၊ သို့တည်းမဟုတ် မြူနီစီပါယ်၏ ဆင့်ဆိုချက်အတိုင်း လိုက်နာဆောင်ရွက်လျက် ဥပစာကို အရေးတကြီးပြုပြင်ရန်၊ သို့တည်းမဟုတ် ချက်ခြင်းဖြိုဖျက်ရန်ကိစ္စအတွက်မဟုတ်ဘဲ၊ ဥပစာနှင့် ပူးတွဲပါအကျိုးခံစားခွင့်တစ်ခုခုကို တမင်နှောင့်ယှက်လျှင်သော်လည်းကောင်း၊ ထိုဥပစာနှင့်အတူ ထာဝစဉ် အသုံးပြုရန်အတွက် စီမံပြုလုပ်ထားသော မည်သည့်အရာကိုမဆို ဖယ်ရှားဖျက်ဆီး အသုံးမဝင်အောင် ပြုလုပ်လျှင်သော်လည်းကောင်း၊ ထိုဥပစာအငှားချထားရာတွင်ပါဝင်သည့် ရေ မီး စသည့်ပေးသွင်းမှု သို့တည်းမဟုတ် အမှုကိစ္စဆောင်ရွက်ပေးမှုတစ်ခုခုကို ရပ်စဲထားလျှင်သော်လည်းကောင်း၊ ပထမအကြိမ်

ကျူးလွန်သည့် ပြစ်မှုဖြစ်သည့်ကိစ္စတွင် ကျပ်ငါးရာထိ ငွေဒဏ်ဖြစ်စေ၊ အဆိုပါ ဥပစာနှင့်စပ်လျဉ်း၍၊ သို့တည်းမဟုတ် အခြားဥပစာတစ်ခုခုနှင့်စပ်လျဉ်း၍ ဒုတိယအကြိမ်၊ သို့တည်းမဟုတ် နောက်ထပ် ကျူးလွန်သည့် ပြစ်မှုဖြစ်သည့်ကိစ္စတွင် ကျပ်နှစ်ထောင်ထိငွေဒဏ်ဖြစ်စေ၊ စီရင်ခြင်းခံရမည်။

၃၉။ ။ မည်သည့်တရားရုံးကမျှ ဤအက်ဥပဒေအရဖြစ်သော ပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ စွပ်စွဲသည့်ပြစ်မှုလွန်သည့်နေ့ရက်မှ ကိုးလအတွင်း ကြီးကြပ်ရေးဝန်၏ တင်ကြိုအခွင့်အမိန့်ဖြင့် တင်သွင်းသည့် တိုင်တန်းချက်အရမဟုတ်လျှင် အရေးမယူရ။

သို့ရာတွင် ကြီးကြပ်ရေးဝန်သည်၊ ပုဒ်မ ၁၀၊ သို့တည်းမဟုတ် ပုဒ်မ ၃၄ (၁) အရဖြစ်သော ပြစ်မှုကို၊ တစ်ဦးတစ်ယောက်သောသူ ကျူးလွန်ကြောင်းဖြင့် နိုင်လုံသောသတင်းရရှိကာလ၊ အဆောတလျင်စုံစမ်းစစ်ဆေးမှု ပြုလုပ်ရမည့်ပြင်၊ ယုတ္တိထင်ရှားသော အမှုဖြစ်ကြောင်းတွေ့ရှိလျှင်၊ ပြစ်မှုကျူးလွန်သူအားလည်း တရားရုံးတွင် တရားစွဲဆိုစေရမည်။

၄၀။ ။ အိမ်ငှားအပေါ်တွင်၊ သို့တည်းမဟုတ် ပုဒ်မ ၁၃(၁) အရ နေထိုင်ခွင့်ပြုထားသူ တစ်ဦးတစ်ယောက်အပေါ်တွင်၊ ဥပစာမှ နှင်ထုတ်ရန်၊ သို့တည်းမဟုတ် ဥပစာကိုသိမ်းပိုက်ရန်စွဲဆိုသည့် တရားမမှု၊ သို့တည်းမဟုတ် အမှုအခင်းနှင့်စပ်လျဉ်း၍၊ ပေးဆောင်ရမည့် ရုံးခွန်တော်ကို၊ နိုင်ငံတော်သမ္မတက သတ်မှတ်နိုင်သည်။ ထို့ပြင် ထိုသို့ရုံးခွန်တော်ကို သတ်မှတ်ထားသည့်ကိစ္စတွင်၊ ထိုတရားမမှုအတွက်၊ သို့တည်းမဟုတ် ထိုအမှုအခင်းအတွက် ရုံးခွန်တော်ကို၊ ရုံးခွန်တော်အက်ဥပဒေတွင် မည်သို့ပင်ပါရှိစေ ကာမူ၊ ထိုသို့သတ်မှတ်ထားသည့်အတိုင်း ပေးဆောင်ရမည်။

၄၁။ ။ (၁) ဤအက်ဥပဒေအရ အာဏာများကို သုံးစွဲလျက်သဘောရိုးဖြင့်ဆောင်ရွက်သည့် ကိစ္စတစ်ရပ်ရပ်အတွက်၊ ကြီးကြပ်ရေးဝန်၊ သို့တည်းမဟုတ် လက်ထောက်ကြီးကြပ်ရေးဝန်အပေါ်တွင်သော်လည်းကောင်း၊ ဤအက်ဥပဒေအရ ချမှတ်သည့် အမိန့်နှင့်အညီ သဘောရိုးဖြင့် ဆောင်ရွက်သည့်၊ သို့တည်းမဟုတ် ဆောင်ရွက်ရန် ကြံရွယ်သည့်ကိစ္စ တစ်ရပ်ရပ်အတွက်၊ တစ်ဦးတစ်ယောက်သောသူအပေါ်တွင်လည်းကောင်း၊ တရားမမှု၊ ရာဇဝတ်မှု၊ သို့တည်းမဟုတ် အခြားတရားမှုခင်းစွဲဆိုခြင်း မပြုရ။

(၂) ဤအက်ဥပဒေအရ ချမှတ်သည့်၊ သို့တည်းမဟုတ် ချမှတ်သည်ဟု မှတ်ယူသည့်အမိန့်နှင့်အညီ၊ သဘောရိုးဖြင့်ဆောင်ရွက်သည့်၊ သို့တည်းမဟုတ် ဆောင်ရွက်ရန်ကြံရွယ်သည့် ကိစ္စတစ်ခုခုကြောင့် ဖြစ်ပွားသော၊ သို့တည်းမဟုတ် ဖြစ်ပွားဖွယ်ရာရှိသော ပျက်စီးနစ်နာမှုတစ်ခုခုအတွက်၊ အစိုးရအပေါ်တွင် တရားမမှု၊ သို့တည်းမဟုတ် အခြားတရားမှုခင်းစွဲဆိုခြင်းမပြုရ။

၄၂။ ။ (၁) ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်ရန်ကိစ္စအလို့ငှာ၊ နိုင်ငံတော်သမ္မတသည်၊ အမိန့်ကြော်ငြာစာထုတ်ပြန်၍ နည်းဥပဒေများ ပြုနိုင်သည်။

(၂) အထက်အဆိုပါ ပြဋ္ဌာန်းချက်များ၏ ယေဘုယျသဘောကို မထိခိုက်စေဘဲ၊ ထို နည်းဥပဒေများတွင်၊ အောက်ပါကိစ္စများကို သတ်မှတ်နိုင်သည်။

(က) မည်သည့်မြို့ပြဒေသ၊ သို့တည်းမဟုတ် ဥပစာအမျိုးအစားအတွက်မဆို၊ အက်ဥပဒေပုဒ်မ ၂(စ)(၂)၊ အပိုဒ်ခွဲ (က-က)၊ (ခ-ခ)၊ (ဂ-ဂ)၊ (ဃ-ဃ) (၂) နှင့် (င-င) တွင် အဓိပ္ပာယ်ဖော်ပြထားသည့် စံငှားရမ်းခကို မည်မျှ မည်မျှ တိုးမြှင့်ရမည် ဟု သတ်မှတ်ရန်ကိစ္စ၊

(ခ) ဤအက်ဥပဒေအရ ကြီးကြပ်ရေးဝန်ပြုလုပ်သည့် စုံစမ်းစစ်ဆေးမှုများတွင် လိုက်နာရမည့်နည်းလမ်းကို စည်းမျဉ်းသတ်မှတ်ရန်ကိစ္စ၊

(ဂ) မည်သည့်မြို့ပြဒေသနှင့်မဆို စပ်လျဉ်း၍၊ ဂျပန်နှင့်ဖြစ်ပွားသော စစ်မက်အပြီး၊ မြို့ပြဘက်ဆိုင်ရာ အစိုးရတစ်ဖန်ပြန်လည်အုပ်ချုပ်သည့် နေ့ရက်ဖြစ်သည်ဟု ဤအက်ဥပဒေကိစ္စအလို့ငှာ၊ မှတ်ယူရမည့်နေ့ရက်ကို သတ်မှတ်ရန်ကိစ္စ၊

["(ဃ) မည်သည့်မြို့ပြဒေသတွင်မဆို၊ ကြီးကြပ်ရေးဝန်ချမှတ်သော ဆုံးဖြတ်ချက် လွှဲအပ်မှုကို၊ ပုဒ်မ ၃၂ အရ၊ မည်သည့်တရားသူကြီးက လက်ခံနိုင်သည်ဟု သတ်မှတ်ရန်ကိစ္စ။"][၂]

(င) စရိတ်နှင့်အခန္တီးများကို သတ်မှတ်ရန်ကိစ္စ၊ ထို့ပြင် စရိတ်နှင့်အခများကို တောင်းဆိုရန်၊ သို့တည်းမဟုတ် လွှတ်ငြိမ်းခွင့်ပေးရန်ကိစ္စ၊

(စ) ပုဒ်မ ၁၆ အရ ပေးသွင်းသည့်ငှားရမ်းခကို လက်ခံခြင်း၊ သို့တည်းမဟုတ် ထုတ်ယူခြင်းနှင့်စပ်လျဉ်း၍ လိုက်နာရမည့်နည်းလမ်းကို သတ်မှတ်ရန်ကိစ္စ၊

[(ဆ) [xxxxxxxxxx]][၃]

၂။ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး (ပြင်ဆင်ချက်) အက်ဥပဒေ (၁၉၆၀ ပြည့်နှစ်၊ အက်ဥပဒေ အမှတ် ၂၀၊ ၅-၁၀-၆၀) အရ ဖြည့်စွက်သည်။ မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း - ၁၊ ၁၉၆၀ ပြည့်နှစ်၊ အောက်တိုဘာလ (၁၅) ရက်၊ စာမျက်နှာ - ၁၄၁၂။

၃။ ၁၉၆၁ ခုနှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး (ပြင်ဆင်ချက်) အက်ဥပဒေ (၁၉၆၁ ခုနှစ်၊ အက်ဥပဒေ အမှတ် ၃၁၊ ၂-၁၀-၆၁) အရ ပယ်ဖျက်သည်။ မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း - ၁၊ ၁၉၆၁ ခုနှစ်၊ အောက်တိုဘာလ (၁၄) ရက်၊ စာမျက်နှာ - ၂၀၇၆။

၄၃။ ။ ဤအက်ဥပဒေပါ မည်သည့်ပြဋ္ဌာန်းချက်မျှ အစိုးရ သို့တည်းမဟုတ် အစိုးရဌာန၊ သို့တည်းမဟုတ် ရန်ကုန်စည်ပင်သာယာရေးအဖွဲ့ သို့တည်းမဟုတ် ရန်ကုန်မြူနီစီပါယ်ကော်ပိုရေးရှင်း။ သို့တည်းမဟုတ် မြူနီစီပါယ်အက်ဥပဒေအရသော်လည်းကောင်း၊ ကျေးလက်ကိုယ်ပိုင်အုပ်ချုပ်ရေး အက်ဥပဒေအရသော်လည်းကောင်း၊ ဖွဲ့စည်းထားသည့် အခြားဒေသန္တရအဖွဲ့တစ်ခုခုက အိမ်ရှင်ဖြစ်သော ဥပစာတစ်ခုခုနှင့်သော်လည်းကောင်း၊ မြေသိမ်းအက်ဥပဒေအရဖြစ်စေ၊ အခြားနည်းဖြင့် ဖြစ်စေ၊ အရေးယူဆောင်ရွက်မှုကြောင့်၊ အစိုးရ သို့တည်းမဟုတ် အစိုးရဌာန၊ သို့တည်းမဟုတ် ရန်ကုန်စည်ပင်သာယာရေးအဖွဲ့၊ သို့တည်းမဟုတ် ရန်ကုန်မြူနီစီပါယ်ကော်ပိုရေးရှင်း၊ သို့တည်းမဟုတ် မြူနီစီပါယ် အက်ဥပဒေအရသော်လည်းကောင်း၊ ကျေးလက်ကိုယ်ပိုင်အုပ်ချုပ်ရေးအက်ဥပဒေအရသော် လည်းကောင်း၊ ဖွဲ့စည်းထားသည့် အခြားဒေသန္တရအဖွဲ့တစ်ခုခုက အပိုင်ရရှိပြီးဖြစ်သည့်၊ သို့တည်းမဟုတ် အပိုင်ရရှိမည့်ဥပဒေနှင့်သော်လည်းကောင်း၊ သက်ဆိုင်ခြင်းမရှိစေရ။

သို့ရာတွင် ဤပုဒ်မဖြင့်ပေးထားသည့် ကင်းလွတ်ခွင့်မှာ အစိုးရထံမှဖြစ်စေ၊ ဤပုဒ်မတွင် သီးခြားဖော်ပြထားသည့် ဒေသန္တရအဖွဲ့တစ်ခုခုထံမှဖြစ်စေ၊ အငှားစာချုပ်အရ သို့တည်းမဟုတ် အခြား ပိုင်ဆိုင်ခွင့်အရ လက်ရှိဖြစ်သူတစ်ဦးတစ်ယောက်က တစ်ဆင့်အငှားချထားသည့်မြေနှင့်၊ သို့တည်းမဟုတ် ထိုမြေအစိတ်အပိုင်းနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၄၄။ ။ ၁၉၄၈ ခုနှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေးအက်ဥပဒေမှာ၊ သက်တမ်းကုန် ဆုံး၍ အာဏာတည်ခြင်းမှ ရပ်စဲသွားစေကာမူ —

(က) ဤအက်ဥပဒေ စတင်အာဏာမတည်မီက အဆိုပါအက်ဥပဒေ၏ ပြဋ္ဌာန်းချက်များအရ ချမှတ်သည့်ဆုံးဖြတ်ချက်၊ သို့တည်းမဟုတ် အမိန့်သည်၊ သို့တည်း မဟုတ် ပြုလုပ်ခဲ့သော အရေးယူဆောင်ရွက်ချက်၊ သို့တည်းမဟုတ် မှုခင်းကိစ္စ ဆောင်ရွက်ချက်တစ်ခုခုသည်၊ ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သရွေ့ ဆက်လက်အတည်ဖြစ်စေရမည့်ပြင်၊ ၎င်းတို့ကို ဤ အက်ဥပဒေပါ အလားတူပြဋ္ဌာန်းချက်များအရ ချမှတ်သည်၊ ဆောင်ရွက်သည်၊ အရေးယူသည်၊ သို့တည်းမဟုတ် ပြုလုပ်သည်ဟူ၍လည်း မှတ်ယူရမည်။

(ခ) ဤအက်ဥပဒေ စတင်အာဏာတည်သည့်အချိန်၌ တရားရုံးတွင်ဖြစ်စေ၊ အဆိုပါ အက်ဥပဒေအရ ခန့်ထားသည့်၊ ကြီးကြပ်ရေးဝန်ထံတွင်ဖြစ်စေ၊ မပြီးမပြတ်ဘဲ ကျန်ရှိနေသေးသော တရားမမှုများကိုလည်းကောင်း၊ ရာဇဝတ်မျိုးဖြစ်သော မှုခင်းများမှတစ်ပါး၊ အခြားမှုခင်းများကိုလည်းကောင်း၊ အဆိုပါ အက်ဥပဒေ ၏ ပြဋ္ဌာန်းချက်များနှင့်အညီ ပြီးပြတ်အောင်စစ်ဆေးစီရင်ရမည်။ ထို့ပြင် အဆိုပါအက်ဥပဒေအရ ထုတ်ပြန်သော၊ သို့တည်းမဟုတ် ပြုလုပ်သော အမိန့်

ကြော်ငြာစာများ၊ အမိန့်များ၊ နည်းဥပဒေများနှင့်ရာထူးခန့်ထားခြင်းများသည်၊ အဆိုပါအက်ဥပဒေ မည်သည့်အခါကမျှ သက်တမ်းမကုန်ဆုံးဘဲ အာဏာတည်လျက် ရှိဘိသကဲ့သို့ ဆက်လက်အတည်ဖြစ်စေရမည်။

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ဦးဝင်းမောင်၊
နိုင်ငံတော်သမ္မတ၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၂၂ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်။
(၁၉၆၀ ပြည့်နှစ်၊ မေလ ၄ ရက်။)

အမိန့်အရ
ကြည်စိန်၊
နိုင်ငံတော်သမ္မတ၏ ဒုတိယအတွင်းဝန်။

၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေး * (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၆၀ ပြည့်နှစ်၊ အက်ဥပဒေအမှတ် ၂၀။]
(၁၉၆၀ ပြည့်နှစ်၊ အောက်တိုဘာလ ၅ ရက်)

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ ဤအက်ဥပဒေကို၊ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေး (ပြင်ဆင်ချက်)အက်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ။ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေ၏ ပုဒ်မ ၄၂ ပုဒ်မခွဲ (၂)၊ အပိုဒ် (ဂ) နောက်တွင် အောက်ပါကို၊ အပိုဒ် (ဃ) အဖြစ်ထည့်သွင်းရမည်။

"(ဃ) မည်သည့်မြို့ပြဒေသတွင်မဆို၊ ကြီးကြပ်ရေးဝန် ချမှတ်သောဆုံးဖြတ်ချက်လွှဲအပ်မှုကို၊ ပုဒ်မ ၄၂ အရ မည်သည့်တရားသူကြီးကလက်ခံနိုင်သည်ဟု သတ်မှတ်ရန်ကိစ္စ။"

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ဦးဝင်းမောင်၊
နိုင်ငံတော်သမ္မတ၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၂၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်။)
(၁၉၆၀ ပြည့်နှစ်၊ အောက်တိုဘာလ ၅ ရက်။)

အမိန့်အရ
သာထက်၊
နိုင်ငံတော်သမ္မတ၏ အတွင်းဝန်။

---

* မြန်မာနိုင်ငံပြန်တမ်းအပိုင်း ၁။ ၁၉၆၀ ပြည့်နှစ်၊ အောက်တိုဘာလ (၁၅) ရက်၊ စာမျက်နှာ - ၁၄၁၂

THE STATES (EXTENSION OF LAWS) * (AMENDMENT) ACT, 1960.

[Act, No. XXI of 1960.]
(The 5th October 1960)

It is hereby enacted as follows:—

1. This Act may be called the States (Extension of Laws) (Amendment) Act, 1960.

2. In the Schedule to the States (Extension of Laws) Act, 1949, *after* item 13 thereof, the following *shall be inserted* as item 14, namely : —

(1)	(2)	(3)
"14. The Cantonments Act	The Shan and Kayah States and the areas in the Kachin and Karen States to which this Act is not yet applicable.	The term 'District Magistrate' wherever it occurs in the Act shall include the 'Resident' in the Shan and Kayah States".

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ဦးဝင်းမောင်၊
နိုင်ငံတော်သမ္မတ၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၂၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်။)
(၁၉၆၀ ပြည့်နှစ်၊ အောက်တိုဘာလ ၅ ရက်။)

အမိန့်အရ
သာထက်၊
နိုင်ငံတော်သမ္မတ၏ အတွင်းဝန်။

---

* မြန်မာနိုင်ငံပြန်တမ်းအပိုင်း ၁၊ ၁၉၆၀ ပြည့်နှစ်၊ အောက်တိုဘာလ (၁၅) ရက်၊ စာမျက်နှာ - ၁၄၁၄။

THE MYANMAR POST OFFICE (AMENDMENT) ACT, 1960[1].

[Act No. XXII of 1960.]

(The 5th October 1960)

It is hereby enacted as follows: —

1. *(1)* This Act may be called the Myanmar Post Office (Amendment) Act, 1960.

(2) It shall come into force on such date as the President may, by notification, appoint.[2]

2. In section 2 of the Myanmar Post Office Act, hereinafter referred to as the said Act —

(a) for clause *(a)* the following *shall be substituted* as clause *(a);* namely:—

(a) the expression "Director-General" means the Director General of Posts and Telegraphs; and

(b) for the word "Director" in clause *(k)* the expression "Director - General" *shall be substituted.*

3. In sections 11,12,21,23,24,27B,29,32,35,37,38,39,41,47,72 and 75 of the said Act *for* the word "Director" wherever it occurs the expression "Director-General" *shall be substituted.*

4. The Myanmar Post Office (Amendment) Act, 1950 (Act No. XXXV of 1950) is hereby repealed.

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ဦးဝင်းမောင်၊
နိုင်ငံတော်သမ္မတ၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၂၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်။
(၁၉၆၀ ပြည့်နှစ်၊ အောက်တိုဘာလ ၅ ရက်။)

အမိန့်အရ
သာထက်၊
နိုင်ငံတော်သမ္မတ၏ အတွင်းဝန်။

---

1. *မြန်မာနိုင်ငံပြန်တမ်း အပိုင်း-၁၊ ၁၉၆၀ ပြည့်နှစ်၊ အောက်တိုဘာလ (၁၅) ရက်၊ စာမျက်နှာ - ၁၄၁၄။*
2. *ဤအက်ဥပဒေသည် ၁၉၆၀ပြည့်နှစ်၊ နိုဝင်ဘာလ (၁)ရက်နေ့မှစတင်အာဏာတည်သည်။ (သယ်ယူပို့ဆောင်ရေး စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ကြေးနန်းဌာနခွဲ၏ ၁၇. ၇. ၆၁ ရက်နေ့စွဲပါအမိန့်ကြော်ငြာစာအမှတ် ၉၉။) (မြန်မာနိုင်ငံပြန်တမ်း အပိုင်း-၁၊ ၁၉၆၁ ခုနှစ်၊ စက်တင်ဘာလ (၁၆) ရက်၊ စာမျက်နှာ - ၁၀၄၅။)*

၁၉၆၀ ပြည့်နှစ်၊ တပ်မတော် (ပြင်ဆင်ချက်) အက်ဥပဒေ။*

[၁၉၆၀ ပြည့်နှစ်၊ အက်ဥပဒေအမှတ် ၂၃။]
(၁၉၆၀ ပြည့်နှစ်၊ အောက်တိုဘာလ ၅ ရက်)

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ ဤအက်ဥပဒေကို၊ ၁၉၆၀ ပြည့်နှစ်၊ တပ်မတော်(ပြင်ဆင်ချက်)အက်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ။ နောက်တွင်အဆိုပါအက်ဥပဒေဟု ရည်ညွှန်းသည့် ၁၉၅၉ ခုနှစ်၊ တပ်မတော် အက်ဥပဒေ ပုဒ်မ ၃၊ အပိုဒ် (ဝ)၊ အပိုဒ်ခွဲ (၂) ၌ "တပ်ရင်းအခြားငွေစာရင်း" ဆိုသည့်စကားရပ်အစား "တပ်အခြားငွေစာရင်း" ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

၃။ ။ အဆိုပါအက်ဥပဒေ ပုဒ်မ ၄၂ တွင် —

(က) အပိုဒ် (ဈ) ၌ "အကျဉ်းသား" ဆိုသည့် စကားရပ်အစား "သုံ့ပန်း" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်၊ ထို့ပြင်

(ခ) အပိုဒ် (ည) ၌ "အကျဉ်းသား" ဆိုသည့်စကားရပ်အစား "သုံ့ပန်း" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

၄။ ။ အဆိုပါ အက်ဥပဒေပုဒ်မ ၃၄၊ အပိုဒ် (က) တွင်၊ "သုံ့ပန်း၊ သို့တည်းမဟုတ် အကျဉ်းသားဖြစ်သွားလျှင်၊ သို့တည်းမဟုတ် သုံ့ပန်းသော်လည်းကောင်း၊ အကျဉ်းသားသော်လည်းကောင်း၊ ဖြစ်သွားပြီးသည့်နောက်" ဆိုသည့် စကားရပ်အစား "သုံ့ပန်းဖြစ်သွားလျှင်၊ သို့တည်းမဟုတ် သုံ့ပန်း ဖြစ်သွားပြီးနောက်" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

၅။ ။အဆိုပါအက်ဥပဒေ ပုဒ်မ ၃၆၊ အပိုဒ် (က) တွင်၊ "ဖြစ်ပွားစေရန်မည်သူနှင့်မဆို တောင်ပြုလုပ်လျှင်၊ လှုံ့ဆော်လျှင်၊ ဖြစ်ပွားစေလျှင်၊ သို့တည်းမဟုတ် ပူးပေါင်းကြံစည်လျှင်" ဆိုသည့် စကားရပ်အစား၊ "တောင်ပြုလုပ်လျှင်၊ လှုံ့ဆော်လျှင်၊ ဖြစ်ပွားစေလျှင်၊ သို့တည်းမဟုတ် မည်သူနှင့်မဆို ပူးပေါင်းကြံစည်လျှင်" ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

---

* မြန်မာနိုင်ငံပြန်တမ်း အပိုင်း-၁၊ ၁၉၆၀ ပြည့်နှစ်၊ အောက်တိုဘာလ (၁၅) ရက်၊ စာမျက်နှာ - ၁၄၁၄။

၆။ ။ အဆိုပါ အက်ဥပဒေ ပုဒ်မ ၃၇၊ ပုဒ်မခွဲ (၃) တွင် —

(က) "သိမြင်လျက်နှင့်" ဆိုသည့်စကားရပ်အစား။ "သိလျက်နှင့်" ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။ ထို့ပြင်

(ခ) "တတ်စွမ်းသမျှ" ဆိုသည့်စကားရပ်အစား။ "ဆောင်ရွက်နိုင်စွမ်းရှိသည့် ဆောင်ရွက်မှုတစ်ခုခုကို" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

၇။ ။ အဆိုပါအက်ဥပဒေ ပုဒ်မ ၄၇ ရှိ ရှင်းလင်းချက်တွင်၊ "သေရည်သေရက်တစ်ခုတည်း၏ အာနိသင်ကြောင့်ဖြစ်စေ၊ တစ်ခုခုသောဆေးဘက်ဝင်ဝတ္ထု တစ်ခုတည်း၏အာနိသင်ကြောင့်ဖြစ်စေ၊ သေရည်သေရက်၊ သို့တည်းမဟုတ် ဆေးဘက်ဝင်ဝတ္ထုကို အခြားပတ်ဝန်းကျင်ကြောင်းခြင်းရာတစ်ခုခုနှင့် ပေါင်းစပ်ခြင်း၏ အာနိသင်ကြောင့်ဖြစ်စေ" ဆိုသည့်စကားရပ်အစား၊ "သေရည်သေရက်တစ်ခုတည်း၏၊ သို့တည်းမဟုတ် ဆေးဘက်ဝင်ဝတ္ထုတစ်ခုတည်း၏ အာနိသင်ကြောင့်ဖြစ်စေ၊ သေရည်သေရက်နှင့် သို့တည်းမဟုတ် ဆေးဘက်ဝင်ဝတ္ထုနှင့် အခြားပတ်ဝန်းကျင်ကြောင်းခြင်းရာ တစ်ခုခုပေါင်းစပ်ခြင်း၏ အာနိသင်ကြောင့်ဖြစ်စေ" ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

၈။ ။ အဆိုပါအက်ဥပဒေ ပုဒ်မ ၄၈ တွင်၊ "လုံလောက်သော" ဆိုသည့်စကားရပ်အသီးသီးအစား။ "ယုတ္တိတန်သော" ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

၉။ ။ အဆိုပါအက်ဥပဒေ ပုဒ်မ ၄၉၊ အပိုဒ် (ခ) တွင် "လုံလောက်သော" ဆိုသည့်စကားရပ်အစား၊ "ယုတ္တိတန်သော" ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

၁၀။ ။ အဆိုပါအက်ဥပဒေ ပုဒ်မ ၅၈၊ အပိုဒ် (က) တွင် "လုံလောက်သော" ဆိုသည့်စကားရပ်အစား၊ "ယုတ္တိတန်သော" ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

၁၁။ ။ အဆိုပါအက်ဥပဒေ ပုဒ်မ ၆၀ တွင် —

(က) အပိုဒ် (က) ၌ "လုံလောက်သော" ဆိုသည့်စကားရပ်အစား။ "ယုတ္တိတန်သော" ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

(ခ) အပိုဒ် (ခ) တွင် "ပေါ့လျော့မှုတစ်ခုခုကြောင့် ပျက်စီးနစ်နာမှု၊ ဖျက်ဆီးမှု၊ သို့တည်းမဟုတ် ဆုံးရှုံးမှုဖြစ်စေလျှင်" ဆိုသည့် စကားရပ်အစား "ပေါ့လျော့မှုတစ်ခုခုကို ကျူးလွန်လျှင်" ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

(ဂ) အပိုဒ် (ဃ) အစား၊ အောက်ပါကို၊ အပိုဒ် (ဃ) အဖြစ် ထည့်သွင်းရမည်။

"(ဃ) ဖျံ့သန်းရာတွင်သော်လည်းကောင်း၊ လေယာဉ်ကိုအသုံးပြုရာတွင်သော်လည်းကောင်း၊ လေယာဉ်၊ သို့တည်းမဟုတ် လေယာဉ်ပစ္စည်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သူတစ်ဦးဦးအား၊ အသက်ဆုံးရှုံးမှု၊ သို့တည်းမဟုတ် ကိုယ်အင်္ဂါနာကျင်မှုဖြစ်စေ သော၊ သို့တည်းမဟုတ် ဖြစ်စေတန်ရာသောပြုလုပ်မှု၊ သို့တည်းမဟုတ် ပေါ့လျော့မှုတစ်ခုခုကို ကျူးလွန်လျှင်၊ သို့တည်းမဟုတ်"။

၁၂။ ။ အဆိုပါအက်ဥပဒေ ပုဒ်မ ၆၄ တွင် —

(က) ပုဒ်မခွဲ (၂)၊ အပိုဒ် (စ) အစား အောက်ပါကို၊ အပိုဒ် (စ)အဖြစ် ထည့်သွင်းရမည်။

"(စ) အဆိုပါသင်္ဘောများ၏ သင်္ဘောသားများ၊ သို့တည်းမဟုတ် ရေယာဉ်မှူးများကို ဖြစ်စေ၊ အဆိုပါရေယာဉ်များ၏ သင်္ဘောသားများ၊ သို့တည်းမဟုတ် ရေယာဉ်မှူးများကိုဖြစ်စေ၊ အလွဲအသုံးပြုလျှင်"။

(ခ) ပုဒ်မခွဲ (၄)၊ အပိုဒ် (က) နှင့် (ခ) ၌ "သိမ်းရပစ္စည်း" ဆိုသည့် စကားရပ်အသီးသီးအစား "သိမ်းပန်းပစ္စည်း" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

(ဂ) ပုဒ်မခွဲ (၅)၊ အပိုဒ် (က) နှင့် (ခ) ၌ "သိမ်းရပစ္စည်း" ဆိုသည့် စကားရပ်အသီးသီးအစား၊ "သိမ်းပန်းပစ္စည်း" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

(ဃ) ပုဒ်မခွဲ (၆) ၌ "သိမ်းရပစ္စည်း" ဆိုသည့်စကားရပ်အစား၊ "သိမ်းပန်းပစ္စည်း" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

(င) ပုဒ်မခွဲ (၇)၊ အပိုဒ် (က)၊ (ခ) နှင့် (ဂ) ၌ "သိမ်းရပစ္စည်း" ဆိုသည့် စကားရပ်အသီးသီးအစား "သိမ်းပန်းပစ္စည်း" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

(စ) ပုဒ်မခွဲ (ဂ) ၌ "သိမ်းရပစ္စည်း" ဆိုသည့် စကားရပ်အစား၊ "သိမ်းပန်းပစ္စည်း" ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

၁၃။ ။ အဆိုပါအက်ဥပဒေ ပုဒ်မ ၇၂ တွင် —

(က) "မလိုက်နာသူ" ဆိုသည့် စကားရပ်အစား၊ "မလိုက်နာရသူ" ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

(ခ) "သေစေသည့်" ဆိုသည့် စကားရပ်အသီးသီးကို ပယ်ဖျက်ရမည်။

၁၄။ ။ အဆိုပါ အက်ဥပဒေ ပုဒ်မ ၉၂ အပိုဒ် (ဇ) တွင်၊ "သိမ်းပန်း၊ သို့တည်းမဟုတ် အကျဉ်းသားဖြစ်သွားသည်ဟု၊ သို့တည်းမဟုတ် အကျဉ်းသားဖြစ်သွားပြီးနောက်" ဆိုသည့် စကားရပ်အစား၊ "သိမ်းပန်းဖြစ်သွားသည်ဟု၊ သို့တည်းမဟုတ် သိမ်းပန်းဖြစ်သွားပြီးနောက်" ဆိုသည့် စကားရပ်ကို

ထည့်သွင်းရမည်။

၁၅။ ။ အဆိုပါ အက်ဥပဒေ ပုဒ်မ ၉၃၊ အပိုဒ် (စ) တွင် "အကျဉ်းသား" ဆိုသည့် စကားရပ်အစား၊ "သုံ့ပန်း" ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

၁၆။ ။ အဆိုပါ အက်ဥပဒေ ပုဒ်မ ၁၃၆ ရှိ ဘေးမှတ်ချက်တွင်၊ "နည်း" ဆိုသည့် စာလုံးကို ပယ်ဖျက်ရမည်။

၁၇။ ။ အဆိုပါအက်ဥပဒေ ပုဒ်မ ၁၃၇ ၊ အပိုဒ် (ခ) အစား၊ အောက်ပါကို အပိုဒ် (ခ) အဖြစ် ထည့်သွင်းရမည်။

"(ခ) တရားခံက သက်သေမခံမီ၊ စစ်ထရားရုံးသည်၊ တရားခံ၌ သက်သေခံရန်တာဝန် ဟူ၍ မရှိဟု သတိပေးရမည့်ပြင်၊ တရားခံက သက်သေခံလျှင်၊ တရားခံနှင့် ပူးတွဲစစ်ဆေးစီရင်ခြင်းခံရသူ တစ်ဦးအပေါ်တွင်လည်းကောင်း၊ အများ အပေါ်တွင်လည်းကောင်း၊ တရားခံ၏ သက်သေခံချက်ကို အသုံးပြုနိုင် သည်ဟုလည်း တရားခံအား သတိပေးရမည်။"

၁၈။ ။ အဆိုပါ အက်ဥပဒေ ပုဒ်မ ၁၄၀၊ ပုဒ်မခွဲ (၁) တွင် "စာတိုက်နှင့်ကြေးနန်းဆိုင်ရာ အာဏာပိုင်များက" ဆိုသည့်စကားရပ်အစား၊ "စာတိုက်ဆိုင်ရာ အာဏာပိုင်များကသော်လည်းကောင်း၊ ကြေးနန်းဆိုင်ရာအာဏာပိုင်များကသော်လည်းကောင်း" ဆိုသည့်စကားရပ်ကိုထည့်သွင်းရမည်။

၁၉။ ။ အဆိုပါအက်ဥပဒေ ပုဒ်မ ၁၄၁၊ ပုဒ်မခွဲ (၄) တွင်၊ "ကောင်စစ်ဝန်" ဆိုသည့် စကားရပ်အစား၊ "ကောင်စစ်အရာရှိ" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

၂၀။ ။ အဆိုပါအက်ဥပဒေ ပုဒ်မ ၁၄၆ တွင် —

(က) ပုဒ်မခွဲ (၁) ၌ "ရှုတ်ချ၍ အပြတ်မထုတ်ပစ်ခြင်းနှင့်ဖြစ်စေ" ဆိုသည့် စကားရပ် နောက်တွင် "အမြဲတမ်းထုတ်ပစ်ခြင်းနှင့်ဖြစ်စေ" ဆိုသည့်စကားရပ်ကို ထည့်သွင်း ရမည်။

(ခ) ပုဒ်မခွဲ (၃) ၌ "အခြားနည်းဖြင့်ဖြစ်စေ" ဆိုသည့်စကားရပ်အစား "အခြားနည်း ဖြင့်" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

၂၁။ ။ အဆိုပါအက်ဥပဒေ ပုဒ်မ ၁၄၇၊ ပုဒ်မခွဲ (၁) တွင် "ယုတ္တိရှိသည့်" ဆိုသည့်စကားရပ်အစား၊ "ယုတ္တိတန်သည့်" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

၂၂။ ။ အဆိုပါအက်ဥပဒေ ပုဒ်မ ၁၆၆ တွင်၊ "ထို့ပြင် ထိုအရာရှိက၊ သို့တည်းမဟုတ် ကာကွယ်ရေးဦးစီးချုပ်က၊ ဤကိစ္စအလို့ငှာ အာဏာအပ်နှင်းထားသည့်အရာရှိက" ဆိုသည့် စကားရပ်အစား၊ "ထို့ပြင် ထိုအရာရှိကသော်လည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်ကသော်လည်းကောင်း၊ ဤကိစ္စအလို့ငှာ ကာကွယ်ရေးဦးစီးချုပ်က အာဏာအပ်နှင်းထားသည့် အရာရှိတစ်ဦးဦးကသော်လည်းကောင်း" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

၂၃။ ။ အဆိုပါ အက်ဥပဒေ ပုဒ်မ ၂၀၀ တွင် "သေဆုံးသောအရာရှိ" ဆိုသည့် စကားရပ်အစား၊ "သေဆုံးသူ" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

၂၄။ ။ အဆိုပါအက်ဥပဒေ ပုဒ်မ ၂၀၁ တွင်၊ "သေဆုံးသူ" ဆိုသည့် စကားရပ်အစား၊ "သေဆုံးသူ၏ပစ္စည်းဥစ္စာ" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

၂၅။ ။ အဆိုပါအက်ဥပဒေ ပုဒ်မ ၂၀၅ တွင် —

(က) "ကျပ်ငါးထောင်ထက်မပိုလျှင်" ဆိုသည့်စကားရပ်အစား၊ "အစုစုကျပ်ငါးထောင်ထက်မပိုလျှင်" ဆိုသည့်စကားရပ်ကိုထည့်သွင်းရမည်။

(ခ) "အပြီးသတ်သက်သေအထောက်အထား" ဆိုသည့်စကားရပ်အစား၊ "အပြီးသတ်အခြားသက်သေအထောက်အထား" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

၂၆။ ။ အဆိုပါအက်ဥပဒေ ပုဒ်မ ၂၁၆ တွင် —

(က) ပုဒ်မခွဲ (၁) ၌ "အချို့" ဆိုသည့်စကားရပ်အသီးသီးအစား၊ "တစ်ခုခု" ဆိုသည့် စကားရပ်ကို ထည့်သွင်း၍၊ "ထို့နောက်" ဆိုသည့်စကားရပ်အစား၊ "ထိုအခါ" ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

(ခ) ပုဒ်မခွဲ (၃) ၌ "သီးခြားဖော်ပြထားသောပြစ်မှုအတွက်ဖြစ်စေ၊ အစားထိုးထားသည့် ဆုံးဖြတ်ချက်တွင် ပါဝင်သော ပြစ်မှုအတွက် ဖြစ်စေ" ဆိုသည့်စကားရပ်အစား၊ "အစားထိုးထားသည့်ဆုံးဖြတ်ချက်တွင် သီးခြားဖော်ပြထားသောပြစ်မှုအတွက်ဖြစ်စေ၊ ပါဝင်သောပြစ်မှုအတွက်ဖြစ်စေ" ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည့်ပြင်၊ "ပြစ်ဒဏ်တစ်ရပ်ကို" ဆိုသည့်စကားရပ်အစား "ပြစ်ဒဏ်တစ်ရပ်နှင့်"

ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

၂၇။ ။ အဆိုပါအက်ဥပဒေ ပုဒ်မ ၂၁၈၊ ပုဒ်မခွဲ (၁)၊ အပိုဒ် (ခ) တွင်၊ "ဖော်ပြထားသော၊ သို့တည်းမဟုတ် အမှု၏အကြောင်းခြင်းရာတစ်ခုခုအကြောင်းရေးသားပါရှိသော အစီရင်ခံစာတစ်စောင်ကို အမှုစီရင်ဆုံးဖြတ်ရန်အတွက်၊ အမှန်သိရှိနိုင်ရန်အလို့ငှာ၊ စုံစမ်းရန်လိုအပ်သည်ဟု စစ်ဘက်အယူခံတရားရုံးက ထင်မြင်ယူဆပါက၊" ဆိုသည့်စကားရပ်အစား၊ "ဖော်ပြထားသော အစီရင်ခံစာကို၊ သို့တည်းမဟုတ် အမှုစီရင်ဆုံးဖြတ်ရန်အတွက် အမှန်သိရှိနိုင်ရန်အလို့ငှာ၊ စုံစမ်းရန်လိုအပ်သည်ဟု စစ်ဘက်အယူခံတရားရုံးက ထင်မြင်ယူဆသော အကြောင်းခြင်းရာများပါဝင်သည့် အစီရင်ခံစာကို၊" ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

၂၈။ ။ အဆိုပါအက်ဥပဒေ ပုဒ်မ ၂၃၀ အစား၊ အောက်ပါကို၊ ပုဒ်မ ၂၃၀ အဖြစ် ထည့်သွင်းရမည်။

"၂၃၀။ ။ တရားလွှတ်တော်ချုပ်သည်၊ နိုင်ငံတော်သမ္မတ၏ သဘောတူညီချက်ဖြင့်၊ စစ်ဘက်အယူခံတရားရုံး နည်းဥပဒေများကို ပြုရမည်။ အဆိုပါ နည်းဥပဒေများဖြင့်၊ စစ်ဘက်အယူခံတရားရုံးက လိုက်နာရမည့် ကျင့်ထုံးနှင့် စည်းကမ်းနည်းလမ်းများကို ပြဋ္ဌာန်းနိုင်သည်။"

စစ်ဘက်အယူခံတရားရုံး၏ နည်းဥပဒေများ

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ဦးဝင်းမောင်၊
နိုင်ငံတော်သမ္မတ၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၂၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်။
(၁၉၆၀ ပြည့်နှစ်၊ အောက်တိုဘာလ ၅ ရက်။)

အမိန့်အရ
သာထက်၊
နိုင်ငံတော်သမ္မတ၏ အတွင်းဝန်။

၁၉၆၀ ပြည့်နှစ်၊ လူမှုဖူလုံရေး (ပြင်ဆင်ချက်) အက်ဥပဒေ။*

[၁၉၆၀ ပြည့်နှစ်၊ အက်ဥပဒေအမှတ် ၂၆။]
(၁၉၆၀ ပြည့်နှစ်၊ အောက်တိုဘာလ ၅ ရက်။)

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ ဤအက်ဥပဒေကို၊ ၁၉၆၀ ပြည့်နှစ်၊ လူမှုဖူလုံရေး (ပြင်ဆင်ချက်)အက်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ။ နောက်တွင်အဆိုပါအက်ဥပဒေဟု ရည်ညွှန်းသည့် ၁၉၅၄ ခုနှစ်၊ လူမှုဖူလုံရေး အက်ဥပဒေ ပုဒ်မ ၇၊ ပုဒ်မခွဲ (၂) ၏ အပိုဒ် (ဂ) ကို ပယ်ဖျက်ရမည်။

၃။ ။ အဆိုပါအက်ဥပဒေ ပုဒ်မ ၈ ၊ ပုဒ်မခွဲ (၁) တွင် "ရက်သတ္တပတ် ၁၃ ပတ်" ဆိုသည့် စကားရပ်နှင့် ဂဏန်းအစား "ရက်သတ္တ ၂၆ ပတ်" ဆိုသည့် စကားရပ်နှင့် ဂဏန်းကို ထည့်သွင်းရမည်။

၄။ ။ အဆိုပါအက်ဥပဒေ ပုဒ်မ ၁၈၊ ပုဒ်မခွဲ (၂) တွင် "ရက်သတ္တ ၁၃ ပတ်" ဆိုသည့် စကားရပ်နှင့် ဂဏန်းအစား၊ "ရက်သတ္တ ၂၆ ပတ်" ဆိုသည့် စကားရပ်နှင့် ဂဏန်းကို ထည့်သွင်းရမည်။

၅။ ။ အဆိုပါ အက်ဥပဒေ၏ အခန်း ၇ ကို ပယ်ဖျက်ရမည်။

၆။ ။ အဆိုပါအက်ဥပဒေ ပုဒ်မ ၅၃၊ ပုဒ်မခွဲ (၁) တွင် "ဆေးရုံတက်မှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့်ကိုသော်လည်းကောင်း"၊ ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရမည်။

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ဦးဝင်းမောင်၊
နိုင်ငံတော်သမ္မတ၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၂၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်။
(၁၉၆၀ ပြည့်နှစ်၊ အောက်တိုဘာလ ၅ ရက်။)

အမိန့်အရ
သာထက်၊
နိုင်ငံတော်သမ္မတ၏ အတွင်းဝန်။

---

* *မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း-၁၊ ၁၉၆၀ ပြည့်နှစ်၊ အောက်တိုဘာလ (၁၅) ရက်၊ စာမျက်နှာ - ၁၄၂၀။*

THE PENAL CODE (AMENDMENT) ACT, 1960*.

[Act No. XXVII OF 1960.]
(The 5th October 1960)

It is hereby enacted as follows: —

1. This Act may be called the Penal Code (Amendment) Act, 1960.

2. *For* section 299 of the Penal Code, hereinafter referred to as the said Code, the following *shall be substituted* as section 299, namely: —

Culpable homicide.

"299. (1) Whoever causes death by doing an Act with the intention of causing such bodily injury as is likely to cause death commits the offence of culpable homicide not amounting to murder.

(2) Whoever causes death by doing an Act with the intention of causing death, or with the intention of causing such bodily injury as in fact is sufficient in the ordinary course of nature to cause death, commits the offence of culpable homicide not amounting to murder in any of the following cases: —

(A) If he, whilst deprived of the power of self-control by grave and sudden provocation, causes the death of the person who gave the provocation, or causes the death of any other person by mistake or accident:

Provided —

First — That the provocation is not sought or voluntarily provoked by the offender as an excuse for killing or doing harm to any person;

Secondly — That the provocation is not given by anything done in obedience to the law, or by a public servant in the lawful exercise of the powers of such public servant; and

Thirdly — That the provocation is not given by anything done in the lawful exercise of the right of private defence.

---

* မြန်မာနိုင်ငံပြန်တမ်း အပိုင်း- ၁ ၁၉၆၀ ပြည့်နှစ် အောက်တိုဘာလ ၁၅ ရက်၊ စာမျက်နှာ - ၁၄၂၈

Explanation.— Whether the provocation was grave and sudden enough to deprive the offender of the power of self-control is a question of fact.

(B) If he, in the exercise in good faith of the right of private defence of person or property, exceeds the power given to him by law and causes the death of the person against whom he is exercising such right of defence without premeditation and without any intention of doing more harm than is necessary for the purpose of such defence.

(C) If he, being a public servant or aiding a public servant for the advancement of public justice, exceeds the powers given to him by law, and causes death by doing an act which he, in good faith, believes to be lawful and necessary for the due discharge of the duty of such public servant and without ill-will towards the person whose death is caused.

(D) If he acts without premeditation in a sudden in fight the heat of passion upon a sudden quarrel and without having taken undue advantage or acted in a cruel or unusual manner.

Explanation. — It is immaterial in such cases which party offers the provocation or commits the first assault.

(E) If he causes the death of a person who is above the age of eighteen years and who suffers death or takes the risk of death with his own consent."

3. *For* section 300 of the said Code, the following *shall be substituted* as section 300, namely: —

"300. Whoever, in the absence of any circumstance which makes the act one of culpable homicide not amounting to murder, causes death by doing an act with the intention of causing death, or with the intention of causing bodily injury as in fact is sufficient in the ordinary course of nature to cause death, commits the offence of murder."

Murder.

4. *After* section 300 of the said Code, the following *shall be inserted* as section 300A, namely:—

"300A. In sections 299 and 300: —

Explanations of culpable homicide.

(*a*) a person who causes bodily injury to another who is labouring under a disorder, disease or bodily infirmity, and thereby accelerates the death of that other, shall be deemed to have caused his death;

(*b*) where death is caused by bodily injury, the offender's knowledge of the weakness or infirmity of the person on whom the bodily injury is inflicted is a relevant factor in proving the nature of his intention;

(*c*) the offender's knowledge that an act is so imminently dangerous that it must in all probability cause death, or such bodily injury as is likely to cause death, is a relevant factor in proving the nature of his intention;

(*d*) where death is caused by bodily injury, the person who causes such bodily injury shall be deemed to have caused the death although by resorting to proper remedies and skilful treatment the death might have been prevented:

(*e*) the causing of the death of a child in the mother's womb is not homicide. But it may amount to culpable homicide to cause the death of a living child if any part of that child has been brought forth, though the child may not have breathed or been completely born."

5. *For* section 301 of the said Code, the following *shall be substituted* as section 301, namely: —

Culpable homicide by causing death of person other than person whose death was intended.

"301. If a person, by doing anything which he intends or knows to be likely to cause death, commits an offence by causing the death of any person whose death he neither intends nor knows himself to be likely to cause, the offence committed by the offender is of the description of which it would have been if he had caused the death of the person whose death he intended or knew himself to be likely to cause.

Explanation.— In this section the word 'offence' means an offence described in section 299 or section 300 or section 304A.

6. *For* section 302 of the said Code, the following ***shall be substituted*** as section 302, namely:—

"302. (1) Whoever commits murder —

Punishment for murder.

(*a*) being under sentence of transportation for life, or

(*b*) with premeditation, or

(*c*) in the course of committing any offence punishable under this Code with imprisonment for a term which may extend to seven years,

shall be punished with death, and shall also be liable to fine.

(2) Whoever commits murder in any other case shall be punished with transportation for life, or with rigorous imprisonment for a term which may extend to ten years, and shall also be liable to fine.

Explanation — Whether an act is premeditated is a question of fact."

7. *For* section 304 of the said Code, the following ***shall be substituted*** as section 304, namely:—

"304. Whoever commits culpable homicide not amounting to murder shall be punished with transportation for life, or imprisonment of either description for a term which may extend to ten years and shall also be liable to fine."

Punishment for culpable homicide not amounting to murder.

8. In sections 307 and 308 of the said Code, the words "or knowledge" ***shall be deleted.***

ပွဲစည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ဦးဝင်းမောင်၊
နိုင်ငံတော်သမ္မတ၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၂၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်။
(၁၉၆၀ ပြည့်နှစ်၊ အောက်တိုဘာလ ၅ ရက်။)

အမိန့်အရ
သာထက်၊
နိုင်ငံတော်သမ္မတ၏ အတွင်းဝန်။

၁၉၆၀ ပြည့်နှစ်၊ တိပိဋကဓရရွေးချယ်ရေးအဖွဲ့ အက်ဥပဒေ။*

[၁၉၆၀ ပြည့်နှစ်၊ အက်ဥပဒေအမှတ် ၂၈။]
(၁၉၆၀ ပြည့်နှစ်၊ အောက်တိုဘာလ ၆ ရက်။)

ပြည်ထောင်စုနိုင်ငံတော်တွင် ပရိယတ္တိသာသနာတော် တည်တံ့ခိုင်မြဲထွန်းကားပြန့်ပွားစည်ပင်ရေး အတွက်လည်းကောင်း၊ ပိဋကတ်သုံးပုံကို နှုတ်ငုံဆောင်နိုင်သည့် သာသနာ့အာဇာနည်မထေရ်အရှင်မြတ်တို့ စဉ်ဆက်မပြတ်ပေါ်ထွက်စေနိုင်ရန်လည်းကောင်း၊ တိပိဋကဓရရွေးချယ်ပွဲများကို အခြေခိုင်ခံ့လျက် အဓွန့်ရှည်စွာ စနစ်တကျ ကျင်းပနိုင်ရေးအတွက်လည်းကောင်း၊ လိုအပ်သည်ဖြစ်သောကြောင့် —

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ ဤအက်ဥပဒေကို၊ ကောဇာသက္ကရာဇ် ၁၃၂၂ ခုနှစ် (သာသနာတော်သက္ကရာဇ် ၂၅၀၄ ခုနှစ်) တိပိဋကဓရရွေးချယ်ရေးအဖွဲ့အက်ဥပဒေဟု ခေါ်ရမည်။

၂။ ။ ဤအက်ဥပဒေတွင် အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏ အဓိပ္ပာယ်နှင့်ဖြစ်စေ၊ မဆန့်ကျင်လျှင် —

(က) "ဩဝါဒါစရိယဆရာတော်" ဆိုသည်မှာ၊ ပုဒ်မ ၁၂ အရ ဖွဲ့စည်းထားသော ဩဝါဒါစရိယအဖွဲ့၏ အဖွဲ့ဝင်ဆရာတော်ကို ဆိုလိုသည်။

(ခ) "ရွေးချယ်ရေးအဖွဲ့" ဆိုသည်မှာ၊ ပုဒ်မ ၃၊ ပုဒ်မခွဲ (၁) အရ ရွေးချယ်ဖွဲ့စည်းထားသော တိပိဋကဓရရွေးချယ်ရေးအဖွဲ့ကိုဆိုလိုသည်။

၃။ ။ (၁) ဤအက်ဥပဒေပါကိစ္စများကို ဆောင်ရွက်ရန်အလို့ငှာ တိပိဋကဓရ ရွေးချယ်ရေး အဖွဲ့ဟု ခေါ်ရမည့် အဖွဲ့တစ်ခုကို နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဖွဲ့စည်းရမည်။

(၂) တိပိဋကဓရရွေးချယ်ရေးအဖွဲ့သည်၊ စဉ်ဆက်မပြတ်ဆက်ခံဆောင်ရွက်နိုင်ခွင့်နှင့်တကွ အဖွဲ့ပိုင်တံဆိပ်တစ်ခုရှိသော တရားဝင်အဖွဲ့ဖြစ်ရမည့်ပြင်၊ အဆိုပါ အမည်ဖြင့်တရားစွဲဆိုနိုင်၍ တရားစွဲဆိုခြင်းကိုလည်း ခံနိုင်ရမည်။

(၃) ရွေးချယ်ရေးအဖွဲ့သည်၊ ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းများကို လက်ရှိထားခြင်း၊ လွှဲပြောင်းယူခြင်း၊ သို့တည်းမဟုတ် လွှဲပြောင်းပေးခြင်းပြုနိုင်သည်။

---

* မြန်မာနိုင်ငံပြန်တမ်း အပိုင်း-၁၊ ၁၉၆၀ ပြည့်နှစ်၊ အောက်တိုဘာလ (၂၂) ရက်၊ စာမျက်နှာ - ၁၄၆၇။

(၄) ဤအက်ဥပဒေ စတင်အာဏာမတည်မီ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဗုဒ္ဓ သာသနာအဖွဲ့ကိုယ်စား၊ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့က ဖွဲ့စည်းထားသော တိပိဋကရေရွေးချယ်ရေးအဖွဲ့၏ ရန်ပုံငွေကိုလည်းကောင်း၊ တိပိဋကရေရွေးချယ်ရေးအဖွဲ့ပိုင် ပစ္စည်းအားလုံးနှင့် ကြွေးမြီတာဝန်အားလုံး ကိုလည်းကောင်း၊ ရွေးချယ်ရေးအဖွဲ့က ဆက်ခံရမည်။

၄။ ။ (၁) ရွေးချယ်ရေးအဖွဲ့တွင် အောက်ပါလူပုဂ္ဂိုလ်များပါဝင်ရမည် —

(က) နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ဝင်များထဲမှ ကိုယ်စားလှယ် ၂ ဦး၊

(ခ) ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ဝင်များထဲမှ ကိုယ်စားလှယ် ၂ ဦး၊

(ဂ) မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်းဝင်များထဲမှကိုယ်စားလှယ် ၁ဦး၊

(ဃ) ရန်ကုန်မြို့ စေတိယင်္ဂဏပရိယတ္တိအသင်းဝင်များထဲမှ ကိုယ်စားလှယ် ၁ဦး၊

(င) နိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာန၏ ကိုယ်စားလှယ် ၁ ဦး၊

(စ) နိုင်ငံတော်အစိုးရ ဘဏ္ဍာရေးဝန်ကြီးဌာန၏ ကိုယ်စားလှယ် ၁ ဦး၊

(ဆ) ပါဠိပညာရေးအဖွဲ့ဝင်များထဲမှ ကိုယ်စားလှယ် ၁ ဦး၊

(ဇ) ပညာရေးညွှန်ကြားရေးဝန်၊ သို့တည်းမဟုတ် ၎င်း၏ကိုယ်စားလှယ် ၁ ဦး၊

(ဈ) နိုင်ငံတော်သမ္မတက ခန့်ထားသည့် အခြားပုဂ္ဂိုလ် ၂ ဦး။

(၂) ပုဒ်မခွဲ (၁)၏ အပိုဒ် (ဂ)၊ (ဃ) နှင့် (ဆ) တွင် ရည်ညွှန်းထားသည့် ကိုယ်စားလှယ်များသည် ပါဠိဘာသာ၌ ကောင်းစွာ ကျွမ်းကျင်သူများ ဖြစ်ရမည်။

(၃) နိုင်ငံတော်သမ္မတသည်၊ ရွေးချယ်ရေးအဖွဲ့ဝင်များ၏ အမည်များကိုအခါ အားလျော်စွာ ပြန်တမ်းတွင် ကြေညာရမည်။

၅။ ။ ရွေးချယ်ရေးအဖွဲ့ဝင်အဖြစ်ဖြင့်၊ ရွေးကောက်တင်မြှောက်ခြင်း၊ သို့တည်းမဟုတ် ခန့်ထားခြင်းခံရသော ပုဂ္ဂိုလ်တိုင်းသည် ဩဝါဒါစရိယဆရာတော်များ ရှေ့မှောက်တွင်ဖြစ်စေ၊ ထို ဆရာတော်များက ညွှန်ကြားသော ဩဝါဒါစရိယဆရာတော် တစ်ပါးပါးရှေ့မှောက်တွင်ဖြစ်စေ၊ အောက်ပါ အတိုင်း ကတိသစ္စာဆိုရမည်။

"တပည့်တော် . . . . သည် ရွေးချယ်ရေးအဖွဲ့ဝင်အဖြစ်ဖြင့် ရွေးကောက်တင်မြှောက်ခြင်း / ခန့်ထားခြင်း ခံရပြီးဖြစ်သဖြင့် အဖွဲ့ဝင်၏ တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာ အဂတိမလိုက်စားဘဲ ကိုယ်စွမ်းရှိသမျှ ဉာဏ်စွမ်းရှိသမျှ ကျေပွန်အောင်ဆောင်ရွက်ပါမည်ဟု လေးနက် တည်ကြည်စွာ ကြေညာ၍ ကတိသစ္စာပြုပါသည် အရှင်ဘုရား။"

၆။ ။ ရွေးချယ်ရေးအဖွဲ့ဝင်များ၏ သက်တမ်းသည် လေးနှစ်ဖြစ်ရမည်။

၇။ ။ (၁) ရွေးချယ်ရေးအဖွဲ့သည်၊ အဖွဲ့ဝင်များထဲမှ တစ်ဦးဦးကို ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ရမည်။

(၂) ဥက္ကဋ္ဌသည်၊ ရွေးချယ်ရေးအဖွဲ့၏ အစည်းအဝေးတိုင်း၌ သဘာပတိအဖြစ် ဆောင်ရွက်ရမည်။ အစည်းအဝေးသို့ ဥက္ကဋ္ဌမတက်ရောက်သည့်အခါ အစည်းအဝေးတက်ရောက်သည့် အဖွဲ့ဝင်များသည်၊ မိမိတို့အထဲမှ တစ်ဦးဦးကို သဘာပတိအဖြစ်ဆောင်ရွက်ရန် ရွေးကောက်တင်မြှောက်ရမည်။

၈။ ။ (၁) ရွေးချယ်ရေးအဖွဲ့သည်၊ ဤအက်ဥပဒေပါကိစ္စများကို ဆောင်ရွက်ရန်အလို့ငှာ၊ သာမန်အားဖြင့် လေးလလျှင်တစ်ကြိမ် အစည်းအဝေး ကျင်းပရမည်။

(၂) ဥက္ကဋ္ဌသည်၊ မိမိသင့်လျော်သည်ထင်မြင်လျှင် မည်သည့်အခါမဆို ရွေးချယ်ရေးအဖွဲ့၏ အထူးအစည်းအဝေးကို ဖိတ်ခေါ်နိုင်သည်။

(၃) ရှစ်ဦးအောက်မနည်းသောအဖွဲ့ဝင်များက လက်မှတ်ထိုး၍ ဤအက်ဥပဒေပါကိစ္စတစ်ခုခုအတွက် ရွေးချယ်ရေးအဖွဲ့၏ အထူးအစည်းအဝေးကို ဖိတ်ခေါ်စေလိုကြောင်း ဥက္ကဋ္ဌထံ အကြောင်းကြားလျှင် ဥက္ကဋ္ဌသည် ရွေးချယ်ရေးအဖွဲ့၏ အထူးအစည်းအဝေးကို ဖိတ်ခေါ်ရမည်။

(၄) အစည်းအဝေးသို့ အဖွဲ့ဝင်အနည်းဆုံး ရှစ်ဦးတက်ရောက်လျှင် အစည်းအဝေး အထမြောက်ရမည်။

၉။ ။ (၁) အောက်ပါပုဂ္ဂိုလ်များအား ရွေးချယ်ရေးအဖွဲ့ဝင်အဖြစ် ရွေးကောက်တင်မြှောက်ခြင်း၊ ခန့်ခြင်း၊ သို့တည်းမဟုတ် တည်မြဲစေခြင်းမရှိစေရ —

- (က) ဗုဒ္ဓဘာသာဝင်မဟုတ်သူ၊
- (ခ) ပြည်ထောင်စုမြန်မာနိုင်ငံ၏ နိုင်ငံသားမဟုတ်သူ၊
- (ဂ) လူမွဲအဖြစ်ဆုံးဖြတ်ကြေညာခံရခြင်းမှ လွတ်မြောက်ခွင့်မရသူ၊
- (ဃ) စိတ်ပေါ့သွပ်၍၊ စိတ်ပေါ့သွပ်သူဟု အခွင့်အာဏာရသည့် တရားရုံး၏ အမိန့်ချမှတ်ခြင်းခံနေရသူ၊
- (င) ကိုယ်ကျင့်တရားပျက်ယွင်းသည့် ရာဇဝတ်မှုကျူးလွန်ခြင်းကြောင့် ပြစ်ဒဏ် စီရင်ခံရဖူးသူ၊
- (စ) ရွေးချယ်ရေးအဖွဲ့၏ ဂုဏ်ကို ထိပါးစေမည့် သိက္ခာပျက်ပြားမှုကို ကျူးလွန်သူ၊

(၂) တစ်ဦးတစ်ယောက်သောသူသည် ပုဒ်မခွဲ (၁) ပါ ပြဋ္ဌာန်းချက်တစ်ခုခုအရ အရည်အချင်း ပျက်ယွင်းခြင်းရှိသည် မရှိသည်ဟူသော ပြဿနာပေါ်ပေါက်လျှင်၊ နိုင်ငံတော်သမ္မတက ဤကိစ္စအလို့ငှာ ခန့်ထားသောအဖွဲ့၏၊ သို့တည်းမဟုတ် ပုဂ္ဂိုလ်၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည် ဖြစ်စေရမည်။

၁၀။ ။ ရွေးချယ်ရေးအဖွဲ့ဝင်တစ်ဦးဦးသည် —

(က) သေဆုံးသော်၊

(ခ) အဖွဲ့ဝင်အဖြစ်မှနုတ်ထွက်သော်၊

(ဂ) အရည်အချင်းပျက်ယွင်းကြောင်းထင်ရှားသော်၊

(ဃ) ရွေးချယ်ရေးအဖွဲ့၏အစည်းအဝေးများသို့ ထိုအဖွဲ့၏ ခွင့်ပြုချက်မရရှိဘဲ သုံးကြိမ် တစ်ဆက်တည်း မတက်ရောက်သော်၊

ထိုအဖွဲ့ဝင်၏နေရာသည်၊ ထိုအခါ လစ်လပ်သည်ဟု မှတ်ယူရမည်။

၁၁။ ။ ရွေးချယ်ရေးအဖွဲ့ဝင်တစ်ဦးဦး၏ နေရာလစ်လပ်သည့်အခါ ထိုအဖွဲ့ဝင်ကို ရွေးကောက်တင်မြှောက်သော၊ သို့တည်းမဟုတ် ခန့်ထားသောနည်းအတိုင်း အရည်အချင်းနှင့် ပြည့်စုံသူ တစ်ဦးကို ရွေးကောက်တင်မြှောက်၍၊ သို့တည်းမဟုတ် ခန့်ထား၍ လစ်လပ်သည့်နေရာကို ဖြည့်ရမည်။

သို့ရာတွင် ယင်းသို့ရွေးကောက်တင်မြှောက်ခြင်းခံရသည့်၊ သို့တည်းမဟုတ် ခန့်ထားခြင်းခံရသည့် အဖွဲ့ဝင်သစ်သည်၊ အဖွဲ့ဝင်အဖြစ်မှ ရပ်စဲသူ ထမ်းရွက်ရန် ကျန်ရှိနေသေးသော ကာလအပိုင်းအခြား အတွက်သာလျှင် အဖွဲ့ဝင်အဖြစ် ထမ်းရွက်ရမည်။

၁၂။ ။ (၁) ရွေးချယ်ရေးအဖွဲ့သည်၊ သိက္ခာတော် ၂၀ ကျော်၍ ထင်ရှားကျော်စောသော ပိဋကကျမ်းတတ်စာချပုဂ္ဂိုလ် မဟာထေရ်များထဲမှ ဩဝါဒါစရိယဆရာတော်ကိုးပါးကို ရွေးကောက် တင်မြှောက်ပြီးလျှင်၊ ထိုဆရာတော်ကြီးများစာရင်းကို နိုင်ငံတော်သမ္မတထံပေးပို့ရမည်။

(၂) ဤအက်ဥပဒေပါကိစ္စများကို၊ ရွေးချယ်ရေးအဖွဲ့က ဆောင်ရွက်ရာတွင် ရွေးချယ် ရေးအဖွဲ့အား ဩဝါဒါပေးရန်အတွက် ပုဒ်မခွဲ (၁) အရ ရွေးကောက်တင်မြှောက်ထားသည့် ဩဝါဒါစရိယ ဆရာတော်ကိုးပါးပါဝင်သော ဩဝါဒါစရိယအဖွဲ့ကို နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဖွဲ့စည်းရမည်။

၁၃။ ။ ဩဝါဒါစရိယဆရာတော်များ၏ သက်တမ်းသည် လေးနှစ်ဖြစ်ရမည်။

၁၄။ ။ (၁) ဩဝါဒါစရိယဆရာတော်များသည်၊ မိမိတို့အထဲမှ ဆရာတော်တစ်ပါးပါးကို ဥက္ကဋ္ဌဆရာတော်အဖြစ် ရွေးကောက်တင်မြှောက်ရမည်။

(၂) ဥက္ကဋ္ဌဆရာတော်သည်၊ ဩဝါဒါစရိယအဖွဲ့၏ အစည်းအဝေးတိုင်း၌ သဘာပတိ အဖြစ်ဆောင်ရွက်ရမည်။ အစည်းအဝေးသို့ ဥက္ကဋ္ဌဆရာတော်မတက်ရောက်လျှင်၊ အစည်းအဝေးသို့ တက်ရောက်သည့် ဩဝါဒါစရိယဆရာတော်များသည် မိမိတို့အထဲမှ ဆရာတော်တစ်ပါးပါးကို သဘာပတိ

အဖြစ် ဆောင်ရွက်ရန် ရွေးကောက်တင်မြှောက်ရမည်။

(၃) အုပ်ချုပ်ရေးအရာရှိသည်၊ ဩဝါဒါစရိယအဖွဲ့ အစည်းအဝေးတိုင်း၌ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ရမည်။

၁၅။ ။ (၁) ဩဝါဒါစရိယအဖွဲ့သည်၊ ဤအက်ဥပဒေပါ ကိစ္စများကို ဆောင်ရွက်ရန်အလို့ငှာ သာမန်အားဖြင့် လေးလလျှင်တစ်ကြိမ်အစည်းအဝေးကျင်းပရမည်။

(၂) ဥက္ကဋ္ဌဆရာတော်သည်၊ မိမိသင့်လျော်သည်ဟု ထင်မြင်လျှင်၊ မည်သည့်အခါမဆို၊ ဩဝါဒါစရိယအဖွဲ့၏ အထူးအစည်းအဝေးကို ဖိတ်ခေါ်နိုင်သည်။

(၃) ခြောက်ပါးအောက်မနည်းသောဩဝါဒါစရိယဆရာတော်များက လက်မှတ်ရေးထိုး၍ ဤအက်ဥပဒေပါ ကိစ္စတစ်ခုခုအတွက် ဩဝါဒါစရိယအဖွဲ့၏ အထူးအစည်းအဝေးကို ဖိတ်ခေါ်စေလိုကြောင်း၊ ဥက္ကဋ္ဌဆရာတော်ထံ အကြောင်းကြားလျှင်၊ ဥက္ကဋ္ဌဆရာတော်သည်၊ ဩဝါဒါစရိယအဖွဲ့၏ အထူးအစည်းအဝေးကို ဖိတ်ခေါ်ရမည်။

(၄) အစည်းအဝေးသို့ ဩဝါဒါစရိယဆရာတော် အနည်းဆုံးခြောက်ပါးတက်ရောက်လျှင် အစည်းအဝေးအထမြောက်ရမည်။

၁၆။ ။ (၁) ဩဝါဒါစရိယဆရာတော်တစ်ပါးပါးသည်၊အောက်ဖော်ပြပါအကြောင်းတစ်ခုခုကြောင့် အရည်အချင်းပျက်ယွင်းလျှင်၊ ဩဝါဒါစရိယဆရာတော်အဖြစ်မှ ရပ်စဲသည်ဟု မှတ်ယူရမည်—

(က) လူထွက်ခြင်း၊

(ခ) ပျံလွန်တော်မူခြင်း၊

(ဂ) စိတ်ပျံ့လွင့်ရူးသွပ်ခြင်း၊

(ဃ) မွေ့လောဒကအင်္ဂါနှင့် ညီညွတ်အောင်စွပ်စွဲသော ပါရာဇိကအာပတ္တိကရုဏ်းဖြစ်၍ သက်ဆိုင်ရာ ဝိနိစ္ဆယဌာနမှ၊ သို့တည်းမဟုတ် သက်ဆိုင်ရာ ဂိုဏ်းဂဏ ဆရာတော်ထံမှ သုဒ္ဓဆုံးဖြတ်ချက်ကို မရခြင်း၊

(င) အကျင့်စာရိတ္တနှင့် ပတ်သက်သောရာဇဝတ်မှုဖြင့်ပြစ်ဒဏ်စီရင်ခံရခြင်း၊

(စ) ဩဝါဒါစရိယဆရာတော်အဖြစ်မှနုတ်ထွက်ခြင်း၊

(ဆ) ဩဝါဒါစရိယအဖွဲ့၏ ဂုဏ်ကိုထိပါးစေမည့် ပြုမူပြောဆိုခြင်း၊

(ဇ) ဩဝါဒါစရိယအဖွဲ့ အစည်းအဝေးများသို့ ထိုအဖွဲ့၏ ခွင့်ပြုချက်မရရှိဘဲ သုံးကြိမ် တစ်ဆက်တည်းမတက်ရောက်ခြင်း၊

(ဈ) ဩဝါဒါစရိယအဖွဲ့က လွှဲအပ်သော တာဝန်ဝတ္တရားများကို ဆောင်ရွက်ရန် ပျက်ကွက်ခြင်း၊

(၂) ဩဝါဒါစရိယဆရာတော်တစ်ပါးပါးသည်၊ ပုဒ်မခွဲ (၁)ပါ အကြောင်းတစ်ခုခုကြောင့် အရည်အချင်းပျက်ယွင်းခြင်းရှိသည် မရှိသည် ဟူသော ပြဿနာပေါ်ပေါက်လျှင်၊ ဩဝါဒါစရိယအဖွဲ့က ချမှတ်သည့် ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည်ဖြစ်ရမည်။

၁၇။ ။ ဩဝါဒါစရိယဆရာတော်တစ်ပါးပါးသည်၊ ပုဒ်မ ၁၆ အရ ဩဝါဒါစရိယဆရာတော် အဖြစ်မှ ရပ်စဲသဖြင့် ဩဝါဒါစရိယအဖွဲ့တွင် နေရာလစ်လပ်ခဲ့သော်၊ ထိုဆရာတော်ကို ရွေးကောက်တင်မြှောက်သည့်နည်းအတိုင်း အရည်အချင်းနှင့်ပြည့်စုံသော ဆရာတော်တစ်ပါးပါးကို ရွေးကောက်တင်မြှောက်၍ လစ်လပ်သည့်နေရာကို ဖြည့်ရမည်။

သို့ရာတွင် ယင်းသို့ရွေးကောက်တင်မြှောက်ခြင်းခံရသည့်ဆရာတော်သည်၊ ဩဝါဒါစရိယဆရာတော်အဖြစ်မှ ရပ်စဲသည့် ဆရာတော် ပါဝင်ဆောင်ရွက်ရန် ကျန်ရှိနေသေးသော ကာလအပိုင်းအခြား အတွက်သာလျှင် ဩဝါဒါစရိယအဖွဲ့၌ ပါဝင်ရမည်။

၁၈။ ။ (၁) နိုင်ငံတော်သမ္မတသည်၊ မိမိက သင့်လျော်သည်ဟု ထင်မြင်ယူဆသည့် ပုဂ္ဂိုလ်တစ်ဦးအား ရွေးချယ်ရေးအဖွဲ့၏ အုပ်ချုပ်ရေးအရာရှိအဖြစ် ခန့်ရမည်။ အုပ်ချုပ်ရေးအရာရှိသည်၊ ရွေးချယ်ရေးအဖွဲ့၏ အစည်းအဝေးတိုင်းတွင် အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ရမည်။

(၂) အုပ်ချုပ်ရေးအရာရှိသည်၊ နှစ်စဉ်နှစ်ချုပ်အစီရင်ခံစာကို စီစဉ်ရေးသားပြီးလျှင်၊ ရွေးချယ်ရေးအဖွဲ့၏ နှစ်ပတ်လည်အစည်းအဝေးသို့ တင်ပြရမည့်ပြင်၊ မိမိအား လွှဲအပ်ထားသော အာဏာနှင့်တာဝန်ဝတ္တရားများကို သုံးစွဲဆောင်ရွက်ရမည်။

(၃) အုပ်ချုပ်ရေးအရာရှိသည်၊ အရွေးအချယ်ခံ အဆင့်အတန်းဝင်အရာရှိဖြစ်ရမည်။ ထိုအုပ်ချုပ်ရေးအရာရှိ၏ လစာ၊ စရိတ်ကြေးငွေနှင့် အမှုထမ်းစည်းကမ်းများသည်၊ နိုင်ငံတော်သမ္မတက သတ်မှတ်သည့်အတိုင်းဖြစ်ရမည်။

၁၉။ ။ (၁) ရွေးချယ်ရေးအဖွဲ့သည်၊ ဤအက်ဥပဒေပါ ကိစ္စများကို ဆောင်ရွက်ရန်အလို့ငှာ လိုအပ်သည့် ရာထမ်းမှုထမ်းများကို၊ နိုင်ငံတော်သမ္မတ၏ သဘောတူညီချက်ဖြင့် ခန့်ထားနိုင်သည်။

(၂) အဆိုပါ ရာထမ်းမှုထမ်းများ၏ လစာများ၊ စရိတ်ကြေးငွေများနှင့်အမှုထမ်းစည်းကမ်းများသည်၊ နိုင်ငံတော်သမ္မတက သတ်မှတ်သည့်အတိုင်းဖြစ်ရမည်။

၂၀။ ။ (၁) ရွေးချယ်ရေးအဖွဲ့နှင့် ဩဝါဒါစရိယအဖွဲ့တို့ကိုဖွဲ့စည်းပြီးနောက်၊ တွဲဖက်ပထမအစည်းအဝေးကျင်းပရန် နေ့ရက်များကို အုပ်ချုပ်ရေးအရာရှိက သတ်မှတ်ကြေညာရမည့်ပြင်၊ သက်ဆိုင်ရာပုဂ္ဂိုလ်များထံ တင်ကြို၍ အကြောင်းကြားစာ ပေးပို့ရမည်။

(၂) ရွေးချယ်ရေးအဖွဲ့နှင့် ဩဝါဒါစရိယအဖွဲ့သည်၊ သာမန်အားဖြင့် တွဲဖက်၍ တစ်နှစ်လျှင်၊ နှစ်ကြိမ် အစည်းအဝေးကျင်းပရမည်။

၂၁။ ။ ရွေးချယ်ရေးအဖွဲ့၏ အစည်းအဝေး၌ဖြစ်စေ၊ ဩဝါဒါစရိယအဖွဲ့၏ အစည်းအဝေး၌ဖြစ်စေ၊ ပေါ်ပေါက်သောကိစ္စအားလုံးကို၊ အစည်းအဝေးသို့ တက်ရောက်မဲပေးသော သက်ဆိုင်ရာအဖွဲ့ဝင် များရာမဲဖြင့်ဆုံးဖြတ်ရမည်။ မဲအရေအတွက် တူညီနေလျှင်၊ သက်ဆိုင်ရာသဘာပတိ၏ မဲဖြင့်ဆုံးဖြတ်ရမည်။

၂၂။ ။ ရွေးချယ်ရေးအဖွဲ့ကဖြစ်စေ၊ ဩဝါဒါစရိယအဖွဲ့ကဖြစ်စေ၊ စီမံဆောင်ရွက်သည့် မှုခင်းကိစ္စများသည်၊ သက်ဆိုင်ရာအဖွဲ့တွင် ရာထူးလစ်လပ်သည်ဟူသော အကြောင်းကြောင့်သော်လည်းကောင်း၊ အဖွဲ့ဝင်တစ်ဦးဦး ရွေးကောက်တင်မြှောက်ရာတွင်၊ သို့တည်းမဟုတ် ခန့်ထားရာတွင် ချို့ယွင်းချက်တစ်ခုခု ရှိသည်ဟူသော အကြောင်းကြောင့်သော်လည်းကောင်း၊ မပျက်ပြယ်စေရ။

၂၃။ ။ ရွေးချယ်ရေးအဖွဲ့သည်၊ အောက်ပါအာဏာနှင့် တာဝန်ဝတ္တရားများကို သုံးစွဲဆောင်ရွက်ရမည် —

(က) ဤအက်ဥပဒေ၏ ပထမဇယားနှင့်အညီ တိပိဋကဓရရွေးချယ်ပွဲများကို ကျင်းပခြင်း။
(ခ) တိပိဋကဓရရွေးချယ်ပွဲ အမျိုးအစားခွဲခြားခြင်း၊ အပိုင်း၊ သို့တည်းမဟုတ် အဆင့်အတန်းများသတ်မှတ်ခြင်း။
(ဂ) တိပိဋကဓရရွေးချယ်ပွဲအတွက် ကျမ်းစာများပြဋ္ဌာန်းခြင်း။
(ဃ) တိပိဋကဓရရွေးချယ်ပွဲဆိုင်ရာစည်းကမ်းများသတ်မှတ်ခြင်း။
(င) တိပိဋကဓရရွေးချယ်ပွဲကျင်းပရန်နေ့ရက်နှင့် ကျင်းပရန်ဌာနသတ်မှတ်ခြင်း။
(စ) တိပိဋကဓရရွေးချယ်ပွဲတွင် အောင်မြင်သောသာသနာ့အာဇာနည်များအား သင့်လျော်သောဆု၊ လက်မှတ်၊ တံဆိပ်၊ ဘွဲ့ထူး၊ ဂုဏ်ထူး အပ်နှင်းချီးမြှောက်ခြင်း။
(ဆ) သာသနာ့အာဇာနည်ပုဂ္ဂိုလ်များအား လစဉ်ဆွမ်းဆန်တော်လှူဒါန်းခြင်း။
(ဇ) တိပိဋကဓရဘွဲ့တော်များ ရရှိကြသော ဆရာတော်များ၏ ဆရာမိဘများအား ထောက်ပံ့ခြင်း။
(ဈ) အစိုးရထံမှလည်းကောင်း၊ အခြားအလှူရှင်များထံမှလည်းကောင်း၊ ရရှိသောငွေနှင့် အခြားဝတ္ထုပစ္စည်းများကိုလက်ခံ၍ ထိုက်သည့်အားလျော်စွာ စီမံသုံးစွဲခြင်း။
(ည) ဘွဲ့နှင်းသဘင်များကျင်းပခြင်း။

(ဃ) တိပိဋကရေးရွေးချယ်ပွဲ၌ ပါဝင်ဆောင်ရွက်ရန် မိမိလိုအပ်သည်ထင်မြင်သော ပုဂ္ဂိုလ်များခန့်ထားခြင်း။ ယင်းသို့ခန့်ထားရန် မည်သည့်အဖွဲ့အားမဆို လွှဲအပ်ခြင်း။

(င) ဤအက်ဥပဒေ၏ ဒုတိယဇယားတွင်ပါရှိသော အာဂုံပြန်ဆိုပွဲနှင့် သဘောရေးဖြေပွဲတွင် အောင်မြင်သောပုဂ္ဂိုလ်များအား၊ နိုင်ငံတော်သမ္မတက လှူဒါန်းထောက်ပံ့သော မီးရထား၊ မီးသင်္ဘော လက်မှတ်များနှင့် အခြားလှူဘွယ်ဝတ္ထုများကို ပေးအပ်လှူဒါန်းခြင်း။

(စ) ဤအက်ဥပဒေ၏ တတိယဇယားတွင်ပါရှိသော အာဂုံပြန်ဆိုပွဲနှင့် သဘောရေးဖြေပွဲတွင် အောင်မြင်သော ပုဂ္ဂိုလ်များအား နိုင်ငံတော်သမ္မတက လှူဒါန်းထောက်ပံ့သော မီးရထား၊ မီးသင်္ဘော၊ လေယာဉ်လက်မှတ်များနှင့် အခြားလှူဘွယ်ဝတ္ထုများကို ပေးအပ်လှူဒါန်းခြင်း။

(ဆ) ဤအက်ဥပဒေပါရည်ရွယ်ချက်များ ထမြောက်အောင်မြင်စေရန်၊ ပြုဖွယ်ကိစ္စဟူသမျှကို စီမံဆောင်ရွက်ခြင်း။

၂၄။ ။ (၁) ရွေးချယ်ရေးအဖွဲ့သည်၊ ပုဒ်မ ၂၃ ပါ အာဏာနှင့် တာဝန်ဝတ္တရားများကို သုံးစွဲဆောင်ရွက်သည့်အခါ၊ အောက်ပါကိစ္စများနှင့်စပ်လျဉ်း၍ ဩဝါဒါစရိယ အဖွဲ့၏ ဩဝါဒကို ခံယူလျက်၊ ဩဝါဒါစရိယအဖွဲ့၏ ဩဝါဒအတိုင်း ဆောင်ရွက်ရမည် –

(က) တိပိဋကရေးရွေးချယ်ပွဲအမျိုးအစားခွဲခြားခြင်း၊ အပိုင်း၊ သို့တည်းမဟုတ် အဆင့် အတန်းများသတ်မှတ်ခြင်း။

(ခ) တိပိဋကရေးရွေးချယ်ပွဲဆိုင်ရာ စည်းကမ်းများသတ်မှတ်ခြင်း။

(ဂ) တိပိဋကရေးရွေးချယ်ပွဲများအတွက် သင့်လျော်သောကြီးကြပ်ရေးပုဂ္ဂိုလ်များ၊ စာစစ်ပုဂ္ဂိုလ်များ၊ စာထောက်စာမပုဂ္ဂိုလ်များ၊ မေးခွန်းထုတ်ပုဂ္ဂိုလ်များနှင့် အဖြေအမှတ်ပေးပုဂ္ဂိုလ်များကို ခန့်ထားခြင်း၊ သို့တည်းမဟုတ် ခန့်ထားရန် လွှဲအပ်ခြင်း။

(ဃ) အထက်အပိုဒ်များပါ ကိစ္စများနှင့်စပ်လျဉ်း၍ နည်းဥပဒေများ ပြုခြင်း။

(၂) ပုဒ်မခွဲ (၁) ၌ သီးခြားဖော်ပြထားသော ကိစ္စများမှတစ်ပါး၊ အခြားကိစ္စများတွင် ဩဝါဒါစရိယအဖွဲ့သည်၊ ရွေးချယ်ရေးအဖွဲ့က လျှောက်ထားတောင်းပန်သည့်အခါ၌ဖြစ်စေ၊ မိမိသဘောအလျောက်ဖြစ်စေ၊ ရွေးချယ်ရေးအဖွဲ့အား ဩဝါဒပေးနိုင်သည်။

၂၅။ ။ ဤအက်ဥပဒေအရ အာဏာနှင့်တာဝန်ဝတ္တရားကို ဆောင်ရွက်နိုင်စေရန်အလို့ငှာ နိုင်ငံတော်သမ္မတသည်၊ မိမိသင့်လျော်သည်ထင်မြင်သည့်ငွေကို ရွေးချယ်ရေးအဖွဲ့သို့ ထုတ်ပေးရမည်။

၂၆။ ။ (၁) ရွေးချယ်ရေးအဖွဲ့သည်၊ ရွေးချယ်ရေးအဖွဲ့ ရန်ပုံငွေဟု ခေါ်သည့် ရန်ပုံငွေတစ်ရပ် ထားရှိရမည်။ ထိုရန်ပုံငွေသို့ နိုင်ငံတော်သမ္မတထံမှရရှိသောငွေအားလုံးကိုလည်းကောင်း၊ အခြားပုဂ္ဂိုလ်များနှင့် အဖွဲ့များထံမှရရှိသော ငွေအားလုံးကိုလည်းကောင်း၊ ထည့်သွင်းရမည်။

(၂) ရွေးချယ်ရေးအဖွဲ့သည်၊ မိမိ၏ငွေများကို နိုင်ငံတော်သမ္မတ သဘောတူညီသည့် ဘဏ်တစ်ခု၌ အပ်နှံထားရမည်။

(၃) ယင်းသို့အပ်နှံထားသည့်ငွေများကို၊ ဤကိစ္စအလို့ငှာ သတ်မှတ်ထားသည့် စည်းကမ်းများနှင့်အညီ ဘဏ်မှထုတ်ယူရမည်။

၂၇။ ။ ရွေးချယ်ရေးအဖွဲ့ဝင် အားလုံးသည်လည်းကောင်း၊ ရွေးချယ်ရေးအဖွဲ့၏ အုပ်ချုပ်ရေး အရာရှိနှင့် အခြားရာထမ်းမှုထမ်းအားလုံးသည်လည်းကောင်း၊ ကြီးကြပ်ရေးပုဂ္ဂိုလ်အားလုံးသည် လည်းကောင်း၊ စာစစ်ပုဂ္ဂိုလ်အားလုံးသည်လည်းကောင်း၊ စာထောက် စာမပုဂ္ဂိုလ်အားလုံးသည် လည်းကောင်း၊ မေးခွန်း ထုတ်ပုဂ္ဂိုလ်အားလုံးနှင့် အဖြေ အမှတ်ပေးပုဂ္ဂိုလ်အားလုံးသည်လည်းကောင်း၊ ဤ အက်ဥပဒေပါကိစ္စများ ကိုဆောင်ရွက်သောအခါ၊ သို့တည်းမဟုတ် ဆောင်ရွက်သည့်သဘော သက်ရောက်သော အပြုအမူကို ပြုသောအခါ၊ ရာဇသတ်ကြီး ပုဒ်မ ၂၁ ၏ အဓိပ္ပာယ်အရ ပြည်သူ့ ဝန်ထမ်းများဖြစ်သည်ဟု မှတ်ယူရ မည်။

၂၈။ ။ အောက်ပါပုဂ္ဂိုလ်များအား၊ နိုင်ငံတော်သမ္မတ က သတ်မှတ်သောနှုန်းအတိုင်း လျှော်ခါန်းထောက်ပံ့ရမည် —

(က) ဤအက်ဥပဒေပါကိစ္စများကို ဆောင်ရွက်ရန်အလို့ငှာ သက်ဆိုင်ရာအဖွဲ့ အစည်းအဝေးသို့ တက်ရောက်ကြသည့် ဩဝါဒါစရိယဆရာတော်များနှင့် ရွေးချယ်ရေးအဖွဲ့ဝင်များ။

(ခ) တိပိဋကဓရရွေးချယ်ပွဲကျင်းပရာအရပ်သို့ ဖြေဆိုရန်လာရောက်ကြသော ပုဂ္ဂိုလ်များ။

(ဂ) တိပိဋကဓရရွေးချယ်ပွဲတွင် အောင်မြင်သော သာသနာ့အာဇာနည်များ။

(ဃ) ကြီးကြပ်ရေးပုဂ္ဂိုလ်များ၊ စာစစ်ပုဂ္ဂိုလ်များ၊ စာထောက်စာမပုဂ္ဂိုလ်များ၊ မေးခွန်းထုတ်ပုဂ္ဂိုလ်များနှင့် အဖြေ အမှတ်ပေးပုဂ္ဂိုလ်များ။

(င) တိပိဋကဓရရွေးချယ်ပွဲတွင်အောင်မြင်သော သာသနာ့အာဇာနည်များ၏ ဆရာမိဘများ။

၂၉။ ။ ရွေးချယ်ရေးအဖွဲ့သည်၊ ဘဏ္ဍာတော်နှစ်မကုန်ဆုံးမီ၊ ထိုနှစ်နောက်လာမည့် ဘဏ္ဍာတော်နှစ်အတွက် မိမိ၏ ရသုံးမှန်းခြေငွေစာရင်းကို၊ နိုင်ငံတော်သမ္မတထံ သဘောတူညီချက်ရရန် တင်သွင်းရမည့်ပြင်၊ အဆိုပါ မှန်းခြေငွေစာရင်းကို ပြင်သည့် နောက်ထပ်မှန်းခြေငွေစာရင်းကိုလည်း အခါအားလျော်စွာ ထိုနည်းအတိုင်း တင်သွင်းရမည်။

သို့ရာတွင် ရွေးချယ်ရေးအဖွဲ့သည်၊ မိမိအလုပ်စတင်လုပ်ကိုင်သည့် ပထမနှစ်နှင့်စပ်လျဉ်း၍ အလုပ်စတင်လုပ်ကိုင်သည့်နေ့ရက်မှ ထိုဘဏ္ဍာတော်နှစ်ကုန်ဆုံးသည်အထိ၊ ကာလအပိုင်းအခြားအတွက် မှန်းခြေငွေစာရင်းကို နိုင်ငံတော်သမ္မတထံ လျင်မြန်နိုင်သမျှ လျင်မြန်စွာ တင်သွင်းရမည်။

၃၀။ ။ ရွေးချယ်ရေးအဖွဲ့သည်၊ မိမိ၏ နှစ်ပတ်လည်အစည်းအဝေးတွင်၊ ထိုနှစ်အတွင်း ဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် နှစ်ချုပ်အစီရင်ခံစာကို ဆွေးနွေးဆုံးဖြတ်ပြီးနောက် နိုင်ငံတော် သမ္မတထံ ပေးပို့ရမည်။

၃၁။ ။ (၁) ရွေးချယ်ရေးအဖွဲ့သည်၊ နိုင်ငံတော်သမ္မတက ဆင့်ဆိုသည့် ကာလအပိုင်းအခြား များအတွက် အဖွဲ့၏ ငွေစာရင်းရှင်းတမ်းနှင့် အခြားရှင်းတမ်းများကို နိုင်ငံတော်သမ္မတထံပေးပို့ရမည်။

(၂) ရွေးချယ်ရေးအဖွဲ့သည်၊ မိမိ၏ လုပ်ကိုင်ဆောင်ရွက်မှုများနှင့်သက်ဆိုင်သော ငွေစာရင်းများကို နိုင်ငံတော်သမ္မတ၏ သဘောတူညီချက်ဖြင့်၊ နိုင်ငံတော်စာရင်းစစ်ချုပ်က ပြဋ္ဌာန်းသည့် ငွေစာရင်းထားရှိပုံနည်းစနစ်နှင့် ပုံစံအတိုင်း ထားရှိရမည်။

(၃) ရွေးချယ်ရေးအဖွဲ့၏ ငွေစာရင်းများကိုနိုင်ငံတော်စာရင်းစစ်ချုပ်က နှစ်စဉ် စစ်ဆေးပြီးနောက်၊ စာရင်းစစ်ချက်အစီရင်ခံစာကို ပြည်သူ့လွှတ်တော်သို့တင်ပြရမည်။ သို့ရာတွင် ရွေးချယ် ရေးအဖွဲ့သည်၊ နိုင်ငံတော်စာရင်းစစ်ချုပ်၏ သဘောတူညီချက်ကို ကြိုတင်ရယူပြီး ခန့်ထားသော မှတ်ပုံ ဝင်စာရင်းစစ်များအား၊ နိုင်ငံတော်သမ္မတ၏ သဘောတူညီချက်ဖြင့်၊ ရွေးချယ်ရေးအဖွဲ့၏ ငွေစာရင်း များကို ကုန်သွယ်လုပ်ငန်းနည်းလမ်းအတိုင်း ကြားဖြတ်စစ်ဆေးစေနိုင်သည်။

(၄) ရွေးချယ်ရေးအဖွဲ့၏ရှင်းတမ်းနှင့် ငွေစာရင်းများကို စစ်ဆေးပြီးသည်နှင့်တစ်ပြိုင် နက် ရွေးချယ်ရေးအဖွဲ့သည်၊ နိုင်ငံတော်သမ္မတထံသို့ ထိုနှစ်ချုပ်ငွေစာရင်း မိတ္တူတစ်စောင်ကို စာရင်း စစ်ချက်အစီရင်ခံစာ မိတ္တူတစ်စောင်နှင့်တကွ တင်ပြရမည်။ ထို့ပြင် ထိုရှင်းတမ်းနှင့် အစီရင်ခံစာ အသီးသီး၏ မိတ္တူတစ်စောင်စီကို ရွေးချယ်ရေးအဖွဲ့၏ ဗဟိုရုံးတွင် လူအများကြည့်ရှုစစ်ဆေးနိုင်ရန် အတွက် ထားရှိရမည်။

(၅) ဤအက်ဥပဒေအရ နိုင်ငံတော်စာရင်းစစ်ချုပ်က ဆောင်ရွက်ရမည့် မည်သည့်ကိစ္စကိုမဆို၊ နိုင်ငံတော်စာရင်းစစ်ချုပ်က ယေဘုယျအမိန့်ဖြင့်ဖြစ်စေ၊ သီးခြားအမိန့်ဖြင့်ဖြစ်စေ၊ အာဏာလွှဲအပ်ထားသည့် ၎င်း၏ လက်အောက်အရာရှိက ဆောင်ရွက်နိုင်ရမည်။ သို့ရာတွင် နိုင်ငံတော်စာရင်းစစ်ချုပ်သည်၊ ခွင့်ရက်ယူထားခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်းကြောင့်ဖြစ်စေ၊ မိမိအလုပ်ခွင်တွင်မရှိသည့်အခါမှတစ်ပါး ဤအက်ဥပဒေအရ ပြည်သူ့လွှတ်တော်သို့ နိုင်ငံတော်စာရင်းစစ်ချုပ်က တင်ပြရမည့်အစီရင်ခံစာကို ၎င်း၏ကိုယ်စားတင်ပြရန် လက်အောက်အရာရှိအား အာဏာလွှဲအပ်ခြင်းမပြုရ။

၃၂။ ။ (၁) ရွေးချယ်ရေးအဖွဲ့သည်၊ ဤအက်ဥပဒေပါကိစ္စများ ဆောင်ရွက်ရန်အလို့ငှာ၊ ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်ညီညွတ်သော နည်းဥပဒေများပြုနိုင်သည်။

(၂) ပုဒ်မခွဲ (၁) ပါပြဋ္ဌာန်းချက်များ၏ ယေဘုယျသဘောကို မထိခိုက်စေဘဲ၊ အဆိုပါ နည်းဥပဒေ များသည် အထူးသဖြင့် အောက်ပါ ကိစ္စများအတွက် ပြဋ္ဌာန်းနိုင်သည် —

(က) ပုဒ်မ ၂၆ (၂) အရ အပ်နှံထားသော ငွေများကို ဘဏ်မှ ထုတ်ယူရာတွင် လိုက်နာရမည့်စည်းကမ်းများသတ်မှတ်ရန်။ ကြီးကြပ်ရေးပုဂ္ဂိုလ်များ၊ စာစစ်ပုဂ္ဂိုလ်များ၊ စာထောက် စာမ ပုဂ္ဂိုလ်များ၊ မေးခွန်းထုတ်ပုဂ္ဂိုလ်များနှင့် အဖြေအမှတ်ပေး ပုဂ္ဂိုလ်များ၏ အရည်အချင်းနှင့် ၎င်းတို့လိုက်နာရမည့် စည်းကမ်းများ သတ်မှတ်ရန်။

(ခ) တိပိဋကစရရွေးချယ်ပွဲ၌ ဝင်ရောက်ဖြေဆိုသော ပုဂ္ဂိုလ်များ၏ အရည်အချင်းနှင့် ထိုပုဂ္ဂိုလ်များ လိုက်နာရမည့် စည်းကမ်းများ သတ်မှတ်ရန်။

(ဂ) ဘွဲ့နှင်းသဘင်ကျင်းပရန်။

(ဃ) ရွေးချယ်ရေးအဖွဲ့ကိုယ်စား၊ ပဋိညာဉ်များနှင့် အခြားစာမှတ်တမ်းများကို လက်မှတ် ရေးထိုးရန်။

(၃) တစ်ဦးတစ်ယောက်သောပုဂ္ဂိုလ်သည်၊ ဤပုဒ်မအရပြုသည့် နည်းဥပဒေတစ်ခုခု၏ ပြဋ္ဌာန်းချက်အတိုင်း လိုက်နာရန်ပျက်ကွက်လျှင်၊ ထိုပုဂ္ဂိုလ်သည် —

(က) ကြီးကြပ်ရေးပုဂ္ဂိုလ်၊ စာစစ်ပုဂ္ဂိုလ်၊ စာထောက် စာမပုဂ္ဂိုလ်၊ မေးခွန်းထုတ်ပုဂ္ဂိုလ်၊ သို့တည်းမဟုတ် အဖြေအမှတ်ပေးပုဂ္ဂိုလ်ဖြစ်ခဲ့သော်၊ နှစ်အပိုင်းအခြားနှင့်ဖြစ်စေ၊ တစ်သက်ပတ်လုံးဖြစ်စေ၊ ယင်းသို့ ကြီးကြပ်ခြင်း၊ စာစစ်ခြင်း၊ ထောက်မစစ်ဆေးခြင်း၊ မေးခွန်းထုတ်ခြင်း၊ သို့တည်းမဟုတ် အမှတ်ပေးခြင်းမပြုရဟု၍သော် လည်းကောင်း၊

(ခ) တိဗိဋကဓရရွေးချယ်ပွဲတွင် ဝင်ရောက်ဖြေဆိုသောပုဂ္ဂိုလ်ဖြစ်ခဲ့သော်၊ နှစ်အပိုင်းအခြားနှင့်ဖြစ်စေ၊ တစ်သက်ပတ်လုံးဖြစ်စေ၊ ထိုရွေးချယ်ပွဲမှ ထုတ်ပယ်ခြင်းခံရမည်ဟူ၍သော်လည်းကောင်း။

အဆိုပါ နည်းဥပဒေများဖြင့် ပြဋ္ဌာန်းနိုင်သည်။

(၄) ဤအက်ဥပဒေ၏ ပထမဇယားတွင်ပါရှိသော နည်းဥပဒေများသည်၊ ဤပုဒ်မအရ ရွေးချယ်ရေးအဖွဲ့ကပြုသည့် ပထမဦးဆုံး နည်းဥပဒေများဖြစ်သည်ဟု မှတ်ယူရမည်။ ထိုနည်းဥပဒေများကို ရွေးချယ်ရေးအဖွဲ့က အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ ပြင်နိုင်သည်၊ ဖြည့်စွက်နိုင်သည်၊ သို့တည်းမဟုတ် ပယ်ဖျက်နိုင်သည်။

၃၃။ ။ ဤအက်ဥပဒေအရ၊ ရဟန်းတော်များအား၊ အနာမာသဝတ္ထုငွေကိုဖြစ်စေ၊ အခြားဝတ္ထုပစ္စည်းကိုဖြစ်စေ၊ လှူဒါန်းထောက်ပံ့သည့်အခါ၊ ရွေးချယ်ရေးအဖွဲ့သည်၊ ဝိနည်းတော်နှင့်အညီ လှူဒါန်းထောက်ပံ့ရမည်။

၃၄။ ။ ဝိနယပိဋကဝိနည်းငါးကျမ်း၊ အဘိဓမ္မာပိဋကပထမပိုင်း ငါးကျမ်း၊ ဒုတိယပိုင်းနှစ်ကျမ်း၊ သုတ္တန္တပိဋကဒီဃနိကာယ်သုံးကျမ်း၊ သုတ္တန္တပိဋကမဇ္ဈိမနိကာယ်သုံးကျမ်း၊ သုတ္တန္တပိဋကသံယုတ္တနိကာယ်ငါးကျမ်း၊ သုတ္တန္တပိဋကအင်္ဂုတ္တရနိကာယ်တစ်ဆယ့်တစ်ကျမ်း၊ သုတ္တန္တပိဋကခုဒ္ဒကနိကာယ်ပထမပိုင်း ကိုးကျမ်း၊ ဒုတိယပိုင်းတစ်ဆယ့်တစ်ကျမ်း၊ အပိုင်းတိုင်း၌ ရွေးချယ်ပွဲနှစ်မျိုးစီရှိရာ တစ်မျိုးကိုသော်လည်းကောင်း၊ နှစ်မျိုးလုံးကိုသော်လည်းကောင်း၊ အောင်မြင်သောပုဂ္ဂိုလ်တို့အား ပိဋကအလိုက် ဤအက်ဥပဒေ၏ ဒုတိယဇယားတွင် ပါရှိသော ဘွဲ့လက်မှတ်နှင့်တံဆိပ်တုံးတို့ကို နိုင်ငံတော်သမ္မတက လှူဒါန်းရမည် —

(က) ဘွဲ့လက်မှတ်၌ နိုင်ငံတော်တံဆိပ်နှင့် ရွေးချယ်ရေးအဖွဲ့တံဆိပ်ကို ထည့်သွင်း၍ ရွေးချယ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ သာသနာရေးဝန်ကြီး၊ နိုင်ငံတော်သမ္မတနှင့် ဩဝါဒါစရိယအဖွဲ့ ဥက္ကဋ္ဌတို့ကိုယ်တိုင် လက်မှတ်ရေးထိုးရမည်။

(ခ) တံဆိပ်တုံးအလယ်၌ ပိဋက တစ်ပုံအောင်သော ပုဂ္ဂိုလ်အတွက်၊ ထီးဖြူတော်တစ်လက် တံဆိပ်၊ နှစ်ပုံအောင်သောပုဂ္ဂိုလ်အတွက်၊ ထီးဖြူတော်နှစ်လက်တံဆိပ်၊ သုံးပုံအောင်သော ပုဂ္ဂိုလ်အတွက်၊ ထီးဖြူတော်သုံးလက်တံဆိပ်တို့အပြင်၊ နိုင်ငံတော်၏ တံဆိပ်နှင့်ရွေးချယ်ရေးအဖွဲ့၏ တံဆိပ်တို့ထည့်သွင်း၍ အဆင့်အတန်းဂုဏ်နှင့် လိုက်လျောအောင် နိုင်ငံတော်သမ္မတက လှူဒါန်းရမည်။

၃၅။ ။ တိပိဋကဓရ ရွေးချယ်ပွဲတွင်အောင်မြင်၍ လစဉ်ပစ္စည်းလေးပါးနှင့် မီးရထား၊ မီးသင်္ဘောနှင့် လေယာဉ်လက်မှတ်လျှော့ပေါင်းခြင်းခံရသော သာသနာ့အာဇာနည်များသည်၊ အောက်ဖော်ပြပါအကြောင်းတစ်ခုခုကြောင့် အရည်အချင်းပျက်ယွင်းလျှင်၊ ယင်းသို့လျှော့ပေါင်းခံရခြင်းမှ အလိုအလျောက် ရပ်စဲပြီးဖြစ်ရမည် —

(က) လူထွက်ခြင်း။
(ခ) ပါရာဇိကကျခြင်း။
(ဂ) စိတ်ပျံ့လွင့်ရူးသွပ်ခြင်း။
(ဃ) ပါရာဇိကာဇိကရှက်းဖြစ်၍ သက်ဆိုင်ရာဝိနိစ္ဆယဌာနမှ၊ သို့တည်းမဟုတ် သက်ဆိုင်ရာ ဂိုဏ်းဂဏဝိနည်းဓိုရ်ထံမှ သုဒ္ဓဆုံးဖြတ်ချက်ကိုမရခြင်း။
(င) အကျင့်စာရိတ္တနှင့်ပတ်သက်သော ရာဇဝတ်မှုဖြင့် အပြစ်ခံရခြင်း။
(စ) ရွေးချယ်ရေးအဖွဲ့၏ သဘောတူညီချက်မရဘဲ ပြည်ထောင်စုမြန်မာနိုင်ငံတော် အတွင်းမနေခြင်း။
(ဆ) ရွေးချယ်ရေးအဖွဲ့၏ သဒ္ဒါတရားကို မစောင့်ရှောက်ခြင်း။

၃၆။ ။ နိုင်ငံတော်သမ္မတသည်၊ ဩဝါဒါစရိယအဖွဲ့နှင့် ရွေးချယ်ရေးအဖွဲ့၏ တွဲဖက်အကြံပေးချက်အရ ဤအက်ဥပဒေ၏ ဒုတိယဇယား၊ သို့တည်းမဟုတ် တတိယဇယားပါ ပြဋ္ဌာန်းချက်များကို အခါအားလျော်စွာအမိန့်ကြော်ငြာစာထုတ်ပြန်၍ ပြင်နိုင်သည်၊ ဖြည့်စွက်နိုင်သည်၊ သို့တည်းမဟုတ် ပယ်ဖျက်နိုင်သည်။

၃၇။ ။ ဤအက်ဥပဒေ အာဏာမတည်မီ၊ နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ကိုယ်စား၊ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကကျင်းပသော တိပိဋကဓရရွေးချယ်ပွဲတွင် အောင်မြင်သော သာသနာ့အာဇာနည်ပုဂ္ဂိုလ်များမှာ၊ ဤအက်ဥပဒေအရ ရသင့်ရထိုက်သော အခွင့်အရေးများကို တစ်ဆက်တည်းဆက်လက်၍ အကျိုးခံစားခွင့်ရှိစေရမည်။

ပထမဇယား

နည်းဥပဒေများ

၁။ ။ တိပိဋကဓရရွေးချယ်ပွဲကို အောက်ပါအတိုင်းနှစ်မျိုးခွဲခြားထားရှိရမည် —

(က) အာဂုံပြန်ဆိုပွဲ။
(ခ) သဘောရေးဖြေပွဲ။

၂။ ။ အာဂုံပြန်ဆိုပွဲပြီးလျှင်၊ ထိုအာဂုံ ပြန်ဆိုထားသောအပိုင်းနှင့် သက်ဆိုင်ရာအပိုင်း၏ သဘောရေးဖြေပွဲကို ဆက်လက်၍ဖြေဆိုရမည်။

၃။ ။ အာဂုံပြန်ဆိုပွဲကို နေ့စဉ်နံနက် ၈ နာရီမှ ၁၀ နာရီအထိတစ်ကြိမ်၊ နေ့ ၁ နာရီမှ ၄ နာရီအထိတစ်ကြိမ်အားဖြင့် တစ်နေ့လျှင်နှစ်ကြိမ်ကျင်းပရမည်။

၄။ ။ သဘောရေးဖြေပွဲကို နေ့စဉ် ၁၂ နာရီခွဲမှ ၄ နာရီခွဲအထိ တစ်နေ့လျှင်တစ်ကြိမ်သာ ကျင်းပရမည်။

၅။ ။ အာဂုံပြန်ဆိုပွဲ၌ ပြန်ဆိုသောပုဂ္ဂိုလ်တို့သည်၊ တစ်နေ့လျှင် ပျမ်းမျှခြင်းအားဖြင့် ဆဋ္ဌမူ စာမျက်နှာ ၁၀၀ မှ ၁၅၀ ခန့်ပြန်ဆိုရမည်။

၆။ ။ ဝိနည်း ၅ ကျမ်းအာဂုံပြန်ဆိုပွဲ၌ ၁ ကျမ်းလျှင် ၃ ရက်စီ၊ ပေါင်း ၁၅ရက်၊ သဘောရေးဖြေပွဲ၌ ၁ ကျမ်းလျှင် ၁ ရက်စီ၊ ပေါင်း ၅ ရက် အစဉ်အတိုင်းပြန်ဆိုရမည်။

၇။ ။ အဘိဓမ္မာပိဋက —

(က) အဘိဓမ္မာပိဋက ပထမပိုင်းပြန်ဆိုပွဲ၌ ဓမ္မသင်္ဂဏီ၊ ဝိဘင်း၊ ကထာ ဝတ္ထု ၃ ရက်စီ၊ ဓါတုကထာ၊ ပုဂ္ဂလပညတ် ၁ ရက်စီ၊ ပေါင်း ၁၁ ရက်၊ သဘောရေးဖြေပွဲ၌ ၁ ကျမ်း ၁ ရက်စီ၊ ပေါင်း ၅ ရက်ပြန်ဆိုရေးဖြေရမည်။

(ခ) အဘိဓမ္မာပိဋက ဒုတိယပိုင်းအာဂုံပြန်ဆိုပွဲ၌ ယမိုက် ၆ ရက်၊ ပဋ္ဌာန်း ၁၂ ရက်၊ ပေါင်း ၁၈ ရက်၊ သဘောရေးဖြေပွဲ၌ ယမိုက် ၂ ရက်၊ ပဋ္ဌာန်း ၂ ရက်၊ ပေါင်း ၄ ရက်ပြန်ဆိုရေးဖြေရမည်။

၈။ ။ ဒီဃနိကာယ် ၃ ကျမ်းအာဂုံပြန်ဆိုပွဲ၌ ၁ ကျမ်း ၃ ရက်စီ၊ ပေါင်း ၉ ရက်၊ သဘောရေးဖြေပွဲ၌ ၁ ကျမ်း ၁ ရက်စီ၊ ပေါင်း ၃ ရက်ပြန်ဆိုရေးဖြေရမည်။

၉။ ။ မဇ္ဈိမနိကာယ် ၃ ကျမ်း အာဂုံပြန်ဆိုပွဲ၌ ၁ ကျမ်း ၃ ရက်စီ၊ ပေါင်း ၉ ရက်၊ သဘောရေးဖြေပွဲ၌ ၁ ကျမ်း ၁ ရက်စီ၊ ပေါင်း ၃ ရက်ပြန်ဆိုရေးဖြေရမည်။

၁၀။ ။ သံယုတ္တနိကာယ် ၅ ကျမ်း အာဂုံပြန်ဆိုပွဲ၌ စာအုပ် ၃ အုပ်ရှိရာ၊ ၁ အုပ် ၃ ရက်စီ၊ ပေါင်း ၉ ရက်၊ သဘောရေးဖြေပွဲ၌ ၁ အုပ် ၁ ရက်စီ၊ ပေါင်း ၃ ရက်ပြန်ဆိုရေးဖြေရမည်။

၁၁။ ။ အင်္ဂုတ္တရနိကာယ် ၁၁ ကျမ်း အာဂုံပြန်ဆိုပွဲ၌ စာအုပ် ၃ အုပ်ရှိရာ၊ ၁ အုပ် ၃ ရက်စီ၊ ပေါင်း ၉ ရက်၊ သဘောရေးဖြေပွဲ၌ ၁ အုပ် ၁ ရက်စီ၊ ပေါင်း ၃ ရက်ပြန်ဆိုရေးဖြေရမည်။

၁၂။ ။ ခုဒ္ဒကနိကာယ် —

(က) ခုဒ္ဒကနိကာယ်ပထမပိုင်း အာဂုံပြန်ဆိုပွဲ၌ စာအုပ် ၅ အုပ်ရှိရာ၊ ၁ အုပ် ၃ ရက်စီ၊ ပေါင်း ၁၅ ရက်၊ သဘောရေးဖြေပွဲ၌ ၁ အုပ် ၁ ရက်စီ၊ ပေါင်း ၅ ရက် ပြန်ဆိုရေးဖြေ ရမည်။

(ခ) ခုဒ္ဒကနိကာယ် ဒုတိယပိုင်းအာဂုံပြန်ဆိုပွဲ၌ စာအုပ် ၆ အုပ်ရှိရာ၊ ၁ အုပ် ၃ ရက်စီ၊ ပေါင်း ၁၈ ရက်၊ သဘောရေးဖြေပွဲ၌ ၁ အုပ် ၁ ရက်စီ၊ ပေါင်း ၆ ရက်ပြန်ဆိုရေးဖြေ ရမည်။

ပြဋ္ဌာန်းသောကျမ်းစာများ

၁၃။ ။ ပြဋ္ဌာန်းသောကျမ်းစာများမှာ မြတ်စွာဘုရား ဟောကြားတော်မူအပ်သော ပိဋကတ်သုံးပုံပါဠိတော် သင်္ဂါယနာတင်ကျမ်းပေါင်း ၅၄ ကျမ်းဖြစ်သည်။

၁၄။ ။ ထိုကျမ်းတို့ကို ပိဋကတ်တော်အားဖြင့် ဝိနည်းပိဋကတ်၊ အဘိဓမ္မာပိဋကတ်၊ သုတ္တန်ပိဋကတ်ဟူ၍ သုံးပုံ၊ အပိုင်းအားဖြင့် ဝိနည်း ၅ ကျမ်းတစ်ပိုင်း၊ အဘိဓမ္မာ ၇ ကျမ်းတွင် ပထမပိုင်း၌ ဓမ္မသင်္ဂဏီ၊ ဝိဘင်း၊ ဓါတုကထာ၊ ပုဂ္ဂလပညတ်၊ ကထာဝတ္ထု တစ်ပိုင်း၊ ဒုတိယပိုင်း၌ ယမိုက်ပဋ္ဌာန်းတစ်ပိုင်း၊ ဒီဃနိကာယ် ၃ ကျမ်းတစ်ပိုင်း၊ မဇ္ဈိမနိကာယ် ၃ ကျမ်းတစ်ပိုင်း၊ သံယုတ္တနိကာယ် ၅ ကျမ်းတစ်ပိုင်း၊ အင်္ဂုတ္တရနိကာယ် ၁၁ ကျမ်းတစ်ပိုင်း၊ ခုဒ္ဒကနိကာယ်ကျမ်း ၂၀ တွင် ပထမပိုင်း၌ ၉ ကျမ်းတစ်ပိုင်း၊ ဒုတိယပိုင်း၌ ၁၁ ကျမ်း တစ်ပိုင်းဟူ၍ စုစုပေါင်း ၉ ပိုင်းသတ်မှတ်ထားသည်။

ရှင်းလင်းချက် —

(က) ခုဒ္ဒကနိကာယ်ကျမ်း ၂၀ တွင်၊ ပထမပိုင်း ၉ ကျမ်းမှာ (၁) ခုဒ္ဒကပါဌ ၊ (၂) ဓမ္မပဒ၊ ...

၁၇။ ။ ထောက်မ ပေးပါလျက်၊ တစ်မိနစ်မျှတွေးတောစဉ်းစား၍လည်း မပြန်ဆိုနိုင်လျှင် (မ) ဟုမှတ်သားထား၍၊ ပြန်ဆိုနိုင်လျှင် (ရ) ဟုမှတ်သားထားရမည်။

၁၈။ ။ အာဂုံပြန်ဆိုရာ၌ တစ်ရက်လုံးအတွက် အများဆုံး ၅ ကြိမ်သာထောက်မ ပေးနိုင်သည်။ ထောက်မ ပေးရာ၌ (ထောက်) ဟု မှတ်သားထားရမည်။

မှတ်ချက်။ ။ ဝါကျတစ်ခုလုံး ထောက်မ ပေးပါလျက်၊ မပြန်ဆိုနိုင်လျှင် ကျရှုံးသည်ဟု သတ်မှတ်ရမည်။

သဘောရေးဖြေပွဲ၌ ပုစ္ဆာထုတ်အမှတ်ပေးခြင်း

၁၉။ ။ သဘောရေးဖြေပွဲတစ်နေ့အတွက် ပုစ္ဆာ စာရွက်တစ်ရွက်၌ ပျမ်းမျှခြင်းအမှတ် ၁၀၀ ထားရှိလိမ့်မည်။

၂၀။ ။ မေးခွန်းပုစ္ဆာထုတ်ရာ၌ ပါဠိတော်လာအနက်အဓိပ္ပာယ် ခဲရာခဲဆစ်အဆုံးအဖြတ်နှင့် တကွ သက်ဆိုင်ရာ အဋ္ဌကထာဋီကာတို့ကိုသာ မေးမြန်းရမည်။

ပြန်ဆိုရေးဖြေခွင့်

၂၁။ ။ အာဂုံပြန်ဆိုပွဲ၊ သဘောရေးဖြေပွဲ နှစ်မျိုးလုံးကို ရဟန်းတော်များနှင့် သာမဏေများသာပြန်ဆိုရေးဖြေခွင့်ရှိသည်။

၂၂။ ။ အာဂုံပြန်ဆိုပွဲနှင့် သဘောရေးဖြေပွဲကို တစ်ဆက်တည်းကျင်းပသော်လည်း အောင်မှတ်ပေးရာတွင် အာဂုံ ၅ ပုံ ၃ ပုံ အောင်မြင်သောပုဂ္ဂိုလ်၏ သဘောရေးဖြေလွှာကိုသာ ကြည့်ရှုစစ်ဆေး အမှတ်ပေးရမည်။

ဥပမာ - စာအုပ် ငါး အုပ်ရှိရာတွင် သုံးအုပ် အာဂုံ အောင်မြင်သည်ကိုဆိုလိုသည်။

၂၃။ ။ တိပိဋကဓရရွေးချယ်ပွဲနှစ်မျိုးလုံး၌ ဝင်ရောက်ပြန်ဆိုရေးဖြေသော ပုဂ္ဂိုလ်တို့အနက်၊ အာဂုံပြန်ဆိုပွဲတစ်မျိုးတည်းသာအောင်မြင်၍ သဘောရေးဖြေပွဲ၌ ကျရှုံးသောပုဂ္ဂိုလ်တို့မှာ၊ နောက်နောင်နှစ်များ၌ကျရှုံးသော သဘောရေးဖြေပွဲတစ်မျိုးတည်း၌သာ ဝင်ရောက်ဖြေဆိုခွင့်ရှိသည်။

၂၄။ ။ အာဂုံပြန်ဆိုပွဲ၌ ကျမ်းစာအလုံးစုံကို စင်စင်ကြယ်ကြယ် ပြန်ဆိုနိုင်မှသာအောင်မြင်ခွင့်ရမည်။

၂၅။ ။ သဘောရေးဖြေပွဲ၌ မေးခွန်းပုစ္ဆာအရွက်တိုင်းမှာပင် အမှတ်ရာနိုင်နှုန်း ၇၅ မှတ်အောက်မနည်းရမှသာ အောင်မြင်ခွင့်ရမည်။

၂၆။ ။ (၁) တိပိဋကဓရ ရွေးချယ်ပွဲနှစ်မျိုးလုံးမှာပင် (ထောက်ရ - မရ) မှတ်သားထားသော အလွှာများနှင့် မေးခွန်းပုစ္ဆာရေးဖြေလွှာများကို ထပ်မံစစ်ဆေး၍ အောင်မြင်ခွင့်ပေးရာတွင် လျှို့ဝှက်

သောခုံအဖွဲ့ဖွဲ့စည်း၍ ဆုံးဖြတ်နိုင်ခွင့်ရှိသည်။

(၂) ပြဋ္ဌာန်းသော ပိဋကတ်ကျမ်းစာ အပိုင်းတစ်ခုခုကို ၃ ကြိမ်တိုင်တိုင်ဝင်ရောက်ပြန်ဆိုဖြေပါလျက်၊ အာဂုံပြန်ဆိုပွဲ သဘောရေးဖြေပွဲတစ်ခုခုတွင် မအောင်မြင်သောပုဂ္ဂိုလ်အားနောက်ထပ်ခွင့်ပြုသော်လည်း တစ်နှစ်တစ်နှစ်အတွက် ပြဋ္ဌာန်းထားသော အာဂုံကျမ်းစာ၏ ၅ ပုံ ၃ ပုံအောင်မှတ်ပြည့်မပြန်ဆိုနိုင်လျှင်၊ ၎င်းပုဂ္ဂိုလ်အားအသွားအပြန် ခရီးစရိတ်လျှော်ပေးလိမ့်မည်မဟုတ်။

၂၇။ ။ စာထောက်စာမ ပုဂ္ဂိုလ်၊ မေးခွန်းထုတ်ပုဂ္ဂိုလ်၊ စာစစ်ပုဂ္ဂိုလ်တို့ကို ဩဝါဒါစရိယအဖွဲ့က မိမိသဘောအတိုင်း ရွေးချယ်ခန့်ထားနိုင်သည်။

၂၈။ ။ တိပိဋကရေရွေးချယ်ပွဲနှင့် စပ်လျဉ်းသောကိစ္စ အမျိုးမျိုးတို့ကိုစီမံဆောင်ရွက်ရာ၌ ဩဝါဒါစရိယအဖွဲ့နှင့် တိုင်ပင်ကာရွေးချယ်ရေးအဖွဲ့က ဆုံးဖြတ်နိုင်သည့်အပြင် နည်းဥပဒေ ၂၆ (၁) အရ လျှို့ဝှက်သောအဖွဲ့ကိုပါ ဖွဲ့စည်းနိုင်သည်။

၂၉။ ။ အဘိဓမ္မာ ပိဋကတ်၌လည်းကောင်း၊ ခုဒ္ဒကနိကာယ်၌လည်းကောင်း၊ ပထမပိုင်း၊ ဒုတိယပိုင်းဟူ၍ နှစ်ပိုင်းစီရှိရာတွင်၊ နှစ်ပိုင်းလုံးအာဂုံသဘောရေးဖြေ အောင်မြင်မှသာ သက်ဆိုင်ရာဘွဲ့တံဆိပ်နှင့် ပစ္စည်းလေးပါးကို လှူဒါန်းရမည်။ တစ်ပိုင်းတည်းသာအောင်မြင်ပါက အောင်မြင်သောအပိုင်းအတွက် အသိအမှတ်ပြုလက်မှတ်ကိုသာ ဆက်ကပ်လှူဒါန်းရမည်။

၃၀။ ။ အာဂုံပြန်ဆိုပွဲ၌ အထောက်အမလွတ်ကင်း၍ သန့်ရှင်းထူးကဲစွာပြန်ဆိုနိုင်သောပုဂ္ဂိုလ်တို့အား ပိဋကတ်အလိုက်ချီးမြှင့်ဘွဲ့လက်မှတ်နှင့် တံဆိပ်တော်တွင် (ဝိသိဋ္ဌ) ထည့်စွက်၍ လှူဒါန်းရမည်။

၃၁။ ။ သဘောရေးဖြေပွဲ၌ နေ့စဉ်အောင်မှတ် ၈၅ မှတ်ရလျှင်သော်လည်းကောင်း၊ နေ့စဉ် ၈၀ အမှတ်ထက်မနည်းရရှိကာ ပျမ်းမျှခြင်း ရာခိုင်နှုန်း ၉၀ ရရှိလျှင်သော်လည်းကောင်း၊ ဘွဲ့လက်မှတ်နှင့်တံဆိပ်တော်တွင် (မဟာ) ဟူသောဂုဏ်ထူးတပ်၍လှူဒါန်းရမည်။

ပစ္စည်းလေးပါးဖြင့် ချီးမြှောက်ခြင်း

၃၂။ ။ ဘွဲ့လက်မှတ်နှင့်တံဆိပ်တော်ရ ပုဂ္ဂိုလ်ထူးတို့ကို ဂုဏ်ထူးအလိုက်အောက်ပါစနစ်အတိုင်း ရွေးချယ်ရေးအဖွဲ့က ပစ္စည်းလေးပါးတို့ဖြင့် ချီးမြှောက်လှူဒါန်းရမည်။

၃၃။ ။ ဝိနယပိဋကတ်၊ အဘိဓမ္မာပိဋကတ်နှင့် သုတ္တန္တပိဋကတ်အဝင်အပါဒီဃနိကာယ်ဟူသော သုံးပိဋကကိုအောင်မြင်သော သာသနာ့အာဇာနည်အား၊ အာဂုံသာမန်အောင်မြင်က၊ (တိပိဋကဓရ) ဟူသော ဘွဲ့လက်မှတ်တံဆိပ်တော်ကိုသော်လည်းကောင်း၊ ဂုဏ်ထူးနှင့်အောင်မြင်က (ဝိသိဋ္ဌတိပိဋကဓရ) ဟူသော ဘွဲ့လက်မှတ်တံဆိပ်တော်ကိုသော်လည်းကောင်း၊ သဘောရေးဖြေပွဲတွင် သာမန်အောင်မြင်က (တိပိဋကကောဝိဒ) ဟူသော ဘွဲ့လက်မှတ်တံဆိပ်တော်ကိုသော်လည်းကောင်း၊

ဝုဏ်ထူးနှင့် အောင်မြင်က (မဟာတိပိဋကကောဝိဒ) ဟူသော ဘွဲ့လက်မှတ်တံဆိပ်တော်ကိုသော်လည်းကောင်း၊ လျှုဒါန်းရမည်။

မှတ်ချက်။ ။ သာမဏေတို့သည် အဆင့်အတန်းတစ်ခုခုတိုအောင်မြင်၍၊ သတ်မှတ်ထားသော ဘွဲ့တံဆိပ်တို့ကို ရထိုက်စေကာမူ ရဟန်းအဖြစ်သို့ရောက်မှသာ ချီးမြှင့်လှူဒါန်းခြင်းကို ခံယူရမည်။

၃၄။ ။ ရဟန်းသာမဏေတို့အား ပေးအပ်သောနည်းဖြင့်အလိုရှိရာ ပစ္စည်းလေးပါးကို ကပ္ပိယကာရကမှတစ်ဆင့် လှူဒါန်းရမည်။

၃၅။ ။ (၁) အာဂုံပြန်ဆိုပွဲနှင့် သဘောရေးဖြေပွဲတို့၌ အောင်မြင်ကြသောပုဂ္ဂိုလ်တို့အား ဤအက်ဥပဒေ၏ ဒုတိယဇယားတွင်ပါသော ဘွဲ့လက်မှတ်နှင့် တံဆိပ်တုံးတို့ကို နိုင်ငံတော်သမ္မတက လှူဒါန်းဆက်ကပ်ရမည်။

(၂) ပိဋကတ်တစ်ပုံလုံးအာဂုံပြန်ဆိုပွဲနှင့် သဘောရေးဖြေပွဲ နှစ်မျိုးလုံးအောင်မြင်သော ပုဂ္ဂိုလ်တို့အား အနီးဝါကနက္ခဒဏ်ထီးဖြူတော်တစ်လက်တံဆိပ်ပါရှိသော သာသနာ့အောင်လံတော်ကို သော်လည်းကောင်း၊ အာဂုံပြန်ဆိုပွဲနှင့် သဘောရေးဖြေပွဲ နှစ်မျိုးအနက်တစ်မျိုးမျိုး၌သာ အောင်မြင်သော ပုဂ္ဂိုလ်တို့အား အနီးနီကနက္ခဒဏ်ထီးဖြူတော်တစ်လက်တံဆိပ်ပါရှိသော သာသနာ့အောင်လံတော်ကို သော်လည်းကောင်း၊ နိုင်ငံတော်သမ္မတက လှူဒါန်းရမည်။

(၃) ပိဋကတ်နှစ်ပုံလုံးအာဂုံပြန်ဆိုပွဲနှင့် သဘောရေးဖြေပွဲနှစ်မျိုးလုံး၌ အောင်မြင်သော ပုဂ္ဂိုလ်အား အနီးဝါကနက္ခဒဏ်ထီးဖြူတော်နှစ်လက်တံဆိပ်ပါရှိသော သာသနာ့အောင်လံတော်ကိုသော်လည်းကောင်း၊ အာဂုံပြန်ဆိုပွဲနှင့် သဘောရေးဖြေပွဲနှစ်မျိုးအနက် တစ်မျိုးမျိုး၌သာ အောင်မြင်သော ပုဂ္ဂိုလ်အား အနီးနီကနက္ခဒဏ်ထီးဖြူတော်နှစ်လက်တံဆိပ်ပါရှိသော သာသနာ့အောင်လံတော်ကိုသော်လည်းကောင်း၊ နိုင်ငံတော်သမ္မတက လှူဒါန်းရမည်။

(၄) ပိဋကတ်သုံးပုံလုံးအာဂုံပြန်ဆိုပွဲနှင့် သဘောရေးဖြေပွဲနှစ်မျိုးလုံး၌ အောင်မြင်သော ပုဂ္ဂိုလ်အား အနီးဝါကနက္ခဒဏ် ထီးဖြူတော်သုံးလက်တံဆိပ်ပါရှိသော သာသနာ့အောင်လံတော်ကိုသော်လည်းကောင်း၊ အာဂုံပြန်ဆိုပွဲနှင့် သဘောရေးဖြေပွဲနှစ်မျိုးအနက်တစ်မျိုးမျိုး၌သာ အောင်မြင်သော ပုဂ္ဂိုလ်အား အနီးနီကနက္ခဒဏ်ထီးဖြူတော်သုံးလက်တံဆိပ်ပါရှိသော သာသနာ့အောင်လံတော်ကိုသော်လည်းကောင်း၊ နိုင်ငံတော်သမ္မတက လှူဒါန်းရမည်။

၃၆။ ။ (၁) တိပိဋကရွေးချယ်ပွဲတွင် အောက်ဖော်ပြပါအဆင့်အတန်းတစ်ခုခု၌ အောင်မြင်သော ပုဂ္ဂိုလ်တစ်ပါးပါးအား နိုင်ငံတော်သမ္မတ သတ်မှတ်သောနှုန်းထားအတိုင်း တစ်လုံးတစ်ခဲတည်း ဆွမ်းဆန်အလှူတော်နှင့် လစဉ်ဆွမ်းဆန်အလှူတော်များကို ရွေးချယ်ရေးအဖွဲ့က လှူဒါန်းရမည်—

(က) ဝိနယပိဋကတ်အာဂုံပြန်ဆိုပွဲနှင့် သဘောရေးဖြေပွဲ။

(ခ) အဘိဓမ္မာပိဋကတ် (ပထမပိုင်းနှင့်ဒုတိယပိုင်း) အာဂုံပြန်ဆိုပွဲနှင့်သဘောရေးဖြေပွဲ။

(ဂ) ဒီဃနိကာယအာဂုံပြန်ဆိုပွဲနှင့် သဘောရေးဖြေပွဲ။
(ဃ) မဇ္ဈိမနိကာယအာဂုံပြန်ဆိုပွဲနှင့်သဘောရေးဖြေပွဲ။
(င) သံယုတ္တနိကာယအာဂုံပြန်ဆိုပွဲနှင့်သဘောရေးဖြေပွဲ။
(စ) အင်္ဂုတ္တရနိကာယအာဂုံပြန်ဆိုပွဲနှင့် သဘောရေးဖြေပွဲ။
(ဆ) ခုဒ္ဒကနိကာယ (ပထမပိုင်းနှင့်ဒုတိယပိုင်း) အာဂုံပြန်ဆိုပွဲနှင့်သဘောရေးဖြေပွဲ။

(၂) တံဆိပ်တုံးအလယ်၌ ပိဋကတ်တစ်ပုံအောင်သော ပုဂ္ဂိုလ်အတွက် ထီးဖြူတော်တစ်လက်တံဆိပ်၊ နှစ်ပုံအောင်သောပုဂ္ဂိုလ်အတွက် ထီးဖြူတော်နှစ်လက်တံဆိပ်၊ သုံးပုံအောင်သောပုဂ္ဂိုလ်အတွက် ထီးဖြူတော်သုံးလက်တံဆိပ်တို့အပြင်၊ နိုင်ငံတော်၏တံဆိပ်နှင့်ရွေးချယ်ရေးအဖွဲ့၏ တံဆိပ်တို့ ထည့်သွင်း၍ အဆင့်အတန်းဂုဏ်နှင့် လိုက်လျောအောင် နိုင်ငံတော်သမ္မတကလှူဒါန်းရမည်။

၃၇။ ။ ပိဋကတ်တစ်ပုံအတွက်သော်လည်းကောင်း၊ နှစ်ပုံအတွက်သော်လည်းကောင်း၊ အာဂုံပြန်ဆိုပွဲနှင့် သဘောရေးဖြေပွဲနှစ်မျိုးလုံးအောင်မြင်၍ ဘွဲ့လက်မှတ်နှင့်တံဆိပ်တုံးအပြည့်အစုံရရှိသော ပုဂ္ဂိုလ်ထူးတို့အား မြန်မာနိုင်ငံအတွင်း၌ အသွားအလာလွယ်ကူစေရန် ပထမတန်း၊ နောက်ပါတပည့်တစ်ယောက်အတွက် တတိယတန်း အခမဲ့မီးရထားနှင့်သင်္ဘောလက်မှတ်တို့ကို နိုင်ငံတော်သမ္မတကလှူဒါန်းရမည်။

ရွေးချယ်ပွဲစည်းကမ်းများ

၃၈။ ။ အာဂုံပြန်ဆိုပွဲ၌ စာဖြေခုံတစ်ခုံလျှင် ဩဝါဒါစရိယဆရာတော်တစ်ပါး၊ စာယောက်စာမဆရာတော်နှစ်ပါး၊ ကမ္မဝါ်ပေးလူ ပါဠိဆရာတစ်ယောက် ပေါင်းလေးဦးကြီးကြပ်ရမည်။

၃၉။ ။ အာဂုံပြန်ဆိုသောပုဂ္ဂိုလ်တို့သည် ကြီးကြပ်ရေးပုဂ္ဂိုလ်တို့ကျေနပ်လောက်အောင် ရှင်းလင်းပီသ ပြတ်သားစွာပြန်ဆိုရမည်။

၄၀။ ။ အာဂုံပြန်ဆိုသောအခါ တစ်နာရီအတွင်း အများဆုံးတစ်ကြိမ်လျှင် ၁၀ မိနစ်မှ ၁၅ မိနစ်အထိ ဩဝါဒါစရိယအဖွဲ့က ဆုံးဖြတ်သတ်မှတ်ပေးသည့်အတိုင်း အနားယူရမည်။

၄၁။ ။ ကြီးကြပ်ရေးပုဂ္ဂိုလ်တို့သည် တစ်ကျမ်းစစ်ဆေးပြီးလျှင် နောက်တစ်ကျမ်းအတွက် စာဖြေခုံပြောင်းလွှဲ၍ စစ်ဆေးနိုင်သည်။

၄၂။ ။ သဘောရေးဖြေပွဲ၌ မေးခွန်းထုတ်ပုဂ္ဂိုလ်တို့သည် အဖြေတို့ကို စစ်ဆေးအမှတ်ပေးရာ၌ လွယ်ကူစေရန် မိမိတို့ထုတ်သော မေးခွန်းတို့ကို အဖြေပါရေး၍ ပေးရမည်။

၄၃။ ။ မေးခွန်းထုတ်ပုဂ္ဂိုလ်တို့သည်၊ စစ်မေးမည့်မေးခွန်းတို့ကို လျှို့ဝှက်သော စနစ်ဖြင့် နေ့ချင်းပြီးထုတ်ရမည်။

၄၄။ ။ အဖြေတို့ကို စစ်ဆေးအမှတ်ပေးသောပုဂ္ဂိုလ်တို့သည် လျှို့ဝှက်စွာ စစ်ဆေးရမည့်အပြင်၊ ရွေးချယ်ရေးအဖွဲ့က မကြေညာမီ တစ်စုံတစ်ရာပေါက်ကြားခြင်းမရှိစေရ။

၄၅။ ။ မေးခွန်းထုတ်ပုဂ္ဂိုလ်တို့သည် မိမိတို့ထုတ်သောမေးခွန်းများစာဖြေပုဂ္ဂိုလ်တို့လက်သို့ မရောက်မီ ဩဝါဒါစရိယအဖွဲ့က ချထားသောနေရာ၌သာနေရမည်။

၄၆။ ။ မေးခွန်းတို့ကို ဩဝါဒါစရိယအဖွဲ့၏ ခွင့်ပြုချက်အရ မေးခွန်းထုတ်ပုဂ္ဂိုလ်အနည်းဆုံးနှစ်ဦးသုံးဦးတိုင်ပင်ညှိနှိုင်း၍ထုတ်ရမည်။

၄၇။ ။ သဘောရေးဖြေပွဲ၌ အဖြေတို့ကို စစ်ဆေးအမှတ်ပေးသောပုဂ္ဂိုလ်၊ အောင်စာရင်းထုတ်ရန် ဆုံးဖြတ်ရသောခုံအဖွဲ့ဝင်ပုဂ္ဂိုလ်တို့သည် စာဖြေပုဂ္ဂိုလ်တို့၏ ဘွဲ့အမည်၊ နေရပ်စသည်တို့ကို မသိနိုင်အောင်အတွင်းရေးမှူးက လျှို့ဝှက်သောနည်းဖြင့် စီမံပေးရမည်။

ဒုတိယဇယား

ဝိနည်းကတ်ကျမ်းစာများ	အုပ်ရေ	(က) အာဂုံပြန်ဆိုပွဲအောင် ဘွဲ့လက်မှတ်နှင့်တံဆိပ်တုံး		(ခ) သဘောရေးဖြေပွဲ အောင် ဘွဲ့လက်မှတ်နှင့်တံဆိပ်တုံး	
		သာမန်	ဂုဏ်ထူး	သာမန်	ဂုဏ်ထူး
(၁)	(၂)	(၃)	(၄)	(၅)	(၆)
၁။ ဝိနယ ပိဋကတ် ဝိနည်းငါးကျမ်း။	၅	ဝိနယဓရ	ဝိသိဋ္ဌဝိနယဓရ	ဝိနယကောဝိဒ။	မဟာဝိနယ ကောဝိဒ။
၂။ အဘိဓမ္မာပိဋကတ် ပထမပိုင်းငါးကျမ်း။	၄	အာဘိဓမ္မိက။	ဝိသိဋ္ဌ အာဘိဓမ္မိက။	အဘိဓမ္မ ကောဝိဒ။	မဟာအဘိဓမ္မ ကောဝိဒ။
၃။ အဘိဓမ္မာပိဋကတ် ဒုတိယပိုင်းနှစ်ကျမ်း။	၈				
၄။ သုတ္တန္တပိဋကဒီဃ နိကာယသုံးကျမ်း။	၃	ဒီဃဘာဏက။	ဝိသိဋ္ဌဒီဃ ဘာဏက။	ဒီဃနိကာယ ကောဝိဒ။	မဟာဒီဃနိကာယ ကောဝိဒ။
၅။ သုတ္တန္တပိဋကမဇ္ဈိမ နိကာယသုံးကျမ်း။	၃	မဇ္ဈိမဘာဏက။	ဝိသိဋ္ဌမဇ္ဈိမ ဘာဏက။	မဇ္ဈိမနိကာယ ကောဝိဒ။	မဟာမဇ္ဈိမနိကာယ ကောဝိဒ။

ဒုတိယဇယား။ ။အဆုံး

ပိဋကတ်ကျမ်းစာများ	အုပ်ရေ	(က) အာဂုံပြန်ဆိုပွဲအောင် ဘွဲ့လက်မှတ်နှင့်တံဆိပ်တုံး		(ခ) သဘောရေးဖြေပွဲ အောင် ဘွဲ့လက်မှတ်နှင့်တံဆိပ်တုံး	
		သာမန်	ဂုဏ်ထူး	သာမန်	ဂုဏ်ထူး
(၁)	(၂)	(၃)	(၄)	(၅)	(၆)
၆။ သုတ္တန္တပိဋကတ်သံယုတ္တနိကာယ်ငါးကျမ်း	၃	သံယုတ္တဘာဏက။	ဝိသိဋ္ဌသံယုတ္တဘာဏက။	သံယုတ္တနိကာယကောဝိဒ။	မဟာသံယုတ္တနိကာယကောဝိဒ။
၇။ သုတ္တန္တပိဋကတ်အင်္ဂုတ္တရနိကာယ်တစ်ဆယ့်တစ်ကျမ်း။	၃	အင်္ဂုတ္တရဘာဏက။	ဝိသိဋ္ဌအင်္ဂုတ္တရဘာဏက။	အင်္ဂုတ္တရနိကာယကောဝိဒ။	မဟာအင်္ဂုတ္တရနိကာယကောဝိဒ။
၈။ သုတ္တန္တပိဋကတ်ခုဒ္ဒကနိကာယ်ပထမပိုင်းကိုးကျမ်း	၅	ခုဒ္ဒကဘာဏက။	ဝိသိဋ္ဌခုဒ္ဒကဘာဏက။	ခုဒ္ဒကနိကာယကောဝိဒ။	မဟာခုဒ္ဒကနိကာယကောဝိဒ။
၉။ ခုဒ္ဒကနိကာယ ဒုတိယပိုင်းဘာစ်ဆယ့်တစ်ကျမ်း။	၆				

တတိယဇယား

ဝိနည်းတော်ကျမ်းစာများ (၁)	အုပ်ရေ (၂)	(က) အာဂုံပြန်ဆိုပွဲအောင် ဘွဲ့လက်မှတ်နှင့်တံဆိပ်တုံး		(ခ) သဘောရေးဖြေပွဲ အောင် ဘွဲ့လက်မှတ်နှင့်တံဆိပ်တုံး	
		သာမန် (၃)	ဂုဏ်ထူး (၄)	သာမန် (၅)	ဂုဏ်ထူး (၆)
ဝိနယာမဂ္ဂဝိနည်းကတ် သင်ရိုးဝိနည်းကသုံးပုံ။	၂၀	တိပိဋကဓရ	ဝိသိဋ္ဌ တိပိဋကဓရ။	တိပိဋက ကောဝိဒ။	မဟာတိပိဋက ကောဝိဒ။
ပဥ္စနိကာယပိဋကတ် နိကာယ်ငါးရပ်ပိဋကသုံးပုံ။	၄၀	ပဥ္စနိကာယိက တိပိဋကဓရ။	ဝိသိဋ္ဌပဥ္စ နိကာယိက တိပိဋကဓရ။	ပဥ္စနိကာယိက တိပိဋက ကောဝိဒ။	မဟာပဥ္စ နိကာယိက တိပိဋကကောဝိဒ။

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ဦးဝင်းမောင်၊
နိုင်ငံတော်သမ္မတ၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၂၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်။
(၁၉၆၀ ပြည့်နှစ်၊ အောက်တိုဘာလ ၆ ရက်။)

အမိန့်အရ၊
သာထက်၊
နိုင်ငံတော်သမ္မတ၏ အတွင်းဝန်။

THE MYANMAR TELEGRAPH (AMENDMENT) ACT, 1960.[1]

[Act No. XXIX OF 1960.]
(The 6th October 1960.)

It is hereby enacted as follows: —

1. *(1)* This Act may be called the Myanmar Telegraph (Amendment) Act, 1960.

(2) It shalll come into force on such date as the President may, by notification, appoint.[2]

2. In clause (*6*) of section 3 of the Myanmar Telegraph Act, *for* the words "the Director of Telecommunications" the words "the Director-General of Posts and Telegraphs" ***shall be substituted.***

3. The Myanmar Telegraph (Amendment) Act, 1950 (Act No. XXXVI of 1950) is hereby repealed.

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ဦးဝင်းမောင်၊
နိုင်ငံတော်သမ္မတ၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၂၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်။
(၁၉၆၀ ပြည့်နှစ်၊ အောက်တိုဘာလ ၆ ရက်။)

အမိန့်အရ၊
သာထက်၊
နိုင်ငံတော်သမ္မတ၏ အတွင်းဝန်။

---

1. မြန်မာနိုင်ငံပြန်တမ်း အပိုင်း -၁၊ ၁၉၆၀ ပြည့်နှစ်၊ အောက်တိုဘာလ (၂၂)ရက်၊ စာမျက်နှာ-၁၄၈၀။

2. ဤအက်ဥပဒေသည် ၁၉၆၀ပြည့်နှစ်၊ နိုဝင်ဘာလ (၁)ရက်နေ့မှ စတင်အာဏာတည်သည်။ (သယ်ယူပို့ဆောင်ရေး စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန၊ ကြေးနန်းဌာနခွဲ၏ ၁၇. ၇. ၆၁ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၉၈) (မြန်မာနိုင်ငံပြန်တမ်း အပိုင်း-၁၊ ၁၉၆၁ခုနှစ်၊ စက်တင်ဘာလ (၁၆) ရက်၊ စာမျက်နှာ ၁၀၄၅။)

၁၉၆၀ ပြည့်နှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့ (ပြင်ဆင်ချက်)အက်ဥပဒေ။*

[၁၉၆၀ ပြည့်နှစ်၊ အက်ဥပဒေအမှတ် ၃၀။]
(၁၉၆၀ ပြည့်နှစ်၊ အောက်တိုဘာလ ၆ ရက်)

၁။ ။ ဤအက်ဥပဒေကို၊ ၁၉၆၀ ပြည့်နှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ် ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့ (ပြင်ဆင်ချက်) အက်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ။ ၁၉၅၁ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ် ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့ အက်ဥပဒေ၏ ပုဒ်မ ၃၆ အစား၊ အောက်ပါကို၊ ပုဒ်မ ၃၆ အဖြစ် ထည့်သွင်းရမည်။

"၃၆ ။ ။ (၁) အဖွဲ့သည်၊ နိုင်ငံတော်သမ္မတက သင့်ဆိုသည့် ကာလအပိုင်းအခြားများအတွက် ငွေစာရင်းရှင်းတမ်းအပြင် အခြားရှင်းတမ်းနှင့် အစီရင်ခံစာများကို နိုင်ငံတော်သမ္မတထံ ပေးပို့ရမည်။

စာရင်းများကို စစ်ဆေး ခြင်းနှင့် စာရင်းစစ်ချက် အစီရင်ခံစာ။

(၂) အဖွဲ့သည်၊ မိမိ၏လုပ်ကိုင်ဆောင်ရွက်မှုများနှင့် သက်ဆိုင်သော ငွေစာရင်းများကို၊ နိုင်ငံတော်သမ္မတ၏ သဘောတူညီချက်ဖြင့်၊ နိုင်ငံတော်စာရင်းစစ်ချုပ်က ပြဋ္ဌာန်းသည့် ငွေစာရင်းထားရှိပုံနည်းစံနစ်နှင့် ပုံစံအတိုင်းထားရှိရမည်။

(၃) အဖွဲ့၏ ငွေစာရင်းများကို၊ နိုင်ငံတော်စာရင်းစစ်ချုပ်က နှစ်စဉ်စစ်ဆေးပြီးနောက်၊ စာရင်းစစ်ချက် အစီရင်ခံစာကို၊ ပြည်သူ့လွှတ်တော်သို့ တင်ပြရမည်။ သို့ရာတွင် အဖွဲ့သည်၊ နိုင်ငံတော်စာရင်းစစ်ချုပ်၏ သဘောတူညီချက်ကို ကြိုတင်ရယူပြီးခန့်ထားသော မှတ်ပုံတင်စာရင်းစစ်များအား၊ နိုင်ငံတော်သမ္မတ၏ သဘောတူညီချက်ဖြင့်၊ အဖွဲ့၏ ငွေစာရင်းများကို၊ ကုန်သွယ်လုပ်ငန်းနည်းလမ်းအတိုင်း ကြားဖြတ်စစ်ဆေးစေနိုင်သည်။

(၄) အဖွဲ့၏ရှင်းတမ်းနှင့် ငွေစာရင်းများကို စစ်ဆေးပြီးသည်နှင့် တစ်ပြိုင်နက်၊ အဖွဲ့သည်၊ နိုင်ငံတော်သမ္မတထံသို့၊ ထိုနှစ်ချုပ်ငွေစာရင်းမိတ္တူတစ်စောင်ကို၊ စာရင်းစစ်ချက်အစီရင်ခံစာ မိတ္တူတစ်စောင်နှင့်တကွ တင်ပြရမည်။ ထို့ပြင် ထိုရှင်းတမ်းနှင့် အစီရင်ခံစာအသီးသီး၏ မိတ္တူတစ်စောင်စီကို အဖွဲ့၏ဗဟိုရုံးတွင် လူအများကြည့်ရှုစစ်ဆေးနိုင်ရန်အတွက် ထားရှိရမည်။

(၅) ဤအက်ဥပဒေအရ နိုင်ငံတော်စာရင်းစစ်ချုပ်က ဆောင်ရွက်ရမည့် မည်သည့်ကိစ္စကိုမဆို၊ နိုင်ငံတော်စာရင်းစစ်ချုပ်က ယေဘုယျအမိန့်ဖြင့်ဖြစ်စေ၊ သီးခြားအမိန့်ဖြင့်ဖြစ်စေ အာဏာလွှဲအပ်ထားသည့် ၎င်း၏လက်အောက်အရာရှိက ဆောင်ရွက်နိုင်ရမည်။ သို့ရာတွင် နိုင်ငံတော်စာရင်းစစ်ချုပ်

---

* မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း - ၁၊ ၁၉၆၀ ပြည့်နှစ်၊ အောက်တိုဘာလ (၂၂)ရက်၊ စာမျက်နှာ - ၁၄၀၂။

သည်၊ ခွင့်ရက်ယူထားခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်းကြောင့်ဖြစ်စေ မိမိအလုပ်ခွင်တွင် မရှိသည့် အခါမှတစ်ပါး၊ ဤအက်ဥပဒေအရ ပြည်သူ့လွှတ်တော်သို့ နိုင်ငံတော်စာရင်းစစ်ချုပ်က တင်ပြရမည့် အစီရင်ခံစာကို၊ ၎င်း၏ကိုယ်စားတင်ပြရန် လက်အောက်အရာရှိအား၊ အာဏာလွှဲအပ်ခြင်း မပြုရ။"

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ဦးဝင်းမောင်၊
နိုင်ငံတော်သမ္မတ၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၂၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်။
(၁၉၆၀ ပြည့်နှစ်၊ အောက်တိုဘာလ ၆ ရက်။)

အမိန့်အရ၊
သာထက်၊
နိုင်ငံတော်သမ္မတ၏ အတွင်းဝန်။

THE CITY OF YANGON MUNICIPAL (AMENDMENT) ACT, 1960.*

[Act No. XXXI OF 1960.]

(The 6th October 1960.)

It is hereby enacted as follows: —

1. This Act may be called the City of Yangon Municipal (Amendment) Act, 1960.

2. In section 7 of the City of Yangon Municipal Act hereinafter referred to as the said Act, *for* the word "forty", the word "sixty" *shall be substituted.*

3. *For* sub-section *(1)* of section *27* of the said Act, the following *shall be substituted* as sub-section (*1*), namely: —

"(1) The Corporation shall, with the prior approval of the President of the Union, appoint a fit person to be styled the Commissioner, who shall be the chief executive officer of the Corporation, and to whom all other municipal officers and servants shall be subordinate."

4. *For* sub- section *(1)* of section *29* of the said Act, the following *shall be substituted* as sub-section *(1)*, namely : —

"(1) The Corporation shall, with the prior approval of the President of the Union, appoint fit persons to be —

(*a*) Health Officer, Secretary, Assessor and Chief Accountant ; and

(*b*) Chief Engineer or Engineers in charge of separate departments of Municipal Works."

5. In section *222* of the said Act, *for* the period (.) at the end a comma (,) *shall be substituted* and *thereafter* the following *shall be inserted*, namely : —

* မြန်မာနိုင်ငံပြန်တမ်း အပိုင်း -၁၊ ၁၉၆၀ ပြည့်နှစ်၊ အောက်တိုဘာလ (၂၂)ရက်၊ စာမျက်နှာ-၁၄၈၃

"and the Democratic Local Administration Act, 1953, if in force in such local area at the time it is so included, shall, together with all rules, bye-laws, orders, directions and powers made, issued or conferred under the said Act, cease; to be in force therein, and thereupon such portion of the assets and liabilities of the Local Body constituted under the said Act and having jurisdiction over such local area, shall be transferred to the Corporation or to any other authority, as the President of the Union may, by special or general order, direct."

6. *For* section *223* of the said Act, the following *shall be substituted* as section *223*, namely : —

Power of the President of the Union to suspend, annul or modify action under this Act.

" *223. (1)* The proceedings of the Corporation shall be in conformity with law and the President of the Union may, by order in writing, suspend, annul or modify any resolution or order of the Corporation or of any municipal authority or officer subordinate there to which he considers not to be in conformity with law.

(2). The President of the Union may, by order in writing, suspend, annul or modify any resolution, order or act of the Corporation, if in his opinion, such resolution, order or act is in excess of the powers conferred by law or the execution of the resolution or order, or the doing of the act is likely to lead to a serious breach of the peace or to cause serious injury or annoyance to the public or to any class or body of persons".

7. In sub-section *(3)* of section *228* of the said Act, *for* the words "by the Commissioner", the words "by such person or persons as the President of the Union shall appoint in that behalf" *shall be substituted.*

8. *For* section *229* of the said Act, the following *shall be substituted* as section *229*, namely: —

Power of the President of the Union to make rules.

"*229.(1)*The President of the Union may make rules consistent with this Act to carry out the objects and purposes of this Act.

(2) The power to make rules under this section is subject to the condition of the rules being made after previous publication.

(3) All rules made under this section shall be finally published in the Gazette and shall thereupon have effect as if enacted in this Act."

9. *For* section *230* of the said Act, the following *shall be substituted* as section *230*, namely : —

"*230. (1)* The Corporation may, from time to time, at a special meeting, make bye-laws consistent with this Act and the rules made thereunder to provide for or regulate all or any of the matters enumerated in sections *25* and *26*.

Power of the corporation to make bye-laws.

(2) The power to make bye-laws under this section is subject to the approval of the President of the Union and to the condition of the bye-laws being made after previous publication.

(3) All bye-laws made under this section shall be finally published in the Gazette and shall thereupon have effect as if enacted in this Act."

10. *After* section *230* of the said Act, the following *shall be inserted* as section 230A, namely: —

"*230A.* Schedules I,II, III and IV, as amended from time to time, shall remain in force until such time as the President of the Union may annul them."

Power of the President of the Union to annul Schedules.

11. In section *231* of the said Act, *for* the word "Corporation" the words "President of the Union "*shall be substituted*.

12. Section *232* of the said Act *shall be deleted*.

13. In section *233* of the said Act —

(a) *for* sub-section (1), the following *shall be substituted*, namely: —

"*(1)* The President of the Union may, at any time, require the Corporation to make bye-laws under section 230 in respect of any purpose or matter enumerated in sections *25* and *26*."

(b) in sub-section *(2) for* the word "rules" the word "bye-laws" *shall be substituted*.

(c) in the marginal note therof, *for* the word "rules" the word "bye-laws" *shall be substituted.*

14. In section 234 of the said Act —

(a) *for* the expression " In making a rule under section 230, 231 or 233, sub-sections *(2)* and *(3)*, the Corporation or the President of the Union," the expression "In making a rule under section *229* or section *231* or in making a bye-law under section *230*, the President of the Union or the Corporation," *shall be substitutdd;* and

(b) in the marginal note therof, *for* the word "rules" the words "rules or bye-laws" *shall be substituted.*

15. In section *235* of the said Act, *for* the expression "sections *230, 231* and *233*, sub-sections (*2*) and (*3*)" the expression "sections *229* and *231*" *shall be substituted.*

ပြည်ထောင်စုမြန်မာနိုင်ငံတော်အခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ဦးဝင်းမောင်၊
နိုင်ငံတော်သမ္မတ၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၂၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်။
(၁၉၆၀ ပြည့်နှစ်၊ အောက်တိုဘာလ ၆ ရက်။)

အမိန့်အရ
သာထက်၊
နိုင်ငံတော်သမ္မတ၏ အတွင်းဝန်။

THE PENAL CODE (AMENDMENT) ACT, 1960.*

[Act No. XXXII of 1960.]
(The 15th December 1960.)

It is hereby enacted as follows : —

1. This Act may be called the Penal Code (Amendment) Act, 1960.

2. In section 294A of the Penal Code —

(i) *after* the words "drawing any lottery" occurring in the first paragraph, the words "or promoting or conducting any lottery" *shall be inserted:*

(ii) in the second paragraph —

(a) *for* the words "And whoever" the word "Whoever" *shall be substituted;*

(b) *after* the words "in any such lottery" the words "or to the conduct of any such lottery" *shall be inserted;*

(iii) *after* the second paragraph the following *shall be inserted* as third paragraph; namely : —

"Whoever distributes or offers or advertises for distribution any tickets or chances in any lottery otherwise than by way of sale, upon receipt of the full sale price thereof, as stated on the ticket, shall be punished with fine which may extend to one thousand kyats.

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ဦးဝင်းမောင်၊
နိုင်ငံတော်သမ္မတ၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၂၂ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက်။
(၁၉၆၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၅ ရက်။)

အမိန့်အရ
သာထက်၊
နိုင်ငံတော်သမ္မတ၏ အတွင်းဝန်။

---

* မြန်မာနိုင်ငံပြန်တမ်း အပိုင်း -၁၊ ၁၉၆၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၃၁)ရက်၊ စာမျက်နှာ-၁၉၂၉။

၁၉၆၀ ပြည့်နှစ်၊ ပြည်နယ်များ ရာဇဝတ်တရားဥပဒေအကျိုး သက်ရောက်ရေး အက်ဥပဒေ။*

[၁၉၆၀ ပြည့်နှစ်၊ အက်ဥပဒေအမှတ် ၃၃။]
(၁၉၆၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၅ ရက်)

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ (၁) ဤအက်ဥပဒေကို၊ ၁၉၆၀ ပြည့်နှစ်၊ ပြည်နယ်များရာဇဝတ်တရားဥပဒေအကျိုး သက်ရောက်ရေး အက်ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤအက်ဥပဒေသည်၊ နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့ရက်တွင် စတင်အာဏာတည်ရမည်။

၂။ ။ ရာဇသတ်ကြီးဥပဒေနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေတို့သည်၊ အခါအားလျော်စွာ ပြင်ဆင်ထားသည့်အတိုင်း၊ ကချင်ပြည်နယ်နှင့် ကရင်ပြည်နယ်များတွင် အကျိုးသက်ရောက်ရမည်။

ခြွင်းချက် ။ ။ သို့ရာတွင် အဆိုပါဥပဒေများကို၊ ကချင်ပြည်နယ်တွင် အကျိုးသက်ရောက်စေရာ၌၊ ထိုဥပဒေများနှင့်သက်ဆိုင်သည့် ကချင်တောင်ပေါ်သားများ ရဲဂူလေးရှင်း (The Kachin Hill Tribes Regulation) ရှိ ပြဋ္ဌာန်းချက်များကိုလည်းကောင်း၊ အဆိုပါ ရဲဂူလေးရှင်းအရ ထုတ်ပြန်ထားသည့် အမိန့်ကြော်ငြာစာများကိုလည်းကောင်း ထိခိုက်ခြင်း မရှိစေရ။

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ဦးဝင်းမောင်၊
နိုင်ငံတော်သမ္မတ၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၂၂ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက်။
(၁၉၆၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၅ ရက်။)

အမိန့်အရ
သာထက်၊
နိုင်ငံတော်သမ္မတ၏ ^ တွင်းဝန်။

---

* မြန်မာနိုင်ငံပြန်တမ်း အပိုင်း - ၁၊ ၁၉၆၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၃၁)ရက်၊ စာမျက်နှာ - ၁၉၃၀။

THE CONTROL OF IMPORTS AND EXPORTS (TEMPORARY)* (AMENDMENT) ACT, 1960.

[Act No. XXXV of 1960.]

(The 21st December 1960.)

It is hereby enacted as follows : —

1. This Act may be called the Control of Imports and Exports (Temporary) (Amendment) Act, 1960.

2. In clauses (*e*), (*f*) and (*g*) of sub- section (1A) of section 3 of the Control of Imports and Exports (Temporary) Act, 1947, *for* the words "importers and exporters" the words "importers, exporters and commission agents" *shall be substituted.*

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ဦးဝင်းမောင်၊
နိုင်ငံတော်သမ္မတ၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၂၂ ခုနှစ်၊ ပြာသိုလဆန်း ၅ ရက်။
(၁၉၆၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၁ ရက်။)

အမိန့်အရ
သာထက်၊
နိုင်ငံတော်သမ္မတ၏ အတွင်းဝန်။

---

* မြန်မာနိုင်ငံပြန်တမ်း အပိုင်း - ၁၊ ၁၉၆၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၃၁)ရက်၊ စာမျက်နှာ - ၁၉၇၂

၁၉၆၀ ပြည့်နှစ်၊ ကျေးလက်စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုရန်ပုံငွေ အက်ဥပဒေ။[၁]

[၁၉၆၀ ပြည့်နှစ်၊ အက်ဥပဒေအမှတ် ၃၇။]
(၁၉၆၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၁ ရက်)

နိဒါန်း။ ဆည်မြောင်းဌာန၊ မြေယာကျေးလက်ကြီးပွားတိုးတက်ရေး ကော်ပိုရေးရှင်း၊ အလားတူအစိုးရဌာနနှင့် ကိုယ်စားလှယ်ဌာနတို့က၊ လိုအပ်သောစီမံချက်များ မဆောင်ရွက်နိုင်သော ကျေးလက်ဒေသများတွင်၊ ကောက်ပဲသီးနှံစိုက်ပျိုးရေးနှင့် ကောက်ပဲသီးနှံမဟုတ်သော ပစ္စည်းများထုတ်လုပ်ရေးတိုးတက်လာစေရန်လည်းကောင်း၊ ကျေးလက်စီးပွားရေး တိုးတက်ကောင်းမွန်လာစေရန်လည်းကောင်း ရည်ရွယ်သည့်စီမံကိန်းများ ဆောင်ရွက်ရေးအတွက် ပြဋ္ဌာန်းချက် ပြုလုပ်သင့်သည် တစ်ကြောင်း၊

ထို့ပြင် ဤအက်ဥပဒေ ရည်ရွယ်ချက်များဖြစ်မြောက်အောင် ဆောင်ရွက်ရေးအတွက် ရန်ပုံငွေတစ်ခုတည်ထောင်ထားရှိ၍၊ အာဏာများအပ်နှင်းသင့်သည်လည်းတစ်ကြောင်း။

ထို အကြောင်းများကြောင့်၊ အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ (၁) ဤအက်ဥပဒေကို ၁၉၆၀ ပြည့်နှစ်၊ ကျေးလက်စီးပွားရေး တိုးတက်ဖွံ့ဖြိုးမှုရန်ပုံငွေအက်ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤအက်ဥပဒေသည်၊ နိုင်ငံတော်သမ္မတက၊ အမိန့်ကြော်ငြာစာဖြင့် ပြဋ္ဌာန်းသည့်နေ့ရက်၊ သို့တည်းမဟုတ် နေ့ရက်များနှင့် နယ်မြေများတွင် စတင်အာဏာတည်ရမည်။[၂]

အဓိပ္ပာယ်ဖော်ပြချက်။ ၂။ ။ ဤအက်ဥပဒေတွင်၊ အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏ အဓိပ္ပာယ်နှင့်ဖြစ်စေ မဆန့်ကျင်လျှင် —

(က) "မင်းကြီး" ဆိုသည်မှာ၊ တိုင်းမင်းကြီးကို ဆိုလိုသည်။

(ခ) "ရန်ပုံငွေ" ဆိုသည်မှာ၊ ကျေးလက်စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှု ရန်ပုံငွေကို ဆိုလိုသည်။

၁။ မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း -၁၊ ၁၉၆၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၃၁)ရက်၊ စာမျက်နှာ-၁၉၃၄။

၂။ ဤအက်ဥပဒေသည် ပြည်နယ်များမှအပ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းရှိ ကျန်အလုံးဒေသအားလုံးတွင် ၂၂-၁၂-၆၀ ရက်နေ့မှ စတင်အာဏာတည်သည်။ (ပြည်ထဲရေးဝန်ကြီးဌာန၊ မြို့နယ်အုပ်ချုပ်ရေး ဌာနခွဲ၏ ၂၂-၁၂-၆၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် - ၁၀၁၈)။ (မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း-၁၊ ၁၉၆၁ခုနှစ်၊ ဇန်နဝါရီလ (၇) ရက်၊ စာမျက်နှာ-၁၇။)

(ဂ) "အကျိုးခံစားခွင့်ရှိသူ" ဆိုသည်မှာ၊ ဤအက်ဥပဒေအရ စရိတ်စကများ လက်ခံရန် သဘောတူသောသူတစ်ဦး၊ သို့တည်းမဟုတ် တစ်စုကို ဆိုလိုသည်။
(ဃ) "ခရိုင်" ဆိုသည်မှာ၊ အခွန်တော်နှင့် စီရင်အုပ်ချုပ်မှုကိစ္စများအလို့ငှာ၊ ခရိုင်အဖြစ် ဖွဲ့စည်းထားသည့် နယ်မြေကို ဆိုလိုသည်။
(င) "တိုင်း" ဆိုသည်မှာ၊ အခွန်တော်နှင့် စီရင်အုပ်ချုပ်မှုကိစ္စများအလို့ငှာ၊ တိုင်းအဖြစ် ဖွဲ့စည်းထားသည့် နယ်မြေကို ဆိုလိုသည်။
(စ) "နည်းဥပဒေ" ဆိုသည်မှာ၊ ဤအက်ဥပဒေအရ နိုင်ငံတော်သမ္မတကပြုသည့် နည်းဥပဒေကို ဆိုလိုသည်။
(ဆ) "စရိတ်စကများ" ဆိုသည်မှာ၊ လုပ်ငန်းများတည်ဆောက်ခြင်း၊ ပြုပြင်ခြင်း၊ ကြီးကြပ်ခြင်း၊ သို့တည်းမဟုတ် တိုးတက်ကောင်းမွန်အောင် ပြုလုပ်ခြင်းအတွက် ကုန်ကျစရိတ်များ ကာမိစေရန် ငွေဖြင့်သော်လည်းကောင်း၊ ပစ္စည်းဖြင့်သော်လည်းကောင်း၊ ထုတ်ပေးပြီးနောက် အကျိုးခံစားခွင့်ရှိသူက၊ မိမိ၏ကြိုတင်သဘောတူညီချက်ဖြင့် ခရိုင်ဝန်အမိန့်ချမှတ်သည့် စည်းကမ်းချက်များအရ၊ အမိန့်ချမှတ်သည့် နည်းလမ်းအတိုင်း ပေးဆပ်ရမည့်ချေးငွေနှင့် ကြိုတင်ထုတ်ပေးငွေ အရပ်ရပ်မှစ၍ ၎င်းတို့ပေါ်တွင် အတိုးငွေကို ဆိုလိုသည်။

ရန်ပုံငွေတည်ထောင်ထားရှိခြင်း။

၃။ ။ တိုင်းအသီးသီးအတွက် ကျေးလက်စီးပွားရေး တိုးတက် ဖွံ့ဖြိုးမှုရန်ပုံငွေကို တည်ထောင်ထားရှိရမည့်ပြင်၊ ထို ရန်ပုံငွေသို့ အောက်ပါငွေများကိုလည်း ထည့်သွင်းရမည် —

(က) ဤအက်ဥပဒေအရ မင်းကြီးက၊ ပြည်ထောင်စုအစိုးရထံမှ ရရှိသည့်ငွေအားလုံး။
(ခ) အကျိုးခံစားခွင့်ရှိသူများထံမှ၊ ၎င်းတို့အား အကျိုးဖြစ်ထွန်းစေသည့် စီမံကိန်းအတွက် ကုန်ကျစရိတ်များနှင့် အတိုးအဖြစ်ရရှိသည့်ငွေအားလုံး။
(ဂ) ရန်ပုံငွေနှင့် သက်ဆိုင်သည့် အခြားငွေများ။

ရန်ပုံငွေသုံးစွဲခြင်း။

၄။ ။ ရန်ပုံငွေကို၊ ဤကိစ္စအလို့ငှာပြုသည့် နည်းဥပဒေများနှင့် မဆန့်ကျင်စေဘဲ အောက်ပါကိစ္စအားလုံးအတွက်ဖြစ်စေ၊ တစ်ခုခုအတွက်ဖြစ်စေ အသုံးပြုရမည် —

(က) လယ်ယာစိုက်ပျိုးရေးကိစ္စများအလို့ငှာသော်လည်းကောင်း၊ လယ်ယာစိုက်ပျိုးရေးတွင် ခိုင်းစေသည့် ကျွဲနွားတိရစ္ဆာန်များနှင့် လူများအသုံးပြုရန် အလို့ငှာသော်လည်းကောင်း၊ ရေသိုလှောင်ရေး၊ ရေပေးသွင်းရေးနှင့် ရေဝေငှရေးအတွက် တာတမံများဖို့လုပ် ပြုပြင်ရန်၊ ရေတွင်းရေကန်များ တူးဖော်ပြုပြင်ရန်နှင့် အခြားလုပ်ငန်းများ တည်ဆောက်ပြုပြင်ရန်ကိစ္စ၊

(ခ) ဆည်မြောင်းအတွက်မြေကို သင့်လျော်အောင်ပြုပြင်စီမံရန်၊ တူးမြောင်းငယ်များ ဖောက်လုပ်၊ သို့တည်းမဟုတ် ပြုပြင်ရန်ကိစ္စ၊

(ဂ) လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းတူးဖော်ရေး အသုံးအဆောင်နှင့် စက်ကိရိယာများ ဝယ်ယူခြင်း၊ သို့မဟုတ် ငှားရမ်းခြင်းကိစ္စ၊

(ဃ) လယ်ယာစိုက်ပျိုးရေးကိစ္စများအတွက် ရေသွင်းခြင်း၊ ရေထုတ်ခြင်းကို ဆောင်ရွက်ရန်၊ မပျက်စီးအောင် ထိန်းသိမ်းစောင့်ရှောက်ရန်၊ သို့တည်းမဟုတ် ခုတ်ထွင်ရှင်းလင်းရန်ကိစ္စ၊

(င) အထက်အဆိုပါ လုပ်ငန်းတစ်ခုခုကို အသစ်လဲလှယ်ရန်၊ သို့တည်းမဟုတ် ပြန်လည် တည်ဆောက်ရန်ကိစ္စ၊ သို့တည်းမဟုတ် ထိုလုပ်ငန်းတွင် ပြုပြင်ပြောင်းလဲရန်၊ သို့တည်းမဟုတ် ဖြည့်စွက်ရန်ကိစ္စ၊ ထို့ပြင်

(စ) ကျေးလက်စီးပွားရေး တိုးတက်ဖွံ့ဖြိုးမှုအတွက် မင်းကြီးက ဆုံးဖြတ်သည့် အခြားလုပ်ငန်းများ ဆောင်ရွက်ရန်ကိစ္စ။

စရိတ်စကများပေးဆပ်ရန် ကာလအပိုင်းအခြား။

၅။ ။ ဤအက်ဥပဒေအရ ထုတ်ပေးသည့်စရိတ်စကအားလုံးကို၊ အကျိုးခံစားခွင့်ရှိသူက ခရိုင်ဝန်ဆုံးဖြတ်သည့် နည်းလမ်းအတိုင်း ပေးဆပ်ရမည်။

စရိတ်စကများအရ တောင်းခံခြင်း

၆။ ။ ဤအက်ဥပဒေအရဖြစ်စေ၊ ဤအက်ဥပဒေအရ ပြုသည့်နည်းဥပဒေများအရ ဖြစ်စေ ထုတ်ပေးသည့် စရိတ်စကဟူသမျှကိုလည်းကောင်း၊ ထို စရိတ်စကပေါ်တွင် တောင်းခံနိုင်သည့်အတိုးများရှိလျှင်၊ ထိုအတိုးအားလုံးကိုလည်းကောင်း၊ ထိုစရိတ်စကနှင့် အတိုးကို တောင်းခံရာတွင် ကုန်ကျသည့် စရိတ်များရှိလျှင်၊ ထိုစရိတ်များကိုလည်းကောင်း ခရိုင်ဝန်က အကျိုးခံစားခွင့်ရှိသူ၊ သို့တည်းမဟုတ် ၎င်း၏ခံဝန်သူများထံမှဖြစ်စေ၊ အကျိုးခံစားခွင့်ရှိသူ၊ သို့တည်းမဟုတ် ခံဝန်သူများပိုင်ပစ္စည်းများထံမှဖြစ်စေ ၎င်းက ပေးဆောင်ရန်ရှိသည့် အခွန်တော်မပြေကျန်ငွေ ဖြစ်ဘိသကဲ့သို့အရ တောင်းခံရမည်။

၇။ ။ ဤအက်ဥပဒေပါ ကိစ္စများအလို့ငှာ၊ ခရိုင်ဝန်က စရိတ်စကများ ခွင့်ပြုသော မည်သည့်အမိန့်စာမဆို —

အချို့သောအချက်များတွင် စရိတ်စကများ ထုတ်ပေးရန် ချမှတ်သည့် အမိန့်မှာ အပြီးအပြတ် သက်သေမဖြစ်ခြင်း။

(က) ထိုအမိန့်စာတွင် ဖော်ပြထားသည့် စရိတ်စကများမှာ၊ ဤအက်ဥပဒေအဓိပ္ပာယ် အရ စရိတ်စကများဖြစ်ကြောင်း၊

(ခ) ထိုအမိန့်စာတွင် ဖော်ပြထားသည့် အကျိုးခံစားခွင့်ရှိသူမှာ၊ အဆိုပါ စရိတ်စက များမှ အကျိုးခံစားရသူဖြစ်ကြောင်း

အပြီးအပြတ် သက်သေခံ ဖြစ်စေရမည်။

၈။ ။ (၁) ဤအက်ဥပဒေအရ စရိတ်စကကို၊ သူတစ်ဦးတည်းအားသော်လည်းကောင်း၊ လူတစ်စုအားသော်လည်းကောင်း၊ ထိုစရိတ်စကနှင့် စပ်လျဉ်း၍ ပေးဆပ်ရမည့် ငွေတစ်ရပ်လုံးကို ပေးဆပ်ရန်၊ ၎င်းတို့အားလုံး တွဲဖက်၍ဖြစ်စေ၊ ကိုယ်စီကိုယ်ငှဖြစ်စေ တာဝန်ယူပါသည်ဟူသော စည်းကမ်းချက်အရ ထုတ်ပေးသည့်အခါ၊ ထို့ပြင် ထိုသူတို့ အသီးသီးပေးဆပ်ရန် တာဝန်ရှိသည့်ငွေပေါင်း ဖော်ပြသောစာရင်းကို၊ ထို စရိတ်စကခွင့်ပြုသည့် အမိန့်တွင်ရေးသွင်း၍၊ ဤကိစ္စအလို့ငှာ ထိုသူတို့ အသီးသီးကလည်းကောင်း၊ ထို အမိန့်ချမှတ်သည့် အရာရှိကလည်းကောင်း လက်မှတ်ရေးထိုးခြင်း၊ ကြက်ခြေခတ် အမှတ်မှတ်သားခြင်း၊ သို့တည်းမဟုတ် တံဆိပ်ခတ်နှိပ်ခြင်းပြုသည့်အခါ၊ ထိုစာရင်းသည်၊ ထိုသူတို့ပေးဆပ်ရန် တာဝန်ရှိသည့်ငွေနှင့်စပ်လျဉ်း၍၊ အပြီးအပြတ်သက်သေခံဖြစ်စေရမည်။

အကျိုးခံစားခွင့် ရှိသူများ တွဲဖက်၍ ဖြစ်စေ၊ ကိုယ်စီ ကိုယ်ငှ ဖြစ်စေ တာဝန်ရှိခြင်း။

(၂) ထိုငွေကို ပေးဆပ်ရန် ပျက်ကွက်ခဲ့သော်၊ ပျက်ကွက်သူတို့အပေါ်တွင်၊ အထက်ပါ ပုဒ်မ ၆ ၌ ပြဋ္ဌာန်းထားသည့်နည်းလမ်းအတိုင်း အရေးယူဆောင်ရွက်နိုင်သည့်အပြင်၊ ခရိုင်ဝန်သည် ပေးဆပ်ရန်ရှိသော စရိတ်စကများ ပြေလည်အောင်ပေးဆပ်ခြင်း မပြုသေးသည့် ကာလအတွင်း —

(က) သီးစားချထားရေးအက်ဥပဒေနှင့် ထိုအက်ဥပဒေအရ ပြုသည့် နည်းဥပဒေများ အရ၊ အခွင့်အရေးများကို၊ ပျက်ကွက်သူအား၊ နောက်လာမည့် လယ်ယာစိုက်ပျိုးချိန်တွင် မပေးဘဲ ငြင်းပယ်ရန်သော်လည်းကောင်း၊

(ခ) လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေနှင့် နည်းဥပဒေများအရ ခွင့်ပြုထားသော အခွင့်အရေးများအနက်၊ မြေကို လက်ရှိထားနိုင်ခွင့်နှင့် လုပ်ကိုင်နိုင်ခွင့်မှအပ၊ အခြားကျန်ရှိသော အခွင့်အရေးများကို ပျက်ကွက်သူထံမှ ရုပ်သိမ်းရန်သော်လည်းကောင်း

အရေးယူဆောင်ရွက်စေနိုင်သည်။

ရှင်းလင်းချက် ။ ။ အထက်ပါပုဒ်မ ၈ (၂) အရ ပျက်ကွက်သူဆိုသည်မှာ၊ ပေးဆပ်ရန်ငွေကို အမှန်တကယ် ပျက်ကွက်သူကိုသာ ဆိုလိုသည်။ ဝိုင်းကြီးချုပ်အရ အခြားတာဝန်ရှိသူများ မပါဝင်ချေ။

နည်းဥပဒေများ ပြုနိုင်ခွင့် အာဏာ

၉။ ။ နိုင်ငံတော်သမ္မတသည်၊ အခါအားလျော်စွာ အမိန့်ကြော်ငြာစာဖြင့်၊ အောက်ပါကိစ္စများကို ပြဋ္ဌာန်းရန် ဤအက်ဥပဒေနှင့် ညီညွတ်သော နည်းဥပဒေများ ပြုနိုင်သည် —

(က) လုပ်ငန်းများနှင့် စီမံကိန်းများ အထမြောက်အောင် ဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးခြင်းနှင့် ဆွေးနွေးခြင်း ပြုပြီးနောက်၊ ၎င်းတို့ကို မည်သည့် နည်းလမ်းဖြင့် အဆိုပြုရန် ကိစ္စ။

(ခ) စရိတ်စကများနှင့် ပေးဆပ်ရန်ရှိသောငွေများကို မည်သည့်အရာရှိများက အမိန့် ချမှတ်ရန်ကိစ္စ။

(ဂ) ပေးဆပ်ရန်ရှိသော ငွေများအတွက် မည်သည့်အာမခံမျိုးကို ရယူရန် ကိစ္စ။ ပေးဆပ်ရန်ရှိသောငွေများနှင့် အတိုးများပေးဆပ်ရေးကိစ္စ။ ထို့ပြင် ပေးဆပ်ရန် ရှိသော ငွေများကို မည်သည့်နည်းလမ်းအတိုင်း မည်သည့်အချိန်တွင် ပေးဆပ်ရန် ကိစ္စ။

(ဃ) ကျခံသည့်ကုန်ကျစရိတ်ကို မည်ရွေ့မည်မျှအရစ်ကျဖြင့် မည်သည့်နည်းလမ်း အတိုင်း ပေးဆပ်ရန်ကိစ္စ။

(င) ဤအက်ဥပဒေအရ လုပ်ကိုင်ဆောင်ရွက်မှုနှင့် သက်ဆိုင်သည့် အခြားကိစ္စများ။

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ဦးဝင်းမောင်၊
နိုင်ငံတော်သမ္မတ၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၂၂ ခုနှစ်၊ ပြာသိုလဆန်း ၅ ရက်။
(၁၉၆၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၁ ရက်။)

အမိန့်အရ
သာထက်၊
နိုင်ငံတော်သမ္မတ၏ အတွင်းဝန်။

၁၉၆၀ ပြည့်နှစ်၊ အတွင်း ပြဋ္ဌာန်းခဲ့သောပြည်ထောင်စုမြန်မာနိုင်ငံ နည်းဥပဒေများစာရင်း

အမှတ်စဉ်	နည်းဥပဒေအမည်	မှတ်ချက်
၁။	Amendment to the Municipal Electoral Rules, 1959.	The Municipal Act 1898 ကို စည်ပင်သာယာရေးအဖွဲ့များ ဥပဒေ (အမှတ် ၅/၉၃) ဖြင့် ရုပ်သိမ်းပြီးဖြစ်သော်လည်း စည်ပင်သာယာရေးအဖွဲ့များ ဥပဒေပုဒ်မ ၈၇ အရ စည်ပင်သာယာရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ တည်ဆဲစည်းကမ်းများ၊ အမိန့်များနှင့် ညွှန်ကြားချက်များသည် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ အတည်ဖြစ်စေရမည်ဟု ဖော်ပြထား၍၊ မဆန့်ကျင်လျှင် မပျက်ပြယ်ပါ။
၂။	Amendment to the Mineral Concessions Rules, 1957.	
၃။	The Dock Workers (Regulation of Employment) Rules for the Port of Mawlamyine.	
၄။	၁၉၆၀ ပြည့်နှစ်၊ ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ (မှတ်ပုံတင်) နည်းဥပဒေများ။	၁၉၃၉ ခုနှစ်၊ ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ (မှတ်ပုံတင်)အက်ဥပဒေကို ၁၉၆၂ ခုနှစ်၊ ပုံနှိပ်သူ

၁၉၆၀ ပြည့်နှစ် အတွင်း ပြဋ္ဌာန်းခဲ့သောပြည်ထောင်စုမြန်မာနိုင်ငံ နည်းဥပဒေများစာရင်း

အမှတ်စဉ်	နည်းဥပဒေအမည်	မှတ်ချက်
		များနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေ (အမှတ် ၂၆/၆၂) ဖြင့် ရုပ်သိမ်းပြီး ဖြစ်၍၊ ဤနည်းဥပဒေသည် အလိုအလျောက် ရုပ်သိမ်းပြီးဖြစ်သည်။
၅။	**Amendment to the Myanmar Auditor's Certificate Rules, 1956.**	
၆။	၁၉၆၀ ပြည့်နှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံငွေရင်းနှီးရေး နည်းဥပဒေများ။	၁၉၅၉ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံငွေရင်းနှီးရေးအက်ဥပဒေကို ပုဂ္ဂလိကလုပ်ငန်း လုပ်ပိုင်ခွင့်ဥပဒေ (အမှတ် ၁၂/၇၇)ဖြင့်၊ ရုပ်သိမ်းပြီး ဖြစ်၍၊ ဤနည်းဥပဒေသည် အလိုအလျောက် ရုပ်သိမ်းပြီးဖြစ်သည်။
၇။	၁၉၅၂ ခုနှစ်၊ ပြည်ထောင်စု အသက်အာမခံနည်းဥပဒေများ၏ ပြင်ဆင်ချက်။	၁၉၅၀ ပြည့်နှစ်၊ ပြည်ထောင်စု အာမခံစနစ် အဖွဲ့အက်ဥပဒေကို ၁၉၆၇ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံပြည်သူ့ ဘဏ်ဥပဒေ (အမှတ် ၁/၆၇) ဖြင့် ရုပ်သိမ်းပြီး ဖြစ်သည်။ ၁၉၆၇ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ

၁၉၆၀ ပြည့်နှစ် အတွင်း ပြဋ္ဌာန်းခဲ့သောပြည်ထောင်စုမြန်မာနိုင်ငံ အက်ဥပဒေများစာရင်း

	နည်းဥပဒေအမည်	မှတ်ချက်
		ပြည်သူ့ဘဏ်ဥပဒေကို ဘဏ်ဥပဒေ (အမှတ် ၉/၇၅) ဖြင့် ရုပ်သိမ်းပြီး ဖြစ်သည်။ ဘဏ်ဥပဒေကို မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေ (အမှတ် ၁၅/၉၀) ဖြင့် ရုပ်သိမ်းပြီးဖြစ်သော်လည်း မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥပဒေပုဒ်မ ၁၀၁ တွင် ရုပ်သိမ်းလိုက် သည့် ဘဏ်ဥပဒေ (အမှတ် ၉/၇၅) အရ ဖြစ် စေ၊ အခြားလုပ်ပိုင်ခွင့် တစ်ခုခုအရဖြစ်စေ၊ ပြဋ္ဌာန်းသည့် နည်းဥပဒေများ၊ ထုတ်ပြန်သည့် စည်း မျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များသည် ဤဥပဒေနှင့် မဆန့်ကျင်သမျှ သို့မဟုတ် ရုပ်သိမ်းခြင်း၊ ပယ်ဖျက် ခြင်း မပြုသေးသမျှ ဆက်လက်အကျိုးသက် ရောက်စေရမည့်အပြင်၊ ဤဥပဒေနှင့်အညီ ပြဋ္ဌာန်းသည့် နည်းဥပဒေများ၊ ထုတ်ပြန်သည့် စည်းမျဉ်းများ၊ စည်းကမ်း

၁၉၆၀ ပြည့်နှစ် အတွင်း ပြဋ္ဌာန်းခဲ့သောပြည်ထောင်စုမြန်မာနိုင်ငံ နည်းဥပဒေများစာရင်း

အမှတ်စဉ်	နည်းဥပဒေအမည်	မှတ်ချက်
		များ၊ တမိန့်များ၊ သို့မဟုတ် ညွှန်ကြားချက်များဖြစ်သည်ဟူ၍ မှတ်ယူရမည်ဟု ပြဋ္ဌာန်းထား၍ဤနည်းဥပဒေသည် မဆန့်ကျင်လျှင် မပျက်ပြယ်ပါ။
၈။	**Amendment to the Rules for Working the Floating Jetties, Quays and Godowns at Mawlamyine 1903.**	
၉။	၁၉၅၃ ခုနှစ်၊ ဒီမိုကရေစီဒေသန္တရအုပ်ချုပ်ရေးနည်းဥပဒေများ၏ ပြင်ဆင်ချက်။	၁၉၅၃ ခုနှစ်၊ ဒီမိုကရေစီဒေသန္တရအုပ်ချုပ်ရေးအက်ဥပဒေကို ၁၉၆၆ ခုနှစ်၊ ဒီမိုကရေစီဒေသန္တရအုပ်ချုပ်ရေး အက်ဥပဒေနှင့် ဒီမိုကရေစီ ဒေသန္တရအုပ်ချုပ်ရေး (ရပ်ဆိုင်းခြင်း)အက်ဥပဒေများ ရုပ်သိမ်းသည့် ဥပဒေ (အမှတ် ၆/၆၆) ဖြင့် ရုပ်သိမ်းပြီးဖြစ်၍၊ ဤနည်းဥပဒေသည် အလိုအလျောက်ရုပ်သိမ်းပြီးဖြစ်သည်။
၁၀။	**Amendment to the Myanmar Auditor's Certificate Rules, 1956.**	
၁၁။	Amendment to the Rules under the Land and Revenue Act, 1897.	

၁၉၆၀ ပြည့်နှစ် အတွင်း ပြဋ္ဌာန်းခဲ့သောပြည်ထောင်စုမြန်မာနိုင်ငံ နည်းဥပဒေများစာရင်း

အမှတ်စဉ်	နည်းဥပဒေအမည်	မှတ်ချက်
၁၂။	မြန်မာနိုင်ငံတော် ခရီးစရိတ် နည်းဥပဒေ နောက်ဆက်တွဲ၏ ပြင်ဆင်ချက်။	
၁၃။	၁၉၆၀ ပြည့်နှစ်၊ အလုပ်ခန့်ထားမှု ကန့်သတ်ရေး နည်းဥပဒေများ။	
၁၄။	Amendment to the Myanmar Ferries Rules, 1936.	The Ferries Act, 1898. ကို စည်ပင်သာယာရေး အဖွဲ့များ ဥပဒေ (အမှတ် ၅/၉၃) ဖြင့် ရုပ်သိမ်းပြီး ဖြစ်သော်လည်းစည်ပင်သာယာရေး အဖွဲ့ ဥပဒေ ပုဒ်မ ၈၇ အရ စည်ပင်သာယာရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍ တည်ဆဲ စည်းကမ်းများ၊ အမိန့်များနှင့်ညွှန်ကြားချက်များသည် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ကျင့်သုံးနိုင်သည်ဟု ပြဋ္ဌာန်းထား၍ ဤနည်းဥပဒေ သည် မဆန့်ကျင်လျှင် မပျက်ပြယ်ပါ။

၁၉၆၀ ပြည့်နှစ် အတွင်း ပြဋ္ဌာန်းခဲ့သောပြည်ထောင်စုမြန်မာနိုင်ငံ နည်းဥပဒေများစာရင်း

အမှတ်စဉ်	နည်းဥပဒေအမည်	မှတ်ချက်
၁၅။	၁၉၅၃ ခုနှစ်၊ သီးစားချထားရေးနည်းဥပဒေများ၏ ပြင်ဆင်ချက်။	၁၉၅၃ ခုနှစ်၊ သီးစားချထားရေးအက်ဥပဒေကို ၁၉၆၃ ခုနှစ်၊ သီးစားချထားရေးဥပဒေ (အမှတ် ၈/၆၃) ဖြင့် ရုပ်သိမ်းပြီးဖြစ်၍၊ ဤနည်းဥပဒေသည် အလိုအလျောက် ရုပ်သိမ်းပြီးဖြစ်သည်။
၁၆။	Amendments to the Rules of the Cigarettes Duty Act, 1931.	The Cigarettes Duty Act ကို ဥပဒေများ ရုပ်သိမ်းသည့်ဥပဒေ (အမှတ် ၁/၉၂)ဖြင့် ရုပ်သိမ်းပြီးဖြစ်၍၊ ဤနည်းဥပဒေသည် အလိုအလျောက် ရုပ်သိမ်းပြီးဖြစ်သည်။
၁၇။	တပ်မတော်နည်းဥပဒေများ။	
၁၈။	၁၉၆၀ ပြည့်နှစ်၊ ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ (မှတ်ပုံတင်) နည်းဥပဒေများ၏ ပြင်ဆင်ချက်။	၁၉၅၉ ခုနှစ်၊ ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ (မှတ်ပုံတင်) အက်ဥပဒေကို ၁၉၆၂ ခုနှစ်၊ ပုံနှိပ်သူများနှင့်ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေ (အမှတ် ၂၆/၆၂) ဖြင့် ရုပ်သိမ်းပြီးဖြစ်၍၊ ဤနည်းဥပဒေသည် အလိုအလျောက် ရုပ်သိမ်းပြီးဖြစ်သည်။

၁၉၆၀ ပြည့်နှစ် အတွင်း ပြဋ္ဌာန်းခဲ့သောပြည်ထောင်စုမြန်မာနိုင်ငံ နည်းဥပဒေများစာရင်း

အမှတ်စဉ်	နည်းဥပဒေအမည်	မှတ်ချက်
၁၉။	**Amendment to the Foreign Exchange Regulation Rules.**	
၂၀။	**Amendment to the Myanmar Foreign Service** Leave Rules, 1953.	
၂၁။	**Amendment to the Government Savings Banks Rules.**	**The Government Savings Banks Act** ကို ငွေစုဘဏ်လုပ်ငန်း ဥပဒေ (အမှတ် ၇/၉၂) ဖြင့် ရုပ် သိမ်းပြီးဖြစ်သော်လည်း ငွေစုဘဏ်လုပ်ငန်း ဥပဒေ ပုဒ်မ ၃၆ အရ ငွေစုဘဏ် နှင့်သက်ဆိုင်သော တည်ဆဲနည်းဥပဒေများ သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သရွေ့ ကျင့်သုံးနိုင်သည်ဟု ပြဋ္ဌာန်းထားရှိ၊ ဤနည်းဥပဒေသည်မဆန့်ကျင်လျှင် မပျက်ပြယ်ပါ။
၂၂။	၁၉၆၀ ပြည့်နှစ်၊ အထူးစုံစမ်းစစ်ဆေးမှုအုပ်ချုပ်ရေးအဖွဲ့ (ဥက္ကဋ္ဌနှင့် အမှုထမ်းစည်းကမ်းဆိုင်ရာ) နည်းဥပဒေများ။	ပြည်ထဲရေးဝန်ကြီးဌာန၊ အထူးစုံစမ်းစစ်ဆေးမှုအုပ်ချုပ်ရေးဌာနခွဲ၏ ၁၆. ၈. ၆၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်

၁၉၆၀ ပြည့်နှစ် အတွင်း ပြဋ္ဌာန်းခဲ့သောပြည်ထောင်စုမြန်မာနိုင်ငံ နည်းဥပဒေများစာရင်း

အမှတ်စဉ်	နည်းဥပဒေအမည်	မှတ်ချက်
		၆၅၅ ကို ပြည်ထဲရေးဝန်ကြီးဌာန အထူးစုံစမ်းစစ်ဆေးမှုအုပ်ချုပ်ရေးဌာနခွဲ၏ ၂၃. ၈. ၆၀ ရက်စွဲပါ အမိန့်ကြော်ငြာစာဖြင့် ပယ်ဖျက်လိုက်သဖြင့်၊ ဤနည်းဥပဒေသည် ပျက်ပြယ်ပြီးဖြစ်သည်။
၂၃။	၁၉၆၀ ပြည့်နှစ်၊ အထူးစုံစမ်းစစ်ဆေးမှုအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အခြားအဖွဲ့ဝင်များ၏ အမှုထမ်းစည်းကမ်းဆိုင်ရာ နည်းဥပဒေများ။	
၂၄။	Amendment to the Electricity Board Rules, 1939.	The Electricity Act ကို လျှပ်စစ်ဥပဒေ (အမှတ် ၇/၈၄) ဖြင့် ရုပ်သိမ်းပြီးဖြစ်၍၊ ဤနည်းဥပဒေသည် အလိုအလျောက် ရုပ်သိမ်းပြီးဖြစ်သည်။
၂၅။	Amendment to the Municipal Electoral Rules, 1950.	The Municipal Act, 1898 ကို စည်ပင်သာယာရေးအဖွဲ့များဥပဒေ (အမှတ် ၅/၉၃) ဖြင့် ရုပ်သိမ်း ပြီးဖြစ်သော်လည်း စည်ပင်သာယာရေးအဖွဲ့များ ဥပဒေပုဒ်မ ၈၇ အရ စည်ပင်သာယာရေး

၁၉၆၀ ပြည့်နှစ် အတွင်း ပြဋ္ဌာန်းခဲ့သောပြည်ထောင်စုမြန်မာနိုင်ငံ နည်းဥပဒေများစာရင်း

အမှတ်စဉ်	နည်းဥပဒေအမည်	မှတ်ချက်
		လုပ်ငန်းများနှင့်စပ်လျဉ်း၍ တည်ဆဲစည်းကမ်းများ၊ အမိန့်များနှင့် ညွှန်ကြားချက်များသည် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ အတည်ဖြစ်စေရမည်ဟု ဖော်ပြထား၍၊ ဤနည်းဥပဒေသည် မဆန့်ကျင်လျှင် မပျက်ပြယ်ပါ။
၂၆။	Amendment to the Sales Tax Rules, 1952.	The Sale Tax Act, 1952 ကို ဥပဒေများ ရုပ်သိမ်းသည့် ဥပဒေ (အမှတ် ၁/၉၂) ဖြင့် ရုပ်သိမ်းပြီးဖြစ်၍၊ ဤနည်းဥပဒေသည် အလို အလျောက်ရုပ်သိမ်းပြီး ဖြစ်သည်။
၂၇။	**Amendment to the Myanmar Auditor's Certificate** Rules, 1956.	
၂၈။	လူမျိုးစုလွှတ်တော်လုပ်ငန်းစဉ်နည်းဥပဒေများ၏ ပြင်ဆင်ချက်။	ဤနည်းဥပဒေသည် ၁၉၇၄ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပုဒ်မ ၈၀ (၁)အရ ပြဋ္ဌာန်းသော နည်းဥပဒေဖြစ်၍ ချန်လှပ်ထားပါသည်။

၁၉၆၀ ပြည့်နှစ် အတွင်း ပြဋ္ဌာန်းခဲ့သောပြည်ထောင်စုမြန်မာနိုင်ငံ နည်းဥပဒေများစာရင်း

အမှတ်စဉ်	နည်းဥပဒေအမည်	မှတ်ချက်
၂၉။	၁၉၆၀ ပြည့်နှစ်၊ မြန်မာနိုင်ငံဆေးကောင်စီနည်းဥပဒေများ။	
၃၀။	၁၉၆၀ ပြည့်နှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံဆေးကောင်စီ ငွေရေး ကြေးရေးနှင့် စာရင်းများဆိုင်ရာ နည်းဥပဒေများ။	
၃၁။	Amendment to the Myanmar Wireless Telegraphs Rules, 1937.	
၃၂။	Amendment to the Myanmar Wireless Telegraphy (Possession) Rules, 1937.	
၃၃။	The Myanmar Wireless Telegraphy Licence Charges Rules, 19[illegible].	
၃၄။	Amendment to the Daily Allowance Rules, 1951. (The Foreign Service Travelling Allowance Rules, 1951)	
၃၅။	Amendment to the Myanmar Municipal Rules, 1934.	The Municipal Act, 1898 ကို စည်ပင်သာယာရေးအဖွဲ့များဥပဒေ (အမှတ် ၅/၉၃) ဖြင့် ရုပ်သိမ်းပြီးဖြစ်သော်လည်း စည်ပင်သာယာရေးအဖွဲ့များ ဥပဒေပုဒ်မ ၈၇ အရ စည်ပင်သာယာရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍ တည်ဆဲစည်းကမ်းများ။

၁၉၆၀ ပြည့်နှစ် အတွင်း ပြဋ္ဌာန်းခဲ့သောပြည်ထောင်စုမြန်မာနိုင်ငံ နည်းဥပဒေများစာရင်း

အမှတ်စဉ်	နည်းဥပဒေအမည်	မှတ်ချက်
		အမိန့်များနှင့် ညွှန်ကြားချက်များသည် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ အတည်ဖြစ်စေရမည်ဟု ဖော်ပြထား၍၊ ဤနည်းဥပဒေသည် မဆန့်ကျင်လျှင် မပျက်ပြယ်ပါ။
၃၆။	၁၉၆၀ ပြည့်နှစ်၊ ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ (မှတ်ပုံတင်) နည်းဥပဒေများ၏ ပြင်ဆင်ချက်။	၁၉၅၉ ခုနှစ်၊ ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ (မှတ်ပုံတင်) အက်ဥပဒေကို ၁၉၆၂ ခုနှစ်၊ ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေ (အမှတ် ၂၆/၆၂) ဖြင့် ရုပ်သိမ်းပြီးဖြစ်၍ ဤနည်းဥပဒေသည် အလိုအလျောက် ရုပ်သိမ်းပြီးဖြစ်သည်။
၃၇။	Amendment to the Myanmar Municipal Rules, 1934.	The Municipal Act, 1890 ကို စည်ပင်သာယာရေးအဖွဲ့များဥပဒေ (အမှတ် ၅/၉၃) ဖြင့် ရုပ်သိမ်းပြီးဖြစ်သော်လည်း စည်ပင်သာယာရေးအဖွဲ့များ ဥပဒေပုဒ်မ ၈၇ အရ စည်ပင်သာယာရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍

၁၉၆၀ ပြည့်နှစ် အတွင်း ပြဋ္ဌာန်းခဲ့သောပြည်ထောင်စုမြန်မာနိုင်ငံ နည်းဥပဒေများစာရင်း

အမှတ်စဉ်	နည်းဥပဒေအမည်	မှတ်ချက်
		တည်ဆဲစည်းကမ်းများ၊ အမိန့်များနှင့် ညွှန်ကြားချက်များသည် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ အတည်ဖြစ်စေရမည်ဟု ဖော်ပြထား၍၊ ဤနည်းဥပဒေသည် မဆန့်ကျင်လျှင် မပျက်ပြယ်ပါ။
၃၈။	၁၉၅၃ ခုနှစ်၊ နိုင်ငံတော်စိုက်ပျိုးရေးဘဏ် နည်းဥပဒေများ၏ ပြင်ဆင်ချက်။	၁၉၅၃ ခုနှစ်၊ နိုင်ငံတော်စိုက်ပျိုးရေးဘဏ်အက်ဥပဒေကို ၁၉၆၇ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ ပြည်သူ့ဘဏ် ဥပဒေ (အမှတ် ၁/၆၇) ဖြင့် ရုပ်သိမ်းပြီးဖြစ်သည်။ ၁၉၆၇ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ ပြည်သူ့ဘဏ် ဥပဒေကို ဘဏ်ဥပဒေ (အမှတ် ၉/၇၅) ဖြင့် ရုပ်သိမ်းပြီးဖြစ် သည်။ ဘဏ်ဥပဒေကို မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေ (အမှတ် ၁၅/၉၀) ဖြင့် ရုပ်သိမ်းပြီးဖြစ်သော်လည်း ဗဟိုဘဏ် ဥပဒေ ပုဒ်မ ၁၀၁ တွင် ရုပ်သိမ်း

၁၉၆၀ ပြည့်နှစ် အတွင်း ပြဋ္ဌာန်းခဲ့သောပြည်ထောင်စုမြန်မာနိုင်ငံ နည်းဥပဒေများစာရင်း

အမှတ်စဉ်	နည်းဥပဒေအမည်	မှတ်ချက်
		လိုက်သည့် ဘက်ဥပဒေအရဖြစ်စေ၊ အခြားလုပ်ပိုင်ခွင့်တစ်ခုခုအရဖြစ် စေ၊ ပြဋ္ဌာန်းသည့် နည်းဥပဒေများ၊ ထုတ်ပြန်သည့် စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များသည် ဤဥပဒေနှင့် မဆန့်ကျင်သမျှ သို့မဟုတ် ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်းမပြုသေးသမျှ၊ ဆက်လက်အကျိုးသက်ရောက်စေရမည့်အပြင်၊ ဤဥပဒေနှင့်အညီ ပြဋ္ဌာန်းသည့် နည်းဥပဒေများ၊ ထုတ်ပြန်သည့် စည်းမျဉ်းများ၊ အမိန့်များ သို့မဟုတ် ညွှန်ကြားချက်များ ဖြစ်သည်ဟု မှတ်ယူရမည်ဟု ဖော်ပြထား၍၊ ဤနည်းဥပဒေသည် မဆန့်ကျင်လျှင် မပျက်ပြယ်ပါ။

MINISTRY OF DEMOCRATIZATION OF LOCAL ADMINISTRATION AND LOCAL BODIES

ADMINISTRATIVE BRANCH II

Yangon, the 12th December 1959.

No. 419 (CORRIGENDUM) — In Appendix A to the Municipal Electoral Rules published with this Ministry's Notification No.255, dated the 29th July 1959;*

(1) *Substitute* the word "Seingon" *for* the word "Senigon" in column (3) against Sagaing.

(2) *Substitute* the word "Zebaing" *for* the word "Zabaing" in column (3) against Myinmu.

By order,

BA SAN,

Secretary to the Govt. of the Union of Myanmar,
Ministry of Democratization of Local Administration and Local Bodies.

MINISTRY OF MINES

MINERALS BRANCH

Yangon, the 14th January 1960.

No. 1 Under section 38A of the Land and Revenue Act, section 23A of the Lower Myanmar Towns and Village Lands Act, section 31 of the upper Myanmar Land and Revenue Regulation, section 33 of the Forest Act and section 3 of the Union Mineral Resources (Grant of Right of Exploitation) (Enabling) Act (Act No. 47 of 1949), the President directs that the following amendment shall be made to the Mineral Concessions Rules published with Ministry of Mines Notification No. 27, dated the 18th November 1957:—*

1. In Schedule A to the said rules, *after* the existing item "Rock crystal" the following *shall be inserted* namely:—

"Tin ore ... 5 per cent from the 28th December 1959 on the sale value at the pit's mouth or on the surface of the dressed ore or metal, convertible at the option of the President to an equivalent charge per ton to be fixed annually or for a term on such basis of valuation as may be agreed with the licensee or lessee."

2. In Schedule A to the said rules, *for* the existing entry in second column against "all other minerals not specified above" the following *shall be substituted* namely:—

"2½ per cent from the 28th December 1959 to 27th December 1960

* မြန်မာနိုင်ငံပြန်တမ်း အပိုင်း-၁၊ ၁၉၆၀ ပြည့်နှစ် ဇန်နဝါရီလ (၂၃)ရက်၊ စာမျက်နှာ - ၆၈

and thereafter 5 percent on the sale value at the pit's mouth or on the surface of the dressed ore or metal convertible at the option of the President to an equivalent charge per ton to be fixed annually or for a term, on such basis of valuation as may be agreed with the licensee or lessee."

By order,

MAUNG GYEE,

Addl. Secretary to the Govt. of the Union of Myanmar,

Ministry of Mines.

MINISTRY OF LABOUR

LABOUR BRANCH (I)

Yangon, the 11th January 1960.

No. 4 — In exercise of the powers conferred by clause 22 of the Dock Workers (Regulation of Employment) Scheme, 1951, the President makes the following rules: —

THE DOCK WORKERS (REGULATION OF EMPLOYMENT) RULES FOR THE PORT OF MAWLAMYINE[°]

1. ***Hours of Work.*** — Normally a dock worker shall not work for more than 8 hours per day and more than 48 hours in a week. There shall be a break of at least half an hour after continuous work for 5 hours.

2. ***Overtime Work.*** — Overtime work shall be permitted for not more than 2½ hours between 6 a.m and 6 p.m. and for not more than 2 hours between 6 p.m and 6 a.m.

3. ***Wages for Overtime Work.*** — Overtime work shall be paid for at the following rates: —

			K		
Ordinary Labourer	......	......	0.80	per	hour
Kamali	......	......	1.15	"	"
Winchman	......	......	1.15	"	"
Gaung	......	......	1.45	"	"

° မြန်မာနိုင်ငံပြန်တမ်း အပိုင်း-၁ ၊ ၁၉၆၀ ပြည့်နှစ် ဇန်နဝါရီလ (၂၃)ရက်၊ စာမျက်နှာ - ၈၃။

4. ***Wage Rates.*** — The following shall be the wage rates: —

		K
Labourer	....	3.95
Winchman	....	5.30
Kamali	....	5.65
Gaung	....	7.50

5. ***Guaranteed Wages.*** — The Administrative Committee shall within one year of its operation fix a suitable minimum monthly wage for each registered dock worker. The Dock Labour Board shall make good the difference should the earnings of a registered dock worker fall below the guaranteed minimum; provided that the worker was available from the time he was called for work.

6. ***Calling Fees:*** — All registered dock workers when called for by the Administrative Committee will be paid calling fees at the rate of 75 pyas when no work was available for that day. The payment referred to in this rule shall be borne by the Dock Labour Board.

7. **Payment of Wages.** — Wages and calling fees shall be paid daily by the registered employers to the registered dock workers concerned directly. The Administrative Committee shall determine the places at which payment shall be made to registered dock workers. The system of payment shall be reviewed by the Dock Labour Board from time to time.

8. ***Penalties.*** — A scale of fines which may be imposed on workers shall be prescribed by the Administrative Committee with the approval of the Dock Labour Board.

9. ***Provident Fund.*** — A year after the enforcement of the Scheme the question of establishment of a Provident Fund shall be considered by the Dock Labour Board.

10. ***Number of Registered Workers.*** — Number of registered dock workers shall be not more than 360.

11. The Administrative Committee shall submit an annual report to the Dock Labour Board within two months of the expiry of the year under report.

By order,

SEIN MYINT,

Secretary to the Govt. of the Union of Myanmar,

Ministry of Labour.

MINISTRY OF EDUCATION
UNESCO AND GENERAL BRANCH

Yangon, the 3rd February 1960.

No. 9 — In exercise of the powers conferred by sub-section (2) of section 144 of the Myanmar Companies Act, the President directs that the following amendment shall be made in the Myanmar Auditor's Certificate Rules, 1956. namely: —*

After the proviso to Rule 26 of the Myanmar Auditor's Certificate Rules, 1956. the following shall be inserted as the second proviso namely: —

" Provided further that without prejudice to the other provisions herein contained, *and as a special concession up to the end of 1962 only,* candidates who have passed the 1st Examination may be allowed to sit for the Final Examination before, after or during the required period of service under articles."

This Notification shall be deemed to have come into effect on the 1st January 1960.

By order,

BA KYAW,

Secretary to the Govt. of the Union of Myanmar,

Ministry of Education.

---

* မြန်မာနိုင်ငံပြန်တမ်း အပိုင်း-၁ ၁၉၆၀ ပြည့်နှစ် ဖေဖော်ဝါရီလ (၆)ရက် စာမျက်နှာ - ၁၄၃။

အလုပ်သမားဝန်ကြီးဌာန
အလုပ်သမားဌာနခွဲ (၁)

ရန်ကုန်မြို့၊ ၁၃၂၁ ခု၊ တပို့တွဲလပြည့်ကျော် ၆ ရက်။
(၁၉၆၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်။)

အမှတ် ၂၁။ ။ ၁၉၅၀ ပြည့်နှစ်၊ ပြည်ထောင်စုအာမခံစနစ်အဖွဲ့အက်ဥပဒေ၏ ပုဒ်မ ၂၂ ဖြင့် အပ်နှင်းထားသော အာဏာများကို သုံးစွဲလျက်၊ နိုင်ငံတော်သမ္မတသည်၊ အိမ်ရာဆောက်လုပ် ရေးနှင့် အလုပ်သမားဝန်ကြီးဌာန (အလုပ်သမားဌာနခွဲ ၃) ၏ ၁၉၅၂ ခု၊ ဇက်တင်ဘာလ ၉ ရက်နေ့စွဲ ပါ အမိန့်ကြော်ငြာစာအမှတ် ၆၇ ဖြင့် ထုတ်ပြန်ကြေညာထားသည့် ၁၉၅၂ ခုနှစ်၊ ပြည်ထောင်စုအသက် အာမခံနည်းဥပဒေများတွင် အောက်ပါပြင်ဆင်ချက်များကို ပြုလုပ်လိုက်သည်။ *

၁။ နည်းဥပဒေ ၂ တွင် —

(က) အပိုဒ် (ည) အစား၊ အောက်ပါကို အပိုဒ် (ည) အဖြစ် ထည့်သွင်းရမည်။

"(ည) 'လစာ' ဆိုသည်မှာ၊ အမြဲတမ်းရာထူးတစ်ခုတွင် အမြဲတမ်းခန့်ထားခြင်း ခံရပြီးသူ ပြည်သူ့ဝန်ထမ်းတစ်ဦးအမြဲတမ်းအဖြစ် ထမ်းရွက်နေလျှင် ရရှိရမည့် အခြေခံလစာကိုလည်းကောင်း၊ အမြဲတမ်းခန့်ထားခြင်းမခံရသေးသော ယာယီပြည်သူ့ဝန်ထမ်းတစ်ဦးအမြဲတမ်းဖြစ်လျှင်၊ ရရှိနိုင်မည့် လစာကို လည်းကောင်း ဆိုလိုသည်။

(ခ) အပိုဒ် (ဌ) တွင် "နည်းဥပဒေ ၄" ဆိုသည့်စကားရပ်အစား "နည်းဥပဒေ ၃" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

၂။ နည်းဥပဒေ ၃ ကို ပယ်ဖျက်ရမည်။

၃။ နည်းဥပဒေ ၄ ကို၊ နည်းဥပဒေ ၃ အဖြစ် ပြန်လည်အမှတ်စဉ်၍ ထိုသို့ပြန်လည်အမှတ် စဉ်ထားသည့် နည်းဥပဒေ ၃ တွင် —

---

* မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း-၁၊ ၁၉၆၀ ပြည့်နှစ်၊ မတ်လ (၅)ရက်၊ စာမျက်နှာ - ၂၆၁။

(က) နည်းဥပဒေခွဲ (၁) ၌ "ထားသည့်" ဆိုသည့်စကားရပ်အစား၊ "စတင်ထားရှိရမည့်" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

(ခ) နည်းဥပဒေခွဲ (၂) တွင် "အထက်နည်းဥပဒေ ၄(၁)" ဆိုသည့် စကားရပ်အစား၊ "နည်းဥပဒေခွဲ (၁)" ဆိုသည့် စကားရပ်ကို ထည့်သွင်း၍၊ နည်းဥပဒေခွဲ (၂) ၏ အဆုံး၌ "ယင်းသို့ထားရှိရမည့် အာမခံငွေသည်၊ ၂၅၀ နှင့်စား၍ ပြတ်သောငွေ အရေအတွက်ဖြစ်ရမည်" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

၄။ နည်းဥပဒေ ၅ ကို နည်းဥပဒေ ၄ အဖြစ် ပြန်လည်အမှတ်စဉ်၍ ထိုသို့ ပြန်လည်အမှတ်စဉ်ထားသည့် နည်းဥပဒေ ၄ တွင် "နည်းဥပဒေ ၄" ဆိုသည့် စကားရပ်အစား၊ "နည်းဥပဒေ ၃" ဆိုသည့် စကားရပ်ကိုထည့်သွင်းရမည့်ပြင်၊ အောက်ပါခြွင်းချက်ကို ထည့်သွင်းရမည်။

"ခြွင်းချက်။ ။ သို့ရာတွင် ၁၉၆၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့ကျော်လွန်ပြီးနောက်၊ အဖွဲ့တွင် အာမခံထားရှိခြင်းမပြုဘဲ၊ အခြားအာမခံလက်ခံသူတစ်ဦးဦးတွင် အသက်အာမခံထားရှိလျှင်၊ ထိုကဲ့သို့ အာမခံထားရှိသည့်ငွေအတွက် ဤနည်းဥပဒေအရ ကင်းလွတ်ခွင့်ပေးမည်မဟုတ်။"

၅။ နည်းဥပဒေ ၄ နောက်တွင် အောက်ပါကို နည်းဥပဒေ ၅ အဖြစ် ထည့်သွင်းရမည်။

"၅။ အာမခံထားသော ပြည်ထောင်စု ပြည်သူ့ဝန်ထမ်း၏လစာသည်၊ နည်းဥပဒေ ၃ (၁) အရ အာမခံစတင်ထားရှိသည့်နေ့ရက်တွင်ရရှိခဲ့သော လစာထက် ကျပ်ငါးဆယ်ထက် မနည်းအမြဲတမ်းတိုးသောအခါ၊ ထိုဝန်ထမ်းသည်၊ ယင်းသို့တိုးသောငွေ၏ ရာခိုင်နှုန်း တစ်ဆယ်နှင့်လုံလောက်သည့် အခြေခံအစိတ်တစ်စိတ်ဖြစ်သော ငွေကျပ် ၂၅၀ သော်လည်းကောင်း၊ ထိုအစိတ်၏ ရနိုင်သမျှ အလီပေါင်း သော်လည်းကောင်း၊ ထပ်တိုး အာမခံထားရှိရမည်။

သို့သော် ပြည်သူ့ဝန်ထမ်းတစ်ဦးသည်၊ နည်းဥပဒေ ၃(၁) အရ မိမိလစာအလိုက်၊ အနည်းဆုံး စတင်ထားရှိရမည့် အာမခံငွေထက် ပိုမိုထားရှိပြီးဖြစ်ခဲ့သော်၊ ဤနည်းဥပဒေအရ ထပ်တိုးအာမခံထားရန်လိုသောငွေကို၊ ပိုမိုထားရှိပြီးဖြစ်သော အာမခံငွေနှင့် အမျှသာ ကင်းလွတ်ခွင့် ပြုရမည်။ ထို့ပြင် အာမခံငွေကျပ် ၁၂,၀၀၀ ထိ သော်လည်းကောင်း၊ ထိုငွေထက်ပိုမို၍သော်လည်းကောင်း၊ အသက် အာမခံထားပြီးဖြစ်သော ပြည်သူ့ဝန်ထမ်းတစ်ဦးအတွက်၊ ဤနည်းဥပဒေအရ ထပ်တိုး အာမခံ ထားရှိရန်မှာ၊ မိမိ၏ သဘောအတိုင်းသာ ဖြစ်ရမည်။"

၆။ နည်းဥပဒေ ၇ (၂) တွင် "အစိုးရငွေတိုက်၊ သို့တည်းမဟုတ် လက်အောက်ငွေတိုက်မှ သော်လည်းကောင်း၊ စာပို့တိုက်မှသော်လည်းကောင်း၊ ရွာသူကြီးထံမှသော်လည်းကောင်း" ဆိုသည့် စကား ရပ်ကို ပယ်ဖျက်ရမည်။

၇။ နည်းဥပဒေ ၈ (၁) တွင်၊ "အစိုးရငွေတိုက်တွင်သော်လည်းကောင်း" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၈။ နည်းဥပဒေ ၉ (၃)၊ အပိုဒ် (င) အစား အောက်ပါကို အပိုဒ် (င) အဖြစ် ထည့်သွင်းရမည်။

"(င) ဖခင်၊ သို့တည်းမဟုတ် ဤကိစ္စအလို့ငှာ အဖွဲ့က အာဏာအပ်နှင်းထားသောအဖွဲ့၏ အရာထမ်းတစ်ဦးဦးကဖြစ်စေ၊ အဖွဲ့၏ ကိုယ်စားလှယ်တစ်ဦးဦးကဖြစ်စေ၊ ဖခင်ကို စစ်ဆေးပြီး အသက်မှန်ကန်ကြောင်း လက်မှတ်ရေးထိုးထားသည့် သက်သေခံ လက်မှတ်။"

၉။ နည်းဥပဒေ ၁၃ (၁) အဆုံးတွင်၊ အောက်ပါကို ထည့်သွင်းရမည်။

" ပရီမီယံငွေကို လစာမှ နုတ်ယူရာတွင်၊ လစာစာရင်းလက်မှတ် ရေးထိုးရသည့် ဆိုင်ရာ တာဝန်ခံအရာရှိက၊ အကြောင်းတစ်ခုခုကြောင့်သော်လည်းကောင်း၊ မှားယွင်း၍သော် လည်းကောင်း၊ ကျသင့်သောပရီမီယံငွေထက်လျော့နည်း၍ နုတ်ယူမိသောအခါ၊ ထို တာဝန်ခံအရာရှိက၊ အဖွဲ့လက်ခံနိုင်သည့် အကြောင်းပြချက်ကို ပြနိုင်လျှင်၊ ပေါ်လစီ သည် မပျက်စေရ၊ လျော့နည်း၍ နုတ်ယူမိသောကြောင့် ပေးရန်ကျန်ရှိနေသည့် ပရီမီယံကျန်ငွေများကို၊ အဖွဲ့က ဤကိစ္စအလို့ငှာ အာဏာလွှဲအပ်ထားသော အဖွဲ့၏ အရာထမ်းက သင့်တော်သလို သတ်မှတ်သည့်နည်းလမ်းအတိုင်း၊ အမြန်ပြန်လည် ပေးသွင်းစေရမည်။ ကျန်ငွေများ မပြေလည်မီ၊ ပြည်သူ့ဝန်ထမ်းသေဆုံးလျှင်၊ အဖွဲ့က ပေးရန်ရှိသည့် ရသင့်ရထိုက်သော တောင်းခံသည့်ငွေထဲမှ မပြေကျန်ရှိသေးသည့် ပရီမီယံငွေများကို နုတ်ယူရမည်။"

၁၀။ (၁) နည်းဥပဒေ ၁၃(၄) တွင် "စာပို့တိုက်မှ ငွေလွှဲလက်မှတ်နှင့်" ဆိုသည့် စကားရပ်အစား၊ "စာပို့တိုက်မှ ငွေလွှဲလက်မှတ်နှင့်သော်လည်းကောင်း၊ အစိုးရငွေတိုက်မှ ငွေလွှဲလက်မှတ်ဖြင့်သော်လည်းကောင်း" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။ ထို့ပြင် အဆိုပါနည်းဥပဒေ ၁၃(၄) ၏ အဆုံးတွင် အောက်ပါကို ထည့်သွင်းရမည်။

"ငွေလွှဲလက်မှတ်နှင့်ငွေကိုရကြောင်း စာပို့တိုက်က ထုတ်ပေးသည့်ပြေစာပေါ်တွင် တံဆိပ်ရိုက်နှိပ်ထားသည့်နေ့စွဲ၊ အဖွဲ့၏ ရုံးခွဲတွင် ပေးသွင်းသောနေ့စွဲ၊ အဖွဲ့က အာဏာအပ်နှင်းထားသည့် ဘဏ်တွင် ပေးသွင်းသောနေ့စွဲ၊ သို့တည်းမဟုတ် အစိုးရငွေတိုက်မှ ငွေလွှဲလက်မှတ်ဖြင့် ပေးသွင်းသော်၊ ယင်းငွေလွှဲလက်မှတ်နေ့စွဲကို၊ အဖွဲ့သို့ ပရီမီယံ ပေးသွင်းသောနေ့ဟု အသိအမှတ်ပြုရမည်။"

၁၁။ နည်းဥပဒေ ၁၄(က) ကို၊ နည်းဥပဒေ ၁၄ ၏ နည်းဥပဒေခွဲ (၁) အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

၁၂။ နည်းဥပဒေ ၁၄ (ခ) ကို၊ နည်းဥပဒေ ၁၄ ၏ နည်းဥပဒေခွဲ (၂) အဖြစ် ပြန်လည်အမှတ်စဉ်၍၊ ထိုသို့ပြန်လည်အမှတ်စဉ်ထားသည့် နည်းဥပဒေခွဲ (၂)တွင် "၎င်းအခွင့်အရေး" ဆိုသည့် စကားရပ်အစား "နည်းဥပဒေခွဲ (၁) တွင် ပါရှိသည့် အခွင့်အရေး" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

၁၃။ နည်းဥပဒေ ၁၄ နောက်တွင် အောက်ပါကို နည်းဥပဒေ ၁၄ (က) အဖြစ် ထည့်သွင်းရမည်။

" ၁၄ (က)။ ။ မကျန်းမာမှုကြောင့် လစာမဲ့ခွင့်ရက်နှင့်နေရ၍ ပရီမီယံမပေးသွင်းနိုင်ပါက၊ သက်ဆိုင်ရာလစာထုတ်ပေးရေး အရာရှိမှတစ်ဆင့်၊ အဖွဲ့သို့ မကျန်းမာကြောင်း ဆရာဝန်၏ ဆေးလက်မှတ်မိတ္တူတင်ပြလျှင်၊ ဆရာဝန်သတ်မှတ်သည့် ၁၂ လထက် မပိုသော ကာလအပိုင်းအခြားအတွက်၊ ပေါ်လစီသည် မပျက်စေရ။ ပြန်လည်အမှုထမ်းသည့်အခါ၊ ပရီမီယံကျန်ငွေများကို၊ ပျက်ကွက်သည့်လပေါင်းနှင့်ညီမျှသော အရစ်ကျဖြင့်၊ လစာထဲမှ နုတ်ယူရမည်။ မကျန်းမာမှုကြောင့် မဟုတ်ဘဲ၊ အခြားအကြောင်းများကြောင့် ပရီမီယံပေးသွင်းရန် ပျက်ကွက်သည့်အတွက် ပေါ်လစီပျက်လျှင် အဖွဲ့

၏ အုပ်ချုပ်ရေးမှူးသည်၊ ပင်စင်လစာ ပေးသွင်းရန် ပျက်ကွက်သည့်အကြောင်းများကို စုံစမ်းစစ်ဆေးပြီးလျှင်၊ အကြောင်းလုံလောက်သည်ဟု ကျေနပ်ပါက၊ သင့်တော်သည့် စည်းကမ်းချက်ဖြင့် ပေါ်လစီကို ဆက်လက်အတည်ဖြစ်စေနိုင်သည်။"

၁၄။ နည်းဥပဒေ ၁၆ တွင် "အောက်ဖော်ပြပါနှုန်းများအတိုင်း အစိုးရက ထောက်ပံ့ငွေ ထည့်ဝင်ရမည်" ဆိုသည့်စကားရပ်အစား၊ "အောက်ဖော်ပြရာပါ နှုန်းများအတိုင်း ထောက်ပံ့ငွေအဖြစ် ဖြင့် အစိုးရက ထည့်ဝင်သည့်ငွေကို ခုနှိမ်၍ ပေးရန်ကျန်ရှိသော ပရီမီယံကို အဖွဲ့က ယူရမည်" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။"

၁၅။ နည်းဥပဒေ ၁၇ နောက်တွင်၊ အောက်ပါတို့ကို နည်းဥပဒေ ၁၇(က)၊ ၁၇ (ခ)၊ ၁၇(ဂ)၊ ၁၇(ဃ) နှင့် ၁၇ (င) အဖြစ် ထည့်သွင်းရမည်။

"၁၇ (က) ပြည်သူ့ဝန်ထမ်းတစ်ဦးသည်၊ ပြည်သူ့ဝန်ထမ်းအဖြစ်မှ ရပ်စဲခဲ့ပြီး၊ ပြည်သူ ပြည်သား အဖြစ်ဖြင့်၊ ပရီမီယံများကို ဆက်လက်ပေးသွင်းရန် ရွေးချယ်ခဲ့သော်၊ ရပ်စဲသော လအတွက်၊ လဆန်း ၁ ရက်နေ့တွင် ပြည်သူ့ဝန်ထမ်းအဖြစ်ဖြင့် ပေးပြီး ဖြစ်ခဲ့သော ပရီမီယံငွေကို ပြန်လည်တွက်ချက်ခြင်းမပြုရ။

၁၇ (ခ) အစိုးရဌာနတစ်ခုမှ အခြားတစ်ခုသို့ ရွှေ့ပြောင်းအမှုထမ်းသည့် ပြည်သူ့ဝန်ထမ်း တစ်ဦးအတွက်၊ ဒုတိယဌာနက ကျသင့်သည့် ပရီမီယံငွေကို လစာမှ နုတ်ယူခြင်း မပြုမိခဲ့၍ ပရီမီယံမပေးဖြစ်ခဲ့သော်၊ ထိုပရီမီယံကျန်ငွေများသည်၊ ၆ လအတွက် ထက်မပိုပါက၊ ပေါ်လစီသည် မပျက်စေရ။ ထိုကျန်ငွေများကို ပျက်ကွက်သည့် လပေါင်းနှင့်ညီမျှသော အရစ်ကျဖြင့် ခုနှိမ်၍ ပြန်လည်ပေးဆပ်ရမည်။

၁၇ (ဂ) အစိုးရဌာနတစ်ခုမှ နုတ်ထွက်၍ အခြားတစ်ခုသို့၊ နုတ်ထွက်သည့်နေ့မှနှစ်လ အတွင်း၊ ရွှေ့ပြောင်းအမှုထမ်းသည့် ပြည်သူ့ဝန်ထမ်းတစ်ဦးမှာ ကျသင့်သည့် ပရီမီယံ ကို၊ ပြည်သူ့ဝန်ထမ်းအဖြစ်ဖြင့်၊ ဆက်လက်ပေးခွင့်ရှိသည့်ပြင်၊ နည်းဥပဒေ ၁၇ (ခ) တွင် ဖော်ပြထားသည့် အခွင့်အရေးကိုပါ ရရှိရမည်။

၁၇ (ဃ) ပြည်သူ့ဝန်ထမ်းတစ်ဦးသည်၊ အစိုးရဌာနတစ်ခုမှ ဒေသန္တရအဖွဲ့ တစ်ခုခုသို့ ရွှေ့ပြောင်းအမှုထမ်းရာတွင်၊ ပြင်ပအမှုထမ်းအဖြစ်ဖြင့် (On Foreign Service) ရွှေ့ပြောင်းခြင်းဖြစ်ပါက၊ သို့တည်းမဟုတ် အက်ဥပဒေ၏ ပုဒ်မ ၂၀ အရ နိုင်ငံတော်

သမ္မတက၊ အမိန့်ထုတ်ပြန်ကြေညာပြီးဖြစ်သော ဒေသန္တရအဖွဲ့တစ်ခုခုသို့ ရွှေပြောင်း အမှုထမ်းခြင်းဖြစ်ပါက၊ ပြည်သူ့ဝန်ထမ်းအဖြစ်ဖြင့် အာမခံဆက်လက် ထားရှိနိုင်သည်။

၁၇ (င) ပြည်သူ့ဝန်ထမ်းတစ်ဦးသည်၊ ပေါ်လစီစတင်အတည်ဖြစ်သည့်နေ့မှ ၃ နှစ်အတွင်း၊ အလုပ်သက်ပြည့်၍ အငြိမ်းစားပင်စင် (Retiring Pension) ယူလျှင်သော်လည်းကောင်း၊ မမာပင်စင် (Invalid Pension) ယူလျှင်သော်လည်းကောင်း၊ ပရိမီယံများကို ပြည်သူ့ဝန်ထမ်းအဖြစ်ဖြင့် ၃ နှစ်ပြည့်သည့်အထိ၊ ဆက်လက်ပေးခွင့်ပြုရမည်။

၁၆။ နည်းဥပဒေ ၁၈ တွင် "နည်းဥပဒေ ၄" ဆိုသည့်စကားရပ်အစား၊ "နည်းဥပဒေ ၃" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

၁၇။ နည်းဥပဒေ ၁၉ တွင် "ခြောက်လတစ်ကြိမ် ၆ ၁/၄ ရာခိုင်နှုန်းနှင့် နှစ်ထပ်တိုးယူရမည်" ဆိုသည့်စကားရပ်အစား "တစ်နှစ်လျှင် ၆ ၁/၄ ရာခိုင်နှုန်းနှင့် အတိုးယူရမည်။ အတိုးကိုမူ ခြောက်လတစ်ကြိမ်အဖွဲ့သို့ ပေးရမည်" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

၁၈။ နည်းဥပဒေ ၂၂ တွင်၊ "ထိုက်သင့်သော တောင်းခံသည့်ငွေကို" ဆိုသည့် စကားရပ်အစား၊ "အဖွဲ့က ရသင့်ရထိုက်သော တောင်းခံသည့်ငွေကို" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

၁၉။ နည်းဥပဒေ ၂၄ ကို၊ နည်းဥပဒေ ၂၄ ၏ နည်းဥပဒေခွဲ (၁) အဖြစ် ပြန်လည်အမှတ်စဉ်၍ အောက်ပါကို နည်းဥပဒေခွဲ (၂) အဖြစ် ထည့်သွင်းရမည်။

"(၂) နည်းဥပဒေခွဲ (၁) အရ အဖွဲ့၏ အသက်အာမခံရန်ပုံငွေပိုင် ပစ္စည်းများနှင့်ပေးရန်ရှိသော ငွေများ၏ တန်ဖိုးကို၊ ပထမအကြိမ်မြှတ်ခြင်းကို၊ ၁၉၅၅-၅၆ ခု ဘဏ္ဍာရေးနှစ် ကုန်ဆုံးသည့် ၁၉၅၆ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့တွင် တည်ရှိသော အခြေအနေပေါ်တွင် ပြုလုပ်ရမည်။"

၂၀။ နည်းဥပဒေ ၂၇ တွင်၊ "တစ်နှစ်လျှင် ၆၁ ရာခိုင်နှုန်းနှင့် ခြောက်လတစ်ကြိမ် နှစ်ထပ်တိုးပေးရမည့်ပြင်" ဆိုသည့်စကားရပ်အစား၊ "တစ်နှစ်လျှင် ၆၁ ရာခိုင်နှုန်းနှင့်အတိုးပေးရမည့်ပြင်" ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

၂၁။ နည်းဥပဒေ ၂၉ နောက်တွင်၊ အောက်ပါကို နည်းဥပဒေ ၃၀ အဖြစ် ထည့်သွင်းရမည်။

"၃၀။ ဤနည်းဥပဒေများတွင် ပြဋ္ဌာန်းထားသည့် စည်းကမ်းချက်တစ်ခုခုကို လိုက်နာရန် ပျက်ကွက်သည့်အတွက် ပေါ်လစီရှင်တစ်ဦးဦး၏ ပေါ်လစီပျက်လျှင်၊ သို့တည်းမဟုတ် အခွင့်အရေးဆုံးရှုံးလျှင် အဖွဲ့သည်၊ ထိုသို့ပေါ်လစီပျက်ခြင်း၊ သို့တည်းမဟုတ် အခွင့်အရေးဆုံးရှုံးခြင်းနှင့် စပ်လျဉ်းသည့်ကိစ္စကို စုံစမ်းစစ်ဆေးပြီးလျှင်၊ သင့်လျော်သည့် ဆုံးဖြတ်ချက်ကို ချမှတ်နိုင်သည်။"

အမိန့်အရ

စိန်မြင့်

အတွင်းဝန်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

အလုပ်သမားဝန်ကြီးဌာန၊

MINISTRY OF MARINE AND CIVIL AVIATION
MARINE BRANCH

Yangon, the 7th March 1960.

No. 23 — In exercise of the powers conferred by section 6 *(1)(ii)* of the Ports Act, the President of the Union makes the following amendments to the rules for working the floating jetties, quays and godowns at Mawlamyine published with the Government of Myanmar, Marine and Commerce Department Notification No. 39, dated the 28th September 1903, as subsequently amended: —*

In rule 32 of the rules for working the floating jetties, quays and godowns at Mawlamyine *for* the figures "0-12-0" under column 3 *against* the last two items of the table, the figures and words "K 1.50 pyas" *shall be substituted.*

This Notification shall take effect from the 1st March 1960.

By order,

SAW THA,

Secretary to the Govt. of the Union of Myanmar,
Ministry of Marine and Civil Aviation.

---

* မြန်မာနိုင်ငံပြန်တမ်း အပိုင်း-၁ ၁၉၆၀ ခုနှစ် မတ်လ (၁၉)ရက်ထုတ် စာမျက်နှာ - ၂၉၉

MINISTRY OF EDUCATION
UNESCO AND GENERAL BRANCH

Yangon, the 28th March 1960.

No. 32 — In exercise of the powers conferred by sub-section *(2)* of the section 144 of the Myanmar Companies Act, the President of the Union makes the following amendment to the Myanmar Auditor's Certificate Rules, 1956:—*

In Rule 37 —

(a) *for* the period (.) at the end of sub-clause *(b)* of clause (iii) of sub-rule (3), a semi-colon (;) *shall be substituted;* and

(b) *after* clause (iii) of sub-rule (3), the following *shall be inserted* as clause (iv); namely: —

"(iv) an officer of the Directorate of Commercial Audit, Myanmar, who has served for not less than three years in a capacity not below the rank of an Assistant Director or who has served for not less than five years in a capacity not below the rank of a Senior Auditor, if the Director concerned certifies that such officer has served in that capacity satisfactorily for the period required."

By order,

KHIN MAUNG GYI,

Secretary to the Govt. of the Union of Myanmar,

Ministry of Education.

---

* မြန်မာနိုင်ငံပြန်တမ်း အပိုင်း-၁ ၁၉၆၀ ပြည့်နှစ်၊ ဧပြီလ (၂)ရက်၊ စာမျက်နှာ - ၃၇၇

MINISTRY OF FINANCE AND REVENUE
LAND AND EXCISE BRANCH

Yangon, the 14th January 1960.

No. 162 — In exercise of the powers conferred by section 58 of the Land and Revenue Act, the President of the Union makes the following amendments to the rules under the Land and Revenue Act, published with the Revenue Department Notification No. 244, dated the 22nd July 1897, as subsequently amended: —*

1. In the definitions, *for* the words "the word *'thugyi'* means the circle *thugyi* where such *thugyis* exist, and the village headman in circles in which the appointment of circle *thugyi* has been abolished". The words "the words *'thugyi'* means the circle *thugyi* where such *thugyis* exist, and the village headman in circles in which the appointment of circle *thugyi* has been abolished and includes a person appointed by the Deputy Commissioner as land-revenue collector under Rule 2A" *shall be substituted*.

2. *After* Rule 2, the following *shall be inserted* as Rule 2A, namely: —

"2A. In areas specified by the Financial Commissioner the Deputy Commissioner may appoint any suitable person as land-revenue collector specifically for the purposes of the Land and Revenue Act and the Rules, made thereunder."

By order,

TIN U,

Dy. Secretary to the Govt. of the Union of Myanmar,
Ministry of Finance and Revenue.

* မြန်မာနိုင်ငံပြန်တမ်း အပိုင်း-၁၊ ၁၉၆၀ ပြည့်နှစ် ဧပြီလ (၉)ရက်နေ့ စာမျက်နှာ - ၃၉၀

ဘဏ္ဍာရေးနှင့်အခွန်တော်ဝန်ကြီးဌာန
ဘဏ္ဍာရေး (၄) ဌာနခွဲ

ရန်ကုန်မြို့၊ ၁၃၂၁ ခု၊ တပေါင်းလပြည့်ကျော် ၁၄ ရက်။
(၁၉၆၀ ပြည့်နှစ်၊ မတ်လ ၂၅ ရက်။)

အမှတ် ၁၇၃။ ။ မြန်မာနိုင်ငံတော်ခရီးစရိတ်နည်းဥပဒေနောက်ဆက်တွဲ Annexure VIII, List A တွင် အောက်ပါကို ထည့်သွင်းရန် ပြည်ထောင်စုမြန်မာနိုင်ငံတော်သမ္မတက ညွှန်ကြားအပ်ပါသည်။ *

"39. Departmental Examinations for Immigration Assistants, Assistant Immigration Officers and Immigration Officers."

အမိန့်အရ

ကျော်ညွှန့်၊
အတွင်းဝန်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ဘဏ္ဍာရေးနှင့်အခွန်တော်ဝန်ကြီးဌာန။

---

* မြန်မာနိုင်ငံပြန်တမ်း အပိုင်း ၁၊ ၁၉၆၀ ပြည့်နှစ်၊ ဧပြီလ (၉)ရက်၊ စာမျက်နှာ - ၃၉၂

အလုပ်သမားဝန်ကြီးဌာန
အလုပ်သမားဌာနခွဲ (၁)

ရန်ကုန်မြို့၊ ၁၃၂၁ ခု၊ နှောင်းတန်ခူးလဆန်း ၅ ရက်။
(၁၉၆၀ ပြည့်နှစ်၊ မတ်လ ၃၁ ရက်။)

အမှတ် ၄၀။ ။ ၁၉၅၉ ခုနှစ်၊ အလုပ်ခန့်ထားမှုကန့်သတ်ရေး အက်ဥပဒေပုဒ်မ ၅ ဖြင့် အပ်နှင်းထားသော အာဏာများကို သုံးစွဲလျက်၊ နိုင်ငံတော်သမ္မတသည်၊ အောက်ပါနည်းဥပဒေများကို ပြုလိုက်သည်။

၁၉၆၀ ပြည့်နှစ်၊ အလုပ်ခန့်ထားမှုကန့်သတ်ရေးနည်းဥပဒေများ*

၁။ *အမည်။* ။ ဤနည်းဥပဒေများကို၊ ၁၉၆၀ ပြည့်နှစ်၊ အလုပ်ခန့်ထားမှုကန့်သတ်ရေးနည်းဥပဒေများဟု ခေါ်တွင်စေရမည်။

၂။ *အဓိပ္ပာယ်ဖော်ပြချက်။* ။ ဤနည်းဥပဒေများတွင် အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားရပ်တို့၏ အဓိပ္ပာယ်နှင့်ဖြစ်စေ၊ မဆန့်ကျင်လျှင် —

(က) "အက်ဥပဒေ" ဆိုသည်မှာ၊ ၁၉၅၉ ခုနှစ်၊ အလုပ်ခန့်ထားမှု ကန့်သတ်ရေး အက်ဥပဒေ ကို ဆိုလိုသည်။

(ခ) "ဌာန" ဆိုသည်မှာ၊ အက်ဥပဒေ ပုဒ်မ ၂၊ အပိုဒ် (ဃ) တွင် အဓိပ္ပာယ်ဖော်ပြထားသော အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးဌာနကိုဆိုလိုသည်။

(ဂ) "အလုပ်သမား" ဆိုသည်မှာ၊ အက်ဥပဒေပုဒ်မ ၂၊ အပိုဒ် (က) တွင် ဖော်ပြထားသော အလုပ်သမားကိုဆိုလိုသည်။ သို့ရာတွင် ထိုစကားရပ်တွင် ရာထူးဝန်အဖွဲ့မှတစ်ဆင့် ရွေးချယ်ရမည့်ရာထမ်း၊ မှုထမ်းများ၊ ထို့ပြင် လစာငွေ ၄၀၀ ကျပ်အထက်ရရှိသော အလုပ်သမားများမပါဝင်ချေ။

---

* *မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း-၁၊ ၁၉၆၀ ပြည့်နှစ်၊ ဧပြီလ (၁၆)ရက်၊ စာမျက်နှာ - ၄၄၇။*

<u>မှတ်ချက်</u> ။ ။ "လစာ" ဆိုသည်မှာ၊ လစာရင်းနှင့်ရှားပါးစရိတ်နှစ်ခုပေါင်းကိုဆိုလိုသည်၊

(ယ) "ပုံစံ" ဆိုသည်မှာ၊ ဤနည်းဥပဒေများတွင် ပူးတွဲပါရှိသောပုံစံကို ဆိုလိုသည်။

၃။ ။ (၁) မည်သည့်အလုပ်သမားမဆို၊ မိမိ၏အမြဲတမ်းနေရပ်၊ သို့တည်းမဟုတ် ယာယီနေရပ်နှင့်အနီးဆုံးဖြစ်သောဌာနတွင် လူကိုယ်တိုင်လာရောက်၍ အမည်တင်နိုင်သည်။ သို့ရာတွင် ဌာနတစ်ခု၌ အမည်တင်သွင်းပြီးပါက၊ အခြားဌာနတွင် အမည်တင်သွင်းခြင်းမပြုရ။

အမည်တင်ခြင်း။

(၂) ဌာန၏ သက်ဆိုင်ရာအရာရှိသည်၊ အမည်တင်သောအလုပ်သမားအား၊ လိုအပ်သည်ဟု ထင်မြင်သောအကြောင်းအရာများကို မေးမြန်းစုံစမ်းနိုင်သည့်ပြင် လိုအပ်ပါက သက်ဆိုင်ရာ စာရွက်တတမ်းများကိုပါ တောင်းယူကြည့်ရှုနိုင်သည်၊

(၃) ထိုသို့အမည်တင်သူတိုင်းအား၊ ဌာနက အမည်တင်ထားပြီးကြောင်း သက်သေခံလက်မှတ်ကို ပုံစံ ၁ နှင့် ပုံစံ ၉ ဖြင့် ထုတ်ပေးရမည်။

(၄) အမည်တင်ထားသူသည်၊ အလုပ်မရသေးမီ၊ မိမိအား ထုတ်ပေးထားသော သက်သေခံလက်မှတ်ကို လစဉ်အသစ်လဲရမည်။ ထိုသို့အသစ်လဲလှယ်ရန် ပျက်ကွက်လျှင် အမည်စာရင်းမှ ပယ်ဖျက်ခြင်းခံရမည်။

(၅) အလုပ်သမားတစ်ဦးသည်၊ အမည်တင်ထားပြီးနောက်၊ အလုပ်ရရှိခြင်းကြောင့် ဖြစ်စေ၊ အမည်တင်ထားပြီးကြောင်း သက်သေခံလက်မှတ်ကို လစဉ်လဲလှယ်ရန် ပျက်ကွက်ခြင်းကြောင့် ဖြစ်စေ အမည်စာရင်းမှ ပယ်ချခြင်းခံရစေကာမူ၊ အသစ်တစ်ဖန်ထပ်မံ၍ အမည်တင်နိုင်သည်၊ ထိုသို့အသစ်တစ်ဖန်ထပ်မံ၍ အမည်တင်သောအခါ၊ မူလက ထုတ်ပေးထားသည့် အမည်တင်ထားပြီးကြောင်း သက်သေခံလက်မှတ်ကိုပြရမည်၊

(၆) အစိုးရဌာန၊ သို့တည်းမဟုတ် အက်ဥပဒေတစ်ရပ်ရပ်ဖြင့်ဖြစ်စေ၊ အမိန့်တစ်ခုခုဖြင့်ဖြစ် စေ၊ ဖွဲ့စည်းတည်ထောင်ထားသော အဖွဲ့များတွင်၊ လက်ရှိ အလုပ်လုပ်ကိုင်နေသူများသည်၊ မိမိ၏ သက်ဆိုင်ရာအကြီးအကဲထံမှ ပုံစံ ၂ ဖြင့်၊ ခွင့်ပြုချက် ရရှိမှသာ၊ ဌာနတွင် အမည်တင်နိုင်သည်။

(၇) အမည်တင်ထားပြီးဖြစ်သော အလုပ်သမားတစ်ဦးသည်၊ ဌာနတစ်ခု၌ အမည်တင်ထားပြီးနောက်၊ အခြားဌာနတစ်ခုနှင့်သက်ဆိုင်သည့်ဒေသတစ်ခုသို့ ပြောင်းရွှေ့သွားရသော်၊ ထိုသို့ပြောင်းရွှေ့ကြောင်းကို၊ အမည်တင်ထားပြီးဖြစ်သော ဌာနသို့၊ အကြောင်းကြားရမည်။ ထိုအခါ အမည်တင်ထားသောဌာန၏ သက်ဆိုင်ရာအရာရှိသည်၊ ထိုအလုပ်သမားအား ထုတ်ပေးထားသည့် သက်သေခံလက်မှတ်

တွင်ပါရှိသော အမည်စာရင်းပါအမှတ်ကို ပယ်ဖျက်၍၊ သက်ဆိုင်ရာဌာနအသစ်သို့ အမည်တင်ထားရန် အတွက် ထောက်ခံစာပေးပို့ရမည်။ ဌာနအသစ်၏ သက်ဆိုင်ရာအရာရှိသည်၊ ထိုအလုပ်သမား၏ သက်သေခံလက်မှတ်ကို သိမ်းယူပြီးနောက်၊ ပုံစံ ၁ ဖြင့် အမည်တင်ထားပြီးကြောင်း သက်သေခံလက်မှတ် အသစ်တစ်ခု ထုတ်ပေးရမည်။

အကြောင်းကြားစာတွင် ပါဝင်ရမည့်အချက်များ။

၄။ ။ အလုပ်ရှင်သည်၊ အလုပ်သမားနေရာလစ်လပ်ကြောင်းကိုဖြစ်စေ၊ ပေါ်ပေါက်ကြောင်းကိုဖြစ်စေ၊ ဌာနသို့အကြောင်းကြားစာပေးပို့သောအခါ၊ အောက်ပါအချက်များကို ပြည့်စုံတိကျစွာ ဖော်ပြရမည်။

(က) လစ်လပ်သောနေရာပေါင်း။
(ခ) ယှဉ်ပြိုင်ရန်အတွက် ရွေးချယ်ပေးပို့ရမည့်ဦးရေ။
(ဂ) ကျား၊ မ ဟု ခွဲခြားပြရန်။
(ဃ) အလုပ်အကိုင်အမည်။
(င) လုပ်ခနှုန်းထား။
(စ) လိုအပ်သောပညာနှင့်အခြားအရည်အချင်းများ။
(ဆ) အလုပ်၏သက်တမ်း။
(ဇ) ဝါဏိဇ္ဇပဋိပက္ခမှုကြောင့် လစ်လပ်သောနေရာ ဟုတ်မဟုတ်။
(ဈ) အလုပ်ရှင်၏ လိပ်စာအပြည့်အစုံ။

အမည်စာရင်းပေးပို့ခြင်း။

၅။ ။ ဌာနသည်၊ နည်းဥပဒေ ၄ တွင် ရည်ညွှန်းသောအကြောင်းကြားစာကို ရရှိပြီးနောက်၊ ဌာန၌ အမည်တင်ထားသူများအနက်၊ အသင့်တော်ဆုံးအလုပ်သမားများ၏ အမည်စာရင်းကို၊ အလုပ်ရှင်ထံသို့ ခုနစ်ရက် ထက်နောက်မကျစေဘဲ၊ ပုံစံ ၃ ဖြင့် ပေးပို့ရမည်။

အမည်စာရင်းပေးပို့ရာတွင် လိုက်နာရမည့် အချက်များ။

၆။ ။ ဌာနသည်၊ အလုပ်ရှင်ထံသို့ နည်းဥပဒေ ၅ အရ အမည်စာရင်းပေးပို့ရာတွင် အောက်ပါအချက်များကို လိုက်နာရမည် —

(က) အလုပ်ရှင်၏လုပ်ငန်းနှင့်အသင့်တော်ဆုံးနှင့် အရည်အချင်းအပြည့်ဝဆုံး ဖြစ်သော အမည်တင်ထားပြီးသည့် အလုပ်သမားများကို၊ ဦးစားပေး၍ ရွေးချယ် ရမည်။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံ၏ နိုင်ငံသားများအားဦးစားပေး၍ ရွေးချယ်ရမည်။

(ဂ) အလုပ်လက်မဲ့ဖြစ်သူကို ဦးစားပေး၍ ရွေးချယ်ရမည်။

(ဃ) ပညာနှင့်အခြားအရည်အချင်းများတူညီနေပါက၊ အချိန်စော၍ အမည်တင်ထား သော အလုပ်သမားများကို ဦးစားပေး၍ ရွေးချယ်ရမည်။

(င) အလုပ်ရှင်ထံ အလုပ်သမားများ၏ အမည်စာရင်းပေးပို့ရာ၌ ဝါဏိဇ္ဇပဋိပက္ခမှု ကြောင့် လစ်လပ်သောနေရာများဖြစ်လျှင်၊ သက်ဆိုင်ရာအလုပ်သမားများအား ကြိုတင်အသိပေးရမည်။

(စ) အလုပ်သမားတစ်ဦးအား၊ လစ်လပ်သောအလုပ်နေရာတစ်ခုသို့ ပေးပို့ပြီးသော် လည်း၊ ထိုအလုပ်အကိုင်ကို မရရှိသေးသမျှ၊ အခြားအလုပ်ရှင်ထံသို့၊ ဌာနက ထပ်မံပေးပို့နိုင်သည်။

(ဆ) အလုပ်သမားတစ်ဦးဦးကို၊ အလုပ်ရှင်ထံသို့ ပေးပို့ရာ၌၊ ထိုအလုပ်သမား မည်သူ မည်ဝါဖြစ်ကြောင်းအလုပ်ရှင်က သိရှိနိုင်ရန်အတွက် ပုံစံ ၄ ဖြင့်၊ ဆက်သွယ်ရေး ကတ်ပြားကို တစ်ပါတည်းယူဆောင်သွားနိုင်ရန်၊ ထိုအလုပ်သမားအား ထုတ်ပေး ရမည်။

အလုပ်သမား မပေးသွင်းနိုင်ကြောင်း အကြောင်းကြားစာပေးပို့ခြင်း။

၇။ ။ ဌာနက၊ အလုပ်ရှင်ထံမှ အလုပ်သမားနေရာပေါ်ပေါက်ကြောင်း၊ သို့မဟုတ်လစ်လပ် ကြောင်း၊ အကြောင်းကြားစာကို လက်ခံရရှိသည့်နေ့မှ ခုနစ်ရက်အတွင်း၊ လိုအပ်သော အလုပ်သမားများ၏ အမည်စာရင်းကို မပေး သွင်းနိုင်လျှင်၊ ထိုဌာန၏ တာဝန်ခံအရာရှိသည်၊ ထိုကဲ့သို့ မပေးသွင်း နိုင်ကြောင်းကို အလုပ်ရှင်ထံသို့ အကြောင်းကြားစာကို ပုံစံ ၅ ဖြင့် ပေးပို့ရမည်။

လစ်လပ်သောနေရာတွင် လူစားခန့်အပ်ခြင်း။

၈။ ။ အက်ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (၄) ၏ ခြွင်းချက်တွင် ပါရှိသည့်အတိုင်း၊ အလုပ်ရှင် သည်၊ တည်ဆဲအလုပ်ခန့်ထားရေး စည်းမျဉ်းဥပဒေများအရ လစ် လပ်သော၊ သို့တည်းမဟုတ် အသစ်ပေါ်ပေါက်သော အလုပ်သမား နေရာတစ်ခုခုတွင်၊ မိမိ၏ အလုပ်ဌာနမှသော်လည်းကောင်း၊ လုပ်ငန်းမှသော်လည်းကောင်း၊ သင့်တော်

သောအလုပ်သမားကို တိုးတက်ပြောင်းလဲခန့်ထားလျှင်၊ ထိုကဲ့သို့တိုးတက်ပြောင်းလဲခန့်ထားခြင်းကို၊ သက်ဆိုင်ရာဌာန၏ တာဝန်ခံအရာရှိထံသို့ ပုံစံ ၆ ဖြင့် ထိုသို့ ခန့်ထားသည့်နေ့ရက်မှ ခုနစ်ရက်အတွင်း အကြောင်းကြားစာပေးပို့ရမည်။

လူခန့်ရန်မလိုအပ်ကြောင်း အကြောင်းကြားခြင်း။

၉။ ။ အလုပ်ရှင်သည်၊ မိမိ၏အလုပ်ဌာန၊ သို့တည်းမဟုတ် လုပ်ငန်းတွင် လစ်လပ်သော၊ သို့တည်းမဟုတ် အသစ်ပေါ်ပေါက်သော အလုပ်သမားနေရာ တစ်ခုခုတွင်၊ လူစားခန့်ထားရန်မလိုလျှင်၊ ထိုကဲ့သို့ မလိုသည့် အကြောင်းအချက်အလက် အပြည့်အစုံကို၊ အလုပ်သမားနေရာလစ်လပ်ကြောင်း အကြောင်းကြားစာနှင့်တကွ၊ သက်ဆိုင်ရာဌာနသို့ ပေးပို့ရမည်။

အလုပ်သမားစာရင်း ပေးပို့ခြင်း။

၁၀။ ။ အက်ဥပဒေပုဒ်မ ၁ ၏ ပုဒ်မခွဲ (၂) အရ သတ်မှတ်ထားသည့် အရပ်ဒေသအသီးသီး၌ရှိသော၊ သတ်မှတ်သည့်လုပ်ငန်းများတွင်၊ အက်ဥပဒေ စတင်အာဏာတည်သည့်နေ့ရက်တွင် အလုပ်လုပ်ကိုင်နေကြသော အလုပ်သမားအားလုံး၏ အမည်စာရင်းကို၊ အက်ဥပဒေ စတင်အာဏာတည်သည့်နေ့ရက်မှ သုံးလအတွင်း လည်းကောင်း။ အက်ဥပဒေ စတင်အာဏာတည်ပြီးသည့်နောက်တွင် တည်ထောင်သည့်လုပ်ငန်းများအတွက် အလုပ်သမားနေရာများတွင် လုပ်ကိုင်ကြသော အလုပ်သမားများ၏ အမည်စာရင်းကို အက်ဥပဒေ၏ ပုဒ်မ ၃၊ ပုဒ်မခွဲ (၁) နှင့်အညီ၊ ထိုအလုပ်သစ်ပေါ်ပေါက်သည့်နေ့ရက်မှ ခုနစ်ရက်အတွင်းလည်းကောင်း၊ သက်ဆိုင်ရာအလုပ်ရှင်က၊ သက်ဆိုင်ရာဌာနသို့၊ ပုံစံ ၇ ဖြင့် ပေးပို့ရမည့်ပြင်၊ ထိုအမည်စာရင်းပေးပို့ပြီးသည့်နောက်တွင်လည်း၊ မိမိ၏အလုပ်ဌာန၊ သို့တည်းမဟုတ် လုပ်ငန်းတွင် အလုပ်သမားဦးရေအတိုးအလျှော့ရှိသည့်အခါတိုင်း။ ထိုကဲ့သို့ အတိုးအလျှော့စာရင်းကို သက်ဆိုင်ရာဌာနသို့၊ ပုံစံ ၈ ဖြင့် အကြောင်းကြားစာ ပေးပို့ရမည်။

အလုပ် ရရှိကြောင်း အကြောင်းကြားစာပေးပို့ခြင်း။

၁၁။ ။ (၁) အမည်တင်ထားသည့် အလုပ်သမားတစ်ဦးသည် မိမိအလိုအလျောက် အလုပ်အကိုင်ရရှိသွားလျှင်ဖြစ်စေ၊ ဌာန၏အကူအညီဖြင့် အလုပ်အကိုင်ရရှိသွားလျှင်ဖြစ်စေ ထိုသို့အလုပ်အကိုင်ရရှိကြောင်းကို၊ သက်ဆိုင်ရာဌာနသို့ မိမိအား ထိုဌာနကပုံစံ ၉ ဖြင့် ထုတ်ပေးသည့် အမည်တင်ထားကြောင်း သက်သေခံလက်မှတ်တွင် ဖြည့်စွက်၍ အကြောင်းကြားရမည်။

(၂) သက်ဆိုင်ရာအလုပ်ရှင်သည်၊ ဌာနက ပေးပို့လိုက်သောအမည်စာရင်းတွင် ပါရှိသည့် အလုပ်သမားများကို အလုပ်ခန့်အပ်လျှင်ဖြစ်စေ၊ မခန့်အပ်လျှင်ဖြစ်စေ ပုံစံ ၃ ဖြင့် ထိုဌာနသို့ အကြောင်းကြားရမည်။

၁၂။ ။ အလုပ်အကိုင်ရှာဖွေသော အလုပ်သမားများနှင့် အလုပ်သမားများအလိုရှိသော အလုပ်ရှင်များကို အလွယ်တကူ ဆက်သွယ်ပေးနိုင်ရန်အတွက်၊ နိုင်ငံတော်သမ္မတသည်၊ ဗဟိုအလုပ်အကိုင်နှင့် အလုပ်သမား ရှာဖွေရေးဌာနချုပ်နှင့်ဌာနခွဲများကို သင့်တော်သောဒေသများတွင် တည်ထောင်ဖွင့်လှစ်ထားရှိနိုင်သည်။

အလုပ်အကိုင်နှင့် အလုပ်ရှာဖွေရေးဌာနများ ဖွင့်လှစ်ခြင်း။

၁၃။ ။ နိုင်ငံတော်သမ္မတသည်၊ ဤနည်းဥပဒေများအရ ဌာနများ၏ ရုံးတွင် တာဝန်ဝတ္တရားများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ၊ အရာရှိတစ်ဦးကို အာဏာပိုင်အဖြစ် ခန့်ထားနိုင်သည်။ ထိုအာဏာပိုင်သည် ဌာနတစ်ခုနှင့်တစ်ခု အလုပ်သမားများ အမည်တင်ထားခြင်းကိစ္စနှင့် စပ်လျဉ်း၍လည်းကောင်း၊ လစ်လပ်သောအလုပ်သမားနေရာများနှင့် စပ်လျဉ်း၍လည်းကောင်း၊ အခြားအကြောင်းအရာတစ်ခုခုနှင့် စပ်လျဉ်း၍လည်းကောင်း၊ မည်သို့မည်ပုံဆက်သွယ်ရမည် စသည့်ကိစ္စအဝဝအတွက် အက်ဥပဒေ နှင့်လည်းကောင်း၊ ဤနည်းဥပဒေများနှင့်လည်းကောင်း မဆန့်ကျင်သည့် ညွှန်ကြားချက်များကို ထုတ်နိုင် သည်။

အာဏာပိုင်ခန့်ထားခြင်း။

၁၄။ ။ အလုပ်ရှင်သည် မိမိ၏အလုပ်ဌာန၊ သို့တည်းမဟုတ် လုပ်ငန်းတွင် အလုပ်လုပ်ကိုင်လျက်ရှိကြသော အလုပ်သမားများ၏ အမည်၊ နေရပ်၊ အလုပ်အကိုင်နှင့်လစာနှုန်း ပြည့်စုံစွာဖော်ပြထားသော စာရင်းတစ်ခုကို တိကျမှန်ကန်စွာ ထားရှိရမည့်ပြင်၊ အက်ဥပဒေပုဒ်မ ၃ အရ ဌာနသို့ပေးပို့သည့် အကြောင်းကြားစာ အသီးသီး ၏ မိတ္တူတစ်စောင်ကိုလည်း ထားရှိရမည်။

အလုပ်သမားစာရင်းထား ရှိခြင်း။

လုပ်ငန်းအတွင်းသို့ ဝင်ရောက်စုံစမ်းစစ်ဆေးနိုင်ခွင့်အာဏာများ။

၁၅။ ။ အက်ဥပဒေပါ ကိစ္စများအလို့ငှာ၊ ဌာန၏တာဝန်ခံအရာရှိသည်၊ သို့တည်းမဟုတ် ထိုကိစ္စများအလို့ငှာ၊ နိုင်ငံတော်သမ္မတက အာဏာအပ်နှင်းထားသောအရာရှိသည်မည်သည့်အလုပ်ဌာန၊ သို့တည်းမဟုတ် လုပ်ငန်းများထဲသို့မဆို သင့်တော်သောအချိန်များတွင် ဝင်ရောက်၍ သက်ဆိုင် သောစာရွက်စာတမ်းများကို ကြည့်ရှုနိုင်သည့်ပြင်၊ လိုအပ်သည့် စုံစမ်းစစ်ဆေးခြင်းကိုလည်း ပြုလုပ်နိုင် သည်။

အကြံပေးကော်မတီများ။

၁၆။ ။ (၁) အလုပ်သမားဌာနဝန်ကြီးသည်၊ မိမိသင့်တော်သည်ဟု ထင်မြင်သည့်ဒေသများ၌၊ အလုပ်အကိုင်နှင့်အလုပ်သမားရှာဖွေရေးဌာန အကြံပေး ကော်မတီဟုခေါ်သည့် အကြံပေးကော်မတီများကို ခန့်ထားနိုင်သည်။

(၂) အဆိုပါ အကြံပေးကော်မတီတွင် ပါဝင်ရမည့်လူကြီးများကို၊ သက်ဆိုင်ရာဒေသ၌ နေထိုင်ကြသူတို့၏ အကျိုးရှိမှုဆိုင်ရာပညာရေးနှင့်လည်းကောင်း၊ အလုပ်အကိုင်နှင့်လည်းကောင်း၊ အခြားအကြောင်းအရာများနှင့်လည်းကောင်း စပ်လျဉ်း၍ အတွေ့အကြုံအသိပညာနှင့် ပြည့်စုံသူများထဲမှ ခန့်ထားရမည်။ အဆိုပါအကြံပေးကော်မတီ၏ ဥက္ကဋ္ဌကို အလုပ်သမားဌာနဝန်ကြီးက ထိုကော်မတီ၏ လူကြီးများထဲမှ ရွေးချယ်ခန့်ထားရမည်။

တရားစွဲဆိုနိုင်သည့် အာဏာပိုင်ခန့်ထားခြင်း။

၁၇။ ။ အက်ဥပဒေပုဒ်မ ၉ ပါ ကိစ္စများအလို့ငှာ၊ နိုင်ငံတော်သမ္မတသည်၊ ဌာန၏ မန်နေဂျာ၊ သို့တည်းမဟုတ် တာဝန်ခံ အရာရှိများကို တိုင်တန်းနိုင်သည့် အာဏာပိုင်အဖြစ် ခန့်ထားလိုက်သည်။

ပုံစံ ၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
အလုပ်သမားရေးရာ ညွှန်ကြားရေးဝန်ချုပ်ဌာန
အလုပ်အကိုင်နှင့် အလုပ်သမား ရှာဖွေရေးရုံး
အမည်တင်ထားပြီးကြောင်း သက်သေခံလက်မှတ်

(နည်းဥပဒေ ၃ ကိုကြည့်)

အလုပ်သမားအမည် ______________________

သက်သေခံလက်မှတ်၏အမှတ်စဉ် ______________

အလုပ်အကိုင် __________________________

လက်မှတ်ထုတ်ပေးသည့်နေ့ရက် _______________

____

မန်နေဂျာ၊ သို့တည်းမဟုတ် တာဝန်ခံအရာရှိ။

<u>မှတ်ချက်</u> ။ ။ အလုပ်အကိုင်နှင့်စပ်လျဉ်း၍ ____ / ____ နှင့် တိုင်ပင်သည့်အခါတိုင်း၊ ဤလက်မှတ်ကို ယူခဲ့ရမည်။ အကယ်၍ အလုပ်အကိုင်ရရှိခဲ့သော်၊ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးဌာနသို့ သက်သေခံလက်မှတ်၏ အမှတ်စဉ်ကို ဖော်ပြ၍ အကြောင်းကြားရမည်။

____

မန်နေဂျာ၊ သို့တည်းမဟုတ် တာဝန်ခံအရာရှိ။

အသစ်လဲလှယ်သည့်နေ့စွဲ။	အရာရှိလက်မှတ်။
၁။	
၂။	
၃။	
၄။	
၅။	
၆။	
၇။	
၈။	
၉။	
၁၀။	

အမည် ____________________

လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ _____

____

အဘအမည် ______________

အမြဲတမ်းနေရပ် ____________

____

ယာယီနေရပ် ______________

သက်သေခံအမှတ်အသား _______

____

____

လက်ဝဲလက်မပုံစံ။ လက်ျာလက်မပုံစံ။

____

အလုပ်သမားလက်မှတ်။

ပုံစံ ၂

<u>အစိုးရဌာန၊ သို့တည်းမဟုတ်အက်ဥပဒေတစ်ရပ်ရပ်ဖြင့်ဖြစ်စေ၊ အမိန့်တစ်ခုခုဖြင့်ဖြစ်စေ၊</u>
<u>ဖွဲ့စည်းတည်ထောင်ထားသော အဖွဲ့၏ ခွင့်ပြုချက်။</u>

[နည်းဥပဒေ ၃(၆) ကိုကြည့်။]

______________________ ဌာန/အဖွဲ့ မှ (ရာထူး) ____________ တွင် ထမ်းဆောင်နေသော (အမည်) ______________________ အား အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးတွင် အလုပ်ရရှိရန် အမည်တင်ခွင့်ကိုလည်းကောင်း၊ အခြားဌာန၊ အဖွဲ့သို့ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးမှတစ်ဆင့် အလုပ်လျှောက်ထားခွင့်ကိုလည်းကောင်း သဘောတူပါသည်။

အမည် ____________

ရာထူး ____________

နေ့စွဲ ____________

ပုံစံ ၃

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

<u>အလုပ်သမားရေးရာ ညွှန်ကြားရေးဝန်ချုပ်ဌာန</u>

အလုပ်အကိုင်နှင့် <u>အလုပ်သမား</u> ရှာဖွေရေးရုံး

<u>အလုပ်သမားပေးပို့ကြောင်း အလုပ်ရှင်ထံအကြောင်းကြားစာ</u>

(နည်းဥပဒေ ၅ ကိုကြည့်။)

သက်သေခံလက်မှတ်၏အမှတ်စဉ် ________ နေ့စွဲ ____________________

အလုပ်ညွှန်းအမှတ် ____________ ။

________________ အတွက် လူကြီးမင်း၏ ________________ နေ့စွဲပါ

အမှာစာအမှတ် ________________ ကို ရည်ညွှန်း၍ နေရပ် ________________________

မောင်/မှတ္တဲပါ (ပုံစံ ၃- က တွင် ဖော်ပြထားသူများအား) လူကြီးမင်းနှင့် ________________ နေ့ရက်တွင် သွားရောက်တွေ့ဆုံရန်၊ သို့တည်းမဟုတ် စစ်ဆေးခံရန် မှာကြားပြီးဖြစ်ပါသည်။ အောက်ပါအကြောင်းအရာများကိုဖြည့်စွက်ပြီး၊ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးသို့ ဆောလျှင်နိုင်သမျှ ဆောလျှင်စွာ ပြန်ပို့ပါရန် မေတ္တာရပ်ခံပါသည်။ တံဆိပ်ခေါင်းကပ်ရန် မလိုပါ။

____

မန်နေဂျာ၊ သို့တည်းမဟုတ် တာဝန်ခံအရာရှိ

သို့

____

____

____

အလုပ်ရှင်၏ပြန်စာ

အလုပ်အကိုင်လျှောက်ထားသူ လာရောက်ခြင်းရှိ မရှိ __________ အကယ်၍ လာရောက်ပါက အလုပ်ခန့်ထားခြင်းပြုမပြု __________ ၎င်းအား ခန့်ထားသည့်နှုန်းထား __________ မည်သည့်နေ့ရက်မှစ၍ အလုပ်ခန့်ထားသည် __________ အလုပ်ခန့်ထားခြင်းမပြုပါက မည်သည့်အကြောင်းများကြောင့် မခန့်ထားသည်ကို အောက်ပါအညွှန်းအတိုင်းဖော်ပြရန် ____________________

____

၁။ ကျွမ်းကျင်မှု၊ သို့တည်းမဟုတ် လုပ်ရည်ကိုင်ရည်မလုံလောက်သောကြောင့်၊ သို့တည်းမဟုတ် ______________________________

(______________________________)

၂။ အလုပ်စည်းကမ်းချက်များကို ၎င်းက လက်မခံလိုကြောင်း။ သို့တည်းမဟုတ် လက်မခံလိုပါက မည်သည့်အကြောင်းကြောင့် လက်မခံသည်ကို ဖော်ပြရန် ____________________

____

သက်သေခံလက်မှတ်၏ အမှတ်စဉ်	________________
အလုပ်ညွှန်းအမှတ်	အလုပ်ရှင်လက်မှတ်

____

____

____

၌

[illegible]

________________ [illegible] ________________

လုပ်ငန်းအကြောင်းပြန်ကြားသည့်စာဖိတ်

စာတိုက်နှင့်ကြေးနန်းဌာနညွှန်ကြားရေးဝန်ချုပ် ခွင့်ပြုစာအမှတ် ၁/၄၇၊ တံဆိပ်ခေါင်းကို လိပ်စာရှင်ကပေးဆောင်ပါမည်။

________________ ဤနေရာမှာခေါက်ပါ ________________

အမိုးရကိစ္စ

သို့

မန်နေဂျာ၊ သို့တည်းမဟုတ် တာဝန်ခံအရာရှိ
အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး

တံဆိပ်ခေါင်း ကပ်ရန်မလို

(ပေးပို့သူလက်မှတ်)

ပုံစံ ၃-က

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

အလုပ်သမားရေးရာ ညွှန်ကြားရေးဝန်ချုပ်ဌာန

အလုပ်အကိုင်နှင့် အလုပ်သမား ရှာဖွေရေးရုံး

အလုပ်သမားများပေးပို့ကြောင်း အလုပ်ရှင်ထံအကြောင်းကြားစာ

အမှတ်စဉ် (၁)	အမည် (၂)	အလုပ်ညွှန်းအမှတ် (၃)	သက်သေခံလက်မှတ်၏အမှတ်စဉ် (၄)	ဤဖယားကွက်တွင် အလုပ်ခန့်ထားသူ အသီးသီး၏အမည်နှင့် ယှဉ်၍ခန့်ထားဟု ရေးပါရန် (၅)	ခန့်ထားခြင်းမပြုလျှင် မည်သည့်အကြောင်းကြောင့် မခန့်ထားသည်ကို ဖော်ပြပါရန် (၆)

လက်မှတ် ______________

ပုံစံ ၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

အလုပ်သမားရေးရာ ညွှန်ကြားရေးဝန်ချုပ်ဌာန

အလုပ်အကိုင်နှင့် အလုပ်သမား ရှာဖွေရေးရုံး

ဆက်သွယ်ရေးကတ်ပြား

(နည်းဥပဒေ ၆ ကိုကြည့်။)

လူကြီးမင်း၏ __________ ရက်နေ့စွဲပါ အမှာစာအမှတ် __________ အရ သက်သေခံ လက်မှတ်၏ အမှတ်စဉ် __________ နေ့စွဲ ____________________

အမည် ______________________________

အဘအမည် ___________________________

နေရပ် ______________________________

အမျိုးသားမှတ်ပုံတင်အမှတ် ___________________

အလုပ်အကိုင် __________ အလုပ်ညွှန်းအမှတ် ________________ အား __________ ရက်နေ့ ____ _____ အချိန်တွင် ____________________

____

ထံသို့ သွားရောက်တွေ့ဆုံအစစ်ဆေးခံရန် စေလွှတ်ပါကြောင်း။ ထိုပုဂ္ဂိုလ် မှန်မမှန်ကို ၎င်း၏ အမျိုးသား မှတ်ပုံတင်လက်မှတ်နှင့် တိုက်ဆိုင်၍ စစ်ဆေးစေလိုပါသည်။

____

မန်နေဂျာ၊ သို့တည်းမဟုတ် တာဝန်ခံအရာရှိ

မှတ်ချက်။ ။ အလုပ်သမားတစ်ဦးထက်ပိုလျှင်၊ မန်နေဂျာက သင့်တော်သောပုံစံကို အသုံးပြုနိုင်သည်။

ပုံစံ ၅

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

အလုပ်သမားရေးရာ ညွှန်ကြားရေးဝန်ချုပ်ဌာန

အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး

အလုပ်သမားမပေးပို့နိုင်ကြောင်း အကြောင်းကြားစာ

(နည်းဥပဒေ ၇ ကိုကြည့်။)

ရက်စွဲ၊ __________

လူကြီးမင်း၏ __________ ရက်နေ့စွဲပါ စာအမှတ် __________ တို့ ရရှိ၍ မှတ်ပုံတင်ထားပါသည်။ သို့ရာတွင် သင့်လျော်သောသူများကို ယခုအခါ ပေးပို့နိုင်စွမ်း မရှိသေးပါကြောင်း။

____

မန်နေဂျာ၊ သို့တည်းမဟုတ် တာဝန်ခံအရာရှိ

ပုံစံ ၆

အလုပ်သမားနေရာလစ်လပ်ကြောင်း၊ သို့တည်းမဟုတ် အသစ်ပေါ်ပေါက်ကြောင်း အကြောင်းကြားစာ

(နည်းဥပဒေ ၈ ကိုကြည့်။)

ဤအလုပ် ဌာန/အဖွဲ့ တွင် အောက်ပါအလုပ်သမားနေရာ လစ်လပ်/အသစ်ပေါ်ပေါက် ရာနေရာတွင်၊ ဤအလုပ်ဌာနမှ (ရာထူး) __________ (အမည်) __________ တို့ကို အောက်ပါဇယားအဆင့်ဆင့်တွင် ဖော်ပြထားသည့်အတိုင်း တိုးတက်ပြောင်းလွှဲခန့်ထားခဲ့ပါသည်။

အမှတ်စဉ် (၁)	အမည် (၂)	လက်ရှိရာထူး (၃)	တိုးမြှင့်ခန့်ထားသည့် ရာထူး (၄)	မှတ်ချက် (၅)

ထိုသို့တိုးမြှင့်ပြောင်းလဲခန့်ထားခြင်းခံရသူ၏နေရာတွင်၊ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးဌာနက လူစားခန့်ထားရန် လိုမည်မဟုတ်ပါ။/လိုမည်ဖြစ်ပါသည်။

<u>မှတ်ချက်။</u> ။ လူစားခန့်ထားရန် မလိုလျှင် မည်သည့်အတွက်မလိုကြောင်းဖော်ပြရန်၊ အကယ်၍ လိုအပ်ပါက ၇ ရက်အတွင်း အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးသို့ အကြောင်းကြားစာပေးပို့ရန်ဖြစ်ပါသည်။

အလုပ်ရှင်အမည် __________

ရာထူး __________

အဖွဲ့/ အလုပ်ဌာန __________

ပုံစံ ၄

အလုပ်ဌာန/ အဖွဲ့အလုပ်သမားစာရင်း
(နည်းဥပဒေ ၁၀ ကိုကြည့်ပါ)

၁။ အလုပ်ဌာန/အဖွဲ့ ______________________

၂။ အလုပ်ရှင်အမည်နှင့် လိပ်စာအပြည့်အစုံနှင့် တောကျော်ကြေးနန်း ______________________

____

____

၃။ လုပ်ငန်း ______________________

______________________ ရက်နေ့တွင်ရှိ အလုပ်သမားစာရင်း။

၄။ လုပ်ငန်းစတည်နေ့ ______________________

အမှတ်စဉ်	အလုပ်သမားအမည်	အလုပ်အကိုင်	အရေအတွက်		လုပ်ခနှုန်းထား	မှတ်ချက်
			ကျား	မ		
(၁)	(၂)	(၃)	(၄)	(၅)	(၆)	(၇)

အလုပ်ရှင်၏ လက်မှတ် ______________

ပုံစံ ၈

အလုပ်သမားအတိုးအလျော့စာရင်း

(နည်းဥပဒေ ၁၀ ကိုကြည့်။)

လိပ်စာအပြည့်အစုံနှင့် စကားပြောကြေးနန်း ____________________ လုပ်ငန်း

____

____________________ ရက်နေ့တွင် အောက်ပါအတိုင်း၊ အလုပ်သမား အတိုးအလျော့ ရှိပါကြောင်း။

(က)

အမှတ်စဉ်	အလုပ်သမားအမည်	အလုပ်အကိုင်	မည်သည့်အကြောင်းကြောင့် လျော့သွားသည်	အကြောင်းအရာ
(၁)	(၂)	(၃)	(၄)	(၅)

(ခ)

အမှတ်စဉ်	အလုပ်သမားအမည်	အလုပ်အကိုင်	မည်သည့်အကြောင်းကြောင့် တိုးလာသည်	အကြောင်းအရာ
(၁)	(၂)	(၃)	(၄)	(၅)

အလုပ်ရှင် လက်မှတ်

ပုံစံ ၉

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

အလုပ်သမားရေးရာ ညွှန်ကြားရေးဝန်ချုပ်ဌာန

အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး

အမည်တင်ထားကြောင်း သက်သေခံလက်မှတ်

(နည်းဥပဒေ ၃ နှင့် ၁၁ ကိုကြည့်။)

အလုပ်အကိုင် ________________ သက်သေခံလက်မှတ်၏ အမှတ်စဉ် ________________

အမည် ____

နေရပ် ____

____

____

၁၉ ______ ခုနှစ်၊ ____________ လ၊ ______ ရက်။

____

မန်နေဂျာ၊ သို့တည်းမဟုတ် တာဝန်ခံအရာရှိ၏လက်မှတ်။

အလုပ်အကိုင် ရရှိသည့်အခါ၊ အလုပ်သမားကဖြည့်စွက်၍ ပြန်ပို့ရန်၊

အလုပ်အကိုင်ရကြောင်းပြန်ကြားစာ

အလုပ်အကိုင်ရသည့်နေ့ရက် ____________________________

ရရှိသည့်အလုပ်အကိုင် ____________________________

အလုပ်ရှင်အမည် ____________________________

၁၉ ______ ခုနှစ်၊ ____________ လ၊ ______ ရက်။

____

အလုပ်သမားလက်မှတ်။

အလုပ်သမားကိစ္စပြန်ကြားစာကတ်ပြားစာတိုက်နှင့် ကြေးနန်းဌာန ညွှန်ကြားရေးဝန်ချုပ် ခွင့်ပြုစာအမှတ် ၁/၄၇

အစိုးရကိစ္စ

စာပို့ခကို လိပ်စာရှင်က ပေးပို့လိမ့်မည်။

တံဆိပ်ခေါင်း ကပ်ရန်မလို

သို့

မန်နေဂျာ၊ သို့တည်းမဟုတ် တာဝန်ခံအရာရှိ

အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး

____

____

____

စာပို့သူလက်မှတ်။

<u>မှတ်ချက်</u> ။ ။ အလုပ်အကိုင်နှင့်အလုပ်သမားရှာဖွေရေးရုံးမှ ဆက်သွယ်ပေးပို့ခြင်းကြောင့်ဖြစ်စေ၊ မိမိ၏လုံ့လကြောင့်ဖြစ်စေ၊ အလုပ်အကိုင်ရရှိသွားပါက ဤကတ်ပြားကို အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးသို့ ပေးပို့ပါ။

စာပို့ခတံဆိပ်ခေါင်းကပ်ရန်မလိုပါ။

အလုပ်သမားလိုကြောင်း အကြောင်းကြားစာ

၁။ အလုပ်ရှင်၏ အမည်နှင့်နေရပ် ____________________

____

၂။ ကြေးနန်းလိပ်စာ ____________________

၃။ စကားပြောကြေးနန်းအမှတ် ____________________

၄။ အလုပ်တည်ရာဌာနနှင့်အနီးဆုံး မီးရထားဘူတာ၊ မော်တော်ကားဆိပ်၊ သို့တည်းမဟုတ် သင်္ဘောဆိပ် ____________________

၅။ အလုပ်သမားများ သွားရောက်အစီရင်ခံရန် ညွှန်ကြားထားသည့် ပုဂ္ဂိုလ်၏ အမည်နှင့် ရာထူးအမည် ____________________

ထို့ပြင် သွားရောက်အစီရင်ခံမည့်နေရာနှင့်အချိန် ____________________

____

____

၆။

အလုပ်အကိုင်	ကျွမ်းကျင်မှုအဆင့်အတန်း သို့တည်းမဟုတ် အတန်းအစား	လိုအပ်သော အလုပ်သမား ဦးရေ		အလုပ်အမျိုးအစားနှင့် လိုအပ်သော အရည်အချင်း	အလုပ်လုပ်ကိုင်ရမည့်ကာလ အပိုင်းအခြား	လစာနှုန်းနှင့် အလုပ်ချိန်
(၁)	(၂)	(၃)		(၄)	(၅)	(၆)
		ကျား	မ			

၇။ ခရီးစရိတ်များအတွက်အစီအစဉ် (ဆိုင်ရာ ရပ်ရွာဒေသမှ သင့်တော်သော လျှောက်ထားသူများကို မရနိုင်လျှင်) တစ်ဦးနှင့်တစ်ဦး တွေ့ဆုံရန်အတွက် ခရီးအသွား၊ သို့တည်းမဟုတ် အသွားအပြန်နှင့်အတန်းအစားအတွက် စရိတ်ကျခံနိုင်၊ မကျခံနိုင်ဖော်ပြပါ။

၈။ ခွင့်ပြုသည့် ရှားပါးစရိတ်နှင့် ရှားပါးစရိတ်နှုန်း ______________________

____

၉။ အချိန်ပိုအလုပ်နှင့်ငွေအတွက်နှုန်း ______________________________

____

၁၀။ ခွင့်ရက်အမျိုးအစားနှင့် ကာလအပိုင်းအခြား ______________________

၁၁။ စားနပ်ရိက္ခာထောက်ပံ့ရေးအခွင့်အလမ်းများ ______________________

၁၂။ အိုနာစာရိပုံငွေ အခွင့်အလမ်းများ ______________________________

____

၁၃။ နေရာထိုင်ခင်းနှင့်သက်ဆိုင်သည့်အခွင့်အလမ်းများ ______________________

____

၁၄။ သယ်ယူပို့ဆောင်ရေးနှင့်သက်ဆိုင်သည့်အခွင့်အလမ်းများ ________________

၁၅။ သင့်လျော်သောအလုပ်သမားမျိုးပေးပို့ရေးကိစ္စတွင် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးဌာနအား အကူအညီဖြစ်စေမည့် အခြားအကြောင်းအရာ ________________

____

၁၆။ ဝါကျိဝှပ်ဒီပက္ခမှုကြောင့် ပေါ်ပေါက်သောနေရာဟုတ်၊ မဟုတ် ______________

____

____
လက်မှတ်။

၁၉ ______ ခုနှစ်၊ ____________ လ၊ ______ ရက်။

သို့

မန်နေဂျာ၊ သို့တည်းမဟုတ် တာဝန်ခံအရာရှိ
အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးဌာန၊
အမိန့်အရ

စိန်မြင့်၊
အတွင်းဝန်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊
အလုပ်သမားဝန်ကြီးဌာန။

MINISTRY OF DEMOCRATIZATION OF LOCAL ADMINISTRATION AND LOCAL B0DIES

REVENUE BRANCH

Yangon, the 19th May 1960.

No. 128 — In exercise of the powers conferred by section 12 of the Ferries Act, the President of the Union makes the following amendment to the Myanmar Ferries Rules, 1936. published with the Local Government (Administrative) Department, Ministry of Education, Notification No. 188, dated the 26th October 1936.*

In sub-rule *(b)* of Rule 13 the words "apply to the Commissioner for sanction under section 22 to" *shall be delected.*

By order,

MAUNG KYI,

Joint Secretary to the Govt. of the Union of Myanmar,
Ministry of Democratization of Local Administration and Local Bodies.

---

* မြန်မာနိုင်ငံပြန်တမ်း အပိုင်း-၁ ၁၉၆၀ ပြည့်နှစ် ဇွန်လ (၄)ရက် စာမျက်နှာ - ၃၃၂

ကာကွယ်ရေးဝန်ကြီးဌာန
ကြည်းတပ်ဌာနခွဲ

ရန်ကုန်မြို့၊ ၁၃၂၂ ခု၊ နယုန်လပြည့်ကျော် ၁၄ ရက်။
(၁၉၆၀ ပြည့်နှစ်၊ ဇွန်လ ၂၂ ရက်။)

အမှတ် ၆၃/၆၀။ ။ ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေပုဒ်မ ၂၃၂ ဖြင့် အပ်နှင်းထားသောအာဏာများကိုသုံးစွဲလျက်၊ နိုင်ငံတော်သမ္မတသည်၊ အောက်ပါနည်းဥပဒေများကို ပြုလိုက် သည်။

အမိန့်အရ

မောင်မောင်၊
အတွင်းဝန်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ကာကွယ်ရေးဝန်ကြီးဌာန။

တပ်မတော်နည်းဥပဒေများ။[1]
အခန်း ၁။
နိဒါန်း

၁။ ။ ဤနည်းဥပဒေများကို၊ တပ်မတော်နည်းဥပဒေများဟု ခေါ်တွင်စေရမည်။
အမည်။

၂။ ။ ဤနည်းဥပဒေများတွင်၊ အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏ အဓိပ္ပာယ်နှင့်ဖြစ်စေ၊ မဆန့်ကျင်လျှင် -
အဓိပ္ပာယ်ဖော်ပြချက်များ။

(က) "အက်ဥပဒေ" ဆိုသည်မှာ၊ ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေကို ဆိုလိုသည်။

(ခ) "နောက်ဆက်တွဲ" ဆိုသည်မှာ၊ ဤနည်းဥပဒေများတွင် ပူးတွဲပါရှိသော နောက်ဆက်တွဲကိုဆိုလိုသည်။

---
[1] မြန်မာနိုင်ငံမြန်တမ်း၊ အပိုင်း ၁၊ ၁၉၆၀ ပြည့်နှစ်၊ ဇွန်လ (၂၅)ရက်၊ စာမျက်နှာ - ၈၂၅။

(ဂ) "စစ်မြေပြင်အရာရှိ" ဆိုသည်မှာ၊ ကြည်းတပ်နှင့်လေတပ်အတွက်ဖြစ်ပါက၊ ဗိုလ်မှူးချုပ် (Brigadier) အောက်၊ ဗိုလ်ကြီး (Captain) အထက်အဆင့်ရှိသော၊ ရေတပ်အတွက်ဖြစ်ပါက ဗိုလ်မှူးချုပ် (Commodore) အောက်၊ ဗိုလ်ကြီး (Lieutenant) အထက် အဆင့်ရှိသော၊ အရာရှိကိုဆိုလိုသည်။

(ဃ) "သက်ဆိုင်ရာစစ်ဘက်အာဏာပိုင်" ဆိုသည်မှာ၊ အာဏာတစ်ခုခု၊ တာဝန်တစ်ခုခု၊ ပြုလုပ်မှုတစ်ခုခု၊ သို့တည်းမဟုတ် ကိစ္စတစ်ခုခုနှင့်စပ်လျဉ်း၍၊ ထိုစကားရပ်ကို အသုံးပြုထားသောအခါ၊ ဤနည်းဥပဒေများနှင့်အညီ၊ သို့တည်းမဟုတ် တပ်မတော် အက်ဥပဒေအရပြုသည့် စည်းမျဉ်းဥပဒေများနှင့်အညီဖြစ်စေ၊ စစ်ဘက်ထုံးတမ်းနှင့် အညီဖြစ်စေ၊ ထိုအာဏာကိုသုံးစွဲသော၊ သို့တည်းမဟုတ် ထိုတာဝန်ကိုဆောင်ရွက် သော၊ သို့တည်းမဟုတ် ထိုပြုလုပ်မှုနှင့်သော်လည်းကောင်း၊ ထိုကိစ္စနှင့်သော် လည်းကောင်း၊ သက်ဆိုင်ရာ စစ်ဘက်အာဏာပိုင်ကို ဆိုလိုသည်။

(င) "ပုဒ်မ" ဆိုသည်မှာ၊ အက်ဥပဒေပုဒ်မတစ်ခုကို ဆိုလိုသည်။

(စ) ဤနည်းဥပဒေများတွင် အဓိပ္ပာယ်ဖော်ပြခြင်းမပြုသော်လည်း၊ အက်ဥပဒေတွင် အဓိပ္ပာယ်ဖော်ပြထားပြီးဖြစ်သော စကားလုံးနှင့်စကားရပ်များကို၊ ဤနည်းဥပဒေများ၌ အသုံးပြုလျှင်၊ ထိုစကားလုံးနှင့်စကားရပ်များ၏ အဓိပ္ပာယ်မှာ၊ အက်ဥပဒေတွင် ဖော်ပြထားသည့်အတိုင်း ဖြစ်ရမည်။

အစီရင်ခံစာများနှင့် လျှောက်လွှာများ။

၃။ ။ အထက်အာဏာပိုင်တစ်ဦးထံသို့ဖြစ်စေ၊ သက်ဆိုင်ရာစစ်ဘက်အာဏာပိုင်တစ်ဦး ထံသို့ဖြစ်စေ၊ တင်သွင်းရမည်ဟု ဤနည်းဥပဒေများက ညွှန်ကြားထားသော အစီရင်ခံစာတစ်ခုခုကိုသော်လည်းကောင်း၊ လျှောက်လွှာတစ်ခုခုကိုသော် လည်းကောင်း၊ စစ်ဘက်လတ်တလောလိုအပ်ခြင်းများကြောင့်ဖြစ်စေ၊ အခြား အကြောင်းများကြောင့်ဖြစ်စေ၊ တာဖြင့်ရေးသားတင်သွင်းရန် မလိုဟု အဆိုပါအာဏာပိုင်က ခွင့်လွှတ်သည့်အခါမှတစ်ပါး၊ သက်ဆိုင်ရာမှတစ်ဆင့်၊ စာဖြင့် ရေးသားတင်သွင်းရမည်။

နောက်ဆက်တွဲများပါပုံစံများ။

၄။ ။ (၁) ဤနည်းဥပဒေများပါ နောက်ဆက်တွဲများတွင် ဖော်ပြပါရှိသော ပုံစံများကို၊ ကိစ္စတစ်ခုစီ၏ အခြေအနေအရ လိုအပ်သည့် ပြောင်းလဲချက်များ ပြုလုပ်လျက်၊ ထိုပုံစံများတွင် ဖော်ပြထားသော ရည်ရွယ်ချက် အသီးသီးအတွက် အသုံးပြုနိုင်သည့်ပြင်၊ ထိုသို့အသုံးပြုလျှင်၊ လုံလောက်သည်။ သို့သော်လည်း ထိုပုံစံ

များအတိုင်းမရေးဘဲ၊ သွေဖယ်ရေးသားသည့် အကြောင်းသက်သက်ကြောင့်၊ စွဲချက်၊ ဝရမ်း၊ အမိန့်၊ မှုခင်းကိစ္စဆောင်ရွက်မှု သို့တည်းမဟုတ် ဤနည်းဥပဒေများနှင့်သက်ဆိုင်သည့် အခြားစာတမ်းအမှတ်အသားတစ်ခုခု အတည်ဖြစ်ခြင်းသည် မပျက်ပြယ်စေရ။

(၂) အဆိုပါပုံစံတစ်ခုခုကို အသုံးပြုရန်ပျက်ကွက်သည့် အကြောင်းသက်သက်ကြောင့် ပြုလုပ်မှု၊ သို့တည်းမဟုတ် အရာတစ်ခုခု အတည်ဖြစ်ခြင်းသည် မပျက်ပြယ်စေရ။

(၃) အဆိုပါပုံစံများပါ မှတ်စုများတွင်ရှိသော ညွှန်ပြချက်များအပြင်၊ ထိုပုံစံများပါ ညွှန်ကြားချက်များကို၊ ၎င်းတို့နှင့်သက်ဆိုင်သော ကိစ္စအားလုံးတွင်၊ နည်းလမ်းတကျလိုက်နာရမည်။ သို့သော်လည်း မှတ်စုများတွင် ပါရှိသည့် ညွှန်ပြချက်များကိုဖြစ်စေ၊ ပုံစံများပါ ညွှန်ကြားချက်များကိုဖြစ်စေ၊ လိုက်နာရန် ပျက်ကွက်သည့် အကြောင်းသက်သက်ကြောင့်၊ ပြုလုပ်မှု၊ သို့တည်းမဟုတ် အရာတစ်ခုခု အတည်ဖြစ်ခြင်းသည် မပျက်ပြယ်စေရ။

စစ်ဘက်ရာထူးလက်ရှိဖြစ်သူအား အပ်နှင်းထားသည့် အာဏာကိုသုံးစွဲခြင်း။

၅။ ။ ဤနည်းဥပဒေများပါ ကိစ္စများအလို့ငှာ၊ စစ်ဘက်ရာထူး (တစ်ခုခု) လက်ရှိဖြစ်သူတစ်ဦးဦးအား အပ်နှင်းထားသည့်အာဏာ၊ သို့တည်းမဟုတ် စီရင်ပိုင်ခွင့်အာဏာကို၊ စစ်ဘက်ထုံးတမ်းနှင့်အညီ အခိုက်အတန့်အားဖြင့်၊ ထိုကိစ္စအလို့ငှာ အာဏာအပ်နှင်းခြင်းခံရသည့် အခြားသူတစ်ဦးဦးက သုံးစွဲနိုင်သည်။ ထို့ပြင် စစ်ဘက်ရာထူး (တစ်ခုခု) လက်ရှိဖြစ်သူ တစ်ဦးဦးကဖြစ်စေ၊ ထိုသူကိုဖြစ်စေ၊ ထိုသူ၏ရှေ့တွင်ဖြစ်စေ၊ ပြုလုပ်ရန်ရှိသော ပြုမှုတစ်ခုခုကိုသော်လည်းကောင်း၊ အရာတစ်ခုခုကိုသော်လည်းကောင်း၊ စစ်ဘက်ထုံးတမ်းနှင့်အညီ အခိုက်အတန့်အားဖြင့်၊ ထိုကိစ္စအလို့ငှာ အာဏာအပ်နှင်းခြင်းခံရသည့် အခြားသူတစ်ဦးဦးကဖြစ်စေ၊ အခြားသူကိုဖြစ်စေ၊ အခြားသူ၏ရှေ့တွင်ဖြစ်စေ၊ ပြုလုပ်နိုင်သည်။

ပြဋ္ဌာန်းမထားသည့်ကိစ္စများ။

၆။ ။ ဤနည်းဥပဒေများတွင် သီးခြားပြဋ္ဌာန်းမထားသည့် ကိစ္စတစ်ခုခုနှင့်စပ်လျဉ်း၍ အခွင့်ရအာဏာပိုင်သည်၊ အက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ တရားမျှတပြီး လျော်ကန်သင့်မြတ်သည်ဟု မိမိယူဆသည့်အတိုင်း ပြုလုပ်နိုင်သည်၊ သို့တည်းမဟုတ် အရေးယူနိုင်သည်။

အခန်း ၂။

စစ်မှုထမ်းအဖြစ် စာရင်းသွင်းခြင်းနှင့် သစ္စာပြုခြင်း။

စစ်မှုထမ်းအဖြစ် စာရင်းသွင်းရေးအရာရှိများ။

၇။ ။ အောက်ပါသူများသည်၊ ပုဒ်မ ၁၂ ပါ ကိစ္စများအလို့ငှာ၊ "စစ်မှုထမ်းအဖြစ် စာရင်းသွင်းရေးအရာရှိများ" ဖြစ်ရမည်။

(က) စစ်သားစုဆောင်းရေးအရာရှိများ၊ သို့တည်းမဟုတ် လက်ထောက်စစ်သားစုဆောင်းရေးအရာရှိများအဖြစ် ခန့်အပ်ခြင်းခံရသည့် တပ်မတော်အရာရှိများအပါအဝင်၊ စစ်သားစုဆောင်းရေးအရာရှိနှင့် လက်ထောက်စစ်သားစုဆောင်း ရေးအရာရှိအားလုံး။

(ခ) တပ်၊ သို့တည်းမဟုတ် သင်္ဘောကို ကွပ်ကဲသည့် အရာရှိ ထိုပြင်

(ဂ) စစ်ရေးချုပ်က စစ်မှုထမ်းအဖြစ် စာရင်းသွင်းရေးအရာရှိအဖြစ်ဖြင့် ခန့်အပ်သည့် အပိုလက်ထောက် စစ်သားစုဆောင်းရေးအရာရှိတစ်ဦးဦး၊ သို့တည်းမဟုတ် အခြားသူတစ်ဦးဦး။

သစ္စာပြုရသူများ။

၈။ ။ တိုက်ပွဲဝင်စစ်မှုထမ်းများအားလုံး၊ ထို့ပြင် အကြပ်၊ သို့တည်းမဟုတ် ခေတ္တအကြပ်အဖြစ် ရွေးချယ်ခြင်းခံရသော စစ်မှုထမ်းအဖြစ် စာရင်းသွင်းပြီးသည့် အခြားသူများသည်၊ တာဝန်ဝတ္တရား ထမ်းဆောင်ရန် သင့်တော်သည်ဟု သတင်းပို့ခြင်းခံရသည့်အခါ၊ ပုဒ်မ ၁၆ တွင် ပြဋ္ဌာန်းထားသည့် နည်းလမ်းအတိုင်း သစ္စာပြုကြရမည်။

သစ္စာပြုသည့် အခါတွင် အသုံးပြုရမည့်ကျမ်းသစ္စာ၊ သို့တည်းမဟုတ် ကတိသစ္စာ။

၉။ ။ (၁) ပုဒ်မ ၁၅ အရ သစ္စာပြုရသူတိုင်းသည်၊ အောက်ပါသစ္စာပြုချက်ပုံစံတစ်ခုခုတွင်ပါရှိသည့် ကျမ်းသစ္စာကိုဖြစ်စေ၊ ကတိသစ္စာကိုဖြစ်စေ၊ သစ္စာပြုရသူ ကိုးကွယ်သည့် ဘာသာနှင့်အညီ၊ သို့တည်းမဟုတ် ထိုသူ၏စိတ်တွင် စွဲမြဲစေသည့် အခြားနည်းနှင့်အညီ၊ ထပ်တူသစ္စာပြုသည့်သဘော သက်ရောက်သည်ဟု သစ္စာပြုစေသည့်အရာရှိက အမှန်စုံစမ်းတွေ့ရှိသည့် အခြားသစ္စာပြုချက်ပုံစံပါ ကျမ်းသစ္စာကိုဖြစ်စေ၊ ကတိသစ္စာကိုဖြစ်စေ၊ ပြု၍ လက်မှတ်ရေးထိုးရမည်။

ကျွမ်းသစ္စာပြုချက်ပုံစံ။

ကျွန်ုပ်၊ (ကိုယ်ပိုင်အမှတ်) ....၊ (အဆင့်) ....၊
(အမည်) .... သည်၊

တရားဥပဒေဖြင့် အတည်ပြုထားသည့် ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေကို ယုံကြည်လေးမြတ်စွာ၊ ကျွန်ုပ်၏ အသက်စွန့်၍ပင် ထိန်းသိမ်းစောင့်ရှောက်ပါမည်ဟူ၍ လည်းကောင်း၊

ပြည်ထောင်စုမြန်မာနိုင်ငံ၏ တပ်မတော်တွင် —

တာဝန်ဝတ္တရားအတိုင်း ဖြောင့်မတ်မှန်ကန်စွာ၊ ကျွန်ုပ်၏အသက်စွန့်၍ပင် အမှုထမ်းပါမည် ဟုလည်းကောင်း၊

ကုန်းကြောင်းခရီးဖြင့်ဖြစ်စေ၊ ရေကြောင်းခရီးဖြင့်ဖြစ်စေ၊ လေကြောင်းခရီးဖြင့်ဖြစ်စေ၊ မည်သည့် နေရာအရပ်သို့မဆို၊ အမိန့်ပေးသည့်အတိုင်း၊ ကျွန်ုပ်၏ အသက်စွန့်၍ပင်သွားပါမည်ဟု လည်းကောင်း၊

ကျွန်ုပ်ကို အုပ်ချုပ်သောအထက်အရာရှိတစ်ဦးဦး၏ အမိန့်အားလုံးကို၊ ကျွန်ုပ်၏ အသက်စွန့် ၍ပင် နာခံပါမည်ဟု လည်းကောင်း၊

ကျမ်းသစ္စာ ပြုပါ၏။

ကတိသစ္စာပြုချက်ပုံစံ။

ကျွန်ုပ်၊ (ကိုယ်ပိုင်အမှတ်) ....၊ (အဆင့်) ....၊
(အမည်) .... သည်၊

တရားဥပဒေဖြင့် အတည်ပြုထားသည့် ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေကို ယုံကြည်လေးမြတ်စွာ၊ ကျွန်ုပ်၏ အသက်စွန့်၍ပင် ထိန်းသိမ်းစောင့်ရှောက်ပါမည်ဟု လည်းကောင်း၊

ပြည်ထောင်စုမြန်မာနိုင်ငံ၏ တပ်မတော်တွင် —

တာဝန်ဝတ္တရားအတိုင်း ဖြောင့်မတ်မှန်ကန်စွာ၊ ကျွန်ုပ်၏အသက်စွန့်၍ပင် အမှုထမ်းပါမည် ဟုလည်းကောင်း၊

ကုန်းကြောင်းခရီးဖြင့်ဖြစ်စေ၊ ရေကြောင်းခရီးဖြင့်ဖြစ်စေ၊ လေကြောင်းခရီးဖြင့်ဖြစ်စေ၊ မည်သည့် နေရာအရပ်သို့မဆို၊ အမိန့်ပေးသည့်အတိုင်း၊ ကျွန်ုပ်၏ အသက်စွန့်၍ပင်သွားပါမည်ဟု လည်းကောင်း၊

ကျွန်ုပ်ကို အုပ်ချုပ်သောအထက်အရာရှိတစ်ဦးဦး၏ အမိန့်အားလုံးကို၊ ကျွန်ုပ်၏ အသက်စွန့် ၍ပင် နာခံပါမည်ဟု လည်းကောင်း၊

လေးနက်တည်ကြည်စွာ ကတိသစ္စာ ပြုပါ၏။

(၂) အထက်ဆိုခဲ့ပြီးသော ကျမ်းသစ္စာကို သို့တည်းမဟုတ် ကတိသစ္စာကို ဖြစ်နိုင်မည့်အခါတိုင်း၊ သစ္စာပြုရသူကို ကွပ်ကဲသည့်တပ်မှူးက (သို့တည်းမဟုတ် ထိုတပ်မှူးက ဤကိစ္စအလို့ငှာ၊ အာဏာလွှဲအပ်ထားခြင်းခံရသူက ထိုတပ်မှူး၏ ရှေ့မှောက်၌) ပုဒ်မ ၁၆ တွင် ပြဋ္ဌာန်းထားသည့် နည်းလမ်းအတိုင်း ပြုစေရမည်။ ထိုကဲ့သို့ မပြုစေခဲ့သော်၊ ရာဇဝတ်တရားသူကြီးတစ်ဦးကဖြစ်စေ၊ စစ်သားစုဆောင်းရေး အရာရှိတစ်ဦးက ဖြစ်စေ၊ လက်ထောက်စစ်သားစုဆောင်းရေးအရာရှိတစ်ဦးကဖြစ်စေ၊ တပ်နယ်တစ်နယ်ကို ကွပ်ကဲသည့်အရာရှိကဖြစ်စေ၊ ထိုကျမ်းသစ္စာကို၊ သို့တည်းမဟုတ် ကတိသစ္စာကို ပြုစေနိုင်သည်။

၁၀။ *တပ်တစ်ခု၊ တပ်အဖွဲ့တစ်ခု၊ သို့တည်းမဟုတ် ဌာနတစ်ခုမှ တစ်ခုသို့ ပြောင်းရွှေ့ခြင်း။*

။ နိုင်ငံတော်သမ္မတက၊ ပြန်တမ်းတွင် ထုတ်ပြန်ကြေညာသည့် ယေဘုယျ၊ သို့တည်းမဟုတ် အထူးအမိန့်ဖြင့် ညွှန်ကြားလျှင်၊ အက်ဥပဒေကို လိုက်နာရသူတစ်ဦးဦးအား၊ ၎င်း၏ စစ်မှုထမ်း အဖြစ် စာရင်းသွင်းခြင်းဆိုင်ရာ စည်းကမ်းချက်များတွင် ဆန့်ကျင်လျက် မည်သို့ပင်ပါရှိစေကာမူ၊ တပ်တစ်ခုမှ၊ သို့တည်းမဟုတ် တပ်အဖွဲ့တစ်ခုမှ၊ သို့တည်းမဟုတ် ဌာနတစ်ခုမှ တစ်ခုသို့ စစ်ရေးချုပ်၏ အမိန့်ဖြင့် ပြောင်းရွှေ့နိုင်သည်။

အခန်း ၃။

အမြဲတမ်းထုတ်ငေ့ါခြင်း၊ ထွက်ခွင့်ပေးခြင်းအစရှိသည်များ။

၁၁။ *ထွက်ခွင့်ပေးရာ၌ နှောင့်နှေးကြန့်ကြာမှုမရှိစေခြင်း။*

။ (၁) အက်ဥပဒေကို လိုက်နာရသောစစ်မှုထမ်းအဖြစ် စာရင်းသွင်းပြီးသူတိုင်းသည်၊ စစ်မှုထမ်းအဖြစ် စာရင်းသွင်းခြင်းဆိုင်ရာ စည်းကမ်းချက်များအရ ထွက်ခွင့်ရထိုက်လျှင် ရထိုက်ချင်း၊ ၎င်းအား ဆောလျင်နိုင်သမျှ ဆောလျင်စွာ ထွက်ခွင့်ပေးရမည်။

သို့ရာတွင် နိုင်ငံတော်သမ္မတက အဆိုပါထွက်ခွင့်ကို တပ်မတော်တစ်ခုလုံးအတွက်သော်လည်းကောင်း၊ အစိတ်အပိုင်းတစ်ခုအတွက်သော်လည်းကောင်း၊ အမိန့်ကြော်ငြာစာဖြင့် ဆိုင်းငံ့ထားလျှင်၊ အဆိုပါထွက်ခွင့်ကို၊ မည်သူမျှ ရထိုက်ခွင့်မရှိစေရ။

(၂) တစ်ဦးတစ်ယောက်သောသူနှင့် စပ်လျဉ်း၍၊ အခွင့်ရအာဏာပိုင်က နိုင်လုံစွာ ချမှတ်သော ထွက်ခွင့်ပေးအမိန့်ကို၊ ထွက်ခွင့်ပေးသည့်အာဏာပိုင်၏ အထက်အာဏာပိုင်တစ်ဦးဦးက၊ ထွက်ခွင့်ပေးခြင်းခံရသူ၏ သဘောတူညီချက်အရ စည်းကမ်းချက်များ မထားရှိဘဲဖြစ်စေ၊ ထိုထွက်ခွင့်ပေးခြင်းခံရသူ

လက်ခံသည့် စည်းကမ်းချက်များထားရှိ၍ဖြစ်စေ၊ ဖျက်သိမ်းနိုင်သည်။

ထွက်ခွင့်ပေးလက်မှတ်။

၁၂။ ။ (၁) ပုဒ်မ ၂၀ ပါ ပြဋ္ဌာန်းချက်များအရ ပေးအပ်ရမည့်လက်မှတ်ကို၊ အောက်ပါ နည်းဥပဒေများ၌ "ထွက်ခွင့်ပေးလက်မှတ်" ဟုခေါ်သည်။

(၂) စစ်မှုထမ်းခြင်းမှ အမြဲတမ်းထုတ်ပစ်ခြင်း၊ နုတ်ပယ်ခြင်း၊ သို့တည်းမဟုတ် ထွက်ခွင့်ပေးခြင်းခံရသောသူအား၊ ထွက်ခွင့်ပေးလက်မှတ်ကို၊ ထိုသူ၏တပ်မှူးကသော်လည်းကောင်း၊ တပ်မှူးကိုယ်စား အခြားသူတစ်ဦးကသော်လည်းကောင်း၊ ကိုယ်တိုင်လက်ရောက်ပေးအပ်နိုင်သည်၊ သို့တည်းမဟုတ် ထိုသူထံ စာပို့တိုက်မှတစ်ဆင့် မှတ်ပုံတင်၍ ပေးပို့နိုင်သည်။

ထွက်ခွင့်ပေးခြင်းကို အမိန့်ချမှတ်နိုင်သော အာဏာအပ်နှင်းခြင်းခံရသည့်အာဏာပိုင်များ။

၁၃။ ။ (၁) ဤနည်းဥပဒေတွင် ဆက်လက်ထည့်သွင်းထားသော စာရင်းကော်လံ ၃ ၌ သီးခြားဖော်ပြထားသည့် အာဏာပိုင်အသီးသီးသည်၊ ကော်လံ ၁၌ သီးခြားဖော်ပြထားသော၊ အက်ဥပဒေကို လိုက်နာရသူများအား၊ ကော်လံ ၂ ၌ သီးခြားဖော်ပြထားသော၊ အကြောင်းပြချက်များကြောင့်၊ စစ်မှုထမ်းခြင်းမှ ထွက်ခွင့်ပေးရန် အခွင့်ရအာဏာပိုင်ဖြစ်ရမည်။

(၂) အထက်ပါ အခွင့်ရအာဏာပိုင်တစ်ဦးဦးအား၊ ဤနည်းဥပဒေဖြင့် အပ်နှင်းထားသည့် အာဏာတစ်ခုခုကို၊ ထိုအာဏာပိုင်၏ အထက်အခြားအာဏာပိုင်တစ်ဦးဦးကလည်း သုံးစွဲနိုင်စေရမည်။

(၃) ထိုစာရင်းတွင် "အထက်အာဏာပိုင်" ဆိုသည်မှာ၊ အောက်တွင်ဖော်ပြထားသူများအတွက် ဖြစ်ပါက၊ ထိုသူများနှင့်ယှဉ်လျက် ပြထားသော အာဏာပိုင်များကို ဆိုလိုသည်။

အရာခံဗိုလ် ပထမတန်း။	တပ်မတော်ကာကွယ်ရေးဦးစီးချုပ်။[၂]
ကာကွယ်ရေးဝန်ကြီးဌာနရှိ အရာခံဗိုလ် ဒုတိယတန်းနှင့် စစ်မှုထမ်းအဖြစ် စာရင်းသွင်းပြီးသော အခြားသူများ။	သက်ဆိုင်ရာကာကွယ်ရေးဦးစီးချုပ်။
ဦးစီးတက္ကသိုလ်၊ တိုက်ခိုက်ရေးကျောင်းနှင့်စစ်တက္ကသိုလ် တို့ရှိအရာခံဗိုလ် ဒုတိယတန်းနှင့်စစ်မှုထမ်းအဖြစ် စာရင်းသွင်းပြီးသော အခြားသူများ။	သက်ဆိုင်ရာကျောင်းအုပ်ကြီး။[၃]
အခြားအရာခံဗိုလ်၊ ဒုတိယတန်းနှင့်စစ်မှုထမ်းအဖြစ် စာရင်းသွင်းပြီးသောသူများ။	ကြည်းတပ်အတွက်ဖြစ်ပါက၊ တပ်မဟာ ထောက်မငယ်သောအဖွဲ့အစည်းတစ်ခု တွင် အမှုထမ်းရွက်နေသော်၊ ထိုအဖွဲ့ အစည်းကို ကွပ်ကဲသောအရာရှိ၊ ရေတပ်အတွက်ဖြစ်ပါက၊ကာကွယ်ရေး ဦးစီးချုပ်(ရေ)[၄]၊ လေတပ်အတွက်ဖြစ် ပါက ကာကွယ်ရေးဦးစီးချုပ် (လေ)[၅]။

၂။ တပ်မတော်နည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေများ (၁၀. ၅. ၈၉ ရက်စွဲပါ န. ဝ. တ ဥပဒေအမှတ် ၃/၈၉) ဖြင့် ပြင်ဆင်သည်။ (မြန်မာနိုင်ငံပြန်တမ်း အပိုင်း -၁။ ၁၉၈၉ ခုနှစ် ဇွန်လ (၂) ရက်။ စာမျက်နှာ - ၂၇၃။)

၃။ ကာကွယ်ရေးဝန်ကြီးဌာန၊ ကြည်းတပ်ဌာနချုပ်၏ ၂၄. ၄. ၆၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၁/၆၁ ဖြင့် ပြင်ဆင် သည်။ (မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း - ၁၊ ၁၉၆၁ ခုနှစ်၊ ဧပြီလ (၂၉) ရက်၊ စာမျက်နှာ - ၇၁၄။)

၄။ တပ်မတော်နည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေများ (၁၀. ၅. ၈၉ ရက်စွဲပါ န. ဝ. တ ဥပဒေအမှတ် ၃/၈၉) ဖြင့် ပြင်ဆင်သည်။ (မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း -၁။ ၁၉၈၉ ခုနှစ်၊ ဇွန်လ (၂) ရက်၊ စာမျက်နှာ - ၂၇၃။)

၅။ တပ်မတော်နည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေများ (၁၀. ၅. ၈၉ ရက်စွဲပါ န. ဝ. တ ဥပဒေအမှတ် ၃/၈၉) ဖြင့် ပြင်ဆင်သည်။ (မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း -၁။ ၁၉၈၉ ခုနှစ်၊ ဇွန်လ (၂) ရက်၊ စာမျက်နှာ - ၂၇၃။)

ဇယား။

အမျိုးအစား (၁)	ထွက်ခွင့်ပေးခြင်း၏အကြောင်းရင်း (၂)	ထွက်ခွင့်ပေးနိုင်သော အခွင့်ရအာဏာပိုင်။ (၃)	အထူးညွှန်ကြားချက်များ (၄)
အရာခံဗိုလ်များ။	၁။(က) အထက်အာဏာပိုင်၏ အခွင့်အမိန့်အရ ထပ်မံ၍ သီးခြားသတ်မှတ်ပေးသော ကာလအပိုင်းအခြားအတွက်၊ တန်းပြည့်စစ်မှုထမ်းစာရင်းတွင် ဆက်လက်မထားရှိလျှင်၊ ထိုသူ၏အဆင့်အတွက်သော်လည်းကောင်း၊ ရာထူးအတွက်သော်လည်းကောင်း၊ စည်းမျဉ်းဥပဒေများတွင် သီးခြားသတ်မှတ်ထားသော စစ်မှုထမ်းခြင်းကာလ အပိုင်းအခြားဖြစ်စေ၊ ကုန်ဆုံးသော အချိန်အခါ၊ သို့တည်းမဟုတ် ကန့်သတ်ထားသည့်အသက်သို့ရောက်သော အချိန်အခါ၊ ထိုအချိန်အခါ နှစ်ရပ်အနက် အလျှင်ကျသည့် အချိန်အခါ။	တပ်မှူး။	
	(ခ) ထိုသူကိုယ်တိုင်က အငြိမ်းစားယူရန် ထွက်ခွင့်တောင်းဆိုသောအခါ။	တပ်မှူး။	
	(ဂ) ဆက်လက်စစ်မှုထမ်းရန်မသင့်တော်ဟု ဆေးဘက်ဆိုင်ရာက တွေ့ရှိသောအခါ။	တပ်မှူး။	ဆေးစစ်အဖွဲ့တစ်ခု၏ ထောက်ခံချက်အရသာလျှင်ဆောင်ရွက်ရမည်။
	(ဃ) အခြားထွက်ခွင့်ပေးခြင်းအမျိုးအစားအားလုံး။	အထက်အာဏာပိုင်။	အရာခံဗိုလ်၏ တောင်းဆိုခြင်းကြောင့်မဟုတ်သည့် ထွက်ခွင့်ပေးခြင်းဖြစ်လျှင်၊ ထွက်ခွင့်ပေးခြင်းကို အမိန့်မချမှတ်မီ အထက်အာဏာပိုင်သည်၊ ထိုသို့ထွက်ခွင့်ပေးခြင်းကို မည်သည့်အကြောင်းကြောင့် အမိန့်ချမှတ်သင့်ကြောင်း၊ အကြောင်းပြရန် အရာခံဗိုလ်အား အခြေအနေအရ ခွင့်ပြုသင့်လျှင် ခွင့်ပြုရမည်။

အမျိုးအစား (၁)	ထွက်ခွင့်ပေးခြင်း၏အကြောင်းရင်း (၂)	ထွက်ခွင့်ပေးနိုင်သောအခွင့်ရအာဏာပိုင်။ (၃)	အထူးညွှန်ကြားချက်များ (၄)
သစ္စာပြုပြီးသော စစ်မှုထမ်းအဖြစ် စာရင်းသွင်းပြီးသူများ။	၂။(က) ထိုသူ၏ စစ်မှုထမ်းအဖြစ် စာရင်းသွင်းခြင်းဆိုင်ရာစည်းကမ်းချက်များကို ပြီးမြောက်အောင် ဆောင်ရွက်ပြီးသောအခါ၊ သို့တည်းမဟုတ် အတင်းအကျပ်ထွက်ခွင့်ကို ပေးနိုင်သည့် အခြေအနေသို့ ရောက်သောအခါ။	တပ်မှူး	ကြည်းတပ်တွင် တပ်ကြပ်ကြီး အဆင့်ရှိသူများအတွက်သော်လည်းကောင်း၊ ရေတပ်၊ သို့တည်းမဟုတ်လေတပ်တွင်၊ တပ်ကြပ်ကြီး (ကြည်းတပ်) အဆင့်နှင့်တူညီသော အဆင့်ရှိသူများအတွက်သော် လည်းကောင်းဖြစ်ပါက၊ ထိုသူတို့ကိုယ်တိုင်က တောင်းဆိုမှသာလျှင်၊ တပ်မှူးသည် ဤအာဏာကို သုံးစွဲနိုင်သည်။
	(ခ) တပ်မတော်တွင် အမြဲတမ်းစစ်မှုထမ်းခြင်းကာလ အပိုင်းအခြားကုန်ဆုံးသည့်ပြင်၊ အရန်တပ်တွင်လည်း လစ်လပ်သည့်နေရာ မရှိသောအခါ။	တပ်မှူး။ (တပ်မတော်တွင်အမြဲတမ်းစစ်မှုထမ်းခြင်းကာလအပိုင်းအခြားကိုမတိုးမြှင့်လိုသူများ၏ ကိစ္စမျိုးတွင်)။	တပ်မတော်တွင် အမြဲတမ်းစစ်မှုထမ်းခြင်းနှင့် အရန်စစ်မှုထမ်းခြင်းနှစ်မျိုးလုံးအတွက် စစ်မှုထမ်းအဖြစ် စာရင်းသွင်းသူများနှင့် သက်ဆိုင်စေရမည်။ (တပ်မတော်တွင် အမြဲတမ်းစစ်မှုထမ်းခြင်း ကာလအပိုင်းအခြားကို တိုးမြှင့်ရန် အခွင့်အရေးရရှိ၍၊ ထိုအခွင့်အရေးကို သုံးစွဲလိုသူအား ဤခေါင်းစဉ်အရ ထွက်ခွင့်မပေးနိုင်။)
	(ဂ) ဆက်လက်စစ်မှုထမ်းရန် မသင့်တော်ဟု ဆေးအက်ဆိုင်ရာမှ တွေ့ရှိသောအခါ။	တပ်မှူး။	ဆေးစစ်အဖွဲ့၏ ထောက်ခံချက်အရသာလျှင်၊ ဆောင်ရွက်ရမည်။

အမျိုးအစား (၁)	ထွက်ခွင့်ပေးခြင်း၏အကြောင်းရင်း (၂)	ထွက်ခွင့်ပေးနိုင်သော အခွင့်ရအာဏာပိုင်။ (၃)	အထူးညွှန်ကြားချက်များ (၄)
	(ဃ) စစ်မှုထမ်းအဖြစ် စာရင်းသွင်းခြင်းဆိုင်ရာ စည်းကမ်းချက်များကို ပြီးမြောက်အောင် မဆောင်ရွက်မီ ထိုသူကိုယ်တိုင်က တောင်းဆိုသောအခါ။	တပ်မှူး	တပ်မှူးသည်၊ လျှောက်လွှာကို ခွင့်ပြုသင့်ကြောင်းအမြင်၊ ထိုသို့ခွင့်ပြုခြင်းကြောင့် တပ်၏လူအင်အားကို လျော့ထိုက်သေသည်ထက် လျော့စေသည်မဟုတ်ကြောင်းတို့နှင့် စပ်လျဉ်း၍လည်း၊ မိမိကိုယ်တိုင်က ကျေနပ်သောအခါ၌သာလျှင်၊ ဤအာဏာကိုသုံးစွဲရမည်။
	(င) အခြားထွက်ခွင့်ပေးခြင်း အမျိုးအစားအားလုံး။	အထက်အာဏာပိုင်။	ထွက်ခွင့်ပေးခြင်းကို အမိန့်မချမှတ်မီ၊ အထက်အာဏာပိုင်သည်၊ ထိုသို့ထွက်ခွင့်ပေးခြင်းကို မည်သည့် အကြောင်းကြောင့်၊ အမိန့်မချမှတ်သင့်ကြောင်း၊ အကြောင်းပြရန် ထိုသူအား အခြေအနေအရ ခွင့်ပြုသင့်လျှင်၊ ခွင့်ပြုရမည်။
သစ္စာမပြုရသေးသော စစ်မှုထမ်းအဖြစ် စာရင်းသွင်းပြီးသူများ။	၃။ ထွက်ခွင့်ပေးခြင်း အမျိုးအစားအားလုံး။	တပ်မှူး။	စစ်မှုထမ်းအဖြစ် စာရင်းသွင်းခြင်းဆိုင်ရာ စည်းကမ်းချက်များကို ပြီးမြောက်အောင်မဆောင်ရွက်မီ ထွက်ခွင့်တောင်းဆိုသူများ၏ ကိစ္စမျိုးတွင်၊ တပ်မှူးသည်၊ လျှောက်လွှာကို ခွင့်ပြုသင့်ကြောင်းအမြင်၊ ထိုသို့ခွင့်ပြုခြင်းကြောင့်၊ တပ်၏လူအင်အားကို၊ လျော့ထိုက်သည်ထက် လျော့စေသည်မဟုတ်ကြောင်းတို့နှင့်စပ်လျဉ်း၍လည်း။ မိမိကိုယ်တိုင်ကျေနပ်သောအခါ၌သာလျှင်၊ ဤအာဏာကို သုံးစွဲရမည်။

အမျိုးအစား (၁)	ထွက်ခွင့်ပေးခြင်း၏အကြောင်းရင်း (၂)	ထွက်ခွင့်ပေးနိုင်သောအခွင့်ရအာဏာပိုင်။ (၃)	အထူးညွှန်ကြားချက်များ (၄)
			စွမ်းရည်ရှိသော တပ်မတော်သားများဖြစ်လာရန် အကြောင်းမရှိသော တပ်သားသစ်များကို ဤခေါင်းစဉ်အရ ထွက်ခွင့်ပေးရမည်။

၁၄။ ။ (၁) အရာရှိတစ်ဦးအကျင့်ပျက်ပြားကြောင်း အစီရင်ခံစာများကို စဉ်းစားပြီးသည့်နောက်၊ စစ်တရားရုံးတစ်ရုံးဖြင့်၊ ထိုအရာရှိအား စစ်ဆေးစီရင်ခြင်းသည်၊ မသင့်လျော်ဟု သော်လည်းကောင်း၊ မဖြစ်နိုင်ဟု သော်လည်းကောင်း၊ နိုင်ငံတော်သမ္မတက ကျေနပ်သော်လည်း၊ သို့တည်းမဟုတ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်[၆] က ထင်မြင်သော်လည်း၊ အဆိုပါအရာရှိအား တပ်မတော်တွင် ဆက်လက်ထားရှိရန် မလိုလားအပ်ဟု ယူဆသောအခါ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်[၇] က၊ နိုင်ငံတော်သမ္မတ၏ ထင်မြင်ချက်များ၊ သို့တည်းမဟုတ် မိမိ၏ထင်မြင်ချက်များ၊ သက်ဆိုင်ရာရာကို၊ ထိုအရာရှိ အကျင့်ပျက်ပြားကြောင်း အစီရင်ခံစာများနှင့်တကွ၊ ထိုအရာရှိအား အကြောင်းကြားရမည့်ပြင်၊ ၎င်း၏ဖြေရှင်းချက်နှင့် ခုခံချေပချက်တို့ကို တင်ပြရန် တောင်းဆိုရမည်။

အကျင့်ပျက်ပြားမှုကြောင့်၊ နိုင်ငံတော်သမ္မတက စစ်မှုထမ်းခြင်းကို ရပ်စဲခြင်း။

(၂) ထိုအရာရှိ၏ ဖြေရှင်းချက်သည်၊ ကျေနပ်ဖွယ်မရှိဟု၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်[၈] က ယူဆ ျင်ဖြစ်စေ၊ နိုင်ငံတော်သမ္မတက၊ ထိုကိစ္စကို မိမိထံတင်ပြရန် ညွှန်ကြားသည့်အခါတွင်ဖြစ်စေ၊ ထိုအရာရှိ၏ ခုခံချေပချက်နှင့်အတူ၊ ထိုအရာရှိအား၊ အောက်ပါတစ်နည်းနည်းအတိုင်း၊ အရေးယူသင့်ကြောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်[၉] ၏ ထောက်ခံချက်ကိုပါ၊ နိုင်ငံတော်သမ္မတထံ၊ ထိုကိစ္စကို တင်ပြရမည်။

၆။ တပ်မတော်နည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေများ (၁၀. ၅. ၈၉ ရက်စွဲပါ န. ၀. တ ဥပဒေအမှတ် ၃/၈၉) ဖြင့် ပြင်ဆင်သည်။ (မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း -၁၊ ၁၉၈၉ ခုနှစ်၊ ဇွန်လ (၂) ရက်၊ စာမျက်နှာ - ၂၃၃။)

၇။ တပ်မတော်နည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေများ (၁၀. ၅. ၈၉ ရက်စွဲပါ န. ၀. တ ဥပဒေအမှတ် ၃/၈၉) ဖြင့် ပြင်ဆင်သည်။ (မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း -၁၊ ၁၉၈၉ ခုနှစ်၊ ဇွန်လ (၂) ရက်၊ စာမျက်နှာ - ၂၃၃။)

၈။ တပ်မတော်နည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေများ (၁၀. ၅. ၈၉ ရက်စွဲပါ န. ၀. တ ဥပဒေအမှတ် ၃/၈၉) ဖြင့် ပြင်ဆင်သည်။ (မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း -၁၊ ၁၉၈၉ ခုနှစ်၊ ဇွန်လ (၂) ရက်၊ စာမျက်နှာ - ၂၃၃။)

၉။ တပ်မတော်နည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေများ (၁၀. ၅. ၈၉ ရက်စွဲပါ န. ၀. တ ဥပဒေအမှတ် ၃/၈၉) ဖြင့် ပြင်ဆင်သည်။ (မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း -၁၊ ၁၉၈၉ ခုနှစ်၊ ဇွန်လ (၂) ရက်၊ စာမျက်နှာ - ၂၃၃။)

(က) စစ်မှုထမ်းခြင်းမှ အမြဲတမ်းထုတ်ပယ်ခြင်း၊ သို့တည်းမဟုတ်

(ခ) စစ်မှုထမ်းခြင်းမှ နုတ်ပယ်ခြင်း၊ သို့တည်းမဟုတ်

(ဂ) အငြိမ်းစားယူနိုင်းခြင်း၊ သို့တည်းမဟုတ်

(ဃ) နုတ်ထွက်ခိုင်းခြင်း။

(၃) နိုင်ငံတော်သမ္မတသည်၊ အစီရင်ခံစာများ၊ ထိုအရာရှိက ခုခံချေပချက်တင်ပြခဲ့လျှင်၊ ထိုခုခံချေပချက်နှင့် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်[၁၀] ၏ ထောက်ခံချက်ကို ထိုက်သင့်သလို စဉ်းစားပြီးနောက်၊ ထိုအရာရှိအား၊ အငြိမ်းစားလစာပေး၍ဖြစ်စေ၊ မပေးဘဲဖြစ်စေ၊ အမြဲတမ်းထုတ်ပယ်နိုင်သည်။ သို့တည်းမဟုတ် နုတ်ပယ်နိုင်သည်၊ သို့တည်းမဟုတ် ထိုအရာရှိအား အငြိမ်းစားယူခိုင်းနိုင်သည်၊ သို့တည်းမဟုတ် နုတ်ထွက်ခိုင်းနိုင်သည်။ ထို့ပြင် ထိုအရာရှိက၊ ထိုသို့အငြိမ်းစားယူရန်၊ သို့တည်းမဟုတ် နုတ်ထွက်ရန်ငြင်းဆန်သည့်အခါ၊ ထိုအရာရှိ ရခွင့်ရှိသော အငြိမ်းစားလစာ၊ သို့တည်းမဟုတ် ဆုကြေးရှိခဲ့လျှင် ထိုဆုကြေးကိုပေး၍၊ ထိုအရာရှိအား၊ အငြိမ်းစားပေးနိုင်သည်။ သို့တည်းမဟုတ် စစ်မှုထမ်းခြင်းမှ နုတ်ထွက်ကြောင်း ပြန်တမ်းတွင် ထုတ်ပြန်ကြေညာနိုင်သည်။

အကျင့်ပျက်ပြားသည့် အကြောင်းမှတစ်ပါး၊ အခြား အကြောင်းများကြောင့် နိုင်ငံတော်သမ္မတက စစ်မှုထမ်းခြင်းကို ရပ်စဲခြင်း။

၁၅။ ။ (၁) ညံ့ဖျင်းခြင်းကြောင်းသော်လည်းကောင်း၊ ကိုယ်အင်္ဂါမသန်စွမ်းမှုကြောင့်သော်လည်းကောင်း၊ အရာရှိတစ်ဦးအား၊ တပ်မတော်တွင် ဆက်လက်ထားရှိရန်မသင့်တော်ဟု၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်[၁၁] က ကျေနပ်သည့်အခါ၊ ထိုအရာရှိအား၊

(က) ထိုသို့မသင့်တော်ကြောင်းကို အကြောင်းကြားရမည်။

(ခ) ထိုသို့မသင့်တော်ကြောင်းနှင့်စပ်လျဉ်းသည့် ကိစ္စအားလုံး၏ အကြောင်းအချက်များကို ဖော်ပြရမည်၊ ထို့ပြင်

(ဂ) တပ်မတော်တွင် ဆက်လက်ထားရှိရန်အတွက် အထောက်အပံ့ဖြစ်စေသည့် အကြောင်းပြချက်များကို တင်ပြထုချေလိုက တင်ပြထုချေရန် တောင်းဆိုရမည်။

(၂) ဖြေရှင်းချက်သည် ကျေနပ်ဖွယ်မရှိဟု၊ ကာကွယ်ရေးဦးစီးချုပ်က ယူဆလျှင်၊ ထိုအရာရှိ ၏ ဖြေရှင်းချက်နှင့်အတူ၊ ထိုအရာရှိအား၊ အောက်ပါတစ်နည်းနည်းအတိုင်း အရေးယူသင့်ကြောင်း၊

၁၀။ တပ်မတော်နည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေများ (၁၀. ၅. ၈၉ ရက်စွဲပါ န. ဝ. တ ဥပဒေအမှတ် ၃/၈၉) ဖြင့် ပြင်ဆင်သည်။ (မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း -၁၊ ၁၉၈၉ ခုနှစ်၊ ဇွန်လ (၂) ရက်၊ စာမျက်နှာ - ၂၃၃။)

၁၁။ တပ်မတော်နည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေများ (၁၀. ၅. ၈၉ ရက်စွဲပါ န. ဝ. တ ဥပဒေအမှတ် ၃/၈၉) ဖြင့် ပြင်ဆင်သည်။ (မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း -၁၊ ၁၉၈၉ ခုနှစ်၊ ဇွန်လ (၂) ရက်၊ စာမျက်နှာ - ၂၃၃။)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်[၁၂] ၏ ထောက်ခံချက်ကိုပါ၊ နိုင်ငံတော်သမ္မတထံ၊ အမိန့်ချမှတ်ရန်အတွက်၊ ထိုကိစ္စကို တင်ပြရမည်။

(က) အငြိမ်းစားယူနိုင်းရန်၊ သို့တည်းမဟုတ်

(ခ) နုတ်ထွက်နိုင်းရန်။

(၃) နိုင်ငံတော်သမ္မတသည်၊ အစီရင်ခံစာများ၊ ထိုအရာရှိ၏ ဖြေရှင်းချက်များရှိခဲ့လျှင်၊ ထိုဖြေရှင်းချက်များနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်[၁၃] ၏ ထောက်ခံချက်ကို စဉ်းစားပြီးသည့်နောက်၊ ထိုအရာရှိအား အငြိမ်းစားယူခိုင်းနိုင်သည်၊ သို့တည်းမဟုတ် နုတ်ထွက်ခိုင်းနိုင်သည်။ ထို့ပြင် ထိုအရာရှိက ထိုသို့အငြိမ်းစားယူရန်၊ သို့တည်းမဟုတ် နုတ်ထွက်ရန် ငြင်းဆန်သည့်အခါ၊ ထိုအရာရှိ ရခွင့်ရှိသော အငြိမ်းစားလစာ၊ သို့တည်းမဟုတ် ဆုကြေးရှိခဲ့လျှင်၊ ထိုဆုကြေးကိုပေး၍၊ ထိုအရာရှိအား၊ စစ်မှုထမ်းခြင်းမှ အငြိမ်းစားပေးကြောင်း၊ သို့တည်းမဟုတ် နုတ်ထွက်စေကြောင်းကို၊ ပြန်တမ်းတွင် ထုတ်ပြန်ကြေညာရန်အတွက်၊ နိုင်ငံတော်သမ္မတက အရေးယူဆောင်ရွက်နိုင်သည်။

၁၆။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်[၁၄] နှင့် အခြားအရာရှိများက အမြဲတမ်းထုတ်ပယ်ခြင်း၊ သို့တည်းမဟုတ် နုတ်ပယ်ခြင်း။ ။ အက်ဥပဒေကို လိုက်နာရသူအား စစ်မှုထမ်းခြင်းမှ အမြဲတမ်းထုတ်ပစ်ရန်၊ သို့တည်းမဟုတ် နုတ်ပယ်ရန်၊ ၎င်းအပေါ် အရေးယူသည့်အကြောင်းရင်း၏ အချက်အလက်များကို၊ ထိုသူထံ အကြောင်းမကြားဘဲ၊ ထို့ပြင် ထိုသို့ အမြဲတမ်းထုတ်ပစ်ခြင်း၊ သို့တည်းမဟုတ် နုတ်ပယ်ခြင်းကို မပြုလုပ်ထိုက်ကြောင်း ချေပလိုသည့် အကြောင်းအချက်များရေးသား တင်ပြနိုင်ရန်၊ ၎င်းအား၊ သင့်တော်သည့်အချိန်မပေးဘဲ၊ ပုဒ်မ ၁၁ ၏ ပုဒ်မခွဲ (၁) အရဖြစ်စေ၊ ပုဒ်မခွဲ (၃) အရဖြစ်စေ၊ ထိုသူကို စစ်မှုထမ်းခြင်းမှ အမြဲတမ်းထုတ်မပစ်ရ။ သို့တည်းမဟုတ် မနုတ်ပယ်ရ။

သို့ရာတွင် နည်းဥပဒေ ၁၄၊၁၅ သို့တည်းမဟုတ် ဤနည်းဥပဒေအရ စစ်မှုထမ်းရပ်စဲခြင်းကိုဖြစ်စေ၊ စစ်မှုထမ်းခြင်းမှ အမြဲတမ်းထုတ်ပစ်ခြင်းကိုဖြစ်စေ၊ နုတ်ပယ်ခြင်းကိုဖြစ်စေ၊ အမိန့်ချမှတ်ပိုင်ခွင့်ရှိသော အာဏာပိုင်က၊ သို့တည်းမဟုတ် အရာရှိက၊ အဆိုပါနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် အညီ လိုက်နာဆောင်ရွက်ရန်မဖြစ်နိုင်ဟု ထင်မြင်ယူဆလျှင်၊ ထိုအာဏာပိုင်က၊ သို့တည်းမဟုတ် အရာရှိက၊ အဆိုပါနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်မဖြစ်နိုင်ကြောင်း၊ သက်သေခံလက်မှတ်တစ်စောင်ကို ရေးသားမှတ်တမ်းတင်ပြီးသည့်နောက် သတ်မှတ်ထားသည့် စည်းကမ်း

၁၂။ တပ်မတော်နည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေများ (၁၀. ၅. ၈၉ ရက်စွဲပါ န. ဝ. တ ဥပဒေအမှတ် ၃/၈၉) ဖြင့် ပြင်ဆင်သည်။ (မြန်မာနိုင်ငံပြန်တမ်း အပိုင်း -၁၊ ၁၉၈၉ ခုနှစ် ဇွန်လ (၂) ရက်၊ စာမျက်နှာ - ၂၉၃။)

၁၃။ တပ်မတော်နည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေများ (၁၀. ၅. ၈၉ ရက်စွဲပါ န. ဝ. တ ဥပဒေအမှတ် ၃/၈၉) ဖြင့် ပြင်ဆင်သည်။ (မြန်မာနိုင်ငံပြန်တမ်း အပိုင်း -၁၊ ၁၉၈၉ ခုနှစ် ဇွန်လ (၂) ရက်၊ စာမျက်နှာ - ၂၉၃။)

၁၄။ တပ်မတော်နည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေများ (၁၀. ၅. ၈၉ ရက်စွဲပါ န. ဝ. တ ဥပဒေအမှတ် ၃/၈၉) ဖြင့် ပြင်ဆင်သည်။ (မြန်မာနိုင်ငံပြန်တမ်း အပိုင်း -၁၊ ၁၉၈၉ ခုနှစ် ဇွန်လ (၂) ရက်၊ စာမျက်နှာ - ၂၉၃။)

နည်းလမ်းများအတိုင်း လိုက်နာဆောင်ရွက်ခြင်းမပြုဘဲဖြစ်စေ၊ ထိုစည်းကမ်းနည်းလမ်းများအနက်၊ လိုက်နာဆောင်ရွက်ရန်မဖြစ်နိုင်ဟူ၍ ထိုအာဏာပိုင်က၊ သို့တည်းမဟုတ် အရာရှိက ထင်မြင်ယူဆသည့် စည်းကမ်းနည်းလမ်းများလောက်ကိုသာ လိုက်နာဆောင်ရွက်ခြင်းမပြုဘဲဖြစ်စေ၊ စစ်မှုထမ်းရယ်စဲခြင်းကို သော်လည်းကောင်း၊ စစ်မှုထမ်းခြင်းမှ အမြဲတမ်းထုတ်ပယ်ခြင်းကိုသော်လည်းကောင်း၊ နုတ်ပယ်ခြင်းကို သော်လည်းကောင်း၊ အမိန့်ချမှတ်နိုင်သည်။ သတ်မှတ်ထားသည့် စည်းကမ်းနည်းလမ်းအတိုင်း လိုက်နာ ဆောင်ရွက်ခြင်းမပြုဘဲ၊ ဤနည်းဥပဒေအရ စစ်မှုထမ်းရပ်စဲခြင်း၊ စစ်မှုထမ်းခြင်းမှ အမြဲတမ်းထုတ်ပယ် ခြင်း၊ သို့တည်းမဟုတ် နုတ်ပယ်ခြင်း၊ ကိစ္စအားလုံးကို၊ နိုင်ငံတော်သမ္မတထံ အစီရင်ခံရမည်။

၁၇။ ။ (၁) အရာရှိတစ်ဦးအား ပုဒ်မ ၁၇ အရ အမြဲတမ်းထုတ်ပယ်ခြင်းသည်၊ သို့တည်း မဟုတ် ထိုအရာရှိ အငြိမ်းစားယူခြင်းသည်၊ နုတ်ထွက်ခြင်းသည်၊ သို့တည်းမဟုတ် ထိုအရာရှိအား နုတ်ပယ်ခြင်းသည်၊ ထိုကဲ့သို့ အမြဲတမ်းထုတ်ပယ်ခြင်း၊ အငြိမ်းစားယူခြင်း၊ သို့တည်းမဟုတ် နုတ်ပယ်ခြင်းနှင့်သက်ဆိုင်သည့် အမိန့်ကြော်ငြာစာတွင်၊ ထိုကိစ္စအလို့ငှာ သီးခြားဖော်ပြသည့်နေ့ရက်တွင် စတင်အတည်ဖြစ်စေရမည်၊

စစ်တရားရုံး၏ ပြစ်ဒဏ်စီရင်ခြင်းကြောင့်မှတစ်ပါး အခြားအကြောင်းကြောင့် အငြိမ်းစားယူခြင်း နုတ်ထွက်ခြင်း နုတ်ပယ်ခြင်း ထွက်ခွင့်ပေးခြင်း သို့တည်းမဟုတ် အမြဲတမ်းထုတ်ပယ်ခြင်း အတည်ဖြစ်သည့်နေ့ရက်။

(၂) အရာရှိတစ်ဦးမှအပ၊ စစ်တရားရုံး၏ ပြစ်ဒဏ်စီရင်ခြင်းကြောင့်မဟုတ်ဘဲ နည်းလမ်းတကျ ချမှတ်သည့်အမိန့်ဖြင့်၊ အက်ဥပဒေကို လိုက်နာရသူတစ်ဦးအား အမြဲတမ်းထုတ်ပယ်ခြင်း၊ သို့တည်းမဟုတ် ထွက်ခွင့်ပေးခြင်းကို၊ ထိုသူ၏တပ်မှူးက၊ ဆောလျင်နိုင်သမျှ ဆောလျင်စွာ ပြီးမြောက်အောင် ဆောင်ရွက်ရမည်။ ထိုသို့အမြဲတမ်းထုတ်ပယ်ခြင်းကိုဖြစ်စေ၊ ထွက်ခွင့် ပေးခြင်းကိုဖြစ်စေ၊ အမိန့်ချမှတ်နိုင်သည့်အာဏာပိုင်သည်၊ ထိုသို့ အမိန့်ချမှတ်သောအခါ၊ ထိုအမြဲတမ်း ထုတ်ပယ်ခြင်း၊ သို့တည်းမဟုတ် ထွက်ခွင့်ပေးခြင်း နောင်ကာလ၌ စတင်အတည်ဖြစ်ရမည့်နေ့ရက်ကို သီးခြားဖော်ပြနိုင်သည်၊

သို့ရာတွင် ထိုရက်ကို သီးခြားဖော်ပြခြင်းမပြုခဲ့လျှင်၊ ထိုသို့အမြဲတမ်းထုတ်ပယ်ခြင်းကို၊ သို့တည်း မဟုတ် ထွက်ခွင့်ပေးခြင်းကို၊ နည်းလမ်းတကျခွင့်ပြုသည့်နေ့ရက်၊ သို့တည်းမဟုတ် အမြဲတမ်းထုတ်ပယ် ခြင်းဖြစ်စေ၊ ထွက်ခွင့်ပေးခြင်းဖြစ်စေ ခံရသူက၊ စစ်ဘက်တာဝန်ဝတ္တရားဆောင်ရွက်ခြင်းရပ်စဲသည့် နေ့ရက်၊ ထိုနေ့ရက်နှစ်ခုအနက်၊ နောက်ကျသောနေ့ရက်တွင်၊ အမြဲတမ်းထုတ်ပယ်ခြင်း၊ သို့တည်းမဟုတ် ထွက်ခွင့်ပေးခြင်း စတင်အတည်ဖြစ်စေရမည်။

(၃) အက်ဥပဒေကို လိုက်နာရသူတစ်ဦးအား အငြိမ်းစားယူစေခြင်း၊ နုတ်ပယ်ခြင်း၊ နုတ်ထွက် စေခြင်း၊ ထွက်ခွင့်ပေးခြင်း၊ သို့တည်းမဟုတ် အမြဲတမ်းထုတ်ပယ်ခြင်းသည်၊ အတိတ်ကာလဖြစ်သော နေ့ရက်မှစ၍ အတည်မဖြစ်စေရ။

အခန်း ၄။

မူလအခွင့်အရေးများကို ကန့်သတ်ခြင်းများ။

၁၈။ ။ အက်ဥပဒေကို လိုက်နာရသူသည် —

ခွင့်မပြုသောအစည်းအရုံးများ။

(က) နိုင်ငံတော်သမ္မတ၏ အခွင့်အမိန့် အတိအလင်းမရရှိဘဲ၊ တပ်မတော်၏ အစိတ်အပိုင်းအဖြစ်၊ အသိအမှတ်မပြုသော အဖွဲ့တစ်ခုခုကိုဖြစ်စေ၊ အဖွဲ့အစည်းတစ်ခုခုကိုဖြစ်စေ၊ အသင်းတစ်ခုခုကိုဖြစ်စေ၊ ရာထူးအရ အသိအမှတ်မပြုရ၊ သို့တည်းမဟုတ် အကူအညီပေးခြင်းမပြုရ။ သို့တည်းမဟုတ် ထိုအဖွဲ့တွင်ဖြစ်စေ၊ ထိုအဖွဲ့အစည်း တွင်ဖြစ်စေ၊ ထိုအသင်းတွင်ဖြစ်စေ၊ ကိုယ်တိုင်လက်ရောက်ပါဝင်ဆောင်ရွက်ခြင်းမပြုရ။ ထို့အပြင် ထိုအဖွဲ့၊ အဖွဲ့အစည်း၊ သို့တည်းမဟုတ် အသင်းသည်၊ ကစားပျော်ရွှင်မှု သဘောသော်လည်းကောင်း၊ ဘာသာသာသနာရေးသဘောသော်လည်းကောင်း၊ သက် ဝင်သည့်အဖွဲ့၊ အဖွဲ့အစည်း၊ သို့တည်းမဟုတ် အသင်းဖြစ်လျှင်၊ အထက်အရာရှိ၏ အခွင့်အမိန့် ကြိုတင်မရရှိဘဲ ထိုအဖွဲ့ကို ဖြစ်စေ၊ ထိုအဖွဲ့အစည်းကိုဖြစ်စေ၊ ထိုအသင်းကိုဖြစ်စေ၊ ရာထူးအရ အသိအမှတ်မပြုရ၊ သို့တည်းမဟုတ် အကူအညီမပေးရ သို့တည်းမဟုတ် ထိုအဖွဲ့တွင်ဖြစ်စေ၊ ထိုအဖွဲ့အစည်းတွင်ဖြစ်စေ၊ ထိုအသင်းတွင် ဖြစ်စေ၊ ကိုယ်တိုင်လက်ရောက် ပါဝင်ဆောင်ရွက်ခြင်းမပြုရ။

(ခ) နိုင်ငံတော်သမ္မတ၏ အခွင့်အမိန့်အတိအလင်းမရရှိဘဲ၊ ဝါဏိဇ္ဇသမဂ္ဂတစ်ခုခု၏၊ သို့တည်းမဟုတ် အလုပ်သမားသမဂ္ဂတစ်ခုခု၏ အဖွဲ့ဝင်တစ်ဦးမဖြစ်စေရ၊ သို့တည်းမဟုတ် ဝါဏိဇ္ဇသမဂ္ဂအမျိုးအစားတစ်ခုခု၏၊ သို့တည်းမဟုတ် အလုပ်သမား သမဂ္ဂအမျိုးအစားတစ်ခုခု၏ အဖွဲ့ဝင်တစ်ဦးမဖြစ်စေရ၊ သို့တည်းမဟုတ် ထိုသမဂ္ဂတစ်ခုခုနှင့်ဖြစ်စေ၊ ထိုသမဂ္ဂအမျိုးအစားတစ်ခုခုနှင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဆက်သွယ်ခြင်းမပြုရ။

၁၉။ ။ (၁) အက်ဥပဒေကို လိုက်နာရသူသည်၊ ပါတီတစ်ခုအတွက်ဖြစ်စေ၊ မည်သည့်နိုင်ငံရေး ရည်ရွယ်ချက်များအတွက်မဆိုဖြစ်စေ၊ ကျင်းပသော အစည်းအဝေးတစ်ခုခုသို့သော်လည်းကောင်း၊ လူထုဆန္ဒပြခြင်းတစ်ခုခုသို့သော်လည်းကောင်း၊ မတက်ရောက်ရ၊ သို့တည်းမဟုတ် ထိုအစည်းအဝေးတစ်ခုခုတွင်ဖြစ်စေ၊ ထိုလူထုဆန္ဒပြခြင်းတစ်ခုခုတွင်ဖြစ်စေ၊ ဟောပြောမှုကိုသော်လည်းကောင်း၊ ပါဝင်ဆောင်ရွက်မှုကိုသော်လည်းကောင်း၊ မပြုရ။ သို့တည်းမဟုတ် နိုင်ငံရေးအသင်းတစ်ခုခုတွင်ဖြစ် စေ၊

နိုင်ငံရေးဆောင်ရွက်မှုများနှင့် စပ်ဆက်နှင့် မဆိုင်သော ဆောင်ရွက်မှုများ။

နိုင်ငံရေးလှုပ်ရှားမှုတစ်ခုခုတွင်ဖြစ်စေ၊ ပါဝင်ခြင်းမပြုရ။ သို့တည်းမဟုတ် ထိုအသင်းတစ်ခုခုသို့ ဖြစ်စေ၊ လှုပ်ရှားမှုတစ်ခုခုသို့ဖြစ်စေ၊ မဝင်ရ။ သို့တည်းမဟုတ် ထိုအသင်းတစ်ခုခုကိုဖြစ်စေ၊ လှုပ်ရှားမှုတစ်ခုခုကိုဖြစ်စေ၊ တုပ်ရေးအတွက် ငွေမပေးရ။

(၂) အတ်ဥပဒေကို လိုက်နာရသူသည်၊ ပါလီမန်သို့သော်လည်းကောင်း၊ ဒေသန္တရအာဏာပိုင်အဖြစ်သို့သော်လည်းကောင်း၊ အခြားပြည်သူ့အဖွဲ့တစ်ခုခုသို့သော်လည်းကောင်း၊ ရွေးကောက်တင်မြှောက်ခြင်းအတွက်၊ အရွေးခံသူတစ်ဦးအနေဖြင့်ဖြစ်စေ၊ အရွေးခံရန်အလားအလာရှိသူတစ်ဦးအနေဖြင့်ဖြစ်စေ၊ မဲဆန္ဒရှင်များထံသို့ မိန့်ခွန်းတစ်ရပ်ကိုထုတ်မပေးရ၊ သို့တည်းမဟုတ် အများပြည်သူသိအောင် မိမိကိုယ်တိုင်က၊ အခြားတစ်နည်းနည်းထုတ်ဖော်ပြောဆိုခြင်းမပြုရ။ သို့တည်းမဟုတ် အခြားသူအား ထုတ်ဖော်ပြောဆိုခွင့်မပေးရ။ သို့တည်းမဟုတ် အရွေးခံသူတစ်ဦး၏ ရွေးကောက်ပွဲကော်မတီအဖွဲ့ဝင်တစ်ဦးအဖြစ် မဆောင်ရွက်ရ။ သို့တည်းမဟုတ် အရွေးခံသူတစ်ဦး၏အကျိုးအတွက် တစ်နည်းနည်းဖြင့် ကိုယ်ထိလက်ရောက် အားပေးအားမြှောက်ခြင်းဖြစ်စေ၊ ဆောင်ရွက်ပေးခြင်းဖြစ်စေ မပြုရ။

၂၀။ ။ အတ်ဥပဒေကို လိုက်နာရသူသည် —

ပုံနှိပ်တိုက်သို့ အကြောင်းကြားခြင်း ဖော်ပြခြင်း အစရှိသည်များ။

(က) နိုင်ငံရေးပြဿနာတစ်ရပ်နှင့်စပ်လျဉ်းသည့် အကြောင်းအရာတစ်ခုခုကိုဖြစ်စေ၊ စစ်ဘက်ဆိုင်ရာ အကြောင်းအရာတစ်ခုခုကိုဖြစ်စေ၊ စစ်ဘက်ဆိုင်ရာသတင်းပေးချက်တစ်ခုခု ပါရှိသော အကြောင်းအရာ တစ်ခုခုကိုဖြစ်စေ၊ ရည်သည့် ပုံသဏ္ဌာန်ဖြင့်မဆို၊ ပုံနှိပ်ထုတ်ဝေခြင်း၊ သို့တည်းမဟုတ် တပုံနှိပ်တိုက်သို့ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ အကြောင်းကြားခြင်း မပြုရ။ သို့တည်းမဟုတ် ထိုပြဿနာသော်လည်းကောင်း၊ အကြောင်းအရာသော်လည်းကောင်း၊ ထိုသတင်းပေးချက်သော်လည်းကောင်း ပါရှိသော စာအုပ်တစ်ခုခုကိုဖြစ်စေ၊ စာတစ်ခုခုကိုဖြစ်စေ၊ ဆောင်းပါးတစ်ခုခုကိုဖြစ်စေ၊ အခြားစာတမ်း အမှတ်အသားတစ်ခုခုကိုဖြစ်စေ၊ နိုင်ငံတော်သမ္မတ၏ အခွင့်အမိန့်ကို၊ သို့တည်းမဟုတ် ဤကိစ္စအလို့ငှာ နိုင်ငံတော်သမ္မတက သီးခြားသတ်မှတ်ထားသည့် အရာရှိတစ်ဦးဦး၏ အခွင့်အမိန့်ကို ကြိုတင်မရရှိဘဲ၊ ပုံနှိပ်ထုတ်ဝေခြင်းမပြုရ၊ သို့တည်းမဟုတ် ပုံနှိပ်ထုတ်ဝေစေခြင်းမပြုရ၊ သို့တည်းမဟုတ်

(ခ) နိုင်ငံရေးပြဿနာတစ်ရပ်နှင့်ဖြစ်စေ၊ စစ်ဘက်ဆိုင်ရာအကြောင်းအရာတစ်ခုနှင့်ဖြစ်စေ၊ စပ်လျဉ်းသည့်အကြောင်းအရာပါဝင်သော၊ သို့တည်းမဟုတ် စစ်ဘက်ဆိုင်ရာ အကြောင်းအရာတစ်ခုခုပါရှိသည့် သတင်းပေးချက်တစ်ခုခုဖြစ်စေ၊ ထင်မြင်ယူဆချက်များဖြစ်စေ၊ ပါဝင်သော ဟောပြောချက်တစ်ရပ်ကိုသော်လည်းကောင်း၊ အသံလွှင့်

မိနစ်ခွန်းတစ်ရပ်ကိုသော်လည်းကောင်း၊ နိုင်ငံတော်သမ္မတ၏ အခွင့်အမိန့် သို့တည်းမဟုတ် ဤကိစ္စအလို့ငှာ၊ နိုင်ငံတော်သမ္မတက သီးခြားသတ်မှတ်ထားသည့် အရာရှိတစ်ဦးဦး၏ အခွင့်အမိန့် ကြိုတင်မရရှိဘဲ၊ ပြောဆိုခြင်းမပြုရ။

ရှင်းလင်းချက် ။ ။ ဤနည်းဥပဒေပါကိစ္စများအတွက် "စစ်ဘက်ဆိုင်ရာသတင်းပေးချက်" နှင့် "စစ်ဘက်ဆိုင်ရာအကြောင်းအရာ" ဆိုသည့်စကားရပ်များတွင်၊ တပ်မဲ့များနှင့်သက်ဆိုင်သော၊ သို့တည်းမဟုတ် ကာကွယ်ရေးနှင့်သက်ဆိုင်သော၊ သို့တည်းမဟုတ် ပြည်ထောင်စုနိုင်ငံ၏ ပြည်ပဆက်ဆံရေးနှင့် သက်ဆိုင်သော သတင်းပေးချက်ဖြစ်စေ၊ အကြောင်းအရာဖြစ်စေ၊ ပါဝင်သည်။

အခန်း ၅။

စွဲချက်များကို စုံစမ်းစစ်ဆေးခြင်းနှင့် စစ်တရားရုံးဖြင့် အမှုများကို စစ်ဆေးစီရင်ခြင်း။

<u>အပိုင်း ၁။ ။ စွဲချက်များကို စုံစမ်းစစ်ဆေးခြင်းနှင့် စစ်ဆေးစီရင်ခြင်းအတွက် ရုမန်ပေးခြင်း။</u>

တပ်မှူးများ၏ အာဏာ။

၂၁။ ။ (၁) အရာရှိမှတစ်ပါး အက်ဥပဒေကို လိုက်နာရသူတစ်ဦးအား စွဲဆိုသည့် စွဲချက်တိုင်းကို၊ ထိုတရားခံ၏ရှေ့မှောက်၌ ကြားနာရမည်။ တရားခံသည်၊ မိမိနှင့် ဆန့်ကျင်ဘက်ဖြစ်သော မည်သည့်သက်သေကိုမဆို ပြန်လှန်စစ်မေးရန်လည်းကောင်း၊ မိမိ၏ခုခံချေပရေးတွင် မည်သည့်သက်သေကိုမဆို ခေါ်ပြရန် လည်းကောင်း၊ မည်သည့်ထွက်ချက်ကိုမဆို ထွက်ဆိုရန်လည်းကောင်း၊ အခွင့်အရေးအပြည့်အစုံရရှိစေ ရမည်။

စွဲချက်ကိုကြားနာခြင်း။

(၂) အက်ဥပဒေအရဖြစ်သော ပြစ်မှုကျူးလွန်ခဲ့ကြောင်း သက်သေခံချက်မရှိဟု ထင်မြင်ယူဆပါက၊ တပ်မှူးသည်၊ မိမိရှေ့သို့တင်ပြသည့် စွဲချက်ကို ပလပ်ရမည်။ ထို့ပြင် ထိုစွဲချက်ကို ဆက်လက်စစ်ဆေးစီရင်ရန် မသင့်လျော်ဟု ကျေနပ်လျှင်၊ တပ်မှူးသည်၊ မိမိ၏ သဘောအတိုင်း၊ စွဲချက်ကို ပလပ်နိုင်သည်။

(၃) စွဲချက်ကို ကြားနာပြီးသည့်အဆုံး၌၊ ထိုစွဲချက်ကို ဆက်လက်စစ်ဆေးစီရင်သင့်သည်ဟု ထင်မြင်ယူဆလျှင်၊ တပ်မှူးသည်၊ အကြောင်းမဲ့ ကြန့်ကြာမှုမရှိစေဘဲ၊ အောက်ပါအတိုင်း ဆောင်ရွက်ရမည် —

(က) ပုဒ်မ ၈၂ အရ နောက်ဆက်တွဲ ၃ ရှိ သီးခြားဖော်ပြထားသော နည်းလမ်းနှင့်ပုံစံ တို့နှင့်အညီ၊ အမှုကို အကျဉ်းနည်းဖြင့် ပြီးပြတ်အောင် စစ်ဆေးစီရင်ရမည်၊ သို့တည်းမဟုတ်

(ခ) အမှုကို သက်ဆိုင်ရာစစ်ဘက်အထက်အာဏာပိုင်ထံ လွှဲအပ်တင်ပြရမည်၊ သို့တည်းမဟုတ်

(ဂ) သက်သေခံချက်ကို ရေးသားယူရန်ကိစ္စအတွက်၊ အမှုကို ရွှေ့ဆိုင်းရမည်၊ သို့တည်းမဟုတ်

(ဃ) တရားခံသည်၊ အရာခံဗိုလ်အဆင့်အောက်နိမ့်လျှင်၊ တရားခံအား တပ်တွင်းစစ်တရားရုံးဖြင့် စစ်ဆေးစီရင်ရန်အတွက် အမိန့်ပေးရမည်။

သို့ရာတွင် တပ်မှူးသည်၊ အောက်ပါအကြောင်းတစ်ခုခုကြောင့် မဟုတ်ပါက၊ ပြစ်မှုကျူးလွန်သည်ဟု စွပ်စွဲခံရသူကို စစ်ဆေးစီရင်ရန်အလို့ငှာ၊ တိုင်းစစ်တရားရုံးကိုဖြစ်စေ၊ တန်းပြည့်စစ်မှုထမ်းချိန်၌၊ အကျဉ်းစစ်တရားရုံးချုပ်ကိုဖြစ်စေ၊ ဖွဲ့စည်းရန် အာဏာအပ်နှင်းခြင်းခံရသည့်အရာရှိထံ တင်ပြခြင်း မပြုဘဲ၊ တပ်တွင်းစစ်တရားရုံးတစ်ရုံးဖြင့် စစ်ဆေးစီရင်ရန် အမိန့်မပေးရ။

(က) ပြစ်မှုသည်၊ ထိုအရာရှိထံ တင်မပြဘဲ၊ တပ်တွင်းစစ်တရားရုံးတစ်ရုံးဖြင့်၊ တပ်မှူးက စစ်ဆေးစီရင်နိုင်သော ပြစ်မှုဖြစ်ခြင်း၊ သို့တည်းမဟုတ်

(ခ) ချက်ချင်းအရေးယူရလောက်အောင် အရေးကြီးသောအကြောင်းရှိသည့်ပြင်၊ စည်းကမ်းကို မထိခိုက်မနစ်နာစေဘဲ၊ ထိုသို့တင်ပြခြင်းမပြုနိုင်ဟု၊ တပ်မှူးက ယူဆခြင်း။

၂၂။ ။ (၁) သက်သေခံချက်ကို ရေးသားယူရန်ကိစ္စအတွက်၊ အမှုကို ရွှေ့ဆိုင်းလျှင်၊ ထိုသို့ ရွှေ့ဆိုင်း၍ ကြားနာရာ၌၊ တရားခံနှင့် ဆန့်ကျင်ဘက်ဖြစ်စေ၊ တရားခံအတွက်ဖြစ်စေ၊ တပ်မှူးရှေ့တွင်လာရောက်၍ သက်သေခံသော သက်သေများ၏ သက်သေခံချက်အပြင်၊ သက်ဆိုင်ပုံပေါ်သော အခြားသူတစ်ဦးဦး၏ သက်သေခံချက်ကိုပါ တပ်မှူးရှေ့တွင်သော်လည်းကောင်း၊ တပ်မှူးက ညွှန်ကြားသည့်အရာရှိ ရှေ့တွင်သော်လည်းကောင်း၊ တရားခံ၏ရှေ့မှောက်၊ တရားခံကြားနိုင်သည့် နေရာ၌ ရေးသားယူရမည်။

သက်သေခံအကျဉ်းချုပ်ယူရေး အတွက်ကျင့်ထုံး။

(၂) ပြန်လှန်စစ်မေးရာတွင်၊ တရားခံသည်၊ မည်သည့်သက်သေအားမဆို၊ မိမိကသင့်တော်မည် ထင်သည့် မေးခွန်းများကို မေးမြန်းနိုင်သည်။ ထို့ပြင် ထိုမေးခွန်းများကို အဖြေများနှင့်အတူတကွ၊ ရေးမှတ်ပြီးသော သက်သေခံချက်တွင် ဖြည့်စွက်ထည့်သွင်းရမည်။

(၃) သက်သေအသီးသီး၏ သက်သေခံချက်ကို၊ ဤနည်းဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း ရေးမှတ်ပြီးနောက်၊ ထိုသက်သေအား၊ ၎င်း၏ သက်သေခံချက်ကို ဖတ်ပြရမည့်ပြင်၊ ထိုသက်သေခံချက် မှန်ကန်ခြင်း အထိမ်းအမှတ်အဖြစ်၊ ထိုသက်သေခံချက်တွင်၊ ထိုသက်သေက လက်မှတ်ထိုးရမည်၊ သို့တည်းမဟုတ် ထိုသက်သေသည်၊ မိမိ၏အမည်ကို မရေးသားနိုင်လျှင်၊ ထိုသက်သေခံချက်တွင် အမှတ်အသားပြုခြင်းဖြင့် လက်မှတ်ထိုးရမည့်ပြင်၊ ထိုအမှတ်အသားပြုခြင်းကို အသိသက်သေပြုရမည်။ တရားခံနှင့်ဆန့်ကျင်ဘက်ဖြစ်သော သက်သေများ၏ သက်သေခံချက်အားလုံးကို ရေးမှတ်ပြီးနောက်၊ တရားခံအား "သင်တစ်စုံတစ်ရာပြောဆိုလိုပါသလား" ဟု မေးမြန်းရမည့်ပြင်၊ "သင်ပြောဆိုလိုမှ ပြောဆိုနိုင် သည်။ မပြောဆိုလိုက မပြောဘဲနေနိုင်သည်၊ သို့သော်လည်း သင်ပြောဆိုသမျှကို ရေးမှတ်ယူ၍၊ ၎င်းကို

သက်သေခံအဖြစ် တင်သွင်းလိုလျှင်လည်း တင်သွင်းမည်" ဟု တရားခံအားပြောပြရမည်။ ထိုသို့ မေးမြန်းပြောပြပြီးသည့်အခါ၊ တရားခံ၏ပြောဆိုချက်ကို ရေးမှတ်ယူရမည့်ပြင်၊ တရားခံအားလည်း ဖတ်ပြရ မည်။ သို့သော်လည်း ထိုပြောဆိုချက်နှင့်စပ်လျဉ်း၍၊ တရားခံအား ပြန်လှန်မစစ်မေးရ။ ထို့နောက် တရားခံသည်၊ မိမိ၏သက်သေများ (အကျင့်စာရိတ္တကို ထောက်ခံမည့် မိမိပြလိုသော သက်သေများ အပါအဝင်) ကို ခေါ်နိုင်သည်။

(၄) သက်သေများ၏ သက်သေခံချက်နှင့်တရားခံ၏ ပြောဆိုချက်ရှိခဲ့လျှင်၊ ထိုပြောဆိုချက်ကို၊ မြန်မာဘာသာဖြင့်သော်လည်းကောင်း၊ အင်္ဂလိပ်ဘာသာဖြင့်သော်လည်းကောင်း၊ ရေးမှတ်ရမည်။ သက်သေ၊ သို့တည်းမဟုတ် တရားခံ၊ သက်ဆိုင်ရာရာက၊ မြန်မာဘာသာဖြင့်ဖြစ်စေ၊ အင်္ဂလိပ်ဘာသာဖြင့်ဖြစ်စေ၊ ရေးမှတ်ထားသည့် သက်သေခံချက်ကို၊ သို့တည်းမဟုတ် ပြောဆိုချက်ကို၊ နားမလည်လျှင် ရေးမှတ်သည့်အတိုင်း သက်သေခံချက်ကိုသော်လည်းကောင်း၊ ပြောဆိုချက်ကိုသော်လည်း ကောင်း၊ တရားခံနားလည်သောဘာသာဖြင့် ပြန်ဆို၍၊ တရားခံအား ပြောပြရမည်။

(၅) တစ်ဦးတစ်ယောက်သောသူအား၊ သက်သေအဖြစ် လာရောက်ရန် အတင်းအကြပ်ပြုလုပ်၍မရလျှင်၊ သို့တည်းမဟုတ် စစ်ဘက်လတ်တလောလိုအပ်ခြင်းများကြောင့်ဖြစ်စေ၊ အခြားမည်သည့်အကြောင်းများ (ကုန်ကျမည့်စရိတ်စကနှင့် ကုန်မည့်အချိန်အပါအဝင်) ကြောင့်မဆိုဖြစ်စေ၊ သက်သေတစ်ဦးဦး လွယ်ကူစွာ လာရောက်နိုင်မည်မဟုတ်ဟု သက်သေခံအကျဉ်းချုပ်ကို ရေးမှတ်ယူသည့်အရာရှိက ထင်မြင်ယူဆလျှင် (ထိုသို့ထင်မြင်ယူဆကြောင်းကို သက်သေခံအကျဉ်းချုပ်ရေးသည့် အရာရှိက ရေးသားဖော်ပြရမည်) သက်သေက လက်မှတ်ရေးထိုးထားသည်ဟု သဘောသက်ရောက်သော ရေးသားထားသည့် သက်သေ၏ ထွက်ဆိုချက်ကို တရားခံအား ဖတ်ပြနိုင်သည့်ပြင်၊ သက်သေခံအကျဉ်းချုပ်တွင် ထည့်သွင်းနိုင်သည်။

(၆) စစ်ဘက်ဥပဒေကို လိုက်နာရသူမဟုတ်သည့် သက်သေတစ်ဦးဦးအား လာရောက်ရန်၊ တရားခံ၏ တပ်မှူးက လက်မှတ်ရေးထိုးသော သမ္မာန်စာဖြင့် အမိန့်ထုတ်ဆင့်ခေါ်နိုင်သည်။ ထိုသမ္မာန်စာသည်၊ နောက်ဆက်တွဲ ၃ ပါပုံစံအတိုင်း ဖြစ်ရမည်။

၂၃။ ။ (၁) နည်းဥပဒေ ၂၂ နှင့်အညီရေးမှတ်ယူသော (ဤနည်းဥပဒေများ၌၊ နောက်တွင် "သက်သေခံအကျဉ်းချုပ်" ဟု ရည်ညွှန်းသည့်) သက်သေခံချက်နှင့် ပြောဆိုချက်ရှိခဲ့လျှင်၊ ထိုသက်သေခံချက်နှင့် ပြောဆိုချက်ကို တပ်မှူးက စဉ်းစားရမည်။ ထိုသို့ စဉ်းစားပြီးနောက် တပ်မှူးသည်—

တရားခံအားရုမန်ဖြင့်ထားခြင်း။

(က) စစ်တရားရုံးဖြင့် စစ်ဆေးစီရင်ရန်အတွက် ဝရားခံအား ရုမန်ဖြင့်ထားရမည်၊ သို့တည်းမဟုတ်

(ခ) သက်ဆိုင်ရာ စစ်ဘက်အဂတိ်အာဏာပိုင်ထံသို့ အမှုကို လွှဲအပ်တင်ပြရမည်၊ သို့တည်းမဟုတ်

(ဂ) လိုအပ်သည်ဟု ထင်လျှင်၊ အမှုကို ပြန်လည်ကြားနာပြီးနောက်၊ စွဲချက်ကို ပလပ်ရမည်၊ သို့တည်းမဟုတ် အကျဉ်းနည်းဖြင့် အမှုကို ပြီးပြတ်အောင် စစ်ဆေးစီရင်ရမည်။

(၂) စစ်တရားရုံးဖြင့် စစ်ဆေးစီရင်ရန်၊ တရားခံအား ရမန်ဖြင့်ထားလျှင်၊ ဘပ်မှုန္မသည်၊ အကြောင်းမဲ့ ကြန့်ကြာမှုမရှိစေဘဲ (တိုင်းစစ်တရားရုံးကိုဖြစ်စေ၊ တန်းပြည့်စစ်မှုထမ်းချိန်၌ အကျဉ်းစစ်တရားရုံးချုပ်ကိုဖြစ်စေ၊ ဖွဲ့စည်းရန် အာဏာအပ်နှင်းခြင်းခံရသည့် အရာရှိထံ လွှဲအပ်တင်ပြရန်လိုအပ်သောအခါ၊ ထိုသို့လွှဲအပ်တင်ပြပြီးနောက်) အမှုအလျောက် တပ်တွင်းစစ်တရားရုံးထိုင်စေရမည်၊ သို့တည်းမဟုတ် စစ်တရားရုံးဖွဲ့စည်းရန်၊ သက်ဆိုင်ရာစစ်ဘက်အာဏာပိုင်ထံ လျှောက်ထားရမည်။

အရာရှိအား ပြစ်မှုတစ်ခုခုဖြင့် စွဲဆိုသည့်အခါ လိုက်နာရမည့်ကျင့်ထုံး။

၂၄။ ။ (၁) အက်ဥပဒေအရဖြစ်သော ပြစ်မှုဖြင့် အရာရှိအား စွဲဆိုသည့်အခါ၊ ထိုအရာရှိက တောင်းဆိုလျှင်၊ ၎င်း၏ရှေ့မှောက်၌ စုံစမ်းစစ်ဆေးခြင်းကိုဖြစ်စေ၊ သက်သေခံချက်ရေးသားခြင်းကိုဖြစ်စေ၊ နည်းဥပဒေ ၂၁ နှင့် ၂၂ တို့အရ အက်ဥပဒေကို လိုက်နာရသော အခြားသူများ၏ အမှုမျိုးတွင် လိုက်နာရမည့် နည်းလမ်းအတိုင်း တတ်နိုင်သမျှ လိုက်နာ၍ ပြုလုပ်ရမည်။

(၂) အရာရှိအား၊ ၎င်း၏ရှေ့မှောက်၌ သက်သေခံချက်ရေးမှတ်ခြင်းမပြုလုပ်ဘဲ၊ ၎င်းအား စွဲဆိုသည့် စွဲဆိုချက်ကို အကျဉ်းနည်းဖြင့် ပြီးပြတ်အောင် စစ်ဆေးစီရင်ရန်၊ ရမန်နှင့်ထားသည့်အခါ၊ သို့တည်းမဟုတ် စစ်တရားရုံးတစ်ရုံးဖြင့် စစ်ဆေးစီရင်ရန် အမိန့်ချထားသည့်အခါ၊ တင်ပြရန်ဖြစ်သော သက်သေခံကောက်နုတ်ချက်ကို၊ နည်းဥပဒေ ၃၂ နည်းဥပဒေခွဲ (၇) တွင် ပြဋ္ဌာန်းထားသည့်အတိုင်း၊ ၎င်းအား အခမဲ့ပေးအပ်ရမည်။

အရာရှိနှင့် အရာခံဗိုလ် အားစွဲဆိုသည့်စွဲချက်များကို အကျဉ်းနည်းဖြင့် ပြီးပြတ်အောင် စစ်ဆေးစီရင်ခြင်း။

၂၅။ ။ (၁) အရာရှိအား၊ သို့တည်းမဟုတ် အရာခံဗိုလ်အားစွဲဆိုသည့် စွဲချက်တစ်ခုကို၊ ပုဒ်မ ၈၅ အရဖြစ်စေ၊ ပုဒ်မ ၈၆ အရဖြစ်စေ၊ ပုဒ်မ ၈၇ အရ ဖြစ်စေ၊ အကျဉ်းနည်းဖြင့် စစ်ဆေးစီရင်ရန်၊ အာဏာအပ်နှင်းခြင်း ခံရသော အာဏာပိုင်က ပြီးပြတ်အောင် စစ်ဆေးစီရင်ရန်၊ ထိုအရာရှိကို၊ သို့တည်းမဟုတ် အရာခံဗိုလ်ကို ရမန်ဖြင့်ထားသောအခါ၊ သက်သေခံအကျဉ်းချုပ်ကို၊ သို့တည်းမဟုတ် (အရာရှိ၏အမှုတွင် သက်သေခံအကျဉ်းချုပ်မရှိပါက) တင်ပြရန်ဖြစ်သော သက်သေခံကောက်နုတ်ချက်နှင့်အတူ၊ စွဲချက်မိတ္တူကိုပါ၊ ရေးသားပြီးလျှင်ပြီးချင်း ဆောလျင်နိုင်သမျှ ဆောလျင်စွာ၊ ထိုပြင် မည်သည့်အချက်တွင်မဆို၊ အမှုစတင်မစစ်ဆေးမီ နှစ်ဆယ့်လေးနာရီအောက်မနည်း ကြိုတင်၍

ထိုသူအား အခမဲ့ပေးအပ်ရမည်။

(၂) ပုဒ်မ ၈၅ အရဖြစ်စေ၊ ပုဒ်မ ၈၆ အရဖြစ်စေ၊ ပုဒ်မ ၈၇ အရဖြစ်စေ၊ အာဏာအပ်နှင်းခြင်းခံရသည့် အာဏာပိုင်သည်၊ အရာရှိအားသော်လည်းကောင်း၊ အရာခံဗိုလ်အားသော်လည်းကောင်း၊ စွဲဆိုသည့်စွဲချက်ကို၊ အကျဉ်းနည်းဖြင့် စစ်ဆေးစီရင်ရန် ဆုံးဖြတ်သောအခါ၊ အာဏာပိုင်က စွဲချက်ကို မပလပ်လျှင် သို့တည်းမဟုတ် တရားခံက သက်သေများမလာရောက်စေလိုတော့ကြောင်း စာဖြင့် ရေးသားပြီး သဘောမတူလျှင်၊ အာဏာပိုင်သည်၊ တရားခံ၏ရှေ့မှောက်တွင် သက်သေခံချက်ကို ကြားနာရမည်။ တရားခံသည်၊ မိမိနှင့်ဆန့်ကျင်ဘက်ဖြစ်သော သက်သေတစ်ဦးဦးအား ပြန်လှန်စစ်မေးရန်၊ ထို့ပြင် မိမိ၏ ခုခံချေပရေးအတွက်၊ မည်သည့်သက်သေကိုမဆို ခေါ်ယူရန်နှင့် ထွက်ဆိုချက်ပြုရန် အခွင့်အရေးအပြည့်အစုံ ရရှိစေရမည်။

(၃) မှုခင်းကိစ္စဆောင်ရွက်ချက်ကို၊ ဖြစ်နိုင်သရွေ့၊ နောက်ဆက်တွဲ ၄ ၌ သီးခြားထားသော ပုံစံနှင့်အညီ ရေးမှတ်ရမည်။ ထို့ပြင် ဖြစ်ဒဏ်ချမှတ်သည့် အမှုတိုင်းတွင်၊ အကျင့်စာရိတ္တမှတ်တမ်း၊ သက်သေခံအကျဉ်းချုပ်၊ သို့တည်းမဟုတ် သက်သေခံကောက်နုတ်ချက်၊ ထို့ပြင် သက်သေများမလာရောက်စေလိုတော့ကြောင်း တရားခံ၏ သဘောတူချက်စာရှိခဲ့လျှင်၊ ထိုသဘောတူချက်စာနှင့်အတူတကွ၊ မှုခင်းကိစ္စဆောင်ရွက်ချက်ကို၊ သက်ဆိုင်ရာမှ တစ်ဆင့်လမ်းစဉ်အတိုင်း၊ ပုဒ်မ ၉၀ တွင် အမိန့်ပြဋ္ဌာန်းထားသော စစ်ဘက်အထက်အာဏာပိုင်ထံပို့ရမည်။

၂၆။ *ကြန့်ကြာကြောင်း အစီရင်ခံစာများ။* ။ (၁) စစ်ဆေးစီရင်ခြင်းအတွက်၊ စစ်တရားရုံးတစ်ရုံးထိုင်ရန်၊ အမိန့်မပေးဘဲ သော်လည်းကောင်း၊ ပုဒ်မ ၈၂ အရ ပြစ်ဒဏ်မချမှတ်ဘဲသော်လည်းကောင်း၊ ရှစ်ရက်ထက်ပို၍ကြာသော ကာလအပိုင်းအခြားအတွက် စစ်ဘက်အချုပ်၌နေရသော တန်းပြည့်စစ်မှုထမ်းချိန်တွင် အမှုထမ်းရွက်မနေသည့် အက်ဥပဒေကို လိုက်နာရသူအသီးသီး၏ အမှုတိုင်းတွင်၊ တပ်မှူးသည်၊ နောက်ဆက်တွဲ ၃ ၌ သီးခြားထားသောပုံစံအတိုင်း၊ ထိုသူအား စစ်ဆေးစီရင်ခြင်းအတွက်၊ စစ်တရားရုံးချုပ်ကိုဖြစ်စေ၊ တိုင်းစစ်တရားရုံးကိုဖြစ်စေ၊ ဖွဲ့စည်းရန် အာဏာအပ်နှင်းခြင်းခံရသော အရာရှိထံ အစီရင်ခံရမည်။ စစ်တရားရုံးတစ်ရုံးထိုင်ရန် အမိန့်ပေးသည့်အချိန်၊ သို့တည်းမဟုတ် ပုဒ်မ ၈၂ အရ ပြစ်ဒဏ်ချမှတ်သည့်အချိန်၊ သို့တည်းမဟုတ် ထိုသူကို စစ်ဘက်အချုပ်မှ လွှတ်လိုက်သည့်အချိန်၊ သက်ဆိုင်ရာရာ အချိန်အထိ၊ အဆိုပါအစီရင်ခံစာကို၊ ဤနည်းဥပဒေတွင် ဖော်ပြထားသောအာဏာပိုင်ထံ ရှစ်ရက်တစ်ကြိမ်ပေးပို့ရ မည်။

(၂) ထိုသို့အချုပ်နှင့်ထားခြင်း လေးဆယ့်ရှစ်ရက်မြောက်သည့်နေ့တွင်သော်လည်းကောင်း၊ လေးဆယ့်ရှစ်ရက်မြောက်ပြီးသည့်နောက်မှသော်လည်းကောင်း၊ တင်သောအစီရင်ခံမှုတိုင်း၏ မိတ္တူကို၊ တပ်မှူးက၊ ထိုသို့အချုပ်ခံနေရသူအား ကွပ်ကဲသည့် စစ်ဌာနချုပ်ရှိ လက်ထောက်စစ်ဥပဒေချုပ်ထံပို့ရမည်။

(၃) (က) တန်းပြည့်စစ်မှုထမ်းချိန်တွင် အမှုထမ်းရွက်မနေသည့်ပြင်၊ စစ်ဆေးစီရင်ခြင်းအတွက်

လည်း၊ စစ်တရားရုံးတစ်ရုံးထိုင်ရန်၊ အမိန့်မပေးရသေးသော၊ အက်ဥပဒေကို လိုက်နာရသူတစ်ဦးအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်[၁၇]၏ အမိန့်အရသာလျှင်၊ စစ်ဘက်အချုပ်တွင် နှစ်လထက်လွန်၍ ထားနိုင်သည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်[၁၈]သည်၊ ကာလအပိုင်းအခြားအထိအကျွသတ်မှတ်ပြီး ဆက်လက်၍ အချုပ်နှင့်ထားရန် အမိန့်ချမှတ်နိုင်သည်။ ထိုကာလအပိုင်းအခြားကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်[၁၉]က၊ အခါအားလျော်စွာ၊ တိုးပေးနိုင်သည်။ သို့သော်လည်း အချုပ်နှင့်ထားသည့် ကာလအပိုင်းအခြားစုစုပေါင်းသည်၊ ခြောက်လထက်မပိုစေရ။

(ခ) ခြောက်လထက်ပို၍ အချုပ်နှင့်ထားရန်အတွက် နိုင်ငံတော်သမ္မတ၏ သဘောတူညီချက်ကို ရရှိရမည်။

စွဲချက်များတင်ခြင်း

၂၃။ (၁) စွဲချက်လွှာတွင်၊ စစ်တရားရုံးဖြင့် တစ်ကြိမ်တည်း စစ်ဆေးစီရင်ရန်အချက် တစ်ခုလုံး သို့တည်းမဟုတ် အချက်အားလုံးပါဝင်ရမည်။

စွဲချက်လွှာနှင့်စွဲချက်။

(၂) စွဲချက်ဆိုသည်မှာ၊ အက်ဥပဒေကို လိုက်နာရသူသည်၊ ပြစ်မှုကိုကျူးလွန်ခဲ့သည်ဆိုသည့် စွဲချက်လွှာတွင်ပါရှိသော စွပ်စွဲချက်ကို ဆိုလိုသည်။

(၃) စွဲချက်လွှာတွင် စွဲချက်တစ်ခုသော်လည်းကောင်း၊ စွဲချက်အများအပြားသော်လည်းကောင်း၊ ပါရှိနိုင်သည်။

၂၄။ စွဲချက်လွှာတိုင်းသည်၊ တရားခံ၏ကိုယ်ပိုင်အမှတ်၊ အဆင့်၊ အမည်နှင့် ထိုတရားခံ၏ တပ်အဖွဲ့ကိုဖြစ်စေ၊ဌာနကိုဖြစ်စေ ဖော်ပြချက်ပါဝင်သည့်၊ ထို တရားခံ၏ အကြောင်းအရာများဖြင့် ဖြစ် ရမည်။ တရားခံသည် တပ်မတော်တွင် ပါဝင်သူမဟုတ်သောအခါ၊ စွဲချက်တင်သည့်ပြစ်မှု နှင့် စပ်လျဉ်း၍၊ ထိုတရားခံသည်၊ အက်ဥပဒေကို လိုက်နာသူဖြစ်ကြောင်း။ ထိုတရားခံ၏ အကြောင်းအရာဖြင့်သော်လည်းကောင်း၊ တိုက်ရိုက်အတိအလင်းဖော်ပြချက်တစ်ရပ်ဖြင့်သော်လည်းကောင်း၊ ဖော်ပြရမည်။

စွဲချက်လွှာအစ။

၁၇။ တပ်မတော်နည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေများ (၁၀. ၅. ၈၉ ရက်စွဲပါ ပ. ဝ. တ ဥပဒေအမှတ် ၃/၈၉) ဖြင့် ပြင်ဆင်သည်။ (မြန်မာနိုင်ငံပြန်တမ်း အပိုင်း -၁။ ၁၉၈၉ ခုနှစ် ဇွန်လ (၂) ရက်၊ စာမျက်နှာ - ၂၃၃။)

၁၈။ တပ်မတော်နည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေများ (၁၀. ၅. ၈၉ ရက်စွဲပါ ပ. ဝ. တ ဥပဒေအမှတ် ၃/၈၉) ဖြင့် ပြင်ဆင်သည်။ (မြန်မာနိုင်ငံပြန်တမ်း အပိုင်း -၁။ ၁၉၈၉ ခုနှစ် ဇွန်လ (၂) ရက်၊ စာမျက်နှာ - ၂၃၃။)

၁၉။ တပ်မတော်နည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေများ (၁၀. ၅. ၈၉ ရက်စွဲပါ ပ. ဝ. တ ဥပဒေအမှတ် ၃/၈၉) ဖြင့် ပြင်ဆင်သည်။ (မြန်မာနိုင်ငံပြန်တမ်း အပိုင်း -၁။ ၁၉၈၉ ခုနှစ် ဇွန်လ (၂) ရက်၊ စာမျက်နှာ - ၂၃၃။)

စွဲချက်တွင်ပါဝင်သည့် အကြောင်း အချက်များ။

၂၉။ ။ (၁) စွဲချက်တစ်ခုတွင်၊ ပြစ်မှုတစ်ခုသာဖော်ပြရမည်။ ထို့ပြင် မည်သည့်နည်းနှင့်မျှ ပြစ်မှုတစ်ခုကို၊ ထိုစွဲချက်တွင်၊ အခြားနည်းဖြင့် ဖော်ပြခြင်းမပြု။

(၂) စွဲချက်တစ်ခုစီကို —

(က) ပြစ်မှုအကြောင်းအရာဖော်ပြချက်နှင့်

(ခ) ပြစ်မှုမြောက်သောပြုလုပ်မှု၊ ပေါ့လျော့မှု၊ သို့တည်းမဟုတ် ပျက်ကွက်မှု၏ အကြောင်း အချက်များဖော်ပြချက်။

ဟု နှစ်ပိုင်း ပိုင်းခြားထားရမည်။

(၃) ပြစ်မှုသည်၊ နယ်ဘက်ပြစ်မှုမဟုတ်လျှင်၊ ဖြစ်နိုင်သမျှ အက်ဥပဒေပါ စကားလုံးများဖြင့် ဖော်ပြ၍၊ ပြစ်မှုသည်၊ နယ်ဘက်ပြစ်မှုဖြစ်လျှင်၊ သီးခြားအဓိပ္ပာယ်ရှိသော စကားလုံးဖြင့် ဖော်ပြရန် မလိုဘဲ၊ ထိုပြစ်မှုကိုဖော်ပြရန် လုံလောက်သောစကားလုံးများဖြင့် ဖော်ပြရမည်။

(၄) အကြောင်းအချက်များသည်၊ ပြစ်မှုမြောက်သော မည်သည့်ပြုလုပ်မှု၊ ပေါ့လျော့မှု၊ သို့တည်း မဟုတ် ပျက်ကွက်မှုကို တရားခံအပေါ် သက်သေထင်ရှားပြသရန် ရည်ရွယ်ကြောင်း တရားခံအား သိရှိစေနိုင်မည်ဖြစ်သည့်၊ စွပ်စွဲထားသည့် ပြစ်မှုနှင့် စပ်လျဉ်းသော ပတ်ဝန်းကျင် အကြောင်းခြင်းရာ များကို ဖော်ပြရမည်။

(၅) စွဲချက်တစ်ခုပါ အကြောင်းအချက်အားလုံးကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ၊ အခြားစွဲချက်တစ်ခု ပါအကြောင်းအချက်များကို ရည်ညွှန်း၍ စွဲချက်တင်နိုင်သည်။ ထို့ပြင် ထိုသို့စွဲချက်တင်ရာတွင်၊ အဆိုပါ ရည်ညွှန်းသမျှသော အကြောင်းအချက်များသည်၊ ပထမဖော်ပြသော စွဲချက်တွင် အပါအဝင်ဖြစ်သည့် နည်းတူ၊ အခြားစွဲချက်တွင်လည်း အပါအဝင်ဖြစ်သည်ဟု မှတ်ယူရမည်။

(၆) စွဲဆိုသည့်ပြစ်မှုကြောင့် လစာနှင့်စရိတ်များမှ နုတ်ယူခြင်းဒဏ်တစ်ခုခုချမှတ်နိုင်သော မည်သည့်အကြောင်းခြင်းရာများကိုမဆို၊ သက်သေထင်ရှားပြရန် ရည်ရွယ်သည့်အခါ၊ ထိုအကြောင်း ခြင်းရာများအပြင်၊ ဆုံးရှုံးခြင်းအတွက်ဖြစ်စေ၊ ပျက်စီးခြင်းအတွက်ဖြစ်စေ၊ တောင်းခံရန် ရည်ရွယ်သော ငွေကိုပါ၊ ထိုအကြောင်းအချက်များက ဖော်ပြရမည်။

စွဲချက်လွှာပေါ်တွင် လက်မှတ် ရေးထိုးခြင်း။

၃၀။ ။ စွဲချက်လွှာပေါ်တွင် တရားခံ၏တပ်မှူးက လက်မှတ်ရေးထိုးရမည့်ပြင်၊ ထိုသို့လက်မှတ် ရေးထိုးသည့် နေရာအရပ်နှင့် နေ့ရက်လည်း ပါရှိရမည်။

စွဲချက်လွှာနိုင်လုံမှု။

၃၁။ ။ (၁) စစ်ဆေးစီရင်နေစဉ်တွင်၊ တရားခံက စွဲချက်လွှာကို မကန့်ကွက်လျှင် ၎င်း ကောင်း၊ အရေးယူလောက်သည့် မတရားမှုကို၊ ထိုသူအပေါ် ပြုရာ မရောက်လျှင်လည်းကောင်း၊ စွဲချက်လွှာတစ်ခု၎င်း၊ တရားခံ၏

အမည်နှင့် အကြောင်းအရာတွင် မှားယွင်းချက်ပါရှိနေသည့် အကြောင်းသက်သက်ကြောင့် မနိုင်လုံ မရှိစေရ။

(၂) ဖွဲ့ချက်လွှာကိုဖြစ်စေ၊ ဖွဲ့ချက်တိုဖြစ်စေ အစီရင်ခံတောက်ယူရာ၌ ထိုဖွဲ့ချက်လွှာတွင်သော် လည်းကောင်း ထိုဖွဲ့ချက်တွင်သော်လည်းကောင်း အတိအလင်းဖော်ပြထားသော်လည်း၊ ပါဝင်သည့် သဘော သက်ရောက်သည်ဟု ယူဆရန် အကြောင်းလုံလောက်စွာရှိသော ဖော်ပြချက်တိုင်းသည်၊ ထိုဖွဲ့ချက် လွှာကို၊ သို့တည်းမဟုတ် ထိုဖွဲ့ချက်ကို ထောက်ခံသည်ဟု ယူဆရမည်။

ခုခံချေပရေးအတွက် တရားခံက ပြင်ဆင်ခြင်း။

ခုခံချေပရေးအတွက် ပြင်ဆင်ရန် တရားခံ၏ အခွင့်အရေးများ

၄၂။ (၁) တရားခံနှင့်တရားခံ၏ ဥပဒေအကြံပေးသူများ အပြန်အလှန်ပေးသောစာများကို စိစစ်ဖြတ်တောက်ခြင်းမပြုရ။ တရားခံသည်၊ မိမိ၏တပ်မှူးအား ထိုဥပဒေအကြံပေးသူများ၏ အမည်များကို အကြောင်းကြားရမည့်ပြင်၊ အဆိုပါစာများတွင် ပါရှိမည့် ထင်ရှားသော အမှတ်အသားများကိုပါ၊ မိမိ၏တပ်မှူးအား အကြောင်းကြားရမည်။

(၂) တရားခံတစ်ဦးသည်၊ မိမိ၏ခုခံချေပရေးအတွက်၊ မိမိခေါ်ယူလိုသော မည်သည့်သက်သေ များကိုမဆို၊ တွေ့ဆုံဆွေးနွေးရန် အခွင့်အရေးကိုရရှိရမည်။ နည်းဥပဒေ ၁၃၆ ပါ ပြဋ္ဌာန်းချက်များသည်၊ အဆိုပါသက်သေများ လာရောက်စေရန် ဆောင်ရွက်ပေးခြင်းနှင့်လည်း သက်ဆိုင်စေရမည်။

(၃) တရားခံသည်၊ မိမိ၏ ခုခံချေပရေးအတွက်၊ မိမိခေါ်ယူလိုသော သက်သေတစ်ဦးထံမှ ရေးသားထွက်ဆိုချက်ကို ရယူလိုလျှင်၊ တရားခံ၏တပ်မှူးက၊ အမှု၏ပတ်ဝန်းကျင်အကြောင်းခြင်းရာများ အရ ဆောင်ရွက်ပေးရမည်။ ထိုထွက်ဆိုချက်ကို စာအိတ်တွင် ထည့်ပြီးပိတ်၍ ယူလာစေရမည်။ အဆိုပါ စာအိတ်ကို မဖောက်ဖွင့်ဘဲ၊ တရားခံအား ပေးရမည်။

(၄) တရားခံသည်၊ မိမိ၏ ခုခံချေပရေးအတွက်၊ ခေါ်ယူလိုသောသူတစ်ဦးဦး၏ အမည်ကို၊ မိမိ၏တပ်မှူးအား အကြောင်းကြားလျှင်၊ တရားခံက၊ ထိုသက်သေကို မိမိ၏ရှေ့မှောက်တွင် တွေ့ဆုံ မေးမြန်းရန်မလိုဟု၊ တဖြည့်ရေးသားပြီးသဘောတူညီသည့်မှတစ်ပါး မည်သူမျှ ထိုသက်သေကို၊ တရားခံအား စွဲဆိုထားသည့် စွဲချက်များနှင့်စပ်လျဉ်း၍၊ တရားခံ၏ မျက်တွယ်တွင်၊ တွေ့ဆုံမေးမြန်းခြင်းမပြုရ။

(၅) တရားခံနှင့်တရားခံ၏ ဥပဒေအကြံပေးသူများ၊ သို့တည်းမဟုတ် သက်သေများတွေ့ဆုံ ပြောဆိုကြသောစကားများကို၊ အခြားသူများ မကြားမိစေခြင်းအလို့ငှာ၊ တရားခံ၏ တပ်မှူးက သော်လည်းကောင်း၊ တရားခံအား ချုပ်ထားရန် တာဝန်ရှိသော အရာရှိကသော်လည်းကောင်း လုံလောက် သည့်ကြိုတင်စီစဉ်မှုများ ပြုလုပ်ရမည်။

(၆) တရားခံသည်၊ စစ်ဆေးစီရင်ခြင်းမခံရဘဲ၊ လေးဆယ့်ရှစ်နာရီထက်လွန်၍၊ ဖမ်းဆီးထားခြင်း

ကို စိနေရလျှင်သော်လည်းကောင်း၊ မိမိ၏ ခုခံချေပရေးအတွက် ပြင်ဆင်ရန် အခွင့်အရေးအားလုံးကို မရရှိလျှင်သော်လည်းကောင်း၊ ထိုတရားခံ အကိုက်အတန့်အားဖြင့် ရှိနေသည့်နေရာကို ကွပ်ကဲသည့် စစ်ဌာနချုပ်ရှိ ဗိုလ်ချုပ်သို့တည်းမဟုတ် လက်ထောက်စစ်ဥပဒေချုပ်ထံသို့ လျှောက်လွှာတိုက်ရိုက်တင် ရန် အခွင့်အရေးကို ရရှိရမည်။

(၇) စစ်တရားရုံးချုပ်ဖြစ်သော်လည်းကောင်း၊ တိုင်းစစ်တရားရုံးဖြစ်သော်လည်းကောင်း၊ စစ်ဆေး စီရင်ရန်၊ တရားခံအား ရမန်ပေးပြီးသည့်နောက်၊ ဆောလျင်နိုင်သမျှ ဆောလျင်စွာ၊ ထိုပြင် မည်သည့် အချက်တွင်မဆို၊ တရားခံအား စစ်ဆေးစီရင်ခြင်းမပြုမီ၊ နှစ်ဆယ့်လေးနာရီအောက်မလျော့စေဘဲ၊ အရာရှိသည်၊ တရားခံအား သက်သေခံအကျဉ်းချုပ်မိတ္တူကို အခမဲ့ပေးရမည်၊ သို့တည်းမဟုတ် အရာရှိ တစ်ဦးအပေါ် စွဲဆိုသည့်အမှုတွင်၊ သက်သေခံအကျဉ်းချုပ်မရှိပါက၊ သက်သေခံ ထောက်နုတ်ချက်ကို ပေးရမည့်ပြင်၊ တရားခံ၏ ခုခံချေပရေးအတွက် ပြင်ဆင်ခြင်းနှင့်လည်းကောင်း၊ စစ်ဆေးစီရင်သည့် အခါ၌၊ တရားခံအား ကူညီခြင်း၊ သို့တည်းမဟုတ် တရားခံ၏ ကိုယ်စားဆောင်ရွက်ခြင်းနှင့်လည်းကောင်း၊ စပ်လျဉ်းသည့် ဤနည်းဥပဒေများပါ တရားခံ၏ အခွင့်အရေးများကို၊ တရားခံအား ရှင်းလင်းပြောပြရမည်။ ထိုပြင် သင့်လျော်သောအရာရှိတစ်ဦးကို ရနိုင်မည်ဆိုလျှင်၊ စစ်ဆေးစီရင်သည့်အခါ၌၊ တရားခံ၏ ကိုယ်စား ဆောင်ရွက်ရန်အတွက်၊ အရာရှိအား စစ်တရားရုံးဖွဲ့စည်းသည့် အရာရှိက၊ တာဝန်ပေးစေလိုသည် မလိုသည်ကို၊ တရားခံအားမေး၍၊ တပြင့် ရေးသားဖြေဆိုစိုင်းရမည်၊ ထိုသို့စီစဉ်ပေးရန်၊ တရားခံက အလိုရှိ မရှိကို၊ စစ်တရားရုံးဖွဲ့စည်းသည့် အရာရှိအား အကြောင်းကြားရမည်။

၃၃။ (၁) တရားခံအား စွဲချက်တင်၍ စစ်ပေးပြီး စစ်ဆေးစီရင်ရန်ဖြစ်သော စွဲချက်တိုင်းကို အရာရှိက၊ တရားခံအား ပြောပြထားရမည့်ပြင်၊ တရားခံ၏ ခုခံချေပရေးအတွက် ခေါ်ယူလိုသောသက်သေများ၏ အမည်များကို၊ တရားခံက ပေးပြလျှင်၊ ထိုသက်သေများလာရောက်ရန် သင့်လျော်သောအစီအစဉ်များကို ပြုလုပ်ပေးမည်ဟု ပြောပြပြီး၊ ထိုသက်သေများ လာရောက်ရန်အတွက်လည်း၊ ထိုအစီအစဉ်များကို ပြုလုပ်ရမည်။

စစ်ဆေးစီရင်ရေးနှင့်စပ်လျဉ်း၍ တရားခံအား သတိပေးခြင်း။

တရားခံအား ထိုသို့ပြောပြထားခြင်းနှင့် စွဲချက်တင်၍ စစ်ပေးခြင်း၊ စပ်ကြားရှိကာလသည်၊ နှစ်ဆယ့်လေးနာရီအောက်မလျော့စေရ။

(၂) အရာရှိသည်၊ တရားခံအား ထိုသို့ပြောပြသောအချိန်၌၊ တရားခံအား စွဲချက်လွှာမိတ္တူ တစ်စောင်ကို ပေးရမည့်ပြင်၊ လိုအပ်လျှင်၊ တရားခံအပေါ် စွဲဆိုထားသည့် စွဲချက်များကို၊ တရားခံအား ဖတ်ပြ၍ ရှင်းလင်းပြောပြရမည်။ တရားခံက၊ ၎င်းနားလည်သောဘာသာဖြင့် ရေးသားထားသော စွဲချက်လွှာကို အလိုရှိလျှင်၊ ထိုစွဲချက်လွှာ၏ ဘာသာပြန်ဆိုချက်ကို၊ တရားခံအား ပေးရမည်။

(၃) တပ်တွင်းစစ်တရားရုံးများမှတစ်ပါး၊ အခြားစစ်တရားရုံးများ၌၊ စစ်တရားရုံးတွင်ပါဝင်မည့်

အရာရှိများ၏ အမည်များ၊ အဆင့်နှင့်တပ် ပါရှိသည့်စာရင်း၊ ထို့ပြင် အရန်အရာရှိများကို၊ အမည်အားဖြင့် ဖော်ပြထားလျှင်၊ ထိုအရာရှိများ၏ အမည်များ၊ အဆင့်နှင့်တပ် ပါရှိသည့်စာရင်းကို၊ အရာရှိက၊ တရားခံအားပေးရမည်။

(၄) တရားခံအား စစ်ဆေးစီရင်သည့်အခါ၌ ဤနည်းဥပဒေအတိုင်း မလိုက်နာမှုတစ်ခုခု ကြောင့်၊ တရားခံအား ထိခိုက်နစ်နာဖွယ်ရာအကြောင်းရှိသည်ဟု၊ စစ်တရားရုံးက ထင်မြင်ယူဆလျှင်၊ ထိုသို့ တရားခံအား ထိခိုက်နစ်နာစေခြင်း မဖြစ်စေရန်၊ စစ်တရားရုံးက ဆောင်ရွက်ရမည့်ပြင်၊ ရွှေ့ဆိုင်း ရန် လိုအပ်လျှင်လည်း ရွှေ့ဆိုင်းရမည်။

၃၄။ ***တရားခံအများအပြားကိုပူးတွဲစစ်ဆေးစီရင်ခြင်း။*** ။ (၁) တရားခံ မည်ရွေ့မည်မျှကိုမဆို၊ ထိုတရားခံများ စုပေါင်းကျူးလွန်ကြောင်း ဖော်ပြထားသော ပြစ်မှုအတွက်၊ ပူးတွဲ၍ စွဲချက်တင်နိုင်သည့်ပြင်၊ အတူတကွလည်း စစ်ဆေးစီရင်နိုင်သည်။

(၂) တရားခံ မည်ရွေ့မည်မျှကိုမဆို၊ ပူးတွဲ၍ စွဲချက်မတင်သော်လည်း၊ တရားခံများအနက်၊ တရားခံတစ်ဦးကဖြစ်စေ၊ တစ်ဦးထက်ပိုသော တရားခံများကဖြစ်စေ၊ ကျူးလွန်၍၊ အခြားတရားခံက ဖြစ်စေ၊ အခြားတရားခံများကဖြစ်စေ၊ အားပေးကူညီကြောင်း ဖော်ပြထားသော ပြစ်မှုတစ်ခုအတွက်၊ အတူတကွ စစ်ဆေးစီရင်နိုင်သည်။

(၃) နည်းဥပဒေခွဲ (၁) နှင့် (၂) အရ တရားခံများအား စွဲချက်တင်သောအခါ၊ တစ်ဦးချင်း သော်လည်းကောင်း၊ စုပေါင်း၍သော်လည်းကောင်း၊ ကျူးလွန်ကြောင်းဖော်ပြထားသော အခြားပြစ်မှု တစ်ခုခုအတွက်၊ တစ်ချိန်တည်း၌ပင်၊ ထိုတရားခံများအနက်၊ တရားခံတစ်ဦးကိုဖြစ်စေ၊ တစ်ဦးထက် ပိုသော တရားခံများကိုဖြစ်စေ၊ စွဲချက်တင်ပြီးနောက်၊ စစ်ဆေးစီရင်နိုင်သည်။ သို့သော်လည်း အဆိုပါ ပြစ်မှုအားလုံးသည်၊ ထပ်တူဖြစ်သော အကြောင်းခြင်းရာများပေါ်တွင် အခြေပြုကြရမည်၊ သို့တည်းမဟုတ် အဆိုပါ ပြစ်မှုများသည်၊ ထပ်တူလက္ခဏာဖြစ်စေ၊ အလားတူလက္ခဏာဖြစ်စေ၊ ရှိသည့်၊ တစ်ဆက်တည်း ဖြစ်သော ပြစ်မှုများဖြစ်ကြရမည်၊ သို့တည်းမဟုတ် ထိုတစ်ဆက်တည်းဖြစ်သော ပြစ်မှုများ၏ အစိတ်အပိုင်း ဖြစ်ကြရမည်။

(၄) အထက်ဖော်ပြပါ အမှုများတွင်၊ တရားခံများအား အတူတကွ စစ်ဆေးစီရင်ရန် ရည်ရွယ် ကြောင်းကို၊ တရားခံတစ်ဦးစီအား စွဲချက်ကို ပြောပြချိန်၌ အကြောင်းကြားရမည်။ ထို့ပြင်တရားခံ တစ်ဦးဦးက၊ မိမိနှင့်အတူတကွ စစ်ဆေးစီရင်ရန် ရည်စူးထားသော အခြားတရားခံတစ်ဦး၏ သက်သေခံချက်သည်၊ သို့တည်းမဟုတ် တစ်ဦးထက်ပိုသော အခြားတရားခံများ၏ သက်သေခံချက်သည်၊ မိမိ၏ ခုခံချေပရေးတွင် အရေးပါလိမ့်မည်ဟုဖြစ်စေ၊ မိမိ၏ခုခံချေပရေးကို၊ တစ်နည်းနည်းဖြင့်၊ ထိခိုက် နစ်နာစေမည်ဟုဖြစ်စေ၊ ခက်ခဲစေမည်ဟုဖြစ်စေ၊ အကြောင်းပြကာ၊ စွဲချက်လွှာတွင်ပါရှိသည့် စွဲချက်တစ်ခု အတွက်သော်လည်းကောင်း၊ တစ်ခုထက်ပိုသောစွဲချက်များအတွက်သော်လည်းကောင်း၊ မိမိအား

သို့တည်းမဟုတ် အခြားတရားခံအချို့အား ခွဲခြားပြီး စစ်ဆေးစီရင်ရန်၊ စစ်တရားရုံးဖွဲ့စည်းသည့်အာဏာပိုင်ကို အကြောင်းကြားခြင်းဖြင့်ဖြစ်စေ၊ စစ်တရားရုံးရှေ့တွင်စွဲချက်တင်၍ စစ်မေးခြင်းခံနေရသောအခါ၊ စစ်တရားရုံးကို အကြောင်းကြားခြင်းဖြင့်ဖြစ်စေ၊ တောင်းဆိုနိုင်သည်။ စစ်တရားရုံးဖွဲ့စည်းသည့် အာဏာပိုင်ကသော်လည်းကောင်း၊ စစ်တရားရုံးကသော်လည်းကောင်း၊ အထက်ဆိုခဲ့ပြီးသည့်အတိုင်း၊ တရားခံ၏ ခုခံချေပရေးတွင်၊ သက်သေခံချက်သည်၊ အရေးပါလိမ့်မည်ဟုဖြစ်စေ၊ တရားခံ၏ခုခံချေပရေးကို ထိခိုက်နစ်နာစေမည်ဟုဖြစ်စေ၊ ခက်ခဲစေမည်ဟုဖြစ်စေ၊ ကျေနပ်လျှင်၊ ထို့ပြင် စွဲချက်၏ အမျိုးအစားအရလည်း၊ ထိုတောင်းဆိုချက်မျိုးကို လက်ခံနိုင်လျှင်၊ တောင်းဆိုချက်ကို ခွင့်ပြုရမည်။ ထို့ပြင် ခွဲခြားစစ်ဆေးစီရင်ခြင်းကို တောင်းဆိုထားသော အဆိုပါတရားခံကိုဖြစ်စေ၊ အခြားတရားခံ၊ သို့တည်းမဟုတ် တရားခံများကိုဖြစ်စေ၊ ခွဲခြား၍ စစ်ဆေးစီရင်ရမည်။ ထိုသို့ခွဲခြားစစ်ဆေးစီရင်ရန် တောင်းဆိုသောအခါ၊ စစ်တရားရုံးဖွဲ့စည်းသည့် အာဏာပိုင်ကသော်လည်းကောင်း၊ စစ်တရားရုံးကသော်လည်းကောင်း၊ ထိုတောင်းဆိုချက်ကို ခွင့်မပြုလျှင်၊ ထိုတောင်းဆိုချက်ကို ခွင့်မပြုခြင်းကြောင့်၊ အရေးကြီးသော တရားစီရင်မှု လွဲမှားခြင်းဖြစ်ပေါ်ခဲ့သည်ဟု၊ အတည်ပြုအာဏာပိုင်က၊ မယူဆပါက၊ ဆုံးဖြတ်ချက်အတည်ပြုခြင်းကိုဖြစ်စေ၊ ပြစ်ဒဏ်ချမှတ်ချက်အတည်ပြုခြင်းကိုဖြစ်စေ၊ ငြင်းပယ်ရန်အတွက်၊ ထိုတောင်းဆိုချက်ကို ခွင့်မပြုခြင်းသည်၊ အကြောင်းပြချက်တစ်ရပ်မဖြစ်စေရ။

နည်းဥပဒေများ အာဏာတည်ခြင်းကို ရပ်ဆိုင်းထားခြင်း။

စစ်ဘက်လတ်တလောလိုအပ်ခြင်းများ၊ သို့တည်းမဟုတ် စစ်စည်းကမ်းအရ လိုအပ်ချက်များကြောင့် နည်းဥပဒေများ အာဏာတည်ခြင်းကို ရပ်ဆိုင်းထားခြင်း။

၃၅။ ။ စစ်ဘက်လတ်တလောလိုအပ်ခြင်းများ၊ သို့တည်းမဟုတ် စစ်စည်းကမ်းအရ လိုအပ်ချက်များကြောင့် နည်းဥပဒေ ၂၂၊ ၂၃၊ ၂၄၊ ၃၂၊ ၃၃ နှင့် နည်းဥပဒေ ၉၄၊ နည်းဥပဒေခွဲ (၂) တို့အနက်၊ နည်းဥပဒေတစ်ခုခုကို လိုက်နာရန်မဖြစ်နိုင်ဟုဖြစ်စေ၊ လိုက်နာရန်မသင့်လျော်ဟုဖြစ်စေ၊ စစ်တရားရုံးကိုဖွဲ့စည်းသည့် အရာရှိကသော်လည်းကောင်း၊ ထိုနေရာရှိ ဝါအရင့်ဆုံးအရာရှိကသော်လည်းကောင်း၊ ထင်မြင်ယူဆသောအခါ၊ ထိုအာဏာပိုင်ကဖြစ်စေ၊ ထိုဝါအရင့်ဆုံး အရာရှိကဖြစ်စေ၊ မိမိလက်မှတ်ရေးထိုးသော အမိန့်စာဖြင့်၊ ထိုစစ်ဘက်လတ်တလောလိုအပ်ခြင်းများ၏ အမျိုးအစား၊ သို့တည်းမဟုတ် စစ်စည်းကမ်းအရ လိုအပ်ချက်အမျိုးအစားကို သီးခြားဖော်ပြပြီး၊ ဆိုခဲ့သည့် နည်းဥပဒေတစ်ခုခုကို လိုက်နာရန်မဖြစ်နိုင်ဟုဖြစ်စေ၊ လိုက်နာရန်မသင့်လျော်ဟုဖြစ်စေ၊ ကြေညာချက်တစ်ရပ်ကို ထုတ်နိုင်သည်။ ထို့ပြင် ထိုသို့ကြေညာချက်ထုတ်လျှင်၊ ဤနည်းဥပဒေများတွင်၊ ထိုကြေညာချက်ပါ နည်းဥပဒေမပါရှိဘိသကဲ့သို့ စစ်ဆေးစီရင်ခြင်းသည်၊ သို့တည်းမဟုတ် အခြားမှုခင်းကိစ္စဆောင်ရွက်ခြင်းသည်၊ ခိုင်လုံရမည်။ ထို့ပြင် ထိုကြေညာချက်မျိုးကို၊ အဆိုပါ နည်းဥပဒေတစ်ခုခုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ နည်းဥပဒေအားလုံးနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ စစ်တရားရုံးတစ်ခုအတွက် ထုတ်နိုင်သည်။

သို့ရာတွင် တရားခံသည်၊ မိမိ၏ခုခံချေပရေးအတွက် အခွင့်အရေးအားလုံးကို ရရှိစေရမည့်ပြင်၊ အဆိုပါ လတ်တလောလိုအပ်ခြင်းများကိုဖြစ်စေ၊ အဆိုပါလိုအပ်ချက်များကိုဖြစ်စေ၊ ထိုက်သင့်သော ထောက်ထားမှုပြု၍၊ ခုခံချေပရေးပြင်ဆင်မှုအတွက်၊ ဖြစ်နိုင်သည့် အခွင့်အရေးတိုင်းကို၊ တရားခံအား ပေးရမည်။

အပိုင်း ၂။ ။ စစ်တရားရုံးချုပ်နှင့် တိုင်းစစ်တရားရုံး

စစ်တရားရုံးဖွဲ့စည်းခြင်း။

စစ်တရားရုံးချုပ်နှင့် တိုင်းစစ်တရားရုံး ဖွဲ့စည်းခြင်း။

၃၆။ ။ (၁) အရာရှိတစ်ဦးသည်၊ စစ်တရားရုံးချုပ်ကိုသော်လည်းကောင်း၊ တိုင်းစစ်တရားရုံးကိုသော်လည်းကောင်း၊ မဖွဲ့စည်းမီ၊ စစ်တရားရုံးက စစ်ဆေးစီရင်ရန် ဖြစ်သောစွဲချက်များသည်၊ အက်ဥပဒေ၌ အဓိပ္ပာယ်ဖော်ပြထားသည့် ပြစ်မှုများတွင် အကျုံးဝင်သော ပြစ်မှုများဖြစ်သည့်ပြင်၊ သက်သေခံချက်အရလည်း စစ်ဆေးစီရင်ထိုက်သော စွဲချက်များဖြစ်သည်ဟု၊ ဦးစွာပထမကိုယ်တိုင် ကျေနပ်ရမည်။ ထို့ပြင် ထိုသို့မကျေနပ်လျှင်၊ တရားခံအား လွှတ်ရန် အမိန့်ပေးရမည်၊ သို့တည်းမဟုတ် အမှုကို၊ အထက်အာဏာပိုင်ထံသို့ လွှဲအပ်တင်ပြရမည်။

(၂) အမှုမှာ၊ ထိုအရာရှိဖွဲ့စည်းရန် ရည်ရွယ်သော စစ်တရားရုံးဖြင့် စစ်ဆေးစီရင်သင့်သည့် အမှုတစ်ခု ဖြစ်သည်ဟုလည်း၊ ထိုအရာရှိကိုယ်တိုင်က ကျေနပ်ရမည်။

(၃) စစ်တရားရုံးတစ်ရုံးကို ဖွဲ့စည်းသောအရာရှိသည်၊ စစ်တရားရုံးတွင် ပါဝင်ရန်ဖြစ်သော အရာရှိများကို ခန့်အပ်ရမည်၊ သို့တည်းမဟုတ် တာဝန်ပေးရမည်။ ထို့ပြင် ထိုအရာရှိသည်၊ မိမိ သင့်လျော်မည်ထင်သည့် အရန်အရာရှိများကိုလည်း ခန့်အပ်နိုင်သည်၊ သို့တည်းမဟုတ် တာဝန် ပေးနိုင်သည်။ စကားပြန်တစ်ဦးပါဝင်ဆောင်ရွက်ရန်လိုသည်ဟု ယူဆပါက၊ ထိုအရာရှိသည်၊ စစ်တရားရုံးအတွက် စကားပြန်တစ်ဦးကို ခန့်အပ်နိုင်သည်၊ သို့တည်းမဟုတ် တာဝန်ပေးနိုင်သည်။

(၄) စစ်တရားရုံးဖွဲ့စည်းသည့် အရာရှိသည်၊ စစ်တရားရုံး၏ ဝါအရင့်ဆုံးအဖွဲ့ဝင်ထံ၊ တရားခံကို စစ်ဆေးစီရင်ရန် တင်ထားသော စွဲချက်လွှာမူရင်း၊ သက်သေခံအကျဉ်းချုပ်၊ သို့တည်းမဟုတ် သက်သေခံ ကောက်နုတ်ချက်နှင့် စစ်တရားရုံးထိုင်ရန်အတွက် အမိန့်စာကိုပါ ပေးရမည်။ စစ်တရားရုံးဖွဲ့စည်းသည့် အရာရှိသည်၊ စစ်တရားရုံး၏ အခြားအဖွဲ့ဝင်များထံသို့လည်း စွဲချက်လွှာမိတ္တူများကို ပို့ရမည့်ပြင်၊ စစ်ဥပဒေ အရာရှိတစ်ဦးကို ခန့်အပ်သောအခါ၊ ထိုစစ်ဥပဒေအရာရှိထံသို့လည်း၊ စွဲချက်လွှာမိတ္တူတစ်စောင်နှင့် သက်သေခံအကျဉ်းချုပ် မိတ္တူတစ်စောင်ကိုဖြစ်စေ၊ သက်သေခံကောက်နုတ်ချက် မိတ္တူတစ်စောင်ကို ဖြစ်စေ၊ ပို့ရမည်။

အရာရှိဦးရေမလုံလောက်ခြင်းကြောင့် ရွှေ့ဆိုင်းခြင်း။

၃၇။ (၁) တရားခံအား စွဲချက်တင်၍မစစ်ဆေးမီ၊ စစ်တရားရုံး၏ အဖွဲ့ဝင်အဖြစ် ပါဝင်ခွင့် မရှိခြင်းကြောင့်ဖြစ်စေ၊ စစ်တရားရုံးအဖွဲ့ဝင်တစ်ဦး၏ လိုအပ်သော အရည်အချင်းပျက်ယွင်းခြင်းကြောင့်ဖြစ်စေ၊ စစ်တရားရုံး အဖွဲ့ဝင် အဖြစ် မပါဝင်ထိုက်ဟု ကန့်ကွက်ခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်းကြောင့်ဖြစ်စေ၊ စစ်တရားရုံး တွင်ပါဝင်ရုံးထိုင်ရန် တာဝန်ပေးထားသော အရာရှိများ၊ အရေအတွက် မပြည့်စုံလျှင်၊ ထို့ပြင် မဆောင် ရွက်နိုင်သူများ၏ နေရာတွင် ဝင်ရောက်ဆောင်ရွက်ရန်ဖြစ်သော အရန်အရာရှိများ၏ အရေအတွက် မလုံလောက်လျှင်၊ စစ်တရားရုံး၏ အဖွဲ့ဝင်သစ်များ ခန့်အပ်ရန် ကိစ္စအတွက်၊ စစ်တရားရုံးသည်၊ သာမန် အားဖြင့် ရွှေ့ဆိုင်းရမည်။ သို့သော်လည်း တရားမျှတမှုအတွက်နှင့် တပ်မတော်အကျိုးအတွက်၊ ရွှေ့ဆိုင်း ရန်မသင့်လျော်ဟု၊ စစ်တရားရုံးက ထင်မြင်ယူဆလျှင်၊ စစ်တရားရုံးသည်၊ စစ်တရားရုံး၏ အဖွဲ့ဝင် အနည်းဆုံး တရားဝင် ဦးရေအောက်မလျော့ခဲ့သော်၊ ဆက်လက်ဆောင်ရွက်ခြင်းအတွက် အကြောင်း ပြချက်များကို ရေးမှတ်ပြီးနောက်၊ ဆက်လက်ဆောင်ရွက်နိုင်သည်။

(၂) ဤနည်းဥပဒေများအရသော်လည်းကောင်း၊ အခြားအကြောင်းတစ်ခုခုအရသော်လည်း ကောင်း၊ စစ်တရားရုံး၏ အဖွဲ့ဝင်သစ်များ ခန့်အပ်ခြင်းကိစ္စအတွက်၊ စစ်တရားရုံးရွှေ့ဆိုင်းပါက၊ စစ်တရားရုံးဖွဲ့စည်းသည့် အရာရှိသည်၊ မိမိကသင့်လျော်မည်ထင်လျှင်၊ အခြားစစ်တရားရုံးကို ဖွဲ့စည်း နိုင်သည်။

စစ်တရားရုံးအတွက် အရာရှိများ ပါဝင်ခွင့် မရှိခြင်းနှင့် အရည် အချင်း ပျက်ယွင်းခြင်း။

၃၈။ (၁) အရာရှိတစ်ဦးမှာ၊ အက်ဥပဒေကို လိုက်နာရသူမဟုတ်လျှင်၊ စစ်တရားရုံးတွင် ပါဝင်ဆောင်ရွက်ခွင့်မရှိ။

(၂) အရာရှိတစ်ဦးမှာ —

(က) စစ်တရားရုံးကိုဖွဲ့စည်းသည့် အရာရှိဖြစ်နေလျှင်၊ သို့တည်းမဟုတ်

(ခ) တရားလိုဘက်အမှုလိုက်အရာရှိသော်လည်းကောင်း၊ တရားလိုဘက် သက်သေ သော်လည်းကောင်းဖြစ်နေလျှင်၊ သို့တည်းမဟုတ်

(ဂ) စစ်ဆေးစီရင်ခြင်းမပြုမီ၊ စွပ်စွဲချက်များကို စုံစမ်းစစ်ဆေးခဲ့လျှင်၊ သို့တည်းမဟုတ် သက်သေခံအကျဉ်းချုပ်ကိုရေးယူခဲ့လျှင်၊ သို့တည်းမဟုတ် တရားခံအပေါ် စွဲဆို သည့် စွဲချက်များကို အကိုးအကားပြုသောအကြောင်းကိစ္စများနှင့်စပ်လျဉ်းသည့် စုံစမ်းစစ်ဆေးရေးခုံရုံး၏ အဖွဲ့ဝင်ဖြစ်ခဲ့လျှင်၊ သို့တည်းမဟုတ် အမှုကို အစအဦး ဖြစ်သော စုံစမ်းစစ်ဆေးခြင်းပြုလုပ်သည့် အရာရှိဖြစ်ခဲ့လျှင်၊ သို့တည်းမဟုတ် ထိုဖြစ်မှုနှင့်စပ်လျဉ်း၍၊ တရားခံအား စစ်ဆေးစီရင်သော ယခင်စစ်တရားရုံး၏ အဖွဲ့ဝင်ဖြစ်ခဲ့လျှင်၊ သို့တည်းမဟုတ်

(ဃ) တရားခံ၏တပ်မှူးသော်လည်းကောင်း၊ တရားခံပါဝင်သောတပ်အဖွဲ့ကို ကွပ်ကဲသည့် အရာရှိသော်လည်းကောင်း ဖြစ်လျှင်၊ သို့တည်းမဟုတ်

(င) အမှုတွင်ကိုယ်ရေးကိုယ်တာအတွက် အကျိုးသက်ဆိုင်ခြင်းရှိလျှင်၊ အရည်အချင်းပျက်ယွင်းခြင်းကြောင့်၊ စစ်တရားရုံးချုပ်တွင်သော်လည်းကောင်း၊ တိုင်းစစ်တရားရုံးတွင်သော်လည်းကောင်း၊ ပါဝင်ဆောင်ရွက်ခွင့်မရှိစေရ။

(၃) တပ်ထိန်းချုပ်မှာ၊ စစ်တရားရုံးချုပ်တစ်ခုတွင်သော်လည်းကောင်း၊ တိုင်းစစ်တရားရုံးတွင်သော်လည်းကောင်း၊ ပါဝင်ဆောင်ရွက်နိုင်သည့်အရည်အချင်းမရှိစေရ။

စစ်တရားရုံးတွင် ပါဝင်သူများ။

၃၉။ ။ (၁) စစ်တရားရုံးချုပ်တွင်၊ ကွဲပြားသောတပ်အဖွဲ့များ၏၊ သို့တည်းမဟုတ် ကွဲပြားသော ဌာနများ၏ အရာရှိများ ပါဝင်နိုင်သမျှ ပါဝင်ရမည်။ ထို့ပြင် မည်သည့်နည်းနှင့်မျှ တရားခံပါဝင်သော တပ်အဖွဲ့ ဌာန၊ တပ်၊ သို့တည်းမဟုတ် ခွဲထုတ်တပ်၏ အရာရှိများ သပ်သပ်သာလျှင်၊ ထိုစစ်တရားရုံးချုပ်တွင် မပါဝင်ရ။

(၂) အရာရှိတစ်ဦးအား စစ်ဆေးစီရင်ရန်အတွက်၊ ထိုအရာရှိ၏အဆင့်အောက်မနိမ့်သည့် အဆင့်ရှိသော အရာရှိများ (ပြည်သူ့အကျိုးအတွက် လတ်တလောလိုအပ်ခြင်းများကို ထိုက်သင့်သလို ထောက်ထားလျက်) မရရှိနိုင်ဟု၊ စစ်တရားရုံးဖွဲ့စည်းသည့်အရာရှိက ထင်မြင်ယူဆသည့်အခါမှတစ်ပါး၊ စစ်တရားရုံး၏ အဖွဲ့ဝင်များသည်၊ ထိုအရာရှိ၏ အဆင့်အောက်မနိမ့်သည့် အဆင့်ရှိသော အရာရှိများ ဖြစ်ရမည်။ စစ်တရားရုံးဖွဲ့စည်းသည့် အမိန့်စာတွင်၊ ထိုထင်မြင်ယူဆချက်ကို ရေးမှတ်ရမည်။

(၃) ကြည်းတပ်နှင့်လေတပ်အတွက်ဖြစ်ပါက၊ ဗိုလ်ကြီး (Captain) အဆင့်အောက်နိမ့်သော၊ ရေတပ်အတွက်ဖြစ်ပါက၊ ဗိုလ်ကြီး (Lieutenant) အဆင့်အောက်နိမ့်သော အရာရှိတစ်ဦးသည်၊ စစ်မြေပြင်အရာရှိတစ်ဦးအား၊ စစ်ဆေးစီရင်ရန်အတွက်၊ မည်သည့်နည်းနှင့်မျှ စစ်တရားရုံး၏ အဖွဲ့ဝင်မဖြစ်စေရ။

စစ်ဆေးစီရင်ရာ၌ လိုက်နာရမည့်ကျင့်ထုံး၊ စစ်တရားရုံးဖွဲ့စည်းခြင်း။

ဖွဲ့စည်းခြင်းသည်၊ တရားဥပဒေနှင့် ညီမညီစစ်တရားရုံးကစုံစမ်းစစ်ဆေးခြင်း။

၄၀။ ။ (၁) စစ်တရားရုံးထိုင်သည့်အခါ၊ စစ်တရားရုံးဖွဲ့စည်းသည့် အမိန့်စာ၊ စွဲချက်လွှာ၊ သက်သေခံအကျဉ်းချုပ်၊ ထို့ပြင်စစ်တရားရုံးတွင် ဆောင်ရွက်ရန် ခန့်အပ်သော အရာရှိများ၏ အဆင့်များ၊ အမည်များနှင့်တပ်အဖွဲ့တို့ကို စစ်တရားရုံးရှေ့တွင် တင်ပြထားရမည်။ ထို့ပြင် —

(က) စစ်တရားရုံးကစုံစမ်း၍သေချာစွာသိရှိရသမျှမှာ၊ စစ်တရားရုံးကို အက်ဥပဒေ၏ ပြဋ္ဌာန်းချက်များအပြင်၊ ဤနည်းဥပဒေများနှင့်အညီလည်း ဖွဲ့စည်းထားကြောင်း၊

(ခ) စစ်တရားရုံးတွင်၊ တရားဥပဒေနှင့်အညီ လိုအပ်သော အဖွဲ့ဝင် အနည်းဆုံးဦးရေအောက် မလျော့ပါဝင်သည့်ပြင်၊ နည်းဥပဒေ ၃၇ တွင် ဖော်ပြထားသည့်အတိုင်း မှတစ်ပါး စစ်တရားရုံးတွင် ပါဝင်ဆောင်ရွက်ရန် တာဝန်ပေးခြင်းခံရသော အရာရှိဦးရေအောက် မလျော့သော အရာရှိများပါဝင်ကြောင်း၊

(ဂ) ထိုသို့ရုံးထိုင်ရသည့် အရာရှိအသီးသီးသည်၊ ထိုစစ်တရားရုံးတွင် ပါဝင်ဆောင်ရွက်ခွင့်ရှိသည့်ပြင်၊ အရည်အချင်းပျက်ယွင်းခြင်းလည်း မရှိကြောင်း၊

(ဃ) စစ်တရားရုံးချုပ်အတွက်ဖြစ်လျှင်၊ အရာရှိများသည်၊ လိုအပ်သော အဆင့်ရှိသူများ ဖြစ်ကြောင်း

ကိုလည်း၊ စစ်တရားရုံးက ကျေနပ်ရမည်။

(၂) စစ်တရားရုံးသည်၊ စစ်ဥပဒေအရာရှိခန့်အပ်ထားသော စစ်တရားရုံးချုပ်၊ သို့တည်းမဟုတ် တိုင်းစစ်တရားရုံးဖြစ်လျှင်၊ ထိုစစ်ဥပဒေအရာရှိမှာ၊ နည်းလမ်းတကျခန့်အပ်ခြင်းခံရသူဖြစ်သည့်ပြင်၊ ထိုစစ်တရားရုံးတွင် ရုံးထိုင်ခြင်းအတွက် အရည်အချင်းပျက်ယွင်းခြင်းမရှိသူဖြစ်ကြောင်းကိုလည်း၊ စစ်တရားရုံးက သေချာစွာသိရှိနိုင်အောင်စိစစ်ရမည်။

(၃) စစ်တရားရုံးသည်၊ အထက်တွင်ဆိုခဲ့သည့် ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ မကျေနပ်လျှင်၊ မိမိ၏ ထင်မြင်ယူဆချက်ကို၊ စစ်တရားရုံးဖွဲ့စည်းသည့်အာဏာ ပိုင်ထံသို့ အစီရင်ခံရမည်။ ထို့ပြင် ထိုကိစ္စအတွက် စစ်တရားရုံးကို ရွှေ့ဆိုင်းနိုင်သည်။

တရားခံသည် စစ်အက်ဥပဒေကို လိုက်နာရသူ ဟုတ် မဟုတ် စစ်တရားရုံးက စစ်ဆေးစီရင်ပိုင်ခွင့်ရှိမရှိနှင့် စွဲချက်ခိုင်လုံခြင်းရှိမရှိတို့ကို စစ်တရားရုံးက စုံစမ်းစစ်ဆေးခြင်း။

၄၁။ (၁) နည်းဥပဒေ ၄၀ ပါ လိုအပ်ချက်များအတိုင်း လိုက်နာဆောင်ရွက်ပြီးဖြစ်သည် ဟု၊ စစ်တရားရုံးက ကျေနပ်လျှင်၊ စစ်တရားရုံး၏ ရှေ့မှောက်သို့ တင်ပြမည့် စွဲချက်အသီးသီးနှင့် စပ်လျဉ်း၍ —

(က) အက်ဥပဒေကို လိုက်နာရသူတစ်ဦးဖြစ်၍၊ စစ်တရားရုံးက စီရင်ပိုင်ခွင့်ရှိသည့်သူလည်းဖြစ်သောသူအပေါ် တင်ထားသည့် စွဲချက်ဖြစ်ကြောင်း။ ထို့ပြင်

(ခ) အက်ဥပဒေပါ ပြစ်မှုကိုထုတ်ဖော်၍၊ ဤနည်းဥပဒေများနှင့်အညီ တင်ထားသည့်ပြင်၊ တရားခံက မည်သည့် အပြေပေးရမည်ကို လွယ်ကူစွာ နားလည်သိရှိနိုင်စေရန် ရှင်းလင်းပြတ်သားသည့် စွဲချက်လည်းဖြစ်ကြောင်း -

စစ်တရားရုံးက ထပ်လောင်း၍ ကျေနပ်ရမည်။

(၂) စစ်တရားရုံးသည်၊ အထက်ပါအကြောင်းအရာများနှင့်စပ်လျဉ်း၍ မကျေနပ်လျှင်၊ မိမိ၏ ထင်မြင်ယူဆချက်ကို၊ စစ်တရားရုံးဖွဲ့စည်းသည့် အာဏာပိုင်ထံ အစီရင်ခံရမည်။ ထို့ပြင် ထိုကိစ္စအတွက် စစ်တရားရုံးကို ရွှေ့ဆိုင်းနိုင်သည်။

စစ်ဆေးစီရင်ရာ၌လိုက်နာရမည့်ကျင့်ထုံး၊ ကန့်ကွက်ခြင်းနှင့် ကျမ်းသစ္စာပြုခြင်း။

တရားလိုဘက်အမှုလိုက်အရာရှိနှင့် တရားခံတို့လာရောက်ခြင်း။

၄၂။ ။ နည်းဥပဒေ ၄၀ နှင့် ၄၁ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ပြီး ဖြစ်ကြောင်း၊ စစ်တရားရုံးက ကျေနပ်သောအခါ စစ်တရားရုံးရှေ့မှောက်သို့ တရားခံကို ခေါ်ဆောင်လာစေရမည်။ ထို့ပြင် တရားလိုဘက်အမှုလိုက်အရာရှိက၊ စစ်တရားရုံးတွင်၊ မိမိ၏နေရာကို ယူရမည်။ ထိုအရာရှိသည်၊ အက်ဥပဒေကို လိုက်နာရသူဖြစ်ရမည်။

စစ်တရားရုံးအဖွဲ့ဝင်များအား ကန့်ကွက်ခြင်းနှင့်စပ်လျဉ်း၍၊ အရေးယူဆောင်ရွက်ခြင်း။

၄၃။ ။ စစ်တရားရုံးဖွဲ့စည်းသည့် အမိန့်စာနှင့် စစ်တရားရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ အမည်များကို၊ တရားခံအား ဖတ်ပြရမည့်ပြင်၊ ပုဒ်မ ၁၃၃ က လိုအပ်သည့်အတိုင်း၊ စစ်တရားရုံးတွင် ပါဝင်ရုံးထိုင်နေသော အရာရှိတစ်ဦးဦး၏ စစ်ဆေးစီရင်ခြင်းကို ကန့်ကွက်လို၊ မလို တရားခံအား မေးမြန်းရမည်။ ထိုကန့်ကွက်ချက်တစ်ခုခုကို၊ အဆိုပါ ပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြီးပြတ်အောင် ဆောင်ရွက်ရမည်။

သို့ရာတွင် —

(က) ကန့်ကွက်ချက်တစ်ခုခုကို ပြီးပြတ်အောင် မဆောင်ရွက်မီ၊ စစ်တရားရုံးတွင် ပါဝင်နေသည့်၊ ကန့်ကွက်သော အရာရှိအားလုံး၏ အမည်များကို၊ တရားခံက ထုတ်ဖော်ပြောရမည်။

(ခ) တရားခံသည်၊ မိမိ၏ကန့်ကွက်ချက်ကို ထောက်ခံသော သက်သေခံချက်ပေးရန်၊ မည်သူကိုမဆို ခေါ်နိုင်သည်။ ထို့ပြင် ထိုသက်သေအား တရားခံနှင့် စစ်တရားရုံးကပါ မေးမြန်းနိုင်သည်။

(ဂ) အရာရှိတစ်ဦးထက်ပို၍ ကန့်ကွက်ခြင်းခံရလျှင်၊ ကန့်ကွက်ချက်ကို၊ အရာရှိတစ်ဦးစီ ခွဲခြား၍၊ ပြီးပြတ်အောင်ဆုံးဖြတ်ရမည်။ ထို့ပြင် အနိမ့်ဆုံးအဆင့်ရှိသည့် အရာရှိများနှင့် စပ်လျဉ်းသည့် ကန့်ကွက်ချက်ကို၊ ပထမပြီးပြတ်အောင်ဆုံးဖြတ်ရမည်။ အရာရှိတစ်ဦးအား ကန့်ကွက်သည့်အခါ၊ ကန့်ကွက်ခြင်းခံရသည့် အရာရှိ၏ မျက်ကွယ်တွင်၊ စစ်တရားရုံး၏ ကျန်အရာရှိများသည်၊ မိမိတို့အနက်၊ မည်သည့်အရာရှိကိုမဆို ကန့်ကွက်ထားစေကာမူ အဆိုပါ ကန့်ကွက်ချက်နှင့် စပ်လျဉ်း၍ ပြီးပြတ်အောင် မဲပေးဆုံးဖြတ်ရမည်။

(ဃ) အရာရှိတစ်ဦးနှင့်စပ်လျဉ်းသည့် ကန့်ကွက်ချက်ကို ခွင့်ပြုသောအခါ၊ ထိုအရာရှိသည်၊ စစ်တရားရုံးအဖွဲ့ဝင်အဖြစ်မှ၊ ချက်ချင်းနုတ်ထွက်ရမည့်ပြင်၊ မှုခင်းကိစ္စဆောင်ရွက်ခြင်းများတွင် ဆက်လက်၍ မပါဝင်ရ။

(င) အရာရှိတစ်ဦးသည်၊ ထိုသို့နုတ်ထွက်သောအခါ၊ သို့တည်းမဟုတ် စစ်တရားရုံးက လုံလောက်သည်ဟု မှတ်ယူနိုင်သော အကြောင်းတစ်ခုခုကြောင့် ပါဝင်မဆောင်ရွက်နိုင်သည့်အခါ၊ အရန်အရာရှိများအဖြစ် တာဝန်ပေးထားသည့် အရာရှိများရှိလျှင်၊ ထိုအရာရှိများအနက်၊ အရာရှိတစ်ဦးဦးအား စစ်တရားရုံးဥက္ကဋ္ဌက၊ လစ်လပ်သည့်နေရာတွင်၊ ဖြည့်သွင်းခန့်အပ်ရမည်။ အရန်အရာရှိ မရရှိနိုင်လျှင်၊ စစ်တရားရုံးသည်၊ နည်းဥပဒေ ၃၇ အရ လိုအပ်သည့်အတိုင်း ဆက်လက်ဆောင်ရွက်ရမည်။

(စ) စစ်တရားရုံးတွင် ပါဝင်ဆောင်ရွက်ရန် ခန့်အပ်သည့် အခြားအရာရှိများ၏ ကိစ္စနှင့် စပ်လျဉ်း၍၊ သေချာစွာသိရှိနိုင်အောင် စိစစ်သကဲ့သို့ လစ်လပ်သည့်နေရာတွင် ဖြည့်သွင်းခန့်အပ်ခြင်းခံရသည့် အရာရှိတစ်ဦး၌၊ စစ်တရားရုံးတွင် ပါဝင်ခွင့်ရှိခြင်း၊ အရည်အချင်းပျက်ယွင်းမှုမရှိခြင်းနှင့် ထိုအရာရှိအပေါ် ကန့်ကွက်ချက်မရှိခြင်းတို့ကို၊ စစ်တရားရုံးက စိစစ်ရမည်။

အဖွဲ့ဝင်များ၊ ကျမ်းသစ္စာပြုခြင်း၊ သို့တည်းမဟုတ် ကတိသစ္စာပြုခြင်း။

၄၄။ ။ ကန့်ကွက်ခြင်းမခံရသော၊ သို့တည်းမဟုတ် ကန့်ကွက်ခြင်းခံရသော်လည်း၊ ထိုကန့်ကွက်ချက်များပယ်ပြီးဖြစ်သော၊ အရာရှိဦးရေ လုံလောက်စွာ ပါဝင်လျက်၊ စစ်တရားရုံးကို ဖွဲ့စည်းပြီးလျှင် ပြီးချင်း အောက်ပါသစ္စာပြုချက်ပုံစံတစ်ခုခုအရ သို့တည်းမဟုတ် ထိုသူကိုးကွယ်သည့် ဘာသာနှင့်အညီဖြစ်စေ၊ ထိုသူ၏စိတ်တွင် စွဲမြဲစေသည့် ဖခြားနည်းနှင့်အညီဖြစ်စေ၊ ထပ်တူသစ္စာပြုခြင်းသဘောသက်ရောက်သည်ဟု၊ စစ်တရားရုံးက အမှန်စုံစမ်းတွေ့ရှိသည့် အခြားသစ္စာပြုချက်ပုံစံအရ ကျမ်းသစ္စာကိုသော်လည်းကောင်း၊ ကတိသစ္စာကိုသော်လည်းကောင်း၊ စစ်တရားရုံးအဖွဲ့ဝင်တိုင်းအား ပြုစေရမည်။

ကျမ်းသစ္စာပြုချက်ပုံစံ

"ကျွန်ုပ် . . . . သည်၊ စစ်တရားရုံးရှေ့မှောက်ရှိ တရားခံ (သို့တည်းမဟုတ် တရားခံများ)ကို၊ သက်သေခံချက်နှင့်အညီ ကောင်းမွန်မှန်ကန်စွာ စစ်ဆေးစီရင်ပါမည်ဟုလည်းကောင်း၊ မျက်နှာလိုက်ခြင်း၊ အခွင့်အရေးပေးခြင်း၊ နှစ်သက်မြတ်နိုးခြင်းမပါရှိဘဲ၊ ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေနှင့်အညီ ကျွန်ုပ်တရားစီရင်ပါမည်ဟုလည်းကောင်း၊ သံသယဖြစ်မှုတစ်ခုခုပေါ်ပေါက်လျှင်၊ ဖြောင့်မတ်မှန်ကန်စွာ၊ နားလည်သမျှနှင့်အလားတူကိစ္စများတွင်လိုက်နာရသည့်စစ်ထုံးတမ်းအရ တရားစီရင်ပါမည်ဟုလည်းကောင်း၊ ကျမ်းသစ္စာပြုပါသည်။ ထို့ပြင် တရားဥပဒေလမ်းစဉ်အတိုင်း နယ်ဘက်တရားရုံးကဖြစ်စေ၊ စစ်တရားရုံးကဖြစ်စေ၊ သက်သေခံနိုင်းသည့်အခါမှတစ်ပါး အခြားမည်သည့်အကြောင်းကြောင့်မျှ မည်သည့်အချိန်အခါ၌မဆို၊ ဤစစ်တရားရုံးအဖွဲ့ဝင်တစ်ဦးဦး၏ ခဲကိုသော်လည်း

ကောင်း၊ ထင်မြင်ချက်ကိုသော်လည်းကောင်း၊ ကျွန်ုပ်က ထုတ်ဖော်ပြောဆိုမည်မဟုတ်ပါ၊ သို့တည်းမဟုတ် သိရှိအောင်ပြုလုပ်မည်မဟုတ်ပါဟု ထပ်လောင်း၍ ကျွန်ုပ်ကျမ်းသစ္စာပြုပါသည်။"

ကတိသစ္စာပြုချက်ပုံစံ။

"ကျွန်ုပ် .... သည်၊ စစ်တရားရုံးရှေ့မှောက်ရှိ တရားခံ (သို့တည်းမဟုတ် တရားခံများ)ကို၊ သက်သေခံချက်နှင့်အညီ ကောင်းမွန်မှန်ကန်စွာ စစ်ဆေးစီရင်ပါမည်ဟုလည်းကောင်း၊ မျက်နှာလိုက်ခြင်း၊ အခွင့်အရေးပေးခြင်း၊ နှစ်သက်မြတ်နိုးခြင်းမပါရှိဘဲ၊ ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေနှင့်အညီ ကျွန်ုပ်တရားစီရင်ပါမည်ဟုလည်းကောင်း၊ သံသယဖြစ်မှုတစ်ခုခု ပေါ်ပေါက်လျှင်၊ ဖြောင့်မတ်မှန်ကန်စွာ၊ နားလည်သမျှ တရားစီရင်ပါမည်ဟုလည်းကောင်း လေးနက်တည်ကြည် မှန်ကန်စွာကြေညာ၍ ကတိသစ္စာပြုပါသည်။ ထို့ပြင် တရားဥပဒေလမ်းစဉ်အတိုင်း နယ်ဘက်တရားရုံးက ဖြစ်စေ၊ စစ်တရားရုံးကဖြစ်စေ သက်သေခံနိုင်းသည့်အခါမှတစ်ပါး မည်သည့် အကြောင်းကြောင့်မျှ မည်သည့်အချိန်အခါ၌မဆို၊ ဤ စစ်တရားရုံးအဖွဲ့ဝင်တစ်ဦးဦး၏ မဲကိုသော်လည်းကောင်း၊ ထင်မြင်ချက် ကိုသော်လည်းကောင်း၊ ကျွန်ုပ်က ထုတ်ဖော်ပြောဆိုမည်မဟုတ်ပါ၊ သို့တည်းမဟုတ် သိရှိအောင် ပြုလုပ်မည်မဟုတ်ပါဟုလည်း၊ လေးနက်တည်ကြည်မှန်ကန်စွာ ထပ်လောင်းကြေညာ၍၊ ကျွန်ုပ်ကတိသစ္စာ ပြုပါသည်။"

စစ်ဥပဒေအရာရှိနှင့် အခြားသူများ ကျမ်းသစ္စာပြုခြင်း၊ သို့တည်းမဟုတ် ကတိသစ္စာပြုခြင်း။

၄၅။ ။ စစ်တရားရုံးအဖွဲ့ဝင်အားလုံး ကျမ်းသစ္စာ၊ သို့တည်းမဟုတ် ကတိသစ္စာပြုပြီးသည့်နောက်၊ အောက်တွင်ဖော်ပြထားသူများ၊ သို့တည်းမဟုတ် ထိုသူများအနက် စစ်တရားရုံးတွင် ရောက်ရှိနေကြသူများအား၊ အောက်ပါသစ္စာပြုချက်ပုံစံတစ်ခုခုအရ၊ သို့တည်းမဟုတ် ထိုသူကိုးကွယ်သည့် ဘာသာနှင့်အညီဖြစ်စေ၊ ထိုသူ၏စိတ်တွင် စွဲမြဲစေသည့် အခြားနည်းနှင့်အညီဖြစ်စေ၊ ထပ်တူသစ္စာပြုခြင်း သဘောသက်ရောက်သည်ဟု၊ စစ်တရားရုံးက အမှန်စုံစမ်းတွေ့ရှိသည့် အခြားသစ္စာပြုချက်ပုံစံအရ ကျမ်းသစ္စာကိုသော်လည်းကောင်း၊ ကတိသစ္စာကိုသော်လည်းကောင်း၊ ပြုစေရမည်။

(က) စစ်ဥပဒေအရာရှိ။

ကျမ်းသစ္စာပြုချက်ပုံစံ။

"ကျွန်ုပ် .... သည်၊ ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေနှင့်အညီ၊ ထို့ပြင် ထိုအက်ဥပဒေအရပြုသည့် နည်းဥပဒေများနှင့်အညီ၊ ထို့ပြင် မျက်နှာလိုက်ခြင်း၊ အခွင့်အရေးပေးခြင်း၊ နှစ်သက်မြတ်နိုးခြင်းမပါရှိဘဲ၊ စစ်ဥပဒေအရာရှိ၏ တာဝန်ဝတ္တရားများကို အစွမ်းကုန်ဆောင်ရွက်

ပါမည်ဟု ကျမ်းသစ္စာပြုပါသည်။ ထို့ပြင် တရားဥပဒေလမ်းစဉ်အတိုင်း၊ နယ်ဘက်တရားရုံးကဖြစ်စေ၊ စစ်တရားရုံးကဖြစ်စေ၊ သက်သေခံနိုင်းသည့်အခါမှတစ်ပါး၊ မည်သည့်အကြောင်းကြောင့်မျှ၊ မည်သည့်အချိန်အခါ၌မဆို၊ ဤစစ်တရားရုံးအဖွဲ့ဝင်တစ်ဦးဦး၏ မဲကိုသော်လည်းကောင်း၊ အကြောင်းအရာတစ်ခုခု နှင့်စပ်လျဉ်းသည့် ထင်မြင်ချက်ကိုသော်လည်းကောင်း၊ ကျွန်ုပ်က ထုတ်ဖော်ပြောဆိုမည်မဟုတ်ပါဟု၊ သို့တည်းမဟုတ် သိရှိအောင်ပြုလုပ်မည်မဟုတ်ပါဟုလည်း ထပ်လောင်း၍ ကျွန်ုပ်ကျမ်းသစ္စာပြုပါသည်။

ကတိသစ္စာပြုချက်ပုံစံ။

"ကျွန်ုပ် .... သည်၊ ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေနှင့်အညီ၊ ထို့ပြင် အဆိုပါအက်ဥပဒေအရပြုသည့် နည်းဥပဒေများနှင့်အညီ၊ ထို့ပြင် မျက်နှာလိုက်ခြင်း၊ အခွင့်အရေးယေခြင်း၊ နှစ်သက်မြတ်နိုးခြင်းမပါရှိဘဲ၊ စစ်ဥပဒေအရာရှိ၏ တာဝန်ဝတ္တရားများကို အစွမ်းကုန်ဆောင်ရွက်ပါမည်ဟု၊ လေးနက်တည်ကြည်မှန်ကန်စွာ ကြေညာ၍ ကတိသစ္စာပြုပါသည်။ ထို့ပြင် တရားဥပဒေလမ်းစဉ်အတိုင်း၊ နယ်ဘက်တရားရုံးကဖြစ်စေ၊ စစ်တရားရုံးကဖြစ်စေ၊ သက်သေခံနိုင်းသည့်အခါမှတစ်ပါး၊ မည်သည့် အကြောင်းကြောင့်မျှ၊ မည်သည့် အချိန်အခါ၌မဆို၊ ဤစစ်တရားရုံးအဖွဲ့ဝင်တစ်ဦးဦး၏ မဲကိုသော်လည်းကောင်း၊ အကြောင်းအရာတစ်ခုခု နှင့်စပ်လျဉ်းသည့် ထင်မြင်ချက်ကိုသော်လည်းကောင်း၊ ကျွန်ုပ်က ထုတ်ဖော်ပြောဆိုမည်မဟုတ်ပါဟု၊ သို့ာည်းမဟုတ် သိရှိအောင်ပြုလုပ်မည်မဟုတ်ပါဟုလည်း လေးနက်တည်ကြည်မှန်ကန်စွာ ထပ်လောင်း ကြေညာ၍ ကတိသစ္စာပြုပါသည်။"

(ခ) သင့်ယူရန်အတွက် တက်ရောက်သည့်အရာရှိ။

ကျမ်းသစ္စာပြုချက်ပုံစံ။

"ကျွန်ုပ် .... သည်၊ နယ်ဘက်တရားရုံးကဖြစ်စေ၊ စစ်တရားရုံးကဖြစ်စေ၊ သက်သေခံနိုင်းသည့်အခါမှတစ်ပါး၊ မည်သည့်အကြောင်းကြောင့်မျှ၊ မည်သည့်အချိန်အခါ၌မဆို၊ ဤစစ်တရားရုံးအဖွဲ့ဝင်တစ်ဦးဦး၏ မဲကိုသော်လည်းကောင်း၊ ထင်မြင်ချက်ကိုသော်လည်းကောင်း၊ ကျွန်ုပ်က ထုတ်ဖော်ပြောဆိုမည်မဟုတ်ပါဟု၊ သို့တည်းမဟုတ် သိရှိအောင်ပြုလုပ်မည်မဟုတ်ပါဟု၊ ကျမ်းသစ္စာပြုပါသည်။"

ကတိသစ္စာပြုချက်ပုံစံ။

"ကျွန်ုပ် .... သည်၊ နယ်ဘက်တရားရုံးကဖြစ်စေ၊ စစ်တရားရုံးကဖြစ်စေ၊ သက်သေခံခိုင်းသည့်အခါမှတစ်ပါး၊ မည်သည့်အကြောင်းကြောင့်မျှ မည်သည့်အချိန်အခါ၌မဆို၊ ဤစစ်တရားရုံးအဖွဲ့ဝင်တစ်ဦးဦး၏ မဲကိုသော်လည်းကောင်း၊ ထင်မြင်ချက်ကိုသော်လည်းကောင်း၊ ကျွန်ုပ်က ထုတ်ဖော်ပြောဆိုမည်မဟုတ်ပါဟု၊ သို့တည်းမဟုတ် သိရှိအောင်ပြုလုပ်မည်မဟုတ်ပါဟု၊ လေးနက်တည်ကြည်မှန်ကန်စွာကြေညာ၍ ကတိသစ္စာပြုပါသည်။"

(ဂ) လက်ရေးတိုစာရေး။

ကျမ်းသစ္စာပြုချက်ပုံစံ။

"ကျွန်ုပ် .... သည်၊ ကျွန်ုပ်အား၊ ရေးသားယူစေလိုသည့်၊ ဤစစ်တရားရုံးရှေ့မှောက်တွင် ထွက်ဆိုသောသက်သေခံချက်နှင့် အခြားလိုအပ်သည့်အကြောင်းအရာများကို၊ အစွမ်းကုန်မှန်ကန်စွာ ရေးသားယူမည်ဖြစ်သည့်ပြင်၊ အလိုရှိသည့်အခါ၊ ထိုသက်သေခံချက်နှင့် ထိုအကြောင်းအရာများ ကူးရေးချက်အမှန်ကို၊ စစ်တရားရုံးသို့ တင်ပြပါမည်ဟု၊ ကျမ်းသစ္စာပြုပါသည်"။

ကတိသစ္စာပြုချက်ပုံစံ။

"ကျွန်ုပ် .... သည်၊ ကျွန်ုပ်အား၊ ရေးသားယူစေလိုသည့် ဤစစ်တရားရုံးရှေ့မှောက်တွင် ထွက်ဆိုသောသက်သေခံချက်နှင့် အခြားလိုအပ်သည့်အကြောင်းအရာများကို၊ အစွမ်းကုန်မှန်ကန်စွာ ရေးသားယူမည်ဖြစ်သည့်ပြင်၊ အလိုရှိသည့်အခါ၊ ထိုသက်သေခံချက်နှင့် ထိုအကြောင်းအရာများ ကူးရေးချက်အမှန်ကို၊ စစ်တရားရုံးသို့ တင်ပြပါမည်ဟု၊ လေးနက်တည်ကြည် မှန်ကန်စွာ ကြေညာ၍၊ ကတိသစ္စာပြုပါသည်"။

(ဃ) စကားပြန်။

ကျမ်းသစ္စာပြုချက်ပုံစံ။

"ကျွန်ုပ် .... သည်၊ ဤစစ်တရားရုံးရှေ့မှောက်တွင်၊ မည်သည့်အကြောင်းအရာနှင့်မဆို စပ်လျဉ်း၍၊ ကျွန်ုပ်အား၊ စကားပြန်ဆိုရန်နှင့် ဘာသာပြန်ဆိုရန် လိုအပ်သည့်အတိုင်း၊ တိကျမှန်ကန်စွာ စကားပြန်ဆိုပြောပြပါမည်၊ ဘာသာပြန်ဆိုပါမည်ဟု၊ ကျမ်းသစ္စာပြုပါသည်။"

ကတိသစ္စာပြုချက်ပုံစံ။

"ကျွန်ုပ် . . . . သည်၊ ဤစစ်တရားရုံးရှေ့မှောက်တွင်၊ မည်သည့်အကြောင်း အရာနှင့်မဆို စပ်လျဉ်း၍၊ ကျွန်ုပ်အား၊ စကားပြန်ဆိုရန်နှင့် ဘာသာပြန်ဆိုရန် လိုအပ်သည့်အတိုင်း၊ တိကျမှန်ကန်စွာ စကားပြန်ဆိုပြောပြပါမည်၊ ဘာသာပြန်ဆိုပါမည်ဟု၊ လေးနက်တည်ကြည် မှန်ကန်စွာ ကြေညာ၍၊ ကတိသစ္စာပြုပါသည်။"

၄၆။ ။ စစ်ဥပဒေအရာရှိက၊ သို့တည်းမဟုတ် စစ်တရားရုံးအဖွဲ့ဝင်က၊ သို့တည်းမဟုတ် ထိုကဲ့သို့သော ကျမ်းသစ္စာဖြစ်စေ၊ ကတိသစ္စာဖြစ်စေ၊ ပြုစေရန်၊ စစ်တရားရုံးက အာဏာအပ်နှင်းထားသော အခြားသူက ကျမ်းသစ္စာများနှင့် ကတိသစ္စာများကို ပြုစေရမည်။

ကျမ်းသစ္စာနှင့်ကတိသစ္စာ ပြုစေနိုင်သူများ။

တရားလိုဘက်စစ်ဆေးခြင်း၊ တရားခံဘက်စစ်ဆေးခြင်း၊ ထို့ပြင် အမှုသွားကို ပေါင်းရုံးဖော်ပြခြင်း။

၄၇။ ။ (၁) အထက်တွင်ဖော်ပြထားသည့်အတိုင်း၊ စစ်တရားရုံးအဖွဲ့ဝင်များနှင့် အခြားသူများ ကျမ်းသစ္စာ၊ သို့တည်းမဟုတ် ကတိသစ္စာပြုပြီးသည့်နောက်၊ တရားခံအပေါ် စွဲဆိုထားသည့် စွဲချက်များနှင့် စပ်လျဉ်း၍၊ တရားခံအား စွဲချက်တင်၍ စစ်မေးရမည်။

တရားခံအား စွဲချက်တင်၍ စစ်မေးခြင်း။

(၂) တရားခံအပေါ် စွဲဆိုထားသည့် စွဲချက်များကို၊ တရားခံအား ဖတ်ပြရမည့်ပြင်၊ လိုအပ်ခဲ့သော်၊ ထိုစွဲချက်များကို ဘာသာပြန်ဆိုပေးရမည်။ ထို့ပြင် စွဲချက်တစ်ခုစီအတွက် ခွဲခြား၍၊ တရားခံအား ဖြေကြားစေရမည်။

၄၈။ ။ တရားခံသည်၊ စွဲချက်တစ်ခုခုကို ဖြေကြားရမည်ဖြစ်သည့်အခါ၊ အက်ဥပဒေအရဖြစ်သော ပြစ်မှုကို ကျူးလွန်ကြောင်း ထင်ရှားသိသာစေသည့် စွဲချက်မဟုတ်ဟုသော်လည်းကောင်း၊ ဤနည်းဥပဒေများနှင့် ညီညွတ်သည့် စွဲချက်မဟုတ်ဟုသော်လည်းကောင်း၊ ကန့်ကွက်နိုင်သည်။ စစ်တရားရုံးသည်၊ တရားလိုဘက် အမှုလိုက်အရာရှိ၏ လျှောက်လဲချက်ကိုဖြစ်စေ၊ တရားခံ၏၊ သို့တည်းမဟုတ် တရားခံ၏ကိုယ်စား လျှောက်လဲချက်ကိုဖြစ်စေ၊ ကြားနာပြီးသည့်နောက်၊ ထိုကန့်ကွက်ချက်ကို လျှို့ဝှက် တရားခွင်တွင် စဉ်းစားရမည့်ပြင်၊ ထိုကန့်ကွက်ချက်ကိုပယ်၍ ဆက်လက်စစ်ဆေးစီရင်ရမည်၊ သို့တည်း

စွဲချက်ကို တရားခံက ကန့်ကွက်ခြင်း။

မဟုတ် ထိုကန့်ကွက်ချက်ကို ခွင့်ပြုပြီးနောက်၊ စစ်တရားရုံးဖွဲ့စည်းသည့်အာဏာပိုင်အားအစီရင်ခံရန် စစ်တရားရုံးကို ရွှေ့ဆိုင်းရမည်၊ သို့တည်းမဟုတ် သံသယဖြစ်မှုရှိခဲ့လျှင်၊ စစ်တရားရုံးဖွဲ့စည်းသည့် အာဏာပိုင်နှင့် ညှိနှိုင်းတိုင်ပင်ရန် စစ်တရားရုံးကို ရွှေ့ဆိုင်းနိုင်သည်။

၄၉။ ။ (၁) စစ်ဆေးစီရင်နေစဉ်၊ မည်သည့်အချိန်အခါ၌မဆို၊ စွဲချက်လွှာပါတရားခံ၏ အမည်တွင်သော်လည်းကောင်း၊ အကြောင်းအရာတွင်သော်လည်းကောင်း၊ အမှားအယွင်းတစ်ခုခုပါရှိသည်ဟု၊ စစ်တရားရုံးက ယူဆလျှင်၊ ထိုအမှားအယွင်းကို မှန်အောင်ပြုလုပ်ရန်အလို့ငှာ၊ စစ်တရားရုံးသည်၊ စွဲချက်လွှာကို ပြင်နိုင်သည်။

စွဲချက်ကိုပြင်ခြင်း။

(၂) စွဲချက်တစ်ခုခုကို စစ်ဆေးစီရင်ရာတွင်၊ စစ်တရားရုံးသည်၊ သက်သေများအား စတင်စစ်ဆေးမေးမြန်းခြင်းမပြုရသေးမီ၊ မည်သည့်အချိန်အခါ၌မဆို၊ စွဲချက်တွင်ဖြည့်စွက်ခြင်း၊ စွဲချက်မှ ချန်လှပ်ခြင်း၊ သို့တည်းမဟုတ် စွဲချက်တွင် ပြောင်းလဲခြင်းတစ်ခုခုသည်၊ တရားမျှတမှုအတွက် လိုအပ်သည်ဟုယူဆလျှင်၊ စစ်တရားရုံးဖွဲ့စည်းသည့် အာဏာပိုင်ထံ၊ မိမိ၏ ထင်မြင်ချက်ကို အစီရင်ခံနိုင်သည့်ပြင်၊ စစ်တရားရုံးကိုလည်း၊ ရွှေ့ဆိုင်းနိုင်သည်။ စစ်တရားရုံးဖွဲ့စည်းသည့် အာဏာပိုင်သည်၊ စစ်ဆေးစီရင်ခြင်းအသစ်စတင်ရန် ညွှန်ကြားနိုင်သည်၊ သို့တည်းမဟုတ် စွဲချက်ကိုပြင်၍၊ တရားခံအား၊ ထိုပြင်ချက်ကို၊ ထိုက်သင့်သလို ကြိုတင် အကြောင်းကြားပြီးသည့်နောက်၊ အဆိုပါပြင်ပြီးသည့်စွဲချက်အရ ဆက်လက်စစ်ဆေးစီရင်ရန် အမိန့်ပေး နိုင်သည်။

၅၀။ ။ (၁) တရားခံသည်၊ စွဲချက်ကိုမဖြေကြားမီ၊ စစ်တရားရုံး၏ ယေဘုယျစီရင်ပိုင်ခွင့်အာဏာနှင့်စပ်လျဉ်း၍ အထူးထုချေချက်တစ်ရပ်တင်သွင်းနိုင်သည်။ ထို့ပြင် ထိုသို့တရားခံက တင်သွင်း၍၊ စစ်တရားရုံးကလည်း၊ အဆိုပါထုချေချက်တွင် ဖော်ပြပါရှိသော အကြောင်းအရာတစ်ခုခုအရ စစ်တရားရုံး၌ စီရင်ပိုင်ခွင့်အာဏာရှိဟန်မတူဟု၊ ယူဆလျှင်၊ ထိုထုချေချက်ကို ထောက်ခံသည့် သက်သေခံချက်တစ်ခုခုနှင့်အတူတကွ၊ တရားလိုဘက်အမှုလိုက်အရာရှိက တင်ပြသည့်၊ ထိုထုချေချက်မဟုတ်မှန်ကြောင်း၊ သို့တည်းမဟုတ် ထိုထုချေချက်ကို ပြောင်းလဲပြင်ဆင်သည့် သက်သေခံချက်တစ်ခုခု၊ ထို့ပြင် တရားခံက ဖြစ်စေ၊ တရားခံ၏ကိုယ်စားဖြစ်စေ၊ တင်သွင်းသည့် လျှောက်ထားချက်နှင့် တရားလိုဘက်အမှုလိုက်အရာရှိက၊ ထိုလျှောက်ထားချက်ကို ရည်ညွှန်းသည့် ပြန်လည်ချေပပြောဆိုချက်တို့ကို၊ စစ်တရားရုံးက လက်ခံရမည်။

စီရင်ပိုင်ခွင့်အာဏာနှင့်စပ်လျဉ်း၍ အထူးထုချေချက်။

(၂) စစ်တရားရုံးက၊ ထိုအထူးထုချေချက်ကို ပယ်ချလျှင်၊ စစ်ဆေးစီရင်ခြင်းကို ဆက်လက်ဆောင်ရွက်ရမည်။

(၃) စစ်တရားရုံးက၊ ထိုအထူးထုချေချက်ကို ခွင့်ပြုလျှင်၊ စစ်တရားရုံးသည်၊ မိမိ၏ဆုံးဖြတ်ချက်နှင့်

ထိုဆုံးဖြတ်ချက်အတွက် အကြောင်းပြချက်များကိုပါ ရေးမှတ်ရမည့်ပြင်၊ စစ်တရားရုံးဖွဲ့စည်းသည့် အာဏာပိုင်ထံ၊ ထိုဆုံးဖြတ်ချက်ကို အစီရင်ခံ၍၊ စစ်တရားရုံးကို ရွှေ့ဆိုင်းရမည်။ ထိုဆုံးဖြတ်ချက်ကို၊ မည်သို့မျှ အတည်ပြုရန် မလိုသည့်ပြင်၊ စစ်တရားရုံးဖွဲ့စည်းသည့် အာဏာပိုင်သည်၊ တရားခံအား စစ်ဆေးစီရင်ရန် အခြားစစ်တရားရုံးကို ချက်ချင်းဖွဲ့စည်းရမည်၊ သို့တည်းမဟုတ် တရားခံအား လွှတ်ရန် အမိန့်ပေးရမည်။

(၄) စစ်တရားရုံးသည်၊ ထုချေချက်၏ ခိုင်လုံမှုနှင့်စပ်လျဉ်း၍ သံသယရှိလျှင်၊ စစ်တရားရုံးကို ရွှေ့ဆိုင်း၍၊ ထိုကိစ္စကို၊ စစ်တရားရုံးဖွဲ့စည်းသည့် အာဏာပိုင်ထံ လွှဲအပ်တင်ပြနိုင်သည်၊ သို့တည်းမဟုတ် ထိုထုချေချက်နှင့်စပ်လျဉ်း၍ အထူးဆုံးဖြတ်ချက်တစ်ရပ်ကို ရေးမှတ်ပြီး၊ စစ်ဆေးစီရင်ခြင်းကို ဆက်လက်ဆောင်ရွက်နိုင်သည်။

"အပြစ်ရှိသည်" သို့တည်းမဟုတ် "အပြစ်မရှိ" ဟူသော ဖြေကြားချက်။

၅၁။ ။(၁) စစ်တရားရုံး၏ ယေဘုယျစီရင်ပိုင်ခွင့်အာဏာနှင့်စပ်လျဉ်း၍ အထူးထုချေချက်ကို မတင်သွင်းလျှင်သော်လည်းကောင်း၊ ထိုထုချေချက်တင်သွင်းသော်လည်း၊ ၎င်းကိုပယ်လျှင်၊ သို့တည်းမဟုတ် ထိုအထူးထုချေချက်နှင့်စပ်လျဉ်း၍၊ နည်းဥပဒေ ၅၀၊ နည်းဥပဒေခွဲ (၄) အရ အထူးဆုံးဖြတ်ချက်ဖြင့် အရေးယူလျှင်သော်လည်းကောင်း၊ တရားခံ၏ "အပြစ်ရှိသည်"၊ သို့တည်းမဟုတ် "အပြစ်မရှိ" ဟူသော ဖြေကြားချက်ကို (သို့တည်းမဟုတ် တရားခံက ဖြေကြားရန် ငြင်းဆိုသည်ဖြစ်စေ၊ "အပြစ်ရှိသည်"၊ သို့တည်းမဟုတ် "၊ ပြစ်မရှိ" ဟု နားလည်နိုင်အောင် ဖြေကြားခြင်းမပြုလျှင်ဖြစ်စေ "အပြစ်မရှိ" ဆိုသည့်ဖြေကြားချက်ကို) စွဲချက်အသီးသီးတွင် ရေးမှတ်ရမည်။

(၂) တရားခံတစ်ဦးက၊ "အပြစ်ရှိသည်" ဟု ဖြေကြားလျှင်၊ ထိုဖြေကြားချက်ကို၊ စစ်တရားရုံး၏ ဆုံးဖြတ်ချက်အဖြစ် ရေးမှတ်ရမည်။ သို့သော်လည်း ထိုဖြေကြားချက်ကို မရေးမှတ်မီ၊ စစ်တရားရုံး၏ ကိုယ်စား စစ်တရားရုံးဥက္ကဋ္ဌကဖြစ်စေ၊ စစ်ဥပဒေအရာရှိကဖြစ်စေ ထိုတရားခံသည်၊ မိမိအပြစ်ရှိသည်ဟု ဖြေကြားလိုက်သည့် စွဲချက်၏သဘောကို နားလည်သည်ဟု သေချာစွာ စိစစ်ရမည့်ပြင်၊ ထိုဖြေကြားချက်၏ ယေဘုယျအကျိုးသက်ရောက်မှု၊ ထို့ပြင် အထူးသဖြင့် မိမိအပြစ်ရှိသည်ဟု ဖြေကြားလိုက်သည့် စွဲချက်၏ အဓိပ္ပာယ်၊ ထို့ပြင် အပြစ်ရှိသည်ဆိုသည့် ဖြေကြားချက်က ဖြစ်ပေါ်စေမည့် ကျင့်ထုံးကွဲပြားခြားနားမှုကို တရားခံအား ပြောပြရမည်။ ထို့ပြင် သက်သေခံ အကျဉ်းချုပ်ကိုထောက်ရှု၍ "အပြစ်မရှိ" ကြောင်း တရားခံက ဖြေကြားသင့်သည်ဟု ယူဆလျှင်၊ ထိုဖြေကြားချက်ကို နုတ်သိမ်းရန် တရားခံအား အကြံပေးရမည်။

(၃) အခြားနည်းစွဲဆိုထားသော စွဲချက်နှစ်ခုအနက်၊ သို့တည်းမဟုတ် နှစ်ခုထက်ပိုသော စွဲချက်များအနက်၊ ပထမစွဲချက်ကို "အပြစ်ရှိသည်" ဟု တရားခံက ဖြေကြားရာတွင်၊ နည်းဥပဒေခွဲ (၂) အရ စစ်တရားရုံးက၊ လိုက်နာဆောင်ရွက်ပြီးသည့်နောက်၊ အခြားနည်းစွဲချက်၊ သို့တည်းမဟုတ် စွဲချက်များအရ တရားခံအား မစစ်ဆေးမီ၊ ထိုစွဲချက်၊ သို့တည်းမဟုတ် စွဲချက်များနှင့်စပ်လျဉ်း၍၊ တရားခံအား ဖြေကြား

မနိုင်းဘဲ၊ တရားလိုဘက် အမှုလိုက်အရာရှိသည်၊ ထိုစွဲချက်ကို၊ သို့တည်းမဟုတ် စွဲချက်များကို နုတ်သိမ်းနိုင်သည်။ ထိုသို့ နုတ်သိမ်းကြောင်းကို၊ စစ်တရားရုံး၏ အမှုတွဲတွင် ရေးမှတ်ရမည်။

(၄) ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက၊ တရားခံအား သေဒဏ်ထိုက်သင့်စေနိုင်သည့် အမှုများတွင် "အပြစ်ရှိသည်" ဆိုသည့် ဖြေကြားချက်ကို လက်မခံရ။ ထိုသို့ "အပြစ်ရှိသည်" ဟူသော ဖြေကြားချက်ကို ပေးပါက၊ "အပြစ်မရှိ" ဆိုသည့် ဖြေကြားချက်ကို ရေးမှတ်ပြီးနောက်၊ "အပြစ်မရှိ" ဟု ဖြေကြားဘိသကဲ့သို့ စစ်ဆေးစီရင်ခြင်းကို ဆက်လက်ဆောင်ရွက်ရမည်။

စစ်ဆေးစီရင်နိုင်ခွင့်မရှိဟု ထုချေချက်။

၅၂။ (၁) ပြစ်မှုတစ်ခုအတွက် တင်ထားသော စွဲချက်နှင့်စပ်လျဉ်း၍၊ "အပြစ်ရှိသည်"၊ သို့တည်းမဟုတ် "အပြစ်မရှိ" ဟူသော ဖြေကြားချက်ပေးသည့် အချိန်အခါ၌၊ တရားခံသည် —

(က) စီရင်ပိုင်ခွင့်အာဏာရှိသော ရာဇဝတ်တရားရုံးတစ်ရုံးကသော်လည်းကောင်း၊ စစ်တရားရုံးတစ်ရုံးကသော်လည်းကောင်း၊ ထိုပြစ်မှုနှင့်စပ်လျဉ်း၍၊ ယခင်က မိမိအားပြစ်မှုထင်ရှားစီရင်ခဲ့ပြီးဖြစ်ကြောင်း၊ သို့တည်းမဟုတ် တရားသေလွှတ်ခဲ့ပြီးဖြစ်ကြောင်း၊ သို့တည်းမဟုတ် ပုဒ်မ ၈၂၊ ၈၅၊ ၈၆၊ သို့တည်းမဟုတ် ပုဒ်မ ၈၇၊ သက်ဆိုင်ရာရာအရ ထိုပြစ်မှုအတွက် မိမိအား အကျဉ်းနည်းဖြင့် အရေးယူခြင်းကို ခံခဲ့ရပြီးဖြစ်ကြောင်း၊ သို့တည်းမဟုတ် နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ (၂) တွင် ပြဋ္ဌာန်းထားသည့်အတိုင်း၊ ထိုပြစ်မှုနှင့်စပ်လျဉ်းသည့် စွဲချက်ကို ပလပ် ခဲ့ပြီးဖြစ်ကြောင်းဖြင့်၊ သို့တည်းမဟုတ်

(ခ) ထိုပြစ်မှုကို အခွင့်ရစစ်ဘက်အာဏာပိုင်က ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်ပေးပြီးဖြစ်ကြောင်း၊ သို့တည်းမဟုတ် အရေးမယူ၊ ခွင့်လွှတ်ပြီးဖြစ်ကြောင်းဖြင့်၊ သို့တည်းမဟုတ်

(ဂ) ထိုပြစ်မှုကျူးလွန်ခြင်းနှင့် အမှုစတင်စစ်ဆေးခြင်း၏ စပ်ကြားတွင် ကုန်ဆုံးခဲ့သော ကာလသည်၊ ပုဒ်မ ၁၂၅ တွင် ကန့်သတ်ထားသည့်ကာလ အပိုင်းအခြား ကျော်လွန်ခဲ့ပြီးဖြစ်ကြောင်းဖြင့်၊

စစ်ဆေးစီရင်နိုင်ခွင့်မရှိဟူသော ထုချေချက်တင်သွင်းနိုင်သည်။

(၂) ထိုထုချေချက်ကို၊ တရားခံက တင်သွင်းလျှင်၊ ထိုထုချေချက်နှင့်အတူ၊ တရားခံ၏ "အပြစ်ရှိသည်"၊ "အပြစ်မရှိ" ဟူသောဖြေကြားချက်ကိုပါ၊ စစ်တရားရုံးက ရေးမှတ်ရမည်။ ထို့ပြင် တရားခံက ထွက်ဆိုသောအကြောင်းခြင်းရာတစ်ခုခုသည်၊ သို့တည်းမဟုတ် အကြောင်းခြင်းရာများသည်၊ ထိုထုချေချက်ကို ထောက်ခံရန် လုံလောက်သည်ဟု စစ်တရားရုံးက ယူဆလျှင်၊ တင်ပြသော မည်သည့်သက်သေခံချက်ကို

မဆို၊ စစ်တရားရုံးက လက်ခံ၍၊ ထိုထုချေချက်ကို ရည်ညွှန်း၍၊ တရားခံကသော်လည်းကောင်း၊ တရားခံ၏ ကိုယ်စားသော်လည်းကောင်း တင်ပြသော လျှောက်ထားချက်တစ်ခုခုနှင့် တရားလိုဘက် အမှုလိုက်အရာရှိ၏ လျှောက်ထားချက်ကိုပါ ကြားနာရမည်။

(၃) ထိုထုချေချက်သည်၊ ဟုတ်မှန်ထင်ရှားသည်ဟု၊ စစ်တရားရုံးက ဆုံးဖြတ်လျှင်၊ ထိုဆုံးဖြတ်ချက်ကို စစ်တရားရုံးက ရေးမှတ်ပြီးနောက်၊ အတည်ပြုအာဏာပိုင်အား အကြောင်းကြားရမည့်ပြင်၊ စစ်တရားရုံးကို ရွှေ့ဆိုင်းရမည်။ သို့သော် စွဲချက်လွှာတစ်ခုတည်းတွင်ဖြစ်စေ၊ အခြားစွဲချက်လွှာ တစ်ခုတွင်ဖြစ်စေ တရားခံအား စွဲဆိုထားသည့်၊ ထိုထုချေချက်အကျိုးမသက်ရောက်သော အခြားစွဲချက်တစ်ခုခုရှိလျှင်၊ ထိုစွဲချက်အရ တရားခံအား ဆက်လက်စစ်ဆေးစီရင်နိုင်သည်။

(၄) ထိုထုချေချက်ဟုတ်မှန်ထင်ရှားသည်ဆိုသည့်ဆုံးဖြတ်ချက်ကို အတည်မပြုလျှင်၊ အတည်ပြုအာဏာပိုင်က၊ စစ်တရားရုံးကို၊ ပြန်လည်ရုံးထိုင်စေနိုင်သည့်ပြင်၊ စစ်တရားရုံးသည်၊ ထုချေချက်ဟုတ်မှန်ထင်ရှားသည်ဟု မဆုံးဖြတ်ဘိသကဲ့သို့ ဆက်လက်ဆောင်ရွက်နိုင်သည်။

(၅) စစ်တရားရုံးက ထိုထုချေချက်သည်၊ ဟုတ်မှန်ထင်ရှားခြင်းမရှိဟု ဆုံးဖြတ်လျှင်၊ စစ်တရားရုံးသည်၊ စစ်ဆေးစီရင်ခြင်းကို ဆက်လက်ဆောင်ရွက်ရမည်။ ထိုစစ်တရားရုံး၏ အခြားဆုံးဖြတ်ချက်တစ်ခုခုကို အတည်ပြုရသည့်နည်းတူ၊ အဆိုပါ ဆုံးဖြတ်ချက်ကို အတည်ပြုရမည်။

“အပြစ်ရှိသည်” ဟု ဖြေကြားပြီးသည့်နောက်၊ လိုက်နာရမည့်ကျင့်ထုံး။

၅၃။ (၁) “အပြစ်ရှိသည်” ဟူသော ဖြေကြားချက်ကို ရေးမှတ်ပြီးနောက်၊ “အပြစ်မရှိ” ဟူသောဖြေကြားချက် ပေးထားသော အခြားစွဲချက်များလည်း၊ ထိုစွဲချက်လွှာတစ်ခုတည်းမှာပင် ပါရှိနေလျှင်၊ “အပြစ်မရှိ” ဟုဖြေကြားထားသည့် စွဲချက်များနှင့်စပ်လျဉ်း၍၊ စစ်ဆေးစီရင်ခြင်းကို၊ ဦးစွာပထမဆောင်ရွက်ရမည်။ ထို့ပြင် ထိုစွဲချက်များနှင့်စပ် ဉျဉ်း၍ ဆုံးဖြတ်ချက်ချပြီးနောက်၊ “အပြစ်ရှိသည်” ဟူသော ဖြေကြားချက်ရေးသွင်းထားသည့် စွဲချက်များနှင့်စပ်လျဉ်း၍ စစ်ဆေးစီရင်ခြင်းကို ဆက်လက်ဆောင်ရွက်ရမည်။ သို့သော်လည်း အခြားစွဲချက်များသည်၊ အခြားနည်းစွဲချက်များဖြစ်လျှင်၊ အခြားနည်းစွဲချက်တစ်ခုခုနှင့်စပ်လျဉ်း၍၊ “အပြစ်ရှိသည်” ဟု တရားခံက ဖြေကြားခြင်းမပြုဘိသကဲ့သို့ ထိုအခြားနည်းစွဲချက်အားလုံးနှင့် စပ်လျဉ်း၍ စစ်ဆေးစီရင်ခြင်းကို ဆက်လက်ဆောင်ရွက်နိုင်သည်၊ သို့တည်းမဟုတ် တရားခံအား စစ်ဆေးစီရင်မည့်အစား နည်းဥပဒေခွဲ (၂) နှင့် မဆန့်ကျင်စေဘဲ၊ “အပြစ်ရှိသည်” ဟု၊ တရားခံက ဖြေကြားထားသော အခြားနည်းစွဲချက်များအနက်၊ စွဲချက်တစ်ခုခုနှင့်စပ်လျဉ်း၍ “အပြစ်ရှိသည်” ဟူသော ဆုံးဖြတ်ချက်ရေးသားချမှတ်ပြီး ကျန်ရှိနေသော အခြားနည်းစွဲချက်အားလုံးနှင့်စပ်လျဉ်း၍ “အပြစ်မရှိ” ဟူသော ဆုံးဖြတ်ချက်ကို ရေးသားချမှတ်နိုင်သည်။

(၂) အခြားနည်းစွဲချက်များကို တင်ထားရာတွင်၊ ပို၍ ကြီးလေးသောပြစ်မှုကို ထုတ်ဖော်စွပ်စွဲသည့် စွဲချက်နှင့်စပ်လျဉ်း၍ “အပြစ်မရှိ” ဟု ဖြေကြားပြီး၊ အခြားစွဲချက်နှင့်စပ်လျဉ်း၍ “အပြစ်ရှိသည်” ဟု၊

တရားခံက ဖြေကြားပါက၊ စွဲချက်အားလုံးနှင့်စပ်လျဉ်း၍ "အပြစ်မရှိ" ဟု၊ တရားခံက ဖြေကြားဘိသကဲ့သို့ စစ်တရားရုံးသည်၊ တရားခံအား စစ်ဆေးစီရင်ရမည်။

(၃) စွဲချက်တစ်ခုနှင့်စပ်လျဉ်း၍ "အပြစ်ရှိသည်" ဟူသော ဖြေကြားချက်ကို ရေးမှတ်ပြီးနောက် (အခြားစွဲချက်များနှင့်စပ်လျဉ်း၍ စစ်ဆေးစီရင်ခြင်းကို ဆက်လက်မဆောင်ရွက်လျှင်) ထိုစွဲချက်ကို ရည်ညွှန်း၍၊ တရားခံက ထွက်ဆိုလိုသော ထွက်ဆိုချက်တစ်ခုခုကို၊ စစ်တရားရုံးက လက်ခံရမည်။ ထို့ပြင် စစ်တရားရုံးသည်၊ သက်သေခံအကျဉ်းချုပ်ကိုဖြစ်စေ၊ သက်သေခံ ကောက်နုတ်ချက်ကိုဖြစ်စေ၊ ဖတ်ပြပြီးနောက်၊ အမှုတွဲတွင် ပူးတွဲထားရမည်၊ သို့တည်းမဟုတ် အဆိုပါသက်သေခံအကျဉ်းချုပ်သော်လည်းကောင်း၊ သက်သေခံကောက်နုတ်ချက်သော်လည်းကောင်း၊ မရှိလျှင်၊ မည်သည့် ပြစ်ဒဏ်ချမှတ်ရမည်ကို ဆုံးဖြတ်နိုင်စေရန်နှင့် ပြစ်မှုနှင့်ဆက်စပ်နေသည့် ပတ်ဝန်းကျင်အကြောင်းခြင်းရာအားလုံးကို၊ အတည်ပြုအရာရှိ သိရှိနိုင်စေရန်၊ စစ်တရားရုံးသည်၊ လုံလောက်သည့် သက်သေခံချက်ကို ရေးမှတ်ယူရမည်။ "အပြစ်မရှိ" ဟူသော ဖြေကြားချက်မျိုးအတွက်၊ ဤနည်းဥပဒေများတွင် ပြဋ္ဌာန်းထားသည့် နည်းလမ်းအတိုင်း၊ ဤသက်သေခံချက်ကို ရေးမှတ်ယူရမည်။

(၄) သက်သေခံချက်ကို၊ ထိုသို့ရေးမှတ်ယူပြီးနောက်၊ သို့တည်းမဟုတ် သက်သေခံအကျဉ်းချုပ်ကိုဖြစ်စေ၊ သက်သေခံကောက်နုတ်ချက်ကိုဖြစ်စေ၊ ဖတ်ပြပြီးနောက်၊ တရားခံသည်၊ ပြစ်ဒဏ်ပေါ့လျော့စေရန် ရည်ရွယ်လျက်၊ ထွက်ဆိုချက်တစ်ရပ်ကို ပေးနိုင်သည့်ပြင်၊ မိမိ၏ အကျင့်စာရိတ္တနှင့်စပ်လျဉ်း၍လည်း သက်သေပြနိုင်သည်။

(၅) တရားခံ၏ထွက်ဆိုချက်ကိုသော်လည်းကောင်း၊ သက်သေခံအကျဉ်းချုပ်ကိုသော်လည်းကောင်း၊ သက်သေခံကောက်နုတ်ချက်ကိုသော်လည်းကောင်း၊ အခြားအကြောင်းအရာကိုသော်လည်းကောင်း၊ ထောက်ရှုလျက်၊ တရားခံသည်၊ "အပြစ်ရှိသည်" ဟူသော မိမိ၏ဖြေကြားချက် မည်သို့ အကျိုးသက်ရောက်သည်ကို နားမလည်ဟု၊ စစ်တရားရုံးက ထင်မြင်ယူဆလျှင်၊ စစ်တရားရုံးသည်၊ ထိုရေးမှတ်ချက်ကို ပြောင်းလဲ၍၊ "အပြစ်မရှိ" ဟူသောဖြေကြားချက်ကို ရေးသွင်းပြီးနောက်၊ စစ်ဆေးစီရင်ခြင်းကို၊ "အပြစ်မရှိ" ဟူသော ဖြေကြားချက်နှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။

(၆) "အပြစ်ရှိသည်" ဟူသော ဖြေကြားချက်ကိုရေးမှတ်ပြီးနောက်၊ ထိုစွဲချက်လွှာတစ်ခုတည်းတွင် ပါရှိသော အခြားစွဲချက်များနှင့်စပ်လျဉ်း၍၊ စစ်ဆေးစီရင်ခြင်းကို ဆက်လက်ဆောင်ရွက်လျှင်၊ ထိုစွဲချက်လွှာ တစ်ခုတည်းတွင် ပါရှိသည့် အခြားစွဲချက်များအတွက် ဆုံးဖြတ်ချက်ကို ရေးသားချမှတ်ပြီးသောအခါတွင်၊ နည်းဥပဒေခွဲ (၃) နှင့် (၄) အရ ဆက်လက်ဆောင်ရွက်ရမည်။

(၇) တရားခံက၊ ပြစ်ဒဏ်ပေါ့လျော့စေရန် ရည်ရွယ်လျက်၊ ထွက်ဆိုချက်တစ်ရပ်ကို ပြုလုပ်သည့် အခါ၊ စစ်တရားရုံးသည်၊ ထိုထွက်ဆိုချက်မှာ၊ သက်သေထင်ရှားပြရန် လိုအပ်သော ထွက်ဆိုချက်ဖြစ်သည့် ပြင်၊ သက်သေထင်ရှားပြလျှင်၊ ပြစ်ဒဏ်မည်ရွေ့မည်မျှ ချမှတ်ရန် စဉ်းစားထိုက်သည်ဟု ယူဆသော်၊ တရားခံအား၊ ထိုထွက်ဆိုချက်ကို ထင်ရှားအောင် ပြုစေခြင်းငှာ၊ သက်သေပြရန် ခွင့်ပြုနိုင်သည်။

"အပြစ်မရှိ" ဟူသောဖြေကြားချက်ကို နုတ်သိမ်းခြင်း။

၅၄။ ။ စစ်ဆေးစီရင်နေစဉ် မည်သည့်အချိန်အခါ၌မဆို၊ တရားခံသည်၊ မိမိသင့်လျော်မည်ထင်လျှင်၊ "အပြစ်မရှိ" ဟူသော မိမိ၏ ဖြေကြားချက်ကို နုတ်သိမ်းနိုင်သည့်ပြင်၊ "အပြစ်ရှိသည်" ဟုဖြေကြားနိုင်သည်။ ထိုကိစ္စမျိုးတွင် စစ်တရားရုံးသည်၊ နည်းဥပဒေ ၅၁၊ နည်းဥပဒေခွဲ (၂) နှင့် (၄) အရ လိုက်နာဆောင်ရွက်လျက်၊ "အပြစ်ရှိသည်" ဟူသော ဖြေကြားချက်နှင့် ဆုံးဖြတ်ချက်ကို ချက်ချင်း ရေးသားချမှတ်ရမည့်ပြင်၊ လိုအပ်သမျှကို နည်းဥပဒေ ၅၃ က ညွှန်ကြားသည့် နည်းလမ်းအတိုင်း ဆက်လက်ဆောင်ရွက်ရမည်။

"အပြစ်မရှိ" ဟူသောဖြေကြားချက်၊ ရွှေ့ဆိုင်းရန် လျှောက်ထားခြင်း၊ ထို့ပြင် တရားလိုဘက်က ဆောင်ရွက်ခြင်း။

၅၅။ ။ စွဲချက်တစ်ခုခုနှင့်စပ်လျဉ်း၍ "အပြစ်မရှိ" ဟူသော ဖြေကြားချက်ကိုရေးမှတ်ပြီးနောက်၊ စစ်ဆေးစီရင်ခြင်းကို အောက်ပါအတိုင်း ဆက်လက်ဆောင်ရွက်ရမည်။

(က) စစ်ဆေးစီရင်ခြင်းမစမီ လိုက်နာရမည့်ကျင့်ထုံးနှင့် စပ်ဆိုင်သည့် နည်းဥပဒေများအနက် နည်းဥပဒေတစ်ခုခုကို လိုက်နာ ဆောင်ရွက်ခြင်း မပြုခဲ့သည့်ပြင်၊ ထိုသို့မပြုသည့်အတွက် အကျိုးယုတ် စေခဲ့သည်ဆိုသော အကြောင်းပြချက်ဖြင့်သော်လည်းကောင်း၊ ခုခံချေပရေး ပြင်ဆင်ခြင်းအတွက် လုံလောက်သည့်အခွင့်အလမ်းကို မရရှိခဲ့ဆိုသော အကြောင်းပြချက်ဖြင့်သော်လည်းကောင်း၊ စစ်ဆေးခြင်းကို ရွှေ့ဆိုင်းရန် လျှောက်ထားလိုသလားဟု စစ်တရားရုံးက တရားခံအား မေးမြန်းရမည်။ ထို့ပြင် တရားခံ၏ အဖြေကိုလည်း ရေးမှတ်ရမည်။

(ခ) ထိုလျှောက်ထားချက်ကို တရားခံတင်သွင်းလျှင်၊ ထိုလျှောက်ထားချက်ကို ထောက်ခံရန် ရည်ရွယ်လျက်၊ တရားခံပေးလိုသော ထွက်ဆိုချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ သက်သေခံချက်တစ်ခုခုကိုဖြစ်စေ၊ ထို့ပြင် တရားလိုဘက်အမှုလိုက်အရာရှိ၏ ထွက်ဆိုချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ ထိုထွက်ဆိုချက်ကို ဖြေကြားရန် ရည်ရွယ်သည့် သက်သေခံချက်တစ်ခုခုကိုဖြစ်စေ၊ စစ်တရားရုံးက ကြားနာရမည်။ ထို့ပြင် ကျင့်ထုံးနှင့်စပ်ဆိုင်သည့် နည်းဥပဒေများအနက်၊ နည်းဥပဒေတစ်ခုခုကို လိုက်နာဆောင်ရွက်ခြင်းမပြုခြင်းကြောင့်၊ တရားခံအား အကျိုးယုတ်စေခဲ့သည်ဟု၊ သို့တည်းမဟုတ် ခုခံချေပရေးပြင်ဆင်ခြင်းအတွက် လုံလောက်သည့် အခွင့်အရေးကို တရားခံ မရရှိခဲ့ဟု၊ စစ်တရားရုံးက ထင်မြင်ယူဆလျှင်၊ စစ်တရားရုံးသည်၊ အခြေအနေအရ သင့်လျော်

သည်ဟု ယူဆသည့်အတိုင်း၊ စစ်ဆေးခြင်းကို ရွှေ့ဆိုင်းပေးနိုင်သည်။

(ဂ) တရားလိုဘက် အမှုလိုက်အရာရှိသည်၊ ပဏာမလျှောက်ထားချက်ကို တင်သွင်းလိုလျှင် တင်သွင်းနိုင်၍၊ စစ်တရားရုံးက တင်သွင်းခိုင်းလျှင်၊ ပဏာမလျှောက်ထားချက်ကို တင်သွင်းရမည်။ ထိုပဏာမလျှောက်ထားချက်တွင်၊ တရားခံအား စွဲဆိုသည့် စွဲချက်၏ လိုရင်းအချက်နှင့် ထိုစွဲချက်ကို ထောက်ခံရန် ရည်ရွယ်လျက် တရားလိုဘက် အမှုလိုက်အရာရှိက တင်ပြရန် ရည်စူးထားသော သက်သေခံချက်၏ အခြေအနေအပြင်၊ ယေဘုယျအကျိုးသက်ရောက်မှုကိုပါ။ မလိုအပ်သော မည်သည့်အသေးစိတ်အကြောင်းအရာကိုမျှ မထည့်သွင်းဘဲ၊ တရားလိုဘက် အမှုလိုက်အရာရှိက ဖော်ပြရမည်။

(ဃ) ထို့နောက်တရားလိုဘက်အတွက် သက်သေခံချက်ကို ရေးယူရမည်။

(င) အမှု၏အကြောင်းခြင်းရာများနှင့်စပ်လျဉ်း၍၊ တရားလိုဘက် အမှုလိုက်အရာရှိက၊ တရားလိုဘက်အတွက်၊ သက်သေခံရန်လိုလျှင်၊ ပဏာမလျှောက်ထားချက်ရှိပါက၊ ထိုပဏာမလျှောက်ထားချက် တင်သွင်းပြီးနောက်၊ သက်သေခံရမည်။ ထိုသို့သက်သေခံသောအခါ၊ တရားလိုဘက် အမှုလိုက် အရာရှိသည်၊ ကျမ်းသစ္စာ၊ သို့တည်းမဟုတ် ကတိသစ္စာပြုပြီးနောက်၊ မိမိ၏သက်သေခံချက်ကို အသေးစိတ်ထွက်ဆိုရမည်။ ထို့ပြင်

(စ) တရားလိုဘက်အမှုလိုက်အရာရှိအား၊ တရားခံကဖြစ်စေ၊ တရားခံ၏ကိုယ်စားဖြစ်စေ၊ ပြန်လှန်စစ်မေးနိုင်သည်။ ထို့နောက် ထပ်မံစစ်မေးရာတွင်၊ သက်သေတစ်ဦးက ထွက်ဆိုရမည်ဖြစ်သောထွက်ချက်မျိုးကိုတရားလိုဘက် အမှုလိုက်အရာရှိက ထွက်ဆိုနိုင်သည်။

"အမှုမထင်ရှား" ဆိုသည့် ထုချေချက်။

၅၆။ ။ (၁) တရားလိုဘက်အမှုကို အဆုံးသတ်ခြင်းသို့ ရောက်သောအခါ၊ တရားခံသည်၊ စွဲချက်တစ်ခုခုနှင့်ဖြစ်စေ၊ တစ်ခုထက်ပိုသည့် စွဲချက်များနှင့်ဖြစ်စေ၊ စပ်လျဉ်း၍၊ တရားလိုဘက်အတွက် တင်ပြသောသက်သေခံချက်တွင်၊ မိမိအပေါ် အမှုထင်ရှားလောက်အောင် အခြေအမြစ်ရှိကြောင်းမပေါ်လွင်သောကြောင့်၊ မိမိအား ခုခံချေပစေခြင်းမပြုထိုက်ပါ ဆိုသည့် ထုချေချက်ကို တင်သွင်းနိုင်သည်။

(၂) အဆိုပါ ထုချေချက်မျိုးကို၊ စွဲချက်လွှာတစ်ခုတည်းတွင်ပါရှိသော စွဲချက်တစ်ခုခု နှင့်ဖြစ်စေ၊ တစ်ခုထက်ပိုသော စွဲချက်များနှင့်ဖြစ်စေ၊ စပ်လျဉ်း၍ တင်သွင်းနိုင်သည်။

(၃) စစ်တရားရုံးသည်၊ ထိုထုချေချက်ကို လျှို့ဝှက်တရားခွင်တွင် စဉ်းစားရမည့်ပြင်၊ ထိုထုချေချက်မှာ၊ လုံလောက်စွာ အကိုးအကားပြုထားသည့် ထုချေချက်ဖြစ်သည်ဟု၊ ကျေနပ်လျှင်၊ ထိုထုချေ ချက်နှင့် စပ်ဆိုင်သော စွဲချက်တစ်ခုခုနှင့်ဖြစ်စေ၊ တစ်ခုထက်ပိုသော စွဲချက်များနှင့်ဖြစ်စေစပ်လျဉ်း၍၊ "အပြစ်မရှိ" ဟူသော ဆုံးဖြတ်ချက်ကို၊ ရေးသားချမှတ်ရမည်။

၅၃။ (၁) တရားလိုဘက်အမှုကို အဆုံးသတ်ခြင်းသို့ရောက်သောအခါ၊ စစ်တရားရုံးသည်

တရားလိုဘက်အမှုကို အဆုံးသတ်ခြင်းနှင့် တရားခံဘက်အမှုကို စစ်ဆေးရာ၌လိုက်နာရမည့်ကျင့်ထုံး။

(က) တရားခံက အလိုရှိလျှင်၊ ကျမ်းသစ္စာပြု၍၊ သက်သေအဖြစ် သက်သေခံချက်ပေးနိုင်ကြောင်း၊ သို့တည်းမဟုတ် ကျမ်းသစ္စာမပြုဘဲ၊ ထွက်ဆိုချက်တစ်ရပ်ကို ပြုလုပ်နိုင်ကြောင်း၊ သို့သော်လည်း ထိုကဲ့သို့ သက်သေခံချက်ပေးရန်၊ သို့တည်းမဟုတ် ထွက်ဆိုချက် ပြုလုပ်ရန် တာဝန်ဟူ၍ ၎င်း၌မရှိကြောင်း၊

(ခ) တရားခံက ကျမ်းသစ္စာပြု၍၊ သက်သေခံချက်ပေးလျှင်၊ ၎င်းသည်၊ တရားလိုဘက် အမှုလိုက်အရာရှိ၏ ပြန်လှန်စစ်မေးခြင်းခံရမည့်ပြင်၊ စစ်တရားရုံးနှင့် စစ်ဥပဒေ အရာရှိ၊ ရှိခဲ့လျှင်၊ ထိုစစ်ဥပဒေအရာရှိ၏ မေးမြန်းခြင်းကိုလည်း ခံရမည်ဖြစ်ကြောင်း၊ သို့သော်လည်း ကျမ်းသစ္စာမပြုဘဲ၊ ထွက်ဆိုချက်တစ်ရပ်ကို ပြုလုပ်လျှင်၊ ၎င်းအား၊ မည်သူကမျှ၊ မမေးမြန်းနိုင်ကြောင်း၊ ထို့ပြင်

(ဂ) တရားခံက ကျမ်းသစ္စာပြု၍ သက်သေခံချက်ပေးသည်ဖြစ်စေ၊ ကျမ်းသစ္စာမပြုဘဲ၊ ထွက်ဆိုချက်တစ်ရပ်ကို ပြုလုပ်သည်ဖြစ်စေ၊ သက်သေခံချက်မပေးဘဲ၊ သို့တည်း မဟုတ် ထွက်ဆိုချက်တစ်ရပ်ကို မပြုလုပ်ဘဲ နေသည်ဖြစ်စေ၊ အမှု၏အကြောင်း ခြင်းရာနှင့်သော်လည်းကောင်း၊ ၎င်း၏အကျင့်စာရိတ္တနှင့်သော်လည်းကောင်း၊ စပ်လျဉ်း၍၊ ၎င်းဘက်သက်သေများကို ခေါ်နိုင်ကြောင်း၊

တရားခံအား ရှင်းလင်းပြောပြရမည်။

(၂) စစ်တရားရုံးသည်၊ နည်းဥပဒေခွဲ (၁) အတိုင်း လိုက်နာပြီးသောအခါ၊ တရားခံအား၊ ကျမ်းသစ္စာပြု၍၊ သက်သေခံချက်ပေးရန် ရည်ရွယ်သလော၊ သို့တည်းမဟုတ် ကျမ်းသစ္စာမပြုဘဲ၊ ထွက်ဆိုချက်တစ်ရပ်ကို ပြုလုပ်ရန် ရည်ရွယ်သလော၊ သို့တည်းမဟုတ် ၎င်းဘက်အတွက် သက်သေ တစ်ဦးဦးကိုခေါ်ရန် ရည်ရွယ်သလောဟု မေးမြန်းရမည့်ပြင်၊ သက်သေခေါ်လိုသည်ဟု ဖြေကြားပါက၊ ထိုသက်သေမှာ၊ အမှုအကြောင်းခြင်းရာနှင့်စပ်လျဉ်းသည့် သက်သေလော၊ သို့တည်းမဟုတ် အကျင့်စာရိတ္တ နှင့်သာ စပ်လျဉ်းသည့် သက်သေလောဟုလည်း မေးမြန်းရမည်။

(၃) တရားခံသည်၊ မိမိမှတစ်ပါး၊ အမှုအကြောင်းခြင်းရာနှင့်စပ်လျဉ်းသည့် အခြားသက်သေ တစ် ဦးဦးကိုခေါ်ရန် ရည်ရွယ်လျှင်၊ မိမိဘက်အတွက် သက်သေခံချက်ကို မပေးမီ၊ မိမိဘက်အမှုကို

အကျဉ်း ချုပ်ဖော်ပြလျက်၊ ပဏာမလျှောက်ထားချက်တစ်ရပ်ကို ပြုလုပ်နိုင်သည်။

တရားခံဘက်သက်သေခံချက်၊ တရားခံဘက်သက်သေခံချက် ကို ပြန်လည်ချေပချက်နှင့် နိဂုံးချုပ်လျှောက်ထားချက်များ။

၅၈။ ။(၁) နည်းဥပဒေ ၅၇ အတိုင်းလိုက်နာပြီးသောအခါ၊ တရားခံသည်၊ ကျမ်းသစ္စာပြု၍၊ သက်သေခံချက်ပေးနိုင်သည်၊ သို့တည်းမဟုတ် ကျမ်းသစ္စာမပြုဘဲ ထွက်ဆိုချက်တစ်ရပ်ကို ပြုလုပ်နိုင်သည်။ ထို့နောက် တရားခံဘက် သက်သေများရှိလျှင်၊ ထိုသက်သေများကိုခေါ်၍၊ ၎င်းတို့က သက်သေခံချက်များကို ပေးကြရမည်။

(၂) တရားခံဘက်သက်သေများက၊ သက်သေခံချက်ပေးပြီးသောအခါ၊ စစ်တရားရုံးသည်၊ တရားမျှတမှုရရှိစေရန် လိုအပ်သည်ဟု ထင်မြင်လျှင်၊ တရားခံဘက် သက်သေခံချက်ကိုချေပရန် သက်သေများကို ခေါ်နိုင်သည်။

(၃) သက်သေခံချက်အားလုံးပေးပြီးသောအခါ၊ တရားလိုဘက်အမှုလိုက်အရာရှိနှင့် တရားခံသည်၊ စစ်တရားရုံးအား၊ နိဂုံးချုပ်လျှောက်ထားချက်ကို၊ အသီးသီးပြုလုပ်နိုင်သည်။

(၄) တရားခံက၊ မိမိမှတစ်ပါး၊ အမှုအကြောင်းခြင်းရာနှင့်စပ်လျဉ်းသည့် အခြားသက်သေတစ်ဦးဦးကိုမခေါ်လျှင်၊ တရားခံ၍၊ တရားလိုဘက်အမှုလိုက်အရာရှိ၏ နိဂုံးချုပ်လျှောက်ထားချက်ပြီးဆုံးပြီးမှ၊ မိမိ၏နိဂုံးချုပ်လျှောက်ထားချက်ကို ပြုလုပ်နိုင်ခွင့်ရှိရမည်။ တရားခံက၊ မိမိမှတစ်ပါး၊ အမှုအကြောင်းခြင်းရာနှင့်စပ်လျဉ်းသည့် အခြားသက်သေတစ်ဦးဦးကိုခေါ်လျှင်၊ တရားလိုဘက်အမှုလိုက်အရာရှိ၍၊ တရားခံ၏ နိဂုံးချုပ်လျှောက်ထားချက်ပြီးဆုံးပြီးမှ၊ မိမိ၏ နိဂုံးချုပ်လျှောက်ထားချက်ကို ပြုလုပ်နိုင်ခွင့်ရှိရမည်။

စစ်ဥပဒေအရာရှိက၊အမှုသွား ကို ပေါင်းရုံးဖော်ပြခြင်း။

၅၉။ ။(၁) စစ်ဥပဒေအရာရှိ ရှိခဲ့လျှင်၊ ထိုစစ်ဥပဒေအရာရှိက၊ လူသိရှင်ကြားတရားခွင်တွင် သက်သေခံချက်ကို ပေါင်းရုံးဖော်ပြရမည့်ပြင်၊ အမှုနှင့်စပ်ဆိုင်သည့် တရားဥပဒေနှင့်စပ်လျဉ်း၍ စစ်တရားရုံးအား အကြံဉာဏ်ပေးရမည်။

(၂) စစ်ဥပဒေအရာရှိက အမှုသွားကို ပေါင်းရုံးဖော်ပြပြီးသည့်နောက်၊ အခြားမည်သည့် လျှောက်ထားချက်ကိုမျှ ခွင့်မပြုရ။

ဆုံးဖြတ်ချက်နှင့် ပြစ်ဒဏ်ချမှတ်ချက်။

ဆုံးဖြတ်ချက်ကိုစဉ်းစားခြင်း။

၆၀။ ။(၁) စစ်တရားရုံးသည်၊ လျှို့ဝှက်တရားခွင်တွင်၊ မိမိ၏ဆုံးဖြတ်ချက်ကိုစစ်ဥပဒေအရာရှိ ရှိခဲ့လျှင်၊ ထိုစစ်ဥပဒေအရာရှိရှေ့မှောက်၌၊ ဆင်ခြင်သုံးသပ်ရမည်။

(၂) ဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍၊ စစ်တရားရုံးအဖွဲ့ဝင်အသီးသီး၏ ထင်မြင်ယူဆချက်ကို၊ စွဲချက်တစ်ခုစီအတွက် ခွဲခြားပြီး နှုတ်ဖြင့်ပြောပြရမည်။

ဆုံးဖြတ်ချက်ရေးပုံရေးနည်းနှင့် ဆုံးဖြတ်ချက်ရေးသားချမှတ်ခြင်း။

၆၁။ ။(၁) တရားခံအား၊ စွဲချက်တင်၍ စစ်မေးသောစွဲချက်တိုင်းအတွက်၊ ဆုံးဖြတ်ချက်ကို ရေးသားချမှတ်ရမည်။ ထို့ပြင် ဤနည်းဥပဒေများတွင် ပြဋ္ဌာန်းထားသည့်အတိုင်းမှတစ်ပါး၊ "အပြစ်ရှိသည်"၊ သို့တည်းမဟုတ် "အပြစ်မရှိ" ဟူသော ဆုံးဖြတ်ချက်တစ်ခုတည်းကို ရေးသားချမှတ်ရမည်။

(၂) စွဲချက်တစ်ခုခုနှင့်စပ်လျဉ်း၍၊ စွဲဆိုထားသည့် ပြစ်မှုကိုသော်လည်းကောင်း၊ စွဲဆိုထားသည့် စွဲချက်အတိုင်း၊ အက်ဥပဒေအရ တရားသဖြင့် တရားခံ၌ အပြစ်ရှိသည်ဟု ဆုံးဖြတ်နိုင်သော ပြစ်မှုတစ်ခုခုကိုသော်လည်းကောင်း၊ တရားခံက ကျူးလွန်ကြောင်း၊ သက်သေခံချက်ရှိသော အကြောင်းခြင်းရာများအရ မထင်ရှားဟု၊ စစ်တရားရုံးက ထင်မြင်ယူဆသောအခါ၊ စစ်တရားရုံးသည်၊ ထိုစွဲချက်အတွက်၊ တရားခံအား တရားသေလွှတ်ရမည်။

(၃) စွဲချက်တစ်ခုခုနှင့်စပ်လျဉ်း၍၊ စွဲဆိုထားသည့် ပြစ်မှုအတွက်သော်လည်းကောင်း၊ စွဲဆိုထားသည့် စွဲချက်အတိုင်း၊ အက်ဥပဒေအရ တရားသဖြင့် တရားခံ၌ အပြစ်ရှိသည်ဟု ဆုံးဖြတ်နိုင်သော ပြစ်မှုတစ်ခုခုအတွက်သော်လည်းကောင်း၊ တရားခံ၌ အပြစ်ရှိ၊ မရှိ၊ သက်သေခံချက်ရှိသော အကြောင်းခြင်းရာများအရ စစ်တရားရုံးက သံသယဖြစ်သောအခါ၊ စစ်တရားရုံးသည်၊ ထိုစွဲချက် အတွက် ဆုံးဖြတ်ချက် ရေးသားချမှတ်ခြင်းမပြုမီ၊ သက်သေခံချက်ရှိသည်ဟု မိမိတွေ့ရှိရသော အကြောင်းခြင်းရာများကို ရေးသား ဖော်ပြလျက်၊ အတည်ပြုအာဏာပိုင်ထံသို့၊ ၎င်း၏ ထင်မြင်ချက်ရရန် လွှဲအပ် တင်ပြနိုင်သည့်ပြင်၊ ထိုကိစ္စ အတွက် ရွှေ့ဆိုင်းရန် လိုအပ်လျှင်၊ စစ်တရားရုံးကို ရွှေ့ဆိုင်းနိုင်သည်။

(၄) စွဲချက်တစ်ခုခုနှင့်စပ်လျဉ်း၍၊ သက်သေခံချက်အရ ထင်ရှားကြောင်း၊ စစ်တရားရုံးက တွေ့ရှိရသော အကြောင်းခြင်းရာများသည်၊ စွဲချက်ပါပြစ်မှုကျူးလွန်ပုံ ဖော်ပြချက်တွင် စွပ်စွဲထားသည့် အကြောင်းခြင်းရာများနှင့် အရေးပါအရာရောက်လောက်အောင် ကွဲပြားခြားနားစေကာမူ၊ ယင်းသို့တွေ့ရှိရသော အကြောင်းခြင်းရာများသည်၊ စွဲချက်တွင်ဖော်ပြထားသောပြစ်မှုကို တရားခံကျူးလွန်ကြောင်းထင်ရှားစေသည့် လုံလောက်သော အကြောင်းခြင်းရာများဖြစ်သည့်ပြင်၊ ထိုကွဲပြားခြားနားခြင်းသည်လည်း၊ တရားခံအား၊ မိမိ၏ခုခံချေပရေးတွင်၊ အကျိုးယုတ်စေလောက်အောင် အရေးမပါ အရာမရောက်ဟု၊ စစ်တရားရုံးက ထင်မြင်ယူဆသောအခါ၊ စစ်တရားရုံးသည်၊ "အပြစ်မရှိ" ဟူသော ဆုံးဖြတ်ချက်ကို ရေးသား

ချမှတ်မည့်အစား၊ အထူးဆုံးဖြတ်ချက်ကို ရေးသားချမှတ်နိုင်သည်။

(၅) ထိုအထူးဆုံးဖြတ်ချက်ဖြင့်၊ ၄င်းတွင် သီးခြားဖော်ပြထားသည့်ခြွင်းချက်များ၊ သို့တည်းမဟုတ် ပြောင်းလဲချက်များဆိုင်ရာ ရေးမှတ်ချက်များနှင့် မဆန့်ကျင်စေဘဲ၊ စွဲချက်တစ်ခုအတွက် တရားခံ၌ အပြစ်ရှိသည်ဟု ဆုံးဖြတ်နိုင်သည်။

(၆) အခြားနည်းစွဲချက်များတင်ထား၍၊ သက်သေခံချက်ရှိသော အကြောင်းခြင်းရာများအရလည်း၊ ထိုစွဲချက်များအနက်၊ စွဲချက်တစ်ခုခုတွင် ဖော်ပြထားသော ပြစ်မှုမဖြစ်မြောက်ဟု၊ စစ်တရားရုံးက ထင်မြင်ယူဆသောအခါ၊ ထိုစွဲချက်အတွက် "အပြစ်မရှိ" ဟူသော ဆုံးဖြတ်ချက်တစ်ရပ်ကို၊ စစ်တရားရုံးက ရေးသားချမှတ်ရမည်။

(၇) စွဲချက်တစ်ခုအတွက် ပြစ်မှုထင်ရှားစီရင်ခြင်းသည်၊ အခြားနည်းစွဲချက်အတွက်ဖြစ်စေ၊ အခြားနည်းစွဲချက်များအတွက်ဖြစ်စေ၊ အပြစ်ရှိသည်ဟု ဆိုရာရောက်စေကာမူ၊ အခြားနည်းစွဲဆိုထားသည့် စွဲချက်နှစ်ခု၊ သို့တည်းမဟုတ် နှစ်ခုထက်ပိုသည့် စွဲချက်များအနက်၊ စွဲချက်တစ်ခုအတွက်ထက်ပို၍ တရားခံ၌၊ အပြစ်ရှိသည်ဟု၊ စစ်တရားရုံးက မဆုံးဖြတ်ရ။

(၈) သက်သေခံချက်ရှိသောအကြောင်းခြင်းရာများအရ နှစ်ခု၊ သို့တည်းမဟုတ် နှစ်ခုထက်ပိုသည့် အခြားနည်းစွဲချက်များတွင် ဖော်ပြထားသည့်ပြစ်မှုများအနက်၊ ပြစ်မှုတစ်ခုဖြစ်မြောက်စေသည်ဟု၊ စစ်တရားရုံးက ထင်မြင်သော်လည်း ၊ တရားဥပဒေနှင့်အညီ၊ ထိုအကြောင်းခြင်းရာများအရ ထိုပြစ်မှုများအနက်၊ မည်သည့်ပြစ်မှုဖြစ်မြောက်စေသည်ကို၊ စစ်တရားရုံး၌ သံသယလည်းရှိလျှင်၊ ထိုစွဲချက်များအတွက်၊ ဆုံးဖြတ်ချက်ရေးသားချမှတ်ခြင်းမပြုမီ၊ စစ်တရားရုံးသည်၊ သက်သေခံချက်ရှိပြီးဖြစ်သည်ဟု၊ မိမိတွေ့ရှိသည့် အကြောင်းခြင်းရာများကို ဖော်ပြပြီးနောက်၊ တရားဥပဒေနှင့်အညီ၊ ထိုအကြောင်းခြင်းရာများအရ ထိုစွဲချက်များအနက်၊ မည်သည့်စွဲချက်တွင် ဖော်ပြထားသော ပြစ်မှုဖြစ်မြောက်သည်ကို သံသယရှိကြောင်း ဖော်ပြလျက်၊ အတည်ပြုအာဏာပိုင်ထံသို့၊ ထင်မြင်ယူဆချက်ရရှိရန် လွှဲအပ်တင်ပြနိုင်သည်။ ထို့ပြင် ထိုသို့တင်ပြရန် ကိစ္စအတွက်၊ ရွှေ့ဆိုင်းရန် လိုအပ်လျှင် စစ်တရားရုံးကို ရွှေ့ဆိုင်းနိုင်သည်။

(၉) စွဲချက်တင်ထားသည့် ပြစ်မှုမှအပ၊ အခြားပြစ်မှုတစ်ခုခုအတွက် အပြစ်ရှိသည်ဟု သို့တည်းမဟုတ် ပေါ့လျော့သည့်ပြစ်ဒဏ်ထိုက်သင့်နိုင်သော အခြေအနေတွင် ကျူးလွန်သောပြစ်မှုတစ်ခုအတွက် အပြစ်ရှိသည်ဟု ဆုံးဖြတ်နိုင်သည့်အာဏာကို၊ ပုဒ်မ ၁၄၃ ဖြင့်၊ စစ်တရားရုံးအား အပ်နှင်းထားသော ကိစ္စတစ်ခုခုတွင်သော်လည်းကောင်း၊ သက်သေခံချက်များကို ကြားနာပြီးနောက်၊ နည်းဥပဒေခွဲ (၄) နှင့် (၅) အရ ခြွင်းချက်များ၊ သို့တည်းမဟုတ် ပြောင်းလဲချက်များနှင့်မဆန့်ကျင်စေဘဲ၊ စစ်တရားရုံးက အထူးဆုံးဖြတ်ချက်တစ်ရပ် ချမှတ်နိုင်သောကိစ္စတစ်ခုခုတွင်သော်လည်းကောင်း၊ စစ်တရားရုံးက၊ ယင်းသို့ဆောင်ရွက်ခြင်းမှာ၊ တရားမျှတသည်ဟု ကျေနပ်လျှင်၊ ထို့ပြင် စစ်တရားရုံးဖွဲ့စည်းသည့်အရာရှိ၏ သဘောတူညီချက်ကို ရရှိပြီးကြောင်း၊ တရားလိုဘက်အမှုလိုက်အရာရှိက ပြောဆိုလျှင်၊ စစ်တရားရုံးသည်၊ ထိုအခြားပြစ်မှုများအတွက်ဖြစ်စေ၊ ပေါ့လျော့သည့်ပြစ်ဒဏ် ထိုက်သင့်နိုင်သော အခြေအနေတွင် ကျူးလွန်သော

ဖြစ်မှုအတွက်ဖြစ်စေ၊ ဆိုခဲ့သည့် ခြွင်းချက်များ၊ သို့တည်းမဟုတ် ပြောင်းလဲချက်များနှင့် မဆန့်ကျင်စေဘဲ၊ စွဲချက်တင်ထားသည့် ဖြစ်မှုအတွက်ဖြစ်စေ "အပြစ်ရှိသည်" ဟူသောဖြေကြားချက်ကို လက်ခံ၍ ရေးမှတ်နိုင်သည်။

သို့ရာတွင် ဆိုခဲ့သည့်အတိုင်း၊ စစ်တရားရုံးဖွဲ့စည်းသည့် အရာရှိ၏ သဘောတူညီချက်ရယူရန် ပျက်ကွက်စေကာမူ၊ ထိုသို့ပျက်ကွက်ခြင်းကြောင့်၊ အတည်ပြုသည့်အခါ၊ စစ်တရားရုံး၏ မှုခင်းကိစ္စဆောင် ရွက်ခြင်းများသည် မပျက်ပြယ်စေရ။

(၁၀) (xxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxx xxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxx xxxxxxxxxxxx)[၁၈]

တရားသေလွှတ်သည့်အခါ လိုက်နာရမည့်ကျင့်ထုံး။

၆၂။ စွဲချက်အားလုံးအတွက်ဆုံးဖြတ်ချက်သည် "အပြစ်မရှိ" ဟူသော ဆုံးဖြတ်ချက်ဖြစ်လျှင်၊ စစ်တရားရုံးဥက္ကဋ္ဌသည်၊ ဆုံးဖြတ်ချက်ကို ရက်စွဲတပ်၍ လက်မှတ်ထိုးရမည်။ ထိုလက်မှတ်သည်အမှုတွဲတစ်ခုလုံး မှန်ကန်ကြောင်းထင်ရှားစေသည့် သက်သေခံဖြစ်သည်။ စစ်ဥပဒေအရာရှိ ရှိခဲ့လျှင်၊ ထိုစစ်ဥပဒေအရာရှိက၊ ထိုအမှုတွဲကို လက်မှတ်ထိုးပြီးသောအခါ၊ အတည်ပြုရေးအတွက် အမှုတွဲကို ချက်ချင်းပို့ရမည်။

ပြစ်မှုထင်ရှားစီရင်သည့်အခါ လိုက်နာရမည့်ကျင့်ထုံး။

၆၃။ (၁) စွဲချက်တစ်ခုခုအတွက် ဆုံးဖြတ်ချက်သည် "အပြစ်ရှိသည်" ဟူသော ဆုံးဖြတ်ချက်ဖြစ်လျှင်၊ ပြစ်ဒဏ်စီရင်ချက်ကို ဆုံးဖြတ်ရာ၌၊ စစ်တရားရုံးအတွက် လမ်းညွှန်သဖွယ်ဖြစ်စေရန်၊ ထို့ပြင် ထိုပြစ်ဒဏ်စီရင်ချက်ကို စဉ်းစားရာ၌ အတည်ပြုအာဏာပိုင်အတွက် လမ်းညွှန်သဖွယ်ဖြစ်စေရန်၊ စစ်တရားရုံးက ပြစ်ဒဏ်ချမှတ်ချက်ကို ဆင်ခြင်သုံးသပ်ခြင်းမပြုမီ၊ ဖြစ်နိုင်သည့်အခါတိုင်း၊ တရားခံ၏ အကျင့်စာရိတ္တ၊ အသက်၊ စစ်မှုထမ်းသက်၊ အဆင့်၊ ထို့ပြင် အသိအမှတ်ပြုသည့် သူရသတ္တိရှိစွာဆောင်ရွက်မှုများ၊ သို့တည်းမဟုတ် ထူးချွန်သောဆောင်ရွက်မှုတစ်ခုခု၊ စစ်တရားရုံးကဖြစ်စေ၊ ရာဇဝတ်တရားရုံးကဖြစ်စေ ယခင်ကတရားခံအား ပြစ်မှုထင်ရှားစီရင်ခြင်းများ၊ ပုဒ်မ ၈၂ ပုဒ်မ ၈၅၊ ပုဒ်မ ၈၆၊ သို့တည်းမဟုတ် ပုဒ်မ ၈၇ သက်ဆိုင်ရာရာအရ အာဏာသုံးစွဲသော အရာရှိတစ်ဦးက တရားခံအား ယခင်က ချမှတ်သည့် ပြစ်ဒဏ်များ၊ တရားခံဖမ်းဆီးခြင်းခံနေရသည့် အချိန်ကာလ၊ သို့တည်းမဟုတ် ယခင်ပြစ်ဒဏ်ချမှတ်ချက်

၁၈။ ကာကွယ်ရေးဝန်ကြီးဌာန၊ ကြည်းတပ်ဌာနခွဲ၏ ၂၄. ၄. ၆၁ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် ၄၁/၆၁ ဖြင့် ပယ်ဖျက်သည်။
(မြန်မာနိုင်ငံပြန်တမ်း အပိုင်း-၁၊ ၁၉၆၁ ခုနှစ်၊ မေလ (၂၉) ရက်၊ စာမျက်နှာ - ၃၁၄။)

တစ်ခုခုအတွက် တရားခံအချုပ်နှင့်နေရသည့် အချိန်ကာလ၊ ထို့ပြင်တရားခံ၏လက်ရှိဖြစ်သော၊ သို့တည်းမဟုတ် တရားခံက ရသင့်ရထိုက်သော စစ်ဘက်တံဆိပ်တစ်ခုခု၊ သို့တည်းမဟုတ် စစ်ဘက်ဆုတစ်ခုခုနှင့် စပ်လျဉ်း၍ သက်သေခံချက်ကို ရေးမှတ်ယူရမည်။

(၂) သက်သေတစ်ဦးက၊ အထက်ပါအကြောင်းအရာများနှင့်စပ်လျဉ်း၍၊ တရားခံနှင့်ပတ်သက်သည့်၊ တပ်ရင်းမှတ်တမ်းစာအုပ်များရှိ ရေးသွင်းချက်များ၏ အကျဉ်းချုပ်ပါရှိသည့် ထွက်ဆိုချက်တစ်ရပ် မှန်ကြောင်းနှင့်၊ တရားခံသည်၊ ထိုရေးသွင်းချက်များ၏ အကျဉ်းချုပ်တွင် ရည်ညွှန်းထားသူဖြစ်ကြောင်း သက်သေခံနိုင်သည်။

(၃) တရားခံသည်၊ ထိုသက်သေကို ပြန်လှန်စစ်မေးနိုင်သည့်ပြင်၊ ထိုသက်သေခံချက်မဟုတ်မမှန်ကြောင်းပြသရန်၊ သက်သေများကိုခေါ်နိုင်သည်။ ထို့ပြင် တပ်ရင်းမှတ်တမ်းစာအုပ်များကိုဖြစ်စေ၊ ထိုစာအုပ်များရှိအရေးပါသော ရေးသွင်းချက်များ၏ နည်းလမ်းတကျတာဝန်ခံမိတ္တူတစ်စောင်ကိုဖြစ်စေ၊ တင်ပြရန် တရားခံက တောင်းဆိုလျှင်၊ ထိုတပ်ရင်းမှတ်တမ်းစာအုပ်များကို၊ သို့တည်းမဟုတ် ထိုစာအုပ်များရှိ အရေးပါသော ရေးသွင်းချက်များ၏ နည်းလမ်းတကျတာဝန်ခံ မိတ္တူတစ်စောင်ကို တင်ပြရမည်။ ထို့ပြင် ထိုရေးသွင်းချက်များ၏ အကျဉ်းချုပ်သည်၊ တပ်ရင်းမှတ်တမ်းစာအုပ်များ၊ သို့တည်းမဟုတ် ထိုတာဝန်ခံမိတ္တူ၊ သက်ဆိုင်ရာရာနှင့် အချက်တစ်ခုခုတွင် မကိုက်ညီဟု၊ တရားခံက ကိုးကားပြောဆိုလျှင်၊ စစ်တရားရုံးသည်၊ ထိုရေးသွင်းချက်များ၏ အကျဉ်းချုပ်ကို၊ ထိုစာအုပ်များနှင့်ဖြစ်စေ၊ ထိုတာဝန်ခံမိတ္တူနှင့် ဖြစ်စေ၊ နှိုင်းယှဉ်ကြည့်ရမည့်ပြင်၊ မကိုက်ညီကြောင်း တွေ့ရှိလျှင်၊ ထိုရေးသွင်းချက်များ၏ အကျဉ်းချုပ်ကို ကိုက်ညီအောင် ပြင်စေရမည်။

(၄) အထက်ပါအကြောင်းအရာများနှင့်စပ်လျဉ်းသည့် သက်သေခံချက်အားလုံးကို တင်ပြပြီးသောအခါ၊ တရားခံသည်၊ စစ်တရားရုံးအား၊ ထိုသက်သေခံချက်အားလုံးနှင့် စပ်လျဉ်း၍၊ လျှောက်ထားနိုင်သည့်ပြင်၊ ပြစ်ဒဏ်လျှော့ပေါ့ရန်လည်း၊ လျှောက်ထားနိုင်သည်။

၆၄။ ။ စစ်တရားရုံးသည်၊ တရားခံအား၊ အပြစ်ရှိသည်ဟု ဆုံးဖြတ်သောပြစ်မှုအားလုံးနှင့် စပ်လျဉ်း၍၊ ပြစ်ဒဏ်ချမှတ်ချက်တစ်ခုတည်းကိုသာ ချမှတ်ရမည်။ ထို့ပြင် ထိုပြစ်ဒဏ်ချမှတ်ချက်သည်၊ တရားဥပဒေနှင့်အညီ ပြစ်ဒဏ်ချမှတ်ချက် မချမှတ်နိုင်သော၊ စွဲချက်တစ်ခုတွင်ပါရှိသည့်၊ ပြစ်မှုနှင့် စပ်လျဉ်း၍ ချမှတ်ခြင်းမဟုတ်ဟု မှတ်ယူပြီး၊ တရားဥပဒေနှင့်အညီ ပြစ်ဒဏ်ချမှတ်ချက် ချမှတ်နိုင်သော၊ စွဲချက်တစ်ခုစီတွင်ပါရှိသည့်၊ ပြစ်မှုတစ်ခုခုနှင့် စပ်လျဉ်း၍ ချမှတ်ခြင်းဟု မှတ်ယူရမည်။

ပြစ်ဒဏ်ချမှတ်ချက်။

၆၅။ ။ (၁) ညာတာရန်စစ်တရားရုံးက ထောက်ခံလျှင်၊ ထိုထောက်ခံခြင်းအတွက် အကြောင်းပြချက်များကို စစ်တရားရုံးက တင်ပြရမည်။

ညာတာရန်ထောက်ခံခြင်း။

(၂) ဤနည်းဥပဒေတွင် ဖော်ပြထားသော ညာတာရန်ထောက်ခံခြင်းကိုဖြစ်စေ၊ ထိုသို့ညာတာရန်ထောက်ခံခြင်းနှင့် စပ်ဆိုင်သည့် ပြဿနာတစ်ခုခုကိုဖြစ်စေ၊ လက်ခံသည့်သို့တည်းမဟုတ် ပယ်သည့်၊ ထင်မြင်ယူဆချက်များ၏ အရေအတွက်ကို အမှုတွဲတွင်ရေးသွင်းနိုင်သည်။

၆၆။ ။ (၁) xxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxx[၁၉]

xxxxxxxx[၂၀]အမှုတွဲကို လက်မှတ်ထိုးခြင်းနှင့်ပို့ခြင်း။

(၂) စစ်တရားရုံးက ပြစ်ဒဏ်ချမှတ်ချက် ချမှတ်ရာတွင်၊ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည့်အရာရှိသည်၊ ထိုပြစ်ဒဏ်ချမှတ်ချက်ကို ရက်စွဲတပ်ပြီးနောက် လက်မှတ်ထိုးရမည်။ ထိုလက်မှတ်သည်၊ အမှုတွဲတစ်ခုလုံးမှန်ကန်ကြောင်းထင်ရှားစေသည့် သက်သေခံဖြစ်ရမည်။ စစ်ဥပဒေအရာရှိ ရှိခဲ့လျှင်၊ ထိုစစ်ဥပဒေအရာရှိက၊ ထိုအမှုတွဲကို လက်မှတ်ထိုးပြီးသောအခါ၊ အတည်ပြုရေးအတွက် အမှုတွဲကို ချက်ခြင်းပို့ရမည်။

အတည်ပြုခြင်းနှင့် ပြန်လည်ပြင်ဆင်ခြင်း။

ပြန်လည်ပြင်ဆင်ခြင်း။

၆၇။ ။ (၁) ဆုံးဖြတ်ချက်ကို၊ ပုဒ်မ ၁၆၄ အရ ပြန်လည်ပြင်ဆင်ရန်အတွက်၊ ပြန်ပို့လိုက်သောအခါ၊ စစ်တရားရုံးသည်၊ လူသိရှင်ကြား တရားခွင်တွင် ပြန်လည်ရုံးထိုင်ရမည့်ပြင်၊ ပြန်လည်ပြင်ဆင်ရန် အမိန့်ကိုလည်း ဖတ်ကြားရမည်။ ထို့ပြင် နောက်ထပ်သက်သေခံချက်ယူရန် စစ်တရားရုံးအား ညွှန်ကြားလျှင်၊ ထိုသက်သေခံချက်ကို၊ လူသိရှင်ကြား တရားခွင်တွင် ယူရမည်။ ထို့နောက်စစ်တရားရုံးသည်၊ လျှို့ဝှက်တရားခွင်တွင်၊ မိမိ၏ဆုံးဖြတ်ချက်ကို ဆင်ခြင်သုံးသပ်ရမည်။

(၂) ဆုံးဖြတ်ချက်ကို၊ ပြန်လည်ပြင်ဆင်ရန်အတွက်၊ ပြန်ပို့ရာတွင်၊ စစ်တရားရုံးက၊ မိမိ၏ယခင်ဆုံးဖြတ်ချက်ကို ပြောင်းလဲလိုသည့်အခါ၊ စစ်တရားရုံးသည်၊ ဆုံးဖြတ်ချက်နှင့်ပြစ်ဒဏ်ချမှတ်ချက်တို့ကို ပြန်လည်ရုပ်သိမ်းရမည့်ပြင်၊ ဆုံးဖြတ်ချက်အသစ်ကို ရေးသားချမှတ်၍၊ ထိုဆုံးဖြတ်ချက်အသစ်အတွက်၊ ပြစ်ဒဏ်ချမှတ်ချက်တစ်ရပ် ချမှတ်ရန်လိုလျှင်၊ ပြစ်ဒဏ်ချမှတ်ချက်ကို အသစ်တစ်ဖန်ချမှတ်ရမည်။

(၃) ပြစ်ဒဏ်ချမှတ်ချက်ကိုသာလျှင် ပြန်လည်ပြင်ဆင်ရန်အတွက် ပြန်ပို့သောအခါ၊ စစ်တရားရုံးသည်၊ ဆုံးဖြတ်ချက်ကို ပြန်လည်ပြင်ဆင်ခြင်းမပြုရ။

၁၉။ ကာကွယ်ရေးဝန်ကြီးဌာန၊ ကြည်းတပ်ဌာနခွဲ၏ ၂၄. ၄. ၆၁ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် ၃၁/၆၁ ဖြင့် ပယ်ဖျက်သည်။
(မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း-၁၊ ၁၉၆၁ ခုနှစ်၊ ဧပြီလ (၂၉) ရက်၊ စာမျက်နှာ - ၇၀၄။)

၂၀။ ကာကွယ်ရေးဝန်ကြီးဌာန၊ ကြည်းတပ်ဌာနခွဲ၏ ၂၄. ၄. ၆၁ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် [illegible]၇/၆၁ ဖြင့် ပယ်ဖျက်သည်။
(မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း-၁၊ ၁၉၆၁ ခုနှစ်၊ ဧပြီလ (၂၉) ရက်၊ စာမျက်နှာ - ၇၀၄။)

(၄) ပြန်လည်ပြင်ဆင်ပြီးသည့်နောက်၊ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သောအရာရှိက၊ စစ်တရားရုံး၏ ဆုံးဖြတ်ချက်ကို ရက်စွဲတပ်၍ လက်မှတ်ထိုးရမည်။ ထို့ပြင် စစ်ဥပဒေအရာရှိ ရှိခဲ့လျှင်၊ ထိုစစ်ဥပဒေအရာရှိက၊ အမှုတွဲကို လက်မှတ်ထိုးပြီးသောအခါ၊ အတည်ပြုရန်အတွက် အမှုတွဲကို ချက်ချင်းပို့ရမည်။

စစ်တရားရုံး၏အမှုတွဲကို ပြန်လည်သုံးသပ်ခြင်း။

၆၈။ ။ စစ်ဆေးစီရင်ရာ၌ရှိသည့် စစ်ဥပဒေအရာရှိက၊ စစ်တရားရုံးချုပ်၏ အမှုတွဲကို၊ ဆိုင်ရာ စစ်ဌာနချုပ်ရှိ ဒုတိယ၊ သို့တည်းမဟုတ် လက်ထောက်စစ်ဥပဒေချုပ်ထံသို့ ပြန်လည်သုံးသပ်ရန်အတွက်ပို့ရမည်။ ထို့နောက် ထိုဒုတိယ၊ သို့တည်းမဟုတ် လက်ထောက်စစ်ဥပဒေချုပ်က အမှုတွဲကို အတည်ပြုအရာရှိထံသို့ ပို့ရမည်။ တိုင်းစစ်တရားရုံးတစ်ရုံး၏ အမှုတွဲကို၊ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သောအရာရှိက ဖြစ်စေ၊ စစ်ဥပဒေအရာရှိကဖြစ်စေ၊ အတည်ပြုအရာရှိထံသို့ တိုက်ရိုက်ပို့ရမည်။ ပြစ်ဒဏ်ချမှတ်ချက်သည်၊ အမြဲတမ်းထုတ်ပစ်ဒဏ်သော်လည်းကောင်း၊ အမြဲတမ်းထုတ်ပစ်ဒဏ်အထက် ပြစ်ဒဏ်သော်လည်းကောင်း ဖြစ်သောကိစ္စအားလုံးတွင်၊ အတည်ပြု အရာရှိသည်၊ အတည်မပြုသေးမီ၊ ဆိုင်ရာစစ်ဌာနချုပ်ရှိ ဒုတိယ၊ သို့တည်းမဟုတ် လက်ထောက်စစ်ဥပဒေ ချုပ်၏ အကြံဉာဏ်ကို တောင်းရမည်။

အတည်ပြုခြင်း။

၆၉။ ။ စစ်တရားရုံးချုပ်၏ အမှုတွဲကိုဖြစ်စေ၊ တိုင်းစစ်တရားရုံး၏အမှုတွဲကိုဖြစ်စေ၊ လက်ခံရရှိသောအခါ၊ အတည်ပြုအာဏာပိုင်က၊ အတည်ပြုနိုင်သည်၊ သို့တည်းမဟုတ်အတည်ပြုခြင်းကို ငြင်းပယ်နိုင်သည်၊ သို့တည်းမဟုတ် အတည်ပြုခြင်းကို အထက်အာဏာပိုင်အတွက် သီးသန့်ထားနိုင်သည်။ အတည်ပြုခြင်း၊ အတည်မပြုခြင်း၊ သို့တည်းမဟုတ် သီးသန့်ထားခြင်းကို၊ အမှုတွဲတွင် ရေးသွင်းရမည့်ပြင်၊ အတည်ပြုခြင်း၊ အတည်မပြုခြင်း၊ သို့တည်းမဟုတ် သီးသန့်ထားခြင်းသည်၊ အမှုတွဲ၏ အစိတ်အပိုင်းဖြစ်စေရမည်။

ထုတ်ပြန်ကြေညာခြင်း။

၇၀။ ။ စွဲချက်၊ ဆုံးဖြတ်ချက်နှင့် ပြစ်ဒဏ်ချမှတ်ချက်၊ ထို့ပြင် ညာတာရန် ထောက်ခံချက် တစ်ခုခုကို၊ မှုခင်းကိစ္စအတည်ပြုခြင်း နှင့်အတူတကွ သော်လည်းကောင်း၊ မှုခင်းကိစ္စအတည်မပြုခြင်းနှင့်အတူတကွသော်လည်းကောင်း၊ အတည်ပြုအာဏာပိုင်က ညွှန်ကြားသည့်နည်းလမ်းအတိုင်း၊ ထုတ်ပြန်ကြေညာရမည်။ ညွှန်ကြားချက်မပေးလျှင်၊ စစ်ဘက်ထုံးတမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။ ထုတ်ပြန်ကြေညာခြင်းကို မပြုမချင်း၊ အတည်ပြုခြင်းသည်၊ မပြည့်စုံသည့်ပြင်၊ ဆုံးဖြတ်ချက်နှင့် ပြစ်ဒဏ်ချမှတ်ချက်တို့ကို ထုတ်ပြန်ကြေညာခြင်းမပြုမချင်း၊ အတည်ပြုပြီးဟု မမှတ်ယူရ။

၇၁။ ။ (၁) စစ်တရားရုံးတစ်ရုံးက၊ စွဲချက်အများအပြားပါ ပြစ်မှုများနှင့်စပ်လျဉ်း၍၊ ပြစ်ဒဏ် ချမှတ်ချက်တစ်ခုကိုချမှတ်ပြီးနောက်၊ အတည်ပြုအာဏာပိုင်ကလည်း၊ ထိုစွဲချက် အားလုံးအတွက် ဆုံးဖြတ်ချက်တို့ကို အတည်မပြုဘဲ၊ စွဲချက်အချို့အတွက် ဆုံးဖြတ်ချက်ကိုသာ အတည်ပြုသောအခါ၊ ထိုအတည်ပြုအာဏာပိုင်သည်၊ ထိုသို့အတည်မပြုခြင်းကို ထည့်သွင်းစဉ်းစားလျက်၊ တရားမျှတသည်ဟု မိမိယူဆပါက၊ အတည်ပြုသော ဆုံးဖြတ်ချက်များနှင့်စပ်လျဉ်း၍၊ စွဲချက်များပါ ပြစ်မှုများကို ထောက်ရှုလျက်၊ တရားမျှတသည်ဟု မိမိထင်မြင်သည့်အတိုင်း၊ ချမှတ်သည့်ပြစ်ဒဏ်ကို လျှော့ပေါ့ရမည်၊ လွတ်ငြိမ်းချမ်းသာ ခွင့်ပြုရမည်၊ သို့တည်းမဟုတ် လျှော့ပေါ့ပြောင်းလဲရမည်။

တစ်စိတ်တစ်ဒေသအားဖြင့် အတည်ပြုသောအခါ၊ ပြစ်ဒဏ် ချမှတ်ချက်ကို လျှော့ပေါ့စေခြင်း။

(၂) စွဲချက်အများအပြားပါ ပြစ်မှုများနှင့်စပ်လျဉ်း၍၊ စစ်တရားရုံးတစ်ရုံးက ပြစ်ဒဏ် ချမှတ်ချက်တစ်ရပ်ကို ချမှတ်ပြီးနောက်၊ ထိုပြစ်ဒဏ်ချမှတ်ချက်ကိုလည်း အတည်ပြုပြီးသည့်ပြင်၊ အဆိုပါ စွဲချက်များအနက်၊ စွဲချက်တစ်ခုခုသည်၊ သို့တည်းမဟုတ် ထိုစွဲချက်အတွက် ဆုံးဖြတ်ချက်သည်၊ မခိုင်လုံဟု တွေ့ရှိသောအခါ၊ စီရင်ချက်အရ ချမှတ်သည့် ပြစ်ဒဏ်ကို လျှော့ပေါ့ရန်၊ လွတ်ငြိမ်းသက်သာခွင့်ပြုရန်၊ သို့တည်းမဟုတ် လျှော့ပေါ့ပြောင်းလဲရန် အာဏာရရှိသောအာဏာပိုင်သည်၊ ထိုသို့မခိုင်လုံမှုကို ထည့်သွင်းစဉ်းစားလျက်၊ တရားမျှတသည်ဟု မိမိယူဆလျှင်၊ ခိုင်လုံသည့် ဆုံးဖြတ်ချက် ချမှတ်ထားသည်လည်းဖြစ်၍၊ ခိုင်လုံသည့် စွဲချက်များတွင် ပါရှိသည်လည်းဖြစ်သော ပြစ်မှုများကို ထောက်ရှုလျက်၊ တရားမျှတသည်ဟု မိမိက ထင်မြင်သည့်အတိုင်း၊ ချမှတ်သည့်ပြစ်ဒဏ်ကို လျှော့ပေါ့ရမည်၊ လွတ်ငြိမ်းသက်သာခွင့်ပြုရမည်၊ သို့တည်းမဟုတ် လျှော့ပေါ့ပြောင်းလဲရမည်။ ထို့ပြင် ထိုသို့ပြောင်းလဲပြင်ဆင်လိုက်သည့် ပြစ်ဒဏ်သည်၊ ထိုပြစ်မှုများအတွက်သာ မူလက ချမှတ်ဘိသကဲ့သို့ ခိုင်လုံရမည်။

၇၂။ ။ စစ်တရားရုံးတစ်ရုံး၏ ပြစ်ဒဏ်ချမှတ်ချက်ကို နည်းလမ်းတကျ ရေးသားဖော်ပြခြင်း မပြုလျှင်၊ ပြစ်ဒဏ်ချမှတ်ချက်ကို အတည်ပြုသောအခါ၊ ထိုပြစ်ဒဏ်ချမှတ်ချက်ကို နည်းလမ်းတကျရေးသားဖော်ပြရာ ရောက်စေခြင်းအလို့ငှာ၊ အတည်ပြုအာဏာပိုင်သည်၊ ရေးသားပုံကို ပြောင်းလဲနိုင်သည်။ ပြစ်ဒဏ်ချမှတ်ချက်အရ၊ ချမှတ်သည့်ပြစ်ဒဏ်သည်၊တရားဥပဒေကခွင့်ပြုသည့် ပြစ်ဒဏ်ထက် ပိုလျှင်၊ တရားဥပဒေက ခွင့်ပြုသည့်ပြစ်ဒဏ်ထက်၊ ထိုချမှတ်သည့်ပြစ်ဒဏ်က မပိုစေခြင်းအလို့ငှာ၊ အတည်ပြုအာဏာပိုင်သည်၊ ပြစ်ဒဏ်ချမှတ်ချက်ကို ပြောင်းလဲနိုင်သည်။ ထို့ပြင် အတည်ပြုအာဏာပိုင်သည်၊ စစ်တရားရုံး၏ ဆုံးဖြတ်ချက်နှင့် ထိုသို့ပြောင်းလဲလိုက်သည့် ပြစ်ဒဏ်ချမှတ်ချက်ကို၊ အတည်ပြုနိုင်သည်။

ပြစ်ဒဏ်ဖော်ပြချက်နည်းလမ်း တကျမရှိစေကာမူ၊ သို့တည်းမဟုတ် တရားဥပဒေက ခွင့်ပြုသည့် ပြစ်ဒဏ်ထက်ပိုစေကာမူ အတည်ပြုခြင်း။

အဖွဲ့ဝင်၊ သို့တည်းမဟုတ် တရားလိုဘက်အမှုလိုက်အရာရှိက မှုခင်းကိစ္စကို အတည်မပြုရ။

၇၃။ ။ စစ်တရားရုံး၏အဖွဲ့ဝင်သည်၊ သို့တည်းမဟုတ် စစ်တရားရုံးတွင်၊ တရားလိုဘက်အမှုလိုက်အရာရှိအဖြစ် ဆောင်ရွက်သောအရာရှိသည်၊ ထိုစစ်တရားရုံး၏ ဆုံးဖြတ်ချက်ကိုသော်လည်းကောင်း၊ ပြစ်ဒဏ်ချမှတ်ချက်ကို သော်လည်းကောင်း၊ အတည်မပြုရ။ ထို့ပြင် ထိုအဖွဲ့ဝင်သည် သို့တည်းမဟုတ် တရားလိုဘက်အမှုလိုက်အရာရှိသည်၊ အတည်ပြုအရာရှိဖြစ်လာပါက၊ ထိုအတည်ပြု အရာရှိသည်၊ စစ်တရားရုံး၏ ဆုံးဖြတ်ချက်နှင့် ပြစ်ဒဏ်ချမှတ်ချက်ကို၊ အလားတူ စစ်တရားရုံးများ၏ ဆုံးဖြတ်ချက်နှင့် ပြစ်ဒဏ်ချမှတ်ချက်များနှင့် အတည်ပြုနိုင်သည့် အထက်အာဏာပိုင်ထံသို့၊ လွှဲအပ် တင်ပြရမည်။

စစ်တရားရုံးချုပ်နှင့် တိုင်းစစ်တရားရုံးတို့ လိုက်နာရမည့်ကျင့်ထုံး။

ရုံးတွင်းအဖွဲ့ဝင်များထိုင်ပုံ။

၇၄။ ။ စစ်တရားရုံး၏ အဖွဲ့ဝင်များသည်၊ မိမိတို့၏အဆင့်အလိုက်၊ ရုံးတွင်နေရာယူကြရမည်။

ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော အရာရှိ၏ တာဝန်။

၇၅။ ။ (၁) ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သောအရာရှိမှာ၊ စစ်ဆေးစီရင်ခြင်းကို၊ မှန်ကန်သော အစီအစဉ်အတိုင်း ဆောင်ရွက်ရန်၊ အက်ဥပဒေနှင့်အညီ လည်းကောင်း၊ အက်ဥပဒေအရပြုသော နည်းဥပဒေများနှင့်အညီ လည်းကောင်း၊ ဆောင်ရွက်ရန်နှင့်တရားစီရင်သောရုံးတစ်ရုံးနှင့်လျော်ညီသည့် နည်းလမ်းအတိုင်း ဆောင်ရွက် ရန် တာဝန်ရှိသည်။

(၂) တရားမျှတစွာဆောင်ရွက်ရန်၊ တရားမျှတသည့် စစ်ဆေးစီရင်မှုကို၊ တရားခံရရှိစေရန်နှင့် စစ်ဆေးစီရင်ခြင်းကို ခံနေရသူတစ်ဦးဖြစ်နေသောကြောင့်၊ သို့တည်းမဟုတ် မသိနားမလည်မှုကြောင့်၊ သို့တည်းမဟုတ် သက်သေများကို စစ်မေးရန်သော်လည်းကောင်း၊ ပြန်လှန်စစ်မေးရန် သော်လည်းကောင်း၊ မစွမ်းဆောင်နိုင်ခြင်းကြောင့်၊ သို့တည်းမဟုတ် အခြားအကြောင်းကြောင့်၊ တရားခံခံရမည်သည့်နစ်နာမှုမျှ မရှိစေရန်၊ ဂရုစိုက်ရမည့် တာဝန်သည်၊ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည့်အရာရှိ၏ တာဝန်ဖြစ်သည်။

တရားလိုဘက်အမှုလိုက်အရာရှိနှင့် တရားခံတို့၏လျှောက်ထားရာ၌ စစ်တရားရုံး၏ အာဏာ။

၇၆။ ။ (၁) တရားလိုဘက်အမှုလိုက်အရာရှိ၏တာဝန်သည်၊ စစ်တရားရုံးကို၊ တရားစီရင်ရေးတွင် ကူညီရန်၊ မျက်နှာမလိုက်ဘဲဆောင်ရွက်ရန်၊ စစ်တရားရုံး၏ ရှေ့မှောက်သို့၊ မှုခင်းကိစ္စတစ်ခုလုံးကိုတင်ပြရန်၊ ထို့ပြင် တရားခံ အပေါ် မတရားသော အခွင့်ကောင်းယူမှုတစ်ခုခုကို မပြုရန်၊ သို့တည်းမဟုတ် တရားခံအတွက် အကျိုးရှိစေသည့် သက်သေခံချက်တစ်ခုခုကို ဖုံးကွယ်မထားရန်ဖြစ်သည်။

(၂) တရားလိုဘက်အမှုလိုက်အရာရှိသည်၊ စစ်တရားရုံး၏ရှေ့မှောက်တွင်၊ ရှိဆဲစွဲချက်နှင့် ဖြစ်စေ၊ စွဲချက်များနှင့်ဖြစ်စေ၊ မသက်ဆိုင်သည့် ကိစ္စတစ်ခုခုကို မတင်ပြရ။ ထို့ပြင် တရားလိုဘက်အမှုလိုက်အရာရှိအား မသက်ဆိုင်သည့် ကိစ္စတစ်ခုခုကို တင်ပြခြင်းမှ တားမြစ်ရန်နှင့် ကြမ်းတမ်းမလျော်ကန်သော၊ သို့တည်းမဟုတ် မျှတမှုကင်းမဲ့သော၊ သို့တည်းမဟုတ် သိမ်မွေ့ခြင်းကင်းမဲ့သော စကားပြောဆိုခြင်းကို ဟန့်တားရန်လည်း စစ်တရားရုံး၌ တာဝန်ရှိသည်။

(၃) စစ်တရားရုံးသည်၊ တရားခံအား၊ ၎င်း၏ ခုခံချေပရေးတွင် လွတ်လပ်စွာ ပြုလုပ်ခွင့်ပေးနိုင်သမျှ ပေးရမည်။ တရားခံသည်၊ စစ်တရားရုံးကို မထီလေးစားပြုသော၊ သို့တည်းမဟုတ် အရှိအသေကင်းမဲ့သော စကားပြောဆိုခြင်းမှ ရှောင်ကြဉ်ရမည့်ပြင်၊ အခြားသူများအပေါ် ကြမ်းတမ်းသောစကားများနှင့် စော်ကားသောစကားများပြောဆိုခြင်းမှလည်း ရှောင်ကြဉ်ရမည်။ သို့သော်လည်း တရားခံသည်၊ ၎င်း၏ ခုခံချေပရေးအတွက် သက်သေများနှင့်တရားလိုဘက် အမှုလိုက်အရာရှိတို့၏ သက်သေခံချက်နှင့် နှိုးရင်းရည်ရွယ်ချက်များကို စွပ်စွဲပြစ်တင်နိုင်သည့်ပြင်၊ အခြားသူများအား အပြစ်တင်ခြင်းနှင့် ပြစ်မှုကျူးလွန်သူများပင်ဖြစ်ခြင်းဖြင့် စွပ်စွဲနိုင်သည်။ ထိုသို့အပြစ်တင်ခြင်း၊ စွပ်စွဲခြင်းပြုလုပ်လျှင်၊ ထိုသို့ပြစ်တင်စွပ်စွဲသည့်အတွက် ကျရောက်လာသောတာဝန်ကို တရားခံက ခံယူရမည်။ တရားခံ၏ ခုခံချေပခြင်းသည်၊ အမှုနှင့်မသက်ဆိုင်ကြောင်းကို၊ စစ်တရားရုံးက၊ တရားခံအား သတိပေးနိုင်သည်။ သို့သော်လည်း အထူးကိစ္စများမှအပ၊ အမှုနှင့်မသက်ဆိုင်ဆိုသည့် အကြောင်းပြချက်တစ်ခုတည်းဖြင့်၊ စစ်တရားရုံးက၊ တရားခံ၏ ခုခံချေပခြင်းကို မတားမြစ်ရ။

တရားခံများကို၊ အတူတကွ စစ်ဆေးစီရင်ရာတွင် လိုက်နာရမည့် ကျင့်ထုံး။

၇၇။ ။ တရားခံနှစ်ဦးကို၊ သို့တည်းမဟုတ် နှစ်ဦးထက်ပိုသော တရားခံများကို၊ အတူတကွ စစ်ဆေးစီရင်၍၊ အမှု၏အကြောင်းခြင်းရာများနှင့်စပ်လျဉ်းသည့် သက်သေခံချက်တစ်ခုခုကို၊ တရားခံများအနက်၊ တရားခံတစ်ဦးက၊ သို့တည်းမဟုတ် တစ်ဦးထက်ပိုသော တရားခံများက၊ တင်ပြသောအခါ၊ တရားခံအားလုံးကသော်လည်းကောင်း၊ တရားခံအားလုံးကိုယ်စားသော်လည်းကောင်း၊ တင်ပြသည့် သက်သေခံချက်နှင့်လျှောက်ထားချက်များကို၊ တရားလိုဘက်အမှုလိုက်အရာရှိက ပြန်လှန်မချေပမီ၊ ရေးမှတ်ယူရမည်။ ထို့ပြင် တရားလိုဘက် အမှုလိုက်အရာရှိသည်၊ တရားခံအားလုံးနှင့်စပ်လျဉ်း၍၊ ပြန်လှန်ချေပလျှောက်ထားချက်တစ်ခုကိုသာ ပေးရမည်။

သီးခြားစွဲချက်လွှာများ။

၇၈။ ။ (၁) စစ်တရားရုံးဖွဲ့စည်းသည့် အရာရှိသည်၊ တရားခံအပေါ် စွဲဆိုသည့် စွဲချက်များကို၊ သီးခြားစွဲချက်လွှာများတွင် ထည့်သွင်းရန် ညွှန်ကြားနိုင်သည်။ ထို့ပြင် စစ်တရားရုံးဖွဲ့စည်းသည့် အရာရှိက၊ ထိုသို့ညွှန်ကြားသောအခါ၊ စွဲချက်လွှာတစ်ခုစီအတွက် သီးခြားလျက်၊ တရားခံအားစွဲချက်တင်၍၊

စစ်မေးရမည့်ပြင်၊ ဆုံးဖြတ်ချက်ချမှတ်ပြီးသည့်အထိ၊ စစ်ဆေးစီရင်ရမည်။ ထို့ပြင် စွဲချက်လွှာတစ်ခုစီတွင်၊ တရားခံအပေါ် စွဲဆိုသည့် စွဲချက်အားလုံးပါဝင်နေဘိသကဲ့သို့ နည်းဥပဒေ ၄၇ မှ ၆၁ ထိ၊ ထိုနည်းဥပဒေ နှစ်ခုလုံးအပါအဝင်ဖြစ်သော နည်းဥပဒေများပါ ကျင့်ထုံးကို၊ ဆုံးဖြတ်ချက်ချမှတ်ပြီးသည့်အထိ၊ လိုက်နာဆောင်ရွက်ရမည်။

(၂) စွဲချက်လွှာအများအပြားအရ စစ်ဆေးစီရင်ခြင်းများသည်၊ စစ်တရားရုံးဖွဲ့စည်းသည့် အရာရှိက ညွှန်ကြားသည့်အစီအစဉ်အတိုင်းဖြစ်ရမည်။

(၃) စစ်တရားရုံးသည်၊ စွဲချက်လွှာအားလုံးနှင့်စပ်လျဉ်း၍၊ တရားခံအားစစ်ဆေးစီရင်ပြီးသောအခါ၊ စွဲချက်အားလုံးအတွက် ဆုံးဖြတ်ချက်သည်၊ "အပြစ်မရှိ" ဟူသော ဆုံးဖြတ်ချက်ဖြစ်နေသည့် ကိစ္စမျိုးတွင်၊ သီးခြားစွဲချက်လွှာများရှိ စွဲချက်အားလုံးသည်၊ စွဲချက်လွှာတစ်ခုတည်းတွင် ပါဝင်နေဘိသကဲ့သို့ နည်းဥပဒေ ၆၂ ကညွှန်ကြားသည့်အတိုင်း၊ ဆက်လက်ဆောင်ရွက်ရမည်။ ထို့ပြင် စွဲချက်များအနက်၊ စွဲချက်တစ်ခုအတွက်၊ သို့တည်းမဟုတ် တစ်ခုထက်ပိုသည့် စွဲချက်များအတွက်၊ ဆုံးဖြတ်ချက်သည်၊ "အပြစ်ရှိသည်" ဟူသော ဆုံးဖြတ်ချက်ဖြစ်နေသည့် ကိစ္စမျိုးတွင်၊ သီးခြားစွဲချက်လွှာများရှိ စွဲချက်အားလုံးသည်၊ စွဲချက်လွှာတစ်ခုတည်းတွင် ပါဝင်နေဘိသကဲ့သို့ နည်းဥပဒေ ၅၃ အပြင်၊ နည်းဥပဒေ ၆၃ မှ ၆၆ ထိ၊ ထိုနည်းဥပဒေနှစ်ခုလုံးအပါအဝင်ဖြစ်သော နည်းဥပဒေများက ညွှန်ကြားသည့်အတိုင်း၊ ဆက်လက်ဆောင်ရွက်ရမည်။ ထို့ပြင် ချမှတ်လိုက်သည့် ပြစ်ဒဏ်ချမှတ်ချက်သည်၊ စွဲချက်လွှာတစ်ခုတည်းတွင် စွဲချက်အားလုံး ပါဝင်နေဘိသကဲ့သို့ ထပ်တူအကျိုးသက်ရောက်ရမည်။

(၄) စွဲချက်လွှာတစ်ခုခုရှိ စွဲချက်အတွက်၊ တရားခံအား ပြစ်မှုထင်ရှားစီရင်သည့်ကိစ္စတွင်၊ နောက်စွဲချက်လွှာများအရ၊ ထိုသူအား စစ်ဆေးစီရင်ရန်မလိုဟု၊ စစ်တရားရုံးဖွဲ့စည်းသည့်အရာရှိက ညွှန်ကြားလျှင်၊ စစ်တရားရုံးသည်၊ အဆိုပါကိစ္စတွင်၊ နောင်စွဲချက်လွှာများအနက်၊ မည်သည့် စွဲချက်လွှာနှင့်မဆို စပ်လျဉ်း၍၊ ထိုသူအား စစ်ဆေးစီရင်ခြင်းမပြုဘဲ၊ နည်းဥပဒေခွဲ (၃) ပြဋ္ဌာန်းထားသည့် အတိုင်း ဆက်လက် ဆောင်ရွက်နိုင်သည်။

(၅) စွဲချက်လွှာတွင်၊ တစ်ခုထက်ပိုသည့် စွဲချက်များပါဝင်သောအခါ၊ တရားခံက၊ စွဲချက်များကို မခွဲခြားမီ၊ ထိုစွဲချက်လွှာပါ စွဲချက်တစ်ခုခုနှင့်ဖြစ်စေ၊ စွဲချက်များနှင့်ဖြစ်စေ၊ စပ်လျဉ်း၍ ခွဲခြားပြီးစစ်ဆေးစီရင်ခြင်းမပြုသည့်အတွက်၊ မိမိ၏ခုခံချေပရေးကို အနှောင့်အယှက်ဖြစ်စေမည်ဟု အကြောင်းပြလျက်၊ ထိုသို့ခွဲခြားပြီး စစ်ဆေးစီရင်ရန် တောင်းဆိုနိုင်သည်။ ထို့ပြင် ယင်းသို့တောင်းဆိုသည့် ကိစ္စမျိုးတွင်၊ တရားခံ၏ တောင်းဆိုချက်သည်၊ ယုတ္တိမရှိဟု စစ်တရားရုံးက ထင်မြင်သည့်အခါမှတစ်ပါး၊ အဆိုပါစွဲချက်ကို ဖြစ်စေ၊ စွဲချက်များကိုဖြစ်စေ၊ စစ်တရားရုံးဖွဲ့စည်းသည့်အရာရှိက၊ သီးခြားစွဲချက်လွှာများတွင် ထည့်သွင်းထားဘိသကဲ့သို့၊ စစ်တရားရုံးသည်၊ တရားခံအား စွဲချက်တင်၍၊ စစ်မေးပြီး စစ်ဆေးစီရင်ရမည်။

(၆) စွဲချက်လွှာပါ စွဲချက်တစ်ခုခုနှင့်စပ်လျဉ်း၍ "အပြစ်ရှိသည်" ဟူသော ဖြေကြားချက်တစ်ရပ်ကို၊ စစ်တရားရုံး၏ ဆုံးဖြတ်ချက်အဖြစ် ရေးသားချမှတ်ခဲ့လျှင်၊ စွဲချက်လွှာအားလုံးအတွက် ဆုံးဖြတ်ချက်

များကို ချမှတ်ပြီးသည့်အထိ၊ စစ်တရားရုံးသည်၊ နည်းဥပဒေ ၅၃ ၏ နည်းဥပဒေခွဲ (၃) နှင့် (၄) ပါ ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ခြင်းမပြုရ။

၇၉။ လျှို့ဝှက်တရားခွင်တွင်ရုံးထိုင်ခြင်း။ ။(၁) ဤနည်းဥပဒေများက၊ စစ်တရားရုံးတစ်ရုံးအား၊ လျှို့ဝှက်တရားခွင်တွင် ရုံးထိုင်ရန် ညွှန်ကြားသောအခါ၊ စစ်တရားရုံးသည်၊ လျှို့ဝှက်တရားခွင်တွင် ရုံးထိုင်ရမည်။ထို့ပြင် အဖွဲ့ဝင်များအချင်းချင်း ဆင်ခြင်သုံးသပ်မှု တစ်ခုခုကို ပြုကြသည့်၊ အခြားမည်သည့်ကိစ္စမျိုးတွင်မဆို၊ စစ်တရားရုံးသည်၊ လျှို့ဝှက်တရားခွင်တွင် ရုံးထိုင်နိုင်သည်။

(၂) လျှို့ဝှက်တရားခွင်တွင်၊ စစ်တရားရုံး၏အဖွဲ့ဝင်များ၊ စစ်ဥပဒေအရာရှိ ရှိခဲ့လျှင်၊ ထိုစစ်ဥပဒေအရာရှိ ထို့ပြင် သင်ကြားမှုခံယူနေသည့် အရာရှိများမှအပ၊ မည်သူမျှ မရှိစေရ။

(၃) ဤနည်းဥပဒေပါ အထက်ပြဋ္ဌာန်းချက်များအထမြောက်အောင် ဆောင်ရွက်ရန် အလို့ငှာ၊ စစ်တရားရုံးသည်၊ စဉ်းစားခန်းဝင်နိုင်သည်။ သို့တည်းမဟုတ် ရှိနေပိုင်ခွင့်မရှိသည့် အခြားသူ အားလုံးကို၊ မိမိတို့ရုံးအတွင်းမှ ဖယ်ရှားစေနိုင်သည်။

(၄) အထက်၌ဖော်ပြထားသည့်အတိုင်းမှတစ်ပါး၊ နေရာတစ်ခုခုကို ကြည့်ရှုခြင်း အပါအဝင်၊ အခြားမှုခင်းကိစ္စ ဆောင်ရွက်ခြင်းအားလုံးကို၊ နည်းဥပဒေခွဲ (၅) နှင့်မဆန့်ကျင်စေဘဲ၊ လူသိရှင်ကြားတရားခွင်တွင်၊ ထို့ပြင် တရားခံ၏မျက်မှောက်တွင် ပြုလုပ်ရမည်။

(၅) တရားခံမှတစ်ပါး၊ သက်သေခံရဦးမည်ဖြစ်သော သက်သေတစ်ဦးဦးကိုဖြစ်စေ၊ စစ်တရားရုံး၏ မှုခင်းကိစ္စဆောင်ရွက်ခြင်းများကို နှောင့်ယှက်သည့်အခြားသူတစ်ဦးဦးကိုဖြစ်စေ၊ စစ်တရားရုံး အတွင်းမှ ထုတ်ပစ်နိုင်သည့်အာဏာသည်၊ စစ်တရားရုံး၌ရှိရမည်။

၈၀။ ရုံးထိုင်ချိန်များ။ ။(၁) စစ်တရားရုံးသည်၊ နံနက်ခြောက်နာရီနှင့်မွန်းလွဲခြောက်နာရီအကြားတွင် သက်ဆိုင်ရာစစ်ဘက်အထက်အာဏာပိုင်က ညွှန်ကြားသည့်အချိန်၊ နာရီ နှင့် ကာလအပိုင်းအခြားအတွက်၊ ရုံးထိုင်နိုင်သည်။ ထိုသို့သော ညွှန်ကြားချက်မရှိသမျှ၊ ထိုအချိန် နာရီများအတွင်း၊ စစ်တရားရုံးက၊ အခါအားလျော်စွာသတ်မှတ်သည့် အချိန်နာရီနှင့် ကာလအပိုင်းအခြားအတွက် ရုံးထိုင်နိုင်သည်။ သို့သော်လည်း မည်သည့်နေ့တစ်နေ့တွင် မဆို၊ ခြောက်နာရီထက်ပို၍၊ မည်သည့်စစ်တရားရုံးမျှ ရုံးမထိုင်ရ။

(၂) မွန်းလွဲခြောက်နာရီနောက်၊ စစ်ဆေးစီရင်ခြင်းကို ဆက်လက်ဆောင်ရွက်ရန်၊ သို့တည်းမဟုတ် မည်သည့်နေ့တွင်မဆို ခြောက်နာရီထက်ပို၍၊ ရုံးထိုင်ရန်လိုအပ်သည်ဟု၊ စစ်တရားရုံးက ယူဆလျှင်၊ စစ်တရားရုံးသည်၊ လိုအပ်သည့်အတိုင်း ရုံးထိုင်နိုင်သည်။ သို့သော်လည်း၊ စစ်တရားရုံးက ထိုသို့ရုံးထိုင်လျှင်၊ ထိုသို့ရုံးထိုင်ခြင်းအတွက် အကြောင်းပြချက်ကို အမှုတွဲတွင် ရေးမှတ်ရမည်။

(၃) လက်တလောစံနမူနာပြရန်လိုသည့်အမှုမျိုးတွင်၊ သို့တည်းမဟုတ် စစ်တရားရုံးဖွဲ့စည်းသည့်အရာရှိက ပြည်သူ့အကျိုးအတွက် လိုအပ်သည်ဟု၊ တာဝန်ခံလက်မှတ်ရေးထိုးသည့် အမှုမျိုးတွင်၊ စစ်ဆေးစီရင်ခြင်းကို မည်သည့်အချိန်နာရီတွင်မဆို ပြုလုပ်နိုင်သည်။

(၄) တနင်္ဂနွေနေ့တွင်သော်လည်းကောင်း၊ တပ်မတော်အမိန့်များ၊ သို့တည်းမဟုတ် စစ်ဌာနချုပ်အမိန့်များအရ ရုံးပိတ်ရက်အဖြစ် ကြေညာသော အခြားနေ့တွင်သော်လည်းကောင်း၊ စစ်ဘက်လက်တလောလိုအပ်ခြင်းများကြောင့်ဖြစ်စေ၊ စစ်စည်းကမ်း၏ အကျိုးအတွက်ဖြစ်စေ၊ ရုံးထိုင်ရန် လိုအပ်သည်ဟု၊ စစ်တရားရုံးက၊ သို့တည်းမဟုတ် စစ်တရားရုံးဖွဲ့စည်းသည့်အရာရှိက၊ သို့တည်းမဟုတ် စစ်ဘက်အခြား အထက်အာဏာပိုင်က ထင်မြင်ယူဆလျှင်၊ ထိုသို့ထင်မြင်ယူဆသည့်အတိုင်း၊ စစ်တရားရုံးသည်၊ ရုံးထိုင်နိုင်သည်။ သို့သော်လည်း အခြားအကြောင်းကြောင့်၊ စစ်တရားရုံးသည်၊ ထိုရုံးပိတ်ရက်များအနက် မည်သည့် ရက်တွင်မျှ ရုံးမထိုင်ရ။

၈၁။ ။(၁) တရားပြောင်မှန်ရေးအတွက် ရုံးရွှေ့ဆိုင်းရန် လိုအပ်သည်ဟုဖြစ်စေ၊ စစ်ဆေးစီရင်ခြင်းကို အဆက်မပြတ်ဆောင်ရွက်ရန်မဖြစ်နိုင်ဟုဖြစ်စေ၊ မယူဆလျှင်၊ စစ်တရားရုံးသည်၊ ရုံးထိုင်ပြီး၊ တရားခံအား စွဲချက်တင်၍ စစ်မေးပြီးသည်နှင့်တစ်ပြိုင်နက်၊ နည်းဥပဒေ ၈၀ နှင့်အညီ စစ်ဆေးစီရင်ခြင်းကို၊ တစ်နေ့ပြီးတစ်နေ့ ဆက်လက်ဆောင်ရွက်ရမည်။

အဆက်မပြတ် စစ်ဆေးစီရင်ခြင်းနှင့် စစ်တရားရုံးရွှေ့ဆိုင်းခြင်း။

(၂) စစ်တရားရုံးသည်၊ အခါအားလျော်စွာ ရွှေ့ဆိုင်းနိုင်သည့်ပြင်၊ တစ်နေရာမှ တစ် နေရာသို့ ရွှေ့ပြောင်း၍လည်းရုံးထိုင်နိုင်သည်။ ထို့ပြင် စစ်တရားရုံးသည်၊ လိုအပ်သည့်အခါ၊ မည်သည့် နေရာကိုမဆို ကြည့်ရှုနိုင်သည်။

(၃) ထိုနေရာရှိ ဝါအရင့်ဆုံးအရာရှိကလည်း၊ စစ်ဘက်လက်တလောလိုအပ်ခြင်းများ အတွက်ကြောင့်၊ စစ်တရားရုံးကို ရွှေ့ဆိုင်းနိုင်သည်၊ သို့တည်းမဟုတ် ရွှေ့ဆိုင်းထားသည့်ကာလကို တိုးပေး နိုင်သည်။

(၄) စစ်တရားရုံးအတွက် စစ်ဥပဒေအရာရှိ ခန့်အပ်ပြီးဖြစ်လျှင်၊ ထိုစစ်ဥပဒေအရာရှိ မတက်ရောက်နိုင်သည့်အခါ၊ ထိုစစ်တရားရုံးသည်၊ ဆက်လက်စစ်ဆေးခြင်းမပြုဘဲ၊ ရွှေ့ဆိုင်းရမည်။

(၅) စစ်ဆေးစီရင်ခြင်း ရွှေ့ဆိုင်းထားသည့် အချိန်ကာလကို သီးခြားမဖော်ပြလျှင်၊ ထိုသို့ရွှေ့ဆိုင်းခြင်းသည်၊ သက်ဆိုင်ရာ စစ်ဘက်အာဏာပိုင်ထံမှ နောက်ထပ်အမိန့်များ ရသည်အထိဖြစ်ရမည်။ ထို့ပြင် စစ်တရားရုံး ရွှေ့ပြောင်းရုံးထိုင်မည့်နေရာကို သီးခြားမဖော်ပြလျှင်၊ စစ်တရားရုံးရွှေ့ပြောင်းရုံးထိုင်မည့် နေရာသည်၊ မူလနေရာပင်ဖြစ်ရမည်၊ သို့တည်းမဟုတ် သက်ဆိုင်ရာ စစ်ဘက်အာဏာပိုင်ထံမှ နောက်ထပ် အမိန့်များတွင် သီးခြားဖော်ပြထားသည့် အခြားနေရာဖြစ်ရမည်။

စစ်ဆေးစီရင်ခြင်းကို ဆိုင်းငံ့ထားခြင်း။

၈၂။ (၁) စစ်တရားရုံးထိုင်နေစဉ်တွင်၊ ကိစ္စတစ်ခုခုပေါ် ပေါက်သဖြင့်၊ ပုဒ်မ ၁၂၀ တွင် သီးခြားဖော်ပြထားသည့်အတိုင်း ဖျက်သိမ်းရမည့်အကြောင်းကြောင့် သော်လည်းကောင်း၊ အခြားအကြောင်းကြောင့်သော်လည်းကောင်း၊ စစ်တရားရုံးသည်၊ စစ်ဆေးစီရင်ခြင်းကို ဆက်လက်မဆောင်ရွက်နိုင်သည့်အခါ၊ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သောအရာရှိက၊ သို့တည်းမဟုတ် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သောအရာရှိ မရှိသည့်အခါ၊ ရှိနေသည့် ဝါအရင့်ဆုံးအဖွဲ့ဝင်က၊ အဖြစ်အပျက်အကြောင်းခြင်းရာများကို၊ စစ်တရားရုံးဖွဲ့စည်းသည့် အာဏာပိုင်ထံချက်ချင်းအစီရင်ခံရမည်။

(၂) ဆုံးဖြတ်ချက်မချမှတ်မီ၊ သို့တည်းမဟုတ် အပြစ်ရှိသည်ဟူသောဆုံးဖြတ်ချက်ချမှတ်သည့် ကိစ္စမျိုးတွင်၊ ပြစ်ဒဏ်ချမှတ်ချက်မချမှတ်မီ၊ စစ်တရားရုံးကို၊ ဖျက်သိမ်းသောအခါ၊ ထိုစစ်တရားရုံးရှေ့တွင် ဆောင်ရွက်သော မှုခင်းကိစ္စတစ်ခုလုံးသည်၊ ပျက်ပြယ်ရမည့်ပြင်၊ တရားခံကိုလည်း၊ အခြားစစ်တရားရုံးရှေ့တွင် စစ်ဆေးစီရင်နိုင်သည်။

တရားခံ သေဆုံးသည့်အခါ၊ သို့တည်းမဟုတ် ဖျားနာသည့်အခါ မှုခင်းကိစ္စဆောင်ရွက်ခြင်း။

၈၃။ စစ်ဆေးစီရင်ခြင်းကို ဆက်လက်ဆောင်ရွက်ရန် မဖြစ်နိုင်စေသည့်၊ တရားခံသေဆုံးခြင်းကိစ္စမျိုးတွင်သော်လည်းကောင်း၊ တရားခံ ဖျားနာခြင်းကိစ္စမျိုးတွင်သော်လည်းကောင်း၊ စစ်တရားရုံးသည်၊ သေဆုံးခြင်း၏ အကြောင်းခြင်းရာကိုဖြစ်စေ၊ ဖျားနာခြင်း၏ အကြောင်းခြင်းရာကို ဖြစ်စေ၊ သေချာစွာသိရှိနိုင်အောင် သက်သေခံချက်ယူ၍၊ ထိုအကြောင်းခြင်းရာကို ရေးမှတ်ပြီး၊ စစ်တရားရုံး ရွှေ့ဆိုင်းရမည်။ ထို့ပြင် အမှုတွဲကို၊ စစ်တရားရုံးဖွဲ့စည်းသည့် အာဏာပိုင်ထံ ပို့ရမည်။

ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော အရာရှိသေဆုံးခြင်း၊ နုတ်ထွက်ခြင်း၊ သို့တည်းမဟုတ် မရောက်ရှိခြင်း။

၈၄။ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သောအရာရှိသေဆုံးလျှင်၊ ကန့်ကွက်ခြင်းခံရသဖြင့် နုတ်ထွက်လျှင်၊ သို့တည်းမဟုတ် မလွှဲမရှောင်သာသဖြင့် မရောက်ရှိလျှင်၊ ဥက္ကဋ္ဌအောက် ဝါအရင့်ဆုံးအရာရှိက ဥက္ကဋ္ဌ၏နေရာတွင် ဆောင်ရွက်၍၊ တရားဥပဒေအရ ပါဝင်ရမည့် အရာရှိဦးရေအနည်းဆုံး အောက် မလျော့သော စစ်တရားရုံးအဖွဲ့ဝင်များ ရှိနေသေးလျှင်၊ စစ်ဆေးစီရင်ခြင်းကို ဆက်လက်ဆောင်ရွက်ရမည်။

စစ်ဆေးစီရင်ရာတစ်လျှောက်လုံး တွင် စစ်တရားရုံး၏အဖွဲ့ဝင် အားလုံးရှိခြင်း။

၈၅။ (၁) တရားခံအား စစ်ဆေးစီရင်ရာတွင်၊ သက်သေခံချက်အစိတ်အပိုင်းတစ်ခုခုကို ယူနေစဉ်၊ စစ်တရားရုံးတွင် ပါဝင်ရုံးထိုင်ရန် ပျက်ကွက်သူအဖွဲ့ဝင်သည်၊ ထိုစစ်တရားရုံးက၊ ထိုတရားခံအား စစ်ဆေးစီရင်ရာတွင် ဆက်လက်ပါဝင်ဆောင်ရွက်ခြင်းမပြုရ။ သို့သော်လည်း စစ်တရားရုံး

တွင် တရားဥပဒေအရပါဝင်ရမည့် အရာရှိဦးရေအနည်းဆုံးအောက်လျော့သွားခြင်းမရှိသမျှ စစ်တရားရုံးကို မထိခိုက်စေရ။

(၂) တရားခံအား စွဲချက်တင်၍ စစ်ဆေးပြီးသည့်နောက်၊ စစ်တရားရုံးချုပ်မှတစ်ပါး၊ အခြားစစ်တရားရုံးတွင်အရာရှိတစ်ဦးကို ဖြည့်စွက်ထည့်သွင်းခြင်းမပြုရ။

စစ်တရားရုံးအဖွဲ့ဝင်များ၏ ထင်မြင်ယူဆချက်များကို ရယူခြင်း။

၈၆။ ။ (၁) စစ်တရားရုံးက ဆုံးဖြတ်ရသည့် ပြဿနာတိုင်းအတွက်၊ စစ်တရားရုံး၏၊ အဖွဲ့ဝင်တိုင်းသည်၊ မိမိ၏ထင်မြင်ယူဆချက်ကို နှုတ်ဖြင့်ပေးရမည့်ပြင်၊ တရားသေလွှတ်ရန် မိမိထင်မြင်ယူဆချက်ကို ပေးပြီးစေကာမူ၊ ပြစ်ဒဏ်ချမှတ်ချက်နှင့် စပ်လျဉ်း၍လည်း၊ မိမိထင်မြင်ယူဆချက်ကို ပေးရမည်။

(၂) စစ်တရားရုံးအဖွဲ့ဝင်များ၏ ထင်မြင်ယူဆချက်များကို၊ အဆင့်အနိမ့်ဆုံးအဖွဲ့ဝင်မှ အစပြု၍ အစဉ်လိုက်ရယူရမည်။

စစ်ဆေးစီရင်နေစဉ်ဖြစ်ပေါ်လာသော ပြဿနာများနှင့် စပ်လျဉ်း၍ လိုက်နာရမည့်ကျင့်ထုံး။

၈၇။ ။ စစ်ဆေးစီရင်နေစဉ်၊ တရားဥပဒေကြောင်းကိစ္စ၊ သက်သေခံချက်ကိစ္စ၊ သို့တည်းမဟုတ် လိုက်နာရမည့် ကျင့်ထုံးကိစ္စနှင့်စပ်လျဉ်း၍၊ တရားလိုဘက် အမှုလိုက်အရာရှိကသော်လည်းကောင်း၊ ကန့်ကွက်လျှင် တရားခံကသော်လည်းကောင်း၊ တရားခံ၏ ကိုယ်စားသော်လည်းကောင်း၊ တရားလိုဘက် အမှုလိုက်အရာရှိ သို့တည်းမဟုတ် တရားခံ၊ သို့တည်းမဟုတ် ရှေ့နေ၊ သို့တည်းမဟုတ် တရားခံဘက် အရာရှိ ဆိုင်သင့်ရာရာက၊ ထိုကန့်ကွက်ချက်ကိုပြောကြားရန်၊ အခွင့်အရေးရရှိရမည့်ပြင်၊ ကန့်ကွက်သူ ကလည်း၊ ပြန်လည်ချေပရန်၊ အခွင့်အရေးရရှိရမည်။

တရားခံ အများအပြားအား စစ်ဆေးစီရင်ရန် စစ်တရားရုံးက ကျမ်းသစ္စာပြုခြင်း။

၈၈။ ။ (၁) စုပေါင်း၍ စစ်ဆေးစီရင်ခြင်းကိုဖြစ်စေ၊ သီးခြားစစ်ဆေးစီရင်ခြင်းကိုဖြစ်စေ၊ ခံကြရမည့်၊ စစ်တရားရုံးရှေ့ရှိ တရားခံဦးရေ မည်မျှမည်မျှကို မဆို စစ်ဆေးစီရင်ရန်၊ စစ်တရားရုံးသည်၊ တစ်ကြိမ်သာ ကျမ်းသစ္စာ၊ သို့တည်းမဟုတ် ကတိသစ္စာပြုနိုင်သည်။ တရားခံအသီးသီးမှာ၊ စစ်တရားရုံး၏ အဖွဲ့ဝင်များအား၊ ကန့်ကွက်ပိုင်ခွင့်ကို ရရှိရမည့်ပြင်၊ အဖွဲ့ဝင်တစ်ဦးဦးကို ကန့်ကွက်လိုမလို၊ တရားခံအသီးသီးအား တစ်ဦးစီမေးမြန်းရမည်။

(၂) သီးခြားစစ်ဆေးစီရင်ခြင်းကို ခံရမည့်တရားခံအများအပြားပါရှိသောအမှုတွင်၊ တရားခံတစ်ဦးဦးက အဖွဲ့ဝင်တစ်ဦးအား ကန့်ကွက်သောအခါ၊ စစ်တရားရုံးသည်၊ မိမိသင့်လျော်သည်ထင်သည့်အတိုင်း၊ ထိုကန့်ကွက်ချက်ကို ဆုံးဖြတ်ရန် ဆက်လက်ဆောင်ရွက်နိုင်သည်၊ သို့တည်းမဟုတ် ထိုကန့်ကွက်

သော တရားခံ၏အမှုကို ရွှေ့ဆိုင်းနိုင်သည်။ ထို့ပြင် အခြားတရားခံများကိုသာ စစ်ဆေးစီရင်ရန်၊ စစ်တရားရုံး၏ အဖွဲ့ဝင်များအား ကျမ်းသစ္စာ၊ သို့တည်းမဟုတ် ကတိသစ္စာပြုစေနိုင်သည်။

(၃) သီးခြားစစ်ဆေးစီရင်ခြင်းခံရမည့် တရားခံအများအပြားပါရှိသောအမှုတွင်၊ စစ်တရားရုံးသည် ကျမ်းသစ္စာ၊ သို့တည်းမဟုတ် ကတိသစ္စာပြုပြီးသောအခါ၊ အခြားအမှုများကို ရွှေ့ဆိုင်း၍၊ အမှုတစ်ခုကိုသာ စစ်ဆေးရမည်။ ထို့နောက် အဆိုပါ အခြားအမှုများကို၊ တစ်မှုပြီးတစ်မှုစစ်ဆေးရမည်။

(၄) မှုခင်းကိစ္စတစ်ခုတည်းက ပေါ်ပေါက်သည့် စွဲချက်များအတွက်၊ စစ်တရားရုံးတစ်ရုံးတည်းက၊ တရားခံအများအပြားအား၊ သီးခြားစစ်ဆေးစီရင်သောအခါ၊ တရားမျှတမှုအတွက် လိုအပ်သည်ဟု၊ စစ်တရားရုံးက ထင်မြင်ယူဆလျှင်၊ စစ်တရားရုံးသည်၊ အဆိုပါတရားခံများအနက်၊ တရားခံတစ်ဦးအား သော်လည်းကောင်း၊ တစ်ဦးထက်ပိုသော တရားခံများအားသော်လည်းကောင်း၊ ချမှတ်ရန်ဖြစ်သော ပြစ်ဒဏ်ချမှတ်ချက်တစ်ရပ်ရပ် စဉ်းစားခြင်းကို၊ ထိုတရားခံအားလုံးနှင့် စပ်လျဉ်းသည့် စစ်ဆေးစီရင်ခြင်း ပြီးပြတ်သည်အထိ၊ ရွှေ့ဆိုင်းထားနိုင်သည်။

၇၉။ ။(၁) စစ်ဆေးစီရင်နေစဉ်၊ မည်သည့်အချိန်တွင်မဆို၊ စစ်တရားရုံးက၊ လိုအပ်သည်ဟု ယူဆလျှင်၊ မျက်နှာမလိုက်မည့်သူတစ်ဦးအား၊ စကားပြန်အဖြစ် ဆောင်ရွက်ရန် ကျမ်းသစ္စာ၊ သို့တည်းမဟုတ် ကတိသစ္စာပြုစေနိုင်သည်။ ထို့ပြင် တရားလိုဘက်အမှုလိုက်အရာရှိက ဖြစ်စေ၊ တရားခံကဖြစ်စေ၊ ယုတ္တိတန်သော အကြောင်းတစ်ခုခုပြလျက်တောင်းဆိုလျှင် မျက်နှာမလိုက်မည့်သူတစ်ဦးအား စကားပြန်အဖြစ် ဆောင်ရွက်ရန် ကျမ်းသစ္စာ၊ သို့တည်းမဟုတ် ကတိသစ္စာပြုစေရမည်။

စကားပြန်နှင့်လက်ရေးတို စာရေးကျမ်းသစ္စာပြုခြင်း။

(၂) စစ်ဆေးစီရင်နေစဉ်၊ မည်သည့်အချိန်တွင်မဆို၊ လိုအပ်သည်ဟု စစ်တရားရုံးက ယူဆလျှင်၊ မျက်နှာမလိုက်မည့်သူတစ်ဦးအား၊ လက်ရေးတိုစာရေးအဖြစ်ဆောင်ရွက်ရန် ကျမ်းသစ္စာ၊ သို့တည်းမဟုတ် ကတိသစ္စာပြုစေနိုင်သည်။

(၃) တစ်ဦးတစ်ယောက်သောသူအား စကားပြန်တစ်ဦးအဖြစ်သော်လည်းကောင်း၊ လက်ရေးတို စာရေးအဖြစ်သော်လည်းကောင်း၊ ကျမ်းသစ္စာ၊ သို့တည်းမဟုတ် ကတိသစ္စာမပြုစေမီ၊ မည်သူ့ကို ကျမ်းသစ္စာ၊ သို့တည်းမဟုတ် ကတိသစ္စာပြုစေရန် ရည်စူးထားကြောင်းကို၊ တရားခံအား ပြောပြရမည့်ပြင်၊ တရားခံကလည်း ထိုသူသည်၊ မျက်နှာမလိုက်မည့်သူမဟုတ်ဟုဖြစ်စေ၊ ယုတ္တိတန်သော အကြောင်းတစ်ခုခုကို ပြလျက်ဖြစ်စေ၊ ထိုသူအား ကန့်ကွက်နိုင်သည်။ ထို့ပြင် ယုတ္တိတန်သော ကန့်ကွက်ချက်ဖြစ်သည်ဟု၊ စစ်တရားရုံးက ယူဆလျှင်၊ ထိုသူအား၊ စကားပြန်အဖြစ်သော်လည်းကောင်း၊ လက်ရေးတိုစာရေးအဖြစ် သော်လည်းကောင်း၊ ကျမ်းသစ္စာ၊ သို့တည်းမဟုတ် ကတိသစ္စာမပြုစေရ။

သက်သေခံချက်ကို မည်သည့်အခါတွင် ဘာသာပြန်ဆိုရခြင်း။

၉၀။ ။ စစ်တရားရုံးတွင်ပါဝင်သောအရာရှိများအနက်၊ အရာရှိတစ်ဦးဦးဖြစ်စေ၊ စစ်ဥပဒေအရာရှိဖြစ်စေ၊ တရားလိုဘက်အမှုလိုက်အရာရှိဖြစ်စေ၊ တရားခံဖြစ်စေ၊ တရားခံဘက်အရာရှိဖြစ်စေ၊ တရားခံ၏ရှေ့နေဖြစ်စေ၊ နားမလည်သောဘာသာစကားဖြင့်၊ သက်သေခံချက်တစ်ခုခုကိုပေးသောအခါ၊ အဆိုပါသက်သေခံချက်ကို၊ ထိုအရာရှိ၊ သို့တည်းမဟုတ် ထိုသူနားလည်သည့် ဘာသာစကားဖြင့် ပြန်ဆိုပြောပြရမည်။ စစ်တရားရုံးဖွဲ့စည်းသည့်အရာရှိက၊ ထိုဘာသာစကားကို နားလည်သည့်စကားပြန်တစ်ဦးအား ခန့်အပ်ပြီးဖြစ်၍၊ နည်းလမ်းတကျ ကျမ်းသစ္စာ၊ သို့တည်းမဟုတ် ကတိသစ္စာပြုစေပြီးဖြစ်လျှင်၊ သက်သေခံချက်ကို၊ ထို စကားပြန်က ပြန်ဆိုပြောပြရမည်။ ထိုစကားပြန်ကို ခန့်အပ်၍ ကျမ်းသစ္စာ၊ သို့တည်းမဟုတ် ကတိသစ္စာမပြုစေရသေးလျှင်၊ နည်းဥပဒေ ၈၉ က ပြဋ္ဌာန်းထားသည့်အတိုင်း၊ စစ်တရားရုံးသည်၊ မျက်နှာမလိုက်မည့်သူတစ်ဦးအား ကျမ်းသစ္စာ၊ သို့တည်းမဟုတ် ကတိသစ္စာပြုစေရမည်။ နည်းလမ်းတကျ သက်သေခံအထင်အရှားပြစေခြင်းအလို့ငှာ၊ စာတမ်းအမှတ်အသားများကို ကင်းသွင်းသောအခါ၊ လိုအပ်သည်ဟု ထင်မြင်ယူဆသမျှကို ဘာသာပြန်ဆိုစေရန်မှာ၊ စစ်တရားရုံး၏ သဘောအတိုင်းဖြစ်စေရမည်။

စစ်တရားရုံး၏ ဆောင်ရွက်မှုများကို အမှုတွဲတွင်ရေးမှတ်ခြင်း။

၉၁။ ။ (၁) စစ်တရားရုံးတွင်၊ စစ်ဥပဒေအရာရှိကဖြစ်စေ၊ စစ်ဥပဒေအရာရှိ မရှိလျှင်၊ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော အရာရှိကဖြစ်စေ၊ ထိုစစ်တရားရုံး၏ ဆောင်ရွက်မှုအားလုံးကို၊ မြန်မာဘာသာဖြင့်သော်လည်းကောင်း၊ အင်္ဂလိပ်ဘာသာဖြင့်သော်လည်းကောင်း၊ ရေးမှတ်ရမည့်ပြင်၊ သို့တည်းမဟုတ် ရေးမှတ်စေရမည့်ပြင်၊ မှတ်တမ်း (ဤနည်းဥပဒေများတွင် အမှုတွဲဟု ရည်ညွှန်းထားသည်) ၏ တိကျမှန်ကန်ခြင်းအတွက် တာဝန်ခံရမည်။ ထို့ပြင် စစ်ဥပဒေအရာရှိအား၊ တရားခံက သက်သေတစ်ဦးအဖြစ်ခေါ်လျှင်၊ အမှုတွဲတွင်၊ စစ်ဥပဒေအရာရှိ၏ သက်သေခံရေးမှတ်ချက်၏ တိကျမှန်ကန်ခြင်းအတွက် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သောအရာရှိက တာဝန်ခံရမည်။

(၂) ထွက်ဆိုသည့် စကားလုံးများကို သုံးနိုင်သမျှသုံးလျက်၊ အဖြစ်အပျက်ပြောပြပုံအတိုင်း သက်သေခံချက်ကို ရေးယူရမည်။ သို့သော်လည်း တရားလိုဘက် အမှုလိုက်အရာရှိကဖြစ်စေ၊ တရားခံကဖြစ်စေ၊ စစ်ဥပဒေအရာရှိကဖြစ်စေ၊ စစ်တရားရုံးကဖြစ်စေ၊ အရေးပါအရာရောက်သည်ဟု ယူဆသည့်အခါမျိုးတွင်၊ မေးခွန်းနှင့်အဖြေကို လုံးစေ့ပတ်စေ့ရေးယူရမည်။

(၃) မေးခွန်းတစ်ခုခုနှင့်ဖြစ်စေ၊ သက်သေခံချက်တစ်ခုခုကို လက်ခံခြင်းနှင့်ဖြစ်စေ၊ စစ်တရားရုံးက လိုက်နာရမည့်ကျင့်ထုံးနှင့်ဖြစ်စေ၊ စပ်လျဉ်း၍ ကန့်ကွက်ချက်တစ်ရပ်ကို ပြုလုပ်သည့်အခါ၊ တရားလိုဘက်အမှုလိုက်အရာရှိကသော်လည်းကောင်း၊ တရားခံကသော်လည်းကောင်း၊ တောင်းဆိုလျှင်၊ သို့တည်းမဟုတ် စစ်တရားရုံးက သင့်လျော်သည်ဟု ယူဆလျှင်၊ ထိုကန့်ကွက်ချက်ကို အကြောင်းပြချက်များနှင့်အတူတကွ၊ ထို့ပြင် ထိုကန့်ကွက်ချက်နှင့်စပ်လျဉ်း၍ စစ်တရားရုံးက ချမှတ်သည့်ဆုံးဖြတ်ချက်ကိုပါ၊

အမှုတွဲတွင် ရေးသွင်းရမည်။

(၄) တရားလိုဘက် အမှုလိုက်အရာရှိကဖြစ်စေ၊ တရားလိုဘက်အမှုလိုက်အရာရှိကိုယ်စားဖြစ်စေ၊ တရားခံကဖြစ်စေ၊ တရားခံကိုယ်စားဖြစ်စေ၊ ပေးသော လျှောက်ထားချက်တစ်ခုခုသည်၊ ရေးသားထားသည့် လျှောက်ထားချက်မဟုတ်သည့်အခါမျိုးတွင် ထိုလျှောက်ထားချက်ကို အမှုတွဲတွင် စစ်တရားရုံးကသင့်သည် ထင်မြင်သည်ထက်ပို၍ ရေးမှတ်ရန်မလို။ သို့ရာတွင် —

(က) တရားခံအားစွဲဆိုထားသည့် စွဲချက်အသီးသီးနှင့်စပ်လျဉ်း၍၊ တရားခံက ဖြစ်စေ၊ တရားခံ၏ကိုယ်စားဖြစ်စေ၊ ပြုလုပ်သည့်ချေပချက်ကို၊ အတည်ပြုအာဏာပိုင်အား ချင့်ချိန်ဆုံးဖြတ်နိုင်စေရန်၊ ခုခံချေပချက်ကို၊ အမှုတိုင်းတွင်၊ စစ်တရားရုံးက ရေးမှတ်ရမည်။ ထို့ပြင်

(ခ) တရားလိုဘက် အမှုလိုက်အရာရှိကဖြစ်စေ၊ တရားလိုဘက်အမှုလိုက်အရာရှိကိုယ်စား ဖြစ်စေ၊ တရားခံကဖြစ်စေ၊ တရားခံကိုယ်စားဖြစ်စေ၊ ပေးသောလျှောက်ထားချက်ပါ သီးခြားဖြစ်သည့် အကြောင်းအရာများကိုလည်း၊ တရားလိုဘက် အမှုလိုက်အရာရှိ ကသော်လည်းကောင်း၊ တရားခံကသော်လည်းကောင်း ရေးမှတ်စေလိုလျှင် စစ်တရားရုံးက ရေးမှတ်ရမည်။

(၅) မည်သည့်ဝေဖန်ချက်၊ သို့တည်းမဟုတ် အကြောင်းအရာမဆို၊ စစ်တရားရုံးရှေ့တွင်သွင်းသည့် ဝေဖန်ချက်၊ သို့တည်းမဟုတ် အကြောင်းအရာမဟုတ်လျှင်၊ သို့တည်းမဟုတ် အကြောင်းခြင်းရာတစ်ခုခုနှင့် စပ်လျဉ်း၍ မည်သည့်အစီရင်ခံစာမဆို၊ စစ်ဆေးစီရင်မှုတွင် တစ်စိတ်တစ်ဒေသအဖြစ် မပါဝင်လျှင်၊ စစ်တရားရုံးသည်၊ ထိုဝေဖန်ချက်၊ သို့တည်းမဟုတ် ထိုအကြောင်းအရာကိုသော်လည်းကောင်း၊ ထိုအစီရင်ခံစာကိုသော်လည်းကောင်း၊ အမှုတွဲတွင် ရေးသွင်းခြင်းမပြုရ။ သို့သော်လည်း မည်သည့်ဝေဖန်ချက်၊ သို့တည်းမဟုတ် အစီရင်ခံစာမဆို၊ လိုအပ်သော ဝေဖန်ချက်၊ သို့တည်းမဟုတ် အစီရင်ခံစာဖြစ်သည်ဟု စစ်တရားရုံးက ယူဆလျှင်၊ စစ်တရားရုံးသည်၊ ထိုဝေဖန်ချက်ကို၊ သို့တည်းမဟုတ် ထိုအစီရင်ခံစာကို၊ သီးခြားစာတမ်း အမှတ်အသားတွင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သောအရာရှိက လက်မှတ်ရေးထိုး၍ သက်ဆိုင်ရာ စစ်ဘက် အာဏာပိုင်ထံ ပေးပို့နိုင်သည်။

၉၂။ ။ စစ်ဥပဒေအရာရှိ ရှိခဲ့လျှင်၊ ထိုစစ်ဥပဒေအရာရှိက၊ သို့တည်းမဟုတ် စစ်ဥပဒေအရာရှိ မရှိခဲ့လျှင်၊ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သောအရာရှိက အမှုတွဲကို ထိန်းသိမ်းထားသည်ဟု မှတ်ယူရမည်။ သို့သော်လည်း ဆုံးဖြတ်ချက်ကို၊ လျှို့ဝှက်တရားခွင်တွင်၊ စစ်တရားရုံးက စဉ်းစားခြင်းမပြုမီ၊ သင့်လျော်သောအချိန်များ၌၊ အမှုတွဲ၏ လုံခြုံရေးအတွက် သင့်လျော်သော ကြိုတင်စီမံမှုပြုလုပ်လျက်၊ စစ်တရားရုံးအဖွဲ့ဝင်များ၊ တရားလိုဘက်အမှုလိုက်အရာရှိနှင့် တရားခံက၊ အမှုတွဲကို၊ အသီးသီးကြည့်ရှု

အမှုတွဲကို ထိန်းသိမ်းထားခြင်းနှင့် ကြည့်ရှုစစ်ဆေးခြင်း။

စစ်ဆေးနိုင်သည်။

ဆုံးဖြတ်ချက်ချမှတ်ပြီးသည့်နောက် အမှုတွဲကို ပေးပို့ခြင်း။

၉၃။ ။ အမှုတွဲထိန်းသိမ်းထားသူသည်၊ အမှုတွဲကို၊ စစ်တရားရုံးဖွဲ့စည်းသည့်အမိန့်ဖြင့် ညွှန်ကြားထားသူထံ၊ သို့တည်းမဟုတ် ထိုသို့သော ညွှန်ကြားချက် မပြုလျှင်၊ အတည်ပြုအရာရှိထံ ချက်ခြင်းပေးပို့ရမည်။

တရားခံဘက်အရာရှိ၊ တရားခံ၏မိတ်ဆွေနှင့်ရှေ့နေ။

တရားခံဘက်အရာရှိနှင့်တရားခံ၏ မိတ်ဆွေ။

၉၄။ ။ (၁) စစ်တရားရုံးချုပ်တွင်ဖြစ်စေ၊ တိုင်းစစ်တရားရုံးတွင်ဖြစ်စေ၊ တရားခံ၏ကိုယ်စား ဆောင်ရွက်သောရှေ့နေမရှိလျှင်၊ အက်ဥပဒေကို လိုက်နာရသော အရာရှိတစ်ဦးဦးက၊ တရားခံ၏ကိုယ်စား ဆောင်ရွက်နိုင်သည်။ ထိုအရာရှိကို "တရားခံဘက်အရာရှိ" ဟုခေါ်ရမည်။ သို့တည်းမဟုတ် တရားခံက တစ်ဦးတစ်ယောက်သော သူ၏အကူအညီကိုရယူနိုင်လျှင်၊ ထိုသူက တရားခံအားကူညီနိုင်သည်။ ထိုသူကို "တရားခံ၏မိတ်ဆွေ" ဟု ခေါ်ရမည်။

(၂) ကိုယ်စားဆောင်ရွက်မည့်သူမရှိသေးသည့် တရားခံတစ်ဦးက၊ မိမိအား စစ်ဆေးစီရင်ရာတွင်၊ ကိုယ်စားဆောင်ရွက်ရန် တာဝန်ပေးအပ်ခြင်းခံရသော၊ တရားခံဘက်အရာရှိတစ်ဦးကိုအလိုရှိ မရှိ အမှန်သိရှိအောင်ပြုလုပ်ရန်မှာ၊ စစ်တရားရုံးဖွဲ့စည်းသည့် အရာရှိ၏တာဝန်ဖြစ်ရမည်။ ထို့ပြင်တရားခံက၊ ထိုသို့ အလိုရှိလျှင်၊ သင့်လျော်သောအရာရှိတစ်ဦးအား၊ တရားခံ၏ကိုယ်စားဆောင်ရွက်စေရန်၊ စစ်တရားရုံး ဖွဲ့စည်းသည့်အရာရှိသည်၊ အစွမ်းကုန်ကြိုးပမ်းရမည်။ စစ်ဘက်လတ်တလော လိုအပ်ခြင်းများကြောင့်သော်လည်းကောင်း၊ အခြားအကြောင်းတစ်ခုခုကြောင့်သော်လည်းကောင်း၊ စစ်တရားရုံးဖွဲ့စည်းသည့်အရာရှိသည်၊ တရားခံဘက်အရာရှိအဖြစ် ဆောင်ရွက်ရန်အတွက်၊ သင့်လျော်သောအရာရှိကို မရရှိနိုင်ဟု ယူဆရလျှင်၊ စစ်တရားရုံး၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သောအရာရှိထံ၊ နို့တစ်စာတစ်စောင်ကို ပေးရမည့်ပြင်၊ ထိုနို့တစ်စာကိုလည်း အမှုတွဲတွင် ပူးတွဲထားရမည်။

(၃) တရားခံဘက်အရာရှိသည်၊ ဤနည်းဥပဒေများအရ ရှေ့နေရရှိသည့် အခွင့်အရေးများကို ရရှိ၍၊ ရှေ့နေဆောင်ရွက်ရသည့် အလုပ်ဝတ္တရားများကို ဆောင်ရွက်ရမည့်ပြင်၊ ရှေ့နေခံယူရသည့် တာဝန်များကိုလည်း ခံယူရမည်။

(၄) တရားခံ၏မိတ်ဆွေသည်၊ တရားခံအား၊ လိုရင်းအချက်အားလုံးနှင့်စပ်လျဉ်း၍၊ အကြံဉာဏ်ပေးနိုင်သည့်ပြင်၊ သက်သေများအားမေးရန် မေးခွန်းများနှင့်စပ်လျဉ်း၍လည်း၊ အကြံပေးနိုင်သည်။ သို့သော်လည်းတရားခံ၏မိတ်ဆွေသည်၊ သက်သေများအားစစ်မေးခြင်းကိုသော်လည်းကောင်း၊ ပြန်လှန်စစ်မေးခြင်းကိုသော်လည်းကောင်း၊ မပြုရ၊ သို့တည်းမဟုတ် စစ်တရားရုံးအား လျှောက်ထားခြင်းမပြုရ။

၉၅။ ။ (၁) စစ်တရားရုံးချုပ်နှင့် တိုင်းစစ်တရားရုံးသို့ ရှေ့နေတက်ရောက်ခွင့်ပြုသင့်သည်ဟု၊ ကာကွယ်ရေးဦးစီးချုပ်ကဖြစ်စေ၊ စစ်တရားရုံးဖွဲ့စည်းသည့် အရာရှိကဖြစ်စေ၊ ကြေညာလျှင်၊ ဤနည်းဥပဒေများနှင့် မဆန့်ကျင်စေဘဲ၊ တရားလိုဘက် အမှုလိုက်အရာရှိကိုယ်စား၊ ထို့ပြင် တရားခံကိုယ်စား၊ စစ်တရားရုံးချုပ်နှင့် တိုင်းစစ်တရားရုံးတွင် ရှေ့နေတက်ရောက်ခွင့်ပြုရမည်။ ထို့ပြင် သီးခြားနေရာတစ်ခုခုတွင် ရုံးထိုင်သည့် စစ်တရားရုံးချုပ်အားလုံးနှင့်လည်းကောင်း၊ တိုင်းစစ်တရားရုံးအားလုံးနှင့်လည်းကောင်း။ စပ်လျဉ်း၍၊ သို့တည်းမဟုတ် သီးခြားစစ်တရားရုံးချုပ်တစ်ခုခုနှင့်ဖြစ်စေ၊ သီးခြားတိုင်းစစ်တရားရုံးတစ်ခုခုနှင့်ဖြစ်စေ၊ စပ်လျဉ်း၍၊ ထိုကြေညာချက်ကိုပြုလုပ်နိုင်သည်။ ထို့ပြင် တန်းပြည့်စစ်မှုထမ်းချိန်တွင် ဖြစ်သည့် အမှုများနှင့်ဖြစ်စေ၊ အခြားအမှုများနှင့်ဖြစ်စေ၊ စပ်လျဉ်း၍သင့်လျော်မည်ထင်သည့် ခြွင်းချက်များထားလျက်၊ ထိုကြေညာချက်ကို ပြုလုပ်နိုင်သည်။

စစ်တရားရုံးချုပ်နှင့် တိုင်းစစ်တရားရုံးအချို့တွင် ရှေ့နေကို ခွင့်ပြုခြင်း။

(၂) နည်းဥပဒေ ၉၅ တွင် ပြဋ္ဌာန်းထားသည့်အတိုင်းမှတစ်ပါး ရှေ့နေနှင့်သက်ဆိုင်သည့် နည်းဥပဒေများသည်၊ ဤနည်းဥပဒေအရ ရှေ့နေများအား တက်ရောက်ခွင့်ပြုသော စစ်တရားရုံးနှင့်သာ သက်ဆိုင်စေရမည်။

၉၆။ ။ (၁) တရားခံသည်၊ မိမိအတွက်၊ ရှေ့နေအား ကိုယ်စားဆောင်ရွက်စေရန် ကြံရွယ်သောအခါ၊ မိမိ၏တပ်မှူးကိုဖြစ်စေ၊ စစ်တရားရုံးဖွဲ့စည်းသည့် အရာရှိကိုဖြစ်စေ၊ ထိုသို့ကြံရွယ်ကြောင်း၊ ဆောလျင်နိုင်သမျှ ဆောလျင်စွာ၊ ကြိုတင်အကြောင်းကြားရမည်။ ထို့ပြင် အချိန်လုံလောက်စွာ ကြိုတင်အကြောင်းမကြားခဲ့လျှင်၊ တရားလိုဘက် အမှုလိုက်အရာရှိက လျှောက်ထားသည့်အခါ၊ စစ်ဆေးစီရင်ရာ၌၊ တရားလိုဘက်အမှုလိုက်အရာရှိ၏ကိုယ်စား ဆောင်ရွက်ရန် ရှေ့နေတစ်ဦးကို၊ တရားလိုဘက် အမှုလိုက်အရာရှိက ရရှိနိုင်စေခြင်းငှာ၊ စစ်တရားရုံးသည်၊ သင့်လျော်မည်ဟု ထင်လျှင်၊ ရွှေ့ဆိုင်းနိုင်သည်။

ရှေ့နေတက်ရောက်ရန်အတွက် လိုအပ်ချက်များ။

(၂) တရားလိုဘက် အမှုလိုက်အရာရှိကိုယ်စား ရှေ့နေတက်ရောက်နိုင်သည်ဟု၊ စစ်တရားရုံးဖွဲ့စည်းသည့်အရာရှိက ညွှန်ကြားလျှင်၊ ရှေ့နေသည် တရားလိုဘက်အမှုလိုက်အရာရှိကိုယ်စား တက်ရောက်နိုင်သည်။ သို့သော်လည်း ထိုသို့ရှေ့နေက တရားလိုဘက် အမှုလိုက်အရာရှိကိုယ်စားတက်ရောက်မည်ဆိုပါက၊ နည်းဥပဒေခွဲ (၁) တွင် ရည်ညွှန်းပြီးသည့်အတိုင်း တရားခံက အကြောင်းမကြားလျှင်၊ စစ်ဆေးစီရင်ရာတွင်၊ တရားခံအား ကူညီရန်၊ ရှေ့နေကို၊ တရားခံက ရယူနိုင်မည်ဟု၊ စစ်တရားရုံးက ထင်မြင်ယူဆသည့် စစ်ဆေးစီရင်ခြင်းမပြုလုပ်မီအချိန်တွင် (မည်သို့ပင်ဖြစ်စေ ခုနစ်ရက်အောက်မလျော့စေဘဲ) ရှေ့နေတက်ရောက်ရန်အတွက် ညွှန်ကြားကြောင်း၊ တရားခံအား အကြောင်းကြားရမည်။

(၃) တရားလိုဘက်အမှုလိုက်အရာရှိကိုယ်စားဖြစ်စေ၊ တရားခံကိုယ်စားဖြစ်စေ၊ စစ်တရားရုံးတစ်ရုံးတွင် တက်ရောက်သော ရှေ့နေမှာ၊ မိမိအား ကိုယ်စားဆောင်ရွက်စေသည့် တရားလိုဘက်အမှုလိုက်

အရာရှိကဲ့သို့ဖြစ်စေ၊ မိမိအား ကိုယ်စားဆောင်ရွက်စေသည့် တရားခံကဲ့သို့ဖြစ်စေ၊ သက်သေများကိုခေါ်၍ နှုတ်ဖြင့်စစ်မေးရန်၊ ပြန်လှန်စစ်မေးရန်၊ ထို့ပြင် ထပ်မံစစ်မေးရန်၊ ကန့်ကွက်ချက်တစ်ရပ်ကိုတင်သွင်းရန်၊ ထွက်ဆိုချက်တစ်ရပ်ကိုပေးရန်၊ စစ်တရားရုံးကို လျှောက်ထားရန်၊ လျှောက်လဲချက်တစ်ခုခုကို တင်သွင်းရန်နှင့် အမှုတွဲကို ကြည့်ရှုစစ်ဆေးရန် ထပ်တူအခွင့်အရေးရှိရမည်။ ထို့ပြင် စစ်ဆေးစီရင်နေစဉ်တွင်၊ ထိုရှေ့နေမှာ၊ မိမိအား ကိုယ်စားဆောင်ရွက်စေသည့်သူအစား၊ အခြားကိစ္စများကိုလည်း ဆောင်ရွက်နိုင်ခွင့်ရှိရမည်။ ထို့ပြင် ထိုရှေ့နေသည်၊ မိမိအား ကိုယ်စားဆောင်ရွက်စေသည့်သူဖြစ်ဘိသကဲ့သို့၊ ဤနည်းဥပဒေများကို လိုက်နာရမည့်ပြင်၊ ထိုကိစ္စမျိုးတွင်၊ နည်းဥပဒေ ၅၇၊ နည်းဥပဒေခွဲ (၁) အပိုဒ် (က) နှင့် နည်းဥပဒေ ၅၈၊ နည်းဥပဒေခွဲ (၁) ကခွင့်ပြုသော ထွက်ဆိုချက်နှင့်စပ်လျဉ်းသမျှမှတစ်ပါး၊ သို့တည်းမဟုတ် စစ်တရားရုံးက၊ ထိုသူကို ပြုလုပ်ခွင့်ပေးထားသမျှမှတစ်ပါး၊ အထက်ဆိုခဲ့ပြီးသော ကိစ္စများအနက်၊ မည်သည့်ကိစ္စကိုမျှ ထိုရှေ့နေအား ကိုယ်စားဆောင်ရွက်စေသည့်သူမှာ၊ ကိုယ်တိုင်ဆောင်ရွက်ခွင့်မရှိစေရ။

(၄) တရားလိုဘက် အမှုလိုက်အရာရှိကိုယ်စား၊ ရှေ့နေတက်ရောက်သောအခါ၊ တရားလိုဘက် အမှုလိုက်အရာရှိအား၊ သက်သေတစ်ဦးအဖြစ်ဖြင့်ခေါ်လျှင်၊ ထိုအရာရှိကို၊ အခြားသက်သေတစ်ဦးဦးကဲ့သို့၊ စစ်မေးနိုင်သည့်ပြင်၊ ထပ်မံစစ်မေးနိုင်သည်။ ထို့ပြင် နည်းဥပဒေ ၅၅ ၏ နည်းဥပဒေခွဲ (၅) နည်းဥပဒေခွဲ (၆) တို့နှင့် မသက်ဆိုင်စေရ။

၉၇။ ။ တရားလိုဘက်အမှုလိုက်အရာရှိကိုယ်စား တက်ရောက်သောရှေ့နေမှာ၊ တရားလိုဘက်အမှုလိုက်အရာရှိ၏ တာဝန်နှင့် ထပ်တူဖြစ်သော တာဝန်ရှိရမည့်ပြင်၊ ထိုရှေ့နေသည်၊ နည်းဥပဒေ ၇၆၊ နည်းဥပဒေခွဲ (၂) တွင် ပြဋ္ဌာန်းထားသည့် နည်းလမ်းနှင့်အညီ၊ စစ်တရားရုံးက တားမြစ်သည့်အတိုင်း၊ သို့တည်းမဟုတ် ဟန့်တားသည့်အတိုင်း လိုက်နာရမည်။

တရားလိုဘက်ရှေ့နေ။

၉၈။ ။ တရားခံကိုယ်စား တက်ရောက်သောရှေ့နေသည်၊ တရားခံအတွက်၊ နည်းဥပဒေ ၇၆၊ နည်းဥပဒေခွဲ (၃) တွင် သီးခြားဖော်ပြထားသည့်အလားတူ အခွင့်အရေးများကို ရရှိရမည့်ပြင်၊ အလားတူတာဝန်များကိုလည်း ခံယူရမည်။

တရားခံဘက်ရှေ့နေ။

၉၉။ ။ တရားလိုဘက်အမှုလိုက်အရာရှိကိုယ်စားဖြစ်စေ၊ တရားခံကိုယ်စားဖြစ်စေ၊ တက်ရောက်သောရှေ့နေသည်၊ သက်သေများကို စစ်မေးခြင်း၊ ပြန်လှန်စစ်မေးခြင်း၊ ထပ်မံစစ်မေးခြင်းနှင့် စပ်လျဉ်းသည့်၊ ထို့ပြင် ရှေ့နေတစ်ဦး၏ တာဝန်နှင့်စပ်လျဉ်းသည့်၊ ဤနည်းဥပဒေများနှင့်

ရှေ့နေနှင့် သက်ဆိုင်သည့် ယေဘုယျနည်းဥပဒေများ။

ပြည်ထောင်စုမြန်မာနိုင်ငံရှိ ရာဇဝတ်တရားရုံးဆိုင်ရာ နည်းဥပဒေများကို တိကျစွာလိုက်နာရမည်။

၁၀၀။ ။(၁) လိုအပ်သည့်အရည်အချင်းနှင့်ပြည့်စုံသော ရှေ့နေတစ်ဦးဦးကို ကန့်ကွက်နိုင်သည့် အခွင့်အရေးသည်၊ တရားလိုဘက်အမှုလိုက်အရာရှိမှဖြစ်စေ၊ တရားခံမှ ဖြစ်စေ၊ မရှိချေ။

ရှေ့နေ၏အရည်အချင်းများ။

(၂) ပြည်ထောင်စုမြန်မာနိုင်ငံရှိ စက်ရှင်တရားရုံးတွင် ရှေ့နေလိုက်ခွင့်နှင့်တကွ လျှောက်လဲပြောဆိုပိုင်ခွင့် ရရှိထားသည့် ရှေ့နေတစ်ဦးဖြစ်ခဲ့လျှင်၊ သို့တည်းမဟုတ် အခြားတိုင်းပြည်တစ်ပြည်တွင် အမှုစစ်ဆေးစီရင်ခြင်းပြုလုပ်သောအခါ၊ ပြည်ထောင်စုမြန်မာနိုင်ငံရှိ ရှေ့နေတစ်ဦးရရှိသည့်အခွင့်အရေး၊ ခံယူရမည့်တာဝန်များနှင့်အလားတူသည့် အခွင့်အရေးနှင့်တာဝန်များကို ရရှိခံယူရမည်လည်းဖြစ်၍၊ ရှေ့နေတို့ကျင့်ဝတ်ဆိုင်ရာ နည်းဥပဒေတစ်ရပ်ရပ်ကို ဖောက်ဖျက်မှုအတွက် ပြစ်ဒဏ်ခံရမည်၊ သို့တည်းမဟုတ် အရည်အချင်းပျက်ယွင်းမည်လည်းဖြစ်သော၊ စစ်တရားရုံးဖွဲ့စည်းသည့် အရာရှိက အသိအမှတ်ပြုသော ရှေ့နေတစ်ဦးဖြစ်ခဲ့လျှင်၊ ထိုရှေ့နေသည်၊ လိုအပ်သည့် အရည်အချင်းနှင့် ပြည့်စုံသည်ဟု မှတ်ယူရမည်။

စစ်ဥပဒေအရာရှိ။

၁၀၁။ ။စစ်တရားရုံးတွင် ရုံးထိုင်ရန်အရည်အချင်းပျက်ယွင်းသည့် အရာရှိအား၊ ထိုသို့ အရည်အချင်းပျက်ယွင်းခြင်းကြောင့် ထိုစစ်တရားရုံးတွင်၊ စစ်ဥပဒေအရာရှိ အဖြစ် ဆောင်ရွက်ရန်၊ ခွင့်မပြုရ။

စစ်ဥပဒေအရာရှိ၏ အရည်အချင်း ပျက်ယွင်းခြင်း။

၁၀၂။ ။သင့်တော်သူတစ်ဦးအား၊ စစ်ဥပဒေအရာရှိအဖြစ် ခန့်အပ်ပြီးနောက်၊ ထိုသို့ခန့်အပ်ခြင်းအတွက်၊ စစ်ဥပဒေချုပ်၊ သို့တည်းမဟုတ် ဒုတိယစစ်ဥပဒေချုပ်၏ သဘောတူညီချက်ကို ရယူပြီးဖြစ်လျှင်၊ စစ်တရားရုံးတွင် ဆောင်ရွက်နေသော၊ ထိုစစ်ဥပဒေအရာရှိအား၊ မည်ကဲ့သို့ပင် ခန့်အပ်စေကာမူ၊ ထိုသို့ခန့်အပ်ခြင်းမခိုင်လုံဟူသော အကြောင်းကြောင့်၊ စစ်တရားရုံးသည်၊ မခိုင်လုံမဖြစ်စေရ၊ သို့သော်လည်း မခိုင်လုံသည့် ခန့်အပ်ခြင်းကို ပြုလုပ်သူအား၊ တာဝန်ရှိခြင်းမှ၊ ဤနည်းဥပဒေက လွတ်ငြိမ်းခွင့်မပြုချေ။

စစ်ဥပဒေအရာရှိခန့်အပ်ခြင်း မခိုင်လုံမှု။

စစ်ဥပဒေအရာရှိသေဆုံးသည့်အခါ၊ ဖျားနာသည့်အခါ၊ သို့တည်းမဟုတ် မရှိသည့်အခါ အစားသွင်းခြင်း။

၁၀၃။ ။ စစ်ဥပဒေအရာရှိသေဆုံးလျှင်၊ သို့တည်းမဟုတ် ဖျားနာသောကြောင့်ဖြစ်စေ၊ မည်သည့်အကြောင်းကြောင့်မဆိုဖြစ်စေ၊ မတက်ရောက်နိုင်လျှင်၊ စစ်တရားရုံးရွှေ့ဆိုင်းရမည့်ပြင်၊ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သောအရာရှိက၊ အဖြစ်အပျက်အကြောင်းအရာကို၊ စစ်တရားရုံးဖွဲ့စည်းသည့် အာဏာပိုင်ထံသို့ အစီရင်ခံရမည်။ ထို့ပြင် ထိုအာဏာပိုင်သည်၊ အရည်အချင်းဖျက်ယွင်းခြင်းမရှိသော၊ သင့်တော်သူတစ်ဦးကို၊ စစ်ဥပဒေအရာရှိအဖြစ် ခန့်အပ်ရမည်။ ထိုသူအား ကျမ်းသစ္စာ၊ သို့တည်းမဟုတ် ကတိသစ္စာပြုစေရမည့်ပြင်၊ စစ်ဆေးစီရင်မှုတွင် ဆောင်ရွက်ရန်ကျန်ရှိနေသမျှအတွက်၊ သို့တည်းမဟုတ် စစ်ဥပဒေအရာရှိ ပြန်ရောက်သည်အထိ၊ ထိုသူ သည်၊ စစ်ဥပဒေအရာရှိအဖြစ် ဆောင်ရွက်ရမည်။

စစ်ဥပဒေအရာရှိ၏အာဏာများနှင့် တာဝန်များ။

၁၀၄။ ။ စစ်ဥပဒေအရာရှိတစ်ဦး၏ အာဏာများနှင့်တာဝန်များသည်၊ အောက်ပါအတိုင်း ဖြစ်သည်။

(က) စစ်တရားရုံးတွင် ဆောင်ရွက်ရန် စစ်ဥပဒေအရာရှိကို၊ ခန့်အပ်ပြီးသည့်နောက် မည်သည့်အချိန်တွင်မဆို၊ စစ်ဥပဒေအရာရှိသည်၊ စစ်တရားရုံးအတွင်းတွင်ရှိသည်ဖြစ်စေ၊ စစ်တရားရုံးပြင်ပတွင်ရှိသည်ဖြစ်စေ၊ တရားလိုဘက်အမှုလိုက်အရာရှိ၌လည်းကောင်း၊ တရားခံ၌လည်းကောင်း၊ စွဲချက်နှင့်ဖြစ်စေ၊ စစ်ဆေးစီရင်ခြင်းနှင့်ဖြစ်စေ၊ သက်ဆိုင်သည့် ဥပဒေအကြောင်းဆိုင်ရာ ပြဿနာပေါ်တွင်စစ်ဥပဒေအရာရှိ၏ ထင်မြင်ချက်ကို အသီးသီးရယူခွင့်ရှိသည်။ သို့သော်လည်း စစ်ဥပဒေအရာရှိ စစ်တရားရုံးအတွင်းတွင်ရှိသောအခါ၊ စစ်တရားရုံး၏ ခွင့်ပြုချက်ကို ရယူပြီးမှ၊ စစ်ဥပဒေအရာရှိ၏ ထင်မြင်ချက်ကို ရယူခွင့်ရှိသည်။

(ခ) စစ်တရားရုံးတွင်၊ စစ်ဥပဒေအရာရှိသည်၊ စစ်ဥပဒေချုပ်၏ကိုယ်စား ဆောင်ရွက်သည်။

(ဂ) မှုခင်းကိစ္စဆောင်ရွက်ခြင်းတွင်၊ စည်းကမ်းတကျမရှိခြင်းကိုဖြစ်စေ၊ နည်းလမ်းတကျမရှိခြင်းကိုဖြစ်စေ၊ စစ်တရားရုံးအားဖော်ပြရန်၊ စစ်ဥပဒေအရာရှိမှာ တာဝန်ရှိသည်။ ညှိနှိုင်းတိုင်ပင်ခံရသည်ဖြစ်စေ၊ မခံရသည်ဖြစ်စေ၊ စစ်ဥပဒေအရာရှိသည်၊ စစ်တရားရုံးဖွဲ့စည်းသည့် အရာရှိနှင့် စစ်တရားရုံးအား၊ စွဲချက်တွင်၊ သို့တည်းမဟုတ် စစ်တရားရုံးဖွဲ့စည်းရာတွင်၊ နည်းလမ်းတကျမရှိမှုတစ်ခုခုသော်လည်းကောင်း၊ ချွတ်ယွင်းချက်တစ်ခုခုသော်လည်းကောင်း၊ ပါရှိကြောင်းကို ဖော်ပြရမည်။ ထို့ပြင်စစ်တရားရုံးရှေ့တွင် ပေါ်ပေါက်သည့် ကိစ္စတစ်ခုခုနှင့်စပ်လျဉ်း၍၊ စစ်ဥပဒေအရာရှိက အကြံပေးရမည်။

(ဃ) စစ်တရားရုံးရှေ့တွင်ပေါ်ပေါက်သည့် ကိစ္စ တစ်ခုခုနှင့်စပ်လျဉ်း၍၊ စစ်တရားရုံးအား၊ ပြောကြားချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ စစ်တရားရုံးအားပေးသည့် အကြံတစ်ခုခုကိုဖြစ်စေ၊

စစ်ဥပဒေအရာရှိကသော်လည်းကောင်း၊ စစ်တရားရုံးကသော်လည်းကောင်း၊ အမှုတွဲတွင် ရေးသွင်းရန် အလိုရှိလျှင်၊ ရေးသွင်းရမည်။

(င) အမှုအပြီးသတ်သည့်အခါ၊ စစ်တရားရုံးက၊ မိမိ၏ဆုံးဖြတ်ချက်ကို ဆင်ခြင်သုံးသပ်ခြင်း မပြုမီ၊ စစ်ဥပဒေအရာရှိသည်၊ သက်သေခံချက်ကို ပေါင်းရုံးဖော်ပြရမည့်ပြင်၊ အမှု၏ ဥပဒေကြောင်းဆိုင်ရာ ထင်မြင်ချက်ကိုလည်း ပေးရမည်။

(စ) စစ်တရားရုံးသည်၊ ဥပဒေကြောင်းဆိုင်ရာအချက်တစ်ခုတွင်၊ စစ်ဥပဒေအရာရှိ၏ ထင်မြင်ချက်နှင့်အညီ ဆောင်ရွက်ပါက၊ ထိုထင်မြင်ချက်အရ စစ်တရားရုံးက ဆုံးဖြတ်လိုက်ခြင်းဖြစ်ကြောင်း ရေးမှတ်နိုင်သည်။

(ဆ) တရားခံသည်၊ ထိုသို့တရားခံဖြစ်နေသောကြောင့်၊ သို့တည်းမဟုတ် မသိနားမလည်မှုကြောင့်၊ သို့တည်းမဟုတ် သက်သေများကို စစ်မေးရန်သော်လည်းကောင်း၊ ပြန်လှန်စစ်မေးရန်သော်လည်းကောင်း၊ မစွမ်းဆောင်နိုင်ခြင်းကြောင့်၊ သို့တည်းမဟုတ် အခြားအကြောင်းကြောင့်၊ မည်သည့်နစ်နာမှုမျှ မရှိစေရန်၊ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော အရာရှိမှာ၊ သတိပြုရမည့်တာဝန်ရှိသည်နှင့်အမျှ စစ်ဥပဒေအရာရှိမှာလည်း ထိုတာဝန်ရှိသည်။ ထို့ပြင် စစ်ဥပဒေအရာရှိသည်၊ မှန်ရာကိုထုတ်ဖော်ပြောဆိုစေရန်လိုသည်ဟု၊ သို့တည်းမဟုတ် လိုအပ်သည်ဟု၊ မိမိယူဆသော မေးခွန်းများကို၊ စစ်တရားရုံး၏ ခွင့်ပြုချက်ဖြင့်၊ ထိုကိစ္စအတွက် သက်သေများအား၊ ခေါ်ယူပြီး မေးနိုင်သည်။

(ဇ) စစ်ဥပဒေအရာရှိသည်၊ မိမိ၏တာဝန်များဆောင်ရွက်ရာတွင်၊ လုံးဝမျက်နှာမလိုက်ဘဲ ဆောင်ရွက်ရန် သတိပြုရမည်။

အပိုင်း ၃။ ။ တပ်တွင်းစစ်တရားရုံးများ။

၁၀၅။ ။ (၁) စစ်ဆေးစီရင်ခြင်းကို ပြုလုပ်သည့်နောက်တွင် စစ်တရားရုံးဟု ခေါ်တွင်သော အရာရှိသည်၊ တပ်တွင်းစစ်တရားရုံးတိုင်း၏ ဆောင်ရွက်မှုများကို၊ မြန်မာဘာသာဖြင့်သော်လည်းကောင်း၊ အင်္ဂလိပ်ဘာသာဖြင့်သော်လည်းကောင်း၊ ရေးမှတ်ရမည်၊ သို့တည်းမဟုတ် ရေးမှတ်စေရမည်။

မှုခင်းကိစ္စဆောင်ရွက်ခြင်း။

(၂) သက်သေခံချက်ကို ထွက်ဆိုသော စကားလုံးများနှင့် နီးစပ်နိုင်သမျှ နီးစပ်သောစကားလုံးများဖြင့်၊ အဖြစ်အပျက်ပြောပြပုံအတိုင်း ရေးယူရမည်။ သို့သော်လည်း စစ်တရားရုံးက အရေးပါအရာရောက်သည်ဟု ယူဆသည့်အခါမျိုး၌၊ မေးခွန်းနှင့်အဖြေကို လုံးစေ့ပတ်စေ့ရေးယူရမည်။

သက်သေခံချက်ကို မည်သည့်အခါ ဘာသာပြန်ရခြင်း။

၁ဝ၆။ ။ စစ်တရားရုံးကဖြစ်စေ၊ တရားခံကဖြစ်စေ နားမလည်သောဘာသာစကားဖြင့် သက်သေခံချက်တစ်ခုခုကို ထွက်ဆိုသောအခါ၊ ထိုသက်သေခံချက်ကို စစ်တရားရုံး၊ သို့တည်းမဟုတ် ပုဒ်မ ၁၁၉၊ ပုဒ်မခွဲ (၂) နှင့်အညီ မှုခင်းကိုစွဲဆောင်ရွက်ရာသို့ တက်ရောက်သည့်အရာရှိ၊ သို့တည်းမဟုတ် တရားခံ၊ သက်ဆိုင်ရာရာနားလည်သောဘာသာ စကားဖြင့် ပြန်ဆိုပြောပြရမည်။ စစ်တရားရုံးသည်၊ ဤကိစ္စအတွက်၊ စကားပြန်တစ်ဦးကို ခန့်အပ်ရမည်၊ သို့တည်းမဟုတ် စစ်တရားရုံးကိုယ်တိုင်က၊ တပ်တွင်း စစ်တရားရုံးတစ်ရုံး၌ စကားပြန်တစ်ဦးအတွက် သတ်မှတ်ထားသည့် ကျမ်းသစ္စာ၊ သို့တည်းမဟုတ် ကတိသစ္စာကို ပြုရမည်။ နည်းလမ်းတကျသက်သေခံ အထင်အရှားပြစေခြင်းအလို့ငှာ၊ စာတမ်းအမှတ်အသားများကို တင်သွင်းသောအခါ၊ လိုအပ်သည်ဟု ထင်မြင်ယူဆသမျှကို ဘာသာပြန်ဆိုစေရန်မှာ၊ စစ်တရားရုံး၏ သဘောအတိုင်းဖြစ်စေရမည်။

နှုတ်ထိုင်ခြင်း။

၁ဝ၇။ ။ စစ်တရားရုံး၊ စကားပြန်ရှိခဲ့လျှင်၊ ထိုစကားပြန်၊ ထို့ပြင် စစ်ဆေးစီရင်ရာသို့ တက်ရောက်သည့် အရာရှိများ နှုတ်ထိုင်ကြသောအခါ၊ တရားခံအား စစ်တရားရုံး ရှေ့မှောက်သို့ ခေါ်ဆောင်လာရမည်။ ထို့ပြင် နည်းဥပဒေ ၁ဝ၈ တွင် သတ်မှတ်ထားသော ကျမ်းသစ္စာများကိုဖြစ်စေ၊ ကတိသစ္စာများကိုဖြစ်စေ၊ ထိုနည်းဥပဒေတွင် ဖော်ပြထားသူများက ပြုရမည်။

စစ်တရားရုံးနှင့် စကားပြန်တို့ ကျမ်းသစ္စာ၊ သို့တည်းမဟုတ် ကတိသစ္စာပြုခြင်း။

၁ဝ၈။ ။ (၁) စစ်တရားရုံးသည်၊ အောက်ပါပုံစံတစ်ခုခုအရ၊ သို့တည်းမဟုတ် ထိုစစ်တရားရုံးကိုးကွယ်သည့် ဘာသာနှင့်အညီဖြစ်စေ၊ ထိုစစ်တရားရုံး၏ စိတ်တွင် စွဲမြဲစေသည့်အခြားနည်းနှင့်အညီဖြစ်စေ၊ ထပ်တူသစ္စာပြုခြင်း သဘောသက်ရောက်စေသည့် အခြားသစ္စာပြုချက်ပုံစံအရ၊ ကျမ်းသစ္စာကိုသော်လည်းကောင်း၊ ကတိသစ္စာကိုသော်လည်းကောင်း၊ ပြုရမည်။

ကျမ်းသစ္စာပြုချက်ပုံစံ။

"ကျွန်ုပ် .... သည်၊ စစ်တရားရုံးရှေ့မှောက်ရှိ တရားခံ (သို့တည်းမဟုတ် တရားခံများ) ကို၊ သက်သေခံချက်နှင့်အညီ ကောင်းမွန်မှန်ကန်စွာ စစ်ဆေးစီရင်ပါမည်ဟုလည်းကောင်း၊ မျက်နှာလိုက်ခြင်း၊ အခွင့်အရေးပေးခြင်း၊ နှစ်သက်မြတ်နိုးခြင်းမပါရှိဘဲ၊ ၁၉၅၉ ခုနှစ်၊ တပ်မတော်

အက်ဥပဒေနှင့်အညီ ကျွန်ုပ်တရားစီရင်ပါမည်ဟုလည်းကောင်း၊ သံသယဖြစ်မှုတစ်ခုခုပေါ်ပေါက်လျှင်၊ ဖြောင့်မတ်မှန်ကန်စွာ၊ နားလည်သမျှနှင့် အလားတူကိစ္စများတွင်လိုက်နာရသည့် စစ်ထုံးတမ်းအရ တရားစီရင်ပါမည်ဟုလည်းကောင်း၊ ကျွန်ုပ်ကျမ်းသစ္စာပြုပါသည်။"

ကတိသစ္စာပြုချက်ပုံစံ

"ကျွန်ုပ် .... သည်၊ စစ်တရားရုံးရှေ့မှောက်ရှိ တရားခံ (သို့တည်းမဟုတ် တရားခံများ) ကို၊ သက်သေခံချက်နှင့်အညီ ကောင်းမွန်မှန်ကန်စွာ စစ်ဆေးစီရင်ပါမည်ဟုလည်းကောင်း၊ မျက်နှာလိုက်ခြင်း၊ အခွင့်အရေးပေးခြင်း၊ နှစ်သက်မြတ်နိုးခြင်းမပါရှိဘဲ၊ ၁၉၅၉ ခုနှစ်၊ တပ်မတော် အက်ဥပဒေနှင့်အညီ ကျွန်ုပ်တရားစီရင်ပါမည်ဟုလည်းကောင်း၊ သံသယဖြစ်မှုတစ်ခုခုပေါ်ပေါက်လျှင်၊ ဖြောင့်မတ်မှန်ကန်စွာ၊ နားလည်သမျှနှင့် အလားတူကိစ္စများတွင်လိုက်နာရသည့် စစ်ထုံးတမ်းအရ တရားစီရင်ပါမည်ဟုလည်းကောင်း၊ လေးနက်တည်ကြည်၊ မှန်ကန်စွာ ကြေညာ၍၊ ကျွန်ုပ် ကတိသစ္စာပြုပါသည်"

(၂) ကျမ်းသစ္စာ၊ သို့တည်းမဟုတ် ကတိသစ္စာပြုပြီးသည့်နောက်၊ စစ်တရားရုံးသည်၊ သို့တည်းမဟုတ် စစ်တရားရုံးက အာဏာအပ်နှင်းထားသူ တစ်ဦးဦးသည်၊ စကားပြန်ရှိခဲ့လျှင်၊ ထိုစကားပြန်အား၊ အောက်ပါပုံစံတစ်ခုခုအရ သို့တည်းမဟုတ် ထိုစကားပြန်ကိုးကွယ်သည့် ဘာသာနှင့်အညီဖြစ်စေ၊ ထိုစကားပြန်၏စိတ်တွင် စွဲမြဲစေသည့် အခြားနည်းနှင့်အညီဖြစ်စေ၊ ထပ်တူသစ္စာပြုခြင်း သဘောသက်ရောက်စေသည့် အခြားသစ္စာပြုချက်ပုံစံအရ ကျမ်းသစ္စာကိုသော်လည်းကောင်း၊ ကတိသစ္စာကိုသော်လည်းကောင်း ပြုစေရမည်။

ကျမ်းသစ္စာပြုချက်ပုံစံ။

"ကျွန်ုပ် .... သည်၊ ဤစစ်တရားရုံးရှေ့မှောက်တွင်၊ မည်သည့်အကြောင်းအရာနှင့်မဆို စပ်လျဉ်း၍၊ ကျွန်ုပ်အား၊ စကားပြန်ဆိုရန်နှင့် ဘာသာပြန်ဆိုရန်လိုအပ်သည့်အတိုင်း၊ တိကျမှန်ကန်စွာ စကားပြန်ဆိုပြောပြပါမည်၊ ဘာသာပြန်ဆိုပါမည်ဟု၊ ကျမ်းသစ္စာပြုပါသည်။"

သစ္စာကတိပြုချက်ပုံစံ။

"ကျွန်ုပ် .... သည်၊ ဤစစ်တရားရုံးရှေ့မှောက်တွင်၊ မည်သည့်အကြောင်းအရာနှင့်မဆို စပ်လျဉ်း၍၊ ကျွန်ုပ်အား၊ စကားပြန်ဆိုရန်နှင့် ဘာသာပြန်ဆိုရန်လိုအပ်သည့်အတိုင်း၊ တိကျမှန်ကန်စွာ စကားပြန်ဆိုပြောပြပါမည်၊ ဘာသာပြန်ဆိုပါမည်ဟု၊ လေးနက်တည်ကြည်မှန်ကန်စွာ ကြေညာ၍၊ ကတိသစ္စာပြုပါသည်။"

(၃) ကျမ်းသစ္စာများကိုသော်လည်းကောင်း၊ ကတိသစ္စာများကိုသော်လည်းကောင်း၊ ပြုပြီးသည့်နောက်၊ သက်သေအားလုံးသည်၊ စစ်တရားရုံးမှ ထွက်သွားကြရမည်။

တရားခံ အများအပြားအား စစ်ဆေးစီရင်ရန် စစ်တရားရုံးက ကျမ်းသစ္စာပြုခြင်း။

၁၀၉။ ။ (၁) စုပေါင်း၍ စစ်ဆေးစီရင်ခြင်းကိုဖြစ်စေ၊ သီးခြားစစ်ဆေးစီရင်ခြင်းကိုဖြစ်စေ၊ ခံကြရမည့်တပ်တွင်းစစ်တရားရုံးရှေ့ရှိ တရားခံဦးရေ မည်မျှမည်မျှကိုမဆိုစစ်ဆေးစီရင်ရန်၊ တပ်တွင်းစစ်တရားရုံးသည်၊ တစ်ကြိမ်တည်းသာ ကျမ်းသစ္စာ၊ သို့တည်းမဟုတ် ကတိသစ္စာပြုနိုင်သည်။

(၂) သီးခြားစစ်ဆေးစီရင်ခြင်းခံရမည့် တရားခံ အများအပြားပါရှိသောအမှုတွင်၊ စစ်တရားရုံးသည်၊ ကျမ်းသစ္စာ၊ သို့တည်းမဟုတ် ကတိသစ္စာပြုပြီးသောအခါ၊ အခြားအမှုများကို ရွှေ့ဆိုင်း၍၊ အမှုတစ်ခုကိုသာ စစ်ဆေးရမည်။ ထို့နောက်အဆိုပါ အခြားအမှုများကို၊ တစ်မှုပြီးတစ်မှုစစ်ဆေးရမည်။

(၃) မှုခင်းကိစ္စတစ်ခုတည်းက ပေါ်ပေါက်သည့်စွဲချက်များအတွက်၊ တရားခံအများအပြားအား၊ သီးခြားစစ်ဆေးစီရင်သောအခါ၊ တရားမျှတမှုအတွက် လိုအပ်သည်ဟု၊ စစ်တရားရုံးက ထင်မြင်ယူဆလျှင်၊ စစ်တရားရုံးသည်၊ အဆိုပါတရားခံများအနက်၊ တရားခံတစ်ဦးအားသော်လည်းကောင်း၊ တစ်ဦးထက်ပိုသော တရားခံများအားသော်လည်းကောင်း၊ ချမှတ်ရန်ဖြစ်သော ပြစ်ဒဏ်ချမှတ်ချက်တစ်ရပ်ရပ်စဉ်းစားခြင်းကို၊ ထိုတရားခံအားလုံးနှင့် စပ်လျဉ်းသည့် စစ်ဆေးစီရင်ခြင်းပြီးပြတ်သည်အထိ၊ ရွှေ့ဆိုင်းထားနိုင်သည်။

တရားခံအား စွဲချက်တင်၍ စစ်မေးခြင်း။

၁၁၀။ ။ (၁) အထက်တွင် ဖော်ပြထားသည့်အတိုင်း၊ စစ်တရားရုံးနှင့် စကားပြန်ရှိခဲ့လျှင်၊ ထိုစကားပြန်ကျမ်းသစ္စာ၊ သို့တည်းမဟုတ်ကတိသစ္စာပြုပြီးသည့်နောက်၊ တရားခံအပေါ်စွဲဆိုထားသည့် စွဲချက်များနှင့်စပ်လျဉ်း၍၊ တရားခံအားစွဲချက်တင်၍ စစ်မေးရမည်။

(၂) တရားခံအပေါ် စွဲဆိုထားသည့်စွဲချက်များကို၊ တရားခံအား ဖတ်ပြရမည့်ပြင်၊ လိုအပ်ခဲ့သော ထိုစွဲချက်များကို ဘာသာပြန်ဆိုပေးရမည်။ ထို့ပြင် စွဲချက်တစ်ခုစီအတွက်ခွဲခြား၍၊ တရားခံ

အား ဖြေကြားစေရမည်။

၁၁၁။ ။ တရားခံသည်၊ စွဲချက်တစ်ခုခုကို ဖြေကြားရမည်ဖြစ်သည့်အခါ၊ အက်ဥပဒေအရဖြစ်သော ပြစ်မှုတစ်မှုကို ကျူးလွန်ကြောင်း ထင်ရှားသိသာစေသည့် စွဲချက်မဟုတ်ဟုသော်လည်းကောင်း၊ ဤနည်းဥပဒေများနှင့်ညီညွတ်သည့် စွဲချက်မဟုတ်ဟုသော်လည်းကောင်း၊ ကန့်ကွက်နိုင်သည်။

စွဲချက်ကိုတရားခံက ကန့်ကွက်ခြင်း။

၁၁၂။ ။ (၁) စစ်ဆေးစီရင်နေစဉ်၊ မည်သည့်အချိန်အခါ၌မဆို၊ စွဲချက်လွှာပါ တရားခံ၏ အမည်တွင်သော်လည်းကောင်း၊ အကြောင်းအရာတွင်သော်လည်းကောင်း၊ အမှားအယွင်းတစ်ခုခုပါရှိသည်ဟု၊ စစ်တရားရုံးကယူဆလျှင်၊ ထိုအမှားအယွင်းကို မှန်အောင်ပြုလုပ်ရန်အလို့ငှာ၊ စစ်တရားရုံးသည်၊ စွဲချက်လွှာကို ပြင်နိုင်သည်။

စွဲချက်ကိုပြင်ခြင်း။

(၂) စွဲချက်တစ်ခုခုကို စစ်ဆေးစီရင်ရာတွင်၊ စစ်တရားရုံးသည်၊ သက်သေများအား စတင်စစ်မေးခြင်းမပြုရသေးမီ၊ မည်သည့်အချိန်အခါ၌မဆို၊ စွဲချက်တွင် ဖြည့်စွက်ခြင်း၊ စွဲချက်မှ ချန်လှပ်ခြင်း၊ သို့တည်းမဟုတ် စွဲချက်တွင်ပြောင်းလဲခြင်းတစ်ခုခုသည်၊ တရားမျှတမှုအတွက် လိုအပ်သည်ဟု စစ်တရားရုံးက ယူဆလျှင်၊ စစ်တရားရုံးသည်၊ ထိုစွဲချက်ကိုပြင်၍ တရားခံအား၊ ထိုပြင်ဆင်ချက်ကို ထိုက်သင့်သလို အကြောင်းကြားပြီးသည့်နောက်၊ ထိုပြင် ပြင်လိုက်သည့် စွဲချက်အတွက်လည်း ခွင့်ပြုချက်အမိန့် ရယူရန်လိုလျှင်၊ တရားခံအား စစ်ဆေးစီရင်ရေးအတွက် တိုင်းစစ်တရားရုံးကို၊ သို့တည်းမဟုတ် တန်းပြည့် စစ်မှုထမ်းချိန်၌ အကျဉ်းစစ်တရားရုံးချုပ်ကို ဖွဲ့စည်းရန် အာဏာအပ်နှင်းထားခြင်း ခံသည့်အရာရှိ၏ ခွင့်ပြုချက်အမိန့်ဖြင့်၊ ထိုသို့ပြင်ပြီးသည့် စွဲချက်ကို ဆက်လက်စစ်ဆေးစီရင်နိုင်သည်။

၁၁၃။ ။ စစ်တရားရုံး၏ ယေဘုယျစီရင်ပိုင်ခွင့်အာဏာနှင့်စပ်လျဉ်း၍ဖြစ်စေ၊ စစ်ဆေးစီရင်နိုင်ခွင့်မရှိခြင်းနှင့် စပ်လျဉ်း၍ဖြစ်စေ၊ တရားခံက အထူးထုချေချက်ကို တင်သွင်းလျှင်၊ ထိုထုချေချက်ကို ကြားနာဆုံးဖြတ်သော်အခါ၊ စစ်တရားရုံးချုပ်နှင့် တိုင်းစစ်တရားရုံးတို့အတွက် ချမှတ်ထားသော ကျင့်ထုံးကို သက်ဆိုင်သမျှ လိုက်နာရမည်။ သို့သော်လည်း တပ်တွင်းစစ်တရားရုံးက၊ ထိုထုချေချက်မျိုး တစ်ခုခုနှင့်စပ်လျဉ်း၍ ချမှတ်သည့်ဆုံးဖြတ်ချက်ကို အတည်ပြုရန်မလို။

အထူးထုချေချက်များ။

၁၁၄။ ။ (၁) တရားခံ၏ "အပြစ်ရှိသည်"၊ သို့တည်းမဟုတ် "အပြစ်မရှိ" ဟူသောဖြေကြားခြင်းကို (သို့တည်းမဟုတ် တရားခံက ဖြေကြားရန်ငြင်းဆိုလျှင်ဖြစ်စေ၊ "အပြစ်ရှိသည်"၊ သို့တည်းမဟုတ် "အပြစ်မရှိ" ဟု နားလည်နိုင်

"အပြစ်ရှိသည်"၊သို့တည်းမဟုတ် "အပြစ်မရှိ" ဟူသောဖြေကြားချက်။

အောင် ဖြေကြားခြင်းမပြုလျှင်ဖြစ်စေ၊ "အပြစ်မရှိ" ဆိုသည့်ဖြေကြား ခြင်းကို) စွဲချက်အသီးသီးတွင် ရေးမှတ်ရမည်။

(၂) တရားခံက "အပြစ်ရှိသည်" ဟု ဖြေကြားလျှင်၊ ထိုဖြေကြားချက်ကို၊ စစ်တရားရုံး၏ ဆုံးဖြတ်ချက်အဖြစ်ရေးမှတ်ရမည်။ သို့သော်လည်း ထိုဖြေကြားချက်ကို မရေးမှတ်မီ စစ်တရားရုံးသည်၊ ထိုတရားခံက၊ မိမိအပြစ်ရှိသည်ဟု ဖြေကြားလိုက်သည့် စွဲချက်၏သဘောကို နားလည်ကြောင်းသေချာစွာ စိစစ်ရမည့်ပြင်၊ ထိုဖြေကြားချက်၏ ယေဘုယျအကျိုးသက်ရောက်မှု၊ ထို့ပြင် အထူးသဖြင့် မိမိအပြစ်ရှိသည်ဟု ဖြေကြားလိုက်သည့် စွဲချက်၏ အဓိပ္ပာယ်၊ ထို့ပြင်အပြစ်ရှိသည်ဆိုသည့်ဖြေကြားချက်က ဖြစ်ပေါ်စေမည့် ကျင့်ထုံးကွဲပြားခြားနားမှုကို တရားခံအားပြောပြရမည်။ ထို့ပြင် သက်သေခံအကျဉ်းချုပ်ရှိလျှင်၊ ထိုသက်သေခံအကျဉ်းချုပ်ကို၊ သို့တည်းမဟုတ် အခြားအကြောင်းကိုထောက်ရှု၍၊ "အပြစ်မရှိ" ကြောင်း တရားခံက ဖြေကြားသင့်သည်ဟု ယူဆလျှင်၊ ထိုဖြေကြားချက်ကို နုတ်သိမ်းရန်၊ တရားခံအား အကြံပေးရမည်။

(၃) အခြားနည်းစွဲဆိုထားသော စွဲချက်နှစ်ခုအနက်၊ သို့တည်းမဟုတ် နှစ်ခုထက်ပိုသော စွဲချက်များအနက်၊ ပထမစွဲချက်ကို "အပြစ်ရှိသည်" ဟု တရားခံက ဖြေကြားရာတွင်၊ နည်းဥပဒေခွဲ (၂) အရ စစ်တရားရုံးက လိုက်နာဆောင်ရွက်ပြီးသည့်နောက်၊ အခြားနည်းစွဲချက်၊ သို့တည်းမဟုတ် စွဲချက်များအရ တရားခံအား မစစ်ဆေးမီ၊ ထိုစွဲချက်၊ သို့တည်းမဟုတ် စွဲချက်များနှင့်စပ်လျဉ်း၍၊ တရားခံအား မဖြေကြားစေဘဲ၊ စစ်တရားရုံးသည်၊ ထိုစွဲချက်ကို၊ သို့တည်းမဟုတ် ထိုစွဲချက်များကို နုတ်သိမ်းနိုင်သည်။ ထိုသို့ နုတ်သိမ်းကြောင်းကို၊ စစ်တရားရုံး၏ အမှုတွဲတွင် ရေးမှတ်ရမည်။

"အပြစ်ရှိသည်" ဟု ဖြေကြားပြီးသည့်နောက် လိုက်နာရမည့် ကျင့်ထုံး။

၁၁၅။ ။ (၁) "အပြစ်ရှိသည်" ဟူသောဖြေကြားချက်ကို ရေးမှတ်ပြီးနောက်၊ "အပြစ်မရှိ" ဟူသော ဖြေကြားချက်ပေးထားသော အခြားစွဲချက်များလည်း၊ ထိုစွဲချက်လွှာတစ်ခုတည်းမှာပင် ပါရှိနေလျှင်၊ "အပြစ်မရှိ" ဟု ဖြေကြားထားသည့် စွဲချက်များနှင့် စပ်လျဉ်း၍၊ စစ်ဆေးစီရင်ခြင်းကို ဦးစွာပထမဆောင်ရွက်ရမည်၊ ထို့ပြင် ထိုစွဲချက်များနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ချက်ချပြီးနောက်၊ "အပြစ်ရှိသည်" ဟူသောဖြေကြားချက်ရေးသွင်းထားသောစွဲချက်များနှင့်စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက်ရမည်။ သို့သော်လည်း အခြားစွဲချက်များသည်၊ အခြားနည်းစွဲချက်များဖြစ်လျှင်၊ အခြားနည်းစွဲချက်တစ်ခုခုနှင့် စပ်လျဉ်း၍ "အပြစ်ရှိသည်" ဟု တရားခံက ဖြေကြားခြင်းမပြုဘိသကဲ့သို့ ထိုအခြားနည်းစွဲချက်အားလုံးနှင့်စပ်လျဉ်း၍၊ စစ်ဆေးစီရင်ခြင်းကို ဆက်လက်ဆောင်ရွက်နိုင်သည်၊ သို့တည်းမဟုတ် တရားခံအား စစ်ဆေးစီရင်မည့်အစား "အပြစ်ရှိသည်" ဟုတရားခံက ဖြေကြားထားသော အခြားနည်းစွဲချက်များအနက်၊ စွဲချက်တစ်ခုခုနှင့်စပ်လျဉ်း၍ "အပြစ်ရှိသည်" ဟူသောဆုံးဖြတ်ချက်ရေးသားချမှတ်ပြီး၊ ကျန်ရှိနေသော

အခြားနည်းစွဲချက်အားလုံးနှင့်စပ်လျဉ်း၍ "အပြစ်မရှိ" ဟူသောဆုံးဖြတ်ချက်တစ်ရပ်ကိုရေးသားချမှတ်နိုင်သည်။

(၂) စွဲချက်တစ်ခုနှင့်စပ်လျဉ်း၍ "အပြစ်ရှိသည်" ဟူသောဖြေကြားချက်ကို ရေးမှတ်ပြီးနောက်၊ (အခြားစွဲချက်များနှင့်စပ်လျဉ်း၍ စစ်ဆေးစီရင်ခြင်းကို ဆက်လက်မဆောင်ရွက်လျှင်) စစ်တရားရုံးသည်၊ သက်သေခံအကျဉ်းချုပ်ကို ဖတ်ပြပြီးနောက်၊ အမှုတွဲတွင် ပူးတွဲထားရမည်၊ သို့တည်းမဟုတ် အဆိုပါသက်သေခံအကျဉ်းချုပ်မရှိလျှင်၊ မည်သည့်ပြစ်ဒဏ်ချမှတ်ရမည်ကို ဆုံးဖြတ်နိုင်စေရန်နှင့်၊ ပြစ်မှုနှင့်ဆက်စပ်နေသည့် ပတ်ဝန်းကျင်အကြောင်းခြင်းရာအားလုံးကို၊ ပြန်လည်သုံးသပ်ရေးအရာရှိ သိရှိနိုင်စေရန်၊ စစ်တရားရုံးသည်၊ လုံလောက်သည့် ႁဟ်သေခံချက်ကိုရေးမှတ်ယူရမည်။ "အပြစ်မရှိ" ဟူသောဖြေကြားချက်မျိုးအတွက်၊ ဤနည်းဥပဒေများတွင် ညွှန်ကြားထားသည့်နည်းလမ်းအတိုင်း၊ ဤသက်သေခံချက်ကို ရေးမှတ်ယူရမည်။

(၃) သက်သေခံချက်ကို၊ ထိုသို့ရေးမှတ်ယူပြီးနောက်၊ သို့တည်းမဟုတ် သက်သေခံအကျဉ်းချုပ်ကိုဖတ်ပြပြီးနောက်၊ တရားခံသည်၊ စွဲချက်နှင့်စပ်လျဉ်း၍၊ ထိုပြင် ပြစ်ဒဏ်ပေါ့လျော့စေရန် ရည်ရွယ်လျက်၊ စစ်တရားရုံးအား၊ တိုက်ရိုက်လျှောက်ထားနိုင်သည့်ပြင်၊ မိမိ၏အကျင့်စာရိတ္တနှင့်စပ်လျဉ်း၍လည်း သက်သေပြနိုင်သည်။

(၄) တရားခံ၏ထွက်ဆိုချက်ကိုသော်လည်းကောင်း၊ သက်သေခံအကျဉ်းချုပ်ကိုသော်လည်းကောင်း၊ အခြားအကြောင်းအရာကိုသော်လည်းကောင်း၊ ထောက်ရှုလျက်၊ တရားခံသည် "အပြစ်ရှိသည်" ဟူသော မိမိဖြေကြားချက်မည်သို့ အကျိုးသက်ရောက်သည်ကို နားမလည်ဟု၊ စစ်တရားရုံးက ထင်မြင်ယူဆလျှင်၊ စစ်တရားရုံးသည်၊ ထိုရေးမှတ်ချက်ကို ပြောင်းလဲ၍၊ "အပြစ်မရှိ" ဟူသောဖြေကြားချက်ကို ရေးသွင်းပြီးနောက်၊ စစ်ဆေးစီရင်ခြင်းကို၊ "အပြစ်မရှိ" ဟူသော ဖြေကြားချက်နှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။

(၅) "အပြစ်ရှိသည်" ဟူသောဖြေကြားချက်ကို ရေးမှတ်ပြီးနောက်၊ ထိုစွဲချက်လွှာတစ်ခုတည်းတွင်ပါရှိသော အခြားစွဲချက်များနှင့်စပ်လျဉ်း၍၊ စစ်ဆေးစီရင်ခြင်းကို ဆက်လက်ဆောင်ရွက်လျှင်၊ ထိုစွဲချက်လွှာတစ်ခုတည်းတွင်ပါရှိသည့် အခြားစွဲချက်များအတွက် ဆုံးဖြတ်ချက်ကို ရေးသားချမှတ်ပြီးသောအခါတွင်၊ နည်းဥပဒေခွဲ (၂) နှင့် (၃) အရ ဆက်လက်ဆောင်ရွက်ရမည်။

(၆) တရားခံက၊ ပြစ်ဒဏ်ပေါ့လျော့စေရန်ရည်ရွယ်လျက်၊ ထွက်ဆိုချက်တစ်ရပ်ကို ပြုလုပ်သည့်အခါ၊ စစ်တရားရုံးသည်၊ ထိုထွက်ဆိုချက်မှာ၊ သက်သေထင်ရှားပြရန် လိုအပ်သောထွက်ဆိုချက်ဖြစ်သည့်ပြင်၊ သက်သေထင်ရှားပြလျှင်၊ ပြစ်ဒဏ်မည်ရွေ့မည်မျှ ချမှတ်ရန်စဉ်းစားထိုက်သည်ဟု ယူဆသော်၊ တရားခံအား၊ ထိုထွက်ဆိုချက်ကို ထင်ရှားအောင်ပြုစေခြင်းငှာ၊ သက်သေပြရန် ခွင့်ပြုနိုင်သည်။

(၇) စွဲချက်တင်ထားသည့် ပြစ်မှုမှအပ၊ အခြားပြစ်မှုတစ်ခုခုအတွက် အပြစ်ရှိသည်ဟု၊ သို့တည်းမဟုတ် ပေါ့လျော့သည့်ပြစ်ဒဏ်ထိုက်သင့်နိုင်သော အခြေအနေတွင် ကျူးလွန်သော ပြစ်မှုတစ်ခုအတွက်

အပြစ်ရှိသည်ဟု ဆုံးဖြတ်နိုင်သည့်အာဏာကို၊ ပုဒ်မ ၁၄၃ ဖြင့်၊ စစ်တရားရုံးအား အပ်နှင်းထားသော တိစွတစ်ခုခုတွင်သော်လည်းကောင်း၊ သက်သေခံချက်များကို ကြားနာပြီးနောက်၊ နည်းဥပဒေ ၁၂၀၊ နည်းဥပဒေခွဲ (၃) အရ ခြွင်းချက်များ၊ သို့တည်းမဟုတ် ပြောင်းလဲချက်များနှင့် မဆန့်ကျင်စေဘဲ၊ စစ်တရားရုံးက အထူးဆုံးဖြတ်ချက်ချမှတ်နိုင်သော ကိစ္စတစ်ခုခုတွင်သော်လည်းကောင်း၊ စစ်တရားရုံးက၊ ယင်းသို့ဆောင်ရွက်ခြင်းမှာ၊ တရားမျှတသည်ဟု ကျေနပ်လျှင်၊ စွဲချက်တင်ထားသော ပြစ်မှုမဟုတ်သည့်၊ အခြားပြစ်မှုအတွက်ဖြစ်စေ၊ ပေါ်လျော့သည့်ပြစ်ဒဏ်ထိုက်သင့်နိုင်သော အခြေအနေတွင် ကျူးလွန်သောပြစ်မှုအတွက်ဖြစ်စေ၊ ဆိုခဲ့သည့် ခြွင်းချက်များ၊ သို့တည်းမဟုတ် ပြောင်းလဲချက်များနှင့် မဆန့်ကျင်စေဘဲ၊ စွဲချက်တင်ထားသည့်ပြစ်မှုအတွက် "အပြစ်ရှိသည်" ဟူသော ဖြေကြားချက်ကို လက်ခံ၍၊ ရေးမှတ်နိုင်သည်။

"အပြစ်မရှိ" ဟူသောဖြေကြားချက်ကို နုတ်သိမ်းခြင်း။

၁၁၆။ ။ စစ်ဆေးစီရင်နေစဉ်၊ မည်သည့်အချိန်အခါ၌မဆို၊ တရားခံသည်၊ မိမိသင့်လျော်မည်ထင်လျှင်၊ "အပြစ်မရှိ" ဟူသော မိမိ၏ဖြေကြားချက်ကို၊ နုတ်သိမ်းနိုင်သည့်ပြင်၊ "အပြစ်ရှိသည်" ဟုဖြေကြားနိုင်သည်။ ထိုကိစ္စမျိုးတွင် စစ်တရားရုံးသည်၊ နည်းဥပဒေ ၁၁၄၊ နည်းဥပဒေခွဲ (၂) အရ လိုက်နာဆောင်ရွက်လျက်၊ "အပြစ်ရှိသည်" ဟူသော ဖြေကြားချက်နှင့်ဆုံးဖြတ်ချက်ကို ချက်ခြင်းရေးသားချမှတ်ရမည့်ပြင်၊ လိုအပ်သမျှကို နည်းဥပဒေ ၁၁၅ တွင် ပြဋ္ဌာန်းထားသည့် နည်းလမ်းအတိုင်း ဆက်လက်ဆောင်ရွက်ရမည်။

"အပြစ်မရှိ" ဟုဖြေကြားပြီးနောက်၊ လိုက်နာရမည့်ကျင့်ထုံး။

၁၁၇။ ။ (၁) စွဲချက်တစ်ခုခုနှင့်စပ်လျဉ်း၍ "အပြစ်မရှိ" ဟူသောဖြေကြားချက်ကို ရေးမှတ်ပြီးနောက်၊ တရားလိုဘက်သက်သေခံချက်ကို ရေးယူရမည်။

(၂) တရားလိုဘက် သက်သေခံချက်အဆုံးသတ်ခြင်းသို့ ရောက်သောအခါ၊ တရားခံသည်၊ တရားလိုဘက်အတွက် တင်ပြသော သက်သေခံချက်တွင်၊ မိမိအပေါ် အမှုထင်ရှားလောက်အောင် အခြေအမြစ်ရှိကြောင်း မပေါ်လွင်သောကြောင့်၊ မိမိအား ခုခံချေပစေခြင်း မပြုထိုက်ပါဟု၊ စစ်တရားရုံးသို့ လျှောက်ထားနိုင်သည်။ စစ်တရားရုံးသည်၊ ထိုလျှောက်ထားချက်မှာ လုံလောက်စွာ အကိုးအကားပြုထားသည့် လျှောက်ထားချက်ဖြစ်သည်ဟု ကျေနပ်လျှင်၊ တရားခံကို၊ တရားသေလွှတ်ရမည်။

(၃) တရားလိုဘက်အမှုကို အဆုံးသတ်ခြင်းသို့ ရောက်သောအခါ၊ စစ်တရားရုံးသည် —

(က) တရားခံက အလိုရှိလျှင်၊ ကျမ်းသစ္စာပြု၍၊ သက်သေအဖြစ် သက်သေခံချက်ပေးနိုင်ကြောင်း၊ သို့တည်းမဟုတ် ကျမ်းသစ္စာမပြုဘဲ၊ ထွက်ဆိုချက်တစ်ရပ်ကို ပြုလုပ်နိုင်ကြောင်း၊ သို့သော်လည်း ထိုကဲ့သို့ သက်သေခံချက်ပေးရန်၊ သို့တည်းမဟုတ် ထွက်ဆိုချက်ပြုလုပ်ရန် တာဝန်ဟူ၍ ၄င်း၌ မရှိကြောင်း၊

(ခ) တရားခံက ကျမ်းသစ္စာပြု၍ သက်သေခံချက်ပေးလျှင်၊ ၎င်းသည် စစ်တရားရုံး၏ မေးမြန်းခြင်းကို ခံရမည်ဖြစ်ကြောင်း၊ သို့သော်လည်း ကျမ်းသစ္စာမပြုဘဲ၊ ထွက်ဆိုချက်တစ်ရပ်ကို ပြုလုပ်လျှင်၊ စစ်တရားရုံး၌ ၎င်းအား မည်သည့်မေးခွန်းကိုမျှ မေးပိုင်ခွင့် မရှိကြောင်း၊ ထို့ပြင်

(ဂ) တရားခံက ကျမ်းသစ္စာပြု၍ သက်သေခံချက်ပေးသည်ဖြစ်စေ၊ ကျမ်းသစ္စာမပြုဘဲ၊ ထွက်ဆိုချက်တစ်ရပ်ကို ပြုလုပ်သည်ဖြစ်စေ၊ သက်သေခံချက်မပေးဘဲ၊ သို့တည်းမဟုတ် ထွက်ဆိုချက်တစ်ရပ်ကို မပြုလုပ်ဘဲ နေသည်ဖြစ်စေ၊ အမှု၏အကြောင်းခြင်းရာနှင့်သော်လည်းကောင်း၊ ၎င်း၏အကျင့်စာရိတ္တနှင့်သော်လည်းကောင်း စပ်လျဉ်း၍ ၎င်းဘက် သက်သေများကို ခေါ်နိုင်ကြောင်း၊

တရားခံအား ရှင်းလင်းပြောပြရမည်။

(၄) စစ်တရားရုံးသည်၊ နည်းဥပဒေခွဲ (၃) အတိုင်း လိုက်နာပြီးသောအခါ၊ တရားခံအား ကျမ်းသစ္စာပြု၍၊ သက်သေခံချက်ပေးရန် ရည်ရွယ်သလော၊ သို့တည်းမဟုတ် ကျမ်းသစ္စာမပြုဘဲ၊ ထွက်ဆိုချက်တစ်ရပ်ကို ပြုလုပ်ရန် ရည်ရွယ်သလော၊ သို့တည်းမဟုတ် ၎င်းဘက်အတွက် သက်သေတစ်ဦးဦးကို ခေါ်ရန် ရည်ရွယ်သလောဟု မေးမြန်းရမည့်ပြင်၊ သက်သေခေါ်လိုသည်ဟု ဖြေကြားပါက၊ ထိုသက်သေမှာ၊ အမှုအကြောင်းခြင်းရာနှင့်စပ်လျဉ်းသည့် သက်သေလော၊ သို့တည်းမဟုတ် အကျင့်စာရိတ္တနှင့်သာ စပ်လျဉ်းသည့် သက်သေလောဟုလည်း၊ မေးမြန်းရမည်။

(၅) တရားခံသည်၊ ကျမ်းသစ္စာပြု၍၊ သက်သေခံချက်ပေးနိုင်သည်၊ သို့တည်းမဟုတ် ကျမ်းသစ္စာမပြုဘဲ၊ ထွက်ဆိုချက်တစ်ရပ်ကို ပြုလုပ်နိုင်သည်။ ထို့နောက်တရားခံဘက် သက်သေများရှိလျှင်၊ ထိုသက်သေများကိုခေါ်၍၊ ၎င်းတို့က သက်သေခံချက်များကို ပေးကြရမည်။

၁၁၈။ ။ စစ်တရားရုံးသည်၊ တရားမျှတရေးအတွက် လိုအပ်သည်ဟု မိမိထင်မြင်လျှင်၊ တရားခံဘက်ကို ချေပမည့် သက်သေများကို ခေါ်နိုင်သည်။

တရားခံဘက်ကို ချေပမည့် သက်သေများ။

၁၁၉။ ။ စစ်တရားရုံးသည်၊ တရားလိုနှင့်တရားခံနှစ်ဘက်လုံးအတွက် သက်သေခံချက်အားလုံးကို ကြားနာပြီးသည့်နောက်၊ စွဲချက်များနှင့်စပ်လျဉ်း၍၊ တရားခံ၌ အပြစ်ရှိသည်၊ သို့တည်းမဟုတ် တရားခံ၌ အပြစ်မရှိသည်ဟူသော မိမိ၏ထင်မြင်ယူဆချက်ကို ပေးရမည်။

ဆုံးဖြတ်ချက်။

ဆုံးဖြတ်ချက်ရေးပုံရေးနည်းနှင့် ဆုံးဖြတ်ချက်ရေးသားချမှတ်ခြင်း

၁၂၀။ ။ (၁) တရားခံအား စွဲချက်တင်၍ စစ်မေးသော စွဲချက်တိုင်းအတွက်ဆုံးဖြတ်ချက်ကို ရေးသားချမှတ်ရမည်။ ထို့ပြင် ဤနည်းဥပဒေများတွင် ဖော်ပြထားသည့်အတိုင်းမှတစ်ပါး "အပြစ်ရှိသည်"၊ သို့တည်းမဟုတ် "အပြစ်မရှိ" ဟူသော ဆုံးဖြတ်ချက်တစ်ခုတည်းကို ရေးသားချမှတ်ရမည်။

(၂) စွဲချက်တစ်ခုခုနှင့်စပ်လျဉ်း၍၊ စွဲဆိုထားသည့် ပြစ်မှုကိုသော်လည်းကောင်း၊ စွဲဆိုထားသည့် စွဲချက်အတိုင်း၊ အက်ဥပဒေအရ တရားသဖြင့် တရားခံ၌ အပြစ်ရှိသည်ဟု ဆုံးဖြတ်နိုင်သော ပြစ်မှုတစ်ခုခုကိုသော်လည်းကောင်း၊ တရားခံက ကျူးလွန်ကြောင်း၊ သက်သေခံချက်ရှိသော အကြောင်းခြင်းရာများအရ မထင်ရှားဟု၊ စစ်တရားရုံးက ထင်မြင်ယူဆသောအခါ၊ စစ်တရားရုံးသည်၊ ထိုစွဲချက်အတွက် တရားခံအား တရားသေလွှတ်ရမည်။

(၃) စွဲချက်တစ်ခုခုနှင့်စပ်လျဉ်း၍၊ သက်သေခံချက်အရ ထင်ရှားကြောင်း၊ စစ်တရားရုံးက တွေ့ရှိရသောအကြောင်းခြင်းရာများသည်၊ စွဲချက်ပါပြစ်မှုကျူးလွန်ပုံဖော်ပြချက်တွင် စွပ်စွဲထားသည့်အကြောင်းခြင်းရာများနှင့် အရေးပါအရာရောက်လောက်အောင် ကွဲပြားခြားနားစေကာမူ၊ ယင်းသို့တွေ့ရှိရသောအကြောင်းခြင်းရာများသည်၊ စွဲချက်တွင်ဖော်ပြထားသော ပြစ်မှုကို တရားခံကျူးလွန်ကြောင်း ထင်ရှားစေသည့် လုံလောက်သော အကြောင်းခြင်းရာများဖြစ်သည့်ပြင်၊ ထိုကွဲပြားခြားနားခြင်းသည်လည်း၊ တရားခံအား၊ မိမိ၏ ခုခံချေပရေးတွင်၊ အကျိုးယုတ်စေလောက်အောင် အရေးမပါ အရာမရောက်ဟု၊ စစ်တရားရုံးက ထင်မြင်ယူဆသောအခါ၊ စစ်တရားရုံးသည်၊ "အပြစ်မရှိ" ဟူသော ဆုံးဖြတ်ချက်ကို ရေးသားချမှတ်ရမည့်အစား၊ အထူးဆုံးဖြတ်ချက်ကို ရေးသားချမှတ်နိုင်သည်။

(၄) ထိုအထူးဆုံးဖြတ်ချက်ဖြင့်၊ ၎င်းတွင် သီးခြားဖော်ပြထားသည့် ခြွင်းချက်များ၊ သို့တည်းမဟုတ် ပြောင်းလဲချက်များဆိုင်ရာ ရေးမှတ်ချက်များနှင့် မဆန့်ကျင်စေဘဲ၊ စွဲချက်တစ်ခုအတွက် တရားခံ၌ အပြစ်ရှိသည်ဟု ဆုံးဖြတ်နိုင်သည်။

(၅) စွဲချက်တစ်ခုအတွက် ပြစ်မှုထင်ရှားစီရင်ခြင်းသည်၊ အမြားနည်းစွဲချက်အတွက်ဖြစ်စေ၊ အခြားနည်းစွဲချက်များအတွက်ဖြစ်စေ၊ အပြစ်ရှိသည်ဟု ဆိုရာရောက်စေကာမူ၊ အခြားနည်းစွဲဆိုထားသည့် စွဲချက်နှစ်ခု၊ သို့တည်းမဟုတ် နှစ်ခုထက်ပိုသည့် စွဲချက်များအနက်၊ စွဲချက်တစ်ခုအတွက်ထက်ပို၍ တရားခံ၌၊ အပြစ်ရှိသည်ဟု စစ်တရားရုံးက မဆုံးဖြတ်ရ။

တရားသေလွှတ်သည့်အခါ လိုက်နာရမည့်ကျင့်ထုံး။

၁၂၁။ ။ စွဲချက်လွှာပါ စွဲချက်အသီးသီးအပေါ်၌ ဆုံးဖြတ်ချက်သည် "အပြစ်မရှိ" ဟူသော ဆုံးဖြတ်ချက်ဖြစ်လျှင်၊ စစ်တရားရုံးသည်၊ အမှုတွဲကိုရက်စွဲတပ်၍ လက်မှတ်ရေးထိုးပြီးနောက်၊ ထိုစွဲချက်များနှင့်စပ်လျဉ်း၍ တရားခံအား တရားသေလွှတ်ရမည်။

ပြစ်မှုထင်ရှားစီရင်သည့်အခါ လိုက်နာရမည့်ကျင့်ထုံး။

၁၂၂။ ။(၁) စွဲချက်တစ်ခုခုအတွက် ဆုံးဖြတ်ချက်သည် "အပြစ်ရှိသည်" ဟူသော ဆုံးဖြတ်ချက်ဖြစ်လျှင်၊ စစ်တရားရုံးသည်မိမိသိရှိသမျှ တရားခံ၏ အကျင့်စာရိတ္တ၊ အသက်၊ စစ်မှုထမ်းသက်၊ အဆင့်၊ ထို့ပြင် အသိအမှတ်ပြုသည့် သူရသတ္တိရှိစွာ ဆောင်ရွက်မှုများ၊ သို့တည်းမဟုတ် ထူးချွန်သော ဆောင်ရွက်မှုတစ်ခုခု၊ စစ်တရားရုံးတစ်ရုံးကဖြစ်စေ၊ ရာဇဝတ်တရားရုံးတစ်ရုံးကဖြစ်စေ၊ ယခင်က တရားခံအား ပြစ်မှုထင်ရှားစီရင်ခြင်းများ၊ ပုဒ်မ ၈၂ အရ အာဏာသုံးစွဲသော အရာရှိတစ်ဦးက တရားခံအား ယခင်က ချမှတ်သည့်ပြစ်ဒဏ်များ၊ တရားခံ ဖမ်းဆီးထားခြင်းခံနေရသည့် အချိန်ကာလ၊ သို့တည်းမဟုတ် ယခင်ပြစ်ဒဏ်ချမှတ်ချက် တစ်ခုခုအတွက် တရားခံအချုပ်နှင့်နေရသည့်အချိန်ကာလ၊ ထို့ပြင် တရားခံ၏ လက်ရှိဖြစ်သော သို့တည်းမဟုတ် တရားခံက ရသင့်ရထိုက်သော စစ်ဘက်ဘွဲ့တံဆိပ်တစ်ခုခု၊ သို့တည်းမဟုတ် စစ်ဘက်ဆု တစ်ခုခုနှင့် စပ်လျဉ်း၍ ရေးမှတ်နိုင်သည်၊ သို့တည်းမဟုတ် သက်သေခံချက်ကိုရယူပြီး ရေးမှတ်နိုင်သည်။

(၂) စစ်တရားရုံးသည်၊ ဤနည်းဥပဒေတွင်ဖော်ပြထားသောအကြောင်းအရာများကို၊ မိမိ သိရှိသမျှ ရေးမှတ်ခြင်းမပြုလျှင်၊ ထိုအကြောင်းအရာများနှင့်စပ်လျဉ်းသည့် သက်သေခံချက်ကို၊ စစ်တရားရုံး ချုပ်နှင့် တိုင်းစစ်တရားရုံး၌၊ အလားတူ သက်သေခံချက်ရေးမှတ်ရေးအတွက်၊ နည်းဥပဒေ ၆၃ တွင် ပြဋ္ဌာန်းထားသည့် နည်းလမ်းအတိုင်း ရေးမှတ်နိုင်သည်။

ပြစ်ဒဏ်ချမှတ်ချက်။

၁၂၃။ ။ စစ်တရားရုံးသည်၊ တရားခံအား အပြစ်ရှိသည်ဟု ဆုံးဖြတ်သော ပြစ်မှုအားလုံးနှင့် စပ်လျဉ်း၍၊ ပြစ်ဒဏ်ချမှတ်ချက်တစ်ခုတည်းကိုသာ ချမှတ်ရမည်။

အမှုတွဲကို လက်မှတ်ထိုးခြင်း။

၁၂၄။ ။ စစ်တရားရုံးသည်၊ ပြစ်ဒဏ်ချမှတ်ချက်ကို ရက်စွဲတပ်ပြီးနောက်၊ လက်မှတ်ထိုးရမည်၊ ထိုလက်မှတ်သည်၊ အမှုတွဲတစ်ခုလုံး မှန်ကန်ကြောင်း ထင်ရှားစေသည့် သက်သေခံဖြစ်ရမည်။

သီးခြားစွဲချက်လွှာများပါ စွဲချက်များ။

၁၂၅။ ။ စစ်တရားရုံးဖြင့် စစ်ဆေးစီရင်ရာ၌၊ စွဲချက်များသည်၊ သီးခြားစွဲချက်လွှာများတွင် ပါရှိလျှင်၊ သီးခြားစွဲချက်လွှာများတွင် ပါရှိသောစွဲချက်များကို စစ်ဆေးစီရင်ရန်၊ စစ်တရားရုံးချုပ်နှင့် တိုင်းစစ်တရားရုံးအတွက် ချမှတ်ထားသော ကျင့်ထုံးကို၊ သက်ဆိုင်သမျှ လိုက်နာရမည်။

စစ်တရားရုံးမှ လူများ ဖယ်ရှားစေခြင်း။

၁၂၆။ ။ (၁) စစ်တရားရုံးသည်၊ သက်သေခံချက်ကို ဆင်ခြင်သုံးသပ်ရန်သော်လည်းကောင်း၊ စစ်ဆေးစီရင်ရာသို့ တက်ရောက်သောအရာရှိများနှင့် ညှိနှိုင်းတိုင်ပင်ရန်သော်လည်းကောင်း၊ ရှိနေပိုင်ခွင့်မရှိသည့် အခြားသူအားလုံးကို၊ မိမိရုံးထိုင်သောနေရာမှ ဖယ်ရှားစေနိုင်သည်။

(၂) အထက်၌ဖော်ပြထားသည့်အတိုင်းမှတစ်ပါး၊ နေရာတစ်ခုခုကို ကြည့်ရှုခြင်းအပါအဝင်၊ အခြားမှုခင်းကိစ္စဆောင်ရွက်ခြင်းအားလုံးကို၊ လူသိရှင်ကြားတရားခွင်တွင်၊ ထို့ပြင်တရားခံ၏ မျက်မှောက်တွင်ပြုလုပ်ရမည်။

ရုံးရွှေ့ဆိုင်းခြင်း။

၁၂၇။ ။ တပ်တွင်းစစ်တရားရုံးသည်၊ အခါအားလျော်စွာ ရွှေ့ဆိုင်းနိုင်သည့်ပြင်၊ တစ်နေရာမှ တစ်နေရာသို့ ရွှေ့ပြောင်း၍လည်း ရုံးထိုင်နိုင်သည်။ ထို့ပြင် စစ်တရားရုံးသည်၊ လိုအပ်သည့်အခါ၊ မည်သည့်နေရာကိုမဆို၊ ကြည့်ရှုနိုင်သည်။

တရားခံ၏မိတ်ဆွေ။

၁၂၈။ ။ တပ်တွင်းစစ်တရားရုံးတွင်၊ စစ်ဆေးစီရင်နေစဉ်အတွင်း၊ တရားခံသည်၊ မိမိအား ကူညီရန်၊ ဥပဒေအကြံပေးသူတစ်ဦးကို၊ သို့တည်းမဟုတ် အခြားသူတစ်ဦးကို ရရှိနိုင်သည်။ ထိုသို့တရားခံအား ကူညီနေသူတစ်ဦးသည်၊ လိုရင်းအချက်အားလုံးနှင့် စပ်လျဉ်း၍ တရားခံအား၊ အကြံပေးနိုင်သည့်ပြင်၊ သက်သေများအားမေးရန်မေးခွန်းများ နှင့် စပ်လျဉ်း၍လည်း အကြံပေးနိုင်သည်။ သို့သော်လည်း သက်သေများအား စစ်မေးခြင်းကိုသော်လည်းကောင်း၊ ပြန်လှန်စစ်မေးခြင်းကိုသော်လည်းကောင်း၊ စစ်တရားရုံးအား လျှောက်ထားခြင်းကိုသော်လည်းကောင်း မပြုရ။

မှတ်တမ်းအကျဉ်းချုပ်ကို အမှုတွဲတွင်တွဲထားရန်။

၁၂၉။ ။ တပ်တွင်းစစ်တရားရုံးသည်၊ ပုဒ်မ ၁၂၃ ကလိုအပ်သည့်အတိုင်း တင်ပြခြင်းမပြုက၊ သာမန်အားဖြင့် စစ်ဆေးစီရင်ခွင့်မရှိသော ပြစ်မှုကို၊ ထိုသို့မတင်ပြဘဲ၊ စစ်ဆေးစီရင်သောအခါ၊ ရှင်းလင်းဖော်ပြချက်ပါရှိသော မှတ်တမ်းအကျဉ်းချုပ်ကို အမှုတွဲတွင်ပူးတွဲရမည်။

ထုတ်ပြန်ကြေညာခြင်း။

၁၃၀။ ။ တပ်တွင်းစစ်တရားရုံး၏ ပြစ်ဒဏ်ချမှတ်ချက်ကို ထုတ်ဖော်ပြောဆိုပြီးနောက်၊ ထုတ်ပြန်ကြေညာခွင့်ရလျှင်ရချင်း (နည်းဥပဒေ ၁၃၁ တွင်ပြဋ္ဌာန်းထားသည့်အတိုင်းမှတစ်ပါး) စစ်ဘက်ထုံးတမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်၊ ထုတ်ပြန်ကြေညာပြီးသည့်နောက်၊ ကြန့်ကြာခြင်းမရှိဘဲ၊ ပြစ်ဒဏ်ချမှတ်ချက်ကို ပြီးမြောက်အောင်ဆောင်ရွက်ရမည်။

အချို့အခြေအနေတွင်ထုတ်ပြန်ကြေညာခြင်းကို ဆိုင်းငံ့ထားရန်။

၁၃၁။ ။ စစ်ဆေးစီရင်ခြင်းကို ပြုလုပ်သည့်အရာရှိ၏ စစ်မှုထမ်းသက်သည်၊ ငါးနှစ်အောက် လျော့သောအခါ၊ ပုဒ်မ ၁၆၅၊ ပုဒ်မခွဲ (၂) တွင် ပြဋ္ဌာန်းထားသည့်အတိုင်း၊ အထက်အာဏာပိုင်က သဘောမတူမချင်း၊ စစ်တရားရုံး၏ ပြစ်ဒဏ်ချမှတ်ချက်ကို (တန်းပြည့်စစ်မှုထမ်းချိန်မှတစ်ပါး) ပြီးပြောက်အောင်မဆောင်ရွက်ရ။

အမှုတွဲကို ပြန်လည်သုံးသပ်ခြင်း။

၁၃၂။ ။ တပ်တွင်းစစ်တရားရုံး၏ ပြစ်ဒဏ်ချမှတ်ချက်ကို ထုတ်ပြန်ကြေညာပြီးသည်နှင့် တစ်ပြိုင်နက် (သက်ဆိုင်ရာ ဒုတိယ၊ သို့တည်းမဟုတ် လက်ထောက်စစ်ဥပဒေချုပ်ထံမှတစ်ဆင့်) ပုဒ်မ ၁၆၆ နှင့်အညီ၊ အမှုတွဲများကို အရေးယူရန်၊ အခွင့်အာဏာရသော အရာရှိထံသို့ တပ်တွင်းစစ်တရားရုံး၏ အမှုတွဲကို ပေးပို့ရမည်။ ထိုအခွင့်အာဏာရ အရာရှိက၊ အမှုတွဲကို ပြန်လည်သုံးသပ်ပြီးသည့်နောက်၊ နည်းဥပဒေ ၁၄၅၊ နည်းဥပဒေခွဲ (၂) နှင့်အညီ ထိန်းသိမ်းထားရေးအတွက်၊ တရားခံ၏ တပ်အဖွဲ့သို့ ပြန်ပို့ရမည်။

<u>အပိုင်း ၄။ ။ ယေဘုယျပြဋ္ဌာန်းချက်များ။</u>

သက်သေများနှင့် သက်သေခံချက်။

တရားလိုဘက်အမှုလိုက်အရာရှိ၏ သက်သေအားလုံးကိုခေါ်ခြင်း။

၁၃၃။ ။ သက်သေခံအကျဉ်းချုပ်တွင်သော်လည်းကောင်း၊ သက်သေခံကောက်နုတ်ချက်တွင်သော်လည်းကောင်း၊ သက်သေခံချက်ပါရှိသော၊ တရားလိုဘက်သက်သေအားလုံးကိုဖြစ်စေ၊ တရားလိုဘက် အမှုလိုက်အရာရှိက၊ သို့တည်းမဟုတ် တပ်တွင်းစစ်တရားရုံးက ခေါ်ရန်ကြံရွယ်ကြောင်း၊ တရားခံအား အကြောင်းကြားပြီးဖြစ်သော တရားလိုဘက် သက်သေအားလုံးကိုဖြစ်စေ၊ ခေါ်ရန်၊ တရားလိုဘက် အမှုလိုက်အရာရှိ၌၊ သို့တည်းမဟုတ် တပ်တွင်းစစ်တရားရုံးဖြင့် စစ်ဆေးစီရင်သောအမှုဖြစ်လျှင်၊ တပ်တွင်းစစ်တရားရုံး၌၊ တာဝန်မရှိ။ သို့သော်လည်း တရားခံက ပြန်လှန်စစ်မေးနိုင်ရန်၊ ထိုသက်သေများအနက်၊ တရားခံအလိုရှိသော သက်သေများကို၊ တရားလိုဘက် အမှုလိုက်အရာရှိက၊ သို့တည်းမဟုတ် တပ်တွင်းစစ်တရားရုံးက၊ သာမန်အားဖြင့် ခေါ်သင့်သည့်ပြင်၊ ဤကိစ္စအလို့ငှာ၊ ဖြစ်နိုင်သမျှ ထိုသက်သေအားလုံးကို ရုံးသို့လာရောက်စေရမည်။

သက်သေခံအကျဉ်းချုပ်တွင်သော်လည်းကောင်း၊ သက်သေခံ ကောက်နုတ်ချက်တွင်သော်လည်းကောင်း၊ သက်သေခံချက်မပါရှိသည့်သက်သေကိုခေါ်ခြင်း။

၁၃၄။ ။ တရားလိုဘက်အမှုလိုက်အရာရှိကသော်လည်းကောင်း၊ တပ်တွင်းစစ်တရားရုံးဖြင့် စစ်ဆေးသောအမှုဖြစ်လျှင်၊ တပ်တွင်းစစ်တရားရုံးကသော်လည်းကောင်း၊ တရားခံအားပေးထားသော သက်သေခံအကျဉ်းချုပ်တွင်ဖြစ်စေ၊ သက်သေခံကောက်နုတ်ချက်တွင်ဖြစ်စေ၊ သက်သေခံချက်မပါရှိသည့် သက်သေတစ်ဦးကိုခေါ်ရန် ကြံရွယ်လျှင်၊ထိုသက်သေကို

မခေါ်မီ၊ သင့်လျော်သည့် အချိန်အတွင်း၊ ထိုသို့ခေါ်ရန် ကြံရွယ် ကြောင်းကို၊ တရားခံအား အကြောင်းကြားလျက်၊ ထိုသက်သေက ထွက်ဆိုရန် ရည်ရွယ် ထားသည့်၊ သက်သေခံကောက်နုတ်ချက်တစ်စောင်ကို၊ တရားခံအား ပေးရမည်။ ထိုသို့အကြောင်းမကြားဘဲ သော်လည်းကောင်း၊ သက်သေခံကောက်နုတ်ချက်ကို မပေးဘဲ သော်လည်းကောင်း၊ ထိုသက်သေကို ခေါ်လျှင်၊ ထိုသက်သေ၏သက်သေခံချက်ကို ယူပြီးသည့်နောက်၊ နှုတ်ရွှေ့ဆိုင်းရန်၊ သို့တည်းမဟုတ် ထိုသက်သေအား ပြန်လှန်စစ်မေးခြင်းကို ရက်ရွှေ့ခွင့်ပြုရန်၊ တရားခံက တောင်းဆိုပါက၊ တောင်းဆိုသည့်အတိုင်း နှုတ်ရွှေ့ဆိုင်းရမည်၊ သို့တည်းမဟုတ် ပြန်လှန်စစ်မေးခြင်းကို ရက်ရွှေ့ရမည်။ ထိုသို့ နှုတ်ရွှေ့ဆိုင်း ခြင်းကိုသော်လည်းကောင်း၊ ပြန်လှန်စစ်မေးခြင်းကို ရက်ရွှေ့ခွင့်ကို သော်လည်းကောင်း၊ တောင်းဆိုရန် တရားခံ၌ အခွင့်အရေးရှိကြောင်းကိုလည်း၊ တရားခံအား စစ်တရားရုံးက ပြောကြားရမည်။

၁၃၅။ ။ တရားခံသည်၊ မိမိက ခေါ်ရန်ကြံရွယ်ထားသည့် သက်သေများ၏စာရင်းကို၊ တရားလိုဘက်အမှုလိုက်အရာရှိအား၊ သို့တည်းမဟုတ် စစ်တရားရုံးအား ပေးရန်မလို။ သို့သော်လည်း သက်သေခံအကျဉ်းချုပ်တွင်သော်လည်းကောင်း၊ သက်သေခံကောက်နုတ်ချက်တွင်သော်လည်းကောင်း၊ သက်သေခံချက် မပါရှိသည့်ပြင်၊ ရုံးသို့လာရောက်ရန်လည်း၊ နည်းဥပဒေ ၃၃၊ နည်းဥပဒေခွဲ (၁) အရ ပြဋ္ဌာန်းထားသည့်အတိုင်း အရေးယူရန်၊ တရားခံက မတောင်းဆိုခဲ့သော သက်သေတစ်ဦးဦးရုံးသို့ လာရောက်စေရန်မှာ၊ တရားခံ၏ တာဝန်သာလျှင် ဖြစ်ရမည်။

တရားခံဘက်သက်သေစာရင်း။

၁၃၆။ ။ (၁) စစ်တရားရုံးချုပ်ဖြင့်သော်လည်းကောင်း၊ တိုင်းစစ်တရားရုံးဖြင့်သော်လည်းကောင်း၊ စစ်ဆေးစီရင်သည့် အမှုမျိုးတွင်၊ တရားလိုဘက်အမှုလိုက်အရာရှိက၊ သို့တည်းမဟုတ် တရားခံက ခေါ်စေလိုသည့်ပြင်၊ ဆင့်ခေါ်၍ ရနိုင်သည့် သက်သေများလာရောက်စေရန်၊ တရားခံ၏ တပ်မှူးကဖြစ်စေ၊ စစ်တရားရုံးဖွဲ့စည်းသည့် အရာရှိကဖြစ်စေ၊ စစ်တရားရုံး ရုံးထိုင်ရန် စုဝေးပြီးသည့်အခါ၊ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သောအရာရှိကဖြစ်စေ၊ သင့်လျော်အောင်စီစဉ်ပေးရမည်။ သို့သော်လည်း သက်သေများ လာရောက်ရခြင်းအတွက် စရိတ်ကုန်ကျလျှင်၊ သက်သေတစ်ဦးကို လာရောက်စေလိုသူအား၊ ထိုကုန်ကျစရိတ်ကို ကျခံစေနိုင်သည်။

သက်သေများလာရန် စီစဉ်ပေးခြင်း။

(၂) တပ်တွင်းစစ်တရားရုံးဖြင့် စစ်ဆေးစီရင်သောအမှုမျိုးတွင်၊ တရားခံက ခေါ်စေလိုသည့်ပြင်၊ ဆင့်ခေါ်၍ရနိုင်သည့် သက်သေများလာရောက်စေရန်၊ တပ်တွင်းစစ်တရားရုံးက သင့်လျော်အောင် စီစဉ်ပေးရမည်။ သို့သော်လည်း သက်သေများလာရောက်ရခြင်းအတွက် စရိတ်ကုန်ကျလျှင်၊ တရားခံအား၊ ထိုကုန်ကျစရိတ်ကို ကျခံစေနိုင်သည်။

မခေါ်လျှင်မဖြစ်သော သက်သေ မလာရောက်သည့် အခါလိုက်နာရမည့်ကျင့်ထုံး။

၁၃၇။ ။ အထက်ပါနည်းဥပဒေတွင် ဖော်ပြထားသည့်အတိုင်း သက်သေတစ်ဦးဦးလာရောက်ရန် သင့်လျော်အောင် စီစဉ်မပေးခဲ့လျှင်၊ သို့တည်းမဟုတ်စစ်တရားရုံးရုံးထိုင်ရန် မစုဝေးမီ၊ ဆင့်ခေါ်၍ မရနိုင်သည့် သက်သေတစ်ဦးဦးသည်၊ တရားလိုဘက်အတွက်သော်လည်းကောင်း၊ တရားခံဘက်အတွက်သော်လည်းကောင်း။ မခေါ်လျှင်မဖြစ်သော သက်သေဖြစ်လျှင်၊ စစ်တရားရုံးသည် —

(က) ထိုသက်သေအား စစ်မေးခြင်းအတွက် ကော်မရှင်ကိုထုတ်ရန် စီစဉ်ရမည်၊ သို့တည်း မဟုတ်

(ခ) စစ်တရားရုံးချုပ်သော်လည်းကောင်း၊ တိုင်းစစ်တရားရုံးသော်လည်းကောင်း၊ ဖြစ်လျှင်၊ ရုံးရွှေ့ဆိုင်းရမည့်ပြင်၊ စစ်တရားရုံးဖွဲ့စည်းသည့် အရာရှိထံ အဖြစ်အပျက် အကြောင်းအရာကို အစီရင်ခံရမည်၊ သို့တည်းမဟုတ်

(ဂ) တပ်တွင်းစစ်တရားရုံးဖြစ်လျှင်၊ သက်သေလာရောက်နိုင်စေခြင်းငှာ၊ ရုံးရွှေ့ဆိုင်းရမည်၊ သို့တည်းမဟုတ် စစ်ဆေးစီရင်ခြင်းကို ပြုလုပ်သည့် အရာရှိက၊ တရားမျှတမှုရှိရန် အကောင်းဆုံးဟု ယူဆသည့် အခြားအစီအစဉ်ကို ပြုလုပ်ရမည်။

စစ်တရားရုံးမှ သက်သေများကို ထွက်ခွာစေခြင်း။

၁၃၈။ ။ စစ်ဆေးစီရင်နေစဉ်အတွင်း၊ တရားလိုဘက် အမှုလိုက် အရာရှိမှတစ်ပါး၊ စစ်မေးခြင်းကို ခံမနေရသည့်အချိန်တွင်၊ သက်သေတစ်ဦးအား၊ စစ်တရားရုံး၏ အထူးခွင့်ပြုချက်မရရှိဘဲ၊ စစ်တရားရုံးတွင်ရှိနေခွင့်မပြုရ။ ထို့ပြင် သက်သေသည်၊ စစ်မေးခြင်းကို ခံနေရစဉ်၊ မေးခွန်းတစ်ခုကို ခွင့်ပြုရေးနှင့် စပ်လျဉ်း၍ဖြစ်စေ၊ သက်သေ၏ အဖြေများ လုံလောက်ခြင်းနှင့် စပ်လျဉ်း၍ဖြစ်စေ၊ ထိုသက်သေ၏ သက်သေခံချက်နှင့်စပ်လျဉ်း၍ အခြားအကြောင်းကြောင့်ဖြစ်စေ၊ ဆွေးနွေးရန် ကိစ္စတစ်ရပ် ပေါ်ပေါက်လျှင်၊ စစ်တရားရုံးမှ ထွက်သွားရန်၊ ထိုသက်သေအား ညွှန်ကြားနိုင်သည်။

သက်သေများအား ပြုစေရမည့် ကျမ်းသစ္စာ၊ သို့တည်းမဟုတ် ကတိသစ္စာ။

၁၃၉။ ။ ကျမ်းသစ္စာကိုသော်လည်းကောင်း၊ ကတိသစ္စာကိုသော်လည်းကောင်း၊ အက်ဥပဒေအရ ပြုစေရန်လိုပါက၊ အောက်ပါသစ္စာပြုချက်ပုံစံတစ်ခုခုအရ၊ သို့တည်းမဟုတ် ထိုသက်သေကိုးကွယ်သည့် ဘာသာနှင့်အညီဖြစ်စေ၊ ထိုသက်သေ၏ စိတ်တွင်စွဲမြဲစေသည့် အခြားနည်းလမ်းနှင့် အညီဖြစ်စေ၊ ထပ်တူသစ္စာပြုခြင်း သဘောသက်ရောက်စေသည်ဟု၊ စစ်တရားရုံးက အမှန်စုံစမ်းတွေ့ရှိသည့် အခြားသစ္စာပြုချက်ပုံစံအရ ကျမ်းသစ္စာကိုသော်လည်းကောင်း၊ ကတိသစ္စာကိုသော်လည်းကောင်း၊ စစ်ဥပဒေအရာရှိ၊ ရှိခဲ့လျှင်၊ ထိုစစ်ဥပဒေအရာရှိက၊ သို့တည်းမဟုတ် စစ်တရားရုံး၏ အဖွဲ့ဝင်တစ်ဦးက၊ သို့တည်းမဟုတ် စစ်တရားရုံးက အာဏာအပ်နှင်းထားသူတစ်ဦးဦးက၊ သက်သေတိုင်းအား၊ သက်သေမခံမီ

ပြုစေရမည်။

ကျမ်းသစ္စာပြုချက်ပုံစံ။

"ကျွန်ုပ် .... သည်၊ အမှန်အကန် အစစ်ခံပါမည်၊ အလုံးစုံ အမှန်အကန်အစစ်ခံပါမည်၊ မမှန်မကန်မပါရှိပါဟု ကျမ်းသစ္စာပြုပါသည်။"

ကတိသစ္စာပြုချက်ပုံစံ။

"ကျွန်ုပ် .... သည်၊ အမှန်အကန် အစစ်ခံပါမည်၊ အလုံးစုံ အမှန်အကန်အစစ်ခံပါမည်၊ မမှန်မကန်မပါရှိပါဟု လေးနက်တည်ကြည်မှန်ကန်စွာ ကြေညာ၍၊ ကတိသစ္စာ ပြုပါသည်။"

သက်သေအားမေးမြန်းနည်း။

၁၄၀။ ။(၁) စစ်ဆေးစီရင်ခြင်းကိုပြုလုပ်သော အရာရှိကသော်လည်းကောင်း၊ တရားလိုဘက်မှ အမှုလိုက်အရာရှိကသော်လည်းကောင်း၊ တရားခံက၊ သို့တည်းမဟုတ် တရားခံ၏ ကိုယ်စားသော်လည်းကောင်း၊ စစ်ဥပဒေအရာရှိကသော်လည်းကောင်း၊ မေးခွန်းတိုင်းကို သက်သေအား နှုတ်ဖြင့် မေးမြန်းရမည်။ စစ်တရားရုံးကဖြစ်စေ၊ စစ်ဥပဒေအရာရှိကဖြစ်စေ၊ တရားလိုဘက် အမှုလိုက်အရာရှိကဖြစ်စေ၊ တရားခံကဖြစ်စေ၊ မကန့်ကွက်လျှင် သက်သေသည်၊ ချက်ချင်းဖြေကြားရမည်။ ကန့်ကွက်လျှင်၊ ကန့်ကွက်ချက်ကို မဆုံးဖြတ်ရသေးမီ သက်သေသည်၊ မဖြေကြားရ။ သက်သေသည်၊ မိမိ၏ ဖြေကြားချက်ကို စစ်တရားရုံးအား တိုက်ရိုက်လျှောက်ထားရမည်။

(၂) သက်သေက၊ သက်သေခံချက်အားလုံးပေးပြီးသည့်နောက်၊ စစ်တရားရုံးမှ ထွက်မသွားမီ၊ ၎င်း၏ သက်သေခံချက်ကို၊ ရေးမှတ်ထားသည့်အတိုင်း၊ ၎င်းအား ဖတ်ပြရမည်။ ထို့ပြင် လိုအပ်လျှင် မှားယွင်းချက်ကို မှန်အောင်ပြင်ရမည်။ သက်သေက ရှင်းလင်းချက်၊ သို့တည်းမဟုတ် ပြင်ဆင်ချက် ပြုလုပ်လျှင်၊ ထိုရှင်းလင်းချက်၊ သို့တည်းမဟုတ် ပြင်ဆင်ချက်နှင့် စပ်လျဉ်း၍၊ တရားလိုဘက် အမှုလိုက် အရာရှိနှင့် တရားခံ၊ သို့တည်းမဟုတ် ရှေ့နေ၊ သို့တည်းမဟုတ် တရားခံဘက် အရာရှိသည်၊ သက်သေအား စစ်မေးနိုင်သည်။

(၃) သက်သေခံချက်ကို သက်သေအား ဖတ်ပြသောအခါ သက်သေခံချက်ပါ အစိတ်အပိုင်းတစ်ခုခု၏ မှန်ကန်ခြင်းကို သက်သေက ငြင်းဆိုလျှင်၊ စစ်တရားရုံးသည်၊ သက်သေခံချက်ကို ပြင်မည့်အစား သက်သေ၏ ကန့်ကွက်ချက်ကို ရေးမှတ်ရမည်။

(၄) မြန်မာဘာသာဖြင့်သော်လည်းကောင်း၊ အင်္ဂလိပ်ဘာသာဖြင့်သော်လည်းကောင်း၊ သက်သေမခံသည့်ပြင်၊ ထိုဘာသာနှစ်ခုအနက်၊ မည်သည့်ဘာသာကိုမျှ သက်သေက နားမလည်လျှင်၊ သက်သေခံသောအခါ၊ ထွက်ဆိုသည့် ဘာသာဖြင့်သော်လည်းကောင်း၊ သက်သေနားလည်သည့် ဘာသာ

တစ်ခုခုဖြင့်သော်လည်းကောင်း၊ သက်သေအား၊ စစ်တရားရုံးမှ ထွက်မသွားမီ၊ ရေးမှတ်ထားသည့်အတိုင်း သက်သေခံချက်ကို၊ ပြန်ဆိုပြောပြရမည်။

(၅) သက်သေခံချက်ကို လက်ရေးတိုစာရေးက ရေးမှတ်ယူသည့်ကိစ္စတွင်၊ စစ်တရားရုံးနှင့် စစ်ဥပဒေအရာရှိ ရှိခဲ့လျှင်၊ ထိုစစ်ဥပဒေအရာရှိ၏ ထင်မြင်ယူဆချက်အရ သက်သေခံချက်ကို ဖတ်ပြရန် မလိုအပ်လျှင်၊ (ထိုထင်မြင်ယူဆချက်ကို အမှုတွဲတွင် ရေးမှတ်ရမည်) နည်းဥပဒေခွဲ (၂)၊ သို့တည်းမဟုတ် နည်းဥပဒေခွဲ (၄) နှင့်အညီ၊ ထိုသက်သေခံချက်ကို၊ သက်သေအား ဖတ်ပြရန် မလိုအပ်စေရ။ သို့သော်လည်း သက်သေတစ်ဦးဦးက အလိုရှိလျှင်၊ ၎င်း၏ သက်သေခံချက်ကို၊ ၎င်းအား ဖတ်ပြရမည်။

စစ်တရားရုံးက၊ သို့တည်းမဟုတ် စစ်ဥပဒေအရာရှိက သက်သေများအား မေးရန်မေးခွန်းများ။

၁၄၃။ ။ (၁) သက်သေတစ်ဦးသည်၊ မိမိ၏ မူလသက်သေခံချက်ကို ထွက်ဆိုနေစဉ်တွင်၊ စစ်တရားရုံးမှ ထွက်မသွားမီ၊ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သောအရာရှိက၊ သို့တည်းမဟုတ် စစ်ဥပဒေအရာရှိ ရှိခဲ့လျှင်၊ ထိုစစ်ဥပဒေအရာရှိက၊ သို့တည်းမဟုတ် စစ်ဆေးစီရင်ခြင်းကို ပြုလုပ်သည့် အရာရှိက၊ ထို့ပြင်စစ်တရားရုံး၏ ခွင့်ပြုချက်ဖြင့်၊ စစ်တရားရုံး၏ အဖွဲ့ဝင်တစ်ဦးဦးက၊ ထိုသက်သေအား မေးခွန်း မေးနိုင်သည်။

(၂) ထိုသို့မေးသောမေးခွန်းကို ဖြေကြားပြီးသောအခါ၊ ထိုအဖြေနှင့်စပ်လျဉ်း၍ မေးရန်၊ တရားလိုဘက် အမှုလိုက်အရာရှိက၊ သို့တည်းမဟုတ် တရားခံက၊ သို့တည်းမဟုတ် ရှေ့နေက၊ သို့တည်းမဟုတ် တရားခံဘက်အရာရှိက တောင်းဆိုသည့်ပြင်၊ စစ်တရားရုံးကလည်း သင့်လျော်သည်ဟုယူဆသော မေးခွန်းတစ်ခုခုကို၊ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော အရာရှိသည်၊ သို့တည်းမဟုတ် စစ်ဥပဒေအရာရှိ ရှိခဲ့လျှင်၊ ထိုစစ်ဥပဒေအရာရှိသည်၊ သို့တည်းမဟုတ် စစ်ဆေးစီရင်ခြင်းကို ပြုလုပ်သောအရာရှိသည်၊ သက်သေအား မေးရမည်။

သက်သေများကို ပြန်ခေါ်ခြင်းနှင့် ချေပမည့် သက်သေများကိုခေါ်ခြင်း။

၁၄၄။ ။ (၁) တရားခံက၊ သို့တည်းမဟုတ် တရားခံ၏ ကိုယ်စား၊ နိဂုံးချုပ်လျှောက်ထားချက်ကို မတင်သွင်းမီ၊ မည်သည့်အချိန်အခါ၌မဆို (သို့တည်းမဟုတ် တပ်တွင်းစစ်တရားရုံးဖြင့် စစ်ဆေးစီရင်သည့်အမှုမျိုးတွင်၊ တပ်တွင်း စစ်တရားရုံး၏ ဆုံးဖြတ်ချက်မချမှတ်မီ မည်သည့်အချိန်အခါ၌မဆို) တရားလိုဘက် အမှုလိုက်အရာရှိ၏၊ သို့တည်းမဟုတ် တရားခံ၏ တောင်းဆိုချက်အရ၊ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သောအရာရှိ၊ သို့တည်းမဟုတ် စစ်ဥပဒေအရာရှိ ရှိခဲ့လျှင်၊ ထိုစစ်ဥပဒေအရာရှိ၊ သို့တည်းမဟုတ် စစ်ဆေးစီရင်ခြင်းကို ပြုလုပ်သည့် အရာရှိမှတစ်ဆင့်၊ မေးခွန်းတစ်ခုခုကို မေးရန်အလို့ငှာ၊ စစ်တရားရုံး၏ ခွင့်ပြုချက်ဖြင့်၊ သက်သေတစ်ဦးအား၊ ပြန်ခေါ်နိုင်သည်။

(၂) စစ်တရားရုံးက၊ တရားမျှတမှုအတွက် လိုအပ်သည်ဟု ယူဆလျှင်၊ တရားခံက၊ သို့တည်းမဟုတ် တရားခံ၏ ကိုယ်စား၊ နိုင်ငံချုပ်လျှောက်ထားချက်မတင်သွင်းမီ၊ တရားခံဘက် သက်သေ တစ်ဦးထွက်ဆိုသည့် အရေးပါသော ထွက်ဆိုချက်တစ်ခုခုကို ပြန်လည်ချေပရန်အလို့ငှာ၊ သို့တည်းမဟုတ် တရားလိုဘက် အမှုလိုက်အရာရှိ ကြိုတင်မသိရှိနိုင်သည့် အကြောင်းအရာသစ်တစ်ခုခုနှင့်စပ်လျဉ်း၍ သက်သေခံရန်အလို့ငှာ၊ စစ်တရားရုံးသည်၊ တရားလိုဘက် အမှုလိုက်အရာရှိအား၊ သက်သေတစ်ဦးကို၊ ခေါ်ရန်သော်လည်းကောင်း၊ ပြန်ခေါ်ရန်သော်လည်းကောင်း၊ ခွင့်ပြုနိုင်သည်။

(၃) တရားခံက၊ အကျင့်စာရိတ္တနှင့်စပ်လျဉ်း၍၊ သက်သေပြသောအမှုမျိုးတွင်၊ တရားလိုဘက် အမှုလိုက်အရာရှိသည်၊ တရားခံက၊ သို့တည်းမဟုတ် တရားခံ၏ကိုယ်စား၊ နိုင်ငံချုပ်လျှောက်ထားချက်ကို မတင်သွင်းမီ၊ တရားခံအပေါ်တွင်၊ ယခင်ပြစ်မှုထင်ရှားစီရင်ခြင်းများကိုသော်လည်းကောင်း၊ စစ်ဘက်ပြစ်မှုကျူးလွန်သူများ၏ မှတ်တမ်းစာအုပ်ရှိ ရေးသွင်းချက်များကိုသော်လည်းကောင်း၊ သက်သေထင်ရှားပြရန်အလို့ငှာ၊ သက်သေများကို ခေါ်နိုင်သည်၊ သို့တည်းမဟုတ် ပြန်ခေါ်နိုင်သည်။

(၄) စစ်တရားရုံးသည်၊ တရားမျှတမှုအတွက် လိုအပ်သည်ဟု ယူဆလျှင်၊ ဆုံးဖြတ်ချက် မချမှတ်မီ၊ မည်သည့်အချိန်အခါ၌မဆို၊ သက်သေတစ်ဦးဦးကို ခေါ်နိုင်သည်၊ သို့တည်းမဟုတ် ပြန်ခေါ်နိုင်သည်။

လျှောက်ထားချက်များ။

လျှောက်ထားချက်များ။

၁၄၃။ ။ တရားလိုဘက် အမှုလိုက်အရာရှိနှင့် တရားခံက တင်သွင်းသော လျှောက်ထားချက် အားလုံးအပြင်၊ စစ်ဥပဒေအရာရှိ၏ ပေါင်းရုံးဖော်ပြချက်ကိုပါ၊ နှုတ်ဖြင့်သော်လည်းကောင်း၊ စာဖြင့်သော်လည်းကောင်း၊ တင်သွင်းနိုင်သည်။ စာဖြင့် ရေးသားတင်သွင်းလျှင်၊ လူသိရှင်ကြား တရားခွင်တွင် ဖတ်ပြရမည်။

ရူးသွပ်ခြင်း။

ရူးသွပ်သည်ဟု ဆုံးဖြတ်ခြင်း။

၁၄၄။ ။ တရားခံသည်၊ စိတ်ပေါ့သွပ်သူဖြစ်သောကြောင့် ခုခံချေပနိုင်စွမ်းမရှိဟု၊ သို့တည်းမဟုတ် ထိုတရားခံကျူးလွန်သည်ဟု စွပ်စွဲသောပြုလုပ်မှုကို ထိုတရားခံကျူးလွန်သော်လည်း၊ စိတ်ပေါ့သွပ်နေသည့်အကြောင်းကြောင့်၊ မိမိ၏ပြုလုပ်မှုသည်၊ မည်သို့သဘောရှိသည်ကိုသော်လည်းကောင်း၊ မတော်မမှန်သည်ကိုသော်လည်းကောင်း၊ တရားဥပဒေနှင့်ဆန့်ကျင်သည်ကိုသော်လည်းကောင်း၊ မသိနိုင်ဟု၊ စစ်တရားရုံးက တွေ့ရှိသောအခါ၊ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သောအရာရှိက၊ သို့တည်းမဟုတ် တပ်တွင်းစစ်တရားရုံးဖြင့် စစ်ဆေး သည့်အမှုတွင်၊ စစ်ဆေးစီရင်ခြင်းကို ပြုလုပ်သည့်အရာရှိက၊ ဆုံးဖြတ်ချက်ကို ရက်စွဲတပ်၍၊ လက်မှတ်ထိုး ရမည့်ပြင်၊ စစ်ဥပဒေ အရာရှိ ရှိခဲ့လျှင်၊ ထိုစစ်ဥပဒေ အရာရှိက အမှုတွဲတွင် လက်မှတ်ထိုး

ပြီးသောအခါ၊ အတည်ပြုအရာရှိ သို့တည်းမဟုတ် ပုဒ်မ ၁၆၆ အရ စစ်တရားရုံး၏ ဆုံးဖြတ်ချက်ကို အရေးယူရန်၊ အာဏာအပ်နှင်းထားသည့် အာဏာပိုင်၊ သက်ဆိုင်ရာရာသို့ အမှုတွဲကို ချက်ချင်းပေးပို့ရမည်။

အမှုတွဲကို ထိန်းသိမ်းခြင်း။

အမှုတွဲကို ထိန်းသိမ်းခြင်း။

၁၄၅။ ။(၁) စစ်တရားရုံး (တပ်တွင်းစစ်တရားရုံးမှတစ်ပါး) ၏ အမှုတွဲကို ထုတ်ပြန်ကြေညာပြီးနောက်၊ စစ်ဥပဒေချုပ်ရုံးသို့ ပို့ရမည်။ အမှုတွဲသည်၊ စစ်တရားရုံးချုပ်ဖြင့် စစ်ဆေးစီရင်သော အမှုတွဲဖြစ်ပါက၊ ထိုအမှုတွဲကို အနည်းဆုံး ခုနစ်နှစ်၊ ထို့ပြင် အခြားစစ်တရားရုံးတစ်ခုခုဖြင့် စစ်ဆေးစီရင်သော အမှုတွဲဖြစ်ပါက၊ ထိုအမှုတွဲကို အနည်းဆုံး သုံးနှစ်၊ စစ်ဥပဒေချုပ်ရုံးတွင် ထိန်းသိမ်းထားရမည်။

(၂) တပ်တွင်းစစ်တရားရုံး၏အမှုတွဲကို၊ တရားခံပါဝင်သောတပ်အဖွဲ့ သို့တည်းမဟုတ် ဌာန၏ မှတ်တမ်းများနှင့်အတူ အနည်းဆုံးသုံးနှစ်ထိန်းသိမ်းထားရမည်။

စစ်ဆေးစီရင်ခြင်း ခံရသူက၊ အမှုတွဲ၏ မိတ္တူများကို ရယူခွင့်။

၁၄၆။ ။စစ်တရားရုံးဖြင့် စစ်ဆေးစီရင်ခြင်း ခံရသူတိုင်းမှာ၊ ဆုံးဖြတ်ချက်နှင့် ပြစ်ဒဏ်ချမှတ်ချက်ကို အတည်ပြုရန် လိုသောအမှုမျိုးတွင်၊ ထိုသို့အတည်ပြုပြီးနောက်၊ ထို့ပြင်အမှုတွဲကို မဖျက်စီးမီ အမှုတွဲကို ထိန်းသိမ်းသော အရာရှိထံမှသော်လည်းကောင်း၊ ထိန်းသိမ်းသူထံမှသော်လည်းကောင်း၊ ပြန်လည်ပြင်ဆင်သည့် အမှုတွဲရှိခဲ့လျှင်၊ ထိုအမှုတွဲ၏ မိတ္တူတစ်ခုပါ အပါအဝင်၊ အမှုတွဲ၏ မိတ္တူတစ်ခု ကို တောင်းဆိုပါက၊ ရထိုက်ခွင့်ရှိရမည်။

အမှုတွဲ ပျောက်ဆုံးခြင်း။

၁၄၇။ ။(၁) အတည်ပြုရန်လိုသော၊ စစ်တရားရုံး၏ မူလအမှုတွဲသော်လည်းကောင်း၊ ထိုမူလ၊ အမှုတွဲ၏ အစိတ်အပိုင်းတစ်ခုခုသော်လည်းကောင်း၊ အတည်မပြုရသေးမီ ပျောက်ဆုံးခဲ့သော်၊ ထိုစစ်တရားရုံး၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သောအရာရှိက၊ သို့တည်းမဟုတ် ထိုစစ်တရားရုံး၌ ဆောင်ရွက်သည့် စစ်ဥပဒေအရာရှိ ရှိခဲ့လျှင်၊ ထိုစစ်ဥပဒေအရာရှိက တာဝန်ခံလက်မှတ်ထိုးသော၊ ထိုမူလအမှုတွဲ၏ မိတ္တူရှိခဲ့လျှင်၊ ထိုတာဝန်ခံ မိတ္တူကို မူလအမှုတွဲအစား လက်ခံနိုင်သည်။

(၂) ထိုသို့သော တာဝန်ခံမိတ္တူမရှိလျှင်၊ စွဲချက်၊ ဆုံးဖြတ်ချက်၊ ပြစ်ဒဏ်ချမှတ်ချက်နှင့် စစ်တရားရုံး၏ ဆောင်ရွက်ချက်များအတွက် လုံလောက်သော သက်သေခံချက်ကို ရယူနိုင်ပါက၊ ထိုသက်သေခံချက်ကို၊ တရားခံ၏ သဘောတူညီချက်အရ ပျောက်ဆုံးသွားသော မူလအမှုတွဲအစားသော်လည်းကောင်း၊ ထိုမူလအမှုတွဲ၏ အစိတ်အပိုင်းအစားသော်လည်းကောင်း၊ လက်ခံနိုင်သည်။

(၃) ဤနည်းဥပဒေတွင် ဖော်ပြထားသော အထက်ပါကိစ္စမျိုးတစ်ခုခုတွင်၊ ဆုံးဖြတ်ချက်နှင့် ပြစ်ဒဏ်ချမှတ်ချက်ကို အတည်ပြုနိုင်သည့်ပြင်၊ ထိုဆုံးဖြတ်ချက်နှင့် ပြစ်ဒဏ်ချမှတ်ချက်သည်၊ မူလ

အမှုတွဲသော်လည်းကောင်း။ ထိုအမှုတွဲ၏ အစိတ်အပိုင်းသော်လည်းကောင်း၊ မပျောက်ဆုံးပါက၊ ခိုင်လုံ ဘိသကဲ့သို့ ခိုင်လုံရမည်။

(၄) တရားခံသည်၊ နည်းဥပဒေခွဲ (၂) တွင် ရည်ညွှန်းသော သဘောတူညီချက်ကို ပေးရန် ငြင်းဆိုလျှင်၊ ထိုတရားခံအား၊ ပြန်၍ စစ်ဆေးစီရင်နိုင်သည့်ပြင် ပျောက်ဆုံးသော အမှုတွဲတွင် ပါရှိသော ယခင် စစ်တရားရုံး၏ ဆုံးဖြတ်ချက်နှင့် ပြစ်ဒဏ်ချမှတ်ချက်သည်လည်း၊ ပျက်ပြယ်စေရမည်။

(၅) ဆုံးဖြတ်ချက်နှင့် ပြစ်ဒဏ်ချမှတ်ချက်ကို အတည်ပြုပြီးသည့် ကိစ္စမျိုးတွင်၊ သို့တည်းမဟုတ် အတည်ပြုရန်မလိုသည့် ကိစ္စမျိုးတွင်၊ စစ်တရားရုံး၏ မူလအမှုတွဲသော်လည်းကောင်း။ မူလအမှုတွဲ အစိတ်အပိုင်းတစ်ခုခုသော်လည်းကောင်း။ ပျောက်ဆုံးလျှင်၊ စွဲချက်၊ ဆုံးဖြတ်ချက်၊ ပြစ်ဒဏ် ချမှတ်ချက်နှင့် စစ်တရားရုံး၏ ဆောင်ရွက်ချက်များအပြင်၊ ဆုံးဖြတ်ချက်နှင့် ပြစ်ဒဏ်ချမှတ်ချက်ကို အတည်ပြုရန်လိုသည့် ကိစ္စမျိုး၌၊ ထိုသို့ အတည်ပြုခြင်းအတွက်၊ လုံလောက်သောသက်သေခံချက်ရှိပါက၊ ထိုသက်သေခံချက်သည်၊ ကိစ္စအားလုံးအတွက်၊ ခိုင်လုံရမည့်ပြင်၊ လုံလောက်သော စစ်ဆေးစီရင်ခြင်း မှတ်တမ်းလည်း ဖြစ်ရမည်။

ကျင့်ထုံးကို နည်းလမ်းတကျမလိုက်နာသော်လည်း၊ တရား မျှတခြင်းမဖြစ်သည့်အခါ။

အချို့ကိစ္စများတွင်၊ နည်းလမ်းမကျသော ကျင့်ထုံးခိုင်လုံခြင်း။

၁၄၈။ ။ စစ်တရားရုံးတစ်ရုံး၌ တစ်ဦးတစ်ယောက်သောသူအား စစ်ဆေးစီရင်ပိုင်ခွင့်အာဏာ နှင့် ဆုံးဖြတ်ချက်ချမှတ်နိုင်သည့် အာဏာရှိသည်ဟု၊ ထို့ပြင် ထို ဆုံးဖြတ်ချက် ချမှတ်နိုင်ကြောင်း။ တရားဝင်သော သက်သေခံချက် သော်လည်းကောင်း။ "အပြစ်ရှိသည်" ဟူသော ဖြေကြားချက်သော်လည်းကောင်း။ ရှိသည်ဟု ယူဆနိုင် သောအခါ၊ ထိုဆုံးဖြတ်ချက်နှင့် ထိုဆုံးဖြတ်ချက်အရ ပြစ်ဒဏ်ချမှတ်ချက် ချမှတ်နိုင်သည့် အာဏာရှိသော စစ်တရားရုံးက၊ ချမှတ်သည့် ပြစ်ဒဏ်တစ်ခုခုကို အတည်ပြုနိုင်သည်။ ထို့ပြင် ထိုသို့ အတည်ပြုသည့်အခါ မျိုးတွင်လည်းကောင်း။ တပ်တွင်းစစ်တရားရုံး၏ အမှုဖြစ်၍၊ အတည်ပြုရန် မလိုသည့် ကိစ္စမျိုးတွင် လည်းကောင်း။ ဤနည်းဥပဒေများမှ သွေဖယ်ခြင်းတစ်ခုခုရှိစေကာမူ၊ သို့တည်းမဟုတ် စစ်ဆေးစီရင်ခြင်း မပြုမီ၊ စွဲချက်များကို တပ်မှူးနှင့် စစ်တရားရုံးဖွဲ့စည်းသည့် အရာရှိတို့က၊ အမှန်အားဖြင့်၊ သဘောတူပြီး ဖြစ်ပါက၊ ထိုစွဲချက်လွှာတွင် တပ်မှူးကသော်လည်းကောင်း။ စစ်တရားရုံးဖွဲ့စည်းသည့် အရာရှိကသော် လည်းကောင်း။ လက်မှတ်မထိုးခဲ့စေကာမူ၊ သို့တည်းမဟုတ် ကျင့်ထုံးဆိုင်ရာ ချို့ယွင်းချက်တစ်ခုခုဖြစ်စေ၊ အခြားချို့ယွင်းချက်တစ်ခုခုဖြစ်စေ၊ ကျင့်ထုံးဆိုင်ရာ ကန့်ကွက်ချက်တစ်ခုခုဖြစ်စေ၊ အခြားကန့်ကွက်ချက် တစ်ခုခုဖြစ်စေ၊ ရှိစေကာမူ၊ ပြစ်မှုကျူးလွန်သူအပေါ်၊ မတော်မတရားပြုလုပ်ရာမရောက်သမျှ၊ ထိုဆုံးဖြတ် ချက်နှင့် ပြစ်ဒဏ်ချမှတ်ချက်သည်၊ ခိုင်လုံစေရမည်။ ထို့ပြင် ဆုံးဖြတ်ချက်တစ်ခုခုနှင့် ပြစ်ဒဏ်ချမှတ်ချက် တစ်ခုခုသည်၊ အခြားနည်းခိုင်လုံသည့်အခါ၊ စကားပြန်အား၊ သို့တည်းမဟုတ် လက်ရေးတိုစာရေးအား

ကျမ်းသစ္စာကိုသော်လည်းကောင်း၊ ကတိသစ္စာကိုသော်လည်းကောင်း၊ ပြုစေရန် ဖျက်ကွက်ရုံမျှဖြင့် ထိုဆုံးဖြတ်ချက်နှင့်ပြစ်ဒဏ်ချမှတ်ချက်သည် မခိုင်လုံမရှိစေရ။ သို့သော်လည်း ဤနည်းဥပဒေပါ မည်သည့် ပြဋ္ဌာန်းချက်ကမျှ ဤနည်းဥပဒေများအနက် နည်းဥပဒေတစ်ခုခုကို၊ တမင်အလေးဂရုမပြုခြင်းအတွက် သော်လည်းကောင်း၊ ပေါ့လျော့မှုကြောင့် အလေးဂရုမပြုမိခြင်းအတွက်သော်လည်းကောင်း၊ တာဝန်ရှိခြင်း မှ၊ အရာရှိတစ်ဦးအား ကင်းလွတ်ခွင့်မပြုစေရ။

သက်သေများနှင့် အခြားသူများ၏ ပြစ်မှုများ။

သက်သေများနှင့် အခြားသူများ၏ ပြစ်မှုများ။

၁၄၉။ ။ ပုဒ်မ ၅၈ နှင့် ၅၉ တို့တွင် သီးခြားဖော်ပြထားသည့်ပြင်၊ စစ်တရားရုံး၏ ရှေ့မှောက်တွင်ကျူးလွန်သော၊ သို့တည်းမဟုတ် စစ်တရားရုံးက မှုခင်းကိုစွဲဆောင်ရွက်စဉ်၊ စစ်တရားရုံး၏ ရှေ့မှောက်သို့ တင်ပြသော ပြစ်မှုတစ်ခုခုကို၊ သို့တည်းမဟုတ် အက်ဥပဒေကို လိုက်နာရသူတစ်ဦးက ပြုခဲ့လျှင်၊ ထိုသို့သောပြစ်မှုလည်းမြောက်၍၊ စစ်တရားရုံး၏ရှေ့မှောက်တွင် ပြုခဲ့သည်လည်းဖြစ်သော၊ သို့တည်းမဟုတ် စစ်တရားရုံးက မှုခင်းကိုစွဲဆောင်ရွက်စဉ်၊ စစ်တရားရုံး၏ ရှေ့မှောက်သို့တင်ပြသည်လည်း ဖြစ်သော၊ ပြုလုပ်မှုတစ်ခုခုကို၊ စုံစမ်းစစ်ဆေးရန်အကြောင်းရှိသည်ဟု၊ စစ်တရားရုံးတစ်ခုခုက ထင်မြင်ယူဆသောအခါ၊ ထိုစစ်တရားရုံးသည်၊ အောက်ပါအတိုင်းဆက်လက်ဆောင်ရွက်နိုင်သည်။

(က) ပြစ်မှုကျူးလွန်ခဲ့ပုံပေါ်သူသည်၊ အက်ဥပဒေကို လိုက်နာရသူဖြစ်လျှင်၊ ထိုသူ၏ အပြုအမူကို၊ သက်ဆိုင်ရာစစ်ဘက်အာဏာပိုင် သိရှိရန်၊ စစ်တရားရုံးက တင်ပြနိုင်သည့်ပြင်၊ ပုဒ်မ ၈၂၊ ပုဒ်မ ၈၅၊ ပုဒ်မ ၈၆၊ သို့တည်းမဟုတ် ပုဒ်မ ၈၇ အရ အာဏာသုံးစွဲသော အရာရှိတစ်ဦးက၊ ထိုသူအားပြစ်ဒဏ်ပေးရန်သော်လည်းကောင်း၊ စစ်တရားရုံးဖြင့်၊ ထိုသူအား စစ်ဆေး စီရင်ရန်သော်လည်းကောင်း၊ ရည်ရွယ်လျက်၊ ထိုသူအား၊ စစ်ဘက်အချုပ်တွင် ချုပ်ထားရန်ကိုလည်း၊ အမိန့်ပေးနိုင်သည်။

(ခ) အက်ဥပဒေကို လိုက်နာရသူတစ်ဦးက ပြုခဲ့သော်၊ ပုဒ်မ ၅၈၊ အပိုဒ် (က)၊ အပိုဒ် (ခ)၊ အပိုဒ် (ဂ)၊ သို့တည်းမဟုတ် အပိုဒ် (ဃ) အရ ပြစ်မှုမြောက်သောပြုလုပ်မှုများဖြစ်သည့် ကိစ္စမျိုးတွင်၊ ပြုလုပ်မှုပြုခဲ့ပုံပေါ်သူသည်၊ အက်ဥပဒေကို လိုက်နာရသူမဟုတ်လျှင်၊ သက်သေအားလာရောက်ရန် ဆင့်ခေါ်သော အရာရှိ၊ သို့တည်းမဟုတ် စစ်တရားရုံးဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သောအရာရှိ၊ သို့တည်းမဟုတ် စစ်တရားရုံးထိုင်သော အရာရှိ၊ သက်ဆိုင်ရာရာက၊ အနီးဆုံးရှိ စီရင်ပိုင်ခွင့် အာဏာရ ပထမတန်း ရာဇဝတ်တရားသူကြီးထံသို့ တိုင်ကြားစာ တစ်စောင်ပေးပို့ နိုင်သည်။ ထို့ပြင် ဆိုခဲ့သည့်အတိုင်း ပြုလုပ်ခဲ့လျှင်၊ ပုဒ်မ ၅၈၊ အပိုဒ် (င)၊ သို့တည်းမဟုတ် ပုဒ်မ ၅၉ အရ ပြစ်မှုမြောက်သော ပြုလုပ်မှု

များဖြစ်သည့် ကိစ္စမျိုးတွင်၊ စစ်တရားရုံးသည် လိုအပ်သော အစအဆုံးစုံစမ်းစစ်ဆေးခြင်း တစ်ခုခုကို ပြုလုပ်ပြီးသည့်နောက်၊ အနီးဆုံးရှိ စီရင်ပိုင်ခွင့်အာဏာရ၊ ပထမတန်း ရာဇဝတ်တရားသူကြီးထံသို့ စုံစမ်းစစ်ဆေးရန်အတွက် သော်လည်းကောင်း၊ စစ်ဆေး စီရင်ရန်အတွက်သော်လည်းကောင်း၊ ရာဇဝတ်ကျင့်ထုံး၏ ပုဒ်မ ၄၇၆ နှင့်အညီ အမှုကို ပို့နိုင်သည်။

အပိုင်း ၅ ။ ။ အကျဉ်းစစ်တရားရုံးချုပ်များ

ဤအခန်းတွင် အထက်၌ဖော်ပြခဲ့သော နည်းဥပဒေများသည်၊ နောက်တွင် ဖော်ပြထားသည့် အတိုင်းမှတစ်ပါး၊ အကျဉ်းစစ်တရားရုံးချုပ်နှင့် မသက်ဆိုင်စေရ။

သို့ရာတွင် အကျဉ်းစစ်တရားရုံးချုပ်သည်၊ အောက်ပါနည်းဥပဒေများကိုလိုက်နာရမည် —

အကျဉ်းစစ်တရားရုံးချုပ် ဖွဲ့စည်းခြင်းနှင့် မှခင်းကိစ္စ ဆောင် ရွက်ချက်ကို ရေးမှတ်ခြင်း။

၁၅၀။ ။ (၁) နောက်ဆက်တွဲ ၃ ရှိပုံစံနှင့်အညီ၊ အမှုတစ်ခုစီ၏ အခြေအနေအရ၊ ပြောင်းလဲချက်များပြုလုပ်ပြီး၊ အကျဉ်းစစ်တရားရုံးချုပ်ကို ဖွဲ့စည်းနိုင်သည့်ပြင်၊ အကျဉ်းစစ်တရားရုံးချုပ်၏ မှုခင်းကိစ္စ ဆောင်ရွက်ချက်ကိုလည်းရေးမှတ်နိုင်သည်။

(၂) အကျဉ်းစစ်တရားရုံးချုပ် ဖွဲ့စည်းသည့် အရာရှိသည် ထိုရုံးတွင်ပါဝင်ရမည့် အရာရှိများအား ခန့်အပ်၊ သို့တည်းမဟုတ် တာဝန်ပေးအပ်ရမည့်ပြင် သင့်တော်သည်ဟု၊ မိမိထင်မြင်သည့်အရာရှိများကိုလည်း၊ အကျဉ်းစစ်တရားရုံးချုပ် အရန်အဖွဲ့ဝင်များအဖြစ်ဖြင့် ခန့်အပ်နိုင်သည်၊ သို့တည်းမဟုတ် တာဝန်ပေးအပ်နိုင်သည်။ ထိုသို့ ခန့်အပ်ခြင်းခံရသော၊ သို့တည်းမဟုတ် တာဝန်ပေးအပ်ခြင်းခံရသော အရာရှိများသည် ပြန်တမ်းဝင်အရာရှိအဖြစ်ဖြင့်၊ အနည်းဆုံး တစ်နှစ်အမှုထမ်းရွက်ခဲ့ရမည်။ သို့သော်လည်း ပြန်တမ်းဝင် အရာရှိ အဖြစ်ဖြင့်၊ အနည်းဆုံး သုံးနှစ်အမှုထမ်းရွက်ခဲ့သော အရာရှိများရရှိနိုင်လျှင်၊ ထိုအရာရှိများအား၊ အမှုထမ်း သက်လျှော့သော အရာရှိများထက် ဦးစားပေးပြီး ရွေးချယ်ရမည်။

(၃) တပ်ထိန်းချုပ်တစ်ဦး၊ သို့တည်းမဟုတ် တရားလိုဘက် အမှုလိုက်အရာရှိအဖြစ် ဆောင်ရွက်သည့်၊ သို့တည်းမဟုတ် တရားလိုဘက် သက်သေဖြစ်သည့် အရာရှိတစ်ဦးအား အကျဉ်းစစ်တရားရုံးချုပ်၏ အဖွဲ့ဝင်တစ်ဦးအဖြစ်ဖြင့် မခန့်အပ်ရ။ သို့သော်လည်း နည်းဥပဒေခွဲ (၂) နှင့်မဆန့်ကျင်စေဘဲ၊ ရရှိနိုင်သော အခြားမည်သည့် အရာရှိကိုမဆို၊ ရုံးထိုင်ရန် ခန့်အပ်နိုင်သည်။

၁၅၁။ ။ အက်ဥပဒေအရဖြစ်သော ပြစ်မှုတစ်ခုကို လုံလောက်စွာဖော်ပြရန်၊ သို့တည်းမဟုတ်

စွဲချက်။ လုံလောက်စွာ ထုတ်ဖော်ပြသရန်၊ ပြစ်မှုအကြောင်းဖော်ပြချက်ကို အကျဉ်းချုပ်အားဖြင့်၊ ရေးသားနိုင်သည်။

၁၅၂။ ။ အကျဉ်းစစ် တရားရုံးချုပ်သည်မိမိရှေ့မှောက်တွင် ရောက်ရှိနေသော တရားခံ မည်ရွေ့

တရားခံအများအပြားကို စစ်ဆေးစီရင်ခြင်း။ မည်မျှကိုမဆို၊ စစ်ဆေးစီရင်ရန်၊ တစ်ချိန်တည်း၌ ကျမ်းသစ္စာပြုနိုင်သည်။ သို့သော်လည်း နည်းဥပဒေ ၃၄ တွင် ပြဋ္ဌာန်းထားသည့်အတိုင်းမှတစ်ပါး၊ တရားခံများကို တစ်ဦးစီ သီးခြားစစ်ဆေးစီရင်ရမည်။

၁၅၃။ ။ (၁) အကျဉ်းစစ်တရားရုံးချုပ်၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သောအရာရှိနှင့် အဖွဲ့ဝင်များ

ကန့်ကွက်ခြင်း။ ၏ အမည်များကို၊ တရားခံအား ဖတ်ပြရမည်။ ထိုသို့ဖတ်ပြပြီးသော အခါ၊ ထိုအရာရှိ တစ်ဦးဦး၏ စစ်ဆေးစီရင်ခြင်းကို ကန့်ကွက်လိုသလားဟု၊ တရားခံအားမေးမြန်းရမည်။

(၂) ကန့်ကွက်ချက်တစ်ခုခုကို၊ ပုဒ်မ ၁၃၃ နှင့် နည်းဥပဒေ ၄၃ တို့တွင် ပြဋ္ဌာန်းထားသည့်အတိုင်းဆုံးဖြတ်ရမည်။ လစ်လပ်သည့်နေရာများကို၊ အရန်အဖွဲ့ဝင်များရှိခဲ့လျှင်၊ ထိုအရန်အဖွဲ့ဝင်များထဲမှ ခန့်အပ်သော အရန်အဖွဲ့ဝင်များဖြင့်သော်လည်းကောင်း၊ အကျဉ်းစစ်တရားရုံးချုပ် ဖွဲ့စည်းသည့်အရာရှိက ခန့်အပ်သော အဖွဲ့ဝင်အသစ်များဖြင့်သော်လည်းကောင်း၊ ဖြည့်ရမည်။

၁၅၄။ ။ ကျမ်းသစ္စာပြုစေခြင်းနှင့် ကျမ်းသစ္စာပြုခြင်း။ ထို့ပြင် ကတိသစ္စာပြုစေခြင်းနှင့် ကတိ

အကျဉ်းစစ်တရားရုံးချုပ်၊ စစ်ဥပဒေအရာရှိအစရှိသည်တို့အား ကျမ်းသစ္စာ၊ သို့တည်းမဟုတ် ကတိသစ္စာပြုစေခြင်း။ သစ္စာပြုခြင်းများနှင့် စပ်လျဉ်းသည့် နည်းဥပဒေ ၄၄၊ ၄၅ နှင့် ၄၆ ပါပြဋ္ဌာန်းချက်များသည်၊ အကျဉ်းစစ်တရားရုံးချုပ်တိုင်းနှင့် သက်ဆိုင်စေရမည်။

၁၅၅။ ။ အကျဉ်းစစ်တရားရုံးချုပ် ကျမ်းသစ္စာ၊ သို့တည်းမဟုတ် ကတိသစ္စာပြုပြီးသောအခါ၊

စွဲချက်တင်၍ စစ်မေးခြင်း။ စစ်ဥပဒေအရာရှိ ရှိခဲ့လျှင်၊ ထိုစစ်ဥပဒေအရာရှိက၊ သို့တည်းမဟုတ် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သောအရာရှိက၊ စစ်ဆေးစီရင်ခြင်းခံရမည့် တရားခံအား၊ စွဲချက်တင်သည့် ပြစ်မှုအကြောင်းနှင့်လိုအပ်လျှင်၊ တရားခံအားစွဲချက်တင်သည့် ပြုလုပ်မှု၏ အကြောင်းအပြည့်အစုံကိုသော်လည်းကောင်း၊ စွဲချက်တင်သည့်ပျက်ကွက်မှု၏ အကြောင်းအပြည့်အစုံကို သော်လည်းကောင်း၊ ဖော်ပြသည့် ရှင်းလင်းချက်တစ်ရပ်ကိုပါ ပြောပြရမည့်ပြင်၊ ထိုပြစ်မှုနှင့် စပ်လျဉ်း၍၊ တရားခံ၌ အပြစ်ရှိ မရှိကို တရားခံအားမေးမြန်းရမည်။

စီရင်ပိုင်ခွင့် အာဏာနှင့် စပ်လျဉ်းသည့် ထုချေချက်။

၁၅၆။ ။ တရားခံက၊ ယေဘုယျစီရင်ပိုင်ခွင့်အာဏာနှင့် စပ်လျဉ်း၍၊ အထူးထုချေချက်တစ်ရပ်ကို တင်သွင်း၍၊ အကျဉ်း စစ်တရားရုံးချုပ်ကလည်း ထိုအထူး ထုချေချက်မှာ၊ သက်သေထင်ရှားသည်ဟု ယူဆပါက၊ ထိုအထူးထုချေချက် အကြောင်းကို၊ အကျဉ်းစစ်တရားရုံးချုပ်သည်၊ ထိုရုံးဖွဲ့စည်းသည့် အရာရှိထံ အစီရင်ခံရမည်။

သက်သေခံချက်။

၁၅၇။ ။ (၁)တရားလိုဘက်သက်သေများကို ခေါ်ရမည်။ ထို့ပြင် ထိုတရားလိုဘက် သက်သေများကိုပြန်လှန်စစ်မေးရန်နှင့် ခုခံချေပရေးအတွက် ရရှိနိုင်သော သက်သေများကိုခေါ်ရန်၊ တရားခံအားခွင့်ပြုရမည်။

(၂) အက်ဥပဒေအရ ကျမ်းသစ္စာကိုသော်လည်းကောင်း၊ ကတိသစ္စာကိုသော်လည်းကောင်း၊ ပြုစေရန်လိုအပ်လျှင်၊ နည်းဥပဒေ ၁၃၉ တွင် ချမှတ်ထားသည့်အတိုင်း၊ ထိုနည်းဥပဒေတွင် သီးခြားဖော်ပြထားသူတစ်ဦးဦးက၊ သက်သေအသီးသီးအား၊ သက်သေမခံမီ ကျမ်းသစ္စာကို၊ သို့တည်းမဟုတ် ကတိသစ္စာကို ပြုစေရမည်။

ခုခံချေပခြင်း။

၁၅၈။ ။ (၁) စစ်ဆေးစီရင်နေစဉ်အတွင်း၊ တရားခံအား ကူညီစေခြင်းငှာ၊ ဥပဒေအကြံပေးသူတစ်ဦးကိုသို့တည်းမဟုတ် အခြားသူတစ်ဦးဦးကို၊ တရားခံ ရယူရန် ခွင့်ပြုရမည်။

(၂) တရားလိုဘက်အမှုကို အဆုံးသတ်ခြင်းသို့ရောက်သောအခါ၊ တရားခံသည်၊ စွဲချက်တစ်ခုခုနှင့်ဖြစ်စေ၊ တစ်ခုထက်ပိုသည့် စွဲချက်များနှင့်ဖြစ်စေ၊ စပ်လျဉ်း၍၊ တရားလိုဘက်အတွက် တင်ပြသော သက်သေခံချက်တွင်၊ မိမိအပေါ် အမှုထင်ရှားလောက်အောင် အခြေအမြစ်ရှိကြောင်း မပေါ်လွင်သောကြောင့်၊ မိမိအားခုခံချေပစေခြင်းမပြုထိုက်ပါဆိုသည့် ထုချေချက်တစ်ရပ်ကို၊ နည်းဥပဒေ ၁၅၆၊ နည်းဥပဒေခွဲ (၁) နှင့် (၂) ၌ ချမှတ်ထားသည့်အတိုင်း တင်သွင်းနိုင်သည်။ ထိုသို့ ထုချေချက် တင်သွင်းသည့်အခါ အကျဉ်းစစ်တရားရုံးချုပ်သည်၊ ထိုနည်းဥပဒေပါ နည်းဥပဒေခွဲ (၃) ၌ ချမှတ်ထားသည့်အတိုင်း ဆောင်ရွက်ရမည်။

(၃) တရားလိုဘက်အမှုကို အဆုံးသတ်ခြင်းသို့ရောက်သောအခါ၊ အကျဉ်းစစ်တရားရုံးချုပ်သည်၊ တရားခံအား ခုခံချေပခြင်းပြုလုပ်ရာတွင် ၎င်းရထိုက်သည့်အခွင့်အရေးများကို၊ နည်းဥပဒေ ၁၅၇ ၌ ချမှတ်ထားသည့်အတိုင်း၊ ရှင်းလင်းပြောပြရမည်၊ ထို့ပြင် တရားခံဘက် သက်သေခံချက်၊ တရားခံဘက်ကို ချေပသည့်သက်သေများ၊ နိဂုံးချုပ်လျှောက်ထားချက်များနှင့် စပ်လျဉ်း၍ နည်းဥပဒေ ၁၅၈ ပါပြဋ္ဌာန်းချက်များကို လိုက်နာရမည်။

သက်သေခံချက်နှင့် ခုခံချေပချက်ကို ရေးမှတ်ခြင်း။

၁၅၉။ ။ (၁) စစ်ဥပဒေအရာရှိ ရှိခဲ့လျှင်၊ ထိုစစ်ဥပဒေအရာရှိသည်၊ သို့တည်းမဟုတ် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော အရာရှိသည် စစ်ဆေးစီရင်ရာ၌ သက်သေများ၏ သက်သေခံချက်နှင့် တရားခံ၏ ခုခံချေပချက်အကျဉ်းမှတ်တမ်းကို ရေးမှတ်ရမည်၊ သို့တည်းမဟုတ် ရေးမှတ်စေရမည်။ ထိုသို့ရေးမှတ်သော မှတ်တမ်းကို အမှုတွဲ တွင် ပူးတွဲရမည်။

(၂) စစ်ဘက်လတ်တလော လိုအပ်ခြင်းများကြောင့်၊ သို့တည်းမဟုတ် အခြားအကြောင်းခြင်းရာများကြောင့်၊ နည်းဥပဒေခွဲ (၁) အတိုင်း လိုက်နာဆောင်ရွက်ရန် မဖြစ်နိုင်ဟု၊ အကျဉ်းစစ်တရားရုံးချုပ် ဖွဲ့စည်းသည့်အရာရှိက ထင်မြင်ယူဆလျှင်၊ ထိုကဲ့သို့သော အကျဉ်းမှတ်တမ်းတစ်ခုခုကို မရေးမှတ်ဘဲ၊ စစ်ဆေးစီရင်ခြင်းပြုရန်၊ အကျဉ်းစစ်တရားရုံးချုပ် ဖွဲ့စည်းသည့်အရာရှိက ညွှန်ကြားနိုင်သည်။

(၃) တရားခံက "အပြစ်ရှိသည်" ဟုဖြေကြားလျှင်၊ သက်သေခံအကျဉ်းချုပ်၊ သို့တည်းမဟုတ် သက်သေခံ ကောက်နုတ်ချက်ရှိခဲ့လျှင်၊ ထိုသက်သေခံအကျဉ်းချုပ်ကိုသော်လည်းကောင်း၊ သက်သေခံကောက်နုတ်ချက်ကိုသော်လည်းကောင်း၊ ဖတ်ပြပြီးနောက်၊ အမှုတွဲတွင် ပူးတွဲနိုင်သည်။ ထို့ပြင် အကျဉ်းစစ်တရားရုံးချုပ်သည်၊ ထိုသို့ဖတ်ပြသော သက်သေခံအကျဉ်းချုပ်တွင်ဖြစ်စေ၊ သက်သေခံကောက်နုတ်ချက်တွင်ဖြစ်စေ၊ ပါရှိသော အကြောင်းအရာများနှင့် စပ်လျဉ်း၍ တရားလိုဘက်သက်သေများကို ကြားနာစစ်ဆေးရန် မလိုအပ်စေရ။

ဆုံးဖြတ်ချက်နှင့်ပြစ်ဒဏ်ချ မှတ်ချက်။

၁၆၀။ ။ ထို့နောက် အကျဉ်းစစ်တရားရုံးချုပ်သည်၊ ဆုံးဖြတ်ချက်ကို၊ လျှို့ဝှက်တရားခွင်တွင် စဉ်းစားရမည်။ စွဲချက်တစ်ခုခုအတွက် ဆုံးဖြတ်ချက်သည် "အပြစ်ရှိသည်" ဟူသောဆုံးဖြတ်ချက်ဖြစ်လျှင်၊ ယခင်ပြစ်မှုထင်ရှားစီရင်ခြင်းများအပြင်၊ အကျင့်စာရိတ္တနှင့် စပ်လျဉ်း၍၊ ရရှိနိုင်သော သက်သေခံချက်တစ်ခုခုကို၊ အကျဉ်းစစ်တရားရုံးချုပ်က လက်ခံနိုင်သည်။ ထို့နောက်အကျဉ်းစစ်တရားရုံးချုပ်သည်၊ ပြစ်ဒဏ်ချမှတ်ချက်နှင့် စပ်လျဉ်း၍၊ လျှို့ဝှက် တရားခွင်တွင် ဆင်ခြင်သုံးသပ်ရမည်။

အမှုတွဲကို လက်မှတ်ထိုးခြင်းနှင့် ပို့ခြင်း။

၁၆၁။ ။ အကျဉ်းစစ်တရားရုံးချုပ်သည်၊ "အပြစ်မရှိ" ဟူသောဆုံးဖြတ်ချက် ချမှတ်သောအခါ၊ သို့တည်း မဟုတ် "အပြစ်ရှိသည်" ဟူသောဆုံးဖြတ်ချက်ချမှတ်သည့်ကိစ္စမျိုးတွင်၊ ပြစ်ဒဏ်ချမှတ်ချက်ကို ချမှတ်သောအခါ၊ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော အရာရှိသည်၊ ဆုံးဖြတ်ချက်၊ သို့တည်းမဟုတ် ပြစ်ဒဏ်ချမှတ်ချက်၊ သက်ဆိုင်ရာရာကို၊ ရက်စွဲတပ်ပြီးနောက်၊ လက်မှတ်ထိုးရမည်။ ထိုလက်မှတ်သည်၊ အမှုတွဲတစ်ခုလုံးမှန်ကန်ကြောင်း ထင်ရှားစေသည့် သက်သေခံဖြစ်ရမည်။ ထို့ပြင် စစ်ဥပဒေအရာရှိ ရှိခဲ့လျှင်၊ ထိုစစ်ဥပဒေအရာရှိက၊ ထိုအမှုတွဲကို လက်မှတ်ထိုးပြီးသောအခါ၊ အတည်ပြုရေးအတွက် အမှုတွဲကို

အတည်ပြုအရာရှိထံသို့ ချက်ချင်းပို့ရမည်။

၁၆၂။ ရုံးရွှေ့ဆိုင်းခြင်း။ (၁) အကျဉ်းစစ်တရားရုံးချုပ်သည်၊ အခါအားလျော်စွာ ရွှေ့ဆိုင်းနိုင်သည့်ပြင်၊ တစ်နေရာမှ တစ်နေရာသို့ ရွှေ့ပြောင်း၍လည်း ရုံးထိုင်နိုင်သည်။ ထို့ပြင် အကျဉ်းစစ်တရားရုံးချုပ်သည်၊ လိုအပ်သည့်အခါ၊ မည်သည့်နေရာကိုမဆို ကြည့်ရှုနိုင်သည်။

(၂) ဆင်ခြင်သုံးသပ်မှုတစ်ခုခုကို၊ အကျဉ်းစစ်တရားရုံးချုပ်၏ အဖွဲ့ဝင်များအချင်းချင်း လျှို့ဝှက် တရားခွင်တွင် ပြုလုပ်သည့်အခါမှတစ်ပါး မှုခင်းကိစ္စ ဆောင်ရွက်ခြင်းကို၊ လူသိရှင်ကြား တရားခွင်တွင်၊ တရားခံ၏ မျက်မှောက်၌ ပြုလုပ်ရမည်။

၁၆၃။ နည်းဥပဒေများနှင့် သက်ဆိုင်စေခြင်း။ ဆိုခဲ့သော နည်းဥပဒေ ၂၁ (စွဲချက်ကိုကြားနာခြင်း)၊ ၂၂ (သက်သေခံအကျဉ်းချုပ်ယူခြင်းအတွက် ကျင့်ထုံး)၊ ၂၃ (တရားခံအား ရမန်ဖြင့်ထားခြင်း)၊ ၂၄ (အရာရှိအား စွဲချက်တင်သည့်အခါ လိုက်နာရမည့်ကျင့်ထုံး)၊ ၂၆ (ကြန့်ကြာကြောင်းအစီရင်ခံစာ)၊ ၃၂ (ခုခံချေပရေးအတွက် ပြင်ဆင်ရန် တရားခံ၏ အခွင့်အရေးများ)၊ ၃၃ (စစ်ဆေးစီရင်ရေးနှင့်စပ်လျဉ်း၍ တရားခံအား သတိပေးခြင်း)၊ ၃၅ (စစ်ဘက်လတ်တလောလိုအပ်ခြင်းများ၊ သို့တည်းမဟုတ် စစ်စည်းကမ်း၏ လိုလားချက်များကြောင့် နည်းဥပဒေများ အာဏာတည်ခြင်းကို ရပ်ဆိုင်းထားခြင်း)၊ ၃၇ (အရာရှိဦးရေ မလုံလောက်ခြင်းကြောင့် ရွှေ့ဆိုင်းခြင်း)၊ ၄၈ (စွဲချက်ကို တရားခံက ကန့်ကွက်ခြင်း)၊ ၅၀ (စီရင်ပိုင်ခွင့်အာဏာနှင့် စပ်လျဉ်း၍ အထူးထုချေချက်)၊ ၅၁ ("အပြစ်ရှိသည်"၊ သို့တည်းမဟုတ် "အပြစ်မရှိ" ဟူသောဖြေကြားချက်)၊ ၅၂ (စစ်ဆေးစီရင်ပိုင်ခွင့်မရှိဟု ထုချေချက်)၊ ၅၃ ("အပြစ်ရှိသည်" ဟု ဖြေကြားပြီးသည့်နောက်၊ လိုက်နာရမည့် ကျင့်ထုံး)၊ ၅၄ ("အပြစ်မရှိ" ဟူသောဖြေကြားချက်ကို နုတ်သိမ်းခြင်း)၊ ၆၀ (ဆုံးဖြတ်ချက်ကို စဉ်းစားခြင်း)၊ ၆၁ (ဆုံးဖြတ်ချက်ရေးပုံ ရေးနည်းနှင့် ဆုံးဖြတ်ချက်ရေးသားချမှတ်ခြင်း)၊ ၆၃ (ပြစ်မှုထင်ရှားစီရင်သည့်အခါ လိုက်နာရမည့်ကျင့်ထုံး)၊ ၆၄ (ပြစ်ဒဏ်ချမှတ်ချက်)၊ ၆၅ (ညာတာရန်တောက်ခံခြင်း)၊ ၆၆ (ပြစ်ဒဏ်ချမှတ်ချက်ကို ထုတ်ဖော်ပြောဆိုခြင်း၊ အမှုတွဲကို လက်မှတ်ထိုးခြင်းနှင့်ပို့ခြင်း)၊ ၇၀ (ထုတ်ပြန်ကြေညာခြင်း)၊ ၇၁ (တစ်စိတ်တစ်ဒေသအားဖြင့် အတည်ပြုသောအခါ၊ ပြစ်ဒဏ်ချမှတ်ချက်ကို လျှော့ပေါ့စေခြင်း)၊ ၇၂ (ပြစ်ဒဏ်ဖော်ပြချက် နည်းလမ်းတကျ မရှိစေကာမူ၊ သို့တည်းမဟုတ် တရားဥပဒေက ခွင့်ပြုသည့် ပြစ်ဒဏ်ထက်ပိုစေကာမူ၊ အတည်ပြုခြင်း)၊ ၇၃ (အဖွဲ့ဝင်၊ သို့တည်းမဟုတ် တရားလိုဘက် အမှုလိုက်အရာရှိက မှုခင်းကိစ္စကို အတည် မပြုရ)၊ ၇၅ (ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော အရာရှိ၏ တာဝန်)၊ ၇၆ (တရားလိုဘက်အမှုလိုက်အရာရှိ နှင့် တရားခံတို့၏ လျှောက်ထားချက်ကိစ္စတွင် စစ်တရားရုံး၏ အာဏာ)၊ ၇၇ (တရားခံများကို အတူတကွ စစ်ဆေးစီရင်ရာတွင် လိုက်နာရမည့်ကျင့်ထုံး)၊

၇၉ (လျှို့ဝှက်တရားခွင်တွင် ရုံးထိုင်ခြင်း)၊ ၈၃ (တရားခံ သေဆုံးသည့်အခါ၊ သို့တည်းမဟုတ် ဖျားနာသည့်အခါ မှုခင်းကိစ္စ ဆောင်ရွက်ခြင်း)၊ ၈၄ (ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သောအရာရှိသေဆုံးခြင်း၊ နုတ်ထွက်ခြင်း၊ သို့တည်းမဟုတ် မရောက်ရှိခြင်း)၊ ၈၅ (စစ်ဆေးစီရင်ရာတစ်လျှောက်လုံးတွင် စစ်တရားရုံး၏ အဖွဲ့ဝင်အားလုံးရှိခြင်း)၊ ၉၃ (ဆုံးဖြတ်ချက်ချမှတ်ပြီးသည့်နောက် အမှုတွဲကို ပေးပို့ခြင်း)၊ ၉၄ (တရားခံဘက်အရာရှိနှင့် တရားခံ၏မိတ်ဆွေ)၊ ၁၀၁ (စစ်ဥပဒေအရာရှိ၏ အရည်အချင်း ပျက်ယွင်းခြင်း)၊ ၁၀၂ (စစ်ဥပဒေအရာရှိ ခန့်အပ်ခြင်းမခိုင်လုံမှု)၊ ၁၀၃ (စစ်ဥပဒေ အရာရှိ သေဆုံးသည့်အခါ၊ ဖျားနာသည့်အခါ၊ သို့တည်းမဟုတ် မရှိသည့်အခါ၊ အစားသွင်းခြင်း)၊ ၁၀၄ (စစ်ဥပဒေ အရာရှိ၏ အာဏာများနှင့် တာဝန်များ)၊ ၁၄၄ (ရှုံးသွပ်သည်ဟု ဆုံးဖြတ်ခြင်း)၊ ၁၄၅ (အမှုတွဲကို ထိန်းသိမ်း ခြင်း)၊ ၁၄၆ (စစ်ဆေးစီရင်ခြင်းခံရသူက၊ အမှုတွဲ၏ မိတ္တူများကို ရယူခွင့်)၊ ၁၄၇ (အမှုတွဲ ပျောက်ဆုံးခြင်း) နှင့် ၁၄၈ (အချို့ကိစ္စများတွင်၊ နည်းလမ်းမကျသော ကျင့်ထုံးခိုင်လုံခြင်း) တို့သည်၊ အကျဉ်းစစ်တရားရုံးချုပ်မှာ၊ တိုင်းစစ်တရားရုံးဖြစ်ဘိသကဲ့သို့၊ အကျဉ်းစစ်တရားရုံးချုပ်နှင့် သက်ဆိုင်နိုင်သမျှ၊ သက်ဆိုင်စေရမည်။

အကျဉ်းစစ်တရားရုံးချုပ်ဖွဲ့စည်းသည့် အရာရှိ၏ ထင်မြင်ချက် နှင့် စပ်လျဉ်းသည့် သက်သေခံချက်။

၁၆၄။ ။ အကျဉ်းစစ်တရားရုံးချုပ် ဖွဲ့စည်းသည့် အရာရှိ၏ ထင်မြင်ချက်နှင့် စပ်လျဉ်း၍၊ အကျဉ်းစစ်တရားရုံးချုပ်ဖွဲ့စည်းရန် အမိန့်စာပါ အကြောင်းဖော်ပြချက်တစ်ခုခုသည်၊ ထိုထင်မြင်ချက်၏ အပြီးသတ် သက်သေ အထောက်အထား ဖြစ်စေရမည်။ သို့သော်လည်း ထိုကဲ့သို့သော အကြောင်းဖော်ပြချက် မပါရှိသောအခါ၊ ဤနည်းဥပဒေသည်၊ ထိုထင်မြင်ချက်နှင့် စပ်လျဉ်း၍၊ သက်သေအထင်အရှားပြခြင်းကို မထိခိုက်စေရ။

အပိုင်း ၆။ ။ ပြစ်ဒဏ်ချမှတ်ချက်ကို ဆောင်ရွက်ခြင်း။

ထောင်ပို့ဝရမ်း။

၁၆၅။ ။ ပုဒ်မ ၁၇၂ ပါ ပြဋ္ဌာန်းချက်အရလည်းကောင်း၊ ပုဒ်မ ၁၇၃၊ ပုဒ်မခွဲ (၂) ပါပြဋ္ဌာန်းချက်အရလည်းကောင်း၊ စစ်တရားရုံးတစ်ရုံးက ပြစ်ဒဏ်ချမှတ်ခြင်းခံရသူတစ်ဦးအား ထောင်သို့ပို့ရန် ဝရမ်းသည်၊ နောက်ဆက်တွဲ ၄ ပါ ပုံစံတစ်ခုခုအတိုင်း ဖြစ်စေရမည်။ အကျဉ်းသား၏ တပ်မှူးကသော်လည်းကောင်း၊ ထိုတပ်မှူးအထက်ရှိ အာဏာပိုင် တစ်ဦးဦး ကသော်လည်းကောင်း၊ ထိုအာဏာပိုင်၏ ဦးစီးအရာရှိကသော်လည်းကောင်း၊ ထိုဝရမ်းကို လက်မှတ်ထိုးပြီး နောက်၊ သက်ဆိုင်ရာ ထောင်အာဏာပိုင်ထံသို့ ပေးပို့ရမည်။

ပုဒ်မ ၁၇၈ အရ ထုတ်သော ဝရမ်း။

၁၆၆။ ။ ပုဒ်မ ၁၇၈ ပါပြဋ္ဌာန်းချက်များအရ ထုတ်သော ဝရမ်းသည်၊ နောက်ဆက်တွဲ ၄ ပါ ပုံစံတစ်ခုခုအတိုင်း ဖြစ်စေရမည့်ပြင်၊ ထိုဝရမ်းထုတ်ရန် အမိန့်ကို ချမှတ်သောအရာရှိကဖြစ်စေ၊ ထိုအရာရှိ၏ ဦးစီးအရာရှိကဖြစ်စေ၊ ပြစ်ဒဏ်ကျခံရသူ ပါဝင်သည့် တပ်၏ တပ်မှူးက ဖြစ်စေ၊ လက်မှတ်ထိုးရမည်။

ရွှတ်ချ၍ အမြဲတမ်းထုတ်ပယ်ဒဏ် ချမှတ်ချက်၊ သို့တည်း မဟုတ် အမြဲတမ်း ထုတ်ပယ် ဒဏ်ချမှတ်ချက်။

၁၆၇။ ။ (၁) စစ်တရားရုံးက ချမှတ်သော၊ ရွှတ်ချ၍ အမြဲတမ်းထုတ်ပယ်ဒဏ်သည်၊ သို့တည်း မဟုတ် အမြဲတမ်း ထုတ်ပယ်ဒဏ်သည်၊ ပြစ်ဒဏ်ကျခံရသူသိရှိရန် ပြစ်ဒဏ်ချမှတ်ချက်ကို ထုတ်ပြန်ကြေညာသည့်နေ့ရက်မှ သို့တည်း မဟုတ် အရာရှိတစ်ဦး၏ ကိစ္စမျိုးမှတစ်ပါး၊ ထိုသို့ထုတ်ပြန်ကြေညာ ချိန်၌၊ တပ်မှူးက၊ ထိုကြေညာသည့် နေ့ရက်နောက်၊သီးခြားသတ်မှတ် သည့်နေ့ရက်မှစ၍ အကျိုးသက်ရောက်ရမည်။

(၂) အမြဲတမ်းထုတ်ပယ်ဒဏ်ကို၊ စစ်ဘက်အချုပ်တွင် ကျခံစေရမည့် ထောင်ဒဏ်နှင့်သော်လည်း ကောင်း၊ စစ်မြေပြင်ပြစ်ဒဏ်နှင့်သော်လည်းကောင်း၊ ပူးပေါင်းချမှတ်သောအခါ၊ စစ်ဘက်အချုပ်မှ အကျဉ်း သားကို လွှတ်သည့်နေ့ရက်အထိ၊ သို့တည်းမဟုတ် ချမှတ်သောစစ်မြေပြင် ပြစ်ဒဏ်ကို၊ အခွင့်ရအာဏာပိုင် တစ်ဦးက လွှတ်ငြိမ်းသက်သာခွင့် မပေးလျှင်၊ ထိုစစ်မြေပြင် ပြစ်ဒဏ်ကျခံပြီးသည့်နေ့ရက်အထိ၊ အမြဲတမ်း ထုတ်ပယ်ဒဏ်သည်၊ အကျိုးသက်ရောက်ခြင်းမရှိစေရ။

(၃) ရွှတ်ချ၍ အမြဲတမ်းထုတ်ပယ်ဒဏ်ကို သို့တည်းမဟုတ် အမြဲတမ်းထုတ်ပယ်ဒဏ်ကို၊ တစ်ကျွန်းပို့ ဒဏ်နှင့်သော်လည်းကောင်း၊ နယ်ဘက်အကျဉ်းထောင်တွင် ကျခံစေရမည့် ထောင်ဒဏ်နှင့်သော်လည်း ကောင်း၊ ပူးပေါင်းချမှတ်သောအခါ၊ နယ်ဘက်အကျဉ်းထောင်တွင်၊ အကျဉ်းသားကို လက်ခံသည့်နေ့ရက် အထိ၊ ရွှတ်ချ၍ အမြဲတမ်းထုတ်ပယ်ဒဏ်သည်၊ သို့တည်းမဟုတ် အမြဲတမ်း ထုတ်ပယ်ဒဏ်သည်၊ အကျိုးသက် ရောက်ခြင်းမရှိစေရ။

သေဒဏ်ချမှတ်ခြင်းခံရသူအားချုပ် ထားခြင်း။

၁၆၈။ ။ စစ်တရားရုံး တစ်ရုံးက၊ တစ်ဦးတစ်ယောက်သောသူအား သေဒဏ်ချမှတ်သောအခါ၊ ထိုသူ၏ တပ်မှူးသည်၊ မိမိသင့်တော်မည်ထင်လျှင်၊ ပြစ်ဒဏ်ချမှတ် ချက်ကို အတည်မပြုသေးမီသော်လည်းကောင်း၊ ပြစ်ဒဏ်ချမှတ်ချက် ကို မဆောင်ရွက်သေးမီသော်လည်းကောင်း၊ ထိုသူကိုလုံခြုံစွာ ချုပ်ထားရေးအတွက်၊ နောက်ဆက်တွဲ ၅ ရှိ ပုံစံတစ်ခုခုပါ ဝရမ်းဖြင့်၊ ထိုသူအား နယ်ဘက် အကျဉ်းထောင်သို့ ပို့ထားနိုင်သည်။

၁၆၉။ ။ သေဒဏ်ချမှတ်ချက်ကို ဆောင်ရွက်ရန် အမိန့်ရရှိသောအခါ၊ ထိုအမိန့်ကို ရရှိသော အရာရှိသည် —

သေဒဏ်ချမှတ်ချက်ကို ဆောင်ရွက်ခြင်း။

(က) နည်းဥပဒေ ၁၆၈ အရ သေဒဏ်ချမှတ်ခြင်းခံရသူကို၊ နယ်ဘက် အကျဉ်းထောင်သို့ ပို့ထားပြီးဖြစ်လျှင်၊ နောက်ဆက်တွဲ ၅ ရှိ ပုံစံတစ်ခုခုအရ ဝရမ်းထုတ်၍၊ ထိုသူအားထုတ်ယူပြီးချုပ်ထားရမည်။

(ခ) သေဒဏ်ချမှတ်ချက်ကို အတည်ပြုပြီးကြောင်းနှင့် သေဒဏ်ချမှတ်ချက်ဆောင်ရွက်ရမည့် နေ့ရက်ကို၊ သေဒဏ်ချမှတ်ခြင်းခံရသူအား၊ ဆောလျင်နိုင်သမျှဆောလျင်စွာ၊ အကြောင်းကြားရမည်။

(ဂ) အမိန့်ပါအတိုင်း။ ထို့ပြင် ကာကွယ်ရေးဦးစီးချုပ်ကသော်လည်းကောင်း။ ကာကွယ်ရေးဦးစီးချုပ်၏ အခွင့်အာဏာအရသော်လည်းကောင်း၊ အခါအားလျော်စွာ ထုတ်သည့် အရပ်ရပ်ဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ၊ သို့တည်းမဟုတ် အထူးညွှန်ကြားချက်များနှင့်အညီ၊ သေဒဏ်ချမှတ်ချက်ကို ဆောင်ရွက်ရန် အရေးယူရမည်။

၁၇၀။ ။ သေဒဏ်ချမှတ်ချက်ကို၊ အက်ဥပဒေအရ လျှော့ပေါ့ပြောင်းလဲလျှင်၊ သို့တည်းမဟုတ် သေဒဏ်ချမှတ်ခြင်းခံရသူအား၊ ပြစ်ဒဏ်လွှတ်ငြိမ်းချမ်းသာခွင့်ပေးလျှင်၊ ထို့ပြင်

သေဒဏ်ချမှတ်ချက်ကို လျှော့ပေါ့ပြောင်းလဲသောအခါ လိုက်နာရမည့် ကျင့်ထုံး။

(က) နည်းဥပဒေ ၁၆၈ အရ ထုတ်သော ဝရမ်းဖြင့်၊ နယ်ဘက် အကျဉ်းထောင်သို့၊ ထိုသူအားပို့ထားပြီးဖြစ်လျှင်၊ ထိုသူ၏ တပ်မှူးက၊ နောက်ဆက်တွဲ ၅ ရှိ ပုံစံတစ်ခုခုအတိုင်း၊ ဝရမ်းထပ်မံ ထုတ်ပေးရမည်။

(ခ) ထိုသူအား စစ်ဘက်အချုပ်တွင်ထားလျှင်၊ ထိုသို့လျှော့ပေါ့ပြောင်းလဲလိုက်သည့် ပြစ်ဒဏ်ချမှတ်ချက်ကို ဆောင်ရွက်ရန် လိုအပ်သည့် ဝရမ်းတစ်ခုခုကို၊ နောက်ဆက်တွဲ ၄ ရှိ ပုံစံ တစ်ခုခုအတိုင်း၊ ထုတ်ပေးရမည်။

အပိုင်း ၇။ ။ စစ်မြေပြင်ပြစ်ဒဏ်။

၁၇၁။ ။ စစ်တရားရုံးတစ်ရုံးက စစ်ဆေးစီရင်သော ကိစ္စမျိုးတွင်၊ စစ်တရားရုံးသည်၊ သုံးလထက် မပိုသော ကာလအပိုင်းအခြားအတွက်၊ ထို့ပြင် ပုဒ်မ ၈၂ အရ အာဏာသုံးစွဲသော အရာရှိတစ်ဦးကစစ်ဆေးစီရင်သောကိစ္စမျိုးတွင်၊ ထိုအရာရှိသည်၊ နှစ်ဆယ့်ရှစ်ရက်ထက် မပိုသော ကာလအပိုင်းအခြားအတွက်၊ ပြစ်မှုကျူးလွန်သူတစ်ဦး

စစ်မြေပြင်ပြစ်ဒဏ်။

အား၊ စစ်မြေပြင်ပြစ်ဒဏ် ချမှတ်ရေး ကိစ္စအလို့ငှာ၊ အောက်ပါပြစ်ဒဏ်များအနက်၊ ပြစ်ဒဏ်တစ်ခုကို၊ ချမှတ်နိုင်သည်။

(က) စစ်မြေပြင်ပြစ်ဒဏ် အမှတ် ၁၊ ထို့ပြင်

(ခ) စစ်မြေပြင်ပြစ်ဒဏ် အမှတ် ၂။

စစ်မြေပြင်ပြစ်ဒဏ်အမှတ် ၁။

၁၇၂။ ။ ပြစ်မှုကျူးလွန်သူတစ်ဦးအား၊ စစ်မြေပြင်ပြစ်ဒဏ် အမှတ် ၁ ကို ချမှတ်သောအခါ၊ ထိုသူအပေါ်ပြစ်ဒဏ်ချမှတ်ချက် ဆက်လက်တည်ရှိနေစဉ်၊စစ်တရားရုံး၊ သို့တည်းမဟုတ် ပုဒ်မ ၈၂ အရ အာဏာသုံးစွဲသည့် အရာရှိ သက်ဆိုင်ရာရာက၊ အခြားနည်းမညွှန်ကြားလျှင်၊ ထိုသူအား အောက်ပါအတိုင်းပြစ်ဒဏ်ချမှတ်နိုင်သည်။

(က) ထိုသူအား ခြေကျဉ်းများဖြင့်သော်လည်းကောင်း၊ လက်ထိတ်များဖြင့်သော်လည်းကောင်း၊ လက်ထိတ်နှင့်ခြေကျဉ်း နှစ်မျိုးလုံးဖြင့်သော်လည်းကောင်း၊ ခတ်ထားနိုင်သည့်ပြင်၊ ထိုသူထွက်မပြေးနိုင်စေခြင်းငှာ၊ ထိုသူအား ချည်နှောင်ထားနိုင်သည်။

(ခ) ထိုသူအား လက်ထိတ်များ၊ သို့တည်းမဟုတ် ခြေကျဉ်းများခတ်ထားသောအခါမည်သည့် နေ့တစ်နေ့တွင်မဆို၊ နှစ်နာရီထက်မပိုသော ကာလအပိုင်းအခြားတစ်ခုအတွက် သော်လည်းကောင်း၊ ကာလအပိုင်းအခြားများအတွက်သော်လည်းကောင်း၊ ထိုသူအား မရွှေ့မပြောင်းနိုင်သော အရာဝတ္ထုတစ်ခုတွင် ချည်နှောင်ထားနိုင်သည်။ သို့သော်လည်း မည်သည့် လေးရက် တစ်ဆက်တည်းတွင်မဆို၊ သုံးရက်ထက်ပို၍ဖြစ်စေ၊ စုစုပေါင်း နှစ်ဆယ့် တစ်ရက်ထက်ပို၍ဖြစ်စေ၊ ထိုသူအား ထိုသို့ချည်နှောင်မထားရ။

ရှင်းလင်းချက် (၁)။ ။ ပြစ်မှုကျူးလွန်သူအားမြဲမြံစွာ ခြေစုံရပ်နေနိုင်စေခြင်းငှာ၊ ချည်နှောင်ထားရမည်။ ထိုသူ၏ ခြေထောက်များကို ချည်နှောင်ထားလျှင်၊ ခြေထောက်နှစ်ဘက်သည်၊ တစ်ဆယ့်နှစ်လက်မထက်ပို၍ ကွာမနေစေရ။ ထို့ပြင်ထိုသူသည်၊ မိမိ၏ခြေထောက် တစ်ဘက်စီကို၊ အနည်းဆုံး သုံးလက်မ ရွှေ့လျားနိုင်စေရမည်။ ထိုသူ၏ကိုယ်ကာယကို ရစ်ပတ်ပြီး ချည်နှောင်ထားလျှင်၊ ထိုသူ အသက်ရှူ မကျပ်စေရ။ ထိုသူ၏လက်မောင်းများကိုသော်လည်းကောင်း၊ လက်ကောက်ဝတ်များကို သော်လည်းကောင်း၊ မရွှေ့မပြောင်းနိုင်သောအရာဝတ္ထုနှင့် ချည်နှောင်ထားလျှင်၊ ထိုလက်မောင်းများသည်၊ သို့တည်းမဟုတ် လက်ကောက်ဝတ်များသည်၊ လှုပ်ရှားနိုင်စေခြင်းငှာ၊ ထိုမရွှေ့မပြောင်းနိုင်သော အရာဝတ္ထုနှင့် ခြောက်လက်မ ကွာနေစေရမည်။ ထိုသူ၏လက်မောင်းများသည်၊ ထိုသူ၏ နံဘေးနှစ်ဘက်တွင်၊ သို့တည်းမဟုတ် ကျောနောက်တွင် တွဲလွဲကျလျက် ရှိစေရမည်။

ရှင်းလင်းချက် (၂)။ ။ ဤပြစ်ဒဏ် ကိစ္စအတွက်၊ လက်ထိတ်နှင့်ခြေကျဉ်းများ ရရှိနိုင်လျှင်၊ လက်ထိတ်နှင့် ခြေကျဉ်းများကိုသာ သုံးရမည်။ သို့သော်လည်း လက်ထိတ်များနှင့် ခြေကျဉ်းများအစား၊ လိုအပ်သောအခါ၊ ပတ်ကြိုးများ၊ သို့တည်းမဟုတ် ကျစ်ကြိုးများကို အသုံးပြုနိုင်သည်။ ဤကိစ္စအတွက်

အသုံးပြုသော ပတ်ကြိုးများ၊ သို့တည်းမဟုတ် ကျစ်ကြိုးများ၏ အရှယ်အစားသည်၊ ပြစ်မှုကျူးလွန်သူ၏ ကိုယ်ကာယကို မနာကျင်စေသည့်၊ ထို့ပြင် ကိုယ်ကာယပေါ်တွင် ကြိုးရာများ အမြဲတမ်းထင်လျက် မကျန်စေသည့် အရှယ်အစားဖြစ်စေရမည်။

(ဂ) ထိုသူသည်၊ အလုပ်ကြမ်းနှင့် ထောင်ဒဏ် ကျခံနေရဘိသကဲ့သို့၊ အလားတူဖြစ်သော အလုပ်ကြမ်းလုပ်နိုင်ခြင်း၊ အလုပ်အကိုင် လုပ်နိုင်ခြင်းနှင့် ချုပ်ချယ်ထားခြင်းတို့ကို ခံရမည့်ပြင်၊ အလုပ်ကြမ်းနှင့်ထောင်ဒဏ်ကျခံနေရသူအား အရေးယူသည့် နည်းတူ၊ ထိုသူအား အရေးယူနိုင်သည်။

စစ်မြေပြင်ပြစ်ဒဏ်အမှတ် ၂။

၁၇၃။ ။ ပြစ်မှုကျူးလွန်သူတစ်ဦးအား၊ စစ်မြေပြင် ပြစ်ဒဏ်အမှတ် ၂ ကို ချမှတ်သည့်အခါ၊ နည်းဥပဒေ ၁၇၂၊ အပိုဒ် (ခ) တွင် ပြဋ္ဌာန်းထားသည့်အတိုင်း၊ ထိုသူအား မရွေ့မပြောင်းနိုင်သည့် အရာဝတ္ထုတစ်ခုတွင်ချည်နှောင်ထားခြင်းကို ခံစေရမည် ဆိုသည့်ပြစ်ဒဏ်မှတစ်ပါး၊ ထိုနည်းဥပဒေပါ ပြဋ္ဌာန်းချက်အားလုံးသည်၊ ထိုသူနှင့် သက်ဆိုင်စေရမည်။

စစ်မြေပြင် ပြစ်ဒဏ်ကိုဆောင်ရွက်နည်း။

၁၇၄။ ။ ပြစ်မှုကျူးလွန်သူ ပါဝင်သော၊ သို့တည်းမဟုတ် ပြစ်မှုကျူးလွန်သူအား တွဲဖက်ထားသောတပ်သည်၊ အကယ်၍ချီတက်နေသောအခါ၊ စစ်မြေပြင်ပြစ်ဒဏ်ကို၊ ထိုတပ်တွင်ရှိသူတို့က ဆောင်ရွက်ရမည်။ သို့သော်လည်း ထိုပြစ်ဒဏ်ကို ဆောင်ရွက်ရန် အလို့ငှာ၊ တပ်ထိန်းချုပ်တစ်ဦးရှိသော၊ သို့တည်းမဟုတ် စစ်မြေပြင်ရှိ တပ်ဖွဲ့များ၏ တပ်မှူးက ခန့်အပ်ထားသော အခြားအရာရှိတစ်ဦးဦးရှိသော နေရာတစ်ခုခုတွင်၊ ထိုတပ်သည် ရပ်နားနေသောအခါ၊ ထိုတပ်ထိန်းချုပ်၊ သို့တည်းမဟုတ် ထိုအရာရှိ၏ အမိန့်အရ ထိုပြစ်ဒဏ်ကို ဆောင်ရွက်ရမည်။

ရှင်းလင်းချက်။ ။ ပြစ်မှုကျူးလွန်သူပါဝင်သော၊ သို့တည်းမဟုတ် ပြစ်မှုကျူးလွန်သူအား တွဲဖက်ထားသောတပ်သည်၊ အကယ်၍ ချီတက်နေသောအခါ၊ စစ်မြေပြင် ပြစ်ဒဏ်အမှတ် ၁ ချမှတ်ခြင်းခံရသော၊ ပြစ်မှုကျူးလွန်သူအား၊ နည်းဥပဒေ ၁၇၂၊ အပိုဒ် (ခ) အရ ပြစ်ဒဏ်ကျခံစေခြင်းမှ လွတ်ငြိမ်းခွင့်ပြုရမည်။ သို့သော်လည်း စစ်မြေပြင်ပြစ်ဒဏ်ချမှတ်ခြင်းခံရသော ပြစ်မှုကျူးလွန်သူအားလုံးသည်၊ မိမိတို့၏ တပ်နှင့်အတူ ချီတက်ရမည်။ မိမိတို့၏ လက်နက်များနှင့် အဆောင်အယောင်များကို သယ်ဆောင်ရမည်။ မိမိတို့၏ စစ်ဘက်တာဝန်ဝတ္တရားများနှင့် အပိုအလုပ်ကြမ်းတာဝန်များကိုလည်း ဆောင်ရွက်ရမည်။ ထို့ပြင် ထိုသူအားလုံးကို၊ စစ်ဘက်ပြစ်မှုကျူးလွန်သူများအဖြစ်ဖြင့် မှတ်ယူရမည်။

စစ်မြေပြင် ပြစ်ဒဏ်သည်၊ ကိုယ်အင်္ဂါကို မထိခိုက်စေရ။

၁၇၅။ ။ ပြစ်မှုကျူးလွန်သူ၏ ကိုယ်အင်္ဂါကို မထိခိုက်စေမည့်၊ သို့တည်းမဟုတ် ပြစ်မှုကျူးလွန်သူ၏ ကိုယ်ပေါ်တွင် အမြဲတမ်းထင်နေသည့် အမှတ်အသား ကျန်မနေစေမည့် နည်းလမ်းအတိုင်း၊ စစ်မြေပြင်ပြစ်ဒဏ်၏ အစိတ်အပိုင်း အသီးသီးကို ကျခံစေရမည်။ ထို့ပြင် ထိုစစ်မြေပြင် ပြစ်ဒဏ်အစိတ်အပိုင်းကို ဆက်လက်ကျခံစေခြင်းသည်၊ ပြစ်မှုကျူးလွန်သူ၏ ကျန်းမာရေးကို ထိခိုက်စေမည်ဟု၊ တာဝန်ရှိသော ဆေးဘက်အရာရှိက အစီရင်ခံသော အခါ၊ စစ်မြေပြင်ပြစ်ဒဏ်၏ အစိတ်အပိုင်း ကျခံစေခြင်းကို ရပ်စဲရမည်။

အခန်း ၆။
စုံစမ်းစစ်ဆေးရေးခုံရုံးများ။

စုံစမ်းစစ်ဆေးရေးခုံရုံးများ။

၁၇၆။ ။ (၁) စုံစမ်းစစ်ဆေးရေး ခုံရုံးသည်၊ သက်သေခံချက်ကို စုဆောင်းပေးရန်၊ ထို့ပြင် စုံစမ်းစစ်ဆေးစေသည့် ကိစ္စတစ်ခုခုနှင့် စပ်လျဉ်း၍၊ အစီရင်ခံရန် လိုလျှင်လည်း၊ လိုသည့်အတိုင်း အစီရင်ခံရန် ညွှန်ကြားခြင်းခံရသော အရာရှိများပါဝင်သည့်၊ သို့တည်းမဟုတ် အရာရှိများနှင့် အရာခံဗိုလ်များသော်လည်းကောင်း၊ အကြပ်များသော်လည်းကောင်း၊ ပါဝင်သည့် ခုံရုံးဖြစ်သည်။

(၂) စုံစမ်းစစ်ဆေးရေးခုံရုံးတွင်၊ မည်သည့်အဆင့်မဆိုရှိသည့် အရာရှိဦးရေ မည်မျှမဆို ပါဝင်နိုင်သည်၊ သို့တည်းမဟုတ် အရာရှိတစ်ဦး၊ သို့တည်းမဟုတ် တစ်ဦးထက်ပိုသည့် အရာရှိများနှင့် ပူးတွဲ၍၊ အရာခံဗိုလ်တစ်ဦး၊ သို့တည်းမဟုတ် တစ်ဦးထက်ပိုသည့် အရာခံဗိုလ်များ သော်လည်းကောင်း၊ အကြပ်တစ်ဦး၊ သို့တည်းမဟုတ် တစ်ဦးထက်ပိုသည့် အကြပ်များသော်လည်းကောင်း၊ ပါဝင်နိုင်သည်။ စုံစမ်းစစ်ဆေးရေးခုံရုံးအဖွဲ့ဝင်များသည်၊ စုံစမ်းစစ်ဆေးရမည့် ကိစ္စ၏ သဘောကိုလိုက်၍၊ တပ်မတော်၏ မည်သည့်ဌာန၊ သို့တည်းမဟုတ် မည်သည့်ဌာနခွဲမှမဆို ဖြစ်နိုင်သည်။

(၃) တပ်အဖွဲ့တစ်ခုတွင်၊ သို့တည်းမဟုတ် တစ်ခုထက်ပိုသည့် တပ်အဖွဲ့များတွင် အပါအဝင် ဖြစ်သော၊ မည်သည့် စစ်သည်စုကိုမဆို၊ ကွပ်ကဲသည့်အရာရှိက၊ စုံစမ်းစစ်ဆေးရေးခုံရုံးကို ဖွဲ့စည်းနိုင်သည်။

စုံစမ်းစစ်ဆေးရေးခုံရုံးအဖွဲ့ဝင်များအား ကျမ်းသစ္စာ၊ သို့တည်းမဟုတ် ကတိသစ္စာ မပြုစေရ။

၁၇၇။ ။ စုံစမ်းစစ်ဆေးရေးခုံရုံးအဖွဲ့ဝင်များအား ကျမ်းသစ္စာ၊ သို့တည်းမဟုတ် ကတိသစ္စာမပြုစေရ။ သို့သော်လည်း စုံစမ်းစစ်ဆေးရေးခုံရုံးသည်၊ ပြန်လည်ရရှိသော သံ့ပန်းများနှင့် စပ်လျဉ်းသည့် စုံစမ်းစစ်ဆေးရေး ခုံရုံးဖြစ်နေသော အခါ၊ အဖွဲ့ဝင်များသည်၊ အောက်ပါအတိုင်း ဖွင့်ဟကြေညာရမည်။

" ကျွန်ုပ် .... သည်၊ .... သံ့ပန်း တစ်ဦးဖြစ်ရသည့် အခြေအနေနှင့်စပ်လျဉ်း၍၊ တပ်မတော်၏ စည်းမျဉ်းဥပဒေများ၏ အစစ်အမှန်သဘော၊ အဓိပ္ပာယ်တို့နှင့်အညီ၊ နည်းလမ်းတကျ မျက်နှာမလိုက်ဘဲ၊ ကျွန်ုပ်စုံစမ်းစစ်ဆေးမည့်ပြင်၊ ကျွန်ုပ်၏ ထင်မြင်ချက်ကိုလည်း ပေးပါမည်ဟု၊ အနိုင်အမာ ဖွင့်ဟကြေညာပါသည်။ ထို့ပြင်၊ အခွင့်ရ အာဏာပိုင်က မနိုင်းလျှင်၊ ကျွန်ုပ်သည်၊ ကျွန်ုပ်မဲကိုသော်လည်းကောင်း၊ ထင်မြင်ချက်ကိုသော်လည်းကောင်း၊ စုံစမ်းစစ်ဆေးရေးခုံရုံး၏ အခြားအဖွဲ့ဝင်တစ်ဦးဦး၏ မဲကိုသော်လည်းကောင်း၊ ထင်မြင်ချက်ကိုသော်လည်းကောင်း၊ မည်သည့်အကြောင်းကြောင့်မျှ၊ သို့တည်းမဟုတ် မည်သည့်အချိန်အခါတွင်မျှ ထုတ်ဖော်မပြောပါ၊ သို့တည်းမဟုတ် ထုတ်ဖော်မပြသပါဟုလည်း၊ ကျွန်ုပ်အနိုင်အမာထပ်လောင်းဖွင့်ဟ ကြေညာပါသည်။"

၁၇၈။ ကျင့်ထုံး။ (၁) စုံစမ်းစစ်ဆေးရေးခုံရုံးသည်၊ ထိုခုံရုံးဖွဲ့စည်းသည့် အာဏာပိုင်၏ ရေးသားညွှန်ကြားချက်များကို လိုက်နာရမည်။ ထိုညွှန်ကြားချက်များသည်၊ ပြည့်စုံ၍ သီးခြားဖော်ပြထားသည့် ညွှန်ကြားချက်များ ဖြစ်စေရမည့်ပြင်၊ လိုသမျှအကြောင်းခြင်းရာ၏ ယေဘုယျသဘောကိုပါ ဖော်ပြရမည်။ စုံစမ်းစစ်ဆေးရေးခုံရုံး၏ အစီရင်ခံစာ လိုကြောင်း၊ မလိုကြောင်းကိုလည်း၊ ထိုညွှန်ကြားချက်များတွင် ဖော်ပြထားရမည်။

(၂) ပြန်လည်ရောက်ရှိသော သံ့ပန်းတစ်ဦးအတွက်သော်လည်းကောင်း၊ ပြန်မရောက်သေးသည့် သံ့ပန်းတစ်ဦးအတွက်သော်လည်းကောင်း၊ စုံစမ်းစစ်ဆေးရေးခုံရုံးထိုင်စေသည့်အခါ၊ သက်ဆိုင်ရာ သံ့ပန်းသည်၊ ၎င်း၏ တာဝန်ဝတ္တရားတမင်ပေါ့လျော့မှုကြောင့် သံ့ပန်းဖြစ်သွားရသည်၊ သို့တည်းမဟုတ် ရန်သူနှင့်အတူ အမှုထမ်းသည်၊ သို့တည်းမဟုတ် ရန်သူ၏လက်အောက်တွင် အမှုထမ်းသည်၊ သို့တည်းမဟုတ် ရန်သူကို ကူပံ့သည်၊ ဆိုသည့်အချက်များနှင့်စပ်လျဉ်း၍၊ စုံစမ်းစစ်ဆေးရေးခုံရုံးအား၊ ထင်မြင်ချက်ရေးမှတ်ရန်၊ စုံစမ်းစစ်ဆေးရေးခုံရုံး ဖွဲ့စည်းသည့်အရာရှိက ညွှန်ကြားရမည်။ ပြန်လည်ရောက်ရှိသော သံ့ပန်းတစ်ဦး၏ ကိစ္စမျိုးတွင်၊ ထိုသံ့ပန်းသည်၊ ဆောလျင်နိုင်သမျှ ဆောလျင်စွာ၊ တပ်မတော်သို့ ပြန်လာသည်၊ ပြန်မလာသည်၊ ထို့ပြင် ပြန်မရောက်သေးသည့် သံ့ပန်းတစ်ဦး၏ ကိစ္စမျိုးတွင်၊ ထိုသံ့ပန်းသည်၊ တပ်မတော်သို့ ပြန်လာနိုင်သောအခါ၌၊ ပြန်လာရန် ပျက်ကွက်ခဲ့သည်၊ မပျက်ကွက်ခဲ့သည်၊ ဆိုသည့်အချက်များနှင့် စပ်လျဉ်း၍၊ စုံစမ်းစစ်ဆေးရေးခုံရုံးအား၊ ထင်မြင်ချက် ရေးမှတ်ရန်ကိုလည်း၊ ထိုခုံရုံးဖွဲ့စည်းသည့်အရာရှိက ညွှန်ကြားရမည်။ ထိုခုံရုံးဖွဲ့စည်းသည့် အရာရှိသည်၊ ထိုအချက်များနှင့်စပ်လျဉ်း၍၊ မိမိကိုယ်တိုင်၏ ထင်မြင်ချက်ကိုပါ ရေးမှတ်ရမည်။

(၃) ပြန်မရောက်သေးသည့် သံ့ပန်းတစ်ဦးမှတစ်ပါး၊ စုံစမ်းစစ်ဆေးရေးနှင့် သက်ဆိုင်သူအားလုံးအား၊ စုံစမ်းစစ်ဆေးရေးခုံရုံး၊ ရုံးထိုင်မည့်အချိန်နှင့်နေရာ၊ ထို့ပြင် စုံစမ်းစစ်ဆေးရေးခုံရုံး၏ ရုံးရွှေ့ဆိုင်းခြင်းအားလုံးတို့ကို၊ ကြိုတင်အကြောင်းကြားထားရမည်။

(၄) စုံစမ်းစစ်ဆေးရေးခုံရုံးသည်၊ သက်သေတစ်ဦးက ထွက်ဆိုသည့် သက်သေခံချက်တစ်ခုခု၏ တိကျမှန်ကန်မှုကို စမ်းသပ်ခြင်းအလို့ငှာ၊ သို့တည်းမဟုတ် အမှန်ထွက်ပေါ်လာစေခြင်းအလို့ငှာ၊

ထိုသက်သေအား၊ လိုအပ်သည်ဟု ထင်မြင်ယူဆသည့် မေးခွန်းများ မေးမြန်းနိုင်သည်။

(၅) နောက်ထပ်သက်သေများအား စစ်မေးရန်၊ သို့တည်းမဟုတ် မည်သည့်သက်သေကိုမဆို ဘပ်မံစစ်မေးရန်၊ သို့တည်းမဟုတ် နောက်ထပ်အကြောင်းခြင်းရာကို ရေးမှတ်ရန်ကိစ္စအတွက်၊ စုံစမ်းစစ်ဆေးရေးခုံရုံးဖွဲ့စည်းသည့် အရာရှိက ညွှန်ကြားသည့်အခါတိုင်းတွင်၊ စုံစမ်းစစ်ဆေးရေးခုံရုံးကို၊ ပြန်လည်ရုံးထိုင်စေနိုင်သည်။

(၆) စုံစမ်းစစ်ဆေးရေးခုံရုံး၏ မှခင်းကိစ္စ ဆောင်ရွက်ချက်အားလုံးကို၊ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သောအရာရှိက၊ ထိုခုံရုံးကို ဖွဲ့စည်းသည့် အရာရှိထံပို့ရမည်။

အက်ဥပဒေကိုလိုက်နာရသူတစ်ဦး၏ အကျင့်စာရိတ္တနှင့် သက်ဆိုင်နေသည့် အခါ လိုက်နာရမည့် ကျင့်ထုံး။

၁၇၉။ ။ ပြန်လည်မရောက်ရှိသေးသည့် သံ့ပန်းတစ်ဦး၏ ကိစ္စမှုမှတစ်ပါး၊ စုံစမ်းစစ်ဆေးခြင်းတစ်ခုခုသည်၊ အက်ဥပဒေကို လိုက်နာရသူတစ်ဦး၏ အကျင့်စာရိတ္တကိုသော်လည်းကောင်း၊ စစ်ဘက်ဂုဏ်သရေကိုသော်လည်းကောင်း၊ ထိခိုက်စေသည့်အခါတိုင်း၊ထိုသူအား၊ ထိုသို့ စုံစမ်းစစ်ဆေးရာ တစ်လျှောက်လုံးတွင်၊ ရောက်ရှိနေခွင့်၊ ပြုလုပ်လိုသည့် ထွက်ဆိုချက်တစ်ခုခုကို ပြုလုပ်ခွင့်၊ ပေးလိုသည့်သက်သေခံချက်တစ်ခုခုကိုပေးခွင့်၊ ထိုသူ၏ အကျင့်စာရိတ္တကိုသော် လည်းကောင်း၊ စစ်ဘက်ဂုဏ်သရေကိုသော် လည်းကောင်း၊ ထိခိုက်သည်ဟု၊ ထိုသူက ယူဆသော သက်သေခံချက်ကိုပေးသည့် သက်သေတစ်ဦးဦး အား ပြန်လှန်စစ်မေးခွင့်၊ ထို့ပြင်ထိုသူ၏ အကျင့်စာရိတ္တ၊ သို့တည်းမဟုတ် စစ်ဘက်ဂုဏ်သရေနှင့် စပ်လျဉ်း၍၊ ခုခံချေပရေးအတွက် သက်သေများပြခွင့်ဖြစ်သည့် အခွင့်အလမ်းအပြည့်အစုံကို ပေးရမည်။ အကျင့်စာရိတ္တနှင့် စစ်ဘက်ဂုဏ်သရေကို ထိခိုက်ခြင်းခံရသည့်ပြင်၊ ကြိုတင်သိရှိခွင့်မရရှိသည့် သံ့ပန်း တစ်ဦးဦးသည်၊ ဤနည်းဥပဒေအရ မိမိ၏ အခွင့်အရေးများကို ကြိုကင်သိရှိ၍ စုံလင်စွာနားလည်စေရန်၊ စုံစမ်းစစ်ဆေးရေးခုံရုံး၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သောအရာရှိက၊ လိုအပ်သလို စီစဉ်ရမည်။

"ခြွင်းချက် ။ ။ သို့ရာတွင် ကာကွယ်ရေးဦးစီးချုပ်က စစ်ဘက်လတ်တလောလိုအပ်ခြင်းများကြောင့်ဖြစ်စေ၊ စစ်စည်းကမ်းချက်အရ လိုအပ်ချက်များကြောင့်ဖြစ်စေ၊ ကိစ္စတစ်ခုခုတွင်၊ ဤနည်းဥပဒေပါ ပြဋ္ဌာန်းချက်တစ်ခုခုကို လိုက်နာရန် မသင့်လျော်ဟု ယူဆပါက၊ ကာကွယ်ရေးဦးစီးချုပ်သည်၊ မိမိလက်မှတ်ရေးထိုးသော အမိန့်စာဖြင့် ထိုစစ်ဘက်လတ်တလောလိုအပ်ခြင်းများ၏အမျိုးအစား၊ သို့တည်းမဟုတ် စစ်စည်းကမ်းအရ လိုအပ်ချက်အမျိုးအစားကို သီးခြားဖော်ပြပြီး၊ ဆိုခဲ့သည့် ပြဋ္ဌာန်းချက်တစ်ခုခုကို လိုက်နာ ရန် မသင့်လျော်ဟု ကြေညာချက်တစ်ရပ်ကို ထုတ်နိုင်သည်။ ထို့ပြင် ထိုသို့ကြေညာချက်ထုတ်လျှင် ဤနည်း ဥပဒေတွင် ထိုကြေညာချက်ပါပြဋ္ဌာန်းချက်မပါရှိဘိသကဲ့သို့ စုံစမ်းစစ်ဆေးခြင်းသည် နိုင်လုံရမည်"[၂၁]

၂၁။ ကာကွယ်ရေးဝန်ကြီးဌာန၊ ကြည်းတပ်ဌာနခွဲ၏ ၂၄. ၁. ၆၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၁/၆၁ ဖြင့် ဖြည့်စွက်သည်။
(မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း -၁၊ ၁၉၆၁ ခုနှစ်၊ ဧပြီလ (၂၉) ရက်၊ စာမျက်နှာ - ၃၁၄)

မည်သည့်အခါ သက်သေခံချက်ကို၊ ကျမ်းသစ္စာ၊ သို့တည်းမဟုတ် ကတိသစ္စာ ပြုစေပြီး ယူရခြင်း။

၁၈၀။ ။ အောက်ပါကိစ္စမျိုးနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရေးခုံရုံး ရုံးထိုင်သောအခါ ကျမ်းသစ္စာ၊ သို့တည်းမဟုတ် ကတိသစ္စာပြုစေပြီး၊ သက်သေခံချက်ကို ရေးမှတ်ရမည်။

(က) သံ့ပန်းတစ်ဦးကိစ္စ၊ သို့တည်းမဟုတ်

(ခ) ပုဒ်မ ၁၀၈ အရ ဥပဒေနှင့်မညီသော ဖျက်ကွက်ခြင်းကို စုံစမ်းစစ်ဆေးရန်ကိစ္စ၊ သို့တည်းမဟုတ်

(ဂ) စုံစမ်းစစ်ဆေးရေးခုံရုံးဖွဲ့စည်းသည့် အရာရှိက ညွှန်ကြားသည့်အခါ၊ ထိုသို့ ညွှန်ကြားသည့် အခြားကိစ္စတစ်ခုခု။

ရှင်းလင်းချက်။ ။ စုံစမ်းစစ်ဆေးရေးခုံရုံးသည်၊ စစ်တရားရုံးတစ်ရုံး ဖြစ်ဘိသကဲ့သို့၊ သက်သေများအား၊ ကျမ်းသစ္စာကိုသော်လည်းကောင်း၊ ကတိသစ္စာကိုသော်လည်းကောင်း၊ ပြုစေရမည်။

စုံစမ်းစစ်ဆေးရေးခုံရုံး၏ မှုခင်းကိစ္စ ဆောင်ရွက်ချက်များကို၊ သက်သေခံအဖြစ် လက်မခံရ။

၁၈၁။ ။ စုံစမ်းစစ်ဆေးရေးခုံရုံး၏ မှုခင်းကိစ္စဆောင်ရွက်ချက်ကို၊ သို့တည်းမဟုတ် စုံစမ်းစစ်ဆေးရေးခုံရုံးတစ်ရုံးတွင် ပေးသည့်ဖြောင့်ချက်ကို၊ သို့တည်းမဟုတ် ပြုလုပ်သည့်ထွက်ဆိုချက်ကို၊ သို့တည်းမဟုတ် ဖြေကြားသောမေးခွန်းတစ်ခု၏ အဖြေကို၊ အက်ဥပဒေကို လိုက်နာရသူတစ်ဦးအား စစ်ဆေးစီရင်ရာတွင် သက်သေခံအဖြစ် လက်မခံရ။ အက်ဥပဒေကို လိုက်နာရသူအား၊ ထိုရုံး၏ ရှေ့မှောက်တွင် တမင်မမှန်သက်သေခံခြင်းအတွက် စစ်ဆေးစီရင်ခြင်းပြုလုပ်သည့်အခါမှတစ်ပါး၊ စုံစမ်းစစ်ဆေးရေးခုံရုံး၏ မှုခင်းကိစ္စ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်းသည့် သက်သေခံချက် တစ်ခုခုကိုလည်း၊ အက်ဥပဒေကို လိုက်နာရသူအပေါ် မပေးရ။

ပုဒ်မ ၁၀၈ အရဖြစ်သည့်၊ ဥပဒေနှင့် မညီသော ဖျက်ကွက်ခြင်းနှင့် စပ်လျဉ်းသည့် စုံစမ်းစစ်ဆေးရေးခုံရုံး။

၁၈၂။ ။ (၁) ပုဒ်မ ၁၀၈ အရ စုံစမ်းစစ်ဆေးရေးခုံရုံးတစ်ရုံးကို ဖွဲ့စည်းသောအခါ ထိုပုဒ်မတွင်၊ စုံစမ်းစစ်ဆေးရမည့် အကြောင်းအရာများဟု၊ သီးခြားဖော်ပြထားသည့် ဖျက်ကွက်ခြင်းနှင့် အခြားအကြောင်းခြင်းရာများကို၊ လုံလောက်စွာ သက်သေထင်ရှား ပြရန်လိုသည်ဟု၊ ထိုခုံရုံးက၊ ယူဆသည့် သက်သေများအား၊ ထိုခုံရုံးသို့ လာရောက်စေရမည်။

(၂) စုံစမ်းစစ်ဆေးရေးခုံရုံးသည်၊ ခုံရုံးတွင် ထွက်ဆိုသော သက်သေခံချက်ကို ရေးယူရမည့်ပြင်၊ မှုခင်းကိစ္စ ဆောင်ရွက်ချက်များ ပြီးဆုံးသောအခါ၊ ခုံရုံးဖွဲ့စည်းပြီး၊ စုံစမ်းစစ်ဆေးရသည့် အကြောင်းခြင်းရာများနှင့်စပ်လျဉ်း၍၊ ဆင်ခြင်သုံးသပ်ရာတွင် ပေါ်ပေါက်လာသော မိမိ၏ ထင်မြင်ယူဆ

ချက်များကိုလည်း ကြေညာရမည်။

(၃) ခွင့်မဲ့ပျက်ကွက်သူ၏ တပ်မှူးသည်၊ ထိုသူပါဝင်သော တပ်အဖွဲ့ တပ်၊ သို့တည်းမဟုတ် သင်္ဘော၏ စစ်တရားရုံး မှတ်တမ်းစာအုပ်တွင်၊ စုံစမ်းစစ်ဆေးရေးခုံရုံး၏ ကြေညာချက်ကို ရေးသွင်းထားရမည့်ပြင်၊ မူလအမှုတွဲကို ဖျက်ဆီးပစ်ရမည်။

(၄) စုံစမ်းစစ်ဆေးရေးခုံရုံးသည်၊ ခွင့်မဲ့ပျက်ကွက်သူကိုယ်စား သက်သေခံလိုသော သက်သေအားလုံးကို စစ်မေးရမည့်ပြင်၊ ထိုသူများထွက်ဆိုသည့် သက်သေခံချက်တစ်ခုခု၏ တိကျမှန်ကန်မှုကို စမ်းသပ်ခြင်းအလို့ငှာ၊ သို့တည်းမဟုတ် အမှန်ထွက်ပေါ်လာစေခြင်းအလို့ငှာ၊ လိုအပ်မည့်မေးခွန်းများကို၊ ထိုသက်သေများအား မေးရမည်။ ထို့ပြင် စုံစမ်းစစ်ဆေးရေးခုံရုံးသည်၊ ကြေညာချက်ပြုလုပ်ရာတွင်၊ ထိုသက်သေအားလုံး၏သက်သေခံချက်များကို ကျနစွာ ချိန်ဆရမည်။

(၅) နည်းဥပဒေ ၁၈၀ တွင် သီးခြားဖော်ပြထားသည့် နည်းလမ်းအတိုင်း၊ သက်သေများအား ကျမ်းသစ္စာကိုသော်လည်းကောင်း၊ ကတိသစ္စာကိုသော်လည်းကောင်း၊ ပြုစေရမည်။

၁၈၃။ ။ စုံစမ်းစစ်ဆေးရေးခုံရုံးက ရေးသားသည့်အစီရင်ခံစာတစ်ခုခုအပါအဝင်၊ စုံစမ်း စစ်ဆေးရေးခုံရုံး၏ အမှုတွဲမိတ္တူတစ်စောင်ကို၊ စာလုံးရေ နှစ်ရာလျှင်၊ ပြား ငါးဆယ်ထက်မပိုသောနှုန်းဖြင့်၊ ထိုမိတ္တူအတွက် ကျသင့်ငွေပေးပါက အောက်ပါသူများ၌၊ ရထိုက်ခွင့်ရှိစေရမည်။

အမှုတွဲ၏ မိတ္တူများကို အချို့သူများရခွင့်ရှိခြင်း။

(က) စုံစမ်းစစ်ဆေးရေးခုံရုံးတစ်ရုံးက အစီရင်ခံပြီးသော ကိစ္စတစ်ခုခုနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ အရာတစ်ခုခုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ စစ်တရားရုံးတစ်ရုံးဖြင့်၊ စစ်ဆေးစီရင်ခြင်းကိုခံရသော၊ အက်ဥပဒေကို လိုက်နာရသူတစ်ဦးဦး၊ သို့တည်းမဟုတ်

(ခ) ကာကွယ်ရေးဦးစီးချုပ်သည်၊ အခြားအမိန့်ချမှတ်ရန် အကြောင်းမတွေ့ရှိလျှင်၊ စုံစမ်းစစ်ဆေးရေးခုံရုံး၏ ရှေ့မှောက်၌ထွက်ဆိုသည့် သက်သေခံချက်တွင်သော်လည်းကောင်း၊ စုံစမ်းစစ်ဆေးရေးခုံရုံး၏ အစီရင်ခံစာတွင်သော်လည်းကောင်း၊ ပါရှိသည့် အချက်တစ်ခုခုက၊ အကျင့်စာရိတ္တကိုဖြစ်စေ၊ စစ်ဘက်ဂုဏ်သရေကိုဖြစ်စေ၊ ထိခိုက်သည်ဟု ကာကွယ်ရေးဦးစီးချုပ်က ထင်မြင်ယူဆသော၊ အက်ဥပဒေကို လိုက်နာရသူတစ်ဦးဦး။

လက်နက်ပျောက်ဆုံးခြင်းများ။ သို့တည်းမဟုတ် လက်နက်ခိုးယူခြင်းများ။

ရှိုင်းမယ်အစရှိသည်တို့ပျောက်ဆုံးခြင်း၊ သို့တည်းမဟုတ် ခိုးယူခြင်းနှင့် စပ်လျဉ်း၍၊ စုံစမ်းစစ်ဆေးရေး ခုံရုံးဖြင့် စုံစမ်းစစ်ဆေးခြင်း။

၁၈၄။ ။(၁) တပ်၊ တပ်ခွဲ၊ သို့တည်းမဟုတ် အလားတူ အခြားတပ်တစ်ခု၏ ပစ္စည်းကိရိယာ တန်ဆာပလာတွင်ပါဝင်သည့် လက်နက်တစ်ခုခုသော်လည်းကောင်း၊ လက်နက်တစ်ခု၏ အစိတ်အပိုင်းကိုသော်လည်းကောင်း၊ ပျောက်ဆုံးသည့်အခါ၊ သို့တည်းမဟုတ် ခိုးယူခြင်းခံရသည့်အခါ၊ ထို့ပြင် ထိုသို့ ပျောက်ဆုံးခြင်း၊ သို့တည်းမဟုတ် ထိုသို့ခိုးယူခြင်းနှင့် စပ်လျဉ်း၍၊ နည်းဥပဒေ ၁၈၅ အရ ငွေဒဏ်တစ်ရပ် ချမှတ်နိုင်သည့်အခါ၊ ထိုသို့ပျောက်ဆုံးခြင်း၊ သို့တည်းမဟုတ် ခိုးယူခြင်း၏ အကြောင်းခြင်းရာများကို စုံစမ်းစစ်ဆေးရန်၊ ကြည်းတပ်အတွက်ဖြစ်ပါက၊ တပ်မဟာအောက် မငယ်သော အဖွဲ့အစည်းကိုဖြစ်စေ၊ ရေတပ်၊ သို့တည်းမဟုတ် လေတပ်အတွက်ဖြစ်ပါက၊ တပ်မဟာ (ကြည်းတပ်) နှင့်တူညီသည်ဟု သတ်မှတ်ထားသည့် အဖွဲ့အစည်းအောက်မငယ်သော အဖွဲ့အစည်းကို ဖြစ်စေ၊ ကွပ်ကဲသောအရာရှိ၏ အမိန့်အရ စုံစမ်းစစ်ဆေးရေးခုံရုံးကိုဖွဲ့စည်းစေရမည်။

(၂) စုံစမ်းစစ်ဆေးရေးခုံရုံးကို ဖွဲ့စည်းသည့်အရာရှိသည်၊ ထိုသို့ပျောက်ဆုံးခြင်း၊ သို့တည်း မဟုတ် ခိုးယူခြင်း၏ အကြောင်းခြင်းရာများနှင့် စပ်လျဉ်း၍၊ ထင်မြင်ယူဆချက်တစ်ရပ်ကို ရေးမှတ်ရန်၊ စုံစမ်းစစ်ဆေးရေး ခုံရုံးအား ညွှန်ကြားရမည်။

စုပေါင်းငွေဒဏ်များ။

၁၈၅။ ။ကြည်းတပ်အတွက်ဖြစ်ပါက၊ တပ်မဟာအောက်မငယ်သော အဖွဲ့အစည်းကို ဖြစ်စေ၊ ရေတပ်၊ သို့တည်းမဟုတ် လေတပ်အတွက်ဖြစ်ပါက၊ တပ်မဟာ (ကြည်းတပ်) နှင့် တူညီသည်ဟု သတ်မှတ်ထားသည့် အဖွဲ့အစည်း အောက် မငယ်သောအဖွဲ့အစည်းကို ဖြစ်စေ၊ ကွပ်ကဲသည့်အရာရှိသည်၊ ထိုသို့ပျောက်ဆုံးခြင်း၊ သို့တည်း မဟုတ် ခိုးယူခြင်း၏ အကြောင်းခြင်းရာများနှင့်စပ်လျဉ်း၍၊ မိမိ၏ ထင်မြင်ယူဆချက်ကို ရေးမှတ်ရမည့် ပြင်၊ ထိုသို့ပျောက်ဆုံးသော၊ သို့တည်းမဟုတ် ခိုးယူခြင်းခံရသော၊ လက်နက်အသီးသီးအတွက် သော်လည်းကောင်း၊ လက်နက်တစ်ခု၏ အစိတ်အပိုင်းအသီးသီးအတွက်သော်လည်းကောင်း၊ ထိုတပ်ရှိ အရာခံဗိုလ်များ၊ အကြပ်များနှင့် တပ်သားများအား၊ သို့တည်းမဟုတ် ထိုသို့ဖြစ်ပျက်ခြင်းအတွက် တာဝန် ရှိသည်ဟု မိမိထင်မြင်ယူဆသောသူဟူသမျှအား၊ ထိုပျောက်ဆုံးသော၊ သို့တည်းမဟုတ် ခိုးယူခြင်းခံရသော၊ လက်နက် အသီးသီး၏၊ သို့တည်းမဟုတ် လက်နက်တစ်ခု၏ အစိတ်အပိုင်းအသီးသီး၏၊ ငွေစာရင်းဝန် (ကာကွယ်ရေး) က စစ်ဆေးပြီးဖြစ်သည့် တန်ဘိုးငွေထိ၊ စုပေါင်းငွေဒဏ်များ ချမှတ်နိုင်သည်။

အခန်း ၇။
အပိုင်း ၁။
အရာရှိမတုတ်သည့် သေဆုံးသူ၏ပစ္စည်း။

ပစ္စည်းကိုရယူထားခြင်း။

၁၈၆။ ။ တပ်မှူးသည်၊ ပုဒ်မ ၁၉၈ အရ မိမိရယူထားသော ပစ္စည်းကို လုံခြုံသည့်နေရာတွင် ထိန်းသိမ်းထားရမည်။

ပစ္စည်းစာရင်း။

၁၈၇။ ။ တပ်မှူးသည်၊ စခန်း၌ဖြစ်စေ၊ နေထိုင်ရာနေရာ၌ဖြစ်စေ၊ ကျန်ရှိနေသည့်၊ အကြောင်းတစ်ခုခုကြောင့် မရယူနိုင်သော၊ သေဆုံးသူ၏ ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းစာရင်းတစ်ခုကို ပြုလုပ်ရမည်။ ထိုပစ္စည်းနှင့်စပ်လျဉ်း၍၊ လုံလောက်သောအသေးစိတ်အချက်အလက်များနှင့် ခန့်မှန်းခြေတန်ဖိုးအပြင်၊ ထိုပစ္စည်းကို မရယူနိုင်ခြင်းအတွက် အကြောင်းပြချက်များကိုပါ ဖော်ပြရမည်။

ပစ္စည်းကိုရယူထားခြင်းနှင့် ပစ္စည်းစာရင်းပြုလုပ်ခြင်းတို့နှင့် စပ်လျဉ်းသည့် ခြွင်းချက်များ။

၁၈၈။ ။ အက်ဥပဒေအရ ပြန်လည်ရယူနိုင်သော ကြွေးမြီများနှင့် စရိတ်စကများပေးဆပ်ခြင်းကို၊ ကိုယ်စားဆောင်ရွက်သူတစ်ဦးကသော်လည်းကောင်း၊ ပစ္စည်းဥစ္စာကို လက်ခံပိုင်ခွင့်ရှိသည်ဟု၊ သို့တည်းမဟုတ် စီမံခန့်ခွဲပိုင်ခွင့်ရှိသည်ဟု၊ တပ်မှူးက ထင်မြင်ယူဆသောသူတစ်ဦးကသော်လည်းကောင်း၊ ခံဝန်ပေးပြီးဖြစ်သောအခါ၌ သို့တည်းမဟုတ် ပြန်လည်ရယူရန် ကြွေးမြီများနှင့် စရိတ်စကများ မရှိသောအခါ၌ ထိုကိုယ်စားဆောင်ရွက်သူကဖြစ်စေ၊ ပစ္စည်းဥစ္စာကို လက်ခံပိုင်ခွင့်ရှိသည်ဟု၊ သို့တည်းမဟုတ် စီမံခန့်ခွဲပိုင်ခွင့်ရှိသည်ဟု၊ တပ်မှူးက ထင်မြင်ယူဆသောသူတစ်ဦးကဖြစ်စေ၊ တောင်းဆိုပါက၊ တပ်မှူးသည်၊ သေဆုံးသူ၏ ပစ္စည်းကို ရယူမထားဘဲ နေနိုင်သည့်ပြင်၊ ထိုပစ္စည်းစာရင်းကိုလည်း မပြုလုပ်ဘဲ နေနိုင်သည်။

လစာနှင့်စရိတ်များကို ထုတ်ယူခြင်း။

၁၈၉။ ။ (၁) တပ်မှူးသည်၊ သေဆုံးသူ ရထိုက်သော လစာနှင့်စရိတ်များကို၊ မိမိအားပေးရန်သော်လည်းကောင်း၊ မိမိက စီမံခန့်ခွဲပြီးသည်အထိ၊ ထိုလစာနှင့်စရိတ်များကို၊ မိမိကိုယ်စား ယူထားရန်သော်လည်းကောင်း၊ သက်ဆိုင်ရာ ငွေထုတ်ပေးသည့် အာဏာပိုင်အား တောင်းဆိုနိုင်သည်။

(၂) နည်းဥပဒေခွဲ (၁) အရ လစာနှင့်စရိတ်များကို၊ တပ်မှူးကိုယ်စား ယူထားရန် တောင်းဆိုထားသည့်အခါ၌ တပ်မှူးထံမှ၊ ထိုတောင်းဆိုချက်ကို၊ ရရှိပြီးနောက်၊ သက်ဆိုင်ရာ ငွေထုတ်ပေးသည့် အာဏာပိုင်သည်၊ သေဆုံးသူထံမှ အစိုးရက ရသင့်ရထိုက်သည့်ငွေအတွက်၊ ထိုလစာနှင့်စရိတ်များ

ထဲမှ ပြန်လည်ရယူခြင်းမပြုရ။

စခန်း၌ဖြစ်စေ၊ နေထိုင်ရာနေရာ၌ ဖြစ်စေ ရှိသည့်တပ်ကြေးမြီများနှင့် အခြားကြေးမြီများကို စာရင်းပြုလုပ်ခြင်း။

၁၉၀။ ။ တပ်မှူးသည်၊ စခန်း၌ဖြစ်စေ၊ နေထိုင်ရာနေရာ၌ဖြစ်စေ၊ ရှိသည့်၊ သေဆုံးသူ၏ တပ်ကြေးမြီနှင့် အခြားကြေးမြီအားလုံးကိုစုံစမ်း၍၊ မှန်မမှန်စစ်ဆေးပြီးနောက်၊ စာရင်းပြုလုပ်ရမည့်ပြင်၊ ထိုကြေးမြီများ ပေးဆပ်ခြင်းအတွက် စီမံလျှာထားခြင်းမပြုမီ၊ ထိုကြေးမြီများနှင့် စပ်လျဉ်း၍ သံသယရှိမှုကိုသော်လည်းကောင်း၊ ကွဲလွဲမှုကိုသော်လည်းကောင်း၊ ဖြေရှင်းရမည်။

မသာစရိတ်စကများ။

၁၉၁။ ။ အက်ဥပဒေကို လိုက်နာရသူတစ်ဦးဦး၏၊ အမှန်စင်စစ်ကုန်ကျ၍ လိုအပ်သော မသာစရိတ်စကများကို၊ ပြည်ထောင်စုနိုင်ငံအစိုးရ၏ အမိန့်အာဏာအရ အခါအားလျော်စွာ ထုတ်သည့်သက်ဆိုင်ရာစည်းမျဉ်းဥပဒေများတွင် ပြဋ္ဌာန်းထားသမျှအထိ၊ ပြည်ထောင်စုနိုင်ငံအစိုးရက ခံရမည်။

အက်ဥပဒေအရ ပြန်လည်ရယူနိုင်သော ကြေးမြီများနှင့် စရိတ်စကများကို ပေးဆပ်ခြင်း အတွက် ခံဝန်ပေးခြင်း။

၁၉၂။ ။ ပုဒ်မ ၁၉၈ ၏ ပုဒ်မခွဲ (၄) အရ ပေးရမည့် ခံဝန်သည်၊ နောက်ဆက်တွဲ ၆ ပါပုံစံ ၁ နှင့် ၂ တို့တွင် ဖော်ပြပါရှိသည့်အတိုင်း ခံဝန်စာချုပ်ဖြစ်ရမည်။ တပ်မှူးက လိုအပ်သည်ဟု ယူဆလျှင်၊ ထိုခံဝန်စာချုပ်တွင် ခံဝန်သူ တစ်ဦးပါရှိရမည်။

အက်ဥပဒေအရ ပြန်လည်ရယူနိုင်သော ကြေးမြီများနှင့် စရိတ်စကများကို ရယူခြင်း အတွက် အချိန်ကန့်သတ်ချက်။

၁၉၃။ ။ အက်ဥပဒေအရ ပြန်လည်ရယူနိုင်သော ကြေးမြီများနှင့် စရိတ်စကများကို၊ သေဆုံးသည့် နေ့ရက်မှသုံးလအတွင်း၊ ပုဒ်မ ၁၉၈၊ ပုဒ်မခွဲ (၄) အရ ကိုယ်စားဆောင်ရွက်သူတစ်ဦးကသော်လည်းကောင်း၊ ပုဒ်မ ၂၀၅ အရ လက်ခံပိုင်ခွင့်၊ သို့တည်းမဟုတ် စီမံခန့်ခွဲပိုင်ခွင့်ရှိသည်ဟု၊ သတ်မှတ်ထားသူက ထင်မြင်ယူဆသော အခြားသူကသော်လည်းကောင်း၊ မပေးဆပ်လျှင်၊ သို့တည်းမဟုတ် ခံဝန်မပေးလျှင်၊ တပ်မှူးကိုယ်တိုင်က၊ ထိုကြေးမြီများနှင့် စရိတ်စကများကို ပေးဆပ်ခြင်းအတွက် စီမံလျှာထားရန် ဆက်လက်ဆောင်ရွက်ရမည်။

ငွေများကို ထိန်းသိမ်းရေး။

၁၉၄။ ။ တောင်းခံပြီးသော မည်သည့်လက်ငင်းငွေကိုမဆို၊ သို့တည်းမဟုတ် ပစ္စည်းကို ရောင်းခြင်းဖြင့်ဖြစ်စေ၊ ငွေအဖြစ်သို့ ပြောင်းလဲခြင်းဖြင့်ဖြစ်စေထုခွဲ၍ ရယူသော၊ သို့တည်းမဟုတ် ဘဏ်တစ်ခုခုမှ ရရှိသော၊ မည်သည့်

ငွေများကိုမဆို၊ ဖြစ်နိုင်လျှင်၊ နယ်ဘက်ငွေတိုက်၌ အပ်နှံရမည်၊ သို့တည်းမဟုတ် အနီးဆုံးရှိ နိုင်ငံတော်ကူးသန်းရောင်းဝယ်ရေးဘဏ်ခွဲ၌၊ တရင်းရှင်တစ်ရပ်တွင် တပ်မှူး၏ ရငွေအဖြစ်ဖြင့် သွင်းထားရမည်။ မဖြစ်နိုင်ပါက၊ တပ်ငွေသေတ္တာထဲတွင်သော်လည်းကောင်း၊ တပ်ဆောင် ငွေစာရင်းတွင်သော်လည်းကောင်း၊ ထည့်သွင်းထားရမည်။

ပစ္စည်းတစ်ခုခုကို ရောင်းခြင်းမပြုဘဲ၊ သို့တည်းမဟုတ် ငွေအဖြစ်သို့ ပြောင်းလဲခြင်း မပြုဘဲထားခြင်း။

၁၉၅။ (၁) သေဆုံးသူ၏ ပစ္စည်းတစ်စိတ်တစ်ဒေသကို ရောင်းခြင်း၊ သို့တည်းမဟုတ် ငွေအဖြစ်သို့ ပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍ဖြစ်စေ၊ ပစ္စည်းတစ်စိတ်တစ်ဒေသကိုရောင်းခြင်းမှ၊ သို့တည်းမဟုတ် ငွေအဖြစ်သို့ ပြောင်းလဲခြင်းမှ ဆိုင်းထားခြင်းနှင့်စပ်လျဉ်း၍ဖြစ်စေ၊ ကိုယ်စားဆောင်ရွက်သူတစ်ဦးကသော်လည်းကောင်း၊ ပုဒ်မ ၂၀၅ အရ၊ လက်ခံပိုင်ခွင့်၊ သို့တည်းမဟုတ် စီမံခန့်ခွဲပိုင်ခွင့်ရှိသည်ဟု သတ်မှတ်ထားသူက ထင်မြင်ယူဆသောသူတစ်ဦးကသော်လည်းကောင်း၊ မိမိ၏ အလိုဆန္ဒများကို အကြောင်းကြားခွင့်ရရှိသည့်အချိန်အထိ၊ တပ်မှူးသည်၊ သင့်တော်မည်ထင်လျှင်၊ သေဆုံးသူ၏ ပစ္စည်းရောင်းခြင်းကို၊ သို့တည်းမဟုတ် ငွေအဖြစ်သို့ ပြောင်းလဲခြင်းကို ရွှေ့ဆိုင်းနိုင်သည်။

(၂) တပ်မှူးသည်၊ ကိုယ်စားဆောင်ရွက်သူတစ်ဦး၏၊ သို့တည်းမဟုတ် ပုဒ်မ ၂၀၅ အရ လက်ခံပိုင်ခွင့်၊ သို့တည်းမဟုတ် စီမံခန့်ခွဲပိုင်ခွင့်ရှိသည်ဟု၊ သတ်မှတ်ထားသူက ထင်မြင်ယူဆသောသူတစ်ဦး၏ အလိုဆန္ဒများအတိုင်း လိုက်နာဆောင်ရွက်နိုင်သည်။ သို့သော်လည်းတင်ရှိနေသည့် ကြွေးမြီပေးဆပ်ရန်၊ သေဆုံးသူ၏ ပစ္စည်းဥစ္စာ မလုံလောက်ခြင်းကြောင့်ဖြစ်စေ၊ အခြားအလားတူ အကြောင်းကြောင့်ဖြစ်စေ၊ ထိုအလိုဆန္ဒတစ်ခုခုသည်၊ ယုတ္တိမတန်ဟု၊ တပ်မှူးက ထင်မြင်ယူဆလျှင်၊ တပ်မှူးသည်၊ လိုက်နာဆောင်ရွက်ရန် ငြင်းပယ်နိုင်သည်။

ရောင်းနည်း။

၁၉၆။ လေလံတင်ရောင်းခြင်းဖြင့်ဖြစ်စေ၊ လေလံမတင်ဘဲ ရောင်းခြင်းဖြင့်ဖြစ်စေ၊ အကျိုးခံစားခွင့် အများဆုံးရရှိမည့် နည်းလမ်းအတိုင်း၊ ရောင်းရမည့်ပစ္စည်းကို စီမံခန့်ခွဲရမည်။ ပစ္စည်းကိုလေလံတင်ရောင်းချသောအခါ၊ တပ်မှူး၏ ကိုယ်စား၊ ဆောင်ရွက်သူတစ်ဦးက လေလံတင်ရောင်းချသည့်နေရာ၌ ရောက်ရှိနေရမည့်ပြင်၊ မှန်ကန်ကြောင်း သက်သေခံလက်မှတ်ထိုးထားသော ပစ္စည်းရောင်းခြင်းနှင့် စပ်လျဉ်းသည့် အကြောင်းအရာဖော်ပြချက်တစ်စောင်ကို၊ တပ်မှူးအား ပေးအပ်ရမည်။

ကိုယ်ပိုင်သေနတ်များနှင့် ခဲယမ်းမီးကျောက်ကို စီမံခန့်ခွဲခြင်း။

၁၉၇။ သေဆုံးသူ၏ ပစ္စည်းတစ်စိတ်တစ်ဒေသဖြစ်သည့် ကိုယ်ပိုင်သေနတ်များနှင့် ခဲယမ်းမီးကျောက်ကို၊ ကိုယ်စားဆောင်ရွက်သူတစ်ဦးအား၊ သို့တည်းမဟုတ် ပုဒ်မ ၂၀၄ အရ ပစ္စည်းကိုသော်လည်းကောင်း၊ ပို့လွှဲနေသော

ပစ္စည်းကိုသော်လည်းကောင်း၊ ပေးအပ်ခြင်းခံရသူအား၊ သို့တည်းမဟုတ် ထိုသေနတ်များနှင့် ခဲယမ်းမီးကျောက်ကို လက်ရှိထားရန်၊ နည်းလမ်းတကျ လိုင်စင်မရရှိသည့် ဝယ်သူတစ်ဦးအား၊ သို့တည်းမဟုတ် လိုင်စင်မရှိဘဲ၊ ထိုသေနတ်များနှင့် ခဲယမ်းမီးကျောက်ကို လက်ရှိထားခွင့်မရသည့် ဝယ်သူတစ်ဦးအား မပေးအပ်ရ။ ထိုသေနတ်များနှင့် ခဲယမ်းမီးကျောက်ကို၊ ထိုသို့မပေးအပ်သောအခါ၊ အနီးဆုံးရှိ ရဲဌာနသို့သော်လည်းကောင်း၊ သက်ဆိုင်ရာ ခရိုင်ရာဇဝတ် တရားသူကြီး၏ အခွင့်အမိန့်အရ လိုင်စင်ရှိသော လက်နက် ခဲယမ်းမီးကျောက် ရောင်းဝယ်သူတစ်ဦးထံ၌ သော်လည်းကောင်း၊ အပ်နှံရမည်။

သင်္ဂဟအဆောင်အယောင်များ၊ ဘွဲ့များနှင့် တံဆိပ်များကို စီမံခန့်ခွဲခြင်း။

၁၉၈။ (၁) သေဆုံးသူ၏ ဘွဲ့များနှင့် တံဆိပ်များကို မသေဆုံးမီ ထုတ်ပေးသည်ဖြစ်စေ၊ သေဆုံးပြီးနောက်မှ ထုတ်ပေးသည်ဖြစ်စေ၊ အက်ဥပဒေအရ ပြန်လည်ရယူနိုင်သော ကြေးပြားများနှင့် စရိတ်စကများကို ပေးဆပ်ရန်ကိစ္စအတွက်၊ မရောင်းရ၊ သို့တည်းမဟုတ် ပုဒ်မ ၂၀၂ အရ အမွေထိန်းမင်းကြီးထံ၊ စီမံခန့်ခွဲရေးအတွက်၊ ပစ္စည်းဥစ္စာတစ်ရပ်ကိုပေးအပ်သောအခါ၊ ထိုတံဆိပ်များကို အမွေထိန်းမင်းကြီးအား မပေးအပ်ရ။

(၂) တံဆိပ်များကို တပ်မှူးက ရယူထားသောအခါ၊ ထိုတံဆိပ်များကို အောက်ပါအတိုင်း စီမံခန့်ခွဲရမည်။

(က) သေဆုံးသူသည်၊ မိမိ၏သေတမ်းစာတွင်သော်လည်းကောင်း၊ အခြားနည်းဖြင့်သော်လည်းကောင်း၊ ထိုတံဆိပ်များကို ထုခွဲရေးနှင့်စပ်လျဉ်း၍ ညွှန်ကြားချက်များ ထားခဲ့လျှင်၊ ထိုညွှန်ကြားချက်များအတိုင်း စီမံခန့်ခွဲရမည်။

(ခ) သေဆုံးသူသည်၊ ညွှန်ကြားချက်များကို မထားခဲ့လျှင်၊ သို့တည်းမဟုတ် သေဆုံးသူသည်၊ တရားဥပဒေအရ ညွှန်ကြားချက်များကို မပြုလုပ်နိုင်လျှင်၊ သေဆုံးသူနှင့်သက်ဆိုင်သည့် တရားဥပဒေနှင့်အညီ ရထိုက်သူထံ ထိုတံဆိပ်များကို ပို့ရမည်။

(ဂ) တံဆိပ်များကို အထက်ပါအတိုင်း စီမံခန့်ခွဲခြင်းမပြုနိုင်လျှင်၊ ဆွေမျိုးတစ်ဦးဦးထံ၊ သို့တည်းမဟုတ် သေဆုံးသူအား မှတ်မိသတိရဖွယ်တစ်ရပ် အဖြစ်ဖြင့်၊ ထိုတံဆိပ်များကို အလေးဂရုပြု၍ ထိန်းသိမ်းထားလိမ့်မည်ဟု သတ်မှတ်ထားသူက ထင်မြင်ယူဆသော အခြားသူငါ၊ ထိုတံဆိပ်များကို ပို့ရမည်။

(၃) သင်္ဂဟ အဆောင်အယောင်များနှင့် ဘွဲ့များကိုလည်း၊ ၎င်းတို့နှင့်ဆိုင်ရာ နည်းဥပဒေများနှင့် စည်းကမ်းချက်များက အခြားနည်း ပြဋ္ဌာန်းထားသည့်အခါမှတစ်ပါး၊ အထက်တွင်ဆိုခဲ့သည့် နည်းလမ်းအတိုင်း၊ စီမံခန့်ခွဲရမည်။

၁၉၉။ ။ သေဆုံးသူ၏ ပစ္စည်းဥစ္စာတစ်ရပ်ကို စီမံခန့်ခွဲခြင်းနှင့် စပ်လျဉ်း၍၊ တပ်မှူးသည်၊ လိုအပ်သော စရိတ်စကများနှင့် ယုတ္တိတန်သော စရိတ်စကများကိုသာ ကျခံရမည်။

စီမံခန့်ခွဲရေးစရိတ်စကများ။

အပိုင်း ၂။

သေဆုံးသည့်အရာရှိများ၏ ပစ္စည်း။

၂၀၀။ ။ အထက်နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များသည်၊ အောက်ပါပြောင်းလဲပြင်ဆင်ချက်များဖြင့်၊ အက်ဥပဒေကို လိုက်နာရသော၊ သေဆုံးသည့် အရာရှိများ၏ ပစ္စည်းနှင့်လည်း သက်ဆိုင်စေရမည်။

သေဆုံးသည့် အရာရှိများ၏ပစ္စည်း။

(က) တပ်မှူးဟု ရည်ညွှန်းခြင်းများသည်၊ ဤနည်းဥပဒေများ၌ နောက်တွင်ပြဋ္ဌာန်းထားသည့် နည်းလမ်းအတိုင်း၊ ဤကိစ္စအလို့ငှာ ဖွဲ့စည်းသည့်၊ စီမံခန့်ခွဲရေးကော်မတီ၊ သို့တည်းမဟုတ် အမြဲတမ်းစီမံခန့်ခွဲရေးကော်မတီ၊ သက်ဆိုင်ရာရာကို၊ ရည်ညွှန်းခြင်းများဖြစ်သည်ဟု အဓိပ္ပာယ်ကောက်ယူရမည်။

(ခ) နည်းဥပဒေ ၁၉၂ နှင့် ၁၉၃ တို့တွင်၊ ပုဒ်မ ၁၉၈ ၏ ပုဒ်မခွဲ (၄) ကို ရည်ညွှန်းခြင်းများသည်၊ ပုဒ်မ ၁၉၉ ကို ရည်ညွှန်းခြင်းများဖြစ်သည်ဟု အဓိပ္ပာယ်ကောက်ယူရမည်။

၂၀၁။ ။ (၁) စီမံခန့်ခွဲရေးကော်မတီတစ်ခုတွင် အရာရှိ သုံးဦးပါဝင်စေရမည်။ ဖြစ်နိုင်လျှင်၊ ဥက္ကဋ္ဌသည်၊ စစ်မြေပြင်အရာရှိ၏ အဆင့်အောက်မနိမ့်သော အရာရှိဖြစ်စေရမည်။

စီမံခန့်ခွဲရေးကော်မတီ။

(၂) စီမံခန့်ခွဲရေးကော်မတီတစ်ခုကို၊ အောက်ပါအရာရှိများက ဖွဲ့စည်းရမည်။

(က) သေဆုံးသူသည်၊ မိမိ၏တပ်အဖွဲ့၊ ဌာန၊ ခွဲထုတ်တပ်၊ သို့တည်းမဟုတ် တပ်တွင် အမှုထမ်းရွက်နေခဲ့လျှင်၊ ထိုတပ်အဖွဲ့ ဌာန၊ ခွဲထုတ်တပ်၊ သို့တည်းမဟုတ် တပ်၏၊ စစ်မြေပြင်အရာရှိအဆင့် အောက်မနိမ့်သော တပ်မှူး၊ တပ်မှူးသည် စစ်မြေပြင်အရာရှိ အဆင့်အောက်နိမ့်သော အရာရှိဖြစ်လျှင်၊ ကြည်းတပ်အတွက်ဖြစ်ပါက၊ တပ်မဟာအောက်မငယ်သော အဖွဲ့အစည်းကိုဖြစ်စေ၊ ရေတပ်၊ သို့တည်းမဟုတ် လေတပ်အတွက်ဖြစ်ပါက၊ တပ်မဟာ (ကြည်းတပ်) နှင့် တူညီသည်ဟု သတ်မှတ်ထားသောအဖွဲ့အစည်းအောက်မငယ်သော အဖွဲ့အစည်းကိုဖြစ်စေ၊ ကွပ်ကဲသည့်အရာရှိ။

(ခ) ပင်လယ်ပြင်တွင်သေဆုံးလျှင်၊ သင်္ဘောပေါ်ရှိ စစ်သည်စုများကို ကွပ်ကဲသည့် အရာရှိ။

(ဂ) အခြားကိစ္စအားလုံးတွင်၊ ကြည်းတပ်အတွက်ဖြစ်ပါက၊ တပ်မဟာအောက် မငယ်သော အဖွဲ့အစည်းကိုဖြစ်စေ၊ ရေတပ်၊ သို့တည်းမဟုတ် လေတပ် အတွက် ဖြစ်ပါက၊ တပ်မဟာ (ကြည်းတပ်) နှင့်တူညီသည်ဟု သတ်မှတ် ထားသည့် အဖွဲ့အစည်းအောက်မငယ်သော အဖွဲ့အစည်းကိုဖြစ်စေ ကွပ်ကဲ သည့်အရာရှိ။

(၃) ကော်မတီကို သင်္ဘောပေါ်တွင် မဖွဲ့စည်းနိုင်သောအခါ၊ ထိုသင်္ဘောခရီးလမ်းဆုံး သို့ရောက်ပြီးနောက်၊ ဆောလျင်နိုင်သမျှ ဆောလျင်စွာ၊ နည်းဥပဒေခွဲ (၂) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကော်မတီကို ဖွဲ့စည်းရမည်။

(၄) ကော်မတီကိုဖွဲ့စည်းရန်၊ နည်းဥပဒေခွဲ (၂)၊ သို့တည်းမဟုတ် နည်းဥပဒေခွဲ (၃) ဖြင့် အာဏာအပ်နှင်းခြင်းခံရသောအရာရှိသည်၊ အကြောင်းတစ်ခုခုကြောင့်၊ ကော်မတီမဖွဲ့စည်းနိုင်လျှင်၊ အထက်အာဏာပိုင်ထံ လျှောက်ထားရမည်။

အမြဲတမ်းစီမံခန့်ခွဲရေးကော်မတီ။

၂၀၂။ ။ (၁) အမြဲတမ်းစီမံခန့်ခွဲရေးကော်မတီတွင် အရာရှိသုံးဦးပါဝင်စေရမည်။ ဖြစ်နိုင်လျှင်၊ ဥက္ကဋ္ဌသည်၊ စစ်မြေပြင်အရာရှိအောက်အဆင့်မနိမ့်သော အရာရှိ ဖြစ်စေရမည်။

(၂) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်[၂၂] ၏ အမိန့်အရသော်လည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်[၂၃] က၊ ဤကိစ္စအလို့ငှာ၊ အာဏာအပ်နှင်းထားသော အခြားအရာရှိ၏ အမိန့်အရသော်လည်းကောင်း၊ အမြဲတမ်းစီမံခန့်ခွဲရေးကော်မတီကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်[၂၄] က ဖြစ်စေ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်[၂၅] က၊ ဤကိစ္စအလို့ငှာ၊ အာဏာအပ်နှင်းထားသော အရာရှိ

၂၂။ တပ်မတော်နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ (၁၀. ၅. ၈၉ ရက်စွဲပါ န. ဝ. တ ဥပဒေ အမှတ် ၃/၈၉) ဖြင့်ပြင်ဆင်သည်။
(မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း -၁၊ ၁၉၈၉ ခုနှစ်၊ ဇွန်လ (၂) ရက်၊ စာမျက်နှာ - ၂၃၃။)

၂၃။ တပ်မတော်နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ (၁၀. ၅. ၈၉ ရက်စွဲပါ န. ဝ. တ ဥပဒေ အမှတ် ၃/၈၉) ဖြင့်ပြင်ဆင်သည်။
(မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း -၁၊ ၁၉၈၉ ခုနှစ်၊ ဇွန်လ (၂) ရက်၊ စာမျက်နှာ - ၂၃၃။)

၂၄။ တပ်မတော်နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ (၁၀. ၅. ၈၉ ရက်စွဲပါ န. ဝ. တ ဥပဒေ အမှတ် ၃/၈၉) ဖြင့်ပြင်ဆင်သည်။
(မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း -၁၊ ၁၉၈၉ ခုနှစ်၊ ဇွန်လ (၂) ရက်၊ စာမျက်နှာ - ၂၃၃။)

၂၅။ တပ်မတော်နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ (၁၀. ၅. ၈၉ ရက်စွဲပါ န. ဝ. တ ဥပဒေ အမှတ် ၃/၈၉) ဖြင့်ပြင်ဆင်သည်။
(မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း -၁၊ ၁၉၈၉ ခုနှစ်၊ ဇွန်လ (၂) ရက်၊ စာမျက်နှာ - ၂၃၃။)

ကဖြစ်စေ သင့်လျော်မည်ထင်သည့် အချိန်နှင့်နေရာတွင် ဖွဲ့စည်းရမည်။

(၃) အမြဲတမ်းစီမံခန့်ခွဲရေးကော်မတီကို၊ မည်သည့်အချိန်အခါ၌မဆို၊ ဖွဲ့စည်းသည့် အာဏာပိုင်က ဖျက်သိမ်းနိုင်သည်။

အမြဲတမ်းစီမံခန့်ခွဲရေး ကော်မတီကို ဖွဲ့စည်းထားသောအခါ ကော်မတီများ ဖွဲ့စည်းခြင်း။

၂၀၃။ ။ အမြဲတမ်းစီမံခန့်ခွဲရေး ကော်မတီကို ဖွဲ့စည်းထားသမျှ ကာလပတ်လုံး၊ စီမံခန့်ခွဲရေး ကော်မတီကို မဖွဲ့စည်းရ။ ထို့ပြင် အမြဲတမ်းစီမံခန့်ခွဲရေးကော်မတီကို ဖွဲ့စည်းထားသည့် ကာလအပိုင်းအခြား အတွင်း၊ ဤနည်းဥပဒေများတွင်၊ ကော်မတီကို ရည်ညွှန်းခြင်းအားလုံးသည်၊ အမြဲတမ်းစီမံခန့်ခွဲရေး ကော်မတီကို ရည်ညွှန်းသည်ဟု အဓိပ္ပာယ်ကောက်ယူရမည်။

အပိုင်း ၃။

တစ်မှထွက်ပြေးသော၊ သို့တည်းမဟုတ် ရူးသွပ်ခြင်းမှန်ကန်ကြောင်း စုံစမ်းသိရှိရသော၊ သို့တည်းမဟုတ် တန်းပြည့်စစ်မှုထမ်းချိန်တွင် ပျောက်ဆုံးနေပြီဟု ဆိုင်ရာအာဏာပိုင်က အကြောင်းကြားခြင်းခံရသော၊ အက်ဥပဒေကို လိုက်နာရသူများ၏ ပစ္စည်း။

စစ်ပြေးများ၏ပစ္စည်း။

၂၀၄။ ။ နည်းဥပဒေ ၁၈၈၊ ၁၉၁၊ ၁၉၂၊ ၁၉၃ နှင့် ၁၉၅ မှတစ်ပါး၊ အထက်နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များသည်၊ အောက်ပါပြောင်းလဲပြင်ဆင်ချက်များဖြင့်၊ အက်ဥပဒေကို လိုက်နာရသော စစ်ပြေးတစ်ဦး၏ ပစ္စည်းနှင့် သက်ဆိုင်စေရမည်။

(က) ဝယ်သူကိုသာ၊ ကိုယ်ပိုင်သေနတ်များနှင့် ခဲယမ်းမီးကျောက်ကို ပေးအပ်ရမည်။

(ခ) စစ်ပြေး၏ သင်္ဂဟအတွက် အဆောင်အယောင်များ၊ ဘွဲ့များနှင့် တံဆိပ်များကို၊ ရယူခဲ့လျှင်၊ ပြည်ထောင်စု နိုင်ငံအစိုးရ၏ သက်ဆိုင်ရာ စည်းမျဉ်းဥပဒေများနှင့်အညီ သော်လည်းကောင်း၊ အမိန့်များနှင့်အညီသော်လည်းကောင်း၊ တုံ့ခွဲခြင်းအတွက် စစ်ရေးချုပ်ထံပို့ရမည်။

ရူးသွပ်သူများ၏ ပစ္စည်း။

၂၀၅။ ။ နည်းဥပဒေ ၁၉၁ နှင့် ၂၀၄ မှတစ်ပါး၊ အထက်နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များသည်၊ အောက်ပါပြောင်းလဲပြင်ဆင်ချက်များဖြင့်၊ သေဆုံးသူတစ်ဦး၏ ပစ္စည်းနှင့်သက်ဆိုင်သကဲ့သို့၊ ဤနည်းဥပဒေများ၌ နောက်တွင် ပြဋ္ဌာန်းထားသည့်နည်းလမ်းအတိုင်း ရူးသွပ်ခြင်း မှန်ကန်ကြောင်း စုံစမ်းသိရှိရသော၊ အက်ဥပဒေကို လိုက်နာရသူတစ်ဦး၏ ပစ္စည်းနှင့်သက်ဆိုင်စေရမည်။

ဖြစ်နိုင်သည့် အခါတိုင်းတွင်၊ ထိုသူအား စစ်မှုထမ်းရွက်ဆဲ စာရင်းမှ နုတ်ပယ်လိုက်သည့်အထိ၊ သို့တည်းမဟုတ် စစ်မှုထမ်းခြင်းမှ ထွက်ခွင့်ပေးလိုက်သည်အထိ၊ ထိုသူ၏ပစ္စည်းရောင်းခြင်းကို သော်လည်းကောင်း၊ ငွေအဖြစ်သို့ပြောင်းလဲခြင်းကိုသော်လည်းကောင်း၊ ရွှေ့ဆိုင်းထားနိုင်သည်။

ပျောက်ဆုံးနေသူများ၏ ပစ္စည်း။

၂၀၆။ ။ နည်းဥပဒေ ၁၉၁၊ ၂၀၄ နှင့် ၂၀၅ မှတစ်ပါး၊ အထက် နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များသည်၊ သေဆုံးသူတစ်ဦး၏ ပစ္စည်းနှင့်သက်ဆိုင်သကဲ့သို့၊ တန်းပြည့်စစ်မှုထမ်းချိန်တွင် ပျောက်ဆုံးနေပြီးဟု၊ ဆိုင်ရာအာဏာပိုင်က အကြောင်းကြားခြင်းခံရသော၊ အက်ဥပဒေ ကို လိုက်နာရသူတစ်ဦး၏ ပစ္စည်းနှင့် သက်ဆိုင်စေရမည်။ သို့ရာတွင် ထိုသူသေဆုံးပြီဟု ဆိုင်ရာအာဏာပိုင်က မှတ်ယူခြင်းမပြုသေးသမျှ ၄င်း၏ပစ္စည်းကို ရယူခြင်း၊ ၄င်း၏လစာနှင့်စရိတ်များကို ထုတ်ယူခြင်း၊ ထို့ပြင် စခန်း၌ဖြစ်စေ၊ နေထိုင်ရာနေရာ၌ဖြစ်စေ၊ ရှိသည့် တပ်ကြွေးမြီများနှင့် အခြားကြွေးမြီများကို အမှန်သိရှိအောင် ပြုလုပ်ခြင်းမှတစ်ပါး၊ အခြားမည်သို့မျှ အရေး ယူဆောင်ရွက်ခြင်းမပြုရ။

အပိုင်း ၄။
အခြားပြဋ္ဌာန်းချက်များ။

ပုဒ်မ ၁၉၈ သို့တည်းမဟုတ် ပုဒ်မ ၁၉၉ အရ တပ်မှူးကသော်လည်းကောင်း၊ စီမံခန့်ခွဲရေးကော်မတီက သော်လည်းကောင်း ဝိုငွေကိုသတ်မှတ်ထားသောသူအားပေးခြင်း။

၂၀၇။ ။ (၁) ပစ္စည်းဥစ္စာတစ်ရပ်နှင့်စပ်လျဉ်းသည့်ဝိုငွေကို တပ်ဆောင်ငွေစာရင်းတွင် ထည့်သွင်းခြင်းဖြင့်ဖြစ်စေ၊ သေဆုံးသူ၏ လစာစာရင်းများထိန်းသိမ်းသည့် အရာရှိ၏ ရငွေအဖြစ်ဖြင့် နယ်ဘက်ငွေတိုက်တွင် အပ်နှံခြင်းဖြင့်ဖြစ်စေ သတ်မှတ်ထားသောသူအား ပေးရမည်။

(၂) ဝိုငွေကို၊ မိမိ၏ရငွေအဖြစ်ဖြင့် အပ်နှံထားခြင်းခံရသော အာဏာပိုင်သည်၊ တပ်ဆောင်ငွေစာရင်းရှင်းတမ်း၊ သို့တည်းမဟုတ် ငွေတိုက်ပြေစာ၊ သက်ဆိုင်ရာရာကို ရရှိသောအခါ၊ သတ်မှတ်ထားသောသူက စီမံခန့်ခွဲပြီးသည်အထိ၊ ထိုငွေကို လက်ရှိထားရမည်။

(၃) သတ်မှတ်ထားသောသူက စီမံခန့်ခွဲပြီးသည်အထိ၊ ငွေမပါဝင်သည့်၊ ဝိုလျှံသော ပစ္စည်းဥစ္စာကို၊ တပ်မှူး၊ သို့တည်းမဟုတ် ကော်မတီ၊ သက်ဆိုင်ရာရာက၊ လုံခြုံသောနေရာတွင်ထားရမည်။

ပုဒ်မ ၂၀၂ ပုဒ်မခွဲ (၄) အရ အမွေထိန်းမင်းကြီးက၊ သတ်မှတ်ထားသောသူအား ပိုင်ငွေကိုပေးခြင်း။

၂၀၈။ ။ အမွေထိန်းမင်းကြီးလက်ဝယ်ရှိသောပိုင်ငွေကို၊ နည်းဥပဒေ ၂၀၇ တွင် ပြဋ္ဌာန်းထားသည့် နည်းလမ်းအတိုင်း၊ သတ်မှတ်ထားသောသူအား ပေးအပ်ရမည်။

မည်သည့်ကိစ္စမျိုးတွင် အမွေထိန်းမင်းကြီးထံပစ္စည်းဥစ္စာကိုလွှဲအပ်ရခြင်း။

၂၀၉။ ။ ရင်းနှီးငွေတစ်ရပ်ရပ်၏၊ အခြေအနေကြောင့်၊ သို့တည်းမဟုတ် ပစ္စည်းနှင့်စပ်လျဉ်း၍ အရေးယူရန် သော်လည်းကောင်း၊ တရားမှုစွဲဆိုရန် သော်လည်းကောင်း၊ လိုအပ်သည်ဖြစ်သောကြောင့်၊ ပစ္စည်းတစ်ရပ်ရပ်ကို တောင်းယူရာ၌သော်လည်းကောင်း၊ တောင်းယူခြင်းနှင့်စပ်လျဉ်း၍ သော်လည်းကောင်း၊ ထုခွဲ၍ ရယူရာ၌သော်လည်းကောင်း၊ ထုခွဲ၍ရယူခြင်းနှင့်စပ်လျဉ်း၍ သော်လည်းကောင်း၊ အတော်အတန်ခက်ခဲမှုဖြစ်စေ၊ ကြန့်ကြာမှုဖြစ်စေ၊ ပေါ်ပေါက်နိုင်သည်ဟု ထင်မြင်ရလျှင်၊ သို့တည်းမဟုတ် အမွေထိန်းမင်းကြီးထံ လွှဲအပ်သင့်သည်ဟု၊ နိုင်ငံတော်သမ္မတအား ထင်မြင်ယူဆစေသည့်၊ ထိုပစ္စည်းနှင့်စပ်လျဉ်း၍၊ ထူးခြားသော အခြေအနေတစ်ခုခုရှိလျှင်၊ စစ်ပြေးတစ်ဦးမဟုတ်သည့်၊ အက်ဥပဒေအရ အရေးယူခြင်းခံထိုက်သော သူတစ်ဦး၏ ပစ္စည်းဥစ္စာကို၊ ထိုပစ္စည်းဥစ္စာနှင့်စပ်လျဉ်း၍ စီရင်ပိုင်ခွင့်အာဏာရှိသည့် အမွေထိန်းမင်းကြီးထံ လွှဲအပ်ရမည်ဟု၊ နိုင်ငံတော်သမ္မတက ညွှန်ကြားနိုင်သည်။

ပုဒ်မ ၂၀၃၊ အပိုဒ် (ခ) အရ ဖြစ်သော နို့တစ်စာပုံစံ။

၂၁၀။ ။ (၁) ပုဒ်မ ၂၀၃၊ အပိုဒ် (ခ) အရ ထုတ်ပြန်ကြေညာရမည့် နို့တစ်စာသည်၊ အခြေအနေအရ လိုအပ်သည့် ပြောင်းလဲပြင်ဆင်ခြင်းများဖြင့်၊ နောက်ဆက်တွဲ (၆) တွင်ဖော်ပြထားသည့် ပုံစံ ၃ အတိုင်း ဖြစ်စေရမည်။

(၂) ထိုနို့တစ်စာကို အစိုးရပြန်တမ်းတွင် ထုတ်ပြန်ကြေညာရမည်။ သတ်မှတ်ထားသောသူက လိုအပ်သည်ဟု ယူဆလျှင်၊ မိမိရွေးချယ်သော သတင်းစာနှစ်စောင်တွင်လည်း၊ ထိုနို့တစ်စာကို တစ်နှစ်လျှင် တစ်ကြိမ်ကျ ထုတ်ပြန်ကြေညာနိုင်သည်။

ပုဒ်မ ၂၀၄အရ ပစ္စည်း၊ သို့တည်းမဟုတ် ပိုင်ငွေကို ပေးအပ်ခြင်း။

၂၁၁။ ။ ပုဒ်မ ၂၀၄ အရ ပစ္စည်း၊ သို့တည်းမဟုတ် ပိုင်ငွေကို၊ မည်သူအား ပေးအပ်မည်ဟု၊ သို့တည်းမဟုတ် ပေးမည်ဟု၊ ဆုံးဖြတ်သောအခါ၊ သတ်မှတ်ထားသောသူသည်၊ စီမံခန့်ခွဲခြင်းခံရသော ပစ္စည်း၏ပိုင်ရှင်ဖြစ်သောသူနှင့် သက်ဆိုင်သည့်၊ အမွေဆက်ခံရေးတရားဥပဒေ၊ သို့တည်းမဟုတ် အမွေဆက်ခံရေးထုံးတမ်း၊ ထို့ပြင် ဤကိစ္စနှင့်စပ်လျဉ်း၍၊ ထိုသူ၏အလိုဆန္ဒများရှိခဲ့လျှင်၊ ထိုအလိုဆန္ဒများကိုပါ၊ ထည့်သွင်းစဉ်းစားရမည်။

ကိုယ်စားဆောင်ရွက်သူ၊ သို့တည်းမဟုတ် အခြားသူတစ်ဦးအားပစ္စည်း၊ သို့တည်းမဟုတ် ငွေကို ပေးအပ်နည်း။

၂၀၂။ ။ ပုဒ်မ ၁၉၈၊ ပုဒ်မ ၁၉၉၊ သို့တည်းမဟုတ် ပုဒ်မ ၂၀၃ အရ ကိုယ်စားဆောင်ရွက်သူအား၊ သို့တည်းမဟုတ် ပုဒ်မ ၂၀၅ အရ အခြားသူတစ်ဦးဦးအား ပေးအပ်ရန်ပစ္စည်းနှင့် ပေးရန်ငွေကို၊ ထိုသူကိုယ်တိုင်ကို ပေးအပ်နိုင်သည်။ သို့တည်းမဟုတ် ပြည်ထောင်စုနိုင်ငံအစိုးရ၏ သက်ဆိုင်ရာ စည်းမျဉ်းဥပဒေများတွင် ဤကိစ္စနှင့်စပ်လျဉ်း၍ သီးခြားဖော်ပြ ထားသော စည်းကမ်းနည်းလမ်းနှင့်အညီ၊ နောက်ဆုံးသိရှိရသော၊ ထိုသူ၏လိပ်စာအတိုင်း ပစ္စည်းနှင့်ငွေကို ပေးပို့နိုင်သည်။

သူတစ်ဦးအမှန် ရှူးသွပ်သည်ဟု စုံစမ်းသိရှိနိုင်သော နည်းလမ်း။

၂၀၃ ။ ။ အက်ဥပဒေ၏ ကိစ္စများအလို့ငှာ၊ အက်ဥပဒေကို လိုက်နာရသူတစ်ဦး အမှန်ရူးသွပ်သည်ဟု၊ စုံစမ်းသိရှိနိုင်သောနည်းလမ်းသည်၊ ပြည်ထောင်စုနိုင်ငံအစိုးရ၏ သက်ဆိုင်ရာစည်းမျဉ်းဥပဒေများတွင်၊ ဤကိစ္စနှင့်စပ်လျဉ်း၍၊ သီးခြားဖော်ပြထားသည့် စည်းကမ်းနည်းလမ်းနှင့်အညီ၊ ဆေးစစ်အဖွဲ့က ချမှတ်သည့်ဆုံးဖြတ်ချက်ဖြင့် ဖြစ်ရမည်။

အစီရင်ခံစာများ။

၂၀၄။ ။ (၁) တပ်မှူးသည်၊ သို့တည်းမဟုတ် စီမံခန့်ခွဲရေးကော်မတီသည်၊ မိမိအား၊ အက်ဥပဒေနှင့် ဤနည်းဥပဒေများက၊အာဏာအပ်နှင်းထားသည့်အတိုင်း၊ ပစ္စည်းဥစ္စာတစ်ရပ်နှင့်စပ်လျဉ်း၍၊ စီမံခန့်ခွဲခြင်းကို ဆောင်ရွက်ပြီးသောအခါ၊ သတ်မှတ်ထားသောသူထံ၊ ထိုစီမံခန့်ခွဲခြင်းနှင့် စပ်လျဉ်း၍ အသေးစိတ် အစီရင်ခံစာတစ်စောင်ကို၊ စီမံခန့်ခွဲပြီးနောက်၊ ဆောလျင်နိုင်သမျှ ဆောလျင်စွာပို့ရမည်။

(၂) အက်ဥပဒေအရ ပစ္စည်းဥစ္စာတစ်ရပ်ကို အမွေထိန်းမင်းကြီးထံ လွှဲအပ်သောအခါ၊ အမွေထိန်းမင်းကြီးသည်၊ မိမိအား ပုဒ်မ ၂၀၂ အရ လွှဲအပ်သောပစ္စည်းဥစ္စာများအပြင်၊ ထိုပစ္စည်းဥစ္စာများကို စီမံခန့်ခွဲသည့်နည်းလမ်းနှင့် စပ်လျဉ်းသောအစီရင်ခံစာတစ်စောင်ကို၊ ခြောက်လတစ်ကြိမ်၊ နိုင်ငံတော်သမ္မတထံ တင်သွင်းရမည်။

(၃) နည်းဥပဒေခွဲ (၁) တွင် ရည်ညွှန်းထားသော အစီရင်ခံစာများနှင့်အတူ၊ နောက်ဆက်တွဲ ၇ တွင် ဖော်ပြထားသော စာတမ်းအမှတ်အသားများနှင့် စာရွက်စာတမ်းများအပါအဝင်၊ လိုအပ်သော စာတမ်းအမှတ်အသားနှင့် စာရွက်စာတမ်းအားလုံး ပူးတွဲပါရှိရမည်။

(၄) ပစ္စည်းဥစ္စာတစ်ရပ်ကိုသော်လည်းကောင်း၊ ပိုငွေကိုသော်လည်းကောင်း၊ ကိုယ်စားဆောင်ရွက်သူတစ်ဦးအား၊ သို့တည်းမဟုတ် အခြားသူတစ်ဦးအား၊ အက်ဥပဒေအရ အပြီးအပြတ်လွှဲအပ်သောအခါ၊ နည်းဥပဒေခွဲ (၁)၊ သို့ တည်းမဟုတ် နည်းဥပဒေခွဲ (၂) တွင် ရည်ညွှန်းထားသော အစီရင်ခံစာများ၏မိတ္တူကို ကိုယ်စားဆောင်ရွက်သူအား၊ သို့တည်းမဟုတ် အခြားသူအား အခမဲ့ပေးအပ်ရမည်။

(၅) တပ်မှူးသည်၊ သို့တည်းမဟုတ် စီမံခန့်ခွဲရေးကော်မတီသည်၊ စီမံခန့်ခွဲခြင်းခံရသော ပစ္စည်းဥစ္စာ၏ပိုင်ရှင်သေဆုံးသည်၊ သို့တည်းမဟုတ် တပ်မှထွက်ပြေးသည်၊ သို့တည်းမဟုတ် ရူးသွပ်ခြင်းမှန်ကန်ကြောင်း စုံစမ်းသိရှိရသည်၊ သို့တည်းမဟုတ် သေဆုံးပြီဟု ဆိုင်ရာအာဏာပိုင်က မှတ်ယူသည့်နေ့ရက်မှ၊ ပြည်ထောင်စုနိုင်ငံသားများ၏ ကိစ္စမျိုးတွင်၊ ငါးလအတွင်း၊ ထို့ပြင် အခြားကိစ္စမျိုးအားလုံးတွင်၊ တစ်ဆယ့်နှစ်လအတွင်း၊ ပစ္စည်းဥစ္စာတစ်ရပ်ကို၊ စီမံခန့်ခွဲရေးတွင်၊ မိမိဆောင်ရွက်သင့်သမျှ မဆောင်ရွက်ရသေးလျှင်၊ ထိုကာလအပိုင်းအခြား ကုန်ဆုံးပြီးနောက်၊ ပစ္စည်းဥစ္စာတစ်ရပ်စီမံခန့်ခွဲရေးတွင်၊ ရောက်ရှိနေသည့် အခြေအနေနှင့် ကြန့်ကြာမှု၏ အကြောင်းရင်းကို ဖော်ပြလျက်၊ အစီရင်ခံစာတစ်စောင်ကို စစ်ရေးချုပ်ထံ တင်သွင်းရမည်။

(၆) အမြဲတမ်းစီမံခန့်ခွဲရေးကော်မတီသည်၊ စီမံခန့်ခွဲရေး၏ အခြေအနေနှင့် တိုးတက်မှုအပါအဝင်၊ ပစ္စည်းဥစ္စာများနှင့် စပ်လျဉ်းသည့်၊ အရေးပါသော အသေးစိတ်အချက်အလက်များကို၊ အကျဉ်းအားဖြင့် ဖော်ပြလျက်၊ခြောက်လတစ်ကြိမ်၊ မိမိစီမံခန့်ခွဲနေသော ပစ္စည်းဥစ္စာအားလုံး၏ အစီရင်ခံစာတစ်စောင်ကို၊ သတ်မှတ်ထားသောသူထံ တင်သွင်းရမည်။

အချို့ကိစ္စများတွင် တပ်မှူး၏ အာဏာများကို သုံးစွဲခြင်း။

၂၁၅ ။ ။ (၁) အက်ဥပဒေကို လိုက်နာရသော အရာရှိမဟုတ်သူ တစ်ဦးသည်၊ မိမိသေဆုံးသည်၊ သို့တည်းမဟုတ် တပ်မှထွက်ပြေးသည်၊ သို့တည်းမဟုတ် အက်ဥပဒေအရ၊ အမှန်ရူးသွပ်သည်ဟု စုံစမ်းသိရှိရသည်၊ သို့တည်းမဟုတ် တန်းပြည့်စစ်မှုထမ်းချိန်တွင် ပျောက်ဆုံးနေပြီဟု ဆိုင်ရာအာဏာပိုင်က အကြောင်းကြားခြင်းခံရသည့် အချိန်၌၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏ ပြင်ပတွင် စစ်မှုထမ်းရွက်နေသောအခါ၊ ထိုသူသည်၊ အက်ဥပဒေ အခန်း ၁၆ ပါ ကိစ္စအလို့ငှာ၊ အဆိုပါအချိန်၌၊ မိမိ၏ မှတ်တမ်းရုံးတွင်ပါဝင်သည်ဟု မှတ်ယူရမည်။ ထို့ပြင် မှတ်တမ်းရုံး၏ တပ်မှူးက၊ ပြည်ထောင်စုမြန်မာနိုင်ငံ၌ ထိုသူ၏ ပစ္စည်းကို စီမံခန့်ခွဲရမည်။

(၂) အက်ဥပဒေကိုလိုက်နာရသော အရာရှိမဟုတ်သူတစ်ဦးသေဆုံးသည်၊ သို့တည်းမဟုတ် တပ်မှထွက်ပြေးသည်၊ သို့တည်းမဟုတ် အမှန်ရူးသွပ်သည်ဟု စုံစမ်းသိရှိရသည်၊ သို့တည်းမဟုတ် တန်းပြည့်စစ်မှုထမ်းချိန်တွင် ပျောက်ဆုံးနေပြီဟု၊ ဆိုင်ရာအာဏာပိုင်က၊ အကြောင်းကြားခြင်းခံရသည့် အချိန်၌၊ မိမိပါဝင်သောတပ်အဖွဲ့ ဌာန၊ ခွဲထုတ်တပ်၊ သို့တည်းမဟုတ် တပ်မရှိတော့သည့်အခါ၊ ထိုသူသည်၊ အက်ဥပဒေ၏ အခန်း ၁၆ ပါ ကိစ္စများအလို့ငှာ၊ အဆိုပါအချိန်၌၊ မိမိ၏ မှတ်တမ်းရုံးတွင် ပါဝင်သည်ဟု မှတ်ယူရမည်။ ထို့ပြင် မှတ်တမ်းရုံး၏ တပ်မှူးက၊ ထိုသူ၏ ပစ္စည်းကို စီမံခန့်ခွဲရမည်။

အခန်း ၈။

သတ်မှတ်ထားသောအရာရှိများ၊ အာဏာပိုင်များနှင့် အခြားအကြောင်းအရာများ။

ပုဒ်မ ၃၊ အပိုဒ် (ဓ) အရ သတ်မှတ်ထားသော "တပ်အဖွဲ့"။

၂၁၆။ ။(၁) အက်ဥပဒေကို လိုက်နာရသည့် အောက်ပါသီးခြားလူစု အသီးသီးသည်၊ အက်ဥပဒေ၏ အခန်း (၃) နှင့် ဤနည်းဥပဒေများ အခန်း ၂ တို့ပါကိစ္စများအလို့ငှာ၊ "တပ်အဖွဲ့" ဖြစ်စေရမည်။

(က) သံချပ်ကာ ယန္တရားတပ်အဖွဲ့။

(ခ) အမြောက်တပ်အဖွဲ့။

(ဂ) အင်ဂျင်နီယာတပ်အဖွဲ့။

(ဃ) ဆက်သွယ်ရေးတပ်အဖွဲ့။

(င) ခြေလျင်တပ်အဖွဲ့။

(စ) ထောက်ပံ့နှင့်ပို့ဆောင်ရေးတပ်အဖွဲ့။

(ဆ) စစ်လက်နက်ပစ္စည်းတပ်အဖွဲ့။

(ဇ) လျှပ်စစ်နှင့်စက်မှုအင်ဂျင်နီယာတပ်အဖွဲ့။

(ဈ) စာရေးတပ်အဖွဲ့။

(ည) ဆေးတပ်အဖွဲ့။

(ဋ) ပညာရေးတပ်အဖွဲ့။

(ဌ) တပ်ထိန်းတပ်အဖွဲ့။

(ဍ) ထောက်လှမ်းရေးတပ်အဖွဲ့။

(ဎ) ဇစ်မှုထမ်းတာဝန်တစ်ခုခုထမ်းဆောင်ရန် စေခိုင်းထားခြင်းခံရသည့်ပြင်၊ အထက်ပါတပ်အဖွဲ့တစ်ခုခု၊ သို့တည်းမဟုတ် ဌာနတစ်ခုခုနှင့် တွဲဖက်မထားသော၊ အက်ဥပဒေကို လိုက်နာရသည့် အခြားသီးခြားလူစုတစ်စု။

(၂) စစ်တရားရုံးမှတ်တမ်းစာအုပ်ကို ထိန်းသိမ်းထားရှိသော တပ်အသီးသီးသည်၊ ပုဒ်မ ၁၀၁ နှင့် တပ်မတော်နည်းဥပဒေ ၁၈၂ တို့ပါ ကိစ္စများအလို့ငှာ "တပ်အဖွဲ့" ဖြစ်စေရမည်။

(၃) အက်ဥပဒေနှင့် ဤနည်းဥပဒေများပါ အခြားပြဋ္ဌာန်းချက်အသီးသီး၏ ကိစ္စများအလို့ငှာ၊ အောက်ပါသီးခြားလူစုအသီးသီးသည်၊ "တပ်အဖွဲ့" တစ်ဖွဲ့ ဖြစ်စေရမည်။

(က) နည်းဥပဒေခွဲ (၁) တွင် ဖော်ပြထားသည့် (က) မှ (ဎ) အထိ တပ်အဖွဲ့အသီးသီး။

(ခ) အက်ဥပဒေကို လိုက်နာရသူများ၊ လုံးဝသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသအားဖြင့်သော်လည်းကောင်း၊ ပါဝင်သောအခြားသီးခြားတပ်အသီးသီး။

ပုဒ်မ ၆၊ ပုဒ်မခွဲ (၁) အရ သတ်မှတ်ထားသောအရာရှိ။

၂၁၇။ ။ ပုဒ်မ ၆၊ ပုဒ်မခွဲ (၁) ပါ ကိစ္စများအလို့ငှာ၊ သတ်မှတ်ထားသော အရာရှိသည်၊ ပုဒ်မ ၂ ပုဒ်မခွဲ (၁) ပါ အပိုဒ် (ဃ) အရ အက်ဥပဒေကို လိုက်နာရသူ တွဲဖက်အမှုထမ်းရွက်နေဆဲဖြစ်သော တပ်အဖွဲ့ကို၊ ဌာနကို၊ တပ်ကို၊ သင်္ဘောကို၊ အဖွဲ့အစည်းကို၊ သို့တည်းမဟုတ် ခွဲထုတ်တပ်ကို ကွပ်ကဲသည့် အရာရှိဖြစ်ရမည်။

ပုဒ်မ ၁၂ အရ သတ်မှတ်ထားသော ပုံစံ။

၂၁၈။ ။ ပုဒ်မ ၁၂ ပါ ကိစ္စများအလို့ငှာ၊ သတ်မှတ်ထားသောပုံစံသည်၊ နောက်ဆက်တွဲ ၁ တွင် ဖော်ပြထားသည့် ပုံစံအတိုင်း ဖြစ်စေရမည်။

ပုဒ်မ ၈၀ အရ သတ်မှတ်ထားသော အရာရှိ။

၂၁၉။ ။ ပုဒ်မ ၈၀ ပါ ကိစ္စများအလို့ငှာ၊ သတ်မှတ်ထားသောအရာရှိသည်၊ စစ်မြေပြင်ရှိ တပ်ဖွဲ့များကို ကွပ်ကဲသောအရာရှိဖြစ်ရမည်။ သို့တည်းမဟုတ် ကြည်းတပ်အတွက်ဖြစ်ပါက၊ တပ်မဟာအတွင်း စစ်ဆေးစီရင်သောအမှုတွင် အတည်ပြုသော၊ သို့တည်းမဟုတ် အတည်ပြုနိုင်သော၊ သို့တည်းမဟုတ် အတည်ပြုရန်မလိုသော ပြစ်ဒဏ်ချမှတ်ချက်ပါရှိသည့် ကိစ္စမျိုး၌၊ တပ်မဟာအောက်မငယ်သောအဖွဲ့အစည်းကို ကွပ်ကဲသည့် အရာရှိသော်လည်းကောင်း၊ ရေတပ်၊ သို့တည်းမဟုတ် လေတပ်အတွက်ဖြစ်ပါက၊ တပ်မဟာ (ကြည်းတပ်) ဟု သတ်မှတ်ထားသည့် အဖွဲ့အစည်းအောက်မငယ်သောအဖွဲ့အစည်းအတွင်း စစ်ဆေးစီရင်သောအမှုတွင်၊ အတည်ပြုသော၊ သို့တည်းမဟုတ် အတည်ပြုနိုင်သော၊ သို့တည်းမဟုတ် အတည်ပြုရန်မလိုသော ပြစ်ဒဏ်ချမှတ်ချက်ပါရှိသည့် ကိစ္စမျိုး၌၊ ထိုအဖွဲ့အစည်းကို ကွပ်ကဲသည့်အရာရှိသော်လည်းကောင်း ဖြစ်ရမည်။

ပုဒ်မ ၈၂ အရ ပြစ်ဒဏ်များ ချ၍ အထိ ချမှတ်ရမည်ကို သတ်မှတ်ခြင်း။

၂၂၀။ ။ အက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်မဆန့်ကျင်စေဘဲ၊ ပုဒ်မ ၈၂ တွင် သီးခြားဖော်ပြထားသော တပ်မှူး၊ သို့တည်းမဟုတ် အခြားအရာရှိသည် —

(က) စစ်မြေပြင်အရာရှိအဆင့်အောက်မနိမ့်သောအရာရှိဖြစ်လျှင်၊ ပုဒ်မ ၈၂ တွင် သီးခြားဖော်ပြထားသည့် ပြစ်ဒဏ်များကို အပြစ်ချမှတ်နိုင်သည်။

(ခ) စစ်မြေပြင်အရာရှိ အဆင့်အောက်နိမ့်သောအရာရှိဖြစ်လျှင်၊ ထောင်ဒဏ်ကို ခုနစ်ရက်ထိ ချမှတ်နိုင်သည့်ပြင်၊ အခြားပြစ်ဒဏ်များကို အပြည့်ချမှတ်နိုင်သည်။ သို့သော်လည်း နိုင်ငံတော်သမ္မတဖြစ်စေ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်[၂၆] ဖြစ်စေ၊ အမိန့်ဖြင့်၊ စစ်ဘေးရေးမှူးချုပ်ခွဲစည်းနိုင်ခွင့် အာဏာအပ်နှင်းထားသော အရာရှိတစ်ဦးအား

၂၆။ ထပ်ဆောင်းနည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ (၁၈. ၅. ၈၉ ရက်စွဲပါ န. ဝ. တ ဥပဒေ အမှတ် ၇/၈၉) ဖြင့်ပြင်ဆင်သည်။
မြန်မာနိုင်ငံပြန်တမ်း အပိုင်း -၁ ၁၉၈၉ ခုနှစ် ဇွန်လ (၂) ရက်၊ စာမျက်နှာ - ၂၃၃)

မိမိကွပ်ကဲမှုအောက်ရှိ ထိုအရာရှိအား ထောင်ဒဏ်အပြည့် ချမှတ်နိုင်သည့်အာဏာကို၊ အပ်နှင်းနိုင်သည်။

ပုဒ်မ ၉၃၊ အပိုဒ် (ဈ) အရ သတ်မှတ်ထားသော အရာရှိ။

၂၂၁။ ။ ပုဒ်မ ၉၃၊ အပိုဒ် (ဈ) ပါ ကိစ္စများအလို့ငှာ၊ သတ်မှတ်ထားသော အရာရှိသည်၊ ထိုသက်ဆိုင်သူကို စစ်ဆေးစီရင်ရန်အတွက်၊ နိုင်ငံတော်သမ္မတကဖြစ်စေ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်[၂၇]ကဖြစ်စေ၊ အမိန့်ဖြင့်၊ စစ်တရားရုံးချုပ်ဖွဲ့စည်းနိုင်ခွင့် အာဏာအပ်နှင်းထားသော အရာရှိ တစ်ဦးဖြစ်ရမည်။

ပုဒ်မ ၉၅ အရ သတ်မှတ်ထားသော အရာရှိ။

၂၂၂။ ။ ပုဒ်မ ၉၅ ပါကိစ္စများအလို့ငှာ၊ သတ်မှတ်ထားသောအရာရှိသည်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်[၂၈] ဖြစ်ရမည်။

ပုဒ်မ ၉၉ အရ သတ်မှတ်ထားသော အာဏာပိုင်များ။

၂၂၃။ ။ အက်ဥပဒေကို လိုက်နာရသူတစ်ဦး၏ လစာနှင့်စရိတ်များထဲမှ၊ အက်ဥပဒေ၏ အခန်း ၈ အရ ချမှတ်သည့်ဒဏ်အဖြစ်ဖြင့် ငွေနုတ်ယူခြင်းတစ်ခုခုကို၊ ဤနည်းဥပဒေ၌ နောက်တွင် ပြဋ္ဌာန်းထားသည့်အတိုင်း လျှော့နိုင်သည်။

(က) ထိုသူတစ်ဦးဦး၏ လစာနှင့် စရိတ်များထဲမှ ဒဏ်အဖြစ်ဖြင့် ငွေနုတ်ယူခြင်းတစ်ရပ်ကို၊ နိုင်ငံတော်သမ္မတက လျှော့နိုင်သည်။

(ခ) ငါးရက်ထက်မပိုသော ကာလအပိုင်းအခြားအတွက်၊ ခွင့်မဲ့ပျက်ကွက်သော၊ အက်ဥပဒေကို လိုက်နာရသည့် အရာရှိမဟုတ်သူတစ်ဦးဦးသည်၊ ထိုသို့ ခွင့်မဲ့ပျက်ကွက်ခြင်းအတွက်၊ စွဲချက်တစ်ခုအရ စစ်တရားရုံးဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းကို မခံရလျှင်၊ ထိုသို့ခွင့်မဲ့ပျက်ကွက်ခြင်းကြောင့်၊ ထိုသူ ခံထိုက်စေရမည့် လစာနှင့် စရိတ်များ သိမ်းယူခြင်းကို၊ ထိုသူ၏ တပ်မှူးက လျှော့နိုင်သည်။

(ဂ) သုံ့ပန်းတစ်ဦးအဖြစ်ဖြင့်၊ ခွင့်မဲ့ပျက်ကွက်ခြင်းကြောင့်၊ ခံထိုက်စေရမည့် လစာနှင့် စရိတ်များ သိမ်းယူခြင်းတစ်ရပ်ကို (တာဝန်ဝတ္တရား တမင်ပျက်ကွက်မှုကြောင့်၊

၂၇။ တပ်မတော်နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ (၁၀. ၅. ၈၉ ရက်စွဲပါ န. ဝ. တ ဥပဒေ အမှတ် ၃/၈၉) ဖြင့်ပြင်ဆင်သည်။
(မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း -၁၊ ၁၉၈၉ ခုနှစ်၊ ဇွန်လ (၂) ရက်၊ စာမျက်နှာ - ၂၇၃၊)

၂၈။ တပ်မတော်နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ (၁၀. ၅. ၈၉ ရက်စွဲပါ န. ဝ. တ ဥပဒေ အမှတ် ၃/၈၉) ဖြင့်ပြင်ဆင်သည်။
(မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း -၁၊ ၁၉၈၉ ခုနှစ်၊ ဇွန်လ (၂) ရက်၊ စာမျက်နှာ - ၂၇၃၊)

ထိုသူသည် သုံ့ပန်းဖြစ်သွားရသည်ဟူ၊ သို့တည်းမဟုတ် ရန်သူနှင့်အတူ အမှုထမ်းသည်ဟူ၊ သို့တည်းမဟုတ် ရန်သူ၏ လက်အောက်တွင် အမှုထမ်းသည်ဟု သို့တည်းမဟုတ် ရန်သူကို ကူပံ့သည်ဟူ၊ သို့တည်းမဟုတ် ဆောလျင်နိုင်သမျှ ဆောလျင်စွာ တပ်မတော်သို့ ပြန်မလာဟု ၊ စုံစမ်းစစ်ဆေးရေးခုံရုံးတစ်ရုံး၏ ရှေ့မှောက်တွင် သက်သေထင်ရှားမပြနိုင်ခဲ့လျှင်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်[၂၉]က သို့တည်းမဟုတ် စစ်မြေပြင်ရှိတပ်ဖွဲ့များကို ကွပ်ကဲသည့်အရာရှိက၊ သို့တည်းမဟုတ် ကြည်းတပ်အတွက်ဖြစ်ပါက၊ တပ်မဟာအောက် မငယ်သောအဖွဲ့အစည်းကိုဖြစ်စေ၊ ရေတပ်၊ သို့တည်းမဟုတ် လေတပ်အတွက် ဖြစ်ပါက၊ တပ်မဟာ (ကြည်းတပ်) နှင့်တူညီသည်ဟု သတ်မှတ်ထားသည့် အဖွဲ့အစည်းအောက်မငယ်သော အဖွဲ့အစည်းကိုဖြစ်စေ၊ ကွပ်ကဲသည့်အရာရှိက လျှော့နိုင်သည်။

ပုဒ်မ ၁၀၀ နှင့် ၁၀၀ အရ သတ်မှတ်ထားသောအာဏာပိုင်များ။

၂၂၄။ ။ပုဒ်မ ၁၀၀ နှင့် ၁၀၁ ပါကိစ္စများအလို့ငှာ၊သတ်မှတ်ထားသောအာဏာပိုင်များသည် —

(က) အရာမှိအားလုံး၏ ကိစ္စမျိုးတွင်၊ စစ်ရေးချုပ်၊ ထို့ပြင်

(ခ) အခြားကိစ္စအားလုံးတွင်၊ ကြည်းတပ်အတွက်ဖြစ်ပါက၊ တပ်မဟာအောက်မငယ်သော အဖွဲ့အစည်းတစ်ခုတွင် အမှုထမ်းရွက်နေသော်၊ ထိုအဖွဲ့အစည်းကို ကွပ်ကဲသောအရာရှိသော်လည်းကောင်း။ ရေတပ်၊ သို့တည်းမဟုတ် လေတပ်အတွက်ဖြစ်ပါက၊ တပ်မဟာ (ကြည်းတပ်) နှင့် တူညီသည်ဟု သတ်မှတ်ထားသည့် အဖွဲ့အစည်းအောက်မငယ်သော အဖွဲ့အစည်းတွင် အမှုထမ်းရွက်နေသော်၊ ထိုအဖွဲ့အစည်းကို ကွပ်ကဲသည့် အရာရှိသော်လည်းကောင်း၊

ဖြစ်ရမည်။

ပုဒ်မ ၁၀၉၊ ပုဒ်မခွဲ (၁) အရ သတ်မှတ်ထားသောအရာရှိ။

၂၂၅။ ။ ပုဒ်မ ၁၀၉၊ ပုဒ်မခွဲ (၁) ပါ ကိစ္စများအလို့ငှာ၊ သတ်မှတ်ထားသောအရာရှိသည်၊ စစ်မြေပြင်ရှိတပ်ဖွဲ့များကို ကွပ်ကဲသည့်အရာရှိ သို့တည်းမဟုတ် နိုင်ငံတော်သမ္မတက ဖြစ်စေ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်[၃၀]ကဖြစ်စေ၊ အမိန့်ဖြင့်၊ အကျဉ်းစစ်တရားရုံးချုပ် ဖွဲ့စည်းနိုင်ခွင့်အာဏာအပ်နှင်းထားသော အရာရှိဖြစ်ရမည်။

၂၉။ တပ်မတော်နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ (၁၀. ၅. ၈၉ ရက်စွဲပါ န. ဝ. တ ဥပဒေအမှတ် ၃/၈၉) ဖြင့်ပြင်ဆင်သည်။
(မြန်မာနိုင်ငံပြန်တမ်း အပိုင်း -၁၊ ၁၉၈၉ ခုနှစ်၊ ဇွန်လ (၂) ရက်၊ စာမျက်နှာ - ၂၇၃။)

၃၀။ တပ်မတော်နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ (၁၀. ၅. ၈၉ ရက်စွဲပါ န. ဝ. တ ဥပဒေအမှတ် ၃/၈၉) ဖြင့်ပြင်ဆင်သည်။
(မြန်မာနိုင်ငံပြန်တမ်း အပိုင်း -၁၊ ၁၉၈၉ ခုနှစ်၊ ဇွန်လ (၂) ရက်၊ စာမျက်နှာ - ၂၇၃။)

ပုဒ်မ ၁၂၈ အရ သတ်မှတ်ထားသော အရာရှိ။

၂၂၆။ ။ ပုဒ်မ ၁၂၈ ပါ ကိစ္စများအလို့ငှာ၊ သတ်မှတ်ထားသောအရာရှိသည်၊ ပုဒ်မ ၇၁ တွင် အကျုံးဝင်သောသေဆုံးမှုဖြစ်ပေါ်ခဲ့သည့်ကိစ္စများမှတစ်ပါး တရားခံသည်၊ တပ်နယ်တွင် အမှုထမ်းရွက်နေသော်၊ ထိုတပ်နယ်ကို ကွပ်ကဲသော အရာရှိသော်လည်းကောင်း၊ ကြည်းတပ်အတွက်ဖြစ်ပါက၊ တရားခံသည်၊ တပ်မဟာအောက်မငယ်သောအဖွဲ့အစည်းတွင် အမှုထမ်းရွက်နေသော်၊ ထိုအဖွဲ့အစည်းကို၊ ကွပ်ကဲသော အရာရှိသော်လည်းကောင်း၊ ရေတပ်၊ သို့တည်းမဟုတ် လေတပ်အတွက်ဖြစ်ပါက၊ တပ်မဟာ (ကြည်းတပ်) နှင့် တူညီသည်ဟု၊ သတ်မှတ်ထားသောအဖွဲ့အစည်းအောက် မငယ်သောအဖွဲ့အစည်းတွင် အမှုထမ်းရွက်နေသော်၊ ထိုအဖွဲ့အစည်းကို ကွပ်ကဲသော အရာရှိ သော်လည်းကောင်း၊ ဖြစ်ရမည်။

ပုဒ်မ ၁၄၆ အရ သတ်မှတ်ထားသော အရာရှိ။

၂၂၇။ ။ ပုဒ်မ ၁၄၆၊ ပုဒ်မခွဲ (၁) ပါ ကိစ္စများအလို့ငှာ၊ သတ်မှတ်ထားသောအရာရှိသည်၊ စစ်မှုထမ်းတစ်ဦး ပါဝင်ခဲ့ပုံပေါ်သော၊ သို့တည်းမဟုတ် ထိုစစ်မှုထမ်း ပါဝင်သည်ဟု၊ သို့တည်းမဟုတ် ပါဝင်ခဲ့မှုသည်ဟုဆိုသည့် တပ်အဖွဲ့ကို၊ ဌာနကို၊ သို့တည်းမဟုတ် ခွဲထုတ်တပ်ကိုကွပ်ကဲသောအရာရှိ ဖြစ်ရမည်။

ပုဒ်မ ၇၉ အရ ချုပ်ထားရန် သတ်မှတ်သော နည်းလမ်းနှင့် ပုဒ်မ ၁၅၀ အရ သတ်မှတ်ထားသော အရာရှိများ။

၂၂၈။ ။ (၁) ပုဒ်မ ၁၅၀ ၏ ကိစ္စများအလို့ငှာ၊ သတ်မှတ်ထားသောအရာရှိသည် —

(က) တပ်တွင်းစစ်တရားရုံးဖြင့် စစ်ဆေးစီရင်ခြင်းမျိုးတွင်၊ တရားခံပါဝင်သောတပ်အဖွဲ့ကို၊ ဌာနကို၊ သို့တည်းမဟုတ် ခွဲထုတ်တပ်ကို ကွပ်ကဲသည့်တပ်မှူး သို့တည်းမဟုတ် ထိုတပ်မှူး၏ အထက်အာဏာပိုင်တစ်ဦးဦး၊

(ခ) အခြားစစ်တရားရုံးတစ်ခုခုဖြင့် စစ်ဆေးစီရင်ခြင်းမျိုးတွင်၊ စစ်တရားရုံးဖွဲ့စည်းသည့်အရာရှိ သို့တည်းမဟုတ် ထိုအရာရှိ၏ အထက်အာဏာပိုင် တစ်ဦးဦး၊

ဖြစ်ရမည်။

(၂) နည်းဥပဒေခွဲ (၁) အရ သတ်မှတ်သောအရာရှိတစ်ဦးအဖြစ်ဖြင့် ဆောင်ရွက်မည့်အရာရှိသည်၊ ပုဒ်မ ၁၄၉၊ ပုဒ်မခွဲ (၄) အရဖြစ်သော အမှုတွင် အရေးယူခဲ့သည့်အရာရှိ၏ ကွပ်ကဲမှုအောက်တွင်ရှိသည့်အခါ၊ မိမိမဆောင်ရွက်မီ၊ ထိုသို့ကွပ်ကဲသည့်အရာရှိ၏ သဘောတူညီချက်ကို သာမန်အားဖြင့် ရယူရမည်။ သို့သော်လည်း စစ်ဘက်လတ်တလောလိုအပ်ခြင်းများ၊ သို့တည်းမဟုတ် စစ်စည်းကမ်း၏ လိုလားချက်များကြောင့် သဘောတူညီချက်ကို ရယူရန်မဖြစ်နိုင်ဟု၊ မိမိယူဆလျှင်၊ ထိုသဘောတူညီချက်ကို မရယူဘဲ၊ ဆောင်ရွက်နိုင်သည်။ သို့သော်လည်း မိမိဆောင်ရွက်ရခြင်းနှင့် ထိုသို့ဆောင်ရွက်ရခြင်းအတွက် အကြောင်းပြချက်များကို၊ ထိုသို့ ကွပ်ကဲသည့် အရာရှိထံ အစီရင်ခံရမည်။

(၃) ပုဒ်မ ၁၄၉၊ ပုဒ်မခွဲ (၄) ပါ ကိစ္စများအလို့ငှာ၊ တရားခံတစ်ဦးအား ရာဇဝတ်ပြစ်မှု ကျူးလွန်သူတစ်ဦးကဲ့သို့ မယူဆဘဲ၊ ရောဂါခံစားနေရသူတစ်ဦးကဲ့သို့ယူဆ၍၊ မလိုလားအပ်သည့် ကြမ်းတမ်းမှုမပါရှိစေဘဲ၊ ထိုတရားခံအား လုံခြုံစွာချုပ်ထားရန် အကောင်းဆုံးနည်းလမ်းဖြစ်သည်ဟု၊ သက်ဆိုင်ရာ စစ်ဘက်အာဏာပိုင်က ယူဆသည့်နည်းလမ်းအတိုင်း၊ ချုပ်ထားရမည်။

၂၂၉။ ။ ပုဒ်မ ၁၆၉ ပါ ကိစ္စများအလို့ငှာ၊ သတ်မှတ်ထားသောအရာရှိသည်၊ အတည်ပြု အရာရှိ သို့တည်းမဟုတ် အတည်ပြုအရာရှိကို ကွပ်ကဲသော အထက်အရာရှိ တစ်ဦးဦးဖြစ်ရမည်၊ သို့တည်းမဟုတ် တပ်တွင်းစစ်တရားရုံးတစ်ရုံး အတွက်ဖြစ်ပါက၊ ပြန်လည်သုံးသပ်ရေးအာဏာပိုင်၊ သို့တည်းမဟုတ် ပြန်လည်သုံးသပ်ရေး အာဏာပိုင်ကို ကွပ်ကဲသော အထက်အရာရှိတစ်ဦးဦးဖြစ်ရမည်။

ပုဒ်မ ၁၆၉ အရ သတ်မှတ်ထားသော အရာရှိ။

၂၃၀။ ။ နယ်ဘက် အကျဉ်းထောင်တွင် ချုပ်ထားခြင်းဖြင့်ဖြစ်စေ၊ စစ်ဘက်အကျဉ်းထောင်တွင် ချုပ်ထားခြင်းဖြင့်ဖြစ်စေ၊ ပြစ်ဒဏ်ချမှတ်ချက်ကို ဆောင်ရွက်ရန် ညွှန်ကြားခြင်းကိစ္စများအလို့ငှာ၊ ပုဒ်မ ၁၇၃၊ ပုဒ်မခွဲ (၁) အရ၊ သတ်မှတ်ထားသောအရာရှိသည်၊ အတည်ပြုပြီးသော ပြစ်ဒဏ်ချမှတ်ချက်ဖြစ်သည့် ကိစ္စမျိုးတွင်၊ အတည်ပြု အရာရှိ၏ အထက်အာဏာပိုင်တစ်ဦးဦးဖြစ်ရမည့်ပြင်၊ အတည်ပြုရန်မလိုသည့် ပြစ်ဒဏ်ချမှတ်ချက်ဖြစ်သည့် ကိစ္စမျိုးတွင်၊ စစ်ဆေးစီရင်ခြင်းပြုလုပ်သည့် အရာရှိ၏ အထက်အာဏာပိုင် တစ်ဦးဦးဖြစ်ရမည်။

ပုဒ်မ ၁၇၃ အရ သတ်မှတ်ထားသော အရာရှိ။

၂၃၁။ ။ ပုဒ်မ ၁၈၂ ပါကိစ္စများအလို့ငှာ၊ အောက်ပါအရာရှိများသည် သတ်မှတ်ထားသော အရာရှိများဖြစ်ရမည်။

ပုဒ်မ ၁၈၂ အရ သတ်မှတ်ထားသော အရာရှိ။

(က) (၁) ကြည်းတပ်တွင် စစ်မှုထမ်းသူများနှင့်စပ်လျဉ်း၍၊ ကာကွယ် ရေးဦးစီးချုပ် (ကြည်း)[၇၁]။

(၂) ရေတပ်တွင် စစ်မှုထမ်းသူများနှင့်စပ်လျဉ်း၍၊ ကာကွယ်ရေးဦးစီးချုပ် (ရေ)[၇၂]၊

၇၁။ တပ်မတော်နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ (၁၀. ၅. ၈၉ ရက်စွဲပါ န. ဝ. တ ဥပဒေ အမှတ် ၃/၈၉) ဖြင့်ပြင်ဆင်သည်။
(မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း -၁၊ ၁၉၈၉ ခုနှစ်၊ ဇွန်လ (၂) ရက်၊ စာမျက်နှာ - ၂၇၃။)

၇၂။ တပ်မတော်နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ (၁၀. ၅. ၈၉ ရက်စွဲပါ န. ဝ. ဟ ဥပဒေ အမှတ် ၃/၈၉) ဖြင့်ပြင်ဆင်သည်။
(မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း -၁၊ ၁၉၈၉ ခုနှစ်၊ ဇွန်လ (၂) ရက်၊ စာမျက်နှာ - ၂၇၃။)

(ခ) (၃) လေတပ်တွင် စစ်မှုထမ်းသူများနှင့်စပ်လျဉ်း၍၊ ကာကွယ်ရေးဦးစီးချုပ် (လေ)[၃၃]။ တန်းပြည့်စစ်မှုထမ်းချိန်တွင် ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူများနှင့် စပ်လျဉ်း၍၊ စစ်မြေပြင်ရှိ တပ်အဖွဲ့များကို ကွပ်ကဲသည့်အရာရှိ။

ပုဒ်မ ၁၉၈၊ ၁၉၉၊ ၂၀၀၊ ၂၀၂၊ ၂၀၃၊ ၂၀၄၊ ၂၀၅၊ ၂၀၇၊ ၂၀၈ နှင့် ၂၀၉ အရ သတ်မှတ်ထားသောသူ။

၂၃၂။ ။ ပုဒ်မ ၁၉၈၊ ၁၉၉၊ ၂၀၀၊ ၂၀၂၊ ၂၀၃၊ ၂၀၄၊ ၂၀၅၊ ၂၀၇၊ ၂၀၈ နှင့် ၂၀၉ ပါကိစ္စများ အလို့ငှာ သတ်မှတ်ထားသောသူသည် —

(က) သေဆုံးသူ အရာရှိပိုင် ပစ္စည်းဥစ္စာများနှင့်စပ်လျဉ်း၍၊ ကာကွယ်ရေးဝန်ကြီးဌာန၊ အတွင်းဝန် ဖြစ်ရမည်၊

(ခ) သေဆုံးသောအရာရှိမဟုတ်သူပိုင် ပစ္စည်းဥစ္စာများနှင့် စပ်လျဉ်း၍ ကြည်းတပ်အတွက်ဖြစ်ပါက၊ တပ်မဟာအောက်မငယ်သော အဖွဲ့အစည်းတစ်ခုတွင် သက်ဆိုင်သူပါဝင်သော်၊ ထိုအဖွဲ့အစည်းကို ကွပ်ကဲသည့်အရာရှိ ရေတပ်၊ သို့တည်းမဟုတ် လေတပ်အတွက်ဖြစ်ပါက၊ တပ်မဟာ (ကြည်းတပ်) နှင့်တူညီသည်ဟု သတ်မှတ်ထားသည့်အဖွဲ့အစည်းအောက်မငယ်သော အဖွဲ့အစည်းတွင် သက်ဆိုင်သူပါဝင်သော်၊ ထိုအဖွဲ့အစည်းကိုကွပ်ကဲသောအရာရှိဖြစ်ရမည်။

ပုဒ်မ ၂၁၆ အရ သတ်မှတ်ထားသောသူ။

၂၃၃။ ။ ပုဒ်မ ၂၁၆ ပါကိစ္စအလို့ငှာ၊ သတ်မှတ်ထားသောသူသည်၊ နည်းဥပဒေ ၂၃၂ တွင် ရည်ညွှန်းထားသူဖြစ်ရမည်။ ထို့ပြင် အရာရှိတစ်ဦးသော်လည်းကောင်း၊ စစ်ပြေးတစ်ဦးသော်လည်းကောင်း၊ မဟုတ်သောသူတစ်ဦး၏ ပစ္စည်းကို၊ သို့တည်းမဟုတ် ထိုပစ္စည်းကိုရောင်း၍ သော်လည်းကောင်း၊ ငွေအဖြစ်သို့ ပြောင်းလဲ၍သော်လည်းကောင်း၊ ရသောငွေကို၊ တပ်မှုက၊ အက်ဥပဒေအရ ကြီးကြပ်အုပ်ချုပ်နေရသမျှ ကာလပတ်လုံး၊ အဆိုပါပစ္စည်း၏ စုစုပေါင်း ရောင်းရငွေ၊ သို့တည်းမဟုတ် အဆိုပါပစ္စည်း၏ တန်ဖိုးသည် ကျပ်တစ်ထောင်ထက်မပိုလျှင်၊ "သတ်မှတ် ထားသောသူ" ဆိုသည့်စကားရပ်တွင် ထိုတပ်မှုလည်းပါဝင်ရမည်။

၃၃။ တပ်မတော်နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ (၁၀. ၅. ၈၉ ရက်စွဲပါ န. ဝ. ထ ဥပဒေ အမှတ် ၃/၈၉) ဖြင့်ပြင်ဆင်သည်။
(မြန်မာနိုင်ငံပြန်တမ်း အပိုင်း -၁၊ ၁၉၈၉ ခုနှစ်၊ ဇွန်လ (၂) ရက်၊ စာမျက်နှာ - ၂၃၁)

ပုဒ်မ ၇၊ ၃၀၊ ၉၁၊ ၁၅၅၊ ၁၆၅၊ ၁၆၆ နှင့် ၁၇၅၊ ထို့ပြင် နည်းဥပဒေ ၁၈၄၊ ၁၈၅၊ ၂၀၁၊ ၂၁၉၊ ၂၂၃၊ ၂၂၄၊ ၂၂၆ နှင့် ၂၃၂ တို့အရ သတ်မှတ်ထားသော အဖွဲ့အစည်းများ။

၂၃၄။ ။ ပုဒ်မ ၇၊ ၃၀၊ ၉၁၊ ၁၅၅၊ ၁၆၅၊ ၁၆၆ နှင့် ၁၇၅၊ ထို့ပြင် နည်းဥပဒေ ၁၈၄၊ ၁၈၅၊ ၂၀၁၊ ၂၁၉၊ ၂၂၃၊ ၂၂၄၊ ၂၂၆ နှင့် ၂၃၂ ပါ ကိစ္စများအလို့ငှာ၊ အောက်ပါအဖွဲ့အစည်းများသည်၊ တပ်မဟာ (ကြည်းတပ်) နှင့်တူညီသော အဖွဲ့အစည်းများဖြစ်ရမည်။

ရေတပ်အတွက်ဖြစ်ပါက — တိုင်းစစ်ဌာနချုပ်။
လေတပ်အတွက်ဖြစ်ပါက — အခြေစိုက်စခန်း။

ပုဒ်မ ၁၈ နှင့် ၈၅ တို့အရ သတ်မှတ်ထားသော အရာရှိများ။

၂၃၅။ ။(က) ပုဒ်မ ၁၈ ပါ ကိစ္စများအလို့ငှာ၊ အောက်ပါအရာရှိများသည်၊ သတ်မှတ်ထားသော အရာရှိများဖြစ်ရမည်။

(၁) ကြည်းတပ်တွင် စစ်မှုထမ်းသူများနှင့် စပ်လျဉ်း၍ ကာကွယ်ရေးဦးစီးချုပ် (ကြည်း)[၃၄]။

(၂) ရေတပ်တွင် စစ်မှုထမ်းသူများနှင့် စပ်လျဉ်း၍ကာကွယ်ရေးဦးစီးချုပ် (ရေ)[၃၅]။

(၃) လေတပ်တွင် စစ်မှုထမ်းသူများနှင့်စပ်လျဉ်း၍ ကာကွယ်ရေးဦးစီးချုပ် (လေ)[၃၆]။

(၄) xxxxxxxxxxxxxx[၃၇] ဦးစီးတက္ကသိုလ်၊ တိုက်ခိုက်ရေးကျောင်းနှင့် စစ်တက္ကသိုလ်များ၏ ကျောင်းအုပ်ကြီးများလက်အောက်တွင် စစ်မှုထမ်းသူများနှင့် စပ်လျဉ်း၍၊ ထိုကျောင်းအုပ်ကြီးများ။

၃၄။ တပ်မတော်နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ (၁၀. ၅. ၈၉ ရက်စွဲပါ န. ဝ. တ ဥပဒေ အမှတ် ၃/၈၉) ဖြင့်ပြင်ဆင်သည်။
(မြန်မာနိုင်ငံပြန်တမ်း အပိုင်း -၁၊ ၁၉၈၉ ခုနှစ်၊ ဇွန်လ (၂) ရက်၊ စာမျက်နှာ - ၂၇၃။)

၃၅။ တပ်မတော်နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ (၁၀. ၅. ၈၉ ရက်စွဲပါ န. ဝ. တ ဥပဒေ အမှတ် ၃/၈၉) ဖြင့်ပြင်ဆင်သည်။
(မြန်မာနိုင်ငံပြန်တမ်း အပိုင်း -၁၊ ၁၉၈၉ ခုနှစ်၊ ဇွန်လ (၂) ရက်၊ စာမျက်နှာ - ၂၇၃။)

၃၆။ တပ်မတော်နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ (၁၀. ၅. ၈၉ ရက်စွဲပါ န. ဝ. တ ဥပဒေ အမှတ် ၃/၈၉) ဖြင့်ပြင်ဆင်သည်။
(မြန်မာနိုင်ငံပြန်တမ်း အပိုင်း -၁၊ ၁၉၈၉ ခုနှစ်၊ ဇွန်လ (၂) ရက်၊ စာမျက်နှာ - ၂၇၃။)

၃၇။ ကာကွယ်ရေဝန်ကြီးဌာန၊ ကြည်းတပ်ဌာနခွဲ၏ (၂၄. ၄. ၆၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၁/၆၁) ဖြင့် ပယ်ဖျက်သည်။
(မြန်မာနိုင်ငံပြန်တမ်း အပိုင်း -၁၊ ၁၉၆၁ ခုနှစ်၊ မေလ (၂၉) ရက်၊ စာမျက်နှာ - ၇၁၄။)

(ခ) ပုဒ်မ ၈၅ ၏ ကိစ္စများအလို့ငှာ၊ အောက်ပါအရာရှိများသည်၊ သတ်မှတ်ထားသော အရာရှိများ ဖြစ်ရမည်။

(၁) ×××××××××××××[၃၈] ဦးစီးတက္ကသိုလ်၊ တိုက်ခိုက်ရေးကျောင်းနှင့် စစ်တက္ကသိုလ်များ၏ ကျောင်းအုပ်ကြီးများလက်အောက်တွင် စစ်မှုထမ်းသူများနှင့် စပ်လျဉ်း၍၊ ထိုကျောင်းအုပ်ကြီးများ။

(၂) နိုင်ငံခြားမြန်မာသံရုံးများရှိ စစ်သံများ၏ စီရင်ပိုင်ခွင့်အာဏာပိုင်နက်အတွင်းရှိသူများနှင့် စပ်လျဉ်း၍ ထိုစစ်သံများ။

(၃) အက်ဥပဒေကို လိုက်နာရသူများအား မြို့နယ်တွင် တပ်ပြင်ပ၌ ကျူးလွန်သော ပြစ်မှုများအတွက် အရေးယူရန်၊ ကာကွယ်ရေးဦးစီးချုပ်က၊ အမည်အားဖြင့် အထူးအာဏာလွှဲအပ်ထားသည့် မြို့နယ်တပ်မှူး၊ သို့တည်းမဟုတ် ထိုမြို့နယ်ရှိ ဒုဗိုလ်မှူးကြီးအဆင့်အောက်မနိမ့်သော အရာရှိ။

ခွင့်ပြုသောငွေနုတ်ယူခြင်းများ။

၂၃၆။ ။ အက်ဥပဒေကို လိုက်နာရသူတစ်ဦးအား ပေးထိုက်သောလစာ၊ အငြိမ်းစားလစာ၊ ထို့ပြင် အခြားလစာစရိတ်ကြေးငွေအားလုံးထဲမှ၊ အောက်ပါငွေများကိုနုတ်ယူနိုင်သည်။

ခွင့်ပြုသောငွေ နုတ်ယူခြင်းများ

(က) နိုင်ငံတော်သမ္မတ၏ အရပ်ရပ်ဆိုင်ရာအမိန့်၊ သို့တည်းမဟုတ် အထူးအမိန့်အရ ထိုသူ့အပေါ် တင်ရှိသည့်၊ အစိုးရက ရသင့်ရထိုက်သောငွေကို ပေးဆပ်ရန်လိုသည့် ငွေတစ်ရပ်ရပ်၊ ထိုသူက ပေးဆပ်ရန်ရှိသည့် တပ်ကြွေးမြီတစ်ရပ်ရပ်၊ သို့တည်းမဟုတ် တပ်က ရသင့်ရထိုက်သော ငွေတစ်ရပ်ရပ်။

(ခ) ဇိုးနာစာရန်ပုံငွေသို့၊ သို့တည်းမဟုတ် နိုင်ငံတော်သမ္မတက သဘောတူညီသည့် ထောက်ပံ့ရန်ပုံငွေသို့၊ သို့တည်းမဟုတ် အခြားရန်ပုံငွေသို့ ထည့်ရန်လိုသည့်ငွေတစ်ရပ်ရပ်။

၃၈။ ကာကွယ်ရေးဝန်ကြီးဌာန၊ ကြည်းတပ်ဌာနခွဲ၏ (၂၄. ၄. ၆၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၁/၆၁) ဖြင့် ပယ်ဖျက်သည်။
(မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း -၁၊ ၁၉၆၁ ခုနှစ်၊ ဧပြီလ (၂၉) ရက်၊ စာမျက်နှာ - ၃၁၄။)

နောက်ဆက်တွဲများ။

နောက်ဆက်တွဲ ၁။ ။ စစ်မှုထမ်းအဖြစ် စာရင်းသွင်းပုံစံ (ဖေါ်ပြမထား။ လက်ရှိပုံစံများကို၊ ဆီလျော်အောင် ပြုပြင်၍သုံးရမည်)။

နောက်ဆက်တွဲ ၂။ ။ စွဲချက်ပုံစံများ။

နောက်ဆက်တွဲ ၃။ ။ အပိုင်း ၁။ စစ်တရားရုံးများနှင့် စပ်လျဉ်းသည့် ပုံစံများ (ဖေါ်ပြမထား။ လက်ရှိ ပုံစံများကို၊ ဆီလျော်အောင်ပြုပြင်၍ သုံးရမည်)။
အပိုင်း ၂။ အကြပ်နှင့် အကြပ်အဆင့်အောက်နိမ့်သော အဆင့်ရှိသူများအား၊ အကျဉ်းနည်း စစ်ဆေးစီရင်ရာ၌၊ အသုံးပြုရန်ပုံစံ။
အပိုင်း ၃။ သက်သေများကို ဆင့်ခေါ်သည့် သမ္မာန်စာပုံစံများ။
အပိုင်း ၄ ။ နောင့်နှေးကြန့်ကြာခြင်းအစီရင်ခံစာပုံစံ။

နောက်ဆက်တွဲ ၄။ ။ အပိုင်း ၁။ အရာရှိများနှင့် အရာခံဗိုလ်များအား၊ အကျဉ်းနည်းဖြင့် စစ်ဆေးစီရင်ရာ၌၊ အသုံးပြုရန်ပုံစံများ။
အပိုင်း ၂။ တစ်ကျွန်းပို့ဒဏ် ချမှတ်ချက်၊ သို့တည်းမဟုတ် ထောင်ဒဏ်ချမှတ်ချက်တို့အတွက်၊ အကျဉ်းထောင်ပို့ ဝရမ်းပုံစံများ။
(ပုံစံ က၊ ခ၊ ဂ၊ ဃ၊ င၊ စ နှင့် ဆ)။

နောက်ဆက်တွဲ ၅။ ။ သေဒဏ် ချမှတ်ချက်အတွက်၊ အကျဉ်းထောင်ပို့ ဝရမ်းပုံစံများ။
(ပုံစံ ဇ၊ ဈ၊ ည၊ ဋ၊ ဌ၊ နှင့် ဍ)။

နောက်ဆက်တွဲ ၆။ ။ သေဆုံးသူ၏ ကိုယ်စား ဆောင်ရွက်သူက ချုပ်ဆိုရန်ခံဝန်ချုပ်ပုံစံများ။

နောက်ဆက်တွဲ ၇။ ။ စိမ်ခန့်ခွဲခြင်းအကြောင်း အစီရင်ခံစာတွင် ပူးတွဲရမည့် စာချုပ်စာတမ်းများ စာရင်း။

ရှင်းလင်းချက် (၁) ။ ။ "အစိုးရ ရသင့်ရထိုက်သောငွေ" ဆိုသည်မှာ၊ ပိုထုတ်ခြင်း တစ်ခုခု အပါအဝင်ဖြစ်သော အစိုးရကြွေးမြီတစ်ရပ်ရပ်ကို၊ သို့တည်းမဟုတ် ဖြတ်ငွေတစ်ရပ်ရပ်ကို ဆိုလိုသည်၊ သို့တည်းမဟုတ် အစိုးရငွေသော်လည်းကောင်း၊ ပစ္စည်းသော်လည်းကောင်း၊ လျော့နေခြင်းအတွက် ၊ သို့တည်းမဟုတ် အစိုးရငွေကိုသော်လည်းကောင်း၊ ပစ္စည်းကိုသော်လည်းကောင်း၊ နည်းလမ်းမကျဘဲ သုံးစွဲ

ခြင်းအတွက် ထိုက်သင့်သလို စုံစမ်းစစ်ဆေးပြီးနောက်၊ တာဝန်ရှိသောသူက၊ နိုင်ငံတော်သမ္မတအား ကျေနပ်ဖွယ်ကောင်းသည့် ထုချေချက်ကို မပေးနိုင်သော ကိစ္စနှင့် စပ်လျဉ်းသည့် အစိုးရငွေသော်လည်းကောင်း၊ ပစ္စည်းသော်လည်းကောင်း၊ လျော့နေခြင်းတစ်ရပ်ရပ်ကို၊ သို့တည်းမဟုတ် အစိုးရငွေကိုသော်လည်းကောင်း၊ ပစ္စည်းကို သော်လည်းကောင်း၊ နည်းလမ်းမကျဘဲ သုံးစွဲခြင်းတစ်ရပ်ရပ်ကို ဆိုလိုသည်။

ရှင်းလင်းချက် (၂)။ ။ ဆိုခဲ့သည့်ငွေ နုတ်ယူခြင်းများသည်၊ အက်ဥပဒေတွင် သီးခြားဖော်ပြထားသော ငွေနုတ်ယူခြင်းများအပြင်၊ ထပ်ဆောင်း၍ နုတ်ယူခြင်းဖြစ်စေရမည်။

နောက်ဆက်တွဲ ၂။

စွဲချက်များ။

အမှတ် ၁။

[ပုဒ်မ ၃၈ (က)]

.... (တပ်) မှ၊ တရားခံ (ကိုယ်ပိုင်အမှတ်) ....
(အဆင့်) .... (အမည်) ....အား။

ခွင့်မဲ့ပျက်ကွက်မှု
ဖြင့်စွဲချက်တင်သည်။

၎င်းသည် (နေရာ).............................. ၌ (နေ့ရက်နှင့်အချိန်) ....မှ (နေ့ရက်နှင့်အချိန်) .... ထိ ခွင့်မဲ့ပျက်ကွက်သည်။

အမှတ် ၂။

[ပုဒ်မ ၃၇ (၁)]

.... (တပ်) မှ၊ တရားခံ (ကိုယ်ပိုင်အမှတ်) ....
(အဆင့်) .... (အမည်) .... အား။

တပ်ပြေးမှု
ဖြင့်စွဲချက်တင်သည်။

(နေရာ) .... ၌၊ (နေ့ရက်) .... တွင်၊ ၎င်းသည် မိမိတပ်မှထွက်ပြေးသည်။

နောက်ဆက်တွဲ ၃။

အပိုင်း ၂။

၁၉၅၉ ခုနှစ်၊ တပ်မတော် အက်ဥပဒေပုဒ်မ ၈၂၊ ၈၃ နှင့် ၈၄ တို့အရ အကြပ်များနှင့် အကြပ်အဆင့်အောက်နိမ့်သော အဆင့်ရှိသူများအား အကျဉ်းနည်းစစ်ဆေးစီရင်ရာ၌ အသုံးပြုရန်ပုံစံ။

ပြစ်မှုအစီရင်ခံစာ။ ။ .... တပ်ခွဲ။

အမှတ်စဉ်။ ....

.... ရက်နေ့ကုန်ဆုံးသည့် ရက်သတ္တအပတ်အတွက် နောက်ဆုံးအစီရင်ခံစာကို .... ရက်နေ့တွင် တင်သွင်းသည်။

ကိုယ်ပိုင်အမှတ် .... အဆင့် .... အမည်.........................

.... အပေါ်တွင် တင်သည့်စွဲချက်များ။

ပြစ်မှုကျူးလွန်သည့်နေရာ နှင့် နေ့ရက်။	ပြစ်မှု။	သက်သေများ၏အမည်။	ချမှတ်သည့် ပြစ်ဒဏ်။	ချမှတ်သည့် အရာရှိ၏ လက်မှတ်၊ အဆင့် နှင့်ရာထူး။ ထို့ပြင် ချမှတ်သည့် နေ့ရက်။	အကျင့်စာရိတ္တ မှတ်တမ်းတွင် ရေးသွင်းသည့် နေ့ရက်။	မှတ်ချက်။
(၁)	(၂)	(၃)	(၄)	(၅)	(၆)	(၇)

....

တပ်မှူး၏လက်မှတ်။

ညွှန်ကြားချက်များ။

ကော်လံ (၁)။ ။ ခွင့်မဲ့ပျက်ကွက်မှု/စစ်ပြေးမှုများတွင်၊ ပြစ်မှု ကျူးလွန်သည့်နေ့ရက်မှာ ပျက်ကွက်သည့် ပထမ နေ့ရက်ဖြစ်ရမည်။

ကော်လံ (၂)။ ။ အက်ဥပဒေ၏ မည်သည့်ပုဒ်မနှင့် ပုဒ်မခွဲတို့အရ စွဲချက်တင်ကြောင်းကို ပြစ်မှုအကြောင်းဖော်ပြချက် အထက်တွင်ရေးသွင်းရမည်။

ကော်လံ (၃)။ ။ အရာရှိတစ်ဦးသည်၊ မိမိတစ်ဦးတည်းသာ တရားလိုဘက် သက်သေဖြစ်နေသည့် အမှုတစ်ခုကိုအကျဉ်းနည်းဖြင့် စစ်ဆေးစီရင်ခြင်းမပြုနိုင်။

ကော်လံ (၅)။ ။ ခေါင်းစဉ်နှင့်အညီ တိကျမှန်ကန်စွာ ဖြည့်သွင်းရမည်။

ကော်လံ (၇)။ ။ ခွင့်မဲ့ပျက်ကွက်မှု/စစ်ပြေးမှုများတွင် လစာနှင့်စရိတ်စည်းမျဉ်းဥပဒေများအရ လစာနှင့် စရိတ်များ အလိုအလျောက်ဖြတ်တောက်ခြင်းကို၊ ဤကော်လံတွင် ရေးသွင်းရမည်။

နောက်ဆက်တွဲ ၃။

အပိုင်း ၃။

သက်သေများကို ဆင့်ခေါ်သည့် သမ္မာန်စာပုံစံများ။

(က) သက်သေခံအကျဉ်းချုပ်၏ကိစ္စအတွက်။

သို့။

.... တပ်မှ ကိုယ်ပိုင်အမှတ် .... ၊ အဆင့် ....၊ အမည် .... ၊အပေါ်တွင် စစ်တရားရုံးဖြင့် စစ်ဆေးစီရင်နိုင်သည့် ပြစ်မှုတစ်ခုကို ကျူးလွန်ခဲ့ကြောင်းဖြင့် ဖွဲ့တစ်ရပ် ကျွန်ုပ်၏ ရှေ့မှောက်တွင် စွဲဆိုထားသည် ဖြစ်သောကြောင့်၊

ထို့ပြင် .... ခုနှစ်၊ .... လ .... ရက်နေ့တွင်၊ မွန်းမလွဲမီ/မွန်းလွဲ .... နာရီအချိန်၌ (နေရာ) .... တွင် သက်သေခံ အကျဉ်းချုပ် ရေးမှတ်ယူရန် ကျွန်ုပ်က ညွှန်ကြားပြဖြစ်သောကြောင့်၊

သင် (အမည်) .... အား၊ အဆိုပါနေရာနှင့်အချိန်တွင် သက်သေအဖြစ် လာရောက်ရန်၊ (ထို့ပြင် ဤမှနောက်တွင်ဖော်ပြထားသော စာတမ်းအကြအသားများ၊ ....ကို သင်နှင့်တစ်ပါတည်းယူလာရန်) ကျွန်ုပ်က၊ ဤသမ္မာန်စာဖြင့် ဆင့်ခေါ်လိုက်သည်။

ထိုဆင့်ခေါ်ခြင်းနှင့်စပ်လျဉ်း၍၊ သင်ပျက်ကွက်သော်၊ သင်၏တာဝန်သာလျှင် ဖြစ်ရမည်။

ခုနှစ် ....ခုနှစ် .... လ .... ရက်နေ့၌ .... တွင်၊ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

....

(လက်မှတ်။)
တရားခံ၏ တပ်မှူး။

(ခ) စစ်တရားရုံးတော်မှုအတွက်။

သို့

.... (တပ်) မှ၊ ကိုယ်ပိုင်အမှတ် ....၂ အဆင့် .... ၊ အမည် .... ကိုစစ်ဆေးစီရင်ရန် အတွက်၊ ခုနှစ်................ ခုနှစ်၊ .... လ .... ရက်နေ့တွင်၊ .... ၌ .... စစ်တရားရုံးကိုဖွဲ့စည်းရန်၊ အမိန့်ပေးထားပြီးဖြစ်သောကြောင့်၊ ခုနှစ် ....ခုနှစ်၊ .... လ၊ .... ရက်နေ့ မွန်းမတည့်မီ / မွန်းလွဲ .... နာရီအချိန်တွင်၊ .... ၌၊ အဆိုပါ စစ်တရားရုံး ရှေ့သို့ သင် ....အား သက်သေအဖြစ်လာရောက်ရန်၊ (ထို့ပြင် ဤမှနောက်တွင် ဖော်ပြထားသော စာတမ်း အမှတ်အသားများ .... ကို သင်နှင့်တစ်ပါတည်းယူလာရန်) ထို့ပြင် သင့်အားပြန်ခွင့် မပေးမချင်း နေ့စဉ်နေ့တိုင်း၊ ထိုသို့လာရောက်ရန်၊ ကျွန်ုပ်က ဤသမ္မာန်စာဖြင့် ဆင့်ခေါ်လိုက်သည်။

ထိုဆင့်ခေါ်ခြင်းနှင့် စပ်လျဉ်း၍ သင်ပျက်ကွက်သော်၊ သင်၏တာဝန်သာလျှင်ဖြစ်ရမည်။

ခုနှစ် .... ခုနှစ်၊ ....လ ....ရက်နေ့၌ ....တွင်၊ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

....

(လက်မှတ်။)
စစ်တရားရုံး ဖွဲ့စည်းသည့်အရာရှိ
(သို့တည်းမဟုတ် စစ်ဥပဒေအရာရှိ
သို့တည်းမဟုတ် စစ်တရားရုံး၏ ဥက္ကဋ္ဌ၊
သို့တည်းမဟုတ် တရားခံ၏တပ်မှူး)။

နောက်ဆက်တွဲ ၃။

အပိုင်း ၄။

နှောင့်နှေးကြန့်ကြာခြင်း အစီရင်ခံစာပုံစံ။

အတွင်းရေး။

အမှတ် ....

တပ်၏လိပ်စာ..........................

နေ့စွဲ ....

သို့။

....

(စစ်တရားရုံး ဖွဲ့စည်းသည့်အရာရှိ)

အကြောင်းအရာ။ ... ။ ၁၉၅၉ ခုနှစ်၊ တပ်မတော် အက်ဥပဒေပုဒ်မ ၁၀၅ နှင့် တပ်မတော် နည်းဥပဒေများအရ နည်းဥပဒေ ၂၆ တို့နှင့် အညီ၊ ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ စသည့် ရှစ်ရက်တစ်ကြိမ်၊ နှောင့်နှေးကြန့်ကြာခြင်း အစီရင်ခံစာ။

၁။ ကိုယ်ပိုင်အမှတ် .... အဆင့် .... အမည်..........................

၂။ ပြစ်မှု ....

၃။ ပြစ်မှုကျူးလွန်သည့်နေ့ရက် ....

၄။ ပြစ်မှုကျူးလွန်ကြောင်းကို သိရသည့်နေ့ရက် ....

၅။ (အကျယ်ချုပ်/အကျဉ်းချုပ်ဖြင့်) ဖမ်းဆီးထားသည့်နေ့ရက် ....

၆။ အကျယ်ချုပ်ဖြင့် ဖမ်းဆီးထားခြင်းသို့ ပြောင်းလဲသည့်/ပြန်၍ဖမ်းဆီးခြင်းကိုမထိခိုက်စေဘဲ လွှတ်သည့်နေ့ရက် ....
(မလွှတ်လျှင်၊ မလွှတ်ခြင်း၏အကြောင်းများ။)..
....

၇။ သက်သေခံ အကျဉ်းချုပ်ကို ရေးမှတ်ယူသည့်နေ့ရက် ....
(ရေးမှတ်မယူလျှင်၊ ရေးမှတ်မယူခြင်း၏အကြောင်းများ။)..

၈။ စစ်ဆေးစီရင်ရန်အတွက် လျှောက်လွှာတင်သည့်နေ့ရက် ....

၉။ စစ်ဆေးစီရင်ရန် အချိန်ကျရောက်သောနေ့ရက်...

၁၀။ နှောင့်နှေးကြန့်ကြာခြင်း၏အကြောင်းများ ....

(အဆင့်)

..............................တပ်မှူး။

မိတ္တူကို —

တပ်မဟာမှူး (ထိုသူသည် စစ်တရားရုံး ဖွဲ့စည်းသည့်အရာရှိလည်းမဟုတ်လျှင်)

.... တိုင်းစစ်ဌာနချုပ် } အဌမနှင့် ထို့နောက်အစီရင်ခံစာ

လက်ထောက် စစ်ဥပဒေချုပ် .... } များအတွက်။

တိုင်းစစ်ဌာနချုပ်။

တို့သို့။

<u>နောက်ဆက်တွဲ ၄။</u>

အပိုင်း ၁။

ပုံစံ ၁။

၁၉၅၉ ခုနှစ်၊ တပ်မတော် အက်ဥပဒေပုဒ်မ ၈၅၊ ၈၆ နှင့် ၈၇ တို့အရ အရာရှိများနှင့် အရာခံဗိုလ် များအား၊ အကျဉ်းနည်းဖြင့် စစ်ဆေးစီရင်ရာ၌ အသုံးပြုရန် ပုံစံ။

တရားခံ၊ ....။

အဆင့်နှင့်အမည်၊ ....။

တပ်၊ ....။

အမှုကို အကျဉ်းနည်းဖြင့် စစ်ဆေးစီရင်သည့် အာဏာပိုင်က (တရားခံ၏ ရေးသားထားသည့် သဘောတူညီချက်ဖြင့်) သက်သေများ လာရောက်ရန် မလိုဟုဆုံးဖြတ်သည့်အခါ။

တရားခံအားမေးရန် မေးခွန်း။

(၁) စွဲချက်လွှာနှင့်သက်သေခံအကျဉ်းချုပ်၊ သို့တည်း မဟုတ် သက်သေခံ ကောက်နုတ်ချက်တို့၏ မိတ္တူ တစ်စောင်ကို၊ သင်ရပြီးပြီလား။ { အဖြေ ....
....
....

(၂) သင်၏ခုခံချေပရေး ပြင်ဆင်ရန်အချိန် လုံလုံ လောက်လောက် သင်ရရှိပါသလား။ { အဖြေ.....................
....

စွဲချက်လွှာကို ဖတ်ပြသည်။

မှတ်ချက် ၁ ။ ။ မေးခွန်း ၄ နှင့် စပ်လျဉ်း၍ တရားခံ၏ နှုတ်ဖြင့်ထွက်ဆိုချက်ကို၊ ရေးမှတ်ခြင်းမပြုရ။ တရားခံက ရေးသားထားသော ထွက်ဆိုချက်တစ်ရပ်ကို တင်သွင်းလျှင်၊ ထိုသို့သော ထွက်ဆိုချက်ကို ဤပုံစံ နှင့် ပူးတွဲရမည်။

မှတ်ချက် ၂ ။ ။ အရာရှိအပေါ်၊ သို့တည်းမဟုတ် အရာခံဗိုလ်အပေါ် တင်သည့်စွဲချက်တစ်ရပ်ကို စစ်ဆေးစီရင်ပြီးသည့်အခါ၊ မှတ်ချက် ၃ တွင် ရည်ညွှန်းသည့် အမှုကိစ္စများမှအပ၊ ဤပုံစံကို၊ စွဲချက်လွှာ၊ သက်သေခံအကျဉ်းချုပ်၊ သို့တည်းမဟုတ် သက်သေခံကောက်နုတ်ချက်၊ တရားခံ၏ ရေးသားထားသော သဘောတူညီချက်၊ ထို့ပြင် ပုံစံ AFB 122 M တို့နှင့်အတူ လမ်းစဉ်အတိုင်း သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်သို့ပို့ရမည်။ ထိုတိုင်းစစ်ဌာနချုပ်က၊ စစ်ရေးချုပ်ထံ မတင်ပြမီ၊ တိုင်းစစ်ဌာနချုပ်၏ လက်ထောက်စစ်ဥပဒေချုပ်အား ပြရမည်။

(၃) ဖတ်ပြသည်ကို သင်ကြားပြီးဖြစ်သော သင်၏အပေါ် စွဲဆိုသည့် စွဲချက် (များ) အရ သင်၌အပြစ်ရှိသလား၊ အပြစ်မရှိဘူးလား။ { အဖြေ................ ....

သက်သေခံ အကျဉ်းချုပ်ကိုဖြစ်စေ၊ သက်သေခံ ကောက်နုတ်ချက်ကိုဖြစ်စေ၊ တရားခံကြားလောက်အောင် ဖတ်ပြသည်၊ သို့တည်းမဟုတ် ထိုသက်သေခံ အကျဉ်းချုပ်ကိုဖြစ်စေ၊ သက်သေခံကောက်နုတ်ချက်ကိုဖြစ်စေ၊ အမှုကို အကျဉ်းနည်းဖြင့် စစ်ဆေးစီရင်သည့်အာဏာပိုင်က၊ မိမိဖတ်ပြီးဖြစ်ကြောင်း တရားခံအား ပြောကြားသည်။

(၄) သင်သည် ထွက်ဆိုချက်တစ်ရပ် ပေးလိုသလား ။ {အဖြေ ....

တရားခံက ထွက်ဆိုချက်တစ်ရပ်ပေးလိုလျှင်၊ ထိုထွက်ဆိုချက်ကို ယခုပေးရမည်။

ကြားနာခြင်းပြီးဆုံးသည့်အခါ၌၊ အမှုကို အကျဉ်းနည်းဖြင့် စစ်ဆေးစီရင်သည့် အာဏာပိုင် က စွဲချက်ကို မပလပ်သင့်ဟု၊ ယူဆလျှင်၊ ထိုအာဏာပိုင်သည်၊ တရားခံ၏ စစ်မှုထမ်းမှတ်တမ်းကို သို့တည်းမဟုတ် အကျင့်စာရိတ္တမှတ်တမ်းကို၊ ကြည့်ရှုစစ်ဆေးရမည်။

အမှုကို အကျဉ်းနည်းဖြင့် စစ်ဆေးစီရင်သည့် အာဏာပိုင်သည်၊ ရာထူးတိုးမြှင့်ရေး ကိစ္စအတွက်၊ အဆင့်သက်တမ်းလျှော့ဒဏ်၊ သို့တည်းမဟုတ် စစ်မှုထမ်းသက်ကို လျှော့ဒဏ်ပေးရန် အာဏာအပ်နှင်းခြင်း ခံရပြီး၊ ထိုပြစ်ဒဏ်ကို ချမှတ်ရန် ရည်ရွယ်လျှင်၊ ထိုအာဏာပိုင်သည်၊ တရားခံအား အောက်ပါမေးခွန်းကို မေးရမည်။

(၅) သင်သည်၊ စစ်တရားရုံးဖြင့် စစ်ဆေးစီရင်ခြင်းကို ရွေးချယ်မည်လား။ သို့တည်းမဟုတ် ကျွန်ုပ်ပြစ်ဒဏ် ချမှတ်ခြင်းကို လက်ခံမည်လား။ { အဖြေ ....

ဆုံးဖြတ်ချက် ၊ ....

ပြစ်ဒဏ်ချမှတ်ချက် ၊ ....

နေရာ ၊ ....

နေ့စွဲ ၊ ....လက်မှတ်..

မှတ်ချက် ၃။ ၊ တပ်မှူးက ပုဒ်မ ၈၇ အရ စစ်ဆေးစီရင်သည့်အရာခံဗိုလ်၏ ကိစ္စတွင်၊ ဤပုံစံကို၊ စွဲချက်လွှာ၊ သက်သေခံအကျဉ်းချုပ် ၊တရားခံ၏ ရေးသားထားသော သဘောတူညီချက်နှင့် ပုံစံ AFB 122 M တို့ပါ တပ်မှူး၏ အထက်အရာရှိထံ ပို့ရမည်။

နောက်ဆက်တွဲ ၄။

အပိုင်း ၁။

ပုံစံ ၂။

၁၉၅၉ ခုနှစ်၊ တပ်မတော် အက်ဥပဒေပုဒ်မ ၈၅၊ ၈၆ နှင့် ၈၇ တို့အရ အရာရှိများနှင့် အရာခံဗိုလ် များအား၊ အကျဉ်းနည်းဖြင့် စစ်ဆေးစီရင်ရာ၌ အသုံးပြုရန် ပုံစံ။

တရားခံ ....။

အဆင့်နှင့်အမည်၊ ....။

တပ်၊ ....။

အမှုကို အကျဉ်းနည်းဖြင့် စစ်ဆေးစီရင်သည့် အာဏာပိုင်က၊ သက်သေများလာရောက်ရန်လိုသည်ဟု ဆုံးဖြတ်သည့်အခါ၊ သို့တည်းမဟုတ် တရားခံက၊ ထိုသက်သေများ လာရောက်စေလိုသည့်အခါ။

တရားခံအားမေးရန် မေးခွန်း။

(၁) စွဲချက်လွှာနှင့်သက်သေခံအကျဉ်းချုပ်၊ သို့တည်း မဟုတ် သက်သေခံ ကောက်နုတ်ချက်တို့ကို သင်ရပြီလား။ { အဖြေ................ ....

(၂) သင်၏ခုခံချေပရေး ပြင်ဆင်ရန်အချိန် လုံလုံလောက်လောက် သင်ရရှိပါသလား။ { အဖြေ................ ....

စွဲချက်လွှာကိုဖတ်ပြသည်။

(၃) ဖတ်ပြသည်ကို သင်ကြားပြီးဖြစ်သည့် သင်အားစွဲဆိုသည့် စွဲချက် (များ) အရ သင်၌အပြစ်ရှိသလား။ အပြစ်မရှိဘူးလား။ { အဖြေ................ ....

သက်သေများသည် သက်သေခံချက်ကိုပေးသည်။ တရားခံအားလည်း ပြန်လှန်စစ်မေးခွင့်ပြုသည်။

(၄) သင်သည် ထွက်ဆိုချက်တစ်ရပ်ကို ပေးလိုသလား ။ အဖြေ ....

(၅) သင်သည်သက်သေတစ်ဦးဦးကိုခေါ်လိုသလား။ အဖြေ ....

တရားခံက ထွက်ဆိုချက်တစ်ရပ်ပေးသည်။ ထို့ပြင်၎င်း၏သက်သေများက သက်သေခံချက်ပေးသည်။

ကြားနာခြင်းပြီးဆုံးသည့်အခါ၌၊ အမှုကို အကျဉ်းနည်းဖြင့် စစ်ဆေးစီရင်သည့်၊ အာဏာပိုင်က၊ စွဲချက်ကို မပလပ်သင့်ဟု၊ ယူဆလျှင်၊ တရားခံ၏ စစ်မှုထမ်းမှတ်တမ်းကို၊ သို့တည်းမဟုတ် အကျင့်စာရိတ္တ မှတ်တမ်းကို၊ ကြည့်ရှုစစ်ဆေးရမည်။

အမှုကို အကျဉ်းနည်းဖြင့် စစ်ဆေးဆောင်ရွက်သည့် အာဏာပိုင်သည်၊ ရာထူးတိုးမြှင့်ရေး ကိစ္စ အတွက်၊ အဆင့်သက်တမ်းလျော့ဒဏ်၊ သို့တည်းမဟုတ် စစ်မှုထမ်းသက်လျော့ဒဏ်ပေးရန် အာဏာ အပ်နှင်းခြင်းခံရပြီး၊ ထိုပြစ်ဒဏ်ကို ချမှတ်ရန် ရည်ရွယ်လျှင်၊ ထိုအာဏာပိုင်သည်၊ တရားခံအား အောက်ပါ မေးခွန်းကိုမေးရမည်။

(၆)	သင်သည်၊ စစ်တရားရုံးဖြင့် စစ်ဆေးစီရင်ခြင်း ကို ရွေးချယ်မည်လား၊ သို့တည်းမဟုတ် ကျွန်ုပ်ပြစ်ဒဏ်ချမှတ်ခြင်းကို လက်ခံ မည်လား။	{ အဖြေ ....

ဆုံးဖြတ်ချက် ၊ ....

ပြစ်ဒဏ်ချမှတ်ချက် ၊ ....

နေရာ ၊ ....

နေ့စွဲ ၊ ....လက်မှတ်..

မှတ်ချက် ၁။ ။ အရာရှိအပေါ်၊ သို့တည်းမဟုတ် အရာခံဗိုလ်အပေါ်၊ တင်သည့်စွဲချက်တစ်ရပ်ကို စစ်ဆေး စီရင်ပြီးသည့်အခါ၊ မှတ်ချက် ၂ တွင် ရည်ညွှန်းသည့် အမှုကိစ္စများမှအပ၊ ဤပုံစံကို၊ စွဲချက်လွှာ၊ သက်သေခံအကျဉ်းချုပ်၊ သို့တည်းမဟုတ် သက်သေခံကောက်နုတ်ချက် (တရားခံ၏ ရေးသားထားသော သဘောတူညီချက်)၊ ထို့ပြင် (ပုံစံ AFB ၁၁ M) တို့နှင့်အတူ၊ လမ်းစဉ်အတိုင်း သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်သို့ပို့ရမည်။ ထိုတိုင်းစစ်ဌာနချုပ်က၊ စစ်ရေးချုပ်ထံ မတင်ပြမီ၊ တိုင်းစစ်ဌာနချုပ်၏ လက်ထောက်စစ်ဥပဒေချုပ်အား ပြရမည်။

မှတ်ချက် ၂။ ။ တပ်မှူးက၊ ပုဒ်မ ၈၇ အရ စစ်ဆေးစီရင်သည့်အရာခံဗိုလ်၏ ကိစ္စတွင်၊ ဤပုံစံကို၊ စွဲချက်လွှာ၊ သက်သေခံအကျဉ်းချုပ်၊ တရားခံ၏ ရေးသားထားသော သဘောတူညီချက်နှင့် (ပုံစံ AFB ၁၁ M) တို့ပါ တပ်မှူး၏ အထက်အရာရှိထံ ပို့ရမည်။

နောက်ဆက်တွဲ ၄။

အပိုင်း ၂။

၁၉၅၉ ခုနှစ်၊ တပ်မတော် အက်ဥပဒေပုဒ်မ ၁၇၂၊ ၁၇၃ (၂) နှင့် ၁၇၈ တို့အရ ဝရမ်းများ။

ပုံစံ — က။

အကျဉ်းသားကို၊ တစ်ကျွန်းပို့ဒဏ် ချမှတ်သည့်အခါ၊ အသုံးပြုရန်အကျဉ်းထောင်ပို့ဝရမ်း။

[၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေ ပုဒ်မ ၇၂။]

သို့၊

(က) .... အကျဉ်းထောင်၏ ထောင်ပိုင်ဝန်။

၁၉ .... ခုနှစ်၊ .... လ၊ .... ရက်နေ့ .... တွင် ရုံးထိုင်သည့် (ခ) .... ၌၊ .... တပ်မှ (ကိုယ်ပိုင်အမှတ်၊ အဆင့်၊ အမည်) .... သည်၊ (ဂ) .... ပြစ်မှုဖြင့်၊ ပြစ်မှုထင်ရှားစီရင်ခြင်း ခံရသည်ဖြစ်သောကြောင့်၊

ထို့ပြင် .... ခုနှစ်၊ ....လ .... ရက်နေ့တွင်၊ အဆိုပါ (ခ) .... က၊ အဆိုပါ (အမည်) .... အပေါ်၊ * ....ပြစ်ဒဏ်၊ ချမှတ်သည်ဖြစ်သောကြောင့်၊

(* ပြစ်ဒဏ်ကို ပြည့်စုံစွာရေးသွင်းရန်၊ သို့ရာတွင် လက်မှတ်မပါရ။)

ထို့ပြင် အဆိုပါပြစ်ဒဏ်ကို (ဃ) .... က၊ (င) ....တရားဥပဒေနှင့်အညီ အတည်ပြုပြီးဖြစ်သောကြောင့်၊

အဆိုပါ အကျဉ်းသားအား၊ အထက်ဖော်ပြပါ တစ်ကျွန်းပို့ဒဏ်ကို ကျခံစေရန်အတွက်၊

(က) နယ်ဘက်အကျဉ်းထောင် အမည်ကိုရေးသွင်းပါ။

(ခ) စစ်ဂရားရုံးချုပ်၊ သို့တည်းမဟုတ် အကျဉ်းစစ်တရားရုံးချုပ်။

(ဂ) "တန်းပြည့် စစ်မှုထမ်းချိန်တွင် စစ်ပြေးမှု" "ရန်သူနှင့် စာပေးစာယူပြုလုပ်မှု ၊ သို့တည်းမဟုတ် အခြားပြစ်မှု၊ သက်ဆိုင်ရာရာကို အကျဉ်းချုပ်ဖော်ပြပါ။

(ဃ) အတည်ပြု အာဏာပိုင်၏အဆင့်၊ အမည်နှင့်ရာထူး။

(င) "................................ပြစ်ဒဏ်လွတ်ငြိမ်းသက်သာစေခြင်းဖြင့်" ဟု၊ လိုလျှင်ထည့်ပါ။

(စ) မူလပြစ်ဒဏ်ကို လက်မှတ်ရေးထိုးသည့်နေ့ရက်ကိုရေးသွင်းပါ။

(ဆ) အကျဉ်းသား၏ တပ်မှူးလက်မှတ် သို့တည်းမဟုတ် အခြားသတ်မှတ်ထားသော အရာရှိ၏ လက်မှတ်၊ နည်းဥပဒေ ၁၆၅ ကိုကြည့်ပါ။

သက်ဆိုင်ရာအာဏာပိုင်ထံနှင့် သက်ဆိုင်ရာအချုပ်သို့ သင်က၊ ဤဝရမ်းနှင့်အတူ လက်ရောက် ပေးအပ်ခြင်းမပြုမီ၊ တရားဥပဒေနှင့်အညီ အဆိုပါ အကျဉ်းထောင်အတွင်း၊ သင်၏အချုပ်တွင် ထားရန်၊ အဆိုပါ (အမည်) .... အား ဤဝရမ်းနှင့်အတူလက်ခံရန်၊ ဤဝရမ်းဖြင့်၊ သင့်အား တာဝန်နှင့်အာဏာပေးအပ်လိုက်သည်။

ဆိုခဲ့သည့် ပြစ်ဒဏ်သည်၊ (၈) .... ခုနှစ်၊ .... လ .... ရက်နေ့မှအစပြုသည်။

၁၉ ....ခုနှစ်၊ .... -- လ .... ရက်နေ့တွင်၊ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

လက်မှတ်။ (ဆ)

ပုံစံ — ၁။

အကျဉ်းသားကို၊ နယ်ဘက်အကျဉ်းထောင်တွင်ကျခံရမည့်၊ ထောင်ဒဏ်ချမှတ်သည့်အခါ အသုံးပြုရန်၊ ထောင်ပို့ဝရမ်း။

[၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေ ပုဒ်မ ၁၇၃ (၂)။]

သို့။

(က) .... အကျဉ်းထောင်၏ ထောင်ပိုင်ဝန်။

၁၉ .... ခုနှစ်၊ ....လ၊.......... ရက်နေ့...................... တွင်၊ ရုံးထိုင်သည့် (ခ) .... ၌၊ .... (တပ်)မှ၊ (ကိုယ်ပိုင်အမှတ်၊ အဆင့်၊ အမည်) .... သည်၊ (ဂ) .... ပြစ်မှုဖြင့်၊ ပြစ်မှုထင်ရှားစီရင်ခြင်း ခံရသည်ဖြစ်သောကြောင့်၊

ထို့ပြင် .... ခုနှစ်၊ ....လ၊ .... ရက်နေ့တွင်၊ အဆိုပါ (ခ) .... က၊ အဆိုပါ (အမည်) .... အပေါ်၊ * ....ပြစ်ဒဏ် ချမှတ်သည်ဖြစ်သောကြောင့်၊

(* ပြစ်ဒဏ်ကို ပြည့်စုံစွာရေးသွင်းရန်၊ သို့ရာတွင် လက်မှတ်မပါရှိရ။)

ထို့ပြင် အဆိုပါပြစ်ဒဏ် (ဃ)ကို၊ (င) .... (စ) .... က၊ သည်၊ အတည်ပြုရန်မလိုဘဲ၊ တရားဥပဒေနှင့် တရားဥပဒေနှင့်အညီ အတည်ပြုပြီးသည်ဖြစ်သောကြောင့်၊ အညီ ခိုင်လုံသောကြောင့်၊

(က) နယ်ဘက်အကျဉ်းထောင် အမည်ကိုရေးသွင်းပါ။
(ခ) စစ်တရားရုံးချုပ်၊ တိုင်းစစ်တရားရုံး၊ အကျဉ်းစစ်တရားရုံးချုပ်၊ သို့တည်းမဟုတ် တပ်တွင်းစစ်တရားရုံး။
(ဂ) "စစ်ပြေးမှု" "ခိုးမှု"၊ "ခိုးရာပါပစ္စည်းလက်ခံမှု" "လိမ်လည်လှည့်ဖြားမှု" "တရားဥပဒေနှင့်ညီသော အမိန့်ကိုဖီဆန်မှု" သို့တည်းမဟုတ် အခြားပြစ်မှု သက်ဆိုင်ရာရာကို၊ အကျဉ်းချုပ်ဖော်ပြပါ။
(ဃ) မသက်ဆိုင်သည့် စကားရပ်များကို ပယ်ဖျက်ပါ။
(င) "............................. ပြစ်ဒဏ်လွတ်ငြိမ်းသက်သာစေခြင်းဖြင့်" ဟု၊ လိုလျှင်ထည့်ပါ။
(စ) အတည်ပြု အာဏာပိုင်၏အမည်၊ အဆင့်နှင့်ရာထူး။
(ဆ) မူလပြစ်ဒဏ်ကို လက်မှတ်ရေးထိုးသည့်နေ့ရက်ကိုရေးသွင်းပါ။
(ဇ) အကျဉ်းသား၏ တပ်မှုလက်မှတ်၊ သို့တည်းမဟုတ် အခြားသတ်မှတ်ထားသော အရာရှိ၏ လက်မှတ်။ နည်းဥပဒေ ၁၆၅ ကိုကြည့်ပါ။

အဆိုပါ (အမည်) ....အား။ ဤဝရမ်းနှင့်အတူ သင်၏အချုပ်တွင် လက်ခံရန်နှင့် အထက်ဖော်ပြပါ ထောင်ဒဏ်ကို၊ တရားဥပဒေနှင့်အညီဆောင်ရွက်ရန် ၊ ဤဝရမ်းဖြင့်၊ သင့်အားတာဝန်နှင့် အာဏာပေးအပ်လိုက်သည်။ ထိုပြစ်ဒဏ်သည်၊ (ဆ) .... ခုနှစ်၊ ....လ .... ရက်နေ့က အစပြုသည်။

၁၉ .... ခုနှစ်၊ ....လ၊.............................. ရက်နေ့တွင်၊ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

လက်မှတ်။ (ဇ)

ပုံစံ - ၈။

အကျဉ်းသားအား စစ်ဘက်အကျဉ်းထောင်တွင်ကျခံရမည့် ထောင်ဒဏ်ချမှတ်သည့်အခါ၊ အသုံးပြုရန်ထောင်ဝင်ဝရမ်း။

[၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေ ပုဒ်မ ၁၇၃ (၂)။]

သို့၊

.... ရှိ စစ်ဘက်အကျဉ်းထောင်၏ တပ်မှူး။

၁၉ .... ခုနှစ်၊ ....လ၊.......... ရက်နေ့..............................

တွင်၊ ရုံးထိုင်သည့် (က) .... ၌၊ .... တပ်မှ၊ (ကိုယ်ပိုင်အမှတ်၊ အဆင့်၊ အမည်) .... သည်၊ (ခ) .... ပြစ်မှုဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်း ခံရသည်ဖြစ်သောကြောင့်၊

ထို့ပြင် .... ခုနှစ်၊ ....လ၊ .... ရက်နေ့တွင်၊ အဆိုပါ (က) .... က၊ အဆိုပါ (အမည်) .... အပေါ်၊ * ....ပြစ်ဒဏ် ချမှတ်သည်ဖြစ်သောကြောင့်

(* ပြစ်ဒဏ်ကို ပြည့်စုံစွာရေးသွင်းရန်၊ သို့ရာတွင် လက်မှတ်မပါရှိရ။)

ထို့ပြင် အဆိုပါပြစ်ဒဏ် (ဂ)ကို၊ (ဃ) .... (င) ....က၊ သည်၊ အတည်ပြုရန်မလိုဘဲ၊ တရားဥပဒေနှင့် တရားဥပဒေနှင့် အညီအတည်ပြုပြီးသည်ဖြစ်သောကြောင့်၊ အညီ ခိုင်လုံသောကြောင့်၊

(က) စစ်တရားရုံးချုပ်၊ တိုင်းစစ်တရားရုံး၊ အကျဉ်းစစ်တရားရုံးချုပ်၊ သို့တည်းမဟုတ် တပ်တွင်းစစ်တရားရုံး။

(ခ) "စစ်ပြေးမှု" "ခိုးမှု"၊ "ခိုးရာပါပစ္စည်းလက်ခံမှု"၊ "လိမ်လည်လှည့်ဖြားမှု"၊ "တရားဥပဒေနှင့်ညီသော အမိန့်ကိုဖီဆန်မှု"၊ သို့တည်းမဟုတ် အခြားပြစ်မှု၊ သက်ဆိုင်ရာရာကို၊ အကျဉ်းချုပ်ဖော်ပြပါ။

(ဂ) မသက်ဆိုင်သည့် စကားရပ်များကို ပယ်ဖျက်ပါ။

(ဃ) "................................ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာစေခြင်းဖြင့်" ဟု လိုလျှင်ထည့်ပါ။

(င) အတည်ပြု အာဏာပိုင်၏အမည်၊ အဆင့်နှင့်ရာထူး။

(စ) မူလပြစ်ဒဏ်ကို လက်မှတ်ရေးထိုးသည့်နေ့ရက်ကိုရေးသွင်းပါ။

(ဆ) အကျဉ်းသား၏ တပ်မှူးလက်မှတ်၊ သို့တည်းမဟုတ် အခြားသတ်မှတ်ထားသော အရာရှိ၏ လက်မှတ်။ နည်းဥပဒေ ၁၆၅ ကိုကြည့်ပါ။

အဆိုပါ (အမည်) ....အား၊ ဤဝရမ်းနှင့်အတူ သင်၏အချုပ်တွင် လက်ခံရန်နှင့် အထက်ဖော်ပြပါ ထောင်ဒဏ်ကို တရားဥပဒေနှင့်အညီဆောင်ရွက်ရန် ၊ ဤဝရမ်းဖြင့်၊ သင့်အားတာဝန်နှင့် အာဏာပေးအပ်လိုက်သည်။ ထိုပြစ်ဒဏ်သည်၊ (စ) .... ခုနှစ်၊ ....လ .... ရက်နေ့က အစပြုသည်။

၁၉ .... ခုနှစ်၊ ....လ၊............................... ရက်နေ့တွင်၊ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

လက်မှတ်။ (ဆ)

ပုံစံ - ဃ။

အကျဉ်းသားအား၊ ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်ပေးသည့်အခါ၊ သို့တည်းမဟုတ် ၎င်းအား စစ်ဆေးစီရင်ခြင်းကိုပယ်ဖျက်သည့်အခါ၊ သို့တည်းမဟုတ် ပြစ်ဒဏ်ကို လုံးဝသော်လည်းကောင်း၊ ထိုပြစ်ဒဏ်၏ မကုန်ဆုံးသေးသည့်အပိုင်းကိုသော်လည်းကောင်း လွတ်ငြိမ်း သက်သာခွင့်ပြုသည့်အခါ၊ အသုံးပြုရန်ဝရမ်း။

[၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေ ပုဒ်မ ၁၇၈။]

သို့။

(က) .... အကျဉ်းထောင်၏ ထောင်ပိုင်ဝန်/တပ်မှူး။

.... တပ်ရင်းမှ၊ (ကိုယ်ပိုင်အမှတ်) .... (အဆင့်) .... (ဟောင်း)၊ (အမည်) .... ကို (က) .... ၌ .... နေ့ရက်တွင်၊ နှုံထိုင်သည့် (ခ) .... က၊ ထိုသူ့အပေါ် ချမှတ်သည့် (ဂ) .... ပြစ်ဒဏ်နှင့်အညီ၊ (ဃ) .... က၊ ထုတ်ပေးသည့်ဝရမ်းအရ၊ (က) .... အကျဉ်းထောင်တွင်၊ ချုပ်နှောင်ထားသည်ဖြစ်သောကြောင့်၊

ထို့ပြင်အဆိုပါ ပြစ်ဒဏ်ချမှတ်ခြင်းနှင့် စပ်လျဉ်း၍၊ ၁၉၅၉ ခုနှစ်၊ တပ်မတော် အက်ဥပဒေဖြင့်အပ်နှင်းထားသည့် အာဏာများကို သုံးစွဲလျက်၊ (င) .... က၊ (စ) .... အမိန့်ကို ချမှတ်ခဲ့ပြီးဖြစ်သောကြောင့်၊

(က) နယ်ဘက်၊ သို့တည်းမဟုတ် စစ်ဘက် အကျဉ်းထောင် အမည်ရေးသွင်းပါ။

(ခ) စစ်တရားရုံးချုပ်၊ တိုင်းစစ်တရားရုံး၊ အကျဉ်းစစ်တရားရုံးချုပ်၊ သို့တည်းမဟုတ် တပ်တွင်းစစ်တရားရုံး။

(ဂ) မူလပြစ်ဒဏ်ကို ရေးသွင်းပါ။ (ထိုအပြစ်ဒဏ်ကို အတည်ပြုအရာရှိက၊ သို့တည်းမဟုတ် အထက်အာဏာပိုင်က လျှော့ခဲ့သော်၊ အောက်ပါအတိုင်းရေးသွင်းပါ။) "အတည်ပြုအရာရှိက၊ အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၂ နှစ် ပြစ်ဒဏ်ကို ထောင်ဒဏ် ၁ နှစ်သို့ လျှော့လိုက်သည်။"

(ဃ) မူလဝရမ်းတွင် လက်မှတ်ရေးထိုးသူအရာရှိ၏ အမည်၊ သို့တည်းမဟုတ် ရာထူးကိုရေးသွင်းပါ။

(င) အကျဉ်းသားအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုသည့်၊ ချမှတ်သည့်ပြစ်ဒဏ်ကို လျှော့ပေါ့သည့်၊ သို့တည်းမဟုတ် စစ်ဆေးစီရင်ခြင်းကို ပယ်ဖျက်သည့်၊ အာဏာပိုင်၏ အမည်နှင့်ရာထူး။

(စ) အမိန့်ကို ပြည့်စုံစွာဖော်ပြရန်။

(ဆ) သတ်မှတ်ထားသော အရာရှိ၏လက်မှတ်၊ နည်းဥပဒေ ၁၆၆ ကိုကြည့်ပါ။

အဆိုပါ (အမည်) .... အား၊ အခြားအကြောင်းကြောင့် ချုပ်ထားရန်မရှိလျှင်၊ သင်၏အချုပ်မှ ချက်ခြင်းလွှတ်ရန်၊ ဤဝရမ်းဖြင့်၊ သင့်အားတာဝန်နှင့် အာဏာပေးအပ်လိုက်သည်။ ထို့ပြင် ထိုအကျဉ်းသားအား၊ သင်ထိုသို့လွှတ်ရာတွင်၊ ဤဝရမ်းသည် သင့်အတွက် လုံလောက်သော ဝရမ်းဖြစ်ရမည်။

.... ခုနှစ်၊ ....လ .... ရက်နေ့တွင်၊ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

လက်မှတ်။ (ဆ)

ပုံစံ - ၈။

မူလထက်အာဏာပိုင်က တစ်ကျွန်းပို့စာ၏ ကာလအပိုင်းအခြားကို လျှော့ပေါ့လိုက်သည့်အခါ အသုံးပြုရန်ပုံစံ။

[၁၉၂၃ ခုနှစ်၊ ထောင်တော်အက်ဥပဒေ ပုဒ်မ ၇၃။]

သို့

(က) .... အကျဉ်းထောင်၏ ထောင်ပိုင်ဝန်၊

.... တပ်ရင်းမှ၊ (ကိုယ်ပိုင်အမှတ်) .... (အဆင့်) .... (ထောင်း)၊ (အမည်) .... ကို၊ .... နှင့် ၊ .... နေ့ရက်တွင်း မှုထိုင်သည့် (ခ) .... က၊ ထိုသူအပေါ် ချမှတ်သည့် (ဂ) .... ပြစ်ဒဏ်နှင့်အညီ (ဃ) .... က၊ ထုတ်ပေးသည့်ဝရမ်းအရ (င) .... အကျဉ်းထောင်တွင်း၊ ချုပ်နှောင်ထားသည်ဖြစ်သောကြောင်း၊

ထိုပြင်အဆိုပါ ပြစ်ဒဏ်ချမှတ်ခြင်းနှင့် စပ်လျဉ်း၍၊ ၁၉၂၃ ခုနှစ်၊ တပ်မတော် အက်ဥပဒေ ဖြင့်အပ်နှင်းထားသည့် အာဏာများကို သုံး၍လျက် (စ) .... က၊ (ဆ) .... အမိန့်ကို ချမှတ်ခဲ့ပြီးဖြစ်သောကြောင်း၊

အဆိုပါ အကျဉ်းသားအား တစ်ကျွန်းပို့ဒဏ်ကိုကျခံစေရန်အတွက်၊ သတ်ဆိုင်ရာ အာဏာပိုင်ထံနှင့် သက်ဆိုင်ရာအချုပ်သို့၊ အဆိုပါအမိန့်အရ သင်က၊ ဤဝရမ်းနှင့်အတူ လက်ရောက်ပေးအပ်ခြင်းမပြုမီ တရားဥပဒေနှင့်အညီ အဆိုပါအကျဉ်းထောင်အတွင်း သင်၏ အချုပ်တွင်ထားရန်၊ အဆိုပါ (အမည်) .... အား ဤဝရမ်းနှင့်အတူလက်ခံရန်၊ ဤဝရမ်းဖြင့်၊ သင့်အားတာဝန်နှင့် အာဏာပေးအပ်လိုက်သည်။

(က) နယ်သက်အကျဉ်းထောင် အမည်ကိုဖော်ပြရမည်။
(ခ) စစ်ဘက်ခုံရုံး၊ သို့တည်းမဟုတ် အကျဉ်းစစ်တရားရုံးချုပ်။
(ဂ) မူလပြစ်ဒဏ်ကိုဖော်ပြပါ (ထိုပြစ်ဒဏ်ကို အတည်ပြုအရာရှိကသော်လည်းကောင်း၊ အခြားအထက်အာဏာပိုင် ကသော်လည်းကောင်း၊ လျှော့ပေါ့ခဲ့သော်၊ အောက်ပါအတိုင်း ဖော်ပြပါ)"အတည်ပြုအရာရှိက တစ်ကျွန်းပို့ဒဏ် ၁၄ နှစ်ကို ၁၀ နှစ်သို့လျှော့ပေါ့လိုက်သည်။"
(ဃ) မူလဝရမ်းကိုလက်မှတ်ရေးထိုးသည့် အရာရှိ၏ အမည်၊ သို့တည်းမဟုတ် ရာထူးဖော်ပြပါ။
(င) ပြစ်ဒဏ်ကိုပြောင်းလဲလိုက်သည့် အာဏာပိုင်၏ အမည်နှင့်ရာထူး။
(စ) အမိန့်ကိုပြည့်စုံစွာဖော်ပြရန်။
(ဆ) မူလပြစ်ဒဏ်ကို လက်မှတ်ရေးထိုးခဲ့သောနေ့ရက်ကိုဖော်ပြပါ။
(ဇ) သတ်မှတ်ထားသော အရာရှိ၏လက်မှတ်၊ နည်းဥပဒေ ၁၆၆ ကိုကြည့်ပါ။

အဆိုပါတစ်ကျွန်းပို့ဒကာ ကာလအပိုင်းအခြားကို (ဃ) .... ရက်နေ့မှစ၍ ရေတွက်ရန်ဖြစ်သည်။

• ....ခုနှစ်၊ .... လ၊ .... ရက်နေ့တွင်၊ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

လက်မှတ်၊ (ဃ)

ပုံစံ - ဝ။

အထက်အာဏာပိုင်က၊ ထောင်ဒဏ်တစ်ရပ်ကို လျှော့ပေါ့လိုက်သည့်အခါ၊ သို့တည်းမဟုတ် တစ်ကျွန်းပို့ဒဏ်ကို ထောင်ဒဏ်သို့လျှော့ပေါ့လိုက်သည့်အခါ၊ အသုံးပြုရန်ဝရမ်း။

[၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေ ပုဒ်မ ၁၇၈။]

သို့။

(က) .... အကျဉ်းထောင်၏ ထောင်ပိုင်ဝန်/တပ်မှူး။

.... တပ်ရင်းမှ၊ (ကိုယ်ပိုင်အမှတ်) .... (အဆင့်) .... (ဟောင်း)၊ (အမည်) .... ကို၊ .... နှင့် .... ရက်နေ့တွင်၊ ရုံးထိုင်သည့် (ခ) .... က၊ ထိုသူအပေါ် ချမှတ်သည့် (ဂ) .... ပြစ်ဒဏ်နှင့်အညီ၊ (ဃ) .... က၊ ထုတ်ပေးသောဝရမ်းအရ (က) .... အကျဉ်းထောင်တွင် ချုပ်နှောင်ထားသည်ဖြစ်သောကြောင့်၊

ထို့ပြင်အဆိုပါ ပြစ်ဒဏ်ချမှတ်ခြင်းနှင့် စပ်လျဉ်း၍၊ ၁၉၅၉ ခုနှစ်၊ တပ်မတော် အက်ဥပဒေဖြင့်အပ်နှင်းထားသည့် အာဏာများကို သုံးစွဲလျက်၊ (င) .... က၊ ထိုသူအပေါ်တွင် (စ) .... အမိန့်ကို ချမှတ်ခဲ့ပြီးဖြစ်သောကြောင့်၊

အဆိုပါ (အမည်) .... အား၊ ဤဝရမ်းနှင့်အတူ၊ သင်၏အချုပ်တွင် ထားရှိရန်နှင့် အဆိုပါအမိန့်အရ ထောင်ဒဏ်ချမှတ်ခြင်းကို၊ တရားဥပဒေနှင့်အညီ ဆောင်ရွက်ရန်၊ ဤဝရမ်းဖြင့်၊ သင့်အားတာဝန်နှင့်အာဏာပေးအပ်လိုက်သည်။ ထို့ပြင် အကျဉ်းထောင်သို့ပို့သည့် မူလဝရမ်းအစား၊ ဤဝရမ်းကိုထုတ်ပေးသည်ဖြစ်၍၊ မူလဝရမ်းကို၊ သင်က ကျွန်ုပ်ထံပြန်ပို့ရန်၊ ဤဝရမ်းဖြင့်၊ သင့်အားတာဝန်နှင့် အာဏာထပ်မံပေးအပ်လိုက်သည်။

(က) နယ်ဘက်၊ သို့တည်းမဟုတ် စစ်ဘက်အကျဉ်းထောင်၏ အမည်ကိုရေးသွင်းပါ။

(ခ) စစ်တရားရုံးချုပ်၊ တိုင်းစစ်တရားရုံး၊ အကျဉ်းစစ်တရားရုံးချုပ်၊ သို့တည်းမဟုတ် တပ်တွင်းစစ်တရားရုံး။

(ဂ) မူလပြစ်ဒဏ်ကိုရေးသွင်းပါ (ထိုပြစ်ဒဏ်ကို အတည်ပြုအရာရှိက၊ သို့တည်းမဟုတ် အခြားအထက်အာဏာပိုင်က လျှော့ပေါ့ခဲ့သော် ဤကဲ့သို့ရေးသွင်းပါ။)"အတည်ပြုအရာရှိက၊ ထောင်ဒဏ် ၂ နှစ်ကို ၁ နှစ်သို့လျှော့ပေါ့လိုက်သည်"

(ဃ) မူလဝရမ်းကိုလက်မှတ်ရေးထိုးသည့် အရာရှိ၏ အမည်၊ သို့တည်းမဟုတ် ရာထူးကိုရေးသွင်းပါ။

(င) ပြစ်ဒဏ်ကိုပြောင်းလဲလိုက်သည့် အာဏာပိုင်၏ အမည်နှင့်ရာထူး။

(စ) အမိန့်ကိုပြည့်စုံစွာဖော်ပြရန်။

(ဆ) မူလပြစ်ဒဏ်ကို လက်မှတ်ရေးထိုးခဲ့သောနေ့ရက်ကိုရေးသွင်းပါ။

(ဇ) သတ်မှတ်ထားသော အရာရှိ၏လက်မှတ်။ နည်းဥပဒေ ၁၆၆ ကိုကြည့်ပါ။

ဆိုခဲ့သည့် ထောင်ဇဏ်ကာလ အပိုင်းအခြားကို (ဆ) .... ရက်နေ့မှစ၍ ရေတွက်ရန်ဖြစ်သည်။

......................ခုနှစ်၊ .... လ၊ .... ရက်နေ့တွင် ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

လက်မှတ်။ (ဓ)

ပုံစံ - ဆ။

အကျဉ်းသားကို၊ စစ်ဘက်အချုပ်သို့ ပေးအပ်ရန် ဖြစ်သောအခါ၊ အသုံးပြုရန်ဝရမ်း။

[၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေ ပုဒ်မ ၁၇၈။]

သို့။

(က) .... အကျဉ်းထောင်၏ ထောင်ပိုင်ဝန်/တပ်မှူး။

.... တပ်ရင်းမှ၊ (ကိုယ်ပိုင်အမှတ်) .... (အဆင့်) .... (ဟောင်း)၊ (အမည်) .... ကို၊ .... ၌ .... ရက်နေ့တွင်၊ ရုံးထိုင်သည့် (ခ) .... က၊ ထိုသူ့အပေါ် ချမှတ်သည့် (ဂ) .... ပြစ်ဒဏ်နှင့်အညီ၊ (ဃ) .... က၊ ထုတ်ပေးသည့်ဝရမ်း အရ (က) .... အကျဉ်းထောင်တွင် ချုပ်နှောင်ထားသည်ဖြစ်သောကြောင့်၊

ထိုပြင်ဆိုခဲ့သည့် ပြစ်ဒဏ်ချမှတ်ခြင်းနှင့် စပ်လျဉ်း၍၊ ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေ ဖြင့်အပ်နှင်းထားသည့် အာဏာများကို သုံးစွဲလျက်၊ (င) .... က၊ ထိုသူ့အပေါ် တွင်၊ (စ) .... အမိန့်ကို ချမှတ်ခဲ့ပြီးဖြစ်သောကြောင့်၊

အဆိုပါ (အမည်) .... ကို၊ ဤဝရမ်းယူလာသူ အရာရှိ/အရာခံဗိုလ်/အကြပ်အား၊ ချက်ချင်းပေးအပ်ရန်၊ ဤဝရမ်းဖြင့်၊ သင့်အား တာဝန်နှင့် အာဏာပေးအပ်လိုက်သည်။

......................ခုနှစ်၊ .... လ၊ .... ရက်နေ့တွင်၊ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

လက်မှတ်။ (ဆ)

(က) နယ်ဘက်၊ သို့တည်းမဟုတ် စစ်ဘက်အကျဉ်းထောင်၏ အမည်ကိုရေးသွင်းပါ။

(ခ) စစ်တရားရုံးချုပ်၊ တိုင်းစစ်တရားရုံး၊ အကျဉ်းစစ်တရားရုံးချုပ်၊ သို့တည်းမဟုတ်၊ တပ်တွင်းစစ်တရားရုံး။

(ဂ) မူလပြစ်ဒဏ်ကိုရေးသွင်းပါ (ထိုပြစ်ဒဏ်ကို အတည်ပြုအရာရှိက၊ သို့တည်းမဟုတ် အထက်အာဏာပိုင်က လျှော့ပေါ့ခဲ့သော်၊ ဤကဲ့သို့ရေးသွင်းပါ)။ "အတည်ပြုအရာရှိက၊ အလုပ်ကြမ်းနှင့်ထောင်ဒဏ် ၂ နှစ်ကို ၁ နှစ်သို့လျှော့ပေါ့လိုက်သည်။"

(ဃ) မူလဝရမ်းကိုလက်မှတ်ရေးထိုးသည့် အရာရှိ၏ အမည်၊ သို့တည်းမဟုတ် ရာထူးကို ရေးသွင်းပါ။

(င) အမိန့်ထုတ်သည့်အရာရှိ၏ အမည်နှင့်ရာထူး။

(စ) အမိန့်ကိုပြည့်စုံစွာဖော်ပြရန်။

(ဆ) သတ်မှတ်ထားသော အရာရှိ၏လက်မှတ်။ နည်းဥပဒေ ၁၆၆ ကိုကြည့်ပါ။

နောက်ဆက်တွဲ (၅)။

တပ်မတော် နည်းဥပဒေ ၁၆၈၊ ၁၆၉ နှင့် ၁၇၀ တို့အရ ဝရမ်းများ။

ပုံစံ — ၁။

သေဒဏ်ချမှတ်ခြင်းခံရသူအား၊ နယ်ဘက်အကျဉ်းထောင်အချုပ်သို့ ပို့ရန်ဝရမ်း။

[တပ်မတော်နည်းဥပဒေ ၁၆၈။]

သို့

(က) .... အကျဉ်းထောင်၏ထောင်ပိုင်ဝန်။

၁၉ .... ခုနှစ်၊ .... လ ....ရက်နေ့ ....တွင်၊ ရှုံးထိုင်သည့် (ခ) .... ၌၊ .... တပ်ရင်းမှ၊ (ကိုယ်ပိုင်အမှတ်၊ အဆင့်၊ အမည်) .... သည်၊ . ... ပြစ်မှု (ပြစ်မှုကို အတိုကောက်ဖော်ပြပါ) ဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရသည် ဖြစ်သောကြောင့်၊

ထို့ပြင် .... ခုနှစ်၊ .... လ၊ .... ရက်နေ့တွင် ၊ အဆိုပါ (ခ) .... က၊ အဆိုပါ (အမည်) .... အပေါ်၊ သေဒဏ်ချမှတ်လိုက်သည်ဖြစ်သောကြောင့် ၊

အဆိုပါ (အမည်) .... နှင့် စပ်လျဉ်း၍၊ နောက်ထပ် ဝရမ်းကို သင့်အား ထုတ်ပေးသည်အထိ၊ အဆိုပါ (အမည်) .... အား၊ အဆိုပါ အကျဉ်းထောင်အတွင်း သင်၏အချုပ်တွင်၊ တရားဥပဒေနှင့်အညီ ဤဝရမ်းနှင့်အတူ လက်ခံရန်နှင့် ချုပ်နှောင်ထားရန်၊ ဤဝရမ်းဖြင့်၊ သင့်အား တာဝန်နှင့်အာဏာ ပေးအပ်လိုက်သည်။

.... ခုနှစ်၊ .... လ ....ရက် နေ့တွင်၊ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

လက်မှတ်။ (ဂ)

(က) နယ်ဘက်အကျဉ်းထောင်အမည်ကို ရေးသွင်းပါ။
(ခ) စစ်တရားရုံးချုပ်၊ သို့တည်းမဟုတ် အကျဉ်းစစ်တရားရုံးချုပ်။
(ဂ) အကျဉ်းသား၏ တပ်မှူးလက်မှတ်။

ပုံစံ ——ချ။

သေဒဏ်ချမှတ်ခြင်းခံရသူကို၊ ထိုသေဒဏ် ချမှတ်ချက် ဆောင်ရွက်ရေးအတွက်၊ နယ်ဘက် အကျဉ်းထောင်အချုပ်မှ ထုတ်ယူရန် ဝရမ်း။

[ထစ်မတော်နည်းဥပဒေ ၁၆၉၊]

သို့

(က) .... အကျဉ်းထောင်၏ထောင်ပိုင်ဝန်။

၁၉ .... ခုနှစ်၊ .... လ ....ရက်နေ့ ....တွင်၊ ရုံးထိုင်သည့် (ခ) .... က၊ သေဒဏ်ချမှတ်ထားသော .... တပ်ရင်းမှ၊ (ကိုယ်ပိုင်အမှတ်) .... (အဆင့်) .... (ဟောင်း)၊ (အမည်) .... ကို၊ (ဂ) .... က၊ ထုတ်ပေးသည့် ဝရမ်းအရ အဆိုပါ အကျဉ်းထောင်အတွင်းတွင်၊ အချုပ်ဖြင့် ထားသည်ဖြစ်သောကြောင့်၊

ထို့ပြင် အဆိုပါသေဒဏ်ချမှတ်ချက်ကို၊ တရားဥပဒေနှင့်အညီ (ဃ) ....က အတည်ပြုပြီး၍၊ ကျွန်ုပ် (င) .... (အမည်နှင့်အဆင့်) အား၊ အဆိုပါ သေဒဏ် ချမှတ်ချက်ကို ဆောင်ရွက်ရန် အမိန့်ထုတ်ပေးသည်ဖြစ်သောကြောင့်၊

အဆိုပါ (အမည်) .... ကို၊ ဤဝရမ်းယူလာသူ အရာရှိ/ အရာခံဗိုလ်/ အကြပ်အား၊ ချက်ချင်းပေးအပ်ရန်၊ ဤဝရမ်းဖြင့်၊ သင့်အား တာဝန်နှင့် အာဏာပေးအပ် လိုက်သည်။

.... ခုနှစ်၊ .... လ ....ရက် နေ့တွင်၊ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

လက်မှတ်။ (စ)

(က) နယ်ဘက်အကျဉ်းထောင်အမည်ကို ရေးသွင်းပါ။
(ခ) စစ်တရားရုံးချုပ်၊ သို့တည်းမဟုတ် အကျဉ်းစစ်တရားရုံးချုပ်။
(ဂ) မူလဝရမ်းကို လက်မှတ်ရေးထိုးသည့်အရာရှိ၏အမည်၊ သို့တည်းမဟုတ် ရာထူးကိုရေးသွင်းပါ။
(ဃ) အတည်ပြုအာဏာပိုင်၏ အမည်နှင့်ရာထူး။
(င) အမိန့်လက်ခံရရှိသောအရာရှိ၏ အမည်နှင့်ရာထူး။
(စ) အမိန့်ထုတ်ပေးသော အရာရှိ၏လက်မှတ်။

ပုံစံ — ည။

သေဒဏ်ချမှတ်ခြင်းခံရပြီး၊ နယ်ဘက်အကျဉ်းထောင် အချုပ်သို့ ပို့ထားခြင်း ခံရသူတစ်ဦးအပေါ် ချမှတ်သည့် သေဒဏ်ကို တစ်ကျွန်းပို့ဒဏ်သို့ လျှော့ပေါ့ပြောင်းလဲလိုက်သောအခါ၊ အသုံးပြုရန်ဝရမ်း။

[တပ်မတော်နည်းဥပဒေ ၁၇၀။]

သို့

(က) .... အကျဉ်းထောင်၏ထောင်ပိုင်ဝန်၊

.... တပ်ရင်းမှ၊ (ကိုယ်ပိုင်အမှတ်) .... (အဆင့်) ....(ဟောင်း) (အမည်) .... ကို၊ ....ခုနှစ်၊ .... လ .... ရက်နေ့, ... တွင်၊ ရုံးထိုင်သည့် (ခ) .... က၊ ထိုသူ့အပေါ် သေဒဏ်ချမှတ်ချက်နှင့်အညီ၊ (ဂ) .... က၊ ထုတ်ပေးသည့် ဝရမ်းအရ (က) .... အကျဉ်းထောင်တွင်၊ ချုပ်နှောင်ထားသည် ဖြစ်သောကြောင့်၊

ထို့ပြင် ဆိုခဲ့သည့်ပြစ်ဒဏ်ချမှတ်ချက်နှင့် စပ်လျဉ်း၍၊ ၁၉၅၉ ခုနှစ်၊ တပ်မတော် အက်ဥပဒေဖြင့် အပ်နှင်းထားသည့် အာဏာများကို သုံးစွဲလျက်၊ (ဃ) .... က၊ ထိုသူအပေါ်တွင်၊ (င) .... အမိန့်ကို ချမှတ်ခဲ့ပြီး ဖြစ်သောကြောင့်၊

အဆိုပါ အကျဉ်းသားအား၊ အထက်ဖော်ပြပါ တစ်ကျွန်းပို့ဒဏ်ကို ကျခံစေရန်အတွက်၊ သက်ဆိုင်ရာ အာဏာပိုင်ထံနှင့် သက်ဆိုင်ရာ အချုပ်သို့၊ သင်က၊ ဤဝရမ်းနှင့်အတူ လက်ရောက် ပေးအပ်ခြင်းမပြုမီ၊ တရားဥပဒေနှင့်အညီ၊ အဆိုပါ ဒ·ကျဉ်းထောင်အတွင်း၊ အဆိုပါ (အမည်) .... အား၊ ဤဝရမ်းနှင့်အတူ၊ သင်၏ အချုပ်တွင်ထားရန်၊ ဤဝရမ်းဖြင့် သင့်အား တာဝန် နှင့် အာဏာပေးအပ်လိုက်သည်၊ ထို့ပြင် အကျဉ်းထောင်သို့ ပို့သည့် မူလဝရမ်းအစား၊ ဤဝရမ်းကို ထုတ်ပေးသည်ဖြစ်၍၊ မူလဝရမ်းကို၊ သင်က ကျွန်ုပ်ထံ ပြန်၍ပို့ရန် ဤဝရမ်းဖြင့်၊ သင့်အား တာဝန်နှင့် အာဏာထပ်မံ ပေးအပ်လိုက်သည်။ အဆိုပါ တစ်ကျွန်းပို့ဒဏ် ကာလအပိုင်းအခြားကို (စ) .... ရက်နေ့မှစ၍ ရေတွက်ရန် ဖြစ်သည်။

.... ခုနှစ်၊ .... လ .... ရက်နေ့တွင်၊ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

လက်မှတ်။ (ဆ)

(က) နယ်ဘက်အကျဉ်းထောင်အမည်ကို ရေးသွင်းပါ။

(ခ) စစ်တရားရုံးချုပ်၊ သို့တည်းမဟုတ် အကျဉ်းစစ်တရားရုံးချုပ်။

(ဂ) မူလဝရမ်းကို လက်မှတ်ရေးထိုးသည့်အရာရှိ၏အမည်၊ သို့တည်းမဟုတ် ရာထူးကိုရေးသွင်းပါ။

(ဃ) ပြစ်ဒဏ်ချမှတ်ခြင်းကို လျှော့ပေါ့ပြောင်းလဲလိုက်သည့်အာဏာပိုင်၏အမည်နှင့်ရာထူး။

(င) အမိန့်ကိုပြည့်စုံစွာဖော်ပြရန်။

(စ) မူလပြစ်ဒဏ်ချမှတ်ချက်ကို လက်မှတ်ရေးထိုးသည့်နေ့ရက်ကို ရေးသွင်းပါ။

(ဆ) တပ်မှူး၏ လက်မှတ်။

ပုံစံ — ၉။

သေဒဏ်ချမှတ်ခြင်းခံရပြီး၊ နယ်ဘက်အကျဉ်းထောင် အချုပ်သို့ ပို့ထားခြင်းခံရသူတစ်ဦးပေါ် ချမှတ်သည့် သေဒဏ်ကို၊ အဆိုပါ အကျဉ်းထောင်တွင် ကျခံရမည့် ထောင်ဒဏ်သို့ လျှော့ပေါ့ပြောင်းလဲလိုက်သောအခါ၊ အသုံးပြုရန်ဝရမ်း။

[တစ်မတော်နည်းဥပဒေ ၁၇၀။]

သို့

(က) .... အကျဉ်းထောင်၏ထောင်ပိုင်ဝန်။

.... တပ်မှု၊ (ကိုယ်ပိုင်အမှတ်) .... (အဆင့်) ....(ဟောင်း)၊ (အမည်) .... ကို၊ ....၌ .... ရက်နေ့တွင်၊ ရုံးထိုင်သည့် (ခ) .... က၊ ထိုသူ့အပေါ်၊ သေဒဏ်ချမှတ်ချက်နှင့်အညီ၊ (ဂ) .... က၊ ထုတ်ပေးသည့် ဝရမ်းအရ (က) .... အကျဉ်းထောင်တွင် ချုပ်နှောင်ထားသည် ဖြစ်သောကြောင်း၊

ထို့ပြင် ဆိုခဲ့သည့်ပြစ်ဒဏ်ချမှတ်ချက်နှင့် စပ်လျဉ်း၍၊ ၁၉၅၉ ခုနှစ်၊ တပ်မတော် အက်ဥပဒေဖြင့် အပ်နှင်းထားသည့် အာဏာများကို သုံးစွဲလျက်၊ (ဃ) .... က၊ ထိုသူအပေါ်တွင်၊ (င) .... အမိန့်ကို ချမှတ်ခဲ့ပြီး ဖြစ်သောကြောင်း၊

အဆိုပါ (အမည်) .... အား၊ ဤဝရမ်းနှင့်အတူ၊ သင်၏ အချုပ်တွင်ထားရှိရန်နှင့် အဆိုပါ အမိန့်အရ ထောင်ဒဏ်ချမှတ်ချက်ကို၊ တရားဥပဒေနှင့်အညီ ဆောင်ရွက်ရန်၊ ဤဝရမ်းဖြင့် သင့်အား တာဝန်နှင့် အာဏာပေးအပ်လိုက်သည်။ ထို့ပြင် အကျဉ်းထောင်ပို့သည့် မူလဝရမ်းအစား၊ ဤဝရမ်းကို ထုတ်ပေးသည်ဖြစ်၍၊ မူလဝရမ်းကို သင်က ကျွန်ုပ်ထံ ပြန်ပို့ရန်၊ ဤဝရမ်းဖြင့်၊ သင့်အား တာဝန်နှင့် အာဏာထပ်မံ ပေးအပ်လိုက်သည်။.

အဆိုပါ ထောင်ဒဏ် ကာလအပိုင်းအခြားကို (စ) .... ရက်နေ့မှ စ၍ ရေတွက်ရန် ဖြစ်သည်။

.... ခုနှစ်၊ .... လ .... ရက်နေ့တွင်၊ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

လက်မှတ်။ (ဆ)

(က) နယ်ဘက်အကျဉ်းထောင်အမည်ကို ရေးသွင်းပါ။
(ခ) စစ်တရားရုံးချုပ်၊ သို့တည်းမဟုတ် အကျဉ်းစစ်တရားရုံးချုပ်။
(ဂ) မူလဝရမ်းကို လက်မှတ်ရေးထိုးသည့်အရာရှိ၏အမည်၊ သို့တည်းမဟုတ် ရာထူးကိုရေးသွင်းပါ။
(ဃ) ပြစ်ဒဏ်ကို လျှော့ပေါ့ပြောင်းလဲသည့် အာဏာပိုင်၏အမည်နှင့်ရာထူး။
(င) အမိန့်ကို ပြည့်စုံစွာ ဖော်ပြရန်။
(စ) မူလပြစ်ဒဏ်ကို လက်မှတ်ရေးထိုးသည့်နေ့ရက်ကို ရေးသွင်းပါ။
(ဆ) တပ်မှူး၏ လက်မှတ်။

ပုံစံ — ၄၅။

သေဒဏ်ချမှတ်ခြင်းခံရပြီးနောက်၊ နယ်ဘက်အကျဉ်းထောင် အချုပ်သို့ပို့ထားခြင်း ခံရသူအား၊ သေဒဏ်ချမှတ်ချက်ဆောင်ရွက်ရန် ကိစ္စမှတစ်ပါး၊ အခြားကိစ္စတစ်ရပ်အတွက်၊ စစ်ဘက် အချုပ်သို့ ပေးအပ်ရန်ဖြစ်သောအခါ၊ အသုံးပြုရန်ဝရမ်း။

[တပ်မတော်နည်းဥပဒေ ၁၇၀။]

သို့

(က) .... အကျဉ်းထောင်၏ထောင်ပိုင်ဝန်။

.... တပ်ရင်းမှ၊ (ကိုယ်ပိုင်အမှတ်) ....

(အဆင့်) ....(ဟောင်း)၊ (အမည်) .... ကို၊............................၌၊ .... ရက်နေ့တွင်၊ ရုံးထိုင်သည့် (ခ) .... က၊ ထိုသူ့အပေါ်၊ သေဒဏ်ချမှတ်ချက်နှင့်အညီ (ဂ) .... က၊ ထုတ်ပေးသည့် ဝရမ်းအရ (က) .... အကျဉ်းထောင်တွင် ချုပ်နှောင်ထားသည် ဖြစ်သောကြောင့်၊

ထို့ပြင် ဆိုခဲ့သည့်ပြစ်ဒဏ်ချမှတ်ချက်နှင့် စပ်လျဉ်း၍၊ ၁၉၅၉ ခုနှစ်၊ တပ်မတော် အက်ဥပဒေဖြင့် အပ်နှင်းထားသည့် အာဏာများကို သုံးစွဲလျက်၊ (ဃ) .... က၊ ထိုသူအပေါ်တွင်၊ (င) .... အမိန့်ကို ချမှတ်ခဲ့ပြီး ဖြစ်သောကြောင့်၊

အဆိုပါ (အမည်) .... ကို၊ ဤဝရမ်းယူလာသူ အရာရှိ/ အရာခံဗိုလ်/ အကြပ်အား၊ ချက်ချင်းပေးအပ်ရန်၊ ဤဝရမ်းဖြင့်၊ သင့်အား တာဝန်နှင့် အာဏာပေးအပ် လိုက်သည်။

.... ခုနှစ်၊ .... လ .... ရက်နေ့တွင်၊ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

လက်မှတ်။ (စ)

(က) နယ်ဘက်အကျဉ်းထောင်အမည်ကို ရေးသွင်းပါ။
(ခ) စစ်တရားရုံးချုပ်၊ သို့တည်းမဟုတ် အကျဉ်းစစ်တရားရုံးချုပ်။
(ဂ) မူလဝရမ်းကို လက်မှတ်ရေးထိုးသည့်အရာရှိ၏အမည်၊ သို့တည်းမဟုတ် ရာထူးကိုရေးသွင်းပါ။
(ဃ) အမိန့်ထုတ်ပေးသည့် အာဏာပိုင်၏အမည်နှင့်ရာထူး။
(င) အမိန့်ကို ပြည့်စုံစွာ ဖော်ပြရန်။
(စ) ဘပ်မှူး၏ လက်မှတ်။

နောက်ဆက်တွဲ ၆။

ပုံစံ ၁။

၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေ ပုဒ်မ ၁၉၈၊ ပုဒ်မခွဲ (၄) အရ သေဆုံးသူ (အရာရှိ) တစ်ဦး၏ ကိုယ်စားဆောင်ရွက်သူက ချုပ်ဆိုရန် ခံဝန်ချုပ်ပုံစံ။

သို့

နိုင်ငံတော်သမ္မတ၊

ပြည်ထောင်စု မြန်မာနိုင်ငံတော်။

.... ခရိုင်၊ .... မြို့နယ်၊ ....

..........................ရွာ၊ .... ၏သား/သမီး၊ ကျွန်တော်/ ကျွန်မ ....

.... သည်၊ စီမံခန့်ခွဲရေးကော်မတီ (နောက်တွင်၊ "ကော်မတီ" ဟုခေါ်သည်) က၊ ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေ (နောက်တွင်၊ "အက်ဥပဒေ" ဟု ရည်ညွှန်းသည်) ပုဒ်မ ၁၉၈၊ ပုဒ်မခွဲ (၁) နှင့် (၂) တို့အရ၊ လက်ခံရရှိသောပစ္စည်းကို၊ ကျွန်တော်/ကျွန်မထံ ပေးအပ်ရန် ကော်မတီသို့ လျှောက်ထားပြီး ဖြစ်သည်ကတစ်ကြောင်း၊

အဆိုပါ အက်ဥပဒေ ပုဒ်မ ၁၉၈၊ ပုဒ်မခွဲ (၄) အရ လိုအပ်သည့် အာမခံကို ကျွန်တော်/ ကျွန်မ က ပေးပါလျှင်၊ ကော်မတီက၊ ထိုပစ္စည်းကို၊ ကျွန်တော်/ကျွန်မအား ပေးအပ်ရန် သဘောတူပြီး၍၊ ကျွန်တော်/ကျွန်မ၏ .... (ဆွေမျိုးတော်စပ်ခြင်း) ဖြစ်သည့်၊ ကွယ်လွန်သူ .... ၏ ပစ္စည်းဥစ္စာများပေါ်တွင် တင်ရှိနေသော၊ စခန်း၌ ဖြစ်စေ၊ နေထိုင်ရာနေရာ၌ဖြစ်စေ၊ ရှိသည့်တပ်ကြွေးမြီများနှင့် အခြားကြွေးမြီများ ရှိခဲ့လျှင်၊ ထိုကြွေးမြီများ အပြင်၊ သေဆုံးသူ၏ မသာစရိတ်စကများ၊ သေဆုံးသူ၏ ပစ္စည်းဥစ္စာများနှင့် စပ်လျဉ်း၍၊ ကော်မတီက ကုန်ကျ ရသော စရိတ်စကများရှိခဲ့လျှင်၊ ထိုစရိတ်စကများကိုပါ ပေးရန်အတွက်၊ ခံဝန်သူတစ်ယောက်/ နှစ်ယောက် ဖြင့် ခံဝန်ပေးရန် ညွှန်ကြားပြီး ဖြစ်သည်ကတစ်ကြောင်း၊

ထို့ပြင် .... ခရိုင်၊ .... မြို့နယ်၊ ....

.... ရွာ၊ .... ၏ သား/သမီး ....

နှင့် .... ခရိုင်၊ .... မြို့နယ်၊ .... ရွာ၊

.... ၏ သား/သမီး .... က / တို့က၊ ကျွန်တော်/ကျွန်မအတွက် ခံဝန်သူ (များ) အဖြစ် ဤခံဝန်ချုပ်ကို ချုပ်ဆိုရန် သဘောတူ (ကြ)ပြီး ဖြစ်သည် က တစ်ကြောင်း၊

ထိုအကြောင်းများကြောင့် အထက်ဆိုခဲ့ပြီး ဖြစ်သည့်အတိုင်း၊ ထိုပစ္စည်းကို၊ ကော်မတီက၊ ကျွန်တော်/ကျွန်မ ....(သေဆုံးသူ၏ ကိုယ်စားဆောင်ရွက်သူအမည်) အား ပေးအပ်ခြင်းကို ထောက်ထား၍၊ (၁) ....(သေဆုံးသူ၏ ကိုယ်စားဆောင်ရွက်သူအမည်) နှင့် (၂) .... ခရိုင်၊ .... မြို့နယ်၊ .... ရွာ၊ .... ၏ သား/သမီး .... (ခံဝန်သူ)၊ (ခံဝန်သူများဖြစ်လျှင်) .... ခရိုင်၊ .... မြို့နယ်၊ .... ရွာ၊ .... ၏ သား/သမီး .... နှင့် ....ခရိုင်၊ .... မြို့နယ်၊ .... ရွာ၊ .... ၏ သား/သမီး .... တို့ ဖြစ်ကြသော၊ ကျွန်တော်/ကျွန်မတို့က၊ သေဆုံးသူ .... သည်၊ မိမိသေဆုံးသည့်အခါ၌၊ ပေးဆပ် ရန်ရှိသော၊ စခန်း၌ဖြစ်စေ၊ နေထိုင်ရာနေရာ၌ဖြစ်စေ၊ ရှိသည့် တပ်ကြွေးမြီများနှင့် အခြားကြွေးမြီများ၊ သေဆုံးသူ၏ မသာစရိတ်စကအနက်၊ အစိုးရက မပေးသည့် စရိတ်စကများနှင့် သေဆုံးသူ .... ၏ ပစ္စည်းဥစ္စာနှင့်စပ်လျဉ်း၍၊ ကော်မတီက ကုန်ကျရသည့် စရိတ်စက အားလုံးကို၊ နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်သမ္မတ၏ ကိုယ်စားလှယ်များ၊ ဆက်ခံသူများနှင့် လွှဲအပ်ခြင်း ခံရသူများ အား၊ ပူးတွဲ၍သော်လည်းကောင်း၊ ကိုယ်စီကိုယ်ငှသော်လည်းကောင်း၊ အပြေအလည် ပေးဆပ်ရန် သဘောတူညီ၍ တာဝန်ယူ သည့် အပြင်၊ ပေးဆပ်ပါမည်ဟူ၍လည်း အာမခံပါသည်။

ထို့ပြင် မည်သူကမဆို၊ နိုင်ငံတော်သမ္မတအပေါ် တွင် တောင်းဆိုခြင်းတစ်ရပ် ပြုလုပ်သည့်အခါ၊ ကျွန်တော်/ ကျွန်မတို့က၊ နိုင်ငံတော်သမ္မတအား၊ ပေးလျော်ရန်လည်းကောင်း၊ အထက်ဆိုခဲ့ပြီးသည့်အတိုင်း၊ ပစ္စည်းဥစ္စာပေးအပ်ခြင်းအတွက်၊ ပစ္စည်းဥစ္စာပေးအပ်ခြင်းကြောင့်၊ ပစ္စည်းဥစ္စာပေးအပ်ခြင်းနှင့် စပ်လျဉ်း၍၊ ပစ္စည်းဥစ္စာပေးအပ်သည့်အကြောင်းကြောင့်၊ သို့တည်းမဟုတ် ပစ္စည်းဥစ္စာပေးအပ်ပြီးနောက် ဖြစ်ပေါ်သည့် အကြောင်းကြောင့်၊ နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်သမ္မတ၏ ဆက်ခံသူများနှင့် လွှဲအပ်ခံရသူများ၊ သို့တည်းမဟုတ် နိုင်ငံတော်အစိုးရ၏ မည်သည့်အရာရှိတစ်ဦးဦး၊ သို့တည်းမဟုတ် အမှုထမ်းတစ်ဦးဦးအပေါ် တွင် ဖြစ်စေသည့်၊ သို့တည်းမဟုတ် လူတစ်ဦးဦးကသော်လည်းကောင်း၊ တရားဥပဒေအရ ဖွဲ့စည်းထားသော အဖွဲ့အစည်းကသော်လည်းကောင်း၊ နောင်မည်သည့်အခါတွင်မဆို ပြုလုပ်ဆောင်ရွက်ရမည့်၊ သို့တည်းမဟုတ် ပြုလုပ်ဆောင်ရွက်နိုင်သည့်၊ စတင်ပြုလုပ်ရမည့်၊ သို့တည်းမဟုတ် စတင်ပြုလုပ်နိုင်သည့်၊ သို့တည်းမဟုတ် တရားမမှုစွဲဆိုရမည့်၊ သို့တည်းမဟုတ် တရားမမှုစွဲဆိုနိုင်သည့် အရေးယူဆောင်ရွက်ခြင်း အရပ်ရပ်၊ တရားမမှုများနှင့် အခြားတရားမှုခင်းများ၊ စရိတ်များ၊ ပစ္စည်းပေါ်တင်သည့် အမိုးအခများ၊ နစ်နာကြေးများနှင့် ကုန်ကျစရိတ်များအတွက်၊ နိုင်ငံတော်သမ္မတအား တာဝန်ကင်းလွတ်စေရန်လည်းကောင်း၊ သဘောတူပါသည်။ ထို့ပြင် ကျွန်တော်/ကျွန်မတို့သည်၊ နိုင်ငံတော်သမ္မတက၊ ကျခံရသော မည်သည့် ဆုံးရှုံးခြင်းကိုမဆို ပူးတွဲ၍သော်လည်းကောင်း၊ ကိုယ်စီကိုယ်ငှသော်လည်းကောင်း၊ ပေးလျော်ပါ

မည်။ ထို့ပြင် နိုင်ငံတော်သမ္မတအား၊ ထိုသို့ဆုံးရှုံးခြင်းအတွက်၊ အခြားနည်းဖြင့် လျော်ကြေးပေးမည့်ပြင်၊ လျော်ကြေးပေးမြဲအတိုင်းလည်း ပေးပါမည်။

အထက် အမည်ပါ ကျွန်တော်/ကျွန်မတို့သည် .... ခုနှစ်၊ .... လ .... ရက်နေ့တွင် လက်မှတ်ရေးထိုး ပေးအပ်ပါသည်။

သေဆုံးသူ .... ၏ ကိုယ်စားဆောင်ရွက်သူ (အမည်) .... က အောက်ပါသက်သေများရှေ့တွင် လက်မှတ်ရေးထိုးသည်။ ၁။ .... ၂။	.... သေဆုံးသူ၏ ကိုယ်စားဆောင်ရွက်သူ၏ လက်မှတ်
အထက်အမည်ပါ .... ခံဝန်သူ (၁) နှင့် .... ခံဝန်သူ (၂) တို့က အောက်ပါ သက်သေများ ရှေ့တွင် လက်မှတ်ရေးထိုးကြသည်။ ၁။ .... ၂။	.... ခံဝန်သူ (၁) ၏ လက်မှတ်။ .... ခံဝန်သူ (၂) ၏ လက်မှတ်။

နောက်ဆက်တွဲ ၆။

ပုံစံ ၂

၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေ ပုဒ်မ ၁၉၈၊ ပုဒ်မခွဲ (၄) အရ သေဆုံးသော အရာရှိ မဟုတ်သူတစ်ဦး၏ ကိုယ်စားဆောင်ရွက်သူက ချုပ်ဆိုရန် ခံဝန်ချုပ်ပုံစံ။

သို့၊

နိုင်ငံတော်သမ္မတ၊

ပြည်ထောင်စု မြန်မာနိုင်ငံတော်။

.... ခရိုင်၊ .... မြို့နယ်၊ ....ရွာ .... ၏ သား / သမီး၊ ကျွန်တော်/ ကျွန်မ .... သည်၊ .... တပ်အဖွဲ့/ ဌာန/ ခွဲထုတ်တပ်/ သင်္ဘော/ တပ်၏တပ်မှူး (နောက်တွင်၊ "တပ်မှူး" ဟု ခေါ်သည်) က ၊ ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေ (နောက်တွင်၊ "အဆိုပါ အက်ဥပဒေ" ဟု ရည်ညွှန်းသည်) ပုဒ်မ ၁၉၈ ၏ ပုဒ်မခွဲ (၁) နှင့် (၂) တို့အရ လက်ခံရရှိသော ပစ္စည်းကို ကျွန်တော်/ ကျွန်မတို့အား ပေးအပ်ရန် တပ်မှူးထံသို့ လျှောက်ထားပြီးဖြစ်သည်က တစ်ကြောင်း၊

အဆိုပါ အက်ဥပဒေ ပုဒ်မ ၁၉၈၊ ပုဒ်မခွဲ (၄) အရ လိုအပ်သည့် အာမခံကို ကျွန်တော်/ ကျွန်မက ပေးပါလျှင်၊ တပ်မှူးက ထိုပစ္စည်းကို ကျွန်တော်/ ကျွန်မအား ပေးအပ်ရန် သဘောတူပြီး၍၊ ကျွန်တော်/ကျွန်မ၏ .... (ဆွေမျိုးတော်စပ်ခြင်း) ဖြစ်သည့် သေဆုံးသူ .... ၏ ပစ္စည်းဥစ္စာများပေါ်တွင် တင်ရှိနေသော၊ စခန်း၌ဖြစ်စေ၊ နေထိုင်ရာ နေရာ၌ဖြစ်စေ ရှိသည့် တပ်ကြွေးမြီများနှင့် အခြားကြွေးမြီများရှိခဲ့လျှင်၊ ထို ကြွေးမြီများအပြင်၊ သေဆုံးသူ၏ မသာစရိတ်စကများ၊ သေဆုံးသူ၏ ပစ္စည်းဥစ္စာများနှင့် စပ်လျဉ်း၍၊ တပ်မှူးက ကုန်ကျရသော စရိတ်စကများရှိခဲ့လျှင်၊ ထိုစရိတ်စကများကိုပါ ပေးရန်အတွက်၊ ခံဝန်သူတစ်ယောက်/ နှစ်ယောက်ဖြင့် ခံဝန်ပေးရန် ညွှန်ကြားပြီး ဖြစ်သည်ကတစ်ကြောင်း၊

ထို့ပြင် .... ခရိုင်၊ .... မြို့နယ်၊ .... ရွာ .... ၏ သား/သမီး .... /နှင့် .... ခရိုင်၊ .... မြို့နယ်၊ .... ရွာ၊ .... ၏ သား/သမီး .... က /တို့က၊ ကျွန်တော်/ကျွန်မအတွက် ခံဝန်သူ (များ) အဖြစ်၊ ဤခံဝန်ချုပ်ကို ချုပ်ဆိုရန် သဘောတူ (ကြ) ပြီးဖြစ်သည်ကတစ်ကြောင်း၊

ထိုအကြောင်းများကြောင့် အထက်ဆိုခဲ့ပြီး ဖြစ်သည့်အတိုင်း ထိုပစ္စည်းကို၊ တပ်မှူးက၊ ကျွန်တော်/ကျွန်မ ....(သေဆုံးသူ၏ ကိုယ်စားဆောင်ရွက်သူအမည်) အား ပေးအပ်ခြင်းကို ထောက်ထား၍၊ (၁) ....(သေဆုံးသူ၏ ကိုယ်စားဆောင်ရွက်သူအမည်နှင့်) (၂) .... ခရိုင်၊ .... မြို့နယ်၊
.... ရွာ၊ .... ၏ သား/သမီး ....
.... (ခံဝန်သူ)၊ (ခံဝန်သူများဖြစ်လျှင်) .... ခရိုင်၊
.... မြို့နယ်၊ .... ရွာ၊ ....
.... ၏ သား/သမီး .... /နှင့် ....
ခရိုင်၊ .... မြို့နယ်၊ .... ရွာ၊ .... ၏ သား/သမီး ....
တို့ ဖြစ်ကြသော၊ ကျွန်တော်/ကျွန်မတို့က၊ သေဆုံးသူ .... သည်၊ မိမိသေဆုံးသည့်အခါ၌၊ ပေးဆပ် ရန်ရှိသော၊ စခန်း၌ဖြစ်စေ၊ နေထိုင်ရာနေရာ၌ဖြစ်စေ၊ ရှိသည့် တပ်ကြွေးမြီများနှင့် အခြားကြွေးမြီများ၊ သေဆုံးသူ၏ မသာစရိတ်စကအနက်၊ အစိုးရက ပေးခြင်းမပြုသည့် စရိတ်စကများနှင့် သေဆုံးသူ .... ၏ ပစ္စည်းဥစ္စာနှင့်စပ်လျဉ်း၍၊ တပ်မှူးက ကုန်ကျသည့် စရိတ်စက အားလုံးကို၊ နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်သမ္မတ၏ ကိုယ်စားလှယ်များ၊ ဆက်ခံသူများနှင့် လွှဲအပ်ခြင်း ခံရသူများအား၊ ပူးတွဲ၍သော်လည်းကောင်း၊ ကိုယ်စီကိုယ်ငှသော်လည်းကောင်း၊ အပြေအလည် ပေးဆပ်ရန် သဘောတူညီ၍ တာဝန်ယူသည့်ပြင်၊ ပေးဆပ်ပါမည်ဟူ၍လည်း အာမခံပါသည်။

ထို့ပြင် မည်သူကမဆို၊ နိုင်ငံတော်သမ္မတအပေါ်တွင် တောင်းဆိုခြင်းတစ်ရပ် ပြုလုပ်သည့်အခါ၊ ကျွန်တော်/ ကျွန်မတို့က၊ နိုင်ငံတော်သမ္မတအား၊ ပေးလျော်ရန်လည်းကောင်း၊ အထက်ဆိုခဲ့ပြီးသည့်အတိုင်း၊ ပစ္စည်း ဥစ္စာပေးအပ်ခြင်းအတွက်၊ ပစ္စည်းဥစ္စာပေးအပ်ခြင်းကြောင့်၊ ပစ္စည်းဥစ္စာပေးအပ်ခြင်းနှင့် စပ်လျဉ်း၍၊ ပစ္စည်းဥစ္စာပေးအပ်သည့်အကြောင်းကြောင့်၊ သို့တည်းမဟုတ် ပစ္စည်းဥစ္စာပေးအပ်ပြီးနောက်၊ ဖြစ်ပေါ်သည့် အကြောင်းကြောင့်၊ နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်သမ္မတ၏ ဆက်ခံသူများနှင့် လွှဲအပ်ခံရသူများ၊ သို့တည်းမဟုတ် နိုင်ငံတော်အစိုးရ၏ မည်သည့်အရာရှိတစ်ဦးဦး၊ သို့တည်းမဟုတ် အမှုထမ်းတစ်ဦးဦးအပေါ်တွင် ဖြစ်စေသည့်၊ သို့တည်းမဟုတ် လူတစ်ဦးဦးကသော်လည်းကောင်း၊ တရားဥပဒေအရ ဖွဲ့စည်းထားသော အဖွဲ့အစည်းကသော်လည်းကောင်း၊ နောင်မည်သည့်အခါတွင်မဆို ပြုလုပ်ဆောင်ရွက်ရမည့်၊ သို့တည်းမဟုတ် ပြုလုပ်ဆောင်ရွက်နိုင်သည့်၊ စတင်ပြုလုပ်ရမည့်၊ သို့တည်းမဟုတ် စတင်ပြုလုပ်နိုင် သည့်၊ သို့တည်းမဟုတ် တရားမမှုစွဲဆိုရမည့်၊ သို့တည်းမဟုတ် တရားမမှုစွဲဆိုနိုင်သည့် အရေးယူဆောင်ရွက်ခြင်း အရပ်ရပ်၊ တရားမ မှုများနှင့် အခြားတရားမှုခင်းများ၊ စရိတ်များ၊ ပစ္စည်းပေါ်တင်သည့် အဖိုးအခများ၊ နစ်နာကြေးများနှင့် ကုန်ကျစရိတ်များအတွက်၊ နိုင်ငံတော်သမ္မတအား တာဝန်ကင်းလွတ်စေရန် လည်းကောင်း၊ သဘောတူပါသည်။ ထို့ပြင် ကျွန်တော်/ကျွန်မတို့သည်၊ နိုင်ငံတော်သမ္မတက၊ ကျခံရသော မည်သည့် ဆုံးရှုံးခြင်းကိုမဆို၊ ပူးတွဲ၍သော်လည်းကောင်း၊ ကိုယ်စီကိုယ်ငှသော်လည်းကောင်း၊ ပေးလျော်ပါ

မည်။ ထို့ပြင် နိုင်ငံတော် သမ္မတအား ထိုသို့ဆုံးရှုံးခြင်းအတွက်၊ အခြားနည်းဖြင့် လျော်ကြေးပေးမည့်ပြင်၊ လျော်ကြေးပေးမြဲ အတိုင်းလည်း ပေးပါမည်။

အထက် အမည်ပါ ကျွန်တော်/ကျွန်မတို့သည် .... ခုနှစ်၊ .... လ .... ရက်နေ့တွင် လက်မှတ်ရေးထိုး ပေးအပ်ပါသည်။

သေဆုံးသူ .... ၏ ကိုယ်စားဆောင်ရွက်သူ (အမည်) .... က အောက်ပါသက်သေများရှေ့တွင် လက်မှတ်ရေးထိုးသည်။

၁။ ....

၂။ ....

....

သေဆုံးသူ၏ ကိုယ်စားဆောင်ရွက်သူ၏ လက်မှတ်

အထက်အမည်ပါ ....

ခံဝန်သူ (၁) နှင့် ....

ခံဝန်သူ (၂) တို့က အောက်ပါ သက်သေများ ရှေ့တွင် လက်မှတ်ရေးထိုးကြသည်။

၁။ ....

၂။ ....

....

ခံဝန်သူ (၁) ၏ လက်မှတ်။

....

ခံဝန်သူ (၂) ၏ လက်မှတ်။

နောက်ဆက်တွဲ ၆။

ပုံစံ ၃။

နို့တစ်စာပုံစံ။

[တပ်မတော်နည်းဥပဒေ ၂၁၀။]

.... ရက်နေ့တွင် * သေဆုံးသည့်၊ .... တပ်မှ (ကိုယ်ပိုင်အမှတ်၊ အဆင့်၊ အမည်) .... ၏ ပစ္စည်းဥစ္စာနှင့် စပ်လျဉ်းခြင်း။

.... ရက်နေ့မှစ၍၊ .... သည်၊ ပျောက်ဆုံးသည်ဟု အမှန်စုံစမ်းသိရှိသည်။

.... ရက်နေ့မှစ၍၊ .... သည်၊ သေဆုံးသည်ဟု ဆိုင်ရာအာဏာပိုင်က မှတ်ယူသည်။

အထက်ဖော်ပြရာပါ သေဆုံးသူပိုင် ပစ္စည်းဥစ္စာ၏ ပိုင်ငွေအဖြစ် ကျပ် ....ကို (ကိုယ်ပိုင်အမှတ်၊ အဆင့်၊ အမည်) .... ၏ ကိုယ်စား ဆောင်ရွက်သူအား ပေးရန်အတွက်၊ †................................ ထံတွင် အသင့်ရနိုင်ကြောင်း နို့တစ်စာကို၊ ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေ ပုဒ်မ ၂၀၃ အရ ပေးပို့လိုက်သည်။

(ကိုယ်ပိုင်အမှတ်၊ အဆင့်၊ အမည်) .... ၏ ကိုယ်စားဆောင်ရွက်သူဖြစ်ကြောင်း ခိုင်လုံသော အထောက်အထားပြ၍ တောင်းဆိုသည့် မည်သူမဆိုသည်၊ ဤနို့တစ်စာရသည့်နေ့ရက်မှ နှစ်လအတွင်း အဆိုပါ ပိုင်ငွေကို၊ မိမိရထိုက်ကြောင်း ခိုင်လုံသောအထောက်အထားပြ၍ တောင်းဆိုရမည်။

(သတ်မှတ်ထားသောသူ၏ လက်မှတ်၊ ရာထူးနှင့်လိပ်စာ။)

နေရာ ....

နေ့စွဲ ....

---

* မသက်ဆိုင်သော မည်သည့်အချက်ကိုမဆို ပယ်ဖျက်ပါ။

† သတ်မှတ်ထားသောသူ၏ ရာထူးနှင့်လိပ်စာကို ရေးသွင်းပါ။

နောက်ဆက်တွဲ ၃။

[တစ်မတော်နည်းဥပဒေ ၂၁၄။]

တစ်မတော်နည်းဥပဒေ ၂၁၄ တွင် ရည်ညွှန်းသည့်စီမံခန့်ခွဲခြင်းအကြောင်း၏ အစီရင်ခံစာတွင် ပူးတွဲရမည့်စာချုပ်စာတမ်းများ (မူရင်းထပ်တူ ၂ စောင်) စာရင်း။

က။ ။ ပစ္စည်းဥစ္စာများကို၊ ၁၉၅၉ ခုနှစ်၊ တစ်မတော်အက်ဥပဒေ ပုဒ်မ ၁၉၈၊ ပုဒ်မခွဲ (၄)၊ ပုဒ်မ ၁၉၉၊ ၂၀၃ နှင့် ၂၀၅ တို့အရ လွှဲအပ်သည့်အခါ၊

(၁) စီမံခန့်ခွဲခြင်းခံရသော ပစ္စည်းဥစ္စာ ပိုင်ရှင်နှင့်စပ်လျဉ်းသည့် အကြောင်းအချက် ဖော်ပြချက်။

(၂) သေတမ်းစာရှိလျှင်၊ တပ်မှူး သို့တည်းမဟုတ် စီမံခန့်ခွဲရေးကော်မတီ၊ သို့တည်းမဟုတ် အမြဲတမ်းစီမံခန့်ခွဲရေးကော်မတီက မှန်ကန်ကြောင်းဝန်ခံ၍ သက်သေခံလက်မှတ် ရေးထိုးထားသော ထိုသေတမ်းစာ မိတ္တူမှန်။

(၃) ပစ္စည်းဥစ္စာများကို၊ ကိုယ်စားဆောင်ရွက်သူက လွှဲယူသည့်ကိစ္စတွင်၊ ကိုယ်စားလှယ်စာ၊ သို့တည်းမဟုတ် သေတမ်းစာအတည်ပြုလက်မှတ်၊ သို့တည်းမဟုတ် အမွေထိန်းလက်မှတ်၊ သို့တည်းမဟုတ် အမွေဆက်ခံရန် သက်သေခံလက်မှတ်ရှိလျှင်၊ တပ်မှူး၊ သို့တည်းမဟုတ် စီမံခန့်ခွဲရေးကော်မတီ၊ သို့တည်းမဟုတ် အမြဲတမ်းစီမံခန့်ခွဲရေး ကော်မတီက၊ မှန်ကန်ကြောင်းဝန်ခံ၍ သက်သေခံလက်မှတ်ရေးထိုးထားသော ထို ကိုယ်စားလှယ်စာ မိတ္တူမှန်၊ သို့တည်းမဟုတ် ထိုသေတမ်းစာအတည်ပြုလက်မှတ် မိတ္တူမှန်၊ သို့တည်းမဟုတ် ထိုအမွေထိန်းလက်မှတ်မိတ္တူမှန်၊ သို့တည်းမဟုတ် ထိုအမွေ ဆက်ခံရန် သက်သေခံလက်မှတ် မိတ္တူမှန်။

(၄) ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေ အခန်း ၁၆ အရ ပြန်လည်ရယူနိုင်သော ကြွေးမြီများနှင့် ကုန်ကျစရိတ်များကို ပြန်၍ ပေးဆပ်ခြင်းအတွက် ခံဝန်ပေးထားသော၊ နောက်ဆက်တွဲ ၆ ရှိ ပုံစံ ၁/၂ အရ ခံဝန်ချုပ်။

(၅) သေဆုံးသူပိုင် ပစ္စည်းဥစ္စာအတွက်၊ ခေါင်းကပ်ပြီး ပြေစာလက်မှတ်။

(၆) ပစ္စည်းစာရင်း။

(က) တပ်မှူး သို့တည်းမဟုတ် စီမံခန့်ခွဲရေး ကော်မတီက တောင်းယူရရှိထားသောပစ္စည်း။

(ခ) တပ်မှူး သို့တည်းမဟုတ် စီမံခန့်ခွဲရေး ကော်မတီက တောင်းယူရရှိမထားသေးသောပစ္စည်း၊

} စာရင်းပြုလုပ်ထားလျှင်၊

(၇) လစာငွေစာရင်းများနှင့်စပ်လျဉ်း၍ ခြောက်လတစ်ကြိမ် စာရင်းရှင်းတမ်းများ နှင့်/ သို့တည်းမဟုတ် အပြီးသတ်စာရင်းရှင်းတမ်း။

ခ။ ။ သေဆုံးသူပိုင် ပစ္စည်းဥစ္စာ၏ ပိုင်ငွေကို သတ်မှတ်ထားသောသူထံ တင်ပို့သည့်အခါ၊

(၁) စီမံခန့်ခွဲခြင်းခံရသော ပစ္စည်းဥစ္စာပိုင်ရှင်နှင့် စပ်လျဉ်းသည့် အကြောင်းအချက်ဖော်ပြ ချက်။

(၂) ရရှိနိုင်သည့်အလျောက်၊ သေတမ်းစာမူရင်း၊ သို့တည်းမဟုတ် မှန်ကန်ကြောင်း လက်မှတ်ရေးထိုးထားသည့်မိတ္တူ။

(၃) ပစ္စည်းစာရင်း

(က) တပ်မှူး၊ သို့တည်းမဟုတ် စီမံခန့်ခွဲရေး ကော်မတီက တောင်းယူရရှိထားသောပစ္စည်း၊

(ခ) တပ်မှူး၊ သို့တည်းမဟုတ် စီမံခန့်ခွဲရေး ကော်မတီက တောင်းယူရရှိမထားသေးသောပစ္စည်း၊

} စာရင်းပြုလုပ်ထားလျှင်၊

(၄) ရောင်းခြင်းနှင့်ပြောင်းလဲခြင်းစာရင်းများ။

(၅) သိုးသန့်ထားသော ဝတ္ထုပစ္စည်းများ၊ ဘွဲ့များ၊ ထို့ပြင် တံဆိပ်များကို စီမံခန့်ခွဲခဲ့လျှင်၊ ထိုဝတ္ထုပစ္စည်းများ၊ ဘွဲ့များနှင့် တံဆိပ်များအတွက်၊ ခေါင်းကပ်ပြီး ပြေစာလက်မှတ်။

(၆) ရသည့်ငွေများနှင့် ထုတ်ပေးသည့်ငွေများစာရင်း။

(၇) ရငွေလက်ကျန်၊ သိုးသန့်ထားသည့် ဝတ္ထုပစ္စည်းများ၏ ခန့်မှန်းထားသော တန်ဖိုးနှင့် သေဆုံးသူပိုင် ပစ္စည်းဥစ္စာသို့ပေးရန်ရှိသည့် မကောက်ခံရသေးသော ပစ္စည်းများကို ပြထားသည့်၊ အပိုပစ္စည်းများစာရင်း။

(၈) နည်းဥပဒေ ၁၉၆ အရ ပေးရန်လိုအပ်သည့် သက်သေခံလက်မှတ်။

(၉) အခြားပြေစာလက်မှတ်များနှင့် ဘောက်ချာများရှိလျှင်၊ ထိုပြေစာလက်မှတ်များနှင့် ဘောက်ချာများ။

(၁၀) လစာငွေစာရင်းများနှင့်စပ်လျဉ်း၍ ခြောက်လတစ်ကြိမ် စာရင်းရှင်းတမ်းနှင့် သို့တည်း မဟုတ် အပြီးသတ် စာရင်းရှင်းတမ်း။

MINISTRY OF FINANCE AND REVENUE
CURRENCY AND BANKING BRANCH

Yangon, the 8th July 1960.

No.331 — In exercise of the powers conferred by section 27 of the Foreign Exchange Regulation Act, 1947, the President directs that the following form *shall be added* to the First Schedule of the Foreign Exchange Regulation Rules: —*

Form.	*Purpose*
F.E.C. 2.	Declaration form to be completed by persons in or resident in Myanmar who own or hold any foreign exchange which is required to be surrendered in compliance with the Ministry of Finance and Revenue Notification No. 279, dated the 12th June 1960.

By order,

KYAW NYUN,

Secretary to the Govt. of the Union of Myanmar,

Ministry of Finance and Revenue.

* မြန်မာနိုင်ငံပြန်တမ်း အပိုင်း - ၁၊ ၁၉၆၀ ပြည့်နှစ်၊ ဇူလိုင်လ (၁၆) ရက်၊ စာမျက်နှာ - ၁၀၀၆။

Form F.E.C. 2. Original/Duplicate

MYANMAR EXCHANGE CONTROL

FORM OF DECLARATION FOR SURRENDER OF FOREIGN EXCHANGE

NOTICE

Any foreign exchange, other than those which are also required to be declared by travellers in appropriate form at the time of arrival in Myanmar, whether owned or held in Myanmar or abroad by persons in or resident in the Union of Myanmar except temporary visitors, must be declared in this form and offered for sale to an Authorised Dealer in foreign exchange in Myanmar in accordance with the Ministry of Finance and Revenue Notification No. 279, dated the 12th June 1960.

Form F.E.C 2 should be completed in duplicate by persons surrendering the foreign exchange. The original copy of the form duly completed should be sent direct to the Exchange Control, and the duplicate copy is to be produced to an Authorised Dealer in foreign exchange at the time of sale. The Authorised Dealer concerned will then retain the form to be forwarded to the Exchange Control with the relative return.

Non - compliance with these instructions will render a person liable for prosecution under the Foreing Exchange Regulation Act, 1947.

Name and Address of owner or holder of foreign exchange —
(IN BLOCK LETTERS)

Particulars of Passport/ FRC —

Foreign Exchange declared —
(State amount and kind)

How and when acquired —

Name of A.D through whom the foreign exchange will be surrendered—

I hereby declare the above statement to be true.

....

Signature.

Dated ....

(For Bank use only.)

Dated ....

Stamp and Signature of the Authorised Dealer.

MINISTRY OF FINANCE AND REVENUE
B.A. M.A (IV) BRANCH

Yangon, the 11th July 1960.

No.340 — The President of the Union of Myanmar directs that the following amendment shall be made to the Myanmar Foreign Service Leave Rules published with this Ministry Notification No. 287, dated the 25th May 1953.*

Insert the following as sub-paragraph to paragraph 2 of the Myanmar Foreign Service Leave Rules: —

"Ambassadors and Ministers who are not already permanent government servants on their assumption of duties as Ambassadors and Ministers shall be treated as permanent Gazetted Officers of the Myanmar Foreign Service for the purpose of leave referred to in the preceding paragraph."

2. This amendment shall be deemed to have come into force with effect from the date the Myanmar Foreign Service Leave Rules were introduced.

By order,

MAUNG KYAW,

Dy. Secretary to the Govt. of the Union of Myanmar,
Ministry of Finance and Revenue.

---

* မြန်မာနိုင်ငံပြန်တမ်း အပိုင်း - ၁၊ ၁၉၆၀ ပြည့်နှစ် ဇူလိုင်လ (၁၆) ရက်၊ စာမျက်နှာ - ၁၀၀၇။

MINISTRY OF FINANCE AND REVENUE
SAVINGS BRANCH

Yangon, the 22nd July 1960.

No.368 — In exercise of the powers conferred by section 14 of the Government Savings Banks Act, the President of the Union makes the following amendment to the Government Savings Banks Rules.*

In rule 40 the following *shall be inserted* as sub-rule *(a)*; namely: —

"(a) The deposits of a person subject to the Defence Services Act, 1959, who dies, deserts from the Service, is ascertained to be of unsound mind by the finding of a Medical Board under rule 213 of the Defence Services Rules, or while on active service is officially reported missing and officially presumed to be dead, shall be made over, on requisition, to the Presiding Officer of the Committee of Adjustment in the case of such person being an officer or to the Commanding Officer in the case of such person not being an officer."

By order,

KYAW NYUN,

Secretary to the Govt. of the Union of Myanmar,
Ministry of Finance and Revenue.

---

* မြန်မာနိုင်ငံပြန်တမ်း အပိုင်း - ၁၊ ၁၉၆၀ ပြည့်နှစ်၊ ဇူလိုင်လ (၃၀) ရက်၊ စာမျက်နှာ - ၁၀၅၉။

ပြည်ထဲရေးဝန်ကြီးဌာန
အထူးစုံစမ်းစစ်ဆေးမှုအုပ်ချုပ်ရေးဌာနခွဲ

ရန်ကုန်မြို့၊ ၁၃၂၂ ခု၊ တော်သလင်းလဆန်း ၃ ရက်။
(၁၉၆၀ ခု၊ ဩဂုတ်လ ၂၄ ရက်။)

အမှတ် ၆၀၄။ ။ ၁၉၅၁ ခုနှစ်၊ အထူးစုံစမ်းစစ်ဆေးမှု အုပ်ချုပ်ရေးအဖွဲ့နှင့် အထူးစုံစမ်းစစ်ဆေးရေးဌာန အက်ဥပဒေပုဒ်မ ၂၆ နှင့် ပုဒ်မ ၃(၂) ဖြင့် အပ်နှင်းထားသည့် အာဏာများကို သုံးစွဲလျက်၊ နိုင်ငံတော် သမ္မတသည်၊ အောက်ပါနည်းဥပဒေများကို ပြုလိုက်သည်။

၁၉၆၀ ခုနှစ်၊ အထူးစုံစမ်းစစ်ဆေးမှုအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အခြားအဖွဲ့ဝင်များ၏ အမှုထမ်းစည်းကမ်းဆိုင်ရာ နည်းဥပဒေများ*

၁။ ။ ဤနည်းဥပဒေများကို၊ ၁၉၆၀ ခုနှစ်၊ အထူးစုံစမ်းစစ်ဆေးမှု အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အခြားအဖွဲ့ဝင်များ၏ အမှုထမ်းစည်းကမ်းဆိုင်ရာ နည်းဥပဒေများဟု ခေါ်တွင်စေရမည်။

၂။ ။ အထူးစုံစမ်းစစ်ဆေးမှုအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အခြားအဖွဲ့ဝင်များ၏ လစာ၊ ခွင့်ရက်၊ ခရီးစရိတ်၊ ပင်စင်နှင့်စပ်လျဉ်းသည့်အမှုထမ်းစည်းကမ်းများသည်၊ ၎င်းတို့နှင့် အဆင့်အတန်းတူညီ သော နိုင်ငံတော်အစိုးရအရာရှိများ၏ လစာ၊ ခွင့်ရက်၊ ခရီးစရိတ်၊ ပင်စင်နှင့် သက်ဆိုင်သည့် တည်ဆဲ နည်းဥပဒေများ၊ သို့တည်းမဟုတ် စည်းမျဉ်းဥပဒေများတွင် ပြဋ္ဌာန်းထားသည့်အတိုင်း ဖြစ်ရမည်။

ဤ ဝန်ကြီးဌာန (အထူးစုံစမ်းစစ်ဆေးမှု အုပ်ချုပ်ရေးဌာနခွဲ) ၏ ၁၉၆၀ ခု၊ ဩဂုတ်လ ၁၆ ရက် နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၆၅၅ ကို ပယ်ဖျက်လိုက်သည်။

အမိန့်အရ၊
သန်း၊
အတွင်းဝန်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန။

** မြန်မာနိုင်ငံပြန်တမ်း အပိုင်း - ၁၊ ၁၉၆၀ ပြည့်နှစ်၊ ဩဂုတ်လ (၂၇) ရက်၊ စာမျက်နှာ - ၁၁၅၃။*

MINISTRY OF DEMOCRATIZATION OF LOCAL ADMINISTRATION AND LOCAL BODIES

ADMINISTRATIVE SECTION (2)

The 10th August 1960.

No.190 — In exercise of the powers conferred by section 8 of the Municipal Act, the President of the Union makes the following amendment to the Municipal Electroal Rules contained in Chapter IV of the Municipal Rules, 1934, published with the Ministry of Health and Local Government, Local Government (Administrative) Branch Notification No 235, dated the 11th August 1950, as subsequently amended: —*

In rule 6 of the Municipal Electoral Rules contained in Chapter IV of the Municipal Rules, 1934 *for* clause (c) the following *shall be substituted* as clause *(c)*; namely: —

> "(c) the rates and taxes payable to the Municipal or Town Fund for which he may be liable in respect of any period *(see* Chapter V1, Rule 10) expiring before the publication of notice under rule 26 are not in arrear within the meaning of rule 20 in Chapter VI on or before the date appointed for the receipt of nominations under rule [illegible]."

By order,

MAUNG KYI,

Joint Secretary to the Govt. of the Union of Myanmar,
Ministry of Democratization of Local Administration
and Local Bodies.

---

* မြန်မာနိုင်ငံပြန်တမ်း အပိုင်း - ၁၊ ၁၉၆၀ ပြည့်နှစ် စက်တင်ဘာလ (၃) ရက်၊ စာမျက်နှာ - ၁၂၈၉

MINISTRY OF EDUCATION

UNESCO AND GENERAL BRANCH

Yangon, the 22nd September 1960.

No.112 — In exercise of the powers conferred by sub-section (2) ot section 144 of the Myanmar Companies Act, the President of the Union makes the following amendments to the Myanmar Auditor's Certificate Rules,1956:—*

1. In Rule 8 —

"(a) *for* the period (.) at the end of clause (6) a semi-colon (;) *shall be substituted;* and

(*b*) *after* clause (6) the following *shall be inserted* as clause (7); namely: —

"(7) The Institute of Chartered Accountants in Australia."

2. In clause (*c*) of Rule 41 (1) *for* the word "three" the word "four" *shall be substituted.*

By order,

KHIN MAUNG GYI,

Secretary to the Govt. of the Union of Myanmar,

Ministry of Education.

---

* မြန်မာနိုင်ငံပြန်တမ်း အပိုင်း - ၁၊ ၁၉၆၀ ပြည့်နှစ် အောက်တိုဘာလ (၁) ရက်၊ စာမျက်နှာ - ၁၃၄၄။

ကျန်းမာရေးဝန်ကြီးဌာန
ဌာနခွဲ (၄)

ရန်ကုန်မြို့၊ ၁၃၂၂ ခု၊ သီတင်းကျွတ်လဆန်း ၁၀ ရက်။
(၁၉၆၀ ပြည့်နှစ်၊ စက်တင်ဘာလ ၂၉ ရက်။)

အမှတ် ၅၅၆။ ။ ၁၉၅၇ ခုနှစ်၊ မြန်မာနိုင်ငံတော် ဆေးဘက်ဆိုင်ရာအက်ဥပဒေပုဒ်မ ၃၀၊ ပုဒ်မခွဲ (၁) အရ ပြည်ထောင်စုမြန်မာနိုင်ငံ ဆေးကောင်စီကပြုလုပ်၍၊ ပုဒ်မခွဲ (၂) အရ နိုင်ငံတော်သမ္မတ အတည်ပြုသော နည်းဥပဒေများကို ပုဒ်မခွဲ (၃) အရ ထုတ်ပြန်ကြေညာလိုက်သည်။

၁၉၆၀ ပြည့်နှစ်၊ မြန်မာနိုင်ငံ ဆေးကောင်စီနည်းဥပဒေများ။*

၁။ ။ ဤနည်းဥပဒေများကို၊ ၁၉၆၀ ပြည့်နှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံဆေးကောင်စီ နည်းဥပဒေများဟု ခေါ်တွင်စေရမည်။

အဓိပ္ပာယ်ဖော်ပြချက်များ။

၂။ ။ ဤနည်းဥပဒေများတွင်၊ အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏ အဓိပ္ပာယ် နှင့်ဖြစ်စေ မဆန့်ကျင်လျှင် —

(၁) "အက်ဥပဒေ" ဆိုသည်မှာ၊ ၁၉၅၇ ခုနှစ်၊ မြန်မာနိုင်ငံတော်ဆေးဘက်ဆိုင်ရာ အက်ဥပဒေကို ဆိုလိုသည်။

(၂) "ဥက္ကဋ္ဌ" ဆိုသည်မှာ၊ မြန်မာနိုင်ငံတော် ဆေးဘက်ဆိုင်ရာအက်ဥပဒေပုဒ်မ ၃ (၃) (က) အရ ရွေးချယ်ခန့်ထားသည့် ပြည်ထောင်စုမြန်မာနိုင်ငံဆေးကောင်စီဥက္ကဋ္ဌကို ဆိုလိုသည်။ ထို့ပြင်

(၃) "မှတ်ပုံတင်အရာရှိ" ဆိုသည်မှာ၊ အက်ဥပဒေပုဒ်မ ၁၀ အရ ခန့်ထားသည့် မှတ်ပုံတင် အရာရှိကိုဆိုလိုသည်။ ထိုစကားရပ်တွင် မှတ်ပုံတင်အရာရှိ၏ တာဝန်ဝတ္တရားများကို ဆောင်ရွက်ရန် နည်းဥပဒေများအရ ခန့်ထားခံရသူပါဝင်သည်။

---

* *မြန်မာနိုင်ငံပြန်တမ်း အပိုင်း - ၁၊ ၁၉၆၀ ပြည့်နှစ်၊ နိုဝင်ဘာလ (၅) ရက်၊ စာမျက်နှာ - ၁၅၇၄။*

၁။ တောင်စီလူကြီးများခန့်ထားခြင်း

၃။ ။ မှတ်ပုံစာရင်းကို ဤနည်းဥပဒေများဆိုင်ရာ နောက်ဆက်တွဲပါပုံစံ ၁ အတိုင်းထားရှိရမည်။ ထိုမှတ်ပုံစာရင်းတွင် တောင်စီလူကြီးတို့၏ အမည်များကို ရေးသွင်းရမည်။ ရွေးကောက်တင်မြှောက်ခြင်းခံရသော တောင်စီလူကြီးများနှင့်ပတ်သက်၍ ထင်ရှားအောင်၊ အဆိုပါမှတ်ပုံစာရင်းကို နည်းလမ်းတကျ စီမံထားရှိရမည်။ နိုင်ငံတော်သမ္မတက ရွေးချယ်ခန့်ထားသော တောင်စီလူကြီးများနှင့် ပတ်သက်၍လည်း၊ ထိုနည်းတူလိုက်နာဆောင်ရွက်ရမည်။

၄။ ။ အက်ဥပဒေပုဒ်မ ၃ (၃)၊ အပိုဒ် (က) (ခ) အရ ရွေးချယ်ခန့်ထားသည့် ဥက္ကဋ္ဌ၏ ရာထူးသက်တမ်းသော်လည်းကောင်း၊ တောင်စီလူကြီးတစ်ဦးဦး၏ ရာထူးသက်တမ်းသော်လည်းကောင်း မကုန်ဆုံးမီ ရက်ပေါင်းခြောက်ဆယ်ကကြို၍တင်၍၊ မှတ်ပုံတင်အရာရှိသည်၊ ထိုရာထူးတစ်ခုခုမကြာမီ လစ်လပ်တော့မည်ဖြစ်ကြောင်းကို၊ ဥက္ကဋ္ဌအား အသိပေးရမည်။ ဥက္ကဋ္ဌသည်၊ နည်းဥပဒေ ၆ အရ လိုအပ်သည့်အတိုင်း ချက်ချင်းအရေးယူဆောင်ရွက်ရမည်။

၅။ ။ အက်ဥပဒေပုဒ်မ ၃ (၃) အပိုဒ် (က) (ခ) အရ ရွေးချယ်ခန့်ထားသည့် သို့တည်းမဟုတ် ပုဒ်မ ၃ (၃) (ဃ) အရ ရွေးကောက်တင်မြှောက်ထားသည့် တောင်စီလူကြီးတစ်ဦးဦးရာထူးမှ နုတ်ထွက်သောအခါဖြစ်စေ၊ သေဆုံးသောအခါဖြစ်စေ၊ ၎င်း၏ရာထူးသက်တမ်း ကုန်ဆုံးသောအခါဖြစ်စေ မှတ်ပုံတင်အရာရှိသည်၊ ရာထူးလစ်လပ်ကြောင်းကို၊ ဥက္ကဋ္ဌအား ချက်ချင်းအသိပေးရမည်၊ ဥက္ကဋ္ဌသည် နည်းဥပဒေ ၆ အရ လိုအပ်သည့်အတိုင်း ချက်ချင်းအရေးယူဆောင်ရွက်ရမည်။ ဥက္ကဋ္ဌ ရာထူးလစ်လပ်လျှင် မှတ်ပုံတင်အရာရှိသည်၊ နိုင်ငံတော်အစိုးရအား၊ အကြောင်းကြားရမည်။

၂။ တောင်စီတွင် လစ်လပ်သည့်နေရာများဖြည့်သွင်းရေးအတွက် လိုက်နာရမည့် နည်းလမ်းစည်းကမ်းများ။

၆။ ။ ရွေးချယ်ခန့်ထားသည့် တောင်စီလူကြီး၏နေရာ လစ်လပ်လျှင်၊ ထိုသို့လစ်လပ်ကြောင်းကို၊ ဥက္ကဋ္ဌက၊ နိုင်ငံတော်အစိုးရအား အကြောင်းကြား၍၊ ထိုလစ်လပ်သည့်နေရာများတွင် ဖြည့်သွင်းရန် မေတ္တာရပ်ခံရမည်။

၇။ ။ ရွေးကောက်တင်မြှောက်ထားသည့် တောင်စီလူကြီးတစ်ဦး၏ နေရာလစ်လပ်သည့်အခါ ဥက္ကဋ္ဌသည်၊ သို့တည်းမဟုတ် ဤကိစ္စအလို့ငှာ၊ ဥက္ကဋ္ဌက အာဏာအပ်နှင်းထားသည့် အခြားသူ

တစ်ဦးတစ်ယောက်သည် ရွေးကောက်ပွဲတာဝန်ခံအရာရှိဖြစ်ရမည်။ ထိုရွေးကောက်ပွဲ တာဝန်ခံအရာရှိသည် အဆိုပါကောင်စီလူကြီး၏ ရာထူးသက်တမ်းကုန်ဆုံးသည့်နေ့ရက်မတိုင်မီ ရက်ပေါင်းခြောက်ဆယ်အောက် မနည်း၊ ကိုးဆယ်ထက်မပိုသောအခါကြိုတင်၍၊ ထိုပြင်အဆိုပါကောင်စီလူကြီးရာထူးမှ နုတ်ထွက်၍ ဖြစ်စေ၊ သေဆုံး၍ဖြစ်စေ၊ ၎င်း၏ရာထူးသက်တမ်းကုန်ဆုံး၍ဖြစ်စေ ရာထူးလစ်လပ်လျှင်၊ ထိုသို့ရာထူး လစ်လပ်ပြီးနောက် အခွင့်သင့်လျှင်သင့်ချင်း၊ လစ်လပ်သောရာထူးကို ပြန်တမ်းတွင်လည်းကောင်း၊ သတင်းစာများတွင်လည်းကောင်း ကြေညာ၍၊ မဲဆန္ဒရှင်အသီးသီးအား ရွေးကောက်ပွဲမကြာမီကျင်းပ မည်ဖြစ်ကြောင်းဖြင့် အကြောင်းကြားပြီးနောက်၊ ထိုလစ်လပ်သော ရာထူးဖြည့်သွင်းရေးအတွက် ရွေးကောက် ပွဲ ကျင်းပရန် အစီအစဉ်ပြုဆောင်ရွက်ရမည်။

၈။ ။ မှတ်ပုံတင်အရာရှိသည်၊ အက်ဥပဒေပုဒ်မ ၃ (၃)၊ အပိုဒ် (ဃ)အရ ရွေးကောက်တင် မြှောက်ရမည့် ကောင်စီလူကြီးများရွေးကောက်တင်မြှောက်ရန် မဲစာရင်းတစ်ခုကို ပြုလုပ်ရမည်။ ထိုမဲစာရင်း တွင် မှတ်ပုံတင်ဆရာဝန်များသာ ပါဝင်ရမည်၊ မဲစာရင်းအလိုရှိသော မဲဆန္ဒရှင်အား၊ မဲစာရင်းတစ်စောင် လျှင် ငွေ ၅ ကျပ်ကျဖြင့်ပေးရမည်။

၉။ ။ (၁) နည်းဥပဒေပုဒ်မ ၈ အရပြုလုပ်သော မဲစာရင်းတွင် အမည်ပါရှိသူတို့မှာ၊ အဆိုပါ ရွေးကောက်ပွဲတွင် အရွေးခံရန် အက်ဥပဒေ ပုဒ်မ ၂၀ နှင့် ၂၁ အရ အရည်အချင်းပျက်ယွင်းခြင်းမရှိလျှင်၊ ထိုသူတို့ကို ရွေးကောက်တင်မြှောက်ရန် အမည်တင်သွင်းနိုင်သည်။ သို့သော်ထိုသူသည် ပြည်ထောင်စု နိုင်ငံသားဖြစ်ရမည်။

(၂) ထိုသူတို့ကို၊ ဤနည်းဥပဒေများဆိုင်ရာနောက်ဆက်တွဲပါ ပုံစံ ၂ အတိုင်း အမည်တင်သွင်းလွှာ ဖြင့် အမည်တင်သွင်းရမည်။ အမည်တင်သွင်းလွှာကို၊ မည်သည့်မဲဆန္ဒရှင်ကမဆိုလျှောက်ထားလျှင်၊ ထိုသို့ လျှောက်ထားသည့် မဲဆန္ဒရှင်အား မှတ်ပုံတင်အရာရှိက ပေးရမည်။

(၃) အရွေးခံရန် အရည်အချင်းနှင့်ပြည့်စုံသူများကို၊ မဲဆန္ဒရှင်များအဖြစ် အရည်အချင်းနှင့်ပြည့်စုံသူ တို့က၊ အဆိုသွင်း၍ ထောက်ခံရမည်။ သို့ရာတွင် မည်သည့်မဲဆန္ဒရှင်မျှ လစ်လပ်သော့နေရာ၊ သို့တည်း မဟုတ်နေရာများတွင် ဖြည့်သွင်းရန်လိုသည်ထက်ပိုသောသူများကို၊ အမည်တင်သွင်းရန်အဆိုမသွင်းရ၊ သို့တည်းမဟုတ် မထောက်ခံရ။

(၄) ထို့ပြင်မဲဆန္ဒရှင်တစ်ဦးတည်းက၊ သတ်မှတ်ထားသည့်အရေအတွက်ထက်ပို၍၊ လက်မှတ် ရေးထိုးတင်သွင်းသည့် အမည်တင်သွင်းလွှာများကို ရွေးကောက်ပွဲတာဝန်ခံအရာရှိက တစ်ချိန်တည်းရရှိလျှင် အဆိုပါအမည်တင်သွင်းလွှာအားလုံးမှာ၊ မခိုင်လုံဟု မှတ်ယူရမည်။

(၅) ရွေးကောက်ပွဲတာဝန်ခံအရာရှိသည် အမည်တင်သွင်းလွှာများရရှိသည့်အခါ၊ ထိုအမည် တင်သွင်းလွှာအသီးသီး၏ ကျောဘက်တွင် ရရှိသည့်နေ့ရွှံနှင့် အချိန်နာရီကို ချက်ချင်းရေးမှတ်ရမည်။

၁၀။ ။ ရွေးကောက်ပွဲတာဝန်ခံအရာရှိသည်၊ အမည်တင်သွင်းလွှာများကြည့်ရှုစစ်ဆေးရန် သင့်လျော်သည့်အချိန်နှင့် နေရာကိုသတ်မှတ်ရမည်။ ထိုသို့သတ်မှတ်ထားသော အချိန်လွန်မှ မိမိရရှိသော အမည်တင်သွင်းလွှာများကိုပယ်ရမည်။

၁၁။ ။ (၁) အရွေးခံသူအသီးသီးနှင့် ၎င်းအားအဆိုသွင်းသူ၊ ထောက်ခံသူတို့သည်၊ အမည်တင်သွင်းလွှာများကြည့်ရှုစစ်ဆေးရန် ရွေးကောက်ပွဲတာဝန်ခံအရာရှိသတ်မှတ်သည့်နေ့ရက်နှင့် အချိန်နာရီတွင်၊ ရွေးကောက်ပွဲတာဝန်ခံအရာရှိရုံးသို့ လာရောက်နိုင်သည်။ ရွေးကောက်ပွဲတာဝန်ခံအရာရှိသည်၊ ထိုသူတို့အား၊ အထက်တွင်ဆိုခဲ့သည့်အတိုင်း အရွေးခံသူအားလုံးနှင့် ပတ်သက်၍ မိမိရရှိသည့်အမည်တင်သွင်းလွှာများ ကို ကြည့်ရှုစစ်ဆေးခွင့်ပြုရမည်။

(၂) ထို့နောက်ရွေးကောက်ပွဲတာဝန်ခံအရာရှိသည်၊ ထိုအမည်တင်သွင်းလွှာများကိုကြည့်ရှုစစ်ဆေးရမည့်ပြင်၊ အမည်တင်သွင်းလွှာခိုင်လုံခြင်းရှိ မရှိ ပြဿနာများပေါ်ပေါက်လာလျှင်၊ ထိုပြဿနာအားလုံးကိုလည်း မိမိသဘောအရသော်လည်းကောင်း၊ ကန့်ကွက်ချက်အရသော်လည်းကောင်းဆုံးဖြတ်နိုင်သည်။ အဆိုပါ ပြဿနာတစ်ခုခုနှင့်စပ်လျဉ်း၍၊ ရွေးကောက်ပွဲတာဝန်ခံအရာရှိ ချမှတ်သည့်ဆုံးဖြတ်ချက်သည်၊ အဆုံးသတ်အပြီးအပြတ်ဖြစ်ရမည်။

၁၂။ ။ (၁) အက်ဥပဒေပုဒ်မ ၃ (၃)၊ အပိုဒ် (ဃ)အရ ကျင်းပသည့်ရွေးကောက်ပွဲနှင့် စပ်လျဉ်း၍၊ အရွေးခံရန်နည်းလမ်းတကျအမည်တင်သွင်းထားသူဦးရေမှာ၊ ရွေးကောက်တင်မြှောက်ရမည့်ကောင်စီလူကြီး ဦးရေထက်မပိုလျှင်၊ ရွေးကောက်ပွဲတာဝန်ခံအရာရှိသည်၊ အဆိုပါအရွေးခံသူများအား၊ အရွေးခံရသူများအဖြစ်ဖြင့် ချက်ချင်းကြေညာရမည်။

(၂) အဆိုပါ အရွေးခံရသူဦးရေမှာ၊ ရွေးကောက်တင်မြှောက်ရမည့် ကောင်စီလူကြီးဦးရေထက်ပိုလျှင်၊ ရွေးကောက်ပွဲတာဝန်ခံအရာရှိသည်၊ အရွေးခံသူများ၏ အမည်များနှင့်နေရပ်များကို၊ ဤနည်းဥပဒေများဆိုင်ရာ နောက်ဆက်တွဲပါ ပုံစံ ၃ ဖြင့် မဲလက်မှတ်များတွင်ရေးသွင်းစေပြီးလျှင်၊ အဆိုပါအမည်နှင့်နေရပ်များကို ပြန်တမ်းတွင် ကြေညာရမည်။

(၃) ရွေးကောက်ပွဲတာဝန်ခံအရာရှိသည်၊မဲဆန္ဒရှင်အသီးသီးထံသို့ မဲလက်မှတ်လက်ခံရန်သတ်မှတ်ထားသည့် နောက်ဆုံးနေ့ရက်မတိုင်မီ၊ ရက်ပေါင်းသုံးဆယ်ထက်နောက်မကျစေဘဲ၊ အဆိုပါလက်မှတ်ကို တစ်စောင်စီလက်မှတ်ရေးထိုး၍၊ စာပို့တိုက်မှ ရိုစစ္စတြီပြုလုပ်ပေးပို့ရမည်။

ခြွင်းချက်။ ။ သို့ရာတွင် အဆိုပါမဲလက်မှတ်ကို၊ မဲဆန္ဒရှင်တစ်ဦးဦးက၊ မဲလက်မှတ်ရေးတွက်ရန် သတ်မှတ်ထားသည့်နေ့ရက်မတိုင်မီ မည်သည့်အခါမဆို၊ ရွေးကောက်ပွဲတာဝန်ခံအရာရှိထံလျှောက်ထားလျှင်၊ ထိုမဲဆန္ဒရှင်အားပေးရမည်။ ထို့ပြင်မည်သည့်ရွေးကောက်ပွဲမျှ၊ မဲလက်မှတ်ကို မဲဆန္ဒရှင်တစ်ဦး တစ်ယောက်မရသည့်အကြောင်းကြောင့် ပျက်ပြယ်ခြင်းမရှိစေရ။

ထို့ပြင်မဲလက်မှတ်များကို ပထမအကြိမ်ဝေပြီးသည့်နောက်၊ မဲဆန္ဒရှင်တစ်ဦးဦးအား ထုတ်ပေးသည့်ပုံစံကို၊ ထုတ်ပေးသောအခါ "မူရင်းခွဲ" ဟုမှတ်သားထားရမည်။

၁၃။ ။ နည်းလမ်းတကျအမည်တင်သွင်းထားသည့် အရွေးခံသူ တစ်ဦးဦးသည်၊ အရွေးခံသူအဖြစ်မှနုတ်သိမ်းလိုလျှင်၊ နုတ်သိမ်းလွှာကို လက်မှတ်ရေးထိုး၍ မဲများကြည့်ရှုစစ်ဆေးရေတွက်ခြင်းမပြုမီ၊ ရွေးကောက်ပွဲတာဝန်ခံအရာရှိထံပေးပို့ကာ နုတ်သိမ်းနိုင်သည်။ ထိုသို့နုတ်သိမ်းပြီးသည့်နောက်၊ ထိုအရွေးခံသူမှာ အဆိုပါနုတ်သိမ်းလွှာကို ပယ်ဖျက်ခွင့်မရှိစေရ။ ထိုသို့နုတ်သိမ်းသည့်အကြောင်းကြားစာကို ရရှိသောအခါရွေးကောက်ပွဲတာဝန်ခံအရာရှိသည်၊ နုတ်သိမ်းသည့်အကြောင်းကို ပြန်တမ်းတွင် ကြေညာရမည်။ အရွေးခံသူအတွက်ပေးသည့်၊ သို့တည်းမဟုတ် ပေးပြီးသည့်မဲများရှိလျှင်၊ ထိုမဲများပျက်ပြယ်စေရမည်။

၁၄။ ။ ရွေးကောက်ပွဲတာဝန်ခံအရာရှိသည်၊ မဲလက်မှတ်များတွင်လည်းကောင်း၊ ကြေညာစာတမ်းဖြင့်ပြန်တမ်းတွင်လည်းကောင်း အောက်ပါနေ့ရက်များကို ကြေညာရမည်။

(၁) မဲလက်မှတ်များပြန်ပို့ရန် ကောင်စီက သတ်မှတ်သည့် နောက်ဆုံးနေ့ရက်၊

(၂) မဲများရေတွက်ရန် ကောင်စီက သတ်မှတ်သည့်နေ့ရက်။

၁၅။ ။ ထိုသို့မဲလက်မှတ်များပြန်ပို့ရန် သတ်မှတ်ထားသည့်နေ့ရက်မတိုင်မီ၊ မဲဆန္ဒပေးလိုသည့် မဲဆန္ဒရှင်အသီးသီးသည်၊ မဲလက်မှတ်တွင် သတ်မှတ်ထားသည့် နည်းလမ်းစည်းကမ်းအတိုင်း၊ မိမိ၏ဆန္ဒကို၊ သို့တည်းမဟုတ် ဆန္ဒများကိုရေးမှတ်၍၊ လက်မှတ်ရေးထိုးပြီးနောက်၊ မဲလက်မှတ်ကို၊ ရွေးကောက်ပွဲတာဝန်ခံ အရာရှိထံသို့၊ မိမိကိုယ်တိုင်ပေးအပ်ရမည်၊ သို့တည်းမဟုတ် စာပို့တိုက်မှ ရီစတာဖြင့် ပြုလုပ်ပေးပို့ရမည်။

<u>ခြွင်းချက်</u>။ ။ သို့ရာတွင် မဲရေတွက်ရန် သတ်မှတ်ထားသည့် နေ့မွန်းတည့် ၁၂ နာရီကျော်မှ ရွေးကောက်ပွဲတာဝန်ခံ အရာရှိလက်သို့ရောက်သော မဲလက်မှတ်များကိုလည်းကောင်း၊ နည်းဥပဒေများနှင့် မညီသည့် မဲလက်မှတ်များကိုလည်းကောင်းပယ်ရမည်။

၁၆။ ။ (၁) ရွေးကောက်ပွဲတာဝန်ခံအရာရှိသည်၊ မဲလက်မှတ်များကို ရရှိသည့်အခါ၊ ရရှိသည့်နေ့စွဲနှင့် အချိန်နာရီကို မဲလက်မှတ်များ၏ ကျောဘက်တွင်ရေးမှတ်ရမည့်ပြင်၊ ထိုလက်မှတ်များ မှန်ကန်စွာ ဖြည့်သွင်းခြင်းပြု မပြုကိုလည်း ကြည့်ရှုစစ်ဆေးရမည်။

(၂) ရွေးကောက်ပွဲတာဝန်ခံအရာရှိသည်၊ မဲလက်မှတ်တစ်ခုခုကို၊ နည်းဥပဒေ ၁၅ ၏ ခြွင်းချက်အတိုင်း မလိုက်နာသည့်အကြောင်းကြောင့်ပယ်လျှင်၊ ထိုမဲလက်မှတ်ကျောဘက်တွင် "ပယ်သည်" ဟူသောစကားရပ်ကို ရေးမှတ်ရမည်။

(၃) ရွေးကောက်ပွဲတာဝန်ခံအရာရှိသည်၊ မဲလက်မှတ်လက်ခံဖြတ်ပိုင်းများကို မဲဆန္ဒရှင်များ လက်မှတ် ရေးထိုးထားပြီး ရှိမရှိစစ်ဆေး၍ ကျေနပ်လျှင်၊ ထိုလက်ခံဖြတ်ပိုင်းများကိုဖြတ်၍၊ နည်းဥပဒေ ၁၉ အရ စိမ်ခန့်ခွဲ ခြင်းမပြုမီ၊ လုံခြုံစွာထိန်းသိမ်းထားရမည်။

၁၇။ ။ (၁) ရွေးကောက်ပွဲတာဝန်ခံအရာရှိသည်၊ မဲရေတွက်ရန်အလို့ငှာ၊ ဥက္ကဋ္ဌက၊ ဤကိစ္စ အတွက် သတ်မှတ်ထားသည့်နေ့ရက်နှင့် အချိန်နာရီတွင် သတ်မှတ်ထားသည့်နေရာသို့ လာရောက်ရမည်။ အရွေးခံသူတိုင်း မဲများရေတွက်ရာသို့ ကိုယ်တိုင်လာရောက်နိုင်သည်၊ သို့တည်းမဟုတ် မိမိအာဏာ လွှဲအပ် ထားသည့် ကိုယ်စားလှယ်ကိုစေလွှတ်နိုင်သည်။

(၂) ရွေးကောက်ပွဲတာဝန်ခံအရာရှိသည်မဲလက်မှတ်များကို အရွေးခံသူများကသော်လည်းကောင်း၊ ၎င်းတို့၏ ကိုယ်စားလှယ်များကသော်လည်းကောင်း ပြသစေလိုလျှင် ပြသရမည်။ သို့သော် လက်ခံဖြတ်ပိုင်း ကိုမူမပြသရ။

(၃) မည်သည့်မဲလက်မှတ်နှင့်မဆိုစပ်လျဉ်း၍၊ ၎င်းတွင်ပါရှိသည့်ညွှန်ကြားချက်များအတိုင်း မလိုက်နာသောကြောင့်သော်လည်းကောင်း၊ ရွေးကောက်ပွဲ တာဝန်ခံအရာရှိက၎င်းကိုပယ်သောကြောင့် သော်လည်းကောင်း ကန့်ကွက်လျှင်၊ အဆိုပါကန့်ကွက်ချက်ကို၊ ရွေးကောက်ပွဲတာဝန်ခံအရာရှိက ချက်ချင်း ဆုံးဖြတ်ရမည်။ ရွေးကောက်ပွဲတာဝန်ခံအရာရှိ၏ ဆုံးဖြတ်ချက်သည်၊ အဆုံးသတ်အပြီးအပြတ်ဖြစ်စေရ မည်။

၁၈။ ။ (၁) မဲများရေတွက်ပြီးသည့်အခါ၊ ရွေးကောက်ပွဲတာဝန်ခံ အရာရှိသည်၊ မဲအများဆုံး ရရှိသည့် အရွေးခံသူများကို အရွေးခံရသူများအဖြစ်ဖြင့် ချက်ချင်းကြေညာရမည်။

(၂) ထိုသို့အရွေးခံရသူအဖြစ်ဖြင့် ကြေညာထားသော အရွေးခံသူတစ်ဦးတစ်ယောက်သည်၊ အရွေး ခံရသူအဖြစ်ကို နုတ်သိမ်းခဲ့လျှင်၊ သို့တည်းမဟုတ် အရွေးခံသည်ကိုလက်မခံလျှင်၊ ကျန်အရွေးခံသူများ အနက် မဲအများဆုံးရသူကို နုတ်သိမ်းသွားသော၊ သို့တည်းမဟုတ် လက်မခံသော အရွေးခံသူအစား၊ အရွေးခံရသူ အဖြစ်ဖြင့် မှတ်ယူရမည်။

(၃) အရွေးခံသူများရရှိသည့် မဲအရေအတွက်ချင်းတူညီနေသည်ကို တွေ့ရှိ၍၊ မဲတစ်ခုထပ်ဖြည့် ပေးပါက၊ ထိုအရွေးခံသူတစ်ဦးဦးမှာ အရွေးခံရသူအဖြစ်ဖြင့် ကြေညာခံထိုက်ခွင့်ရှိလျှင်၊ ထိုမဲဆန္ဒထပ်ဖြည့် ပေးပြီးသည်ဟု မှတ်ယူရမည့်သူကို၊ ရွေးကောက်ပွဲတာဝန်ခံအရာရှိရှေ့တွင် ကောင်စီဥက္ကဋ္ဌကသော်လည်း ကောင်း၊ ဥက္ကဋ္ဌကိုယ်စား ဆောင်ရွက်ရန်ခန့်ထားသော ကောင်စီလူကြီးတစ်ဦးဦးကသော်လည်းကောင်း၊ သတ်မှတ်သည့်နည်းလမ်းစည်းကမ်းအတိုင်း မဲချ၍ ဆုံးဖြတ်ရမည်။

၁၉။ ။ မဲလက်မှတ်များရေတွက်ခြင်းပြီးဆုံး၍ အရွေးခံရသူများကို ကြေညာပြီးသည့်နောက်၊ ရွေးကောက်ပွဲတာဝန်ခံအရာရှိသည်၊ မဲလက်မှတ်များကိုလည်းကောင်း၊ ရွေးကောက်ပွဲနှင့်သက်ဆိုင်သည့် အခြားစာတမ်းအမှတ်အသားအားလုံးကိုလည်းကောင်း ချိပ်ပိတ်၍၊ ခြောက်လမျှ သိမ်းဆည်းထားရမည်။ ထိုကာလအပိုင်းအခြား ကုန်ဆုံးသည့်အခါ၊ ၎င်းတို့ကို ဖျက်ဆီးပစ်စေရမည်။

၂၀။ ။ ရွေးကောက်ပွဲ တာဝန်ခံအရာရှိသည်၊ အရွေးခံရသူ၏အမည်ကို၊ သို့တည်းမဟုတ် အရွေးခံရသူတို့၏အမည်များကို၊ နိုင်ငံတော်အစိုးရအား အကြောင်းကြားရမည့်ပြင်၊ မြန်တမ်းအပိုင်း ၄ တွင်လည်း ကြေညာရန်စီစဉ်ရမည်။ ထို့ပြင် မှတ်ပုံတင်အရာရှိသည်၊ အရွေးခံရသောကောင်စီလူကြီးအား၊ သို့တည်းမဟုတ် ကောင်စီလူကြီးများအား အရွေးခံရကြောင်းဖြင့် အကြောင်းကြားရမည့်ပြင်၊ ထိုသို့ အကြောင်းကြားပြီးနောက်၊ ထိုကောင်စီလူကြီးကိုလည်း၊ သို့တည်းမဟုတ် ထိုကောင်စီလူကြီးများကိုလည်း ပထမအကြိမ်ကျင်းပမည့် ကောင်စီအစည်းအဝေးသို့ တက်ရောက်ရန်ဖိတ်ကြားရမည်။ ထိုအစည်းအဝေး ကျင်းပသည့်အခါ၊ မှတ်ပုံတင်အရာရှိက ကောင်စီလူကြီးအဖြစ်၊ သို့တည်းမဟုတ် ကောင်စီလူကြီးများအဖြစ် အရွေးခံရကြောင်းဖြင့် ထုတ်ပြန်ကြေညာချက်ကိုဖတ်ကြားရမည်။ ထိုကောင်စီလူကြီးကို၊ သို့တည်းမဟုတ် ကောင်စီလူကြီးများကို ကောင်စီလူကြီးတစ်ဦးဦးက၊ အစည်းအဝေးတွင် မိတ်ဆက်ပေးရမည်။ ရွေးချယ် ခန့်ထားသည့် ကောင်စီလူကြီးများနှင့် ပတ်သက်၍လည်း ဤနည်းလမ်းအတိုင်း ပြောင်းလဲသင့်သမျှကို ပြောင်းလဲကာ လိုက်နာဆောင်ရွက်ရမည်။

၂၁။ ။ ကောင်စီသည်၊ ကျင်းပခဲ့ပြီးသော မည်သည့်ရွေးကောက်ပွဲကိုမဆို တရားမဲ့ပြုကျင့်မှုကြောင့်သော်လည်းကောင်း၊ အခြားလုံလောက်သောအကြောင်းတစ်ခုခုကြောင့်သော်လည်းကောင်း ပျက်ပြယ်သည်ဟု မိမိသဘောအရဖြစ်စေ၊ ကန့်ကွက်ချက်အရဖြစ်စေ ကြေညာနိုင်သည်။ ထိုသို့ကြေညာပြီးနောက် မဲဆန္ဒရှင်များအား၊ အသစ်တဖန် ရွေးကောက်တင်မြှောက်ရန် ဆင့်ဆိုနိုင်သည်။ ဤနည်းဥပဒေအရ ကောင်စီကချမှတ်သည့်ဆုံးဖြတ်ချက်သည်၊ အဆုံးသတ်အပြီးအပြတ်ဖြစ်စေရမည်။

၂၂။ ။ နည်းဥပဒေ ၁၁ (၂)နှင့် ၁၇ (၃)တွင် ပြဋ္ဌာန်းထားသည့်မှတစ်ပါး၊ ဤနည်းဥပဒေများ ၏ ရည်ရွယ်ချက်၊ အဓိပ္ပာယ်ကောက်ယူချက်၊ သို့တည်းမဟုတ် နည်းဥပဒေများအရ ဆောင်ရွက်ချက်မှ ပေါ်ပေါက်လာသည့် ပြဿနာတစ်ခုခုနှင့် စပ်လျဉ်း၍၊ ကောင်စီကချမှတ်သည့်ဆုံးဖြတ်ချက်သည်၊ အဆုံးသတ်အပြီးအပြတ်ဖြစ်စေရမည်။

၃။ ။ ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်း။

၂၃။ ။ (၁) ကောင်စီဒုတိယဥက္ကဋ္ဌကို၊ ကောင်စီလူကြီးများထဲမှ လျှို့ဝှက်သောမဲဆန္ဒပေးစံနစ်ဖြင့် ရွေးကောက်တင်မြှောက်ရမည့်ပြင်၊ ထိုသို့ရွေးကောက်တင်မြှောက်ခြင်းကိုလည်း ရွေးကောက်ပွဲကျင်းပပြီးသည့်နောက်၊ ပထမအကြိမ်ကျင်းပသည့် ကောင်စီအစည်းအဝေးတွင်ပြုလုပ်ရမည်။

(၂) ဒုတိယ ဥက္ကဋ္ဌရာထူးသို့ ရွေးကောက်တင်မြှောက်ရန် အရွေးခံသူများကို၊ အစည်းအဝေးတက်ရောက်သည့် ကောင်စီလူကြီးများကအဆိုသွင်း၍ ထောက်ခံရမည်။

(၃) ဥက္ကဋ္ဌသည်၊ မဲအများဆုံးရရှိသည့် အရွေးခံသူကို နည်းလမ်းတကျအရွေးခံရသူအဖြစ်ဖြင့် ကြေညာရမည်။

အရွေးခံသူများရရှိသည့် မဲအရေအတွက်ချင်းတူညီနေသည်ကိုတွေ့ရှိ၍၊ မဲတစ်ခုထပ်ဖြည့်ပေးပါက၊ ထိုအရွေးခံသူတစ်ဦးဦးမှာ အရွေးခံရသူဖြစ်ထိုက်ခွင့်ရှိလျှင်၊ ထိုထပ်ဖြည့်မဲပေးပြီးဖြစ်သည်ဟု မှတ်ယူရမည့်သူကို၊ အစည်းအဝေးတွင် ဥက္ကဋ္ဌသတ်မှတ်သည့် နည်းလမ်းအတိုင်း မဲချ၍ရွေးချယ်ရမည်။

၂၄။ ။ (၁) ဒုတိယဥက္ကဋ္ဌ၏ ရာထူးသက်တမ်းသည်၊ ကောင်စီသက်တမ်းနှင့် အမျှဖြစ်ရမည်။

(၂) ဒုတိယဥက္ကဋ္ဌရာထူး လစ်လပ်လျှင်၊ ထိုလစ်လပ်သောရာထူးကို လစ်လပ်ပြီးသည့်နောက်၊ ပထမအကြိမ်ကျင်းပသည့် ကောင်စီ၏ သာမန်အစည်းအဝေးတွင်ဖြည့်သွင်းခန့်ရမည်။

၄။ ။ ကောင်စီအစည်းအဝေးများ။

၂၅။ ။ (၁) ကောင်စီသည်၊ အလုပ်ကိစ္စဆောင်ရွက်ရန်အလို့ငှာ၊ နှစ်စဉ်ဖေဖော်ဝါရီလ ပထမအင်္ဂါနေ့နှင့် ဩဂုတ်လ ပထမအင်္ဂါနေ့တွင် သာမန်အစည်းအဝေးကျင်းပရမည်။

(၂) ဥက္ကဋ္ဌသည်၊ ကောင်စီ၏အထူးအစည်းအဝေးကျင်းပရန် လိုအပ်သည်ဟု ထင်မြင်သည့်အခါတိုင်း၊ ထိုအစည်းအဝေးကို တစ်ဆယ့်ငါးရက်ကြိုတင်အကြောင်းကြားပြီးလျှင် ဖိတ်ခေါ်နိုင်သည်။ ထို့ပြင် သုံးဦးအောက်မနည်းသော ကောင်စီလူကြီးများက၊ ထိုအစည်းအဝေးကို မည်သည့်ကိစ္စ၊ သို့တည်းမဟုတ် ကိစ္စများအတွက် ဖိတ်ခေါ်သင့်သည်ဟု ဖော်ပြ၍၊ ဖိတ်ခေါ်ရန် စာရေးသားတောင်းဆိုသောအခါလည်း ဖိတ်ခေါ်ရမည်။

၂၆။ ။ (၁)မှတ်ပုံတင်အရာရှိသည်၊ အစည်းအဝေးကျင်းပသည့်အခါတိုင်း၊ ကျင်းပမည့်အကြောင်းကြားစာကို၊ အစည်းအဝေးမကျင်းပမီ အနည်းဆုံးတစ်ဆယ့်ငါးရက်ကကြိုတင်၍ ကောင်စီလူကြီးအသီးသီးထံ ပေးပို့ရမည်။ အစည်းအဝေးကျင်းပမည့်အချိန်နှင့်နေရာကိုဖော်ပြရမည်။

(၂) အစည်းအဝေးဖိတ်ကြားစာများတွင်အစည်းအဝေးဖိတ်ခေါ်ရခြင်းမှာ၊ သာမန်အလုပ်ကိစ္စအတွက်ဖြစ်သည်၊ သို့တည်းမဟုတ် အမည်ဖော်ပြထားသည့် အထူးအလုပ်ကိစ္စအတွက်ဖြစ်သည်ကို ဖော်ပြရမည်။ အထူးအလုပ်ကိစ္စအတွက် ကျင်းပသည့် အစည်းအဝေးတစ်ခုခုတွင် ဖိတ်ကြားစာ၌ အမည်ဖော်ပြထားသည့် အလုပ်ကိစ္စမှတစ်ပါး၊ အခြားမည်သည့်အလုပ်ကိစ္စကိုမျှ မဆောင်ရွက်ရ။

(၃) ကောင်စီအစည်းအဝေးများကို၊ ရန်ကုန်မြို့တွင် ဥက္ကဋ္ဌညွှန်ကြားသည့်အချိန်များ၌ ကျင်းပရမည်။

၂၇။ ။ ကောင်စီအစည်းအဝေးတစ်ရပ်ရပ်မကျင်းပမီ၊ ရှေးဦးစွာ မှတ်ပုံတင်အရာရှိသည်၊ ဥက္ကဋ္ဌနှင့်အတူ ယာယီလုပ်ငန်းအစီအစဉ်ကိုရေးဆွဲ၍၊ ထိုယာယီလုပ်ငန်းအစီအစဉ်များကို ကောင်စီလူကြီးအသီးသီးထံသို့ အစည်းအဝေးကျင်းပမည့်နေ့ရက်မတိုင်မီ၊ အနည်းဆုံးခုနစ်ရက်ကကြိုတင်၍ တစ်စောင်စီပေးပို့ရမည်။ ထိုသို့ပေးပို့သည်နှင့်တစ်ပြိုင်တည်းပင်၊ ကောင်စီသို့ ထိုအစည်းအဝေးကျင်းပစဉ်အတွင်းတင်ပြရမည့် ပြစ်ဒဏ်ထိုက်သင့်သော အမှုများနှင့်သက်ဆိုင်သည့် စာတမ်းအမှတ်အသားများနှင့်သက်သေခံချက်မိတ္တူ များကို၊ ကောင်စီလူကြီးအားလုံးထံပေးပို့ရမည်။

၂၈။ ။ လုပ်ငန်းအစီအစဉ်တွင် ထည့်သွင်းရမည့် အဆိုနှင့် စပ်လျဉ်းသည့်အကြောင်းကြားစာကို အစည်းအဝေးကျင်းပရန် သတ်မှတ်ထားသည့် နေ့ရက်မတိုင်မီအနည်းဆုံးတစ်ဆယ်ရက်က ကြိုတင်၍၊ မှတ်ပုံတင်အရာရှိထံအရောက်ပေးပို့ရမည်။ မှတ်ပုံတင်အရာရှိသည်၊ ထိုအဆိုကို အစည်းအဝေးမကျင်းပမီ၊ အနည်းဆုံးလေးရက်က ကြိုတင်၍၊ ကောင်စီလူကြီးအသီးသီးထံ တစ်စောင်စီပေးပို့ရမည်။

၂၉။ ။ လုပ်ငန်းအစီအစဉ်တွင် ထည့်သွင်းရမည့် ပြင်ဆင်ချက်အဆိုနှင့် စပ်လျဉ်းသည့်အကြောင်းကြားစာကို၊ အစည်းအဝေးကျင်းပရန် သတ်မှတ်ထားသည့် နေ့ရက်မတိုင်မီ၊ အနည်းဆုံးတစ်ဆယ်ရက်က ကြိုတင်၍၊ မှတ်ပုံတင်အရာရှိထံ အရောက်ပေးပို့ရမည်။ မှတ်ပုံတင်အရာရှိသည်၊ ထိုပြင်ဆင်ချက် အဆို မိတ္တူကို အစည်းအဝေးမကျင်းပမီ၊ အနည်းဆုံးလေးရက်ကကြိုတင်၍၊ ကောင်စီလူကြီးအသီးသီးထံ တစ်စောင်စီပေးပို့ရမည်။

၃၀။ ။ မှတ်ပုံတင်အရာရှိသည်၊ ကောင်စီလူကြီးများ၏ အမည်စာရင်းစာအုပ်ကိုထားရှိရမည်။ ထိုစာရင်းစာအုပ်တွင် အစည်းအဝေးသို့တက်ရောက်သော ကောင်စီလူကြီးအသီးသီးက၊ ၎င်းတို့အမည်ကို အစည်းအဝေးတက်ရောက်သည့်နေ့ရက်၌ရေးသွင်းရမည်။

၃၁။ ။ (၁) အစည်းအဝေးကျင်းပရန် သတ်မှတ်သည့်အချိန်၌၊ သို့တည်းမဟုတ် ထိုအချိန်ကျရောက်ပြီးနောက် မိနစ်နှစ်ဆယ်အတွင်း၌၊ အက်ဥပဒေပုဒ်မ ၈ (၂) တွင် သတ်မှတ်ထားသည့်အတိုင်း အစည်းအဝေးအထမြောက်ရန် လိုအပ်သော ကောင်စီလူကြီးဦးရေ မတက်ရောက်လျှင်၊ အစည်းအဝေးကို နောက်တစ်ရက်ရက်သို့ ရွှေ့ဆိုင်းရမည်။ ထိုရက်ကိုဥက္ကဋ္ဌက သတ်မှတ်ရမည်။

(၂) အစည်းအဝေးတစ်ရပ်ရပ်ကို၊ နောက်တစ်ရက်ရက်သို့ ရွှေ့ဆိုင်းသည့်အခါ ထိုသို့ရွှေ့ဆိုင်းသည့် အကြောင်းကြားစာကို မှတ်ပုံတင်အရာရှိက၊ ထိုအစည်းအဝေးသို့တက်ရောက်သည့် ကောင်စီလူကြီးနှင့် မတက်ရောက်သည့် ကောင်စီလူကြီးအားလုံးထံပေးပို့ရမည်။

၃၂။ ။ (၁) ဥက္ကဋ္ဌသည်၊ အစည်းအဝေးတစ်ရပ်ရပ်ကို၊ သို့တည်းမဟုတ် အလုပ်ကိစ္စတစ်ခုခုကို နောက်မည်သည့်နေ့ရက်ကိုမဆို၊သို့တည်းမဟုတ် တစ်နေ့တည်းတွင် မည်သည့်အချိန်နာရီသို့မဆို အခါမရွေး ရွှေ့ဆိုင်းနိုင်သည်။

(၂) အစည်းအဝေးတစ်ရပ်ရပ်ကို၊ နောက်တစ်ရက်ရက်သို့ ရွှေ့ဆိုင်းသည့်အခါတိုင်း၊ ဥက္ကဋ္ဌက၊ ထိုရက်ကို အခြားတစ်ရက်ရက်သို့ ပြောင်းရွှေ့နိုင်သည်။ ထိုသို့ပြောင်းရွှေ့သည့်အကြောင်းကြားစာကို မှတ်ပုံတင် အရာရှိက၊ ကောင်စီလူကြီးအသီးသီးထံပေးပို့ရမည်။

၃၃။ ။ အစည်းအဝေးတွင် တင်သွင်းသည့်အဆိုသို့တည်းမဟုတ် ပြင်ဆင်ချက်အဆိုအသီးသီးမှာ ထောက်ခံသူရှိရမည်။ ထောက်ခံသူမရှိသည့်အဆို၊ သို့တည်းမဟုတ် ပြင်ဆင်ချက်အဆိုကို ဆွေးနွေးခြင်းမပြုရ။

၃၄။ ။ အဆိုနှင့်ပြင်ဆင်ချက်အားလုံးကို စာဖြင့်ရေးသား၍၊အဆိုတင်သွင်းသူနှင့် ထောက်ခံသူတို့ကလက်မှတ်ရေးထိုးရမည်။ ထိုအဆို၊ ပြင်ဆင်ချက်များနှင့်စပ်လျဉ်း၍၊ အခြားကောင်စီလူကြီးများက ပြောဆိုခြင်းမပြုမီ၊ သဘာပတိကသော်လည်းကောင်း၊ သဘာပတိ၏ အခွင့်အမိန့်အရ မှတ်ပုံတင်အရာရှိကသော်လည်းကောင်း ဖတ်ပြရမည်။ နည်းလမ်းအတိုင်း တင်သွင်းသော ပြင်ဆင်ချက်အဆိုအားလုံးကို၊ သီးခြားအဆိုများအဖြစ်ဖတ်ပြနိုင်အောင် ရေးသားထားရမည်။

၃၅။ ။ (၁) ကောင်စီလူကြီးတစ်ဦးသည်၊ ကောင်စီတွင်ဆွေးနွေးလျက်ရှိသည့် အကြောင်းအရာတစ်ခုခုနှင့်စပ်လျဉ်း၍ ပြောဆိုလိုလျှင်၊ မိမိနေရာမှမတ်တတ်ရပ်၍၊ ဥက္ကဋ္ဌကိုပြောဆိုရန်ခွင့်ပန်ရမည်။

(၂) မည်သည့်အချိန်အခါမဆို၊ ဥက္ကဋ္ဌကလက်ပြလျှင်၊ ပြောဆိုနေသောကောင်စီလူကြီးသည်၊ မိမိ ပြောဆိုနေခြင်းကိုချက်ချင်းရပ်ရမည်။

၃၆။ ။ ကောင်စီက အခြားနည်းမဆုံးဖြတ်လျှင်၊ ယခင်နေ့က မပြီးပြတ်သော အဆိုတစ်ခုခုကို ကိစ္စသစ်အလျှင်ဆွေးနွေးရမည်။

၃၇။ ။ မည်သည့်အဆို၊ သို့တည်းမဟုတ် ပြင်ဆင်ချက်ကိုမျှ သဘာပတိကဖြစ်စေ၊ သဘာပတိ၏ အခွင့်အမိန့်ဖြင့်ဖြစ်စေ ဖတ်ပြပြီးသည့်နောက်၊ ကောင်စီကခွင့်မပြုဘဲမရုပ်သိမ်းရ။

၃၈။ ။ မည်သည့်ကောင်စီလူကြီးမှာမျှ ကောင်စီသို့ နည်းလမ်းတကျတင်သွင်းထားသည့် အလုပ်ကိစ္စမှတစ်ပါး၊ အခြားမည်သည့်ကိစ္စနှင့်မဆိုစပ်လျဉ်း၍၊ ပြောဆိုခွင့်မရှိစေရ၊ သို့တည်းမဟုတ် ယခင်က ဆွေးနွေးခဲ့သည့်ကိစ္စနှင့်စပ်လျဉ်း၍ မိမိနှင့်သက်ဆိုင်သော ရှင်းလင်းချက်ကို၊ ဥက္ကဋ္ဌ၏ခွင့်ပြုချက် အထူးမရဘဲ ပြောဆိုခွင့်မရှိစေရ။

၃၉။ ။မည်သူမျှငါးမိနစ်ထက်ပို၍ ပြောဆိုခြင်းမပြုရ။ သို့ရာတွင် အဆိုရှင်သည်၊ အဆို တင်သွင်းစဉ် တစ်ဆယ်မိနစ်မျှပြောဆိုနိုင်သည်။

၄၀။ ။ ဤနည်းဥပဒေများတွင် မည်သို့ပင်ပါရှိစေကာမူ အဆိုတစ်ခုခုကို ဆွေးနွေးစဉ် ပေါ်ပေါက်လာသည့် ပြင်ဆင်ချက်များကို အစည်းအဝေး တက်ရောက်သည့် ကောင်စီလူကြီးများ၏ သဘောတူချက်ဖြင့် အစည်းအဝေးသို့ တင်ပြနိုင်သည်။

၄၁။ ။ ကောင်စီလူကြီးနှစ်ဦး၏၊ သို့တည်းမဟုတ် နှစ်ဦးထက်ပိုသော ကောင်စီလူကြီးများ၏ အမည်ဖြင့်တင်သွင်းသည့်ထပ်တူအဆိုများရှိလျှင်၊ဥက္ကဋ္ဌသည်၊ မည်သည့်အဆိုကို ဆွေးနွေးရမည်ဟု ဆုံးဖြတ်ရမည်။ ထိုသို့ဆုံးဖြတ်သောအခါ၊ အခြားအဆိုများကို ရုပ်သိမ်းသည်ဟုမှတ်ယူရမည်။

၄၂။ ။ (၁) ကောင်စီလူကြီးများသည်၊ အဆိုတစ်ခုခုနှင့်စပ်လျဉ်း၍၊ ဥက္ကဋ္ဌက ညွှန်ကြားသည့် အစီအစဉ်အတိုင်းပြောဆိုနိုင်သည်။ သို့ရာတွင် အဆိုထောက်ခံသူသည်၊ ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့်၊ မိမိ၏ဝေဖန်ချက်များကို မပြောဆိုသေးဘဲ ချွင်းချန်၍၊ အဆိုကို ဆွေးနွေးဆဲ မည်သည့်အချိန်တွင်မဆို ပြောဆိုနိုင်သည်။

(၂) ကောင်စီလူကြီးအားလုံး ပြောဆိုခွင့်ရရှိပြီးနောက်၊ အဆိုရှင်သည်၊ ပြန်လည်ချေပသည့်အနေဖြင့် နောက်တစ်ကြိမ်ပြောဆိုနိုင်သည်။

(၃) အဆိုရှင်မှတစ်ပါး၊ အခြားမည်သည့်ကောင်စီလူကြီးမျှ အဆိုတစ်ခုခုနှင့် စပ်လျဉ်း၍၊ ရှင်းလင်းရန် ကိစ္စအတွက် ဥက္ကဋ္ဌ၏ ခွင့်ပြုချက်မရဘဲ တစ်ကြိမ်ထက်ပို၍ ပြောဆိုခြင်းမပြုရ။

(၄) ကောင်စီလူကြီးသည်၊ အဆိုနှင့်စပ်လျဉ်း၍ ပြောဆိုပြီးဖြစ်သော်လည်း၊ ထိုအဆိုတွင် ပြင်ဆင်ချက်နောက်ထပ်တင်သွင်းလျှင်၊ ထိုပြင်ဆင်ချက်နှင့် စပ်လျဉ်း၍ ထပ်မံပြောဆိုနိုင်သည်။

၄၃။ ။ (၁) ပြင်ဆင်ချက်အဆိုတင်သွင်းလျှင်၊ ထိုပြင်ဆင်ချက်ကို အခြားပြင်ဆင်ချက်တစ်ခုခု မတင်သွင်းမီ၊ ပြီးပြတ်အောင်ပြုလုပ်ရမည်။

(၂) ပြင်ဆင်ချက်အတွက် ဖွေးဦးစွာဆန္ဒမဲယူရမည်။ ထိုပြင်ဆင်ချက် မဲရှုံးလျှင်၊ ဒုတိယ ပြင်ဆင်ချက်အဆိုတင်သွင်းနိုင်သည်။ ဒုတိယပြင်ဆင်ချက်အဆိုကို ပထမပြင်ဆင်ချက်နည်းတူပြုလုပ်ရမည်။ ဤနည်းအားဖြင့် တင်သွင်းသည့် ပြင်ဆင်ချက်အားလုံးကို ပြီးပြတ်အောင် ပြုလုပ်ရမည်။

၄၄။ ။ ပြင်ဆင်ချက်ဟူသမျှ မဲရှုံးလျှင်၊ မူလအဆိုအတွက် ဆန္ဒမဲရယူရမည်။

၄၅။ ။ ပြင်ဆင်ချက်တစ်ခုခုအတည်ဖြစ်လျှင်၊ ထိုသို့ပြင်ထားသည့် မူလအဆိုကို ထပ်မံ ဆွေးနွေးရန်သီးခြားအဆိုအဖြစ်မှတ်ယူရမည်။ ထိုအဆိုတွင် နောက်ထပ်ပြင်ဆင်ချက်အဆိုများ တင်သွင်းနိုင်သည်။

၄၆။ ။ (၁) ကောင်စီက ဆုံးဖြတ်ရမည့် ကိစ္စအသီးသီးကို ကောင်စီလူကြီးကအဆိုပြု၍၊ ဥက္ကဋ္ဌက ကောင်စီသို့တင်ပြပြီးလျှင် များရာမဲဖြင့်ဆုံးဖြတ်ရမည်။ မဲအရေအတွက်ချင်းတူညီနေလျှင်၊ ဥက္ကဋ္ဌက ဒုတိယမဲ သို့တည်းမဟုတ် အနိုင်မဲပေးနိုင်သည်။

(၂) မဲဆန္ဒများကို၊ အသံအားဖြင့်ဖြစ်စေ၊ လက်ထောင်ပြခြင်းအားဖြင့်ဖြစ်စေ၊ မဲခွဲခြင်းအားဖြင့် ဖြစ်စေ ရယူရမည့်ပြင်၊ မည်သည့်ကောင်စီလူကြီးကမဆို၊ မဲခွဲ၍ရယူစေလိုလျှင်၊ မဲခွဲ၍ရယူရမည်။

(၃) မဲခွဲ၍မဲဆန္ဒများရယူရမည့် နည်းစံနစ်ကို၊ ဥက္ကဋ္ဌက သတ်မှတ်ရမည်။

(၄) မဲခွဲသည့်အခါတိုင်း၊ များရာဘက်ရှိ ကောင်စီလူကြီးတို့၏ အမည်၊ သို့တည်းမဟုတ် ဦးရေကို သော်လည်းကောင်း၊ အမည်နှင့်ဦးရေနှစ်မျိုးလုံးကိုသော်လည်းကောင်း၊ နည်းရာဘက်ရှိကောင်စီလူကြီးတို့၏ အမည်၊ သို့တည်းမဟုတ် ဦးရေကိုသော်လည်းကောင်း၊ အမည်နှင့်ဦးရေနှစ်မျိုးလုံးကိုသော်လည်းကောင်း၊ မဲမပေးလိုသော ကောင်စီလူကြီးတို့၏အမည်၊ သို့တည်းမဟုတ် ဦးရေသော်လည်းကောင်း၊ အမည်နှင့်ဦးရေ နှစ်မျိုးလုံးကိုသော်လည်းကောင်း၊ အစည်းအဝေးမတက်ရောက်သည့် ကောင်စီလူကြီးတို့၏အမည်၊ သို့တည်းမဟုတ် ဦးရေကိုသော်လည်းကောင်း၊ အမည်နှင့်ဦးရေ နှစ်မျိုးလုံးကိုသော်လည်းကောင်း မှတ်တမ်း တွင် ရေးသွင်းရန်၊ မည်သည့်ကောင်စီ လူကြီးကမဆို တောင်းဆိုနိုင်သည်။ ထိုသို့တောင်းဆိုသည့်အခါ၊

ထိုလိုအပ်သော အကြောင်းအချက်လက်များကို၊ တောင်းဆိုသည့်အတိုင်း ရေးသွင်းရမည်။

၄၇။ ။ အဆိုကို ဆွေးနွေးနေစဉ်၊ အောက်ပါအဆိုတစ်ခုခုမှတစ်ပါး၊ အခြားမည်သည့်အဆိုကိုမျှ နောက်ထပ်လက်မခံရ။

(က) "အဆိုကို အောက်ပါအတိုင်းပြင်ဆင်ရန်" ဟူသော ပြင်ဆင်ချက်အဆို။
(ခ) "အဆိုဆွေးနွေးခြင်းကို ရွှေ့ဆိုင်းရန်" ဟူသော ဆွေးနွေးဆဲကိစ္စရွှေ့ဆိုင်းသည့်အဆို။
(ဂ) "အဆိုဆွေးနွေးခြင်းကို ယခုပင်ရွှေ့ဆိုင်းရန်" ဟူသောဆွေးနွေးခြင်းရွှေ့ဆိုင်းသည့်အဆို။
(ဃ) "ကောင်စီအစည်းအဝေးကို၊ ယခုပင်ရွှေ့ဆိုင်းရန်" ဟူသောကောင်စီအစည်းအဝေး ရွှေ့ဆိုင်းသည့်အဆို။
(င) "ကောင်စီက အဆိုကို၊ ယခုပင်မဲဆန္ဒပေးရန်" ဟူသောဆွေးနွေးခြင်းရပ်စဲသည့်အဆို။
(စ) "ကောင်စီက အဆိုကိုဆွေးနွေးနေမည့်အစား၊ လုပ်ငန်းအစီအစဉ်ပါနောက်အချက်ကို ကူးပြောင်းဆွေးနွေးရန်" ဟူသော ဆွေးနွေးဆဲကိစ္စပျက်ပြယ်စေသည့်အဆို။

၄၈။ ။ ပြင်ဆင်ချက်ကိုဆွေးနွေးနေစဉ်၊ အောက်ပါအဆို တစ်ခုခုမှတစ်ပါး၊ အခြားမည်သည့် အဆိုကိုမျှ နောက်ထပ်လက်မခံရ။

(က) "ပြင်ဆင်ချက်ဆွေးနွေးခြင်းကို ယခုပင်ရွှေ့ဆိုင်းရန်" ဟူသောပြင်ဆင်ချက် ဆွေးနွေးခြင်း ကို ရွှေ့ဆိုင်းသည့်အဆို။
(ခ) "ကောင်စီ အစည်းအဝေးကို၊ ယခုပင် ရွှေ့ဆိုင်းရန်" ဟူသော ကောင်စီ အစည်းအဝေး ရွှေ့ဆိုင်းသည့်အဆို။
(ဂ) "ကောင်စီက ပြင်ဆင်ချက်ကို၊ ယခုပင်မဲဆန္ဒပေးရန်" ဟူသော ပြင်ဆင်ချက်ဆွေးနွေး ခြင်းကို ရပ်စဲရန်အဆို။
(ဃ) "ကောင်စီက ပြင်ဆင်ချက်ကို ဆွေးနွေးနေမည့်အစား၊ မူလတင်သွင်းမည့်အစား၊ မူလ တင်သွင်းသည့်အဆိုကို ပြန်လည်ဆွေးနွေးရန်" ဟူသော ဆွေးနွေးဆဲပြင်ဆင်ချက်ပျက် ပြယ်စေသည့်အဆို။

၄၉။ ။ ဆွေးနွေးဆဲကိစ္စ ရွှေ့ဆိုင်းသည့်အဆိုတွင်၊ ထိုကိစ္စနောက်ထပ်ဆွေးနွေးရန်နေ့ရက်ကို၊ သီးခြားဖော်ပြနိုင်သည်။ သို့တည်းမဟုတ် အကန့်အသတ်မရှိ ရွှေ့ဆိုင်းနိုင်သည်။

၅၀။ ။ ဆွေးနွေးဆဲ ကိစ္စရွှေ့ဆိုင်းသည့်အဆို အတည်ဖြစ်လျှင်၊ ကောင်စီသည်၊ လုပ်ငန်း အစီအစဉ်ပါ နောက်ကိစ္စကို ကူးပြောင်းဆွေးနွေးရမည်။ ထိုကိစ္စကိုမူ၊ နောက်ကျင်းပသည့် ကောင်စီ၏

သာမန် အစည်းအဝေးတွင် ပြန်လည်ဆွေးနွေးရမည်။ ဆွေးနွေးဆဲကိစ္စရွေ့ဆိုင်းရန် အဆိုတင်သွင်းသူသည်၊ ထိုကိစ္စကို ပြန်လည်ဆွေးနွေးသည့်အခါ၊ ရှေးဦးစွာ ပြောဆိုခွင့်ရရှိစေရမည်။

၅၁။ ။ ကောင်စီအစည်းအဝေးရွှေ့ဆိုင်းသည့်အဆို အတည်ဖြစ်လျှင်၊ ဆွေးနွေးဆဲကိစ္စကို၊ လုပ်ငန်းအစီအစဉ်မှ ထုတ်ပယ်ရမည်။

၅၂။ ။ ကောင်စီအစည်းအဝေးရွှေ့ဆိုင်းရန် အဆိုတင်သွင်း၍၊ ထောက်ခံသောအခါ၊ ဥက္ကဋ္ဌ၊ သို့တည်းမဟုတ် သဘာပတိ ဆိုင်သင့်ရာရာသည်၊ ထိုအဆိုအတွက် ဆန္ဒမယူမီ၊ ကန့်ကွက်သူမရှိသည့် အလုပ်ကိစ္စကို၊ အစည်းအဝေးမရုပ်သိမ်းမီ၊ ဆက်လက်ဆောင်ရွက်မည် မဆောင်ရွက်မည်ဟူသော အကြောင်းနှင့် စပ်လျဉ်း၍၊ ကောင်စီ၏သဘောထားကို ရယူပိုင်ခွင့်ရှိရမည်။

၅၃။ ။ ဆွေးနွေးခြင်းရပ်စဲရန် အဆိုကိုတင်သွင်း၍၊ ထောက်ခံပြီးနောက် ဆွေးနွေးခြင်းမပြုဘဲ၊ ဥက္ကဋ္ဌ၊ သို့တည်းမဟုတ် သဘာပတိ ဆိုင်သင့်ရာရာက၊ အခြားနည်းမဆုံးဖြတ်လျှင်၊ ချက်ချင်းဆန္ဒမဲရယူရမည်။ ထိုအဆိုအတည်ဖြစ်လျှင်၊ ဆွေးနွေးဆဲအဆို၊ သို့တည်းမဟုတ် ပြင်ဆင်ချက်ကို၊ ကောင်စီက ချက်ချင်း ဆန္ဒမဲပေးရမည်။

၅၄။ ။ ဆွေးနွေးဆဲကိစ္စ၊ သို့တည်းမဟုတ် ပြင်ဆင်ချက် ပျက်ပြယ်စေရန်အဆိုကို တင်သွင်း၍၊ ထောက်ခံပြီးနောက် ဆွေးနွေးခြင်းမပြုဘဲ၊ ချက်ချင်းဆန္ဒမဲယူရမည်။ ထိုအဆိုအတည်ဖြစ်လျှင်၊ ထိုအဆိုနှင့် သက်ဆိုင်သည့်အဆို၊ သို့တည်းမဟုတ် ပြင်ဆင်ချက်ကို (အထက်ပါနည်းဥပဒေ ၄၇ နှင့် ၄၈ ကိုကြည့်) လုပ်ငန်းအစီအစဉ်မှ ထုတ်ပယ်ရမည်။

၅၅။ ။ ဆွေးနွေးနေစဉ်အတွင်း ရှင်းလင်းရန် ကိစ္စကြောင့်ဖြစ်စေ၊ အခြားလုံလောက်သော အကြောင်းတစ်ခုခုကြောင့်ဖြစ်စေ ကောင်စီလူကြီးတစ်ဦးဦးသည်၊ ကောင်စီက ဆွေးနွေးလျက်ရှိသည့် အလုပ်ကိစ္စနှင့်စပ်လျဉ်း၍၊ အခြားကောင်စီလူကြီးတစ်ဦးဦးအား မေးခွန်းမေးမြန်းရမည်ဖြစ်လျှင်၊ ဥက္ကဋ္ဌမှ တစ်ဆင့် မေးမြန်းရမည်။

၅၆။ ။ ဥက္ကဋ္ဌသည်၊ ကိစ္စတစ်ခုခုနှင့်စပ်လျဉ်း၍၊ ကောင်စီလူကြီးများ၏ မဲဆန္ဒများကို ဖြန့်ချီစာဖြင့်၊ မိမိသဘောအတိုင်း ရယူနိုင်သည်။ ထိုကိစ္စများကို၊ မဲများရာဖြင့် ဆုံးဖြတ်ရမည်။ ထိုကိစ္စနှင့်စပ်လျဉ်းသည့် မှတ်တမ်းကို၊ နောက်အကြိမ်ကျင်းပသည့် ကောင်စီအစည်းအဝေးမှတ်တမ်းများတွင် ဖြည့်သွင်းရမည်။

၅။ ။ ကောင်စီအစည်းအဝေးမှတ်တမ်းများ။

၅၇။ ။ ကောင်စီအစည်းအဝေးမှုခင်း တိစ္စများကို၊ ပုံနှိပ်မှတ်တမ်းများအဖြစ် ထားရှိရမည်။ ထိုမှတ်တမ်းများကို အတည်ပြုပြီးနောက်၊ ဥက္ကဋ္ဌ၊ သို့တည်းမဟုတ် သဘာပတိ ဆိုင်သင့်ရာရာက မှန်ကြောင်း လက်မှတ်ရေးထိုးရမည်။ ကောင်စီလူကြီးအသီးသီးသည် အစည်းအဝေးမှုခင်းမှတ်တမ်းစာကြမ်းကို၊ ရရှိသည့်နေ့ရက်မှ ပြက္ခဒိန်လတစ်လအတွင်း၊ ထိုမှတ်တမ်းတွင်ပါရှိသည့်အတိုင်း လက်ခံကြောင်း၊ လက်မခံကြောင်း မှတ်ပုံတင်အရာရှိထံစာဖြင့် အကြောင်းကြားရမည်။ ကောင်စီလူကြီးတစ်ဦးက ပြင်ဆင်ချက်တစ်ခုခုပြုလုပ်ရန် လိုအပ်သည်ဟု ယူဆလျှင်၊ ထိုလိုအပ်သည့် ပြင်ဆင်ချက်ကို မှတ်ပုံတင်အရာရှိအား အကြောင်းကြားရမည်။ မှတ်ပုံတင်အရာရှိသည်၊ ထိုကိစ္စတွင် ဥက္ကဋ္ဌ၏ အမိန့်ကိုရယူရမည့်ပြင် ထိုသို့လိုအပ်သည့်အတိုင်း ပြုလုပ်သည့်ပြင်ဆင်ချက်၊ သို့တည်းမဟုတ် ပြင်ဆင်ချက်များကိုလည်း၊ ကောင်စီလူကြီးအားလုံး သိရှိအောင်ဝေငှရန် လိုအပ်လျှင် ဝေငှရမည်။

၅၈။ ။ အစည်းအဝေးအသီးသီး၏ မှတ်တမ်းများကို ပုံနှိပ်ရမည်။ ထိုမှတ်တမ်းများကို၊ အတည်မပြုသေးမီ၊ "လျှို့ဝှက်စွာ" ဟု ရေးမှတ်ပြီးလျှင်၊ အစည်းအဝေးကျင်းပသည့်နေ့ရက်မှ ရက်ပေါင်းသုံးဆယ်အတွင်း ကောင်စီလူကြီးအသီးသီးထံ ပေးပို့ရမည်။

၅၉။ ။ ထိုအစည်းအဝေးတွင် တင်သွင်းအတည်ပြုသည့်၊ သို့တည်းမဟုတ် ထိုအစည်းအဝေးက ပယ်သည့်အဆိုများနှင့် ပြင်ဆင်ချက်များကို၊ အဆိုရှင်နှင့် ထောက်ခံသူတို့၏အမည်များနှင့်တကွ၊ ထိုအစည်းအဝေးမှတ်တမ်းများတွင် ရေးမှတ်ထားရမည်။ ထိုအစည်းအဝေးတွင် ကောင်စီလူကြီးတစ်ဦးဦးပြုသည့် ဝေဖန်ချက်၊ သို့တည်းမဟုတ် မှတ်ချက်ကို ထိုမှတ်တမ်းတွင် မရေးမှတ်ရ။

၆၀။ ။ ထိုမှတ်တမ်းများကို ဖတ်ကြားပြီးဖြစ်သည်ဟု မှတ်ယူရမည်။ သို့ရာတွင် မည်သည့်ကောင်စီလူကြီးကမဆို ထိုမှတ်တမ်းတွင် လိုအပ်မည်ထင်သော ပြင်ဆင်ချက်၊ သို့မဟုတ် ဖြည့်စွက်ချက်ကို ပြုလုပ်စေခြင်းငှာ၊ ထိုမှတ်တမ်းကို ဖတ်ကြားရန် အဆိုတင်သွင်းနိုင်သည်။

၆၁။ ။ ကောင်စီက အကြောင်းအရာတစ်ခုခုနှင့် စပ်လျဉ်း၍ နည်းဥပဒေသစ်ကိုသော်လည်းကောင်း၊ ပြင်ဆင်ထားသော နည်းဥပဒေကိုသော်လည်းကောင်း အတည်ပြုလျှင်၊ ထိုနည်းဥပဒေသစ်သည်၊ သို့တည်းမဟုတ် ထိုပြင်ဆင်ထားသော နည်းဥပဒေသည်၊ အဆိုပါအကြောင်းအရာတွင် ယခင်နည်းဥပဒေများပေါ်၌ မည်သို့အကျိုးသက်ရောက်သည်နှင့် စပ်လျဉ်း၍နည်းလမ်းတကျဖြစ်သော ဖော်ပြချက်ကို မှတ်တမ်းများတွင် ထည့်သွင်းရမည်။

၆၂။ ။ မည်သည့်ကောင်စီ ညီလာခံကိုမဆို ရုပ်သိမ်းပြီးသည့်နောက်၊ အဆိုပါညီလာခံတွင် အတည် ပြုပြီးသည့် မှတ်တမ်းများကို ကောင်စီလူကြီးအသီးသီးထံ တစ်စောင်စီပေးပို့ရမည်။

၆၃။ ။ ကောင်စီညီလာခံမှတ်တမ်းများကို၊ အပြီးသတ်ပြန်လည်ကြည့်ရှုပြီးသည့်နောက်၊ မကောင်စီညီလာခံ ရုပ်သိမ်းပြီးသည့်အခါ၊ အခွင့်သင့်လျှင်သင့်ချင်း၊ ၎င်းတို့ကို စာရွက်များတွင် စုပေါင်း၍ အစီအစဉ်အတိုင်း စာမျက်နှာအမှတ်ထိုးတပ်လျက်၊ နှစ်စဉ်မှတ်တမ်းစာအုပ်တွင် ထည့်သွင်းရန်အလို့ငှာ၊ သိမ်းဆည်း ထားရှိရမည်။

၆။ ။ အမှုဆောင်ကော်မတီ။

၆၄။ ။ အမှုဆောင်ကော်မတီတွင်၊ ကောင်စီသစ်ရွေးကောက်တင်မြှောက်သည့်နှစ်မှတစ်ပါး အခြားနှစ်အသီးသီးတွင် ပထမအကြိမ်ကျင်းပသည့် ကောင်စီအစည်းအဝေး၌ မဲဆန္ဒပေးစနစ်ဖြင့် ရွေးကောက်တင်မြှောက်သည့် ကောင်စီ၏ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့်ကောင်စီလူကြီး ငါးဦးပါဝင်ရမည်။ ကောင်စီသစ်ရွေးကောက်တင်မြှောက်သည့်နှစ်၌၊ ကောင်စီသစ်တွင် ပါဝင်သည့်လူကြီးအားလုံးသို့ လျှို့ဝှက် ဖြန့်ချိစာပေးပို့၍ မဲဆန္ဒရယူရမည်။ ဤကိစ္စ၌ထိုမဲဆန္ဒပေးခြင်းကို ကြပ်ကြပ်တည်းတည်းလျှို့ဝှက်ထားရ မည်။

၆၅။ ။ အမှုဆောင်ကောင်မတီသည်၊ ဥက္ကဋ္ဌက သတ်မှတ်သည့်နေ့ရက်တွင် သာမန်အားဖြင့် စည်းဝေးရမည်။

ဥက္ကဋ္ဌမရှိလျှင်၊ ဒုတိယဥက္ကဋ္ဌသည်၊ အစည်းအဝေး၌ သဘာပတိအဖြစ်ဆောင်ရွက်ရမည်။ ဥက္ကဋ္ဌ နှင့် ဒုတိယဥက္ကဋ္ဌနှစ်ဦးလုံးမရှိလျှင်၊ တက်ရောက်သော အမှုဆောင်ကော်မတီလူကြီးများက၊ ထိုအစည်း အဝေး၌ သဘာပတိအဖြစ်ဆောင်ရွက်ရန် တက်ရောက်သောအမှုဆောင်ကော်မတီလူကြီးများထဲမှ သဘာပတိတစ်ဦး ကို ရွေးကောက်တင်မြှောက်ရမည်။

၆၆။ ။ အမှုဆောင်ကော်မတီအစည်းအဝေးသို့ ဥက္ကဋ္ဌ၊ သို့တည်းမဟုတ် သဘာပတိ အပါအဝင်အမှုဆောင်ကော်မတီလူကြီးလေးဦးတက်ရောက်လျှင်၊ အစည်းအဝေးအထမြောက်ရမည်။

၆၇။ ။ အမှုဆောင်ကော်မတီအစည်းအဝေးမကျင်းပသည့်ကြားကာလအတွင်း အမှုဆောင် ကော်မတီလူကြီး နေရာတစ်ခုခုလစ်လပ်လျှင်၊ ကော်မတီလူကြီးများက၊ ထိုလစ်လပ်သောနေရာကို ဖြည့်သွင်း ပိုင်ခွင့် ရှိရမည်။ သို့သော်လည်း ကောင်စီအစည်းအဝေးကျင်းပရန် ဖိတ်ကြားစာထုတ်ဝေထားပြီးဖြစ်လျှင်၊ ထိုလစ်လပ်သောနေရာကိုဖြည့်သွင်းရန် ကောင်စီကပင် ရွေးကောက်တင်မြှောက်ရမည်။

၆၈။ ။ (၁) အမှုဆောင်ကော်မတီသည်၊ မိမိတို့၏ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ အစည်းအဝေးမှတ်တမ်းများကို ထားရှိရမည့်ပြင်၊ ၎င်းမှတ်တမ်းများကိုအမှုဆောင်ကော်မတီလူကြီးများသို့လည်း ဖြန့်ချိရမည်။ ကော်မတီလူကြီး အသီးသီးသည်၊ အစည်းအဝေးဆောင်ရွက်ချက်မှတ်တမ်း စာကြမ်းကို၊ ရရှိသည့်နေ့ရက်မှ ပြက္ခဒိန်လ တစ်လအတွင်း၊ ထိုမှတ်တမ်းတွင် ပါရှိသည့်အတိုင်းလက်ခံ ကြောင်း။ လက်မခံကြောင်းကို မှတ်ပုံတင်အရာရှိအား စာဖြင့်အကြောင်းကြားရမည်။ ကော်မတီလူကြီးတစ်ဦးက ပြင်ဆင်ချက်တစ်ခုခုပြုလုပ်ရန် လိုအပ်သည်ဟု ယူဆလျှင်၊ ထိုလိုအပ်သည့်ပြင်ဆင်ချက်ကို မှတ်ပုံတင်အရာရှိအား အကြောင်းကြားရမည်။ မှတ်ပုံတင်အရာရှိသည်၊ ထိုကိစ္စတွင် ဥက္ကဋ္ဌ၏ အမိန့်ကိုရယူရမည့်ပြင်၊ ထိုသို့လိုအပ်သည့်အတိုင်း ပြုလုပ်သည့်ပြင်ဆင်ချက်၊ သို့တည်းမဟုတ် ပြင်ဆင်ချက်များနှင့် စပ်လျဉ်းသည့် အကြောင်းကြားချက်ကိုလည်း၊ အမှုဆောင်ကော်မတီလူကြီးအားလုံးထံသို့ ဖြန့်ချိရန် လိုအပ်လျှင် ဖြန့်ချိရမည်။

(၂) အမှုဆောင်ကော်မတီ အစည်းအဝေးများ၏ မှတ်တမ်းများကို ပုံမနှိပ်ရ။ သို့ရာတွင် ထိုမှတ်တမ်းများကို အတည်မပြုသေးသမျှ ကာလပတ်လုံး မှတ်တမ်းအစောင်အသီးသီးကို "လျှို့ဝှက်စွာ" ဟု မှတ်သားထားပြီးလျှင် ကောင်စီလူကြီးအသီးသီးထံပေးပို့ရမည်။ အပြီးသတ်အတည်ပြုပြီးသည့် မှတ်တမ်းများ၏ မိတ္တူတစ်စောင်ကိုလည်း အမှုဆောင်ကော်မတီလူကြီးအသီးသီးနှင့် ကောင်စီလူကြီးအသီးသီးထံ ပေးပို့ရမည်။

၆၉။ ။ (၁) မှတ်ပုံတင်အရာရှိသည်၊ နှစ်စဉ် ဇန်နဝါရီလအတွင်း၊ ယခင် ဒီဇင်ဘာလ ၃၁ ရက်နေ့၌ ဆရာဝန်မှတ်ပုံစာရင်းတွင်အမည်များ ပါရှိသူအားလုံး၏ စာရင်းမှန်ကို၊ နောက်အပိုဒ်တွင် ပြဋ္ဌာန်းသည့် ညွှန်ကြားချက်များအရ ပုံနှိပ်၍ ထုတ်ဝေစေရမည်။

(၂) အမှုဆောင်ကော်မတီသည်၊ ဤနည်းဥပဒေများဆိုင်ရာ နောက်ဆက်တွဲပါ ပုံစံ ၄ ဖြင့်၊ နှစ်စဉ် ဆရာဝန်စာရင်းထုတ်ပြန်ခြင်းကို ကြီးကြပ်ရမည့်ပြင်၊ ထိုစာရင်းတွင် အဆိုပါ ဆရာဝန်စာရင်းစာအုပ်များဝင်သည့် စာရင်းကိုလည်း နှစ်စဉ်ထည့်သွင်းပုံနှိပ်ရမည်။

(၃) အောက်ပါအကြောင်းအရာကို၊ နှစ်စဉ်ဆရာဝန်စာရင်းတွင် ရေးသွင်းရမည်။

(က) စာရင်းပါသူဦးရေစုစုပေါင်း။

(ခ) ထိုနှစ်အတွင်း မှတ်ပုံတင်၍ ဖြည့်သွင်းသူဦးရေ။

(ဂ) ဆရာဝန်မှတ်ပုံစာရင်းတွင် ပြန်သွင်းသူဦးရေ။

(ဃ) အဆိုပါ မှတ်ပုံစာရင်းမှ ထုတ်ပယ်ထားသူဦးရေ၊ ၎င်းတို့အမည်ကို အက်ဥပဒေပါ မည်သည့်ပုဒ်မအရ ထုတ်ပယ်ကြောင်းဖော်ပြရမည်။ ထို့ပြင်

(င) သေဆုံး၍ ထုတ်ပယ်လိုက်သူဦးရေ။

(၄) အမှုဆောင်ကော်မတီသည်၊ မိမိတို့လိုအပ်သည်ဟု ထင်မြင်လျှင်၊ ဆရာဝန်စာရင်းအပြည့်အစုံ

ပါသည့် စောင်ရေကို လေးနှစ်တစ်ကြိမ်မှာယူရမည်။

(၅) လိုအပ်လျှင်၊ ယခင် ဒီဇင်ဘာလ ၃၁ ရက်နေ့နောက်မှ မှတ်ပုံတင်သည့် ဆရာဝန်အားလုံး ပါသော ထပ်ဖြည့်စာရင်းကို နှစ်စဉ်ဆရာဝန်စာရင်း ပြုလုပ်သည့်နည်းအတိုင်း အမှုဆောင်ကော်မတီ၏ အခွင့်အမိန့်အရ ပြုလုပ်ရမည်။

(၆) အမှုဆောင်ကော်မတီသည်၊ နှစ်စဉ်ဆရာဝန်စာရင်းနှင့် ထပ်ဖြည့်စာရင်း၏ တန်ဖိုးနှုန်းကို သတ်မှတ်ရမည်။

၇၀။ ။ ကောင်စီညီလာခံမရှိသည့်အခါ၊ မှတ်ပုံတင်အရာရှိသေဆုံးလျှင်၊ သို့တည်းမဟုတ် မကျန်းမာ၍ မစွမ်းဆောင်နိုင်လျှင်၊ အမှုဆောင်ကော်မတီသည်၊ မှတ်ပုံတင်အရာရှိ၏ တာဝန်ဝတ္တရားများ ကို ယာယီဆောင်ရွက်ရန်ပုဂ္ဂိုလ်တစ်ဦးကို ခန့်ထားရမည်။

၇၁။ ။ အမှုဆောင်ကော်မတီသည်၊ ကောင်စီသတိပြုသင့်သည် ထင်မြင်သော မည်သည့် အကြောင်းအရာများကိုမဆို စဉ်းစားဆင်ခြင်၍ အစီရင်ခံစာများ ရေးသားရမည်။ ထိုသို့သော အစီရင်ခံစာ များကို ရိုက်နှိပ်၍ ကောင်စီအစည်းအဝေးမကျင်းပမီ၊ အနည်းဆုံးရက်သတ္တတစ်ပတ်က ကြိုတင်လျက် ကောင်စီလူကြီးများထံ ဖြန့်ချိရမည်။

၇၂။ ။ မိမိတို့အား လွှဲအပ်ထားသည့် အလုပ်ကိစ္စကို နည်းလမ်းတကျ ဆောင်ရွက်ရန် အလို့ငှာ လိုအပ်သော အကြောင်းအရာများကို ဆရာဝန်လိုင်စင် ထုတ်ပေးရေးအဖွဲ့များထံမှ တောင်းဆိုနိုင် ခွင့် အာဏာကို အမှုဆောင်ကော်မတီအား အပ်နှင်းထားရမည်။

၇၃။ ။ ဆေးအတတ်ပညာစာမေးပွဲများကို ဆိုင်ရာအစီရင်ခံစာရင်းများနှင့် စာမေးပွဲ အောင်စာရင်းများကို၊ အမှုဆောင်ကော်မတီအား ပေးအပ်ရမည်။ အမှုဆောင်ကော်မတီသည်၊ ကောင်စီသို့ တင်ပြရမည့် အဆိုပါစာမေးပွဲများ၌ အအောင်အကျဇယားကို နှစ်စဉ်ပြုလုပ်ရမည်။

၇၄။ ။ မှတ်တမ်းစာအုပ်များပုံနှိပ်ခြင်းကို အမှုဆောင်ကော်မတီ၏ ညွှန်ကြားချက်အရ ပြုလုပ် ရမည်။

၇၅။ ။ ကောင်စီသည်၊ အက်ဥပဒေပုဒ်မ ၁၆ အရ၊ ဆရာဝန်မှတ်ပုံစာရင်းမှ ထုတ်ပယ်ထားသူ တစ်ဦးဦး၏အမည်ကို၊ မိမိတို့သင့်လျော်သည်ထင်မြင်လျှင်၊ ထိုစာရင်းတွင်ပြန်သွင်းရမည်။ သို့သော်လည်း အက်ဥပဒေပုဒ်မ ၁၆ အရ၊ ထုတ်ပယ်ထားသူ၏ အမည်ကို ဆရာဝန်မှတ်ပုံစာရင်းတွင် ပြန်သွင်းရန် တင်သွင်းသော မည်သည့်လျှောက်လွှာကိုမျှ ၄င်းလျှောက်လွှာနှင့်အတူ၊ လျှောက်ထားသူက ထိုအမှု၏

အဖြစ်အပျက်အကြောင်းအရာများဖော်ပြလျက်၊ ၎င်းသည်မူလက မှတ်ပုံတင်ထားသည်ဟု ဖော်ပြသော လျှောက်ထားသူ၏ဖော်ပြချက်နှင့် အက်ဥပဒေအရ မှတ်ပုံတင်ထားသည့် ဆရာဝန်နှစ်ဦးထံမှ ထိုသူ ဟုတ်မှန်ကြောင်း သက်သေခံလက်မှတ်ဖြစ်စေ၊ လျှောက်ထားသူသည် နိုင်ငံခြားတွင် နေထိုင်သူဖြစ်လျှင်၊ ရာဇဝတ်တရားသူကြီး နှစ်ဦးကသော်လည်းကောင်း၊ ပြန်တမ်းဝင်အရာရှိနှစ်ဦး၊ သို့တည်းမဟုတ် ပြန်တမ်းဝင်အရာရှိ နှင့် တန်းတူအရာရှိနှစ်ဦးကသော်လည်းကောင်း၊ လက်မှတ်ရေးထိုးသည့် သက်သေခံ လက်မှတ်ဖြစ်စေ မပါရှိလျှင်၊ လက်မခံရ။

၇၆။ ။ ကောင်စီသို့ တင်သွင်းသော လျှောက်လွှာအားလုံးကို၊ ကောင်စီက စဉ်းစားဆင်ခြင် ခြင်းမပြုမီ၊ စစ်ဆေး၍ အစီရင်ခံရန် အမှုဆောင်ကော်မတီသို့ လွှဲအပ်ရမည်။

၇၇။ ။ ကောင်စီညီလာခံကျင်းပမည့် ဆဲဆဲတွင်သော်လည်းကောင်း၊ ကောင်စီညီလာခံ ကျင်းပနေစဉ် အတွင်းသော်လည်းကောင်း ကောင်စီသို့တင်သွင်းသည့် လျှောက်လွှာအားလုံးကို၊ ဤ နည်းဥပဒေနှင့် တစ်ဆက်တည်း ဖြစ်သည့် အထက်နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ ညီလာခံဆိုင်ရာ စားပွဲပေါ်တွင် တင်ထားရမည်။

၇၈။ ။ အမှုဆောင်ကော်မတီအား၊ အက်ဥပဒေ၏ ဇယားတွင်ထည့်သွင်းပြီးသည့်၊ သို့တည်း မဟုတ် ထည့်သွင်းရမည့် ဒီပလိုမာလက်မှတ်များ မှတ်ပုံတင်ခြင်းနှင့် သက်ဆိုင်သည့် ကိစ္စအားလုံးကို၊ အက်ဥပဒေပုဒ်မ ၁၄ အရ အကျိုးသက်ရောက်စေရန်အလို့ငှာ၊ စုံစမ်းစစ်ဆေးရန် အာဏာအပ်နှင်းရမည် ဖြင့်၊ အမှုဆောင်ကော်မတီသည်၊ မိမိတို့စဉ်းစားဆင်ခြင်၍ ရသည့်ယူဆချက်ကိုလည်း ကောင်စီအား အစီရင် ခံရမည်။

၇၉။ ။ အမှုဆောင်ကော်မတီသည်၊ ရွှေ့ပြောင်းအရပ်ရပ်ပညာသင်ကြားရေး၊ ရွှေ့ပြောင်းစာမေးပွဲ နှင့်လည်းကောင်း၊ ပြည်သူ့ကျန်းမာရေးနှင့်နိုင်ငံတော်ဆေးပညာဆိုင်ရာ ဒီကရီဘွဲ့များ၊ ဒီပလိုမာလက်မှတ် များအတွက် သင်တန်းနှင့်စာမေးပွဲများအပါအဝင် အတတ်ပညာသင်ရိုးသင်တန်း အတတ်ပညာဆိုင်ရာ စာမေးပွဲများနှင့်လည်းကောင်း၊ ထိုစာမေးပွဲများသို့ သွားရောက်ကြည့်ရှုမှုနှင့်လည်းကောင်း သက်ဆိုင်သည့် ကိစ္စအရပ်ရပ်ကို စဉ်းစားဆင်ခြင်၍၊ ကောင်စီသို့ အစီရင်ခံရမည်။

၈၀။ ။ အမှုဆောင်ကော်မတီသည်၊ ကောင်စီက ၎င်း၏အစည်းအဝေးများတွင် သော်လည်းကောင်း၊ ဥက္ကဋ္ဌက အခြားအချိန်အခါတွင်သော်လည်းကောင်း ညွှန်ကြားထားသည့် အကြောင်း အရာများနှင့် စပ်လျဉ်း၍၊ အစီရင်ခံစာများကို၊ စီစဉ်ရေးသားရမည်။ ထိုအစီရင်ခံစာများကို၊ ကော်မတီက

အပြီးသတ် သဘောတူသောအခါ၊ ကောင်စီသို့ တင်ပြရမည်။

၇။ ။ ကောင်စီများသို့ တက်ရောက်သည့်အတွက်ပေးရသော အခကြေးငွေများနှင့် အခြားကုန်ကျစရိတ်များ။

၈၁။ ။ ကောင်စီသို့လည်းကောင်း၊ အမှုဆောင်ကော်မတီသို့လည်းကောင်း တက်ရောက်ရသည့်အတွက် ပေးရမည့် အခကြေးငွေများနှင့် ခရီးစရိတ်များမှာ၊ အောက်ပါနည်းဥပဒေများတွင် ဖော်ပြထားသည့်နှုန်းအတိုင်းဖြစ်ရမည်။

၈၂။ ။ ကောင်စီအစည်းအဝေးသို့ဖြစ်စေ၊ အမှုဆောင်ကော်မတီအစည်းအဝေးသို့ဖြစ်စေ တက်ရောက်ရသည့်အတွက် အစိုးရအမှုထမ်းမဟုတ်သည့် ကောင်စီလူကြီးအသီးသီးအား၊ တစ်နေ့လျှင် ကျပ်နှစ်ဆယ်နှုန်းဖြင့် အခကြေးငွေများပေးရမည်။

၈၃။ ။ ကောင်စီလူကြီးအားလုံး၏ ခရီးစရိတ်များကို၊ မြန်မာနိုင်ငံခရီးစရိတ် နည်းဥပဒေများအရ သတ်မှတ်ထားသည့် နှုန်းများအတိုင်းပေးရမည်။ ထိုခရီးစရိတ်များကို ကောင်စီက ကျခံရမည်။

၈၄။ ။ အက်ဥပဒေ ပုဒ်မ ၁၂ ပါ နောက်ဆုံးခြွင်းချက်အရ မှတ်ပုံတင်ရန်လျှောက်ထား၍၊ ကောင်စီက ခန့်ထားသော အထူးစာစစ်သူများအဖွဲ့က ကျင်းပသည့်စာမေးပွဲကို ဝင်ရောက်ဖြေဆိုသူ အသီးသီးသည်၊ စာမေးပွဲဝင်ကြေး ကျပ်နှစ်ရာပေးရမည်။

၈၅။ ။ အက်ဥပဒေ၏ ဇယားအပိုဒ် ၅ တွင် ရည်ညွှန်းသည့်စာမေးပွဲကို ဝင်ရောက်ဖြေဆိုသူ အသီးသီးအတွက် ကျပ်ငါးဆယ်ထက်မပိုသော အခကြေးငွေကို၊ အထူးအဖွဲ့တွင် ပါဝင်သည့် စာစစ်သူ အသီးသီးနှင့် ဥက္ကဋ္ဌအား ပေးရမည်။

၈။ ။ မှတ်ပုံတင်ခြင်း။

၈၆။ ။ မှတ်ပုံတင်အရာရှိသည်၊ ဆရာဝန်မှတ်ပုံစာရင်းကို ဤနည်းဥပဒေများ၏ နောက်ဆက်တွဲပါ ပုံစံအမှတ် ၅ အတိုင်းထားရှိရမည်။

၈၇။ ။ မှတ်ပုံတင်အရာရှိသည်၊ မှတ်ပုံစာရင်းတွင်၊ အက်ဥပဒေအရ မှတ်ပုံတင်ထားသူ အသီးသီး၏အမည်ကို၊ ၎င်း၏နေရပ်၊ ရာထူး အရည်အချင်းများနှင့်တကွ အရည်အချင်းအသီးသီး

ပေးအပ်သည့် နေ့စွဲပါ၊ ထိုသို့ မှတ်ပုံစာရင်းသွင်းရန် တင်သွင်းသည့် လျှောက်လွှာများကို မှတ်ပုံတင် ခွင့်ပြုသည့်အစီအစဉ် အတိုင်း ရေးသွင်းရမည်။ ထို့ပြင် အရည်အချင်းများတွင် နောင်အခါ ထပ်ဖြည့်ရန်၊ သို့တည်းမဟုတ် ပြောင်းလဲရန်အတွက်လည်းကောင်း၊ ရေးသွင်းချက်အသီးသီးတွင် ထပ်ဖြည့်ရန် အတွက်လည်းကောင်း လုံလောက်သော နေရာ ကွက်လပ်ချန်ထားရမည်။

၈၈။ ။ အက်ဥပဒေအရ မှတ်ပုံတင်ရန် လျှောက်ထားသူအသီးသီးသည်၊ မှတ်ပုံတင်ခ ကျပ်တစ်ရာပေးဆောင်ရမည်။ မြန်မာနိုင်ငံပြင်ပမှ အရည်အချင်းများရရှိသည့် ပြည်ထောင်စုမြန်မာနိုင်ငံသား မဟုတ်သူများဖြစ်လျှင်၊ မှတ်ပုံတင်ခ ကျပ်တစ်ရာ့ငါးဆယ်ပေးဆောင်ထိုက်စေရမည်။

<u>ခြွင်းချက်</u> ။ ။ သို့ရာတွင် မှတ်ပုံတင်ရန် လျှောက်ထားသူသည်၊ ဥက္ကဋ္ဌ၏ ထင်မြင်ချက်အရ အကျင့်စာရိတ္တချို့ယွင်းသည့် သဘောရောက်သော ပြစ်မှုတစ်ခုခုထင်ရှားစီရင်ခြင်းခံရကြောင်းဖြင့် သော်လည်းကောင်း၊ ပညာရှင်လုပ်ငန်းနှင့်စပ်လျဉ်း၍ မအပ်မရာကျင့်မိခ္ဌာပြုကျင့်ကြောင်း ယူဆွိရှိသည့် အပြုအမူကို ကျူးလွန်သည်ဟုသော်လည်းကောင်း ကောင်စီမှုးသို့သတင်းရောက်ရှိလျှင် မှတ်ပုံတင်အရာရှိ သည်၊ ညွှန်ကြားချက်အရ ဤနည်းဥပဒေများ၌ အခန်း ၉ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း အရေးယူ ဆောင်ရွက်ရမည်။

၈၉။ ။ အက်ဥပဒေပုဒ်မ ၂၀ အရ ပြန်လည်မှတ်ပုံတင်ရန် လျှောက်ထားသူများသည်၊ ပြန်လည်မှတ်ပုံတင်ခနှစ်ဆယ့်ငါးကျပ်ပေးဆောင်ရမည်။

၉၀။ ။ မှတ်ပုံစာရင်းရှိ စာမျက်နှာအသီးသီးကို၊ မှတ်ပုံတင်အရာရှိ၏ လက်မှတ်ဖြင့် မှန်ကန် ကြောင်း ဝန်ခံလက်မှတ်ရေးထိုးစေရမည်။

၉၁။ ။ အက်ဥပဒေအရ မှတ်ပုံတင်ပြီးသည့် နောက်မှရရှိသော နောက်ထပ်အရည်အချင်း အသီးသီးနှင့် စပ်လျဉ်း၍ မှတ်ပုံတင်ရန်အလို့ငှာ၊ မှတ်ပုံတင်အရာရှိထံလျှောက်ထားသူ မှတ်ပုံဝင်ဆရာဝန် တိုင်းသည်၊ မှတ်ပုံတင်ခကျပ် နှစ်ဆယ်ပေးဆောင်ရမည်။

၉၂။ ။ မှတ်ပုံတင်အရာရှိသည်၊ အက်ဥပဒေ ပုဒ်မ ၁၆ အရ ဆောင်ရွက်လျက်၊ နည်းဥပဒေ၉၁ တွင် သတ်မှတ်ထားသည့် အခကြေးငွေများကို ရရှိသောအခါ၊ မှတ်ပုံဝင်ဆရာဝန်က၊ ၎င်းအား မှတ်ပုံ တင်ပြီးမှ ရရှိကြောင်းကို ထင်ရှားပြနိုင်သည့် အောက်ပါထပ်ဆင့်ဘွဲ့ အရည်အချင်းများကို မှတ်ပုံစာရင်း တွင် ရေးသွင်းရမည်။

အမှတ်စဉ်	လက်မှတ်ချီးမြှင့်သည့် အဖွဲ့အစည်း	လက်မှတ်အမည်	ဘွဲ့ထူးများ
၁	ဘာမင်ဟန်တက္ကသိုလ်။	ဝိန္ဒောဆေးကုပါရဂူ၊ ခွဲစိတ်ကု မဟာဝိဇ္ဇာ။ ပြည်သူ့ကျန်းမာမှုဝိဇ္ဇာ ပြည်သူ့ကျန်းမာမှုသိပ္ပံ	အမ်၊ ဒီ။ စီ၊ အိပ် (ချ်)၊ အမ်၊ (ဘာမင်ဟန်တကသ)။ ဒီ၊ ပီ အိပ်(ချ်)၊ (ဘာမင်ဟန်)။ ဘီ၊ အက် (စ်) စီ၊ [ပီအိပ်(ချ်)]၊ (ဘာမင်ဟန်)။
၂	ဘရစ်စတိုးတက္ကသိုလ်။	ဝိန္ဒောဆေးကုပါရဂူ၊ ခွဲစိတ်ကု မဟာဝိဇ္ဇာ။ ပြည်သူ့ကျန်းမာမှုဝိဇ္ဇာ	အမ်၊ ဒီ။ စီ၊ အိပ် (ချ်)၊ အမ်၊ (ဘရစ်စတိုးတကသ)။ ဒီ၊ ပီ အိပ်(ချ်)၊ (ဘရစ်စတိုး)။
၃	ကင်းဘရစ်တက္ကသိုလ်။	ဝိန္ဒောဆေးကုပါရဂူ၊ ခွဲစိတ်ကု မဟာဝိဇ္ဇာ။ ပတ်ဝန်းကျင်သန့်ရှင်းရေး လောကဓာတ်ပညာဘွဲ့။ ပြည်သူ့ကျန်းမာမှုဝိဇ္ဇာ ဆေးဘက်လျှပ်စစ်ပညာနှင့် ဓာတ်မှန်ရိုက်ဝိဇ္ဇာ။	အမ်၊ ဒီ။ အမ် ၊ ချား၊ (ကင်းဘရစ်တကသ)။ ဒီ၊ အက် (မ်)၊ အက်(စ်)၊ စီ၊ (ကင်းဘရစ်)။ ဒီ၊ ပီအိပ်(ချ်)၊ (ကင်းဘရစ်)။ ဒီ၊ အမ်၊ အာ(ရ်)၊ အီး။ (ကင်းဘရစ်)။
၄	ဒါဟမ်တက္ကသိုလ်။	ဝိန္ဒောဆေးကုပါရဂူ၊ ခွဲစိတ်ကု မဟာဝိဇ္ဇာ။ ပတ်ဝန်းကျင်သန့်ရှင်းရေး လောကဓာတ်ပညာလက်မှတ် ကျန်းမာရေးဝိဇ္ဇာ . . . ကျန်းမာရေးပါရဂူ ပြည်သူ့ကျန်းမာမှုဝိဇ္ဇာ	အမ်၊ ဒီ။ အမ်၊ အက်(စ်)၊ (ဒါဟမ်တကသ)။ အယ်(လ်)၊ အက်(စ်)၊အက်(စ်)၊ စီ၊ (ဒါဟမ်)။ ဘီ၊ အိပ်(ချ်)၊ ဝိုင်၊ (ဒါဟမ်)။ ဒီ၊ အိပ်(ချ်)၊ ဝိုင် (ဒါဟမ်)။ ဒီ၊ ပီ အိပ်(ချ်)၊ (ဒါဟမ်)
၅	လိ(စ်) တက္ကသိုလ်။	ဝိန္ဒောဆေးကုပါရဂူ၊ ခွဲစိတ်ကု မဟာဝိဇ္ဇာ။ ပြည်သူ့ကျန်းမာမှုဝိဇ္ဇာ	အမ်၊ ဒီ။ စီ၊ အိပ်(ချ်)၊ အမ်၊ [လိ(စ်) တကသ]။ ဒီ၊ ပီအိပ်(ချ်)၊ [လိ(စ်)]။

အမှတ်စဉ်	လက်မှတ်ချီးမြှင့်သည့် အဖွဲ့အစည်း	လက်မှတ်အမည်	ဘွဲ့ထူးများ
၆	လီဗာပူတက္ကသိုလ်။	ဗိန္ဒောဆေးကုပါရဂူ၊ ခွဲစိတ်ကု မဟာဝိဇ္ဇာ၊ အရိုးအဆစ် ခွဲစိတ်ကုမဟာဝိဇ္ဇာ။	အမ်၊ ဒီ။ စီ၊ အိပ် (ချ်)၊ အမ်။ အမ်၊ စီ၊ အိပ်(ချ်)၊ ဒီ၊ အော(ရ်)၊ တီ၊ အိပ် (ချ်) (လီဗာပူတကာသ)။
		ပြည်သူ့ကျန်းမာမှုဝိဇ္ဇာ	ဒီ၊ ပီ အိပ်(ချ်)၊ (လီဗာပူ)။
		ကျန်းမာရေးမဟာဝိဇ္ဇာ	အမ်၊ အိပ်(ချ်)၊ (လီဗာပူ)။
		ပူအိုက်ဒေသဆေးနှင့် ကျန်းမာရေးဝိဇ္ဇာ	ဒီ၊ တီ၊ အမ်၊ နှင့် အိပ်(ချ်)၊ (လီဗာပူ)။
၇	လန်ဒန်တက္ကသိုလ်။	ဗိန္ဒောဆေးကုပါရဂူ၊ ခွဲစိတ်ကု မဟာဝိဇ္ဇာ။	အမ်၊ ဒီ။ အမ်၊ အက်(စ်)၊ (လန်ဒန်တကာသ)။
		ပိုးမွှားဗေဒဝိဇ္ဇာ . . .	ဒီ၊ ဘက် (ဒ်)၊ (လန်ဒန်)။
		ပြည်သူ့ကျန်းမာမှုဝိဇ္ဇာ။	ဒီ၊ ပီအိပ်(ချ်)၊ (လန်ဒန်)။
		ဆေးပါရဂူ (သင်္ဂဟဆေးဘာသာ)။	အမ်၊ ဒီ။ ဘီ၊ အာ(ရ်)၊အက်(စ်)၊ အမ်၊ (လန်ဒန်)။
		လည်ချောင်း- နား- နှာခေါင်း ရောဂါဝိဇ္ဇာ။	ဒီ၊ အယ်(လ်)၊ အို၊ (လန်ဒန်)။
၈	မန်ချက်စတာတက္ကသိုလ်။	ဗိန္ဒောဆေးကုပါရဂူ၊ ခွဲစိတ်ကု မဟာဝိဇ္ဇာ။	အမ်၊ ဒီ။ စီ၊ အိပ်(ချ်)၊ အမ်၊ (မန်ချက်စတာတကာသ)။
		ပတ်ဝန်းကျင် သန့်ရှင်းရေး လောကဓာတ်ပညာဘွဲ့။	ဒီ၊ အက်(စ်)၊ အက် (စ်)၊ စီ၊ (ဗစ်)။
		ပြည်သူ့ကျန်းမာမှုဝိဇ္ဇာ	ဒီ၊ ပီ အိပ်(ချ်)၊ (မန်ချက် စတာ)။
		ပိုးမွှားဗေဒ ဝိဇ္ဇာ . .	ဒီ၊ ဘက်(ဒ်) (မန်ချက... ၇ တကာသ)။
၉	အောက်(စ်)ဖို့တက္ကသိုလ်။	ဗိန္ဒောဆေးကုပါရဂူ၊ ခွဲစိတ်ကု မဟာဝိဇ္ဇာ။	အမ်၊ ဒီ။ အမ်၊ စီ၊ အိပ်(ချ်)၊ (အောက်(စ်)ဖို့ တကာသ)။

အမှတ်စဉ်	လက်မှတ်ချီးမြှင့်သည့် အဖွဲ့အစည်း	လက်မှတ်အမည်	ဘွဲ့ထူးများ
		မျက်စိကုဝိဇ္ဇာ . .	ဒီ၊ အို [အောက်(စ်)ဖို့]။
		ပြည်သူ့ကျန်းမာမှုဝိဇ္ဇာ	ဒီ၊ ပီအိပ်(ချ်)၊ [အောက်(စ်)ဖို့]။
၁၀	ရှက်ဖီး(လ်) တက္ကသိုလ်။	ဗိန္ဒောဆေးကုပါရဂူ၊ ခွဲစိတ်ကု မဟာဝိဇ္ဇာ၊	အမ်၊ ဒီ။ အမ်၊ စီ၊ အိပ်(ချ်)၊ အမ်၊ [ရှက်ဖီး(လ်)တကသ]။
		ပြည်သူ့ကျန်းမာမှုဝိဇ္ဇာ။	ဒီ၊ ပီ အိပ်(ချ်)၊ [ရှက်ဖီး(လ်)]။
၁၁	ဝေး(လ်)တက္ကသိုလ်။	ဗိန္ဒောဆေးကုပါရဂူ၊ ခွဲစိတ်ကု မဟာဝိဇ္ဇာ။	အမ်၊ ဒီ။ အမ်၊ စီ၊ အိပ်(ချ်)၊ [ဝေး(လ်)တကသ]။
		တီ၊ ဘီ၊ ရောဂါကုဝိဇ္ဇာ	တီ၊ ဒီ၊ ဒီ [ဝေး(လ်)]။
		ပြည်သူ့ကျန်းမာမှုဝိဇ္ဇာ	ဒီ၊ ပီအိပ်(ချ်)၊ [ဝေး(လ်)]။
၁၂	အဘာဒင်တက္ကသိုလ်။	ဗိန္ဒောဆေးကုပါရဂူ၊ ခွဲစိတ်ကု မဟာဝိဇ္ဇာ။	အမ်၊ ဒီ။ စီ၊ အိပ်(ချ်)၊ အမ်၊ (အဘာဒင်တကသ)။
		ပြည်သူ့ကျန်းမာမှုဝိဇ္ဇာ	ဒီ၊ ပီ အိပ်(ချ်)၊ (အဘာဒင်)။
၁၃	အီဒင်ဗာရာတက္ကသိုလ်။	ဗိန္ဒောဆေးကုပါရဂူ၊ ခွဲစိတ်ကု မဟာဝိဇ္ဇာ။	အမ်၊ ဒီ။ စီ၊ အိပ်(ချ်)၊ အမ်၊ [အီဒင်ဗာရာတကသ]။
		ဝိဇ္ဇာနှင့်သိပ္ပံပါရဂူ (ပြည်သူ့ကျန်းမာမှု လောကဓာတ်ပညာ)။	ဘီ၊ အက်(စ်) စီ။ ဒီ၊ အက်(စ်)၊ စီ၊ [ပီ၊ အိပ်(ချ်)]၊ (အီဒင်ဗာရာ)။
		ပြည်သူ့ကျန်းမာမှုဝိဇ္ဇာ	ဒီ၊ ပီအိပ်(ချ်)၊ (အီဒင်ဗာရာ)။
၁၄	ဂလပ်(စ်)ဂို တက္ကသိုလ်။	ဗိန္ဒောဆေးကုပါရဂူ၊ ခွဲစိတ်ကု မဟာဝိဇ္ဇာ။	အမ်၊ ဒီ။ စီ၊ အိပ်(ချ်)၊ အမ်၊ [ဂလပ်(စ်)ဂို]။
		ပြည်သူ့ကျန်းမာမှုဝိဇ္ဇာ	ဒီ၊ ပီ အိပ်(ချ်)၊ [ဂလပ်(စ်)ဂို]။
		ဝိဇ္ဇာနှင့်သိပ္ပံပါရဂူ (ပြည်သူ့ကျန်းမာမှု လောကဓာတ်ပညာ)။	ဘီ၊ အက်(စ်)၊ စီ။ ဒီ၊ အက်(စ်) စီ၊ [ပီ၊ အိပ် (ချ်)၊] [ဂလပ်(စ်) ဂို]။

အမှတ်စဉ်	လက်မှတ်ချီးမြှင့်သည့် အဖွဲ့အစည်း	လက်မှတ်အမည်	ဘွဲ့ထူးများ
၁၅	စိန်အန်ဒယူးတက္ကသိုလ်။	ဗိန္ဒောဆေးကုပါရဂူ၊ ခွဲစိတ်ကု မဟာဝိဇ္ဇာ။ ပြည်သူ့ကျန်းမာမှုဝိဇ္ဇာ	အမ်၊ ဘီ။ စီ၊ အိပ်(ချ်)၊ အမ်၊ (စိန်အန်ဒယူးတကသ)။ ဒီ၊ ပီ အိပ်(ချ်)၊ (စိန်အန်းဒယူး)။
၁၆	ဘဲ(လ်)ဖတ်(စ်) ပြည် ဘုရင်မတက္ကသိုလ်။	ဗိန္ဒောဆေးကုပါရဂူ၊ ခွဲစိတ်ကု မဟာဝိဇ္ဇာ။ သားဖွား ပညာ မဟာဝိဇ္ဇာ။ ပြည်သူ့ကျန်းမာမှုဝိဇ္ဇာ	အမ်၊ ဘီ။ အမ်၊ စီ၊ အိပ် (ချ်)။ အမ်၊ အော၊ အို၊ ကျူ၊ ယူ။ [ဘဲ(လ်) ဖတ်(စ်)]။ ဒီ၊ ပီ၊ အိပ်(ချ်)၊ ကျူ၊ ယူ။ [ဘဲ(လ်) ဖတ်(စ်)]။
၁၇	ဒဗ္ဗလင်တက္ကသိုလ်။	ဗိန္ဒောဆေးကုပါရဂူ၊ ခွဲစိတ်ကု မဟာဝိဇ္ဇာ၊ သားဖွား သိပ္ပံ မဟာဝိဇ္ဇာ။ ေ ါင်းသင်းဆက် ဆံ ရေး ဆေးဝိဇ္ဇာ။ ပြည်သူ့ကျန်းမာမှုဝိဇ္ဇာ သားဖွားအတတ်လက်မှတ်။ မီးယပ်နှင့်သားဖွားပညာဝိဇ္ဇာ။	အမ်၊ ဘီ။ အမ်၊ စီ၊ အိပ် (ချ်)။ အမ်၊ အော၊ အို၊ (ဒဗ္ဗလင် တကသ)။ ဒီ၊ အမ်၊ အက်(စ်)၊ (ဒဗ္ဗလင်)။ ဒီ၊ ပီအိပ်(ချ်)၊ (ဒဗ္ဗလင်)။ အယ်(လ်)၊ အမ်၊ (ဒဗ္ဗလင်)။ ဒီ၊ ဂျီ၊ အို၊ (ဒဗ္ဗလင်)။
၁၈	အိုင်ယာလန်ပြည် အမျိုးသားတက္ကသိုလ်။	ဗိန္ဒောဆေးကုပါရဂူ၊ ခွဲစိတ်ကု မဟာဝိဇ္ဇာ။ သားဖွား ပညာ မဟာဝိဇ္ဇာ။ ပြည်သူ့ကျန်းမာမှုဝိဇ္ဇာ	အမ်၊ ဘီ။ အမ်၊ စီ၊ အိပ်(ချ်)။ အမ်၊ အော၊ အို၊ အန်၊ ယူ။ (အိုင်ယာလန်)။ ဒီ၊ ပီ အိပ်(ချ်)၊ အန်၊ ယူ။ (အိုင်ယာလန်)။
၁၉	အိုင်ယာလန်ပြည်၊ ဘုရင့် တက္ကသိုလ်။	ပတ်ဝန်းကျင်သန့်ရှင်းရေး လောကဓာတ်ပညာဘွဲ့။	ဒီ၊ အက် (စ်)၊ အက်(စ်)၊ စီ၊ အာ(ရ်)၊ ယူ။ (အိုင်ယာလန်)။

အမှတ်စဉ်	လက်မှတ်ချီးမြှင့်သည့် အဖွဲ့အစည်း	လက်မှတ်အမည်	ဘွဲ့ထူးများ
၂၀	လန်ဒန်မြို့၊ ဘုရင့်ဗိန္ဒောသမားတော်အဖွဲ့။	မင်းဘားလူကြီးအဖွဲ့ဝင်	အမ်၊ အာ(ရ်)၊ စီ၊ ပီ။ အက်(ဖ်) အာ(ရ်)၊ စီ၊ ပီ (လန်ဒန်)။
	အင်္ဂလန်ပြည်၊ ဘုရင့်ခွဲစိတ်ကုသမားတော် အဖွဲ့။	မဟာအဖွဲ့ဝင် ...	အက်(ဖ်)၊ အာ(ရ်)၊ စီ၊ အက်(စ်) (အင်္ဂလန်)။
		ပြည်သူ့ကျန်းမာမှုဝိဇ္ဇာ	ဒီ၊ ပီ အိပ်(ချ်)၊ အာ(ရ်)၊ စီ၊ ပီ၊ အက်(စ်)၊ (အင်္ဂလန်)။
		ပူအိုက်ဒေသဆေးနှင့် ကျန်းမာရေးဝိဇ္ဇာ။	ဒီ၊ တီ၊ အမ်၊ နှင့်အိပ်(ချ်)၊ (အင်္ဂလန်)။
		မျက်စိရောဂါခွဲစိတ်ကုနှင့် ဆေးကု ဝိဇ္ဇာ။	ဒီ၊ အို၊ အမ်၊ အက်(စ်)၊ (လန်ဒန်)။
		သူငယ်နာကု ဝိဇ္ဇာ ..	ဒီ၊ စီ အိပ်(ချ်)၊ (အင်္ဂလန်)။
		ဆေးဘက်ဆိုင်ရာ ဓာတ်မှန်ပညာဝိဇ္ဇာ။	ဒီ၊ အမ်၊ အာ(ရ်)၊ (လန်ဒန်)။
၂၁	အီဒင်ဘရာမြို့၊ ဘုရင့်ကောလိပ်ဗိန္ဒောသမားတော်နှင့် ခွဲစိတ်ကုသမားတော်အဖွဲ့ဝင်နှင့် ဂလပ်(စ်) ဂိုမြို့၊ ဘုရင့်ဗိန္ဒောသမားတော်နှင့် ခွဲစိတ်ကုသမားတော်မဟာအဖွဲ့။	ပြည်သူ့ကျန်းမာမှုဝိဇ္ဇာ	ဒီ၊ ပီ အိပ်(ချ်)။ အာ(ရ်)၊ စီ၊ ပီ၊ အက်(စ်)၊ (အီဒင်) နှင့် အာ(ရ်)၊ အက်(ဖ်)၊ ပီ၊ အက်(စ်) [ဂလပ်(စ်)ဂို] ။
		မင်းဘားလူကြီးအဖွဲ့ဝင်	အမ်၊ အာ(ရ်)၊ စီ၊ ပီ(အီဒင်)။ အက်(ဖ်)၊ အာ(ရ်)၊ စီ၊ ပီ၊ (အီဒင်)။
		မဟာအဖွဲ့ဝင် ...	အာ(ဖ်)၊ အာ(ရ်)၊ အက်(ဖ်)၊ ပီ၊ အက်(စ်)၊ [ဂလပ်(စ်)ဂို]။

အမှတ်စဉ်	လက်မှတ်ချီးမြှင့်သည့် အဖွဲ့အစည်း	လက်မှတ်အမည်	ဘွဲ့ထူးများ
၂၂	အိုင်ယာလန်ပြည်၊ ဘုရင့်ကောလိပ်ဝိဇ္ဇာသမားတော်အဖွဲ့နှင့်အိုင်ယာလန်ပြည် ဘုရင့်ကောလိပ်ခွဲစိပ်ကုသမားတော်အဖွဲ့။	မင်းဘားလူကြီးအဖွဲ့ဝင်	အမ်၊ အာ(ရ်)၊ စီ၊ ပီ၊ (အိုင်ယာလန်)။ အက်(ဖ်)၊ အာ (ရ်)၊စီ၊ပီ၊ (အိုင်ယာလန်)။
		မဟာအဖွဲ့ဝင် . . .	အက်(ဖ်)၊ အာ(ရ်)၊ စီ၊အက်(စ်) (အိုင်ယာလန်)။
		ပြည်သူ့ကျန်းမာမှုဝိဇ္ဇာ	ဒီ၊ ပီအိပ်(ချ်)။ အာ(ရ်)၊ စီ၊ပီ၊ အက်(စ်)၊ [အိုင်ယာလန်]။
၂၃	မလေးရှားတက္ကသိုလ်။	ပြည်သူ့ကျန်းမာမှုဝိဇ္ဇာ	ဒီ၊ ပီ အိပ်(ချ်)၊ (မလေးရှား)။
၂၄	ကာလကတ္တားတက္ကသိုလ်။	ပြည်သူ့ကျန်းမာမှုဝိဇ္ဇာ မီခင်နှင့်ကလေးစောင့်ရှောက်ရေးဝိဇ္ဇာ။	ဒီ၊ပီ၊အိပ်(ချ်)၊ (ကာလကတ္တား)။ ဒီ၊ အမ်၊ စီ၊ ဒဗလျူ၊ (ကာလ ကတ္တား)။
၂၅	လပ်ကနောင်းတက္ကသိုလ်။	ပြည်သူ့ကျန်းမာမှုဝိဇ္ဇာ မျက်စိရောဂါနှင့် အလင်းရောင်ကုဝိဇ္ဇာ။	ဒီ၊ ပီ အိပ်(ချ်)၊(လပ်ကနောင်း)။ ဒီ၊ အို၊ အမ်၊ အက် (စ်)၊ (လပ်ကနောင်း)။
၂၆	ကာလကတ္တားမြို့၊ ပူအိုက်ဒေသဆေးပညာသင်ကျောင်း။	ပူအိုက်ဒေသဆေးဝိဇ္ဇာ။ ပူအိုက်ဒေသဆေးအတတ်လက်မှတ်။	ဒီ၊ တီ၊ အမ်၊ (ကာလကတ္တား)။ အယ် (လ်)၊ တီ၊ အမ်၊ (ကာလကတ္တား)။
၂၇	ယူနိုက်တက်ပရိုးဘင်ပြည်နယ်နိုင်ငံတော်ဆေးပညာစာစစ်အဖွဲ့။	ပြည်သူ့ကျန်းမာမှုအတတ်လက်မှတ်။	အယ် (လ်)၊ ပီ၊ အိပ်(ချ်)၊ (ယူပီ)။

အမှတ်စဉ်	လက်မှတ်ချီးမြှင့်သည့် အဖွဲ့အစည်း	လက်မှတ်အမည်	ဘွဲ့ထူးများ
၂၈	အမေရိကန်ပြည်၊ ဟားဗစ်တက္ကသိုလ်။	ပြည်သူ့ကျန်းမာမှုမဟာဝိဇ္ဇာ။	အမ်၊ ပီ၊ (ဟားဗစ်တက္ကသိုလ်) [ယူ၊ အက်(စ်)၊ ဧ]။
၂၉	ဘုံဘေမြို့၊ ဗိန္ဓောသမားတော်နှင့် ခွဲစိတ်ကုသမားတော်ကောလိပ်။	မီးယပ်နှင့်သားဖွားပညာဝိဇ္ဇာ။	ဒီ၊ ဂျီ၊ အို၊ (ဘုံဘေ)။
		မျက်စိရောဂါခွဲစိတ်ကုနှင့်ဆေးဝိဇ္ဇာ။	ဒီ၊ အို၊ အမ်၊ အက် (စ်)(ဘုံဘေ)။
		သူငယ်နာကုဝိဇ္ဇာ . . .	ဒီ၊ စီ အိတ်(ချ်)၊ (ဘုံဘေ)။
		ရောဂါဗေဒနှင့် ပိုးမွှားဗေဒ ဝိဇ္ဇာ။	ဒီ၊ ပီ၊ ဘီ၊ (ဘုံဘေ)။
		ကိုယ်ရေပြားရောဂါနှင့်ကာလသားရောဂါဝိဇ္ဇာ။	ဒီ၊ ဒီ၊ ဗီ၊ (ဘုံဘေ)။
		မေ့ဆေးပညာဝိဇ္ဇာ	ဒီ၊ ဧ၊ (ဘုံဘေ)။
၃၀	ဒေလီတက္ကသိုလ်	တီဘီရောဂါဝိဇ္ဇာ။	ဒီ၊ တီ၊ ဒီ၊ (ဒေလီ)။
၃၁	မဒရပ်(စ်) တက္ကသိုလ်။	မီးယပ်နှင့်သားဖွားပညာဝိဇ္ဇာ။	ဒီ၊ ဂျီ၊ အို၊ [မဒရပ်(စ်)]။
၃၂	အင်္ဂလန်ပြည်၊ ဘုရင့်သားဖွားနှင့် မီးယပ်သမားတော်အဖွဲ့။	ဝိဇ္ဇာ	ဒီ၊ အို၊ အက်(စ်)၊ တီ၊ အာ(ရ်)၊ စီ၊ အို၊ ဂျီ။
		အဖွဲ့ဝင်	အမ်၊ အာ(ရ်)၊ စီ၊ အို၊ ဂျီ။
		မဟာအဖွဲ့ဝင်	အက်(ဖ်)၊ အာ(ရ်)၊ စီ၊ အို၊ ဂျီ။
၃၃	ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ။	ပြည်သူ့ကျန်းမာမှု အတတ်သင်လက်မှတ်။	အယ် (လ်)၊ ပီ အိပ် (ချ်)၊ (မြန်မာ)။

၉၃။ ။ မှတ်ပုံတင်အရာရှိသည်၊ အက်ဥပဒေအရ ပေးဆောင်ရမည့်အခကြေးငွေများအားလုံးကို လက်ခံရမည့်ပြင်၊ အက်ဥပဒေပုဒ်မ ၂၉ အရ နိုင်ငံတော်သမ္မတက ပြုသည့်နည်းဥပဒေများနှင့်အညီ နိုင်ငံတော်ကူးသန်းရောင်းဝယ်ရေးဘဏ်တွင် ထားရှိသည့် ကောင်စီ၏ ငွေစာရင်း၌ အရသာက်သို့ စာရင်းသွင်းရန် ထိုငွေများကို ပေးသွင်းရမည်။

၉၄။ ။ တစ်ဦးတစ်ယောက်သောသူ၏ အမည်ကိုသော်လည်းကောင်း၊ ဘွဲ့ထူး၊ သို့တည်းမဟုတ် အရည်အချင်းတစ်ခုခုကိုသော်လည်းကောင်း မှတ်ပုံတင်အရာရှိက ဆရာဝန်မှတ်ပုံစာရင်းတွင် မှတ်ပုံတင်ရန် ငြင်းဆိုမှုနှင့်စပ်လျဉ်း၍ အက်ဥပဒေပုဒ်မ ၂၁ အရ ကောင်စီသို့ တင်သွင်းသည့် အယူခံလွှာတစ်ခုခုကို စာဖြင့်ရေးသားစေရမည့်ပြင်၊ ၎င်းအယူခံလွှာတွင် မှတ်ပုံတင်ရန် တောင်းဆိုသည့် အကြောင်းပြချက်များကိုလည်းကောင်း၊ အရည်အချင်းများ၏ အမည်များကိုလည်းကောင်း၊ ထိုအရည်အချင်းများကို မည်သည့်နေ့ရက်များတွင်၊ မည်သည့်အာဏာပိုင်များထံမှ ရရှိသည်ကိုလည်းကောင်း ဖော်ပြရမည်၊ အမှုဆောင်ကော်မတီသည်၊ အဆိုပါအယူခံလွှာကို ရရှိသောအခါ စုံစမ်းစစ်ဆေးခြင်းပြုလုပ်ရမည်။

၉၅။ ။ အမှုဆောင်ကော်မတီမှာ အယူခံသူထံမှ ဒီပလိုမာလက်မှတ်၊ သို့တည်းမဟုတ် လိုင်စင်လက်မှတ်စသည်များကို ကြည့်ရှုစစ်ဆေးရန် တောင်းဆိုနိုင်ခွင့်အာဏာရှိရမည့်ပြင်၊ အခြားစာတမ်းအမှတ်အသား သက်သေခံချက်၊ သို့တည်းမဟုတ် နှုတ်ထွက်သက်သေခံချက်ကိုလည်း တောင်းဆိုနိုင်ခွင့်အာဏာရှိရမည်။

၉၆။ ။ စုံစမ်းစစ်ဆေးမှုပြီးသောအခါ၊ အမှုဆောင်ကော်မတီသည်၊ နည်းဥပဒေ ၇၆ တွင် ဖော်ပြထားသည့်အတိုင်း ကောင်စီသို့ အစီရင်ခံရမည်။

၉၇။ ။ ကောင်စီက အယူခံမှုစစ်ဆေးမည့်နေ့ရက်ကို အယူခံသူအား အကြောင်းကြားရမည်။ ထို့ပြင်အယူခံသူက မိမိအမှုကို မိမိကိုယ်တိုင်ဖြစ်စေ၊ မိမိ၏တရားဝင်ကိုယ်စားလှယ်ဖြင့်ဖြစ်စေ ကောင်စီရှေ့တွင် တင်ပြလိုလျှင်၊ ထိုအယူခံသူကို ဤသို့တင်ပြရန် ခွင့်ပြုရမည်။

၉၈။ ။ မှတ်ပုံစာရင်းတွင် အမည်သွင်းထားသူအသီးသီးမှာ၊ ဤနည်းဥပဒေများဆိုင်ရာ နောက်ဆက်တွဲပုံစံ ၆ ဖြင့် မှတ်ပုံတင်သက်သေခံလက်မှတ်ကို၊ ၎င်းပေါ်တွင် မြန်မာနိုင်ငံတံဆိပ်တော် အက်ဥပဒေအရ သို့တည်းမဟုတ် တံဆိပ်တော်ခွန်စည်းကြပ်ကောက်ခံခြင်းနှင့် စပ်လျဉ်းသည့် တည်ဆဲအခြားဥပဒေတစ်ခုခုအရ၊ အခါအားလျော်စွာ စည်းကြပ်ကောက်ခံထိုက်သည့် တံဆိပ်တော်ခွန်ကို ပေးဆောင်သည့်အခါ၊ မှတ်ပုံတင်အရာရှိထံမှ ရထိုက်ခွင့်ရှိရမည်။ ထိုသက်သေခံလက်မှတ်တွင် မှတ်ပုံတင်ထား

သူ၏ အမည်အပြည့်အစုံ သူ၏နေရပ်၊ မှတ်ပုံတင်သည့်နေ့ရက်နှင့် အရပ်ကိုလည်းကောင်း၊ မည်သည့် အရည်အချင်းများနှင့် စပ်လျဉ်း၍ထိုသူအား မှတ်ပုံတင်ထားသည်ကိုလည်းကောင်း ဖော်ပြရမည်။

၉၉။ ။ မှတ်ပုံတင်လက်မှတ် မှုရင်းခွဲအတွက် မည်သည့်လျှောက်လွှာကိုမျှ လက်မခံရ။ သို့ရာတွင် ဆေးဘက်ဆိုင်ရာ မှတ်ပုံစာရင်းရှိ အမည်တစ်ခုနှင့် သက်ဆိုင်သည့်ရေးသွင်းချက်များ၏ မိတ္တူမှန်ကို အခကြေးငွေကျပ် နှစ်ဆယ်နှင့်တကွ တံဆိပ်တော်ခွန်ကိုပါ ပေးဆောင်သည့်အခါ၊ မည်သူ့အား မဆို ထုတ်ပေးနိုင်သည်။ အဆိုပါ လျှောက်လွှာနှင့်အတူ မည်သည့်အကြောင်းများကြောင့် ထိုမိတ္တူမှန် ကို ရလိုသည်ဟု ဖော်ပြသောလျှောက်ထားသူ၏ ထုတ်ဖော်ပြောဆိုချက်ပါရှိစေရမည့်ပြင်၊ လျှောက်ထားသူ သည်၊ မည်သူမည်ဝါဖြစ်ကြောင်းကို မှတ်ပုံတင်အရာရှိက လုံလောက်သည်ဟု ယူဆသည့် သက်သေခံချက် ဖြင့်လည်း ထောက်ခံစေရမည်။

၁၀၀။ ။ ဆရာဝန်မှတ်ပုံစာရင်းတွင် ရှိသောအမည်ကို ပြောင်းလဲရန်အတွက် အခကြေးငွေ ငါးကျပ်ကောက်ခံရမည်။

၁၀၁။ ။ (၁) မှတ်ပုံဝင်ဆရာဝန်တစ်ဦးက မိမိ၏လျှောက်ထားချက်အရ မိမိ၏အမည်ကို ဆရာဝန်မှတ်ပုံစာရင်းမှ ထုတ်ပယ်ရန်အလို့ငှာ၊ လျှောက်ထားသည့် လျှောက်လွှာအသီးသီးနှင့်အတူ၊ လျှောက်ထားသူက၊ မိမိသည် မိမိသဘောမတူဘဲ မိမိ၏အမည်ကို ဆရာဝန်မှတ်ပုံစာရင်းမှ ထုတ်ပယ်ရန်၊ သို့တည်းမဟုတ် မိမိအား မှတ်ပုံတင်ထိုက်စေသည့် အရည်အချင်းတစ်ခုခုကို၊ သို့တည်းမဟုတ် လိုင်စင်တစ်ခုခုကို မိမိသဘောမတူဘဲ လက်လွှတ်စေရန်အကြောင်းကို ထင်ရှားစေသည့် အမှုအခင်းတစ်ခုခု ရှိသည်ကိုသော်လည်းကောင်း၊ အမှုအခင်းတစ်ခုခုစွဲဆိုရန် အကြောင်းတစ်ခုခုရှိသည်ကို သော်လည်းကောင်း မိမိမသိပါဟူ၍ ထုတ်ဖော်ပြောဆိုသည့် ထုတ်ဖော်ပြောဆိုချက်ပါရမည်။

(၂) မှတ်ပုံတင်အရာရှိသည်၊ အဆိုပါလျှောက်လွှာအသီးသီးကို၊ လျှောက်ထားသူအား အရည် အချင်းလက်မှတ်၊ သို့တည်းမဟုတ် အရည်အချင်းလက်မှတ်များထုတ်ပေးသည့် ဆေးဘက်ဆိုင်ရာ အာဏာပိုင်များထံသို့ ထိုသို့ထုတ်ပယ်ရန် ခိုင်လုံသည့် ကန့်ကွက်ချက်ရှိမရှိ အမှန်သိသာအောင် ရှေးဦးစွာ လွှဲအပ်ရမည်။

(၃) မှတ်ပုံတင်အရာရှိသည်၊ အဆိုပါလျှောက်လွှာကို နောက်အကြိမ်ကျင်းပမည့် ကောင်စီ အစည်းအဝေးသို့၊ သို့တည်းမဟုတ် အမှုဆောင်ကော်မတီအစည်းအဝေးသို့ တင်ပြရမည်။ ကောင်စီက၊ သို့တည်းမဟုတ် အမှုဆောင်ကော်မတီက ထိုလျှောက်လွှာကိုလည်းကောင်း၊ ထိုလျှောက်လွှာနှင့်စပ်လျဉ်း သည့် ကန့်ကွက်ချက်များရှိလျှင်၊ ထိုကန့်ကွက်ချက်များကိုလည်းကောင်း စဉ်းစားဆင်ခြင်ရမည်။ ဥက္ကဋ္ဌ

သည်၊ သဘာပတိအဖြစ်ဖြင့် "မှတ်ပုံတင်အရာရှိသည်၊ လျှောက်ထားသူ၏အမည်ကို ဆရာဝန်မှတ်ပုံစာရင်းမှ ထုတ်ပယ်ရမည်လော" ဆိုသည့်မေးခွန်းကို မေးမြန်းနိုင်သည်။

မှတ်ပုံတင်အရာရှိသည်၊ လျှောက်ထားသူ၏အမည်ကို မှတ်ပုံစာရင်းမှ ထုတ်ပယ်သောအခါ၊ ထိုသို့ ထုတ်ပယ်သောအကြောင်းကြားချက်ကို လျှောက်ထားသူထံသို့ ၎င်း၏ မှတ်ပုံတင်လိပ်စာအတိုင်း လိပ်စာ တပ်သောစာဖြင့် ပေးပို့ရမည်။

၁၀၂။ ။ မှတ်ပုံတင်အရာရှိသည်၊ နည်းဥပဒေ ၆၉ တွင် ရည်ညွှန်းထားသည့် စာရွက်လွတ်ကြား ညှပ်ထားသော ပုံနှိပ်ပြီးနှစ်စဉ် ဆရာဝန်စာရင်းနှင့် ထပ်ဖြည့်စာရင်းတစ်စောင်ကို ထားရှိရမည်။ ထိုစာရင်းတွင် ထိုနှစ်အတွင်း လိုအပ်သည့်ရေးသွင်းချက်၊ ပြောင်းလဲချက်၊ သို့တည်းမဟုတ် ပယ်ဖျက်ချက် မည်သည်ကိုမဆိုပြုလုပ်ရမည်။

၁၀၃။ ။ စာရင်းထုတ်ပြန်သည့် နှစ်မကုန်ဆုံးမီ၊ ထိုစာရင်းကို မှတ်ပုံတင်အရာရှိထံ စာပို့ခနှစ်ကျပ် ပေး၍ လျှောက်ထားလျှင်၊ မှတ်ပုံတင်ထားသူ အသီးသီးအား၊ အဆိုပါစာရင်းတွင် ၎င်း၏အမည်ရှေ့ဦးစွာ ပါရှိသည့် နှစ်စဉ်ဆရာဝန်စာရင်း၊ သို့တည်းမဟုတ် ထပ်ဖြည့်စာရင်းတစ်စောင်စီ အခမဲ့ပေးရမည်။

၉။ ။ ဆရာဝန်မှတ်ပုံစာရင်းမှ အမည်ထုတ်ပယ်ခံရသည့် ပြစ်ဒဏ်။

၁၀၄။ ။ မှတ်ပုံတင်ရန်လျှောက်ထားသူသည်၊ သို့တည်းမဟုတ် မှတ်ပုံဝင်ဆရာဝန်သည်၊ ကောင်စီ၏ သဘောအရ အကျင့်စာရိတ္တချို့ယွင်းသည့် သဘောသက်ရောက်တန်ရာသောပြစ်မှုတစ်ခုခု ထင်ရှားစီရင်ခြင်းခံရသည်ဟု ကောင်စီရုံးသို့ သတင်းရောက်ရှိသည့်အခါတိုင်း၊ မှတ်ပုံတင်အရာရှိသည် သက်ဆိုင်သည့် စီရင်ချက်မိတ္တူကို ရယူ၍၊ ၎င်းကို ဥက္ကဋ္ဌထံ တင်သွင်းရမည်။ ဥက္ကဋ္ဌသည်၊ ထိုကိစ္စကို ကောင်စီသို့ တင်ပြရမည်။ ထိုပြစ်မှုသည် အကျင့်စာရိတ္တချို့ယွင်းသည့်သဘောသက်ရောက်သည်ဟု ကောင်စီက ဆုံးဖြတ်လျှင်၊ ကောင်စီသည်၊ ထိုလျှောက်ထားသူအား မှတ်ပုံတင်ခွင့်ပေးခြင်းကို ငြင်းဆိုနိုင်သည်။ သို့တည်းမဟုတ် ထိုမှတ်ပုံဝင်ဆရာဝန်၏အမည်ကို မှတ်ပုံစာရင်းမှ ထာဝစဉ်ဖြစ်စေ၊ သတ်မှတ်သည့် အချိန်ကာလ အပိုင်းအခြားအတွက်ဖြစ်စေ ထုတ်ပယ်ရန်ညွှန်ကြားနိုင်သည်။

၁၀၅။ ။ မှတ်ပုံတင်ရန် လျှောက်ထားသူသည်၊ သို့တည်းမဟုတ် မှတ်ပုံဝင်ဆရာဝန်သည်၊ ပညာရှင်လုပ်ငန်းနှင့်စပ်လျဉ်း၍၊ မအပ်မရာ ကျင့်မိစ္ဆာပြုကျင့်ကြောင်းကို ကျူးလွန်သည်ဟု ကောင်စီရုံးသို့သတင်းရောက်ရှိသည့်အခါတိုင်း မှတ်ပုံတင်အရာရှိသည်၊ ထိုသတင်းကို အကျဉ်းချုပ်ပြုလုပ်၍ ဥက္ကဋ္ဌထံ တင်သွင်းရမည်။

၁၀၆။ ။ အဆိုပါသတင်းမှာ၊ မှတ်ပုံတင်ရန်လျှောက်ထားသူကို၊ သို့တည်းမဟုတ် မှတ်ပုံဝင်ဆရာဝန်ကို ပညာရှင်လုပ်ငန်းနှင့်စပ်လျဉ်း၍ မအပ်မရာကျင့်မိစ္ဆာပြုကျင့်ကြောင်းဖြင့် တစ်ဦးတစ်ယောက်သောသူကသော်လည်းကောင်း၊ အဖွဲ့တစ်ခုခုကသော်လည်းကောင်း စွပ်စွဲသည့် တိုင်တန်းချက်သဘောမျိုးဖြစ်လျှင်၊ ယင်းသို့သော တိုင်တန်းချက်ကို မှတ်ပုံတင်အရာရှိထံ လိပ်တင်သော စာဖြင့် ပြုရမည်။ ထိုတိုင်တန်းချက်တွင် တိုင်တန်းရခြင်း၏အကြောင်းပြချက်များကို ဖော်ပြရမည့်ပြင်၊ ထိုတိုင်တန်းချက်နှင့်အတူ ထိုအမှုကိစ္စ၏ အကြောင်းအရာများနှင့် စပ်လျဉ်း၍ တစ်ခုသော၊ သို့တည်းမဟုတ် တစ်ခုထက်ပိုသော ထုတ်ဖော်ပြောဆိုချက်များပါရှိစေရမည်။

၁၀၇။ ။ ထုတ်ဖော် ပြောဆိုချက် အသီးသီးတွင် ထုတ်ဖော်ပြောဆိုသူ၏ အကြောင်းအရာနှင့် နေရပ်အမှန်ကို ဖော်ပြရမည်။ ထုတ်ဖော်ပြောဆိုချက်တွင် ဖော်ပြထားသည့်အကြောင်းအရာကို ထုတ်ဖော်ပြောဆိုသူကိုယ်တိုင် မသိသည့်ကိစ္စ၌ သတင်းစတင်ဖြစ်ပွားရာဌာနကိုလည်းကောင်း၊ ထိုသတင်းမှန်ကန်ကြောင်း ထုတ်ဖော်ပြောဆိုသူ ယုံကြည်စေသည့်အခြေခံအကြောင်းများကိုလည်းကောင်း တိကျစုံလင်စွာဖော်ပြရမည်။

ဤနည်းဥပဒေနှင့် ဆန့်ကျင်၍ပြုလုပ်သည့် ထုတ်ဖော်ပြောဆိုချက်များကိုလည်းကောင်း၊ ထုတ်ဖော်ပြောဆိုချက်များ၏ အစိတ်အပိုင်းများကိုလည်းကောင်း သက်သေခံအဖြစ် လက်ခံမည်မဟုတ်။

၁၀၈။ ။ (၁) သတင်းအကျဉ်းချုပ်နှင့် တိုင်တန်းချက် တင်သွင်းထားလျှင်၊ ထိုတိုင်တန်းချက်နှင့်တကွ ထိုအမှုနှင့်သက်ဆိုင်သည့်အခြား စာတမ်းအမှတ်အသား အားလုံးကို မှတ်ပုံတင်အရာရှိက ဥက္ကဋ္ဌထံ တင်သွင်းရမည်။ ဥက္ကဋ္ဌသည်၊ သင့်လျော်သည်ထင်မြင်လျှင် လျှောက်ထားသူက၊ သို့တည်းမဟုတ် မှတ်ပုံဝင်ဆရာဝန်ကပေးနိုင်ခွင့်ရှိသော ထုချေချက်ကို လျှောက်ထားသူထံမှ၊ သို့တည်းမဟုတ် မှတ်ပုံဝင်ဆရာဝန်ထံမှ ရီစစ်တြီ ပြုလုပ်သည့်စာတစ်စောင်ဖြင့် ကန့်သတ်သည့် အချိန်အတွင်း တောင်းဆိုရန် မှတ်ပုံတင် အရာရှိအားညွှန်ကြားရမည်။ ထို့နောက်လျှောက်ထားသူက၊ သို့တည်းမဟုတ် မှတ်ပုံဝင်ဆရာဝန်က မှတ်ပုံတင်အရာရှိထံပေးပို့သည့် မည်သည့်ထုချေလွှာမဆို အပါအဝင်ဖြစ်သည့် စာတမ်းအမှတ်အသားများကို အမှုဆောင်ကော်မတီသို့ လွှဲအပ်ရမည်။ အမှုဆောင်ကော်မတီသည် ထိုထုချေလွှာ အပါအဝင် စာတမ်းအမှတ်အသားများကို စဉ်းစားဆင်ခြင်ရမည်။ ထို့ပြင်အမှုဆောင်ကော်မတီမှာ နောက်ထပ်စုံစမ်းစစ်ဆေးမှုပြုစေ ရန်လည်းကောင်း၊ နောက်ထပ်သက်သေခံချက်ရယူစေရန်လည်းကောင်း၊ ရှေ့နေတစ်ဦးတစ်ယောက်သို့ ၎င်း၏ အကြံပေးချက်နှင့် အကူအညီအတွက် လွှဲအပ်ရန်လိုလျှင် လွှဲအပ်ရန်လည်းကောင်း အာဏာရှိရမည်။

(၂) ယုတ္တိရှိအောင် သက်သေခံလုံလောက်သောအမှုမဟုတ်ဟု ကော်မတီက ထင်မြင်လျှင်၊ ထိုအမှုကို ဆက်လက်အရေးမယူရ။ ထို့ပြင်မှတ်ပုံတင် အရာရှိသည်၊ ကော်မတီ၏ဆုံးဖြတ်ချက်ကို တိုင်တန်း

သူအား အကြောင်းကြားရမည်။

(၃) အမှုမှာ စုံစမ်းစစ်ဆေးခြင်း ပြုသင့်သည့်အမှုဖြစ်သည်ဟု ကော်မတီက ဆုံးဖြတ်လျှင်၊ ဥက္ကဋ္ဌသည်၊ စုံစမ်းစစ်ဆေးမှု စတင်ပြုလုပ်စေခြင်းငှာလည်းကောင်း။ ဤနည်းဥပဒေများတွင် ပြဋ္ဌာန်းထားသည့်အတိုင်း အမှုကိုကြားနာဆုံးဖြတ်စေခြင်းငှာလည်းကောင်း သင့်လျော်သည့်အချိန်အတွင်း အရေးယူဆောင်ရွက်ရန် မှတ်ပုံတင်အရာရှိအား ညွှန်ကြားရမည်။

၁၀၉။ ။ ကောင်စီကသော်လည်းကောင်း၊ ကောင်စီညွှန်ကြားသည့်အတိုင်း အမှုဆောင်ကော်မတီ၊ သို့တည်းမဟုတ် ပုဒ်မ ၂၂ အရ ကောင်စီကခန့်ထားသည့်အထူးကော်မတီကသော်လည်းကောင်း ပြုလုပ်ရမည့်စုံစမ်းစစ်ဆေးမှုကို မှတ်ပုံတင်အရာရှိက လျှောက်ထားသူထံ၊ သို့တည်းမဟုတ် မှတ်ပုံဝင်ဆရာဝန်ထံ လိပ်စာတပ်၍ ကောင်စီကိုယ်စား အကြောင်းကြားစာထုတ်ဆင့်ခြင်းဖြင့် စတင်ပြုလုပ်ရမည်။ အဆိုပါအကြောင်းကြားစာတွင် စွဲချက်၏မျိုးမည်နှင့် အကြောင်းချက်လက်တို့ကို သီးခြားဖော်ပြရမည့် ပြင်ငှင်းစာဖြင့် ကောင်စီက အမှုစီရင်ရန် ကြံရွယ်သည့်နေ့ရက်ကို ဆရာဝန်အားကြားသိစေ၍ စွဲချက်ကိုစာဖြင့် ထုချေရန်နှင့် ထိုနေ့တွင် ကောင်စီရှေ့သို့ လာရောက်ရန်လျှောက်ထားသူအား၊ သို့တည်း မဟုတ် မှတ်ပုံဝင်ဆရာဝန်အားဆင့်ဆိုရမည်။ ထိုအကြောင်းကြားစာမှာ ဤနည်းဥပဒေများ၏ နောက်ဆက် တွဲပါပုံစံ ၇ အတိုင်း အခြေအနေအရ လိုအပ်သည့်ပြောင်းလဲပြင်ဆင်ချက်များနှင့်တကွ ဖြစ်ရမည်။ ၎င်းအကြောင်းကြားစာကို စုံစမ်းစစ်ဆေးမှု ပြုမည့်နေ့ရက်မတိုင်မီ ရက်သတ္တ ၃ ပတ်ကြိုတင် ၍ ပေးပို့ရမည့်ပြင် ၎င်းနှင့်အတူ ပုဒ်မ ၂၁ ၏ မိတ္တူနှင့်နည်းဥပဒေ ၁၁၀ ၏မိတ္တူပါရှိစေရမည်။

၁၁၀။ ။ ကောင်စီကသော်လည်းကောင်း၊ အက်ဥပဒေပုဒ်မ ၂၂ အရခန့်ထားသည့် ကော်မတီကသော်လည်းကောင်း စုံစမ်းစစ်ဆေးမှု ပြုရမည်ဟုဆုံးဖြတ်၍ ထိုသို့ဆုံးဖြတ်သည့်အတိုင်း စုံစမ်းစစ်ဆေးမှု ပြုရန်အကြောင်းကြားစာထုတ်ဆင့်ထားသည့် အမှုအသီးသီးတွင် တိုင်တန်းသူရှိလျှင် တိုင်တန်းသူနှင့် စွပ်စွဲခံရသည့် လျှောက်ထားသူသည်၊ သို့တည်းမဟုတ် မှတ်ပုံဝင်ဆရာဝန်သည် ထုချေရန်၊ သို့တည်းမဟုတ် ပြန်လည်ချေပရန်၊ ဆိုင်သင့်ရာရာကိစ္စအလို့ငှာ မိမိကိုယ်တိုင်ကဖြစ်စေ၊ မိမိ၏ရှေ့နေကဖြစ်စေ ထိုကိစ္စအလို့ငှာ လက်မှတ်ရေးထိုးထားသောစာဖြင့် တောင်းဆိုသည့်အခါ၊ ကောင်စီသို့ တစ်ဘက်အမှုသည်က ဖြစ်စေ၊ ၎င်းအတွက်ဖြစ်စေပေးသည့်၊ သို့တည်းမဟုတ် ပေးပို့သည့်၊ ထို့ပြင်အဆိုပါတစ်ဘက်အမှုသည်က အမှုကြားနာ စစ်ဆေးရာတွင် နည်းလမ်းတကျ သက်သေထင်ရှားပြသောအခါ၊ စုံစမ်းစစ်ဆေးမှုပြုလုပ်ရန် အကြောင်းကြားစာတွင် သီးခြားဖော်ပြထားသည့် စွဲချက်ကို ထောက်ခံရန်၊ သို့တည်းမဟုတ် ချေပရန် သက်သေခံအဖြစ်ဖြင့်အသုံးပြုပိုင်ခွင့်ရှိသည့် ထုတ်ဖော်ပြောဆိုချက်၊ ထုချေချက်၊ ချေပချက်၊ သို့တည်းမဟုတ် အခြားစာတမ်းအမှတ်အသားတစ်ခုခု၏ မိတ္တူကို မှတ်ပုံတင်အရာရှိထံမှ ရယူပိုင်ခွင့်ရှိသည်။ ထို့ပြင် စုံစမ်းစစ်ဆေးမှုပြုရန်အကြောင်းကြားစာ အသီးသီးဖြင့် လျှောက်ထားသူ၊ သို့တည်းမဟုတ် မှတ်ပုံဝင်ဆရာဝန်

ဤနည်းဥပဒေကို သတိပြုအောင်ညွှန်ပြရမည်။

၁၁၁။ ။ လျှောက်ထားသူကသော်လည်းကောင်း၊ မှတ်ပုံဝင်ဆရာဝန်ကသော်လည်းကောင်း အကြောင်းကြားစာထုတ်ဆင့်သည့်နေ့ရက်နှင့် စွဲချက်ကိုကြားနာစစ်ဆေးရန် သတ်မှတ်ထားသည့် နေ့ရက် စပ်ကြားပေးပို့သည့် ချေပလွှာ သက်သေခံချက်၊ သို့တည်းမဟုတ် ထွက်ဆိုချက်တစ်ခုခုကိုဖြစ်စေ၊ တင်သွင်းသည့် လျှောက်လွှာတစ်ခုခုကိုဖြစ်စေ ဥက္ကဋ္ဌသည်၊ ဥပဒေအကြံပေးချက်အရ မိမိသင့်သည်ထင်မြင်သည့် နည်းလမ်းအတိုင်း အရေးယူရမည်။

၁၁၂။ ။ အမှုနှင့်စပ်လျဉ်း၍ သက်သေခံအဖြစ်ဖြင့် စုံစမ်းစစ်ဆေးမှု ပြုလုပ်သော အာဏာပိုင် ရှေ့ဝယ်တင်ပြရမည့်အရေးပါအရာရောက်သော စာတမ်းအမှတ်အသားအားလုံးကို ပုံနှိပ်စေရမည့်ပြင် အမှုကို ကြားနာစစ်ဆေးခြင်းမပြုမီ ထိုင်ခဲ့သည့်အဖွဲ့ဝင်လူကြီးအသီးသီးအား တစ်စောင်စီပေးရမည်။

၁၁၃။ ။ အမှုကိုကောင်စီကသော်လည်းကောင်း၊ ကော်မတီကသော်လည်းကောင်း ကြားနာ စစ်ဆေးရာ၌ အမှုစစ်ဆေးခြင်းနှင့် စပ်လျဉ်း၍ အကြံဉာဏ်ပေးရန် ၎င်းတို့၏ ရှေ့နေလာရောက်နိုင်သည့်ပြင် တိုင်တန်းသူနှင့် သက်ဆိုင်သူဆရာဝန်သည်၊ မိမိတို့ဆန္ဒရှိသည့်အတိုင်း တစ်ဦးလျှင်ရှေ့နေတစ် ယောက်စီဖြင့် ကိုယ်စားပြုစေနိုင်သည်၊ သို့တည်းမဟုတ် တစ်ဦးလျှင် ရှေ့နေတစ်ယောက်စီ၏ အကူအညီကို ရယူနိုင်သည်။

၁၁၄။ ။ တိုင်တန်းသူကိုယ်တိုင်လာရောက် အမှုဆိုင်သောအခါဖြစ်စေ၊ ရှေ့နေဖြင့်အမှုဆိုင် သောအခါဖြစ်စေ လိုက်နာရန်နည်းလမ်းအစီအစဉ်မှာ အောက်ပါအတိုင်းဖြစ်ရမည်။

(၁) တိုင်တန်းသူသည် စွဲချက်ပါအချက်များကို ကောင်စီသို့၊ သို့တည်းမဟုတ်ကော်မတီသို့တင်ပြ ရမည်။ ထိုစွဲချက်ပါအချက်များကို အများရှေ့တွင်ဖတ်ရမည်။

(၂) ထို့နောက်သက်ဆိုင်သူဆရာဝန်အား စွဲချက်အသီးသီးနှင့်စပ်လျဉ်း၍ "အပြစ်ရှိကြောင်း"၊ သို့တည်းမဟုတ် "အပြစ်မရှိကြောင်း" ချေဆိုစေရန်ဆင့်ခေါ် ရမည်။ ထိုချေဆိုချက်ကို စွဲချက်ပါအချက်များ နှင့်တကွ ချက်ချင်းရေးမှတ်ထားရမည်။ ထိုဆရာဝန်သည်၊ ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေဖြင့်ဖြစ်စေ စွဲချက်ကို ချေပခြင်းငှာ အမှုဆိုင်ရန်ငြင်းဆိုလျှင်၊ သို့တည်းမဟုတ် သင့်လျော်သောအကြောင်းမရှိဘဲ ထိုသို့စွဲချက်ကို ချေပခြင်းငှာ အမှုဆိုင်ရန် ပျက်ကွက်လျှင်၎င်းသည် ထိုစွဲချက်ပါ အချက်များမှန်ကန်ကြောင်းကိုဝန်ခံသည်ဟု မှတ်ယူရမည်။

(၃) ထို့နောက် တိုင်တန်းသူသည်၊ ကောင်စီ၊ သို့တည်းမဟုတ် ကော်မတီအား စွဲချက်ပါအချက်များ နှင့် ၎င်းတို့မှန်ကန်ကြောင်းထင်ရှားပြသည့် သက်သေခံချက်များကို ရှင်းလင်းပြသည့်အနေဖြင့် လျှောက်လဲချက်ပေးနိုင်သည်။

(၄) ထို့နောက် နှုတ်ဖြင့်သက်သေခံချက်နှင့် သက်သေခံစာတမ်းအမှတ်အသားသက်သေခံချက်ကို တင်ပြရမည်။ သက်သေများကို သက်ဆိုင်သူဆရာဝန်ကဖြစ်စေ၊ ၎င်း၏ကိုယ်စားဖြစ်စေပြန်လှန် စစ်မေးရမည်။ ထို့နောက်သက်သေများကို ပြန်လှန်စစ်မေးပြီးသောမည်သည့်အချက်ပေါ်တွင်မဆို တိုင်တန်းသူက သက်သေများအား ပြန်လည်စစ်ဆေးပိုင်ခွင့်ရှိရမည်။ ထိုသို့ပြန်လည်စစ်ဆေးရာတွင် ကိစ္စသစ်တစ်ခုခုနှင့် စပ်လျဉ်း၍ မည်သည့်မေးခွန်းကိုမျှ ကောင်စီ၏ခွင့်ပြုချက်မရရှိဘဲမမေးရ။ ကောင်စီသည် သို့တည်းမဟုတ် ကော်မတီသည် မိမိတို့သင့်သည်ထင်မြင်သည့် မေးခွန်းများကို မေးနိုင်သည်။

(၅) တိုင်တန်းသူ ဘက်ကအမှုမပိတ်မီ လိုအပ်သည်ထင်မြင်လျှင်၊ ကောင်စီသည် သို့တည်းမဟုတ် ကော်မတီသည်၊ မိမိတို့၏သဘောအတိုင်း တိုင်တန်းသူအားသက်ဆိုင်သူဆရာဝန်အားပေးသည့် စာရင်းတွင် မပါသောသက်သေခံချက်ကိုတင်ပြရန်ခွင့်ပြုနိုင်သည်၊ သို့တည်းမဟုတ် မိမိတို့ကိုယ်တိုင်သက်သေခံချက် အသစ်ကို တောင်းဆိုနိုင်သည်။ ယင်းသို့ခွင့်ပြုသည့်ကိစ္စ၌ဖြစ်စေ၊ ယင်းသို့တောင်းဆိုသည့်ကိစ္စ၌ဖြစ်စေ ထိုဆရာဝန်ကရက်ချိန်းတောင်းလျှင်၊ ထိုဆရာဝန်မှာ သက်သေခံချက်အသစ်မတင်ပြမီ စတင်ရွှေ့ဆိုင်းသည့် နေ့ရက်နှင့်အမှုစစ်ဆေးရန် ချိန်းသည့်နေ့ရက်ကိုချန်လှပ်၍ အမှုဆိုင်းသုံးရက်တိတိရထိုက်ခွင့်ရှိရမည်။

(၆) တိုင်တန်းသူဘက်က အမှုပိတ်သောအခါ၊ သက်ဆိုင်ရာဆရာဝန်အား နှုတ်ဖြင့်သော်လည်း ကောင်း၊ စာဖြင့်သော်လည်းကောင်း၊ မိမိကြိုက်နှစ်သက်သည့်အတိုင်း ထုချေရန်ဆင့်ဆိုရမည်။ စာဖြင့် ထုချေလျှင်၊ ထိုစာကို အများရှေ့တွင် ဖတ်ပြရမည့်ပြင် မိတ္တူတစ်စောင်ကိုလည်း တစ်ချိန်တည်းမှာပင် တိုင်တန်းသူအားပေးရမည်။

(၇) ထို့နောက် ထုချေသူဘက်က သက်သေခံချက်ကို တင်ပြရမည့်ပြင် သက်သေများကိုလည်း စစ်ဆေးရမည်။ ထိုသက်သေများမှာ တိုင်တန်းသူတင်ပြသောသက်သေများနည်းတူ ပြန်လှန်စစ်မေးခြင်း နှင့်ပြန်လည်စစ်ဆေးခြင်းခံထိုက်စေရမည့်ပြင် ကောင်စီ၏၊ သို့တည်းမဟုတ် ကော်မတီ၏စစ်ဆေးခြင်းကို လည်း ခံထိုက်စေရမည်။

(၈) ကောင်စီကသော်လည်းကောင်း၊ ကော်မတီကသော်လည်းကောင်း၊ ၎င်းတို့ခန့်ထားသော သူတစ်ဦးတစ်ယောက်ကသော်လည်းကောင်း ထွက်ဆိုချက်မှ မှတ်သားဖွယ်ရာများကို မြန်မာဘာသာ ဖြင့်ဖြစ်စေ၊ အင်္ဂလိပ်ဘာသာဖြင့်ဖြစ်စေ၊ နှစ်ဘာသာလုံးဖြင့်ဖြစ်စေ ရေးမှတ်ထားရမည်။ ထိုသို့ရေးမှတ် ထားသည့်မှတ်သားချက်များကို ထွက်ဆိုသည့်သက်သေအသီးသီးအား ကျယ်စွာဖတ်ပြရမည့်ပြင် ရှင်းပြရန် လိုအပ်လျှင်လည်း ထွက်ဆိုသည့်ဘာသာစကားဖြင့် ရှင်းပြရမည်။ ထိုသက်သေထွက်ဆိုချက်မှ မှတ်သား ချက်ကို အမှုတွဲတွင်ထည့်ထားရမည်။

(၉) သက်ဆိုင်သူဆရာဝန်ကနှုတ်ဖြင့်သာထုချေ၍ သက်သေခံမတင်ပြလျှင် စုံစမ်းစစ်ဆေးမှုသည် ၎င်း၏ထုချေချက်ဖြင့် အပြီးသတ်ရမည်။ ထိုဆရာဝန်ကထုချေလွှာတင်သွင်းလျှင်၊ သို့တည်းမဟုတ် သက်သေခံတင်ပြလျှင် တိုင်တန်းသူမှာ အမှုတစ်ခုလုံးကို ခြုံ၍ယေဘုယျဖြစ်သော နှုတ်ဖြင့်ပြန်လည် ချေပချက်ကို ပြုပိုင်ခွင့်ရှိရမည့်ပြင် ထုချေသူဘက်ကတင်ပြသည့် မည်သည့်သက်သေခံချက်ကိုမဆို

ဆန့်ကျင်စေရန် သက်သေခံကိုလည်းတင်ပြနိုင်သည်။ ထိုသို့သက်သေခံတင်ပြလျှင် သက်ဆိုင်သူဆရာဝန်မှာ မိမိအားပေးထားသည့် စာရင်းတွင် ထိုသို့သော သက်သေခံအသစ်မပါခဲ့သော်လည်း အမှုကိုရွှေ့ဆိုင်းပိုင်ခွင့် မရှိစေရ။

(၁၀) ကောင်စီသည်၊ သို့တည်းမဟုတ် ကော်မတီသည်၊ စွဲချက်ပါအချက်များကို၊ သို့တည်းမဟုတ် အချက်တစ်ခုခုကို ရှင်းလင်းစွာ၊ သို့တည်းမဟုတ် အသင့်အတင့်တိကျစွာမရေးသားဟုထင်မြင်လျှင် ၎င်းကို ပြင်ရန် မိမိတို့သဘောအတိုင်း ဆင့်ဆိုနိုင်သည်၊ ထိုသို့ဆင့်ဆိုသောအခါ၊ ကောင်စီသည်၊ သို့တည်းမဟုတ် ကော်မတီသည်၊ စုံစမ်းစစ်ဆေးမှုကိုလည်း တိုင်တန်းသူက၊ သို့တည်းမဟုတ် ဆရာဝန်က ရွှေ့ဆိုင်းရန် လျှောက်ထားပါက မိမိတို့သင့်လျော်သည်ထင်မြင်ယူဆသည့် အချိန်ထိရွှေ့ဆိုင်းနိုင်သည်။ ကောင်စီသည်၊ သို့တည်းမဟုတ် ကော်မတီသည်၊ စုံစမ်းစစ်ဆေးမှုကို သက်ဆိုင်ရာတိုင်တန်းသူက၊ သို့တည်းမဟုတ် ဆရာဝန် က သက်သေတစ်ဦးဦး မကျန်းမာခြင်းဟူသော၊ သို့တည်းမဟုတ် မလွှဲမရှောင်သာ၍ မလာရောက်ခြင်းဟူ သောအကြောင်းကြောင့်သော်လည်းကောင်း၊ မိမိတို့သင့်လျော်သည်ဟု ယူဆသည့်အခြားအကြောင်း ကြောင့်သော်လည်းကောင်း ရွှေ့ဆိုင်းရန်လျှောက်ထားသည့်အခါ၊ မိမိတို့သင့်သည်ထင်မြင်လျှင် အခါ အားလျော်စွာ ရွှေ့ဆိုင်းနိုင်သေးသည်။ အဆိုပါ လျှောက်ထားချက်ကို ပြုလုပ်၍ငြင်းပယ်လျှင် ကောင်စီသည်၊ သို့တည်းမဟုတ် ကော်မတီသည်၊ ထိုလျှောက်ထားချက်ကိုလည်းကောင်း၊ ထိုလျှောက်ထားချက်ကို လိုက်လျောရန် ငြင်းဆန်ခြင်းအတွက် မိမိတို့၏အကြောင်းပြချက်များကိုလည်းကောင်း ရေးမှတ်ထားရမည်။

၁၁၅။ ။ တိုင်တန်းသူမရှိသောအခါ၊ လိုက်နာရမည့်နည်းလမ်းအစီအစဉ်မှာ အောက်ပါအတိုင်း ဖြစ်ရမည်။

(၁) ကောင်စီ၏ မှတ်ပုံတင်အရာရှိသည်၊ မှတ်ပုံတင်ရန်လျှောက်ထားသူထံ၊ သို့တည်းမဟုတ် မှတ်ပုံဝင်ဆရာဝန်ထံ လိပ်တပ်ထားသည့် စုံစမ်းစစ်ဆေးမှုပြုရန်အကြောင်းကြားစာကို ကောင်စီအား ဖတ်ပြရမည့်ပြင်၊ အမှု၏ အကြောင်းအရာများကို ဖော်ပြပြီးလျှင်၊ ထိုအမှုကို ထောက်ခံသည့် သက်သေခံ ကိုလည်း ကောင်စီရှေ့တွင်တင်ပြရမည်။

(၂) ထို့နောက်မှတ်ပုံတင်ရန်လျှောက်ထားသူအား၊ သို့တည်းမဟုတ် မှတ်ပုံဝင်ဆရာဝန်အား၊ ကိုယ်တိုင်ဖြစ်စေ၊ မိမိ၏ရှေ့နေဖြင့်ဖြစ်စေ မိမိ၏အမှုကိုဖော်ပြရန်လည်းကောင်း၊ ထိုအမှုကို ထောက်ခံသည့် မိမိ၏သက်သေခံချက်များကို တင်ပြရန်လည်းကောင်း ဖိတ်ခေါ်ရမည်။ ၎င်းသည် သက်သေထင်ရှားမပြမီ ဖြစ်စေ၊ သက်သေထင်ရှားပြ၍ ပြီးဆုံးသောအခါ၌ဖြစ်စေ ကောင်စီအား လျှောက်လဲချက်ပေးနိုင်သည်။ သို့ရာတွင် တစ်ကြိမ်သာပေးရမည်။

(၃) ကောင်စီ၏ ရှေ့နေက ပြန်လည်ချေပခြင်းကို ကောင်စီက ကြားနာလိုလျှင်၊ ထိုရှေ့နေ၏ ချေပခြင်းကို ကြားနာနိုင်သည်။

၁၁၆။ ။ (၁) အမှုစစ်ဆေးပြီးသောအခါ၊ ကောင်စီသည်၊ သို့တည်းမဟုတ် ကော်မတီသည်၊ ထိုအမှုကို လျှို့ဝှက်စွာစဉ်းစားဆွေးနွေးရမည်။ ဆွေးနွေးပြီးသောအခါ၊ စွဲချက်ပါအချက်များမှန်ကြောင်း သက်သေထင်ရှား မထင်ရှားသက်ဆိုင်ရာဆရာဝန်မှာ၊ ပညာရှင်လုပ်ငန်းနှင့်စပ်လျဉ်း၍ မအပ်မရာကျင့်မိစ္ဆာ ပြုကျင့်မှု ကျူးလွန် မကျူးလွန်ဟူသော ပြဿနာနှင့်စပ်လျဉ်း၍ မဲဆန္ဒရယူရမည်။

(၂) ဆရာဝန်သည်၊ ပညာရှင်လုပ်ငန်းနှင့်စပ်လျဉ်း၍ မအပ်မရာကျင့်မိစ္ဆာပြုကျင့်မှုကို ကျူးလွန်သည်ဟု ကောင်စီက၊ သို့တည်းမဟုတ် ကော်မတီက အစည်းအဝေးတက်ရောက်မဲပေးသည့် လူကြီး သုံးပုံ နှစ်ပုံ၏ မဲများရာဖြင့် ဆုံးဖြတ်လျှင်၊ ဆရာဝန်အား မှတ်ပုံတင်ခွင့်မပြုလို ငြင်းဆိုနိုင်သည်၊ သို့တည်းမဟုတ် ၎င်း၏အမည်ကို မှတ်ပုံစာရင်းမှ ထာဝစဉ်ဖြစ်စေ၊ သတ်မှတ်သည့်အချိန်ကာလ အပိုင်းအခြားအတွက် ဖြစ်စေ ထုတ်ပယ်ရန် အမိန့်ချမှတ်နိုင်သည်။ ထိုအမိန့်အတိုင်း ဆောင်ရွက်ရန် ဥက္ကဋ္ဌက၊ မှတ်ပုံတင်အရာရှိအား ညွှန်ကြားရမည်။

၁၁၇။ ။ အဆိုပါနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆရာဝန်တစ်ဦးဦး၏အမည်ကို မှတ်ပုံမတင်လို ငြင်းဆိုသောအခါဖြစ်စေ၊ မှတ်ပုံဝင်ဆရာဝန်တစ်ဦးဦး၏ အမည်ကို မှတ်ပုံစာရင်းမှ ထုတ်ပယ်သောအခါဖြစ်စေ ထိုသို့ငြင်းဆိုသည့်၊ သို့တည်းမဟုတ် ထုတ်ပယ်သည့် အကြောင်းကြားစာကို၊ မှတ်ပုံတင်အရာရှိက သက်ဆိုင်ရာဆရာဝန်ထံသို့ ချက်ချင်းပေးပို့ရမည်။ အဆိုပါအကြောင်းကြားစာကို၊ နောက်ဆုံးသိရှိရသောနေရပ်သို့ ရီစစ္စတြီ ပြုလုပ်ပေးပို့ရမည်။ ထိုမှတစ်ပါး၊ မှတ်ပုံတင်အရာရှိသည်၊ ထိုသို့ ငြင်းဆိုသည့်၊ သို့တည်းမဟုတ် ထုတ်ပယ်သည့် အကြောင်းကြားစာကို၊ ဆရာဝန်အား ဘွဲ့အရည်အချင်း၊ သို့တည်းမဟုတ် ဘွဲ့အရည်အချင်းများ အပ်နှင်းသည့်အဖွဲ့သို့၊ သို့တည်းမဟုတ် အဖွဲ့များသို့ ချက်ချင်းပေးပို့ရမည့်ပြင်၊ ထိုအဖွဲ့၊ သို့တည်းမဟုတ် အဖွဲ့များကိုလည်း၊ ဆရာဝန်မှတ်ပုံစာရင်းတွင် မှတ်ပုံတင်နိုင်သည့် ဘွဲ့အရည်အချင်းသစ် တစ်ခုခုအတွက် မည်သည့်စာမေးပွဲသို့မျှ ကောင်စီအား တင်ကြိုသောက်လှမ်းမေးမြန်း ခြင်းမပြုဘဲ၊ ထိုဆရာဝန်အား ဝင်ခွင့်မပြုရန် ပန်ကြားရမည်။

မှတ်ချက်။ ။ "ပညာရှင်လုပ်ငန်းနှင့်စပ်လျဉ်း၍၊ မအပ်မရာကျင့်မိစ္ဆာပြုကျင့်မှု ကျူးလွန်သည်" ဟူ၍၊ ၁၈၉၂ ခုနှစ်၊ အယ္ယခံတရားရုံးတွင် အဓိပ္ပာယ်ဖော်ပြထားသည့်အတိုင်း။ ဤနည်းဥပဒေတွင် ပြဋ္ဌာန်းထားသည့်ကောင်စီ၏ ဆုံးဖြတ်ချက် အဓိပ္ပာယ်နှင့် အကျယ်အဝန်းမှာ၊ အောက်ပါအတိုင်းဖြစ်သည်။

"ဆရာဝန်တစ်ဦးသည်၊ မိမိ၏လုပ်ငန်းကိုဆောင်ရွက်ရာ၌၊ ထိုလုပ်ငန်းနှင့်စပ်လျဉ်း၍၊ ဂုဏ်သတင်း၊ ပညာအရည် အချင်းနှင့်ပြည့်စုံသော မိမိ၏လုပ်ဖော်လုပ်ဖက်အခြားဆရာဝန်များက မဖွယ်မရာဟူ၍၊ သို့တည်းမဟုတ် ယုတ်မာဆိုးညစ် သည်ဟု အကြောင်းလုံလောက်စွာယူဆသောအမှုတစ်ခုခုကိုပြုလျှင်၊ "ပညာရှင်လုပ်ငန်းနှင့်စပ်လျဉ်း၍၊ မအပ်မရာ ကျင့်မိစ္ဆာပြုကျင့်မှု" ကျူးလွန်သည်ဟု ကောင်စီက ဆိုလိုသော်ဆိုနိုင်သည်။"

၁၁၈။ ။ မှတ်ပုံဝင်ဆရာဝန်သည်၊ ဘိန်းအက်ဥပဒေ၊ သို့တည်းမဟုတ် ဘေးအန္တရာယ်ဖြစ်စေတတ်သောဆေးများဆိုင်ရာ အက်ဥပဒေပါ ပြဋ္ဌာန်းချက်များကိုလည်းကောင်း၊ ထိုအက်ဥပဒေများအရ ပြုသည့် နည်းဥပဒေများနှင့် စည်းမျဉ်းဥပဒေများကိုလည်းကောင်း ဆန့်ကျင်လျှင်၊ ၎င်းကို ရာဇဝတ်မှု စွဲဆိုနိုင်သည်။ ထိုသို့ရာဇဝတ်မှုစွဲခြင်းကြောင့် ထိုဆရာဝန်မှာ၊ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်၊ ၎င်းအား၊ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူအဖြစ်ဖြင့်၊ အက်ဥပဒေပုဒ်မ ၂၁ ဖြင့် အပ်နှင်းသည့် အာဏာများအရ၊ ကောင်စီက အရေးယူနိုင်သည်။ သို့ရာတွင် မှတ်ပုံဝင်ဆရာဝန်သည်၊ ထိုအက်ဥပဒေများအရ၊ သို့တည်းမဟုတ် စည်းမျဉ်းဥပဒေ များအရ မှတ်ပုံဝင်ဆရာဝန်အား အပ်နှင်းထားသည့် အခွင့်အရေးများကို အလွဲသုံးစားပြုရာရောက်အောင်၊ အဆိုပါအက်ဥပဒေများကို၊ သို့တည်းမဟုတ် စည်းမျဉ်းဥပဒေများကို ဆန့်ကျင်လျှင်၊ ထိုသို့ဆန့်ကျင်သည်ဟု ကောင်စီက ကျေနပ်အောင်သက်သေထင်ရှားပြလျှင်၊ ထိုမှတ်ပုံဝင်ဆရာဝန်သည်၊ မိမိ၏အမည်ကို မှတ်ပုံ စာရင်းမှ ထုတ်ပယ်ခြင်းခံရမည်။

၁၁၉။ ။ လိုင်စင်အပ်နှင်းသည့်အဖွဲ့က၊ မှတ်ပုံဝင်ဆရာဝန်ထံ ဘွဲ့အရည်အချင်းတစ်ခုခုကို တရားဥပဒေနှင့်အညီ၊ နည်းလမ်းတကျရုပ်သိမ်းလိုကြောင်းဖြင့်၊ ကောင်စီကထိုအဖွဲ့ထံမှ အကြောင်းကြားစာ ရရှိသောအခါ၊ ထိုသို့ရုပ်သိမ်းခြင်းမှာ၊ ဆေးပညာနှင့်ခွဲစိတ်ကုပညာဆိုင်ရာ ဝါဒတစ်ခုခုကို လိုက်နာသောကြောင့် ရုပ်သိမ်းခြင်းမဟုတ်လျှင်၊ ကောင်စီသည်၊ အဆိုပါမှတ်ပုံဝင်ဆရာဝန်နှင့်သက်ဆိုင်သော ဘွဲ့အရည်အချင်းကို၊ သို့တည်းမဟုတ် ဘွဲ့အရည်အချင်းများကို၊ မှတ်ပုံစာရင်းမှ ထုတ်ပယ်သင့်သည်ထင်မြင်လျှင်၊ ထိုသို့ထင်မြင်သည့်အတိုင်း ထုတ်ပယ်ရန်၊ ဥက္ကဋ္ဌက သဘာပတိအဖြစ်ဖြင့် နည်းလမ်းအတိုင်း တင်သွင်းသည့်ဆုံးဖြတ်ချက်ဖြင့် မှတ်ပုံတင်အရာရှိအား ညွှန်ကြားရမည်။

၁၂၀။ ။ ကောင်စီ၏ ညွှန်ကြားချက်အရ မှတ်ပုံဝင်ဆရာဝန်တစ်ဦးဦး၏ ဘွဲ့အရည်အချင်းအားလုံးကို၊ မှတ်ပုံစာရင်းမှ ပယ်ဖျက်ခဲ့လျှင်၊ ကောင်စီသည်၊ အဆိုပါဆရာဝန်၏အမည်ကို မှတ်ပုံစာရင်းမှ ထုတ်ပယ်ရန် သင့်သည်ထင်မြင်လျှင်၊ ထိုသို့ထင်မြင်သည့်အတိုင်း၊ ထုတ်ပယ်ရန် ဥက္ကဋ္ဌက၊ သဘာပတိအဖြစ်ဖြင့် နည်းလမ်းအတိုင်း တင်သွင်းသည့် ဆုံးဖြတ်ချက်ဖြင့် မှတ်ပုံတင်အရာရှိအား ညွှန်ကြားရမည်။

၁၀။ ။ ဆရာဝန်မှတ်ပုံစာရင်းတွင် အမည်ပြန်သွင်းခြင်း။

၁၂၁။ ။ မှတ်ပုံစာရင်းတွင် အမည်ပြန်သွင်းရန် တင်သွင်းမည့်လျှောက်လွှာများကို၊ ထိုသို့တင်သွင်းပြီးနောက် ပထမအကြိမ်ကျင်းပသည့် ကောင်စီ၏ သာမန်အစည်းအဝေးတွင် လက်ခံရမည်။

ဆရာဝန်တစ်ဦးတစ်ယောက်၏အမည်ကို၊ ၎င်း၏ တောင်းဆိုချက်အရဖြစ်စေ၊ အက်ဥပဒေပုဒ်မ ၂၁ အရဖြစ်စေ မှတ်ပုံစာရင်းမှထုတ်ပယ်ထားလျှင်၊ ထိုအမည်ကို ပြန်လည်မှတ်ပုံတင်ရန်အတွက် ၁၁ ကျပ်ငါးဆယ် တောင်းခံရမည်။

၁၂။ ။ မည်သူမဆို၊ မိမိ၏အမည်ကို ကောင်စီ၏ ညွှန်ကြားချက်ဖြင့် မှတ်ပုံစာရင်းမှ ထုတ်ပယ်ထားသော်လည်း၊ မိမိ၏ မှတ်ပုံတင်ထိုက်သည့် ဘွဲ့အရည်အချင်းရှိနေသေး၍ မိမိ၏အမည်ကို မှတ်ပုံစာရင်းတွင်ပြန်သွင်းရန် လျှောက်ထားသောအခါ၊ လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းစည်းကမ်းမှာ အောက်ပါအတိုင်းဖြစ်စေရမည်။

(၁) လျှောက်လွှာကို လျှောက်ထားသူက လက်မှတ်ရေးထိုး၍ ကောင်စီသို့ ပေးပို့ရမည့်ပြင်၊ လျှောက်ထားသည့်အကြောင်းပြချက်များကိုလည်း ဖော်ပြရမည်။

(၂) အက်ဥပဒေပုဒ်မ ၂၁ အရ ထုတ်ပယ်ထားသူ၏အမည်ကို မှတ်ပုံစာရင်းတွင်ပြန်သွင်းရန် တင်သွင်းသော မည်သည့်လျှောက်လွှာကိုမျှ၊ ၎င်းနှင့်အတူ လျှောက်ထားသူက အဖြစ်အပျက်အကြောင်းအရာများဖော်ပြလျက်၊ ၎င်းသည်မူလက မှတ်ပုံတင်ထားသူဖြစ်ကြောင်းဖြင့် ထွက်ဆိုသည့်ဝန်ခံချက်နှင့် မှတ်ပုံဝင်ဆရာဝန်နှစ်ဦးထံမှ ထိုသူဟုတ်မှန်ကြောင်း သက်သေခံလက်မှတ်များဖြစ်စေ၊ လျှောက်ထားသူသည်၊ နိုင်ငံခြားတွင်နေထိုင်သူဖြစ်လျှင်၊ ရာဇဝတ်တရားသူကြီးနှစ်ဦးကသော်လည်းကောင်း၊ ပြန်တမ်းဝင်အရာရှိနှစ်ဦး၊ သို့တည်းမဟုတ် ပြန်တမ်းဝင်အရာရှိနှင့်တူညီသော အရာရှိနှစ်ဦးကသော်လည်းကောင်း လက်မှတ်ရေးထိုးသည့် သက်သေခံလက်မှတ်ဖြစ်စေ မပါရှိလျှင်၊ လက်မခံရ။

ထိုဟုတ်မှန်ကြောင်း သက်သေခံလက်မှတ်အသီးသီးမှာ အောက်တွင်ဖော်ပြထားသည့်အတိုင်း ဖြစ်ရမည်။

"အထက်အဆိုပါ လျှောက်ထားသူသည်၊ အထက်တွင်သီးခြားဖော်ပြထားသူ ______________ ဖြစ်ပါသည်။ ၎င်း၏အမည်မှာ အောက်ပါနေရပ်၊ ဘွဲ့အရည်အချင်းများ * နှင့်တကွ ဆရာဝန်မှတ်ပုံစာရင်းတွင် ယခင်က ပါရှိခဲ့ကြောင်း သက်သေခံ လက်မှတ်ရေးထိုးပါသည်။"

အမည်+ —

အောက်ပါအကြောင်းအရာများ —

(၁) မှတ်ပုံတင်နေ့စွဲ —

(၂) မှတ်ပုံတင်အမှတ် —

(၃) လူမျိုး —

(၄) အဘအမည် —

(၅) မွေးဖွားသည့်နေ့စွဲ —

(၆) အမြဲနေရပ်၊ လိပ်စာ —

(၇) မှတ်ပုံဝင်ဘွဲ့အရည်အချင်းများနှင့် ထိုဘွဲ့အရည်အချင်းများရရှိသည့်နေ့စွဲများ —

(၈) ရာထူးခန့်အပ်ထားခြင်းခံရသောအမှုထမ်းအဖွဲ့အမည် —

---

* ဤနေရာအောက်တွင် လျှောက်ထားသူ၏ယခင်နေရပ်နှင့်မှတ်ပုံဝင်ဘွဲ့အရည်အချင်းများကို ထည့်သွင်းရမည်။

\+ သက်သေခံလက်မှတ်ပေးသူအသီးသီး၏အမည်နှင့် အကြောင်းအရာများကို ဖော်ပြရမည်။

(၃) လျှောက်လွှာတွင်ပါရှိသော ဖော်ပြချက်များ မှန်ကန်ကြောင်းကို၊ မြို့နယ်တမ်းဝင်အရာရှိနှင့် လျှောက်ထားသူအား ထုတ်ပယ်သည့်နေ့မှစ၍၊ ၎င်းနေထိုင်ရာအရပ်အနီးအနားတွင် နေထိုင်သည့် မှတ်ပုံဝင်ဆရာဝန်တို့က စာဖြင့်ရေးပေးထားသော သက်သေခံလက်မှတ်များဖြင့် ထောက်ခံရမည်။ ထိုမြို့နယ်တမ်းဝင်အရာရှိတို့နှင့် မှတ်ပုံဝင်ဆရာဝန်တို့သည်၊ လျှောက်ထားသူကို ၎င်း၏အမည် မထုတ်ပယ်မီက လည်းကောင်း၊ ထုတ်ပယ်ပြီးနောက်လည်းကောင်း ကောင်းစွာသိကျွမ်းသူများဖြစ်ရမည့်ပြင်၊ လျှောက်ထားသူမှာ ယခုအခါ အကျင့်စာရိတ္တကောင်းမွန်ကြောင်းကိုလည်း ထောက်ခံရမည်။

(၄) လျှောက်လွှာရရှိသောအခါ၊ မှတ်ပုံတင်အရာရှိသည်၊ ထိုလျှောက်လွှာကို အမှုဆောင်ကော်မတီသို့ စဉ်းစားဆင်ခြင်၍ အစီရင်ခံရန်လွှဲအပ်ရမည်။ ကော်မတီက၊ လျှောက်လွှာကို မစဉ်းစားမဆင်ခြင်မီ ထိုသို့ လျှောက်ထားကြောင်းကို၊ မှတ်ပုံတင်အရာရှိက လျှောက်ထားသူ၏ အမည်ကို ထုတ်ပယ်သည့်အချိန်၌၊ ၎င်းလက်ရှိဖြစ်သည့် ဘွဲ့အရည်အချင်းများ အပ်နှင်းသောအဖွဲ့သို့ အကြောင်းကြားရမည့်ပြင်၊ တစ်ဦးတစ်ယောက်သောသူ၏၊ သို့တည်းမဟုတ် အဖွဲ့တစ်ခုခု၏ တိုင်တန်းချက်အရ လျှောက်ထားသူ၏အမည်ကို မှတ်ပုံစာရင်းမှ ထုတ်ပယ်ခဲ့ရသည်ဖြစ်လျှင်၊ ထိုသို့တိုင်တန်းသောသူအား၊ သို့တည်းမဟုတ် အဖွဲ့အား ထိုသို့ လျှောက်ထားသည်ကိုလည်းကောင်း၊ ထိုလျှောက်လွှာကို ကော်မတီက မည်သည့်အချိန်တွင် စဉ်းစားဆင်ခြင်ရန် ကြံရွယ်သည်ကိုလည်းကောင်း အကြောင်းကြားရမည်။

(၅) အမှုဆောင်ကော်မတီသည်၊ လျှောက်လွှာကို စဉ်းစားဆင်ခြင်ရမည့်ပြင်၊ ထိုသို့ စဉ်းစားဆင်ခြင်ခြင်းကို နောက်တစ်ရက်သို့ ရွှေ့ဆိုင်းသင့်သည် ထင်မြင်လျှင်လည်း ရွှေ့ဆိုင်းနိုင်သည်။ သို့တည်းမဟုတ် လျှောက်ထားသူထံမှ နောက်ထပ်သက်သေခံကိုသော်လည်းကောင်း၊ ရှင်းလင်းချက်ကိုသော်လည်းကောင်း တောင်းဆိုသင့်သည်ဟု ထင်မြင်လျှင်လည်း တောင်းဆိုနိုင်သည်။

(၆) အမှုဆောင်ကော်မတီသည်၊ လျှောက်လွှာနှင့်စပ်လျဉ်း၍၊ ကောင်စီအား လျှို့ဝှက်စွာအစီရင်ခံရမည်။ ထိုအစီရင်ခံစာတွင် ကော်မတီက ပေးသင့်သည်ဟု ထင်မြင်သည့် ထောက်ခံချက်များ ထည့်သွင်းပါရှိစေရမည့်ပြင်၊ ထိုထောက်ခံချက်များအတွက် အကြောင်းပြချက်များကိုလည်း ဖော်ပြရမည်။

(၇) အပိုဒ် (၁) အရ တင်သွင်းသည့်လျှောက်လွှာနှင့် အပိုဒ် (၃) အရပေးသည့် သက်သေခံလက်မှတ်မှာ ဤနည်းဥပဒေများဆိုင်ရာ နောက်ဆက်တွဲပါ ပုံစံ ၈ နှင့် ၉ အတိုင်းဖြစ်ရမည်။ ထိုပုံစံများကို၊ အခြေအနေအရ လိုအပ်သည့်အတိုင်း ပြောင်းလဲနိုင်သည်။ ပုံနှိပ်ပြီးပုံစံများကို၊ မှတ်ပုံတင်အရာရှိက ထားရှိ၍၊ လျှောက်လွှာတင်သွင်းလိုသူများအားထုတ်ပေးရမည်။

၁၁။ ။ မှတ်ပုံတင်အရာရှိ၊ စာရေးစာချီများနှင့် ရုံးချိန်များ။

၁၂၃။ ။ မှတ်ပုံတင်အရာရှိ၏လစာကို ကောင်စီက၊ နိုင်ငံတော်သမ္မတ၏ ကြိုတင်သဘောတူညီချက်ဖြင့်သတ်မှတ်ရမည်။ ထိုအရာရှိမှာ မြန်မာနိုင်ငံ ခရီးစရိတ်နည်းဥပဒေများအရ သတ်မှတ်ထားသည့်နှုန်းများအတိုင်း ခရီးစရိတ်ရရှိစေရမည်။

၁၂၄။ ။ မှတ်ပုံတင်အရာရှိသည်၊ မိမိ၏မှတ်ပုံကရင်းများကို အက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ ကောင်စီ၏ နည်းဥပဒေများနှင့်လည်းကောင်း အညီထားရှိရမည်။

၁၂၅။ ။ မှတ်ပုံတင်အရာရှိသည်၊ ကောင်စီနှင့်အမှုဆောင်ကော်မတီအစည်းအဝေးကျင်းပသည့်အခါတိုင်း အစည်းအဝေးသို့ တက်ရောက်ရမည့်ပြင်၊ အဆိုပါအစည်းအဝေးတွင် ဆောင်ရွက်မှုများကိုလည်း ရေးမှတ်ရမည်။

၁၂၆။ ။ မှတ်ပုံတင်အရာရှိသည်၊ အတွင်းရေးမှူးအဖြစ်ဖြင့် ကောင်စီ၏ စာပေးစာယူကို တာဝန်ခံ၍ ဆောင်ရွက်ရမည့်ပြင်၊ ပေးပို့ရန်လိုအပ်သော အကြောင်းကြားစာအားလုံးကိုလည်း၊ ဤနည်းဥပဒေများအရ လိုအပ်သည့် နည်းလမ်းအတိုင်း ပေးပို့ရမည်။

၁၂၇။ ။ မှတ်ပုံတင်အရာရှိသည်၊ ကောင်စီ၏ တည်ဆဲနည်းဥပဒေများအရ မိမိအား ဆောင်ရွက်စေလိုသည့် တာဝန်ဝတ္တရားအားလုံးကို ဆောင်ရွက်ရမည်။

၁၂၈။ ။ မှတ်ပုံတင်အရာရှိသည်၊ အများပြည်သူအလုပ်ပိတ်ရက်များကို ချန်လှပ်၍၊ သတ်မှတ်ထားသောအစိုးရ ရုံးချိန်များ၌လည်းကောင်း၊ လိုအပ်လျှင် အခြားအချိန်များ၌လည်းကောင်း ရုံးတက်ရမည်။ ဥက္ကဋ္ဌ၏ ခွင့်ပြုချက်မရလျှင် အလုပ်ခွင်သို့ မလာရောက်ဘဲမနေရ။

၁၂၉။ ။ မှတ်ပုံတင်အရာရှိမှာ၊ ရုံးကိုစီမံအုပ်ချုပ်ရေးတွင် ယေဘုယျအားဖြင့် ကြီးကြပ်နိုင်ခွင့်ရှိရမည့်ပြင်၊ စာရေးစာချီများနှင့် လုပ်သားများအပေါ်တွင်လည်း အာဏာရှိရမည်။

၁၃၀။ ။ စာရေးစာချီများ၏ တာဝန်ဝတ္တရားများသည်၊ အမှုဆောင်ကော်မတီ၏ ညွှန်ကြားချက်အရ မှတ်ပုံတင်အရာရှိက ၎င်းတို့အား လွှဲအပ်ချထားပေးသည့်အတိုင်း ဖြစ်ရမည်။

၁၃၁။ ။ စာရေးစာချီများသည် အများပြည်သူ အလုပ်ပိတ်ရက်များကို ချန်လှပ်၍ ပြဋ္ဌာန်းထားသော အစိုးရရုံးချိန်များ၌လည်းကောင်း၊ လိုအပ်လျှင် အခြားအချိန်များ၌လည်းကောင်း ရုံးတက်ရမည်။ မှတ်ပုံတင်အရာရှိ၏ ခွင့်ပြုချက်မရလျှင် အလုပ်ခွင်သို့ မလာရောက်ဘဲ မနေရ။

၁၃၂။ ။ စာရေးများအား ခွင့်ပေးရန်လိုအပ်သောအခါ၊ မူလအခြေခံနည်းဥပဒေများနှင့်အညီ ပေးရမည့်ပြင်၊ ခွင့်လစာပေးခြင်းကိုလည်း၊ ထိုနည်းဥပဒေများအရ စည်းမျဉ်းသတ်မှတ်ရမည်။

၁၂။ ။ ဆေးဘက်ဆိုင်ရာဘွဲ့အရည်အချင်း အပ်နှင်းသည့်အဖွဲ့များမှ အစီရင်ခံစာရင်း။

၁၃၃။ ။ မည်သည့်ကိစ္စတွင်မဆို အက်ဥပဒေပုဒ်မ ၁၄ အရ လိုအပ်သောအကြောင်းအရာကို၊ ကောင်စီက အက်ဥပဒေ၏ဇယားတွင် အမည်ဖော်ပြထားသည့် အဖွဲ့များထံမှ တောင်းဆိုလျှင်၊ မှတ်ပုံတင်အရာရှိသည်၊ အဆိုပါ အကြောင်းအရာပေးပို့ရမည့်နေ့ရက်မတိုင်မီ အနည်းဆုံးတစ်လကကြိုတင်၍ ထိုအဖွဲ့အသီးသီးအား အကြောင်းကြားရမည်။

၁၃၄။ ။ နှစ်စဉ်ဧပြီလနှင့် အောက်တိုဘာလအတွင်း ရန်ကုန်တက္ကသိုလ်၊ ဆေးအတတ်သင်မဟာဌာနမှူးအားလည်းကောင်း၊ မန္တလေးတက္ကသိုလ်ဆေးအတတ်သင် မဟာဌာနမှူးအားလည်းကောင်း အစီရင်ခံစာရင်းများကို သတ်မှတ်ထားသောပုံစံအတိုင်း ကောင်စီသို့ပေးပို့ရန် မေတ္တာရပ်ခံရမည်။ ထိုအစီရင်ခံစာရင်းတွင် ထိုနှစ် မတ်လနှင့် စက်တင်ဘာလအသီးသီး၌၊ နောက်ဆုံးစာမေးပွဲအောင်မြင်သူ ဦးရေကိုလည်းကောင်း၊ အဆိုပါ စာမေးပွဲအောင်မြင်သူဦးရေကိုလည်းကောင်း၊ အဆိုပါစာမေးပွဲ၌ အပယ်ခံရသူ ဦးရေကိုလည်းကောင်း ဖော်ပြရမည်။

၁၃။ ။ တံဆိပ်။

၁၃၅။ ။ ကောင်စီပိုင်တံဆိပ်ကို သော့ခလောက်နှစ်မျိုးခတ် သေတ္တာထဲတွင် သိမ်းဆည်းထားရမည်။ သော့ခလောက်တစ်ခု၏သော့ကို ဥက္ကဋ္ဌ ထိန်းသိမ်း၍၊ အခြားသော့ခလောက်တစ်ခု၏ သော့ကို မှတ်ပုံတင်အရာရှိက ထိန်းသိမ်းရမည်။

၁၃၆။ ။ တံဆိပ်ကို ကောင်စီ၏ အမိန့်ဖြင့်သာ၊ သို့တည်းမဟုတ် ကောင်စီအစည်းအဝေးကျင်းပနေစဉ်အခါမဟုတ်လျှင်၊ အမှုဆောင်ကော်မတီ၏ အမိန့်ဖြင့်သာ ခတ်နှိပ်ရမည်။ သို့သော် အမှုဆောင်ကော်မတီသည်၊ တံဆိပ်ကို ကောင်စီက မိမိအား လွှဲအပ်ထားသည့် အာဏာများ သုံးစွဲဆောင်ရွက်ရန်

လိုအပ်သောကိစ္စများအတွက်သာ အသုံးပြုရမည်။

၁၃၇။ ။ တံဆိပ်ခတ်နှိပ်ရန် အမိန့်ချမှတ်လျှင်၊ တံဆိပ်အသုံးပြုရသည့်ကိစ္စကို ဖော်ပြရမည့်ပြင်၊ ကောင်စီအစည်းအဝေးမှတ်တမ်း၊ သို့တည်းမဟုတ် အမှုဆောင်ကော်မတီအစည်းအဝေးမှတ်တမ်း ဆိုင်သင့်ရာရာတွင်လည်း ရေးသွင်းရမည်။

၁၄။ ။ စာမေးပွဲများနှင့် ပညာသင်အဖွဲ့အစည်းများသို့ သွားရောက်ကြည့်ရှုခြင်း။

၁၃၈။ ။ အက်ဥပဒေပုဒ်မ ၁၃ ဖြင့် ပေးအပ်သည့်အာဏာများအရ၊ ကောင်စီသည်၊ ကောင်စီလူကြီးများကိုသော်လည်းကောင်း၊ တစ်ဦးတစ်ယောက်သောသူ၊ သို့တည်းမဟုတ် သူများကိုသော်လည်းကောင်း၊ သွားရောက်ကြည့်ရှုသူ လူကြီးများအဖြစ်ဖြင့် အခါအားလျော်စွာခန့်ထားရမည်။ ထိုလူကြီးတို့အား ဘွဲ့အရည်အချင်းအပ်နှင်းသည့်အဖွဲ့များ၏ ဘွဲ့အရည်အချင်းတစ်ခုခုရရှိရန် လိုအပ်သောဆရာဝန်စာမေးပွဲများနှင့် ဆေးပညာသင် အဖွဲ့အစည်းများသို့၊ ကောင်စီက ညွှန်ကြားသည့်အတိုင်း သွားရောက်ကြည့်ရှုရန် စေလွှတ်ရမည်။

၁၃၉။ ။ အမှုဆောင်ကော်မတီမှာ၊ သွားရောက်ကြည့်ရှုရမည့်စာမေးပွဲများနှင့်စပ်လျဉ်း၍လည်းကောင်း၊ သွားရောက်ကြည့်ရှုရန်အချိန်၊ နေရာနှင့် စပ်လျဉ်း၍လည်းကောင်း ကောင်စီအား အကြံဉာဏ်ပေးရန် တာဝန်ရှိရမည်။

၁၄၀။ ။ ဥက္ကဋ္ဌသည်၊ သွားရောက်ကြည့်ရှုသူ လူကြီးအသီးသီးအား နည်းလမ်းတကျ အာဏာလွှဲအပ်သောစာကို၊ ကောင်စီတံဆိပ်ခတ်နှိပ်ကာပေးရမည်။

၁၄၁။ ။ သွားရောက်ကြည့်ရှုသူလူကြီးများအား၊ မည်သည့်အခကြေးငွေကိုမျှ မပေးရ။ သို့သော်မြန်မာနိုင်ငံခရီးစရိတ်နည်းဥပဒေများအရ သတ်မှတ်ထားသည့် နှုန်းများအတိုင်း ခရီးစရိတ်နှင့် နေ့စဉ်စရိတ်ပေးရမည်။

၁၄၂။ ။ သွားရောက်ကြည့်ရှုသူလူကြီးများမှာ၊ မိမိတို့သွားရောက်ကြည့်ရှုသည့် စာမေးပွဲအသီးသီးနှင့်စပ်လျဉ်း၍ အစီရင်ခံရန်တာဝန်ရှိရမည့်ပြင်၊ မိမိတို့၏အစီရင်ခံစာတွင် ကောင်စီသိသာရန် အရေးကြီးသည်ထင်မြင်သည့်၊ အကြောင်းအရာများနှင့် ဝေဖန်ချက်များကိုလည်း ထည့်သွင်းဖော်ပြရမည်။

၁၄၃။ ။ သွားရောက်ကြည့်ရှုသူလူကြီးများသည်၊ မိမိတို့အစီရင်ခံစာများတွင် မိမိတို့သွားရောက်ကြည့်ရှုသည့် စာမေးပွဲအသီးသီးကျင်းပနေစဉ်အတွင်း၊ သို့တည်းမဟုတ် မိမိတို့သွားရောက်ကြည့်ရှုသည့် အဖွဲ့အစည်းများ ပညာသင်ကြားနေစဉ်အတွင်း မိမိတို့ရောက်ရှိသည့် နေ့ရက်များနှင့်အချိန်များကို ဖော်ပြရမည့်ပြင်၊ နေ့အသီးသီးတွင် စစ်ဆေးလျက်ရှိသည့် ဘာသာရပ်များကိုလည်း အတိုချုပ်နေ့စဉ်မှတ်တမ်းအဖြစ်ဖြင့် ထည့်သွင်းဖော်ပြရမည်။

၁၄၄။ ။ သွားရောက်ကြည့်ရှုသူလူကြီးများ၏ အစီရင်ခံစာများကို ရေးသားပြီးသောအခါ ဥက္ကဋ္ဌထံပေးပို့ရမည်။ ဥက္ကဋ္ဌက ထိုအစီရင်ခံစာများကို ပုံနှိပ်စေရမည်။ အစီရင်ခံစာများ၏ နောက်ဆုံးပုံနှိပ်စာမူကြမ်းကို အမှားပြင်ထားသည့်အတိုင်း သွားရောက်ကြည့်ရှုသူလူကြီးများက လက်မှတ်ရေးထိုးပြီးနောက်၊ မှတ်ပုံတင်အရာရှိက လက်ခံလိုက်နာရန် ခိုင်လုံသော စာစောင်များ အဖြစ်သိမ်းဆည်းထားရမည်။

၁၄၅။ ။ သွားရောက်ကြည့်ရှုသူ လူကြီးများ၏ အစီရင်ခံစာများကို စဉ်းစားဆင်ခြင်၍ ကောင်စီအားအစီရင်ခံရန် ဥက္ကဋ္ဌက အမှုဆောင်ကော်မတီအား လွှဲအပ်ရမည်။ ကိစ္စတစ်ခုခုနှင့်စပ်လျဉ်း၍ကောင်စီကအခြားနည်းမညွှန်ကြားလျှင်၊ ထိုအစီရင်ခံစာများကို "လျှို့ဝှက်အစီရင်ခံစာများ" ဖြစ်သည်ဟု မှတ်ယူရမည်။

၁၅။ ။ စာတမ်းအမှတ်အသားများကို ကြည့်ရှုစစ်ဆေးခြင်း။

၁၄၆။ ။ ကောင်စီ၏ စာတမ်းအမှတ်အသားများကို၊ ကောင်စီဥပဒေအကြံပေးအရာရှိများက အသုံးပြုရန်မလိုသည့်အခါ၊ ကောင်စီလူကြီးများ ကြည့်ရှုစစ်ဆေးခြင်းနှင့်စပ်လျဉ်း၍၊ လိုက်နာရမည့် စည်းကမ်းချက်များမှာ၊ အောက်ပါအတိုင်းဖြစ်ရမည်။

(၁) အကြောင်းကြားစာကို၊ ကောင်စီအစည်းအဝေးများ ကျင်းပနေစဉ်အခါမှတစ်ပါး၊ အခြားအခါများတွင် မှတ်ပုံတင်အရာရှိထံသို့ သုံးရက်တိတိကြိုတင်ပေးပို့ရမည်။ ကောင်စီအစည်းအဝေး ကျင်းပနေစဉ်အခါတွင်မူ၊ အထူးအခွင့်ပေးနိုင်သည်။

(၂) ကြည့်ရှုစစ်ဆေးလိုသည့် စာတမ်းအမှတ်အသားများ အကြောင်းအရာကို ဖော်ပြရမည်။

(၃) မှတ်ပုံတင်အရာရှိမှာ၊ စာတမ်းအမှတ်အသားအားလုံးကို လုံခြုံစွာ ထိန်းသိမ်းထားရန် တာဝန်ရှိရမည်။

(၄) မှတ်ပုံတင်အရာရှိမှာ၊ စာတမ်းအမှတ်အသားများကို ရုံးချိန်အတွင်း လွယ်ကူစွာ ကြည့်ရှုစစ်ဆေးနိုင်စေရန် နေ့ရက်အစဉ်အတိုင်းဖြစ်စေ၊ အခြားနည်းဖြစ်စေ စီစဉ်ထားရန် တာဝန်ရှိရမည်။

(၅) ကြည့်ရှုစစ်ဆေးသည့် စာတမ်းအမှတ်အသားများကို ကောင်စီ၏ ဥပစာမှ ရွှေ့ပြောင်းခြင်း မပြုရ။

(၆) ထိုစာတမ်းအမှတ်အသားအားလုံးနှင့် ၎င်းတို့မှ ရရှိသော အကြောင်းအရာများကို လျှို့ဝှက်စွာ ထားရှိရမည်။

နောက်ဆက်တွဲ
(အက်ဥပဒေပုဒ်မ ၃ နှင့် ၅။)
ကောင်စီလူကြီးများနှင့် သက်ဆိုင်သည့် အကြောင်းအရာများ ဖော်ပြသည့်မှတ်ပုံစာရင်း။

အမည် (၁)	လိပ်စာ (၂)	ရွေးချယ်ခန့်ထားသည့်၊ သို့တည်းမဟုတ် ရွေးကောက်တင်မြှောက်ထားသည်ကိုဖော်ပြပါ။ ရွေးကောက်တင်မြှောက်ထားသည့်လူကြီးများ ဖြစ်လျှင် မည်သူတို့က ရွေးကောက်တင်မြှောက်သည်ကိုဖော်ပြပါ။ (၃)	ရာထူး သက်တမ်း (၄)	ရာထူး သက်တမ်းအစပြုသည့်နေ့စွဲ (၅)	ရာထူးသက်တမ်း ကုန်ဆုံးမြဲအတိုင်း ကုန်ဆုံးမည့်နေ့စွဲ (၆)	ရာထူးမှာ၊ ဖယားကွက် ၆ တွင် ဖော်ပြထားသည့် နေ့ရက်မတိုင်မီ ရပ်စဲခဲ့လျှင်၊ ထိုသို့ ရပ်စဲသည့်နေ့ရက်နှင့် ရပ်စဲခြင်းအကြောင်းကိုဖော်ပြပါ (အက်ဥပဒေပုဒ်မ ၆ နှင့် ၇ ကို ကြည့်) (၇)

ပုံစံအမှတ် ၂

(နည်းဥပဒေ ၉(၂) အရ အမည်တင်သွင်းလွှာ။)

အက်ဥပဒေပုဒ်မ ၃(၃)၊ အပိုဒ် (ဃ)အရ ကျင်းပသည့် ရွေးကောက်ပွဲ

၁။ အရွေးခံသူ၏အမည် —

၂။ အဘအမည် —

၃။ မှတ်ပုံစာရင်းအရ ပြုလုပ်သည့် မဲစာရင်းပါ အမှတ်စဉ် —

၄။ ပုဒ်မ ၃ အရ ဘွဲ့အရည်အချင်းမျိုးမည် —

၅။ လိပ်စာ —

အဆိုသွင်းသူလက်မှတ်။

ထောက်ခံသူလက်မှတ်။

ရွေးကောက်ပွဲတာဝန်ခံအရာရှိ။

ညွှန်ကြားချက်

အမည်တင်သွင်းလွှာများကို ________________ ရက်နေ့ကျော်လွန်မှ ရွေးကောက်ပွဲတာဝန်ခံအရာရှိရရှိလျှင်၊ ထိုအမည်တင်သွင်းလွှာများ ပျက်ပြယ်စေရမည်။

ပုံစံအမှတ် ၃
(အက်ဥပဒေပုဒ်မ ၄ အရ)

ပုံစံ ၃
[နည်းဥပဒေ ၁၂ (၂) ကိုကြည့်။]

လက်ခံမြတ်ပိုင်း —
မဲလက်မှတ်အမှတ်စဉ် —

မဲလက်မှတ်အမှတ်စဉ် —
လူကြီးဆယ်ဦးကို မဲစာရင်းတွင်ပါဝင်သူက၊ ဆေးကောင်စီသို့ ရွေးကောက်တင်မြှောက်ရမည်။

ကျွန်ုပ်သည် မဲစာရင်းတွင် အမည်ပါဝင်သူတစ်ဦး ဖြစ်ကြောင်း ဝန်ခံပါသည်။ (လက်မှတ်)	အမှတ်စဉ်	နည်းလမ်းတကျ အမည်တင်သွင်းထားသည့် အရွေးခံသူများ၏အမည်	မဲဆန္ဒ

ရွေးကောက်ပွဲတာဝန်ခံအရာရှိ

ညွှန်ကြားချက်များ

၁။ မဲဆန္ဒရှင်အသီးသီးသည်၊ ရွေးကောက်တင်မြှောက်ရမည့်လူကြီးဦးရေရှိသလောက် မဲဆန္ဒများပေးနိုင်သည်။ မည်သည့်အရွေးခံသူကိုမျှ ဆန္ဒမဲတစ်မဲထက်ပို၍မပေးရ။

၂။ မဲဆန္ဒရှင်သည်၊ မိမိကြိုက်နှစ်သက်ရာ အရွေးခံသူများ၏ အမည်များနှင့် ယှဉ်လျက် ကြက်ခြေအမှတ် × ပြု၍ မဲပေးရမည်။ အခြားအရွေးခံသူများ၏ အမည်များကို ခြစ်ပစ်ရမည်။ မဲပေးရမည့် အရွေးခံသူတစ်ဦးထက်ပို၍ မဲဆန္ဒရှင်က ဦးရေအပြည့်မဲပေးလိုလျှင်၊ မိမိမဲပေးသည့် အရွေးခံသူ အရေအတွက်ကို ပုံစံတွင် မှတ်ချက်ရေးသားနိုင်သည်။

၃။ ကြက်ခြေအမှတ် × ကို၊ ရွေးကောက်တင်မြှောက်ခံရမည့် ဦးရေထက်ပိုမိုသော အရွေးခံသူတို့၏ အမည်များနှင့်ယှဉ်၍ပြုလျှင်ဖြစ်စေ၊ ထိုကြက်ခြေအမှတ်များ မည်သည့်အရွေးခံသူများနှင့် သက်ဆိုင်စေရန် ရည်ရွယ်သည်ဟု မခွဲခြားနိုင်အောင် ပြုထားလျှင်ဖြစ်စေ ထိုမဲဆန္ဒ ပျက်ပြယ်စေရမည်။

၄။ မဲဆန္ဒရှင်သည်၊ လက်ခံဖြတ်ပိုင်းပေါ်ရှိ ဝန်ခံချက်ကို လက်မှတ်ရေးထိုးရမည်။ ထိုလက်မှတ်မပါလျှင် မဲလက်မှတ်ပျက်ပြယ်စေရမည်။

၅။ မဲဆန္ဒရှင်သည်၊ မဲလက်မှတ်တစ်ခုထက်ပို၍ ရေသွင်းခဲ့သော်၊ အဆိုပါမဲလက်မှတ်များအနက် ရှေ့ဦးစွာရရှိသော လက်မှတ်သာ အခြားနည်းစည်းကမ်းတကျဖြစ်လျှင် အတည်ဖြစ်ရမည်။ မဲဆန္ဒရှင်တစ်ဦးတည်းလက်မှတ်ရေးထိုးသော မဲလက်မှတ်နှစ်စောင်၊ သို့တည်းမဟုတ် နှစ်စောင်ထက်ပိုသော မဲလက်မှတ်များကိုရွေးကောက်ပွဲတာဝန်ခံအရာရှိက တစ်ချိန်တည်းရရှိလျှင် ထိုမဲလက်မှတ်နှစ်စောင်လုံး၊ သို့တည်းမဟုတ် မဲလက်မှတ်အားလုံး ပျက်ပြယ်စေရမည်။

၆။ မဲလက်မှတ်များကို ရွေးကောက်ပွဲတာဝန်ခံအရာရှိထံသို့ စာပို့တိုက်မှ ရိုစရွိုင်ပြုလုပ်ပေးပို့ရမည်။ ရွေးကောက်ပွဲ တာဝန်ခံအရာရှိက __________ ခုနှစ်၊ __________ လ၊ ______ ရက်နေ့တွင် ______ နာရီကျော်လွန်မှရရှိသော မဲလက်မှတ်များကို ပယ်ရမည်။

ပုံစံအမှတ် ၄
(အက်ဥပဒေပုဒ်မ ၂၅ နှင့် နည်းဥပဒေ ၆၉ ကိုကြည့်။)

<u>**နှစ်စဉ်ဆရာဝန်စာရင်း။**</u>

ဆရာဝန် မှတ်ပုံစာရင်းတွင် မှတ်ပုံတင်အမှတ် (၁)	အမည် (၂)	လိပ်စာ၊ သို့တည်းမဟုတ် ရာထူး (၃)	မှတ်ပုံတင် နေ့စွဲ (၄)	ဘွဲ့အရည်အချင်းများ နှင့် ၎င်းဘွဲ့အရည်အချင်းများရသည့်နေ့စွဲများ (၅)	မှတ်ချက် (၆)

<u>မှတ်ချက်။</u> ။ ဆေးပညာကျော် အရည်အချင်းနှင့်ယှဉ်၍ မှတ်ချက်ပေးသားတွင် ပုဒ်မ ၃(၃) (ခ) ကိုလည်းကောင်း၊ နိုင်ငံသားမဟုတ်ဟူ၍လည်းကောင်း ရေးသွင်းရမည်။ အမည်မှာ တစ်ကြိမ် ထက်ပို၍ပါရှိနေလျှင်၊ ခွဲခြားနိုင်ရန် အမည် နောက်တွင် မှတ်ပုံတင်အစီအစဉ်အလိုက် အမှတ်စဉ် ထိုးတပ်ရမည်။

ပုံစံ
(အက်ဥပဒေပုဒ်မ ၁၁ နှင့်
ဆရာဝန်

အမှတ်စဉ်	မှတ်ပုံတင်နေ့စွဲ	မှတ်ပုံတင်အမှတ်	အမည်	လူမျိုး	အဘအမည်
(၁)	(၂)	(၂)	(၄)	(၅)	(၆)

အမှတ် ၅
နည်းဥပဒေ ၉ ကိုကြည့်)
<u>မှတ်ပုံစာရင်း။</u>

မွေးဖွားသည့် နေ့စွဲ	အမြဲနေရပ်	ဘွဲ့အရည် အချင်းများ နှင့် ၎င်းဘွဲ့ အရည်အချင်း များရသည့် နေ့စွဲများ	ရာထူးလက်ရှိထားသည့် အမှုထမ်းအဖွဲ့အမည်	ထုတ်ပယ်သည့်နေ့စွဲနှင့် ထုတ်ပယ်ရခြင်းအကြောင်း		မှတ်ချက်
				နေ့စွဲ	အက်ဥပဒေရှိ မည်သည့် ပုဒ်မအရ အမည်ကို ထုတ်ပယ်သည်	
(၇)	(၈)	(၉)	(၁၀)	(၁၁)		(၁၂)

ပုံစံအမှတ် ၆
(နည်းဥပဒေ ၉၈ ကိုကြည့်။)

မှတ်ပုံတင်သက်သေခံလက်မှတ်။
ဆေးအတတ်သင်ကြားရေး မှတ်ပုံတင်ရေးကောင်စီ။

သက်သေခံလက်မှတ်အမှတ် —
မှတ်ပုံတင်အမှတ် —

တံဆိပ်ခေါင်း။

ဆေးအတတ်သင်ကြားရေး၊ မှတ်ပုံတင်ရေးကောင်စီရုံး၊

၁၉ ခုနှစ်၊

အမည်	အမြဲနေရပ်	မှတ်ပုံတင်နေ့စွဲ	ဘွဲ့အရည်အချင်းများနှင့် ၄င်းဘွဲ့အရည်အချင်းများရသည့်နေ့စွဲများ

ဆရာဝန်မှတ်ပုံစာရင်း ယေားကွက် ၂ ၃၊ ၄၊ ၈ နှင့် ၉ တွင် အထက်သိဖြေးဖော်ပြရာပါ အမည်နှင့် စပ်လျဉ်းသော ရေးသွင်းချက်များ၏ မိတ္တူအမှန်ဖြစ်ကြောင်း သက်သေခံလက်မှတ်ရေးထိုးပါသည်။*

မှတ်ပုံတင်အရာရှိ။
တံဆိပ်။

* နှစ်စဉ်ဆရာဝန်စာရင်းတွင် အမည်ကိုထုတ်ပြန်ပြီးသည့်နောက်၊ နောက်ဆုံးထုတ်စာရင်းသည်ပင်လျှင် တရားဝင်သော မှတ်ပုံတင်သက်သေခံဖြစ်သည်။

အထူးသတိပြုရန်။

မှတ်ပုံတင်ဆရာဝန်အသီးသီးသည်၊ မိမိနေရပ်ပြောင်းရွှေ့လျှင်၊ မှတ်ပုံတင်အရာရှိထံ ချက်ချင်း အကြောင်းကြားရန် သတိပြုရမည့်ပြင်၊ ထိုနေရပ်နှင့်စပ်လျဉ်း၍၊ မိမိထံသို့ မှတ်ပုံတင်အရာရှိပေးပို့သော မေးမြန်းချက်အားလုံးကိုလည်း ဖြေကြားရမည်။ သို့မှသာ ၎င်း၏နေရပ်အမှန်ကို၊ ဆရာဝန်မှတ်ပုံစာရင်းတွင် နည်းလမ်းတကျ ထည့်သွင်းနိုင်မည်ဖြစ်သည်။ သို့တည်းမဟုတ်လျှင် အက်ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (၅) အရ အဆိုပါ ဆရာဝန်သည်၊ ဆရာဝန်မှတ်ပုံစာရင်းမှ အမည်ထုတ်ပယ်ခြင်းခံရမည်။

ရှေးဦးစွာ အမည်ပါရှိသည့် နှစ်စဉ်ဆရာဝန်စာရင်းကို၊ မှတ်ပုံဝင်ဆရာဝန်အသီးသီးအား တစ်စောင်စီ အခမဲ့ပေးမည်ဖြစ်ပါသည်။ သို့ရာတွင် ထိုစာရင်းအတွက် စာရင်းထုတ်ဝေသည့်နှစ် မကုန်ဆုံးမီ မှတ်ပုံတင်အရာရှိထံသို့ စာတိုက်ခ တစ်ကျပ် တစ်ပါတည်းပေးပို့၍ လျှောက်တောင်းရမည်။

ပုံစံအမှတ် ၇

(နည်းဥပဒေ ၁၀၉ ကိုကြည့်။)

<u>အက်ဥပဒေပုဒ်မ ၂၁ အရ မှတ်ပုံတင်ဆရာဝန်၏အမည်ကို ဆရာဝန်မှတ်ပုံစာရင်းမှ ထုတ်ပယ်ရေးအတွက် အမှုအခင်းစစ်ဆေးရာသို့ တက်ရောက်ရန်ကို ဆရာဝန်ထံ ပေးပို့သည့် အကြောင်းကြားစာ။</u>

လူကြီးမင်းခင်ဗျား။

ပြည်ထောင်စုမြန်မာနိုင်ငံတော် ဆေးကောင်စီကိုယ်စား အကြောင်းကြား သိစေအပ်ပါသည်။ တိုင်တန်းသူများက၊ ကောင်စီရှေ့သို့ အကြောင်းကြားချက်နှင့် သက်သေခံချက်တင်သွင်း၍၊ ထိုအကြောင်းကြားချက်နှင့် သက်သေခံချက်အရ လူကြီးမင်းအပေါ်တွင် အောက်ပါအတိုင်းစွဲဆိုထားပါသည်။

(ဤနေရာတွင် အကြောင်းခြင်းရာများကို အကျဉ်းချုပ်ဖော်ပြပါ)။ ဤအကြောင်းခြင်းရာများအရ လူကြီးမင်းသည်၊ ပညာရှင်လုပ်ငန်းနှင့်စပ်လျဉ်း၍ မအပ်မရာကျင့်မိဟူ၍ပြစ်မှုကျူးလွန်သည်။

သို့တည်းမဟုတ် ____________ ခုနှစ်၊ ____________ လ၊ _____ ရက်နေ့တွင် ____________ ၌၊ လူကြီးမင်းသည်၊ အောက်ပါ (ပြစ်မှု) ထင်ရှားစီရင်ခြင်းခံရသည်။ (ပြစ်မှုထင်ရှား စီရင်ခြင်းခံရသည့် အကြောင်းချက်လက်များကို ဖော်ပြပါ။)

နောက်ထပ်အကြောင်းကြားသိစေအပ်သည်မှာ၊ အထက်တွင်ဖော်ပြထားသည့်အတိုင်း၊ လူကြီးမင်းအပေါ်စွဲချက်များကို စဉ်းစားဆင်ခြင်၍၊ အက်ဥပဒေပုဒ်မ ၂၁ နှင့်အညီ၊ လူကြီးမင်း၏ အမည်ကို ဆရာဝန်မှတ်ပုံစာရင်းမှ ထုတ်ပယ်ရန် ညွှန်ကြားသင့် မသင့် ဆုံးဖြတ်ရန် ဆေးကောင်စီအစည်းအဝေးကို ၁၉ ခုနှစ်၊ ____________ လ၊ ______ ရက်နေ့၊ _____ နာရီအချိန်၌ ____________ တွင်၊ ကျင်းပမည်ဖြစ်ပါသည်။ အထက်ပါစွဲချက်များကို စာဖြင့်ချေပရမည့်ပြင်၊ အထက်ဖော်ပြရာပါ စွဲချက်များကို ငြင်းဆိုလိုက ငြင်းဆိုနိုင်ရန်၊ သို့တည်းမဟုတ် ထုချေလိုက ထုချေနိုင်ရန် အထက်တွင်ဖော်ပြထားသည့်

နေရာနှင့် အချိန်၌၊ ကောင်စီရှေ့သို့လည်း လာရောက်စေလိုပါသည်။ ယခုဆင့်ဆိုသည့်အတိုင်း မလာရောက်ပါက၊ ကောင်စီက အဆိုပါစွဲချက်များကို လူကြီးမင်း၏ မျက်ကွယ်တွင်ပင် ကြားနာစစ်ဆေး၍ ဆုံးဖြတ်ချက်ချမှတ်မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

အဆိုပါစွဲချက်များနှင့်စပ်လျဉ်း၍၊ လူကြီးမင်းတင်သွင်းလိုသောချေလွှာသို့တည်းမဟုတ် အခြားအကြောင်းကြားစာ၊ သို့တည်းမဟုတ် လျှောက်လွှာတစ်ခုခုကိုဖြစ်စေ၊ ထိုစွဲချက်များနှင့်စပ်လျဉ်းသည့် လူကြီးမင်း၏ ထုချေချက်ကိုဖြစ်စေ ကောင်စီမှတ်ပုံတင်အရာရှိထံ လိပ်တပ်၍၊ အမှုကြားနာစစ်ဆေးရန် ချိန်းဆိုထားသည့် နေ့ရက်မတိုင်မီ အနည်း ________ ရက်က ကြိုတင်၍ အရောက်ပေးပို့ရမည်ဖြစ်ပါသည်။

အက်ဥပဒေပုဒ်မ ၂၁ နှင့် ဆေးကောင်စီ နည်းဥပဒေအချို့ကို မိတ္တူကူး၍၊ လူကြီးမင်းအထူးဂရုပြုစေရန်၊ ဤအကြောင်းကြားစာနှင့်အတူ ပူးတွဲပို့လိုက်ပါသည်။

(ပုံ) ________________
မှတ်ပုံတင်အရာရှိ

ပုံစံအမှတ် ၈
(နည်းဥပဒေ ၁၂၂ ကိုကြည့်။)
(အက်ဥပဒေပုဒ်မ ၁၉ နှင့် ၂၀။)
ဆရာဝန်မှတ်ပုံစာရင်းတွင် အမည်ပြန်သွင်းရန်၊ ဥပဒေအရ ပြဋ္ဌာန်းထားသော လျှောက်ထားသူ၏ဝန်ခံချက်။

ပြည်ထောင်စုမြန်မာနိုင်ငံဆေးကောင်စီသို့

(i) အောက်တွင်လက်မှတ်ရေးထိုးသူ၊ ကျွန်တော် (၁) ________ သည်၊ (၂) ယခု ________ ဘွဲ့အရည်အချင်းကို လက်ရှိထားသူဖြစ်ရာ ကျွန်တော်၏ အမှုအခြင်းအရာများမှာ၊ အောက်ပါအတိုင်းဖြစ်ကြောင်း လေးနက်တည်ကြည်စွာ ဝန်ခံပါသည်။ ထိုအကြောင်းအရာများကြောင့် ကျွန်တော်၏အမည်ကို၊ ဆရာဝန်မှတ်ပုံစာရင်းတွင် ပြန်သွင်းပေးပါရန် တောင်းဆိုပါသည်။

(ii) (၃) ________________ ခုနှစ်တွင်၊ ကျွန်တော်၏အမည်၊ (၄) ________________ ဘွဲ့အရည်အချင်းနှင့်စပ်လျဉ်း၍ မှတ်ပုံစာရင်းတွင် နည်းလမ်းတကျမှတ်ပုံတင်ထားပါသည်။ နောက်တွင် ဖော်ပြ..းသော ကျွန်တော်၏ အမည်ထုတ်ပယ်သည့်နေ့ရက်တွင် အဆိုပါဘွဲ့အရည်အချင်းများ၊ (၅) ________________ နှင့်လည်းကောင်း၊ ________________ ထပ်ဆင့်ဘွဲ့အရည်အချင်းများနှင့်လည်းကော..း စပ်လျဉ်း၍၊ ကျွန်တော်အားမှတ်ပုံတင်ထားပါသည်။

(iii) __________ ခုနှစ်၊ ________________ လ၊ _________ ရက်နေ့ (၆) တွင် ပြုလုပ်သည့် စုံစမ်းစစ်ဆေးမှု၌ ကောင်စီသည်၊ ကျွန်တော်၏အမည်ကို (၇) ________________ နေ၊ ________________ က၊ ဆေးကောင်စီသို့ တင်သွင်းသည့် တိုင်တန်းချက်အရ ဆရာဝန်မှတ်ပုံစာရင်းမှ ထုတ်ပယ်ရန် ညွှန်ကြားခဲ့ပါသည်။ ဆေးကောင်စီက ကျွန်တော်၏အမည်ကိုထုတ်ပယ်ရန် ညွှန်ကြားရသည့်အကြောင်းဖြစ်သောပြစ်မှု မှာ၊ (၈) ________________ ဖြစ်ပါသည်။

(iv) ကျွန်တော်၏အမည်ကို ဆရာဝန်မှတ်ပုံစာရင်းမှ ထုတ်ပယ်သည့်အခါကစ၍၊ ကျွန်တော်သည် (၉) ________________ ၌ နေထိုင်၍ ________________ အလုပ်အကိုင်ကို လုပ်ကိုင်လျက်ရှိပါသည်။

(v) အကယ်၍ ကျွန်တော်၏အမည်ကို ဆရာဝန်မှတ်ပုံစာရင်းတွင် ပြန်သွင်းပါမူ၊ (၁၀) ________________ ရန် ရည်ရွယ်ပါသည်။

(vi) ကျွန်တော်၏ လျှောက်လွှာနှင့်စပ်လျဉ်းသည့် အကြောင်းပြချက်များမှာ၊ (၁၁) ________ ဖြစ်ပါသည်။

(ပုံ) ________________

________________ တွင် ________________ ရက်နေ့၌၊ ကျွန်ုပ်ရှေ့ဝန်ခံပါသည်။

ရာဇဝတ်တရားသူကြီး၊ သို့တည်းမဟုတ် ပြန်တမ်းဝင်အရာရှိ။

---

(၁) အမည်အပြည့်အစုံထည့်သွင်းပါ။

(၂) ဘွဲ့အရည်အချင်းများရှိလျှင် ထည့်သွင်းပါ။

(၃) နေ့စွဲကို ထည့်သွင်းပါ။

(၄) မူလဘွဲ့အရည်အချင်းများကိုထည့်သွင်းပါ။

(၅) လိုအပ်လျှင်ထပ်ဖြည့်ရန်။

(၆) စုံစမ်းစစ်ဆေးသောနေ့စွဲကို ထည့်သွင်းပါ။

(၇) တိုင်တန်းသူအမည်နှင့်နေရပ်ကိုထည့်သွင်းပါ။

(၈) အမည်ထုတ်ပယ်ခြင်း၏အကြောင်းဖြစ်သော စွဲချက်ကိုထည့်သွင်းပါ။

(၉) ဤစာပိုဒ်ရှိ ကွက်လပ်တွင် အကြောင်းအားလုံးကိုရှာဖြည့်သွင်းရမည်။

(၁၀) နောင်အခါလုပ်ကိုင်ရန် ရည်ရွယ်သည့်အလုပ်အကိုင်အကြောင်းအရာများကိုထည့်သွင်းပါ။

(၁၁) လျှောက်လွှာနှင့်စပ်လျဉ်းသည့် အကြောင်းအရာနှင့်အကြောင်းပြချက်အားလုံးကို ရှင်းလင်းစွာအတိုချုပ်၍ဖော်ပြရမည်။

ပုံစံအမှတ် ၉
(နည်းဥပဒေ ၁၂၂ ကိုကြည့်။)

လျှောက်လွှာကို ထောက်ခံသည့် သက်သေခံလက်မှတ်။

________________ နေ့၊ ကျွန်ုပ် ________________ က အောက်ပါအတိုင်း သက်သေခံလက်မှတ်ရေးထိုးပါသည်။

(i) ကျွန်ုပ်သည်* ________________ ဖြစ်ပါသည်။

(ii) ကျွန်ုပ်သည်၊ ________________ ၏လျှောက်လွှာအပိုဒ် (၄) နှင့် (၅) ကို ဖတ်ရှုပြီး၍၊ အဆိုပါ ________________ ကို၊ ဆရာဝန်မှတ်ပုံစာရင်းမှ အမည်မထုတ်ပယ်မီလည်းကောင်း၊ ထုတ်ပယ်ပြီးနောက်လည်းကောင်း ကောင်းစွာသိကျွမ်းပါသည်။ ထိုသူသည်၊ ယခုအခါ အကျင့်စာရိတ္တ ကောင်းမွန်သူဖြစ်ကြောင်း ယုံကြည်ပါသည်။ အဆိုပါအပိုဒ်များတွင် ပါရှိသည့်ဖော်ပြချက်များသည်၊ ကျွန်ုပ်သိရှိကြားသိယုံကြည်ရသမျှ မှန်ကန်ပါကြောင်း။

(ပုံ) ________________

အမည် ________________

နေရပ်နှင့် ဂုဏ်ထူး ________________

---

* ရာဇဝတ်တရားသူကြီးဖြစ်ကြောင်း၊ သို့တည်းမဟုတ် မှတ်ပုံဝင်ဆရာဝန်ဖြစ်ကြောင်းဖော်ပြပါသည်။

ပုံစံအမှတ် ၁၀

(အက်ဥပဒေပုဒ်မ ၁၃ နှင့် နည်းဥပဒေ ၁၃၄ ကိုကြည့်။)

၁၉   ခုနှစ်၊ မတ်/စက်တင်ဘာလတွင် ကျင်းပသော ရန်ကုန်တက္ကသိုလ်၊ သို့တည်းမဟုတ် မန္တလေးတက္ကသိုလ် နောက်ဆုံး အမ်၊ ဘီ၊ ဘီ၊ အက်(စ်)၊ စာမေးပွဲတွင် ဝင်ရောက် ဖြေဆိုကြသူများဆိုင်ရာ အစီရင်ခံစာ။

အမှတ်စဉ်	ဖြေဆိုသူအမည်	အဘ အမည်	ဖြေဆိုသည့် ဘာသာရပ်များ	အောင်မြင်သည့် ဘာသာရပ်များ	မအောင်မြင်သည့် ဘာသာရပ်များ	မှတ်ချက်*
(၁)	(၂)	(၃)	(၄)	(၅)	(၆)	(၇)

* မှတ်ချက် ။ ။ (၁) အမ်၊ ဘီ၊ ဘီ၊ အက်(စ်) ဘွဲ့ရသည်။
(၂) ဂုဏ်ထူးရသည့်ဘာသာရပ်များရှိလျှင်၊ ၎င်းဘာသာရပ်များ။

အမိန့်အရ

ထွန်းသောင်း၊
အတွင်းဝန်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန။

ကျန်းမာရေးဝန်ကြီးဌာန

ဌာနခွဲ (၄)

ရန်ကုန်မြို့၊ ၁၃၂၂ ခု၊ သီတင်းကျွတ်လဆန်း ၁၀ ရက်။
(၁၉၆၀ ပြည့်နှစ်၊ စက်တင်ဘာလ ၂၉ ရက်။)

အမှတ် ၅၅၇။ ။ ၁၉၅၇ ခုနှစ်၊ မြန်မာနိုင်ငံတော် ဆေးဘက်ဆိုင်ရာ အက်ဥပဒေပုဒ်မ ၂၉ မြင့် အပ်နှင်းထားသော အာဏာများကို သုံးစွဲလျက်၊ နိုင်ငံတော်သမ္မတသည် အောက်ပါနည်းဥပဒေများကို ပြုလိုက်သည်။

အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်များ။

၁။ ။ ဤနည်းဥပဒေများကို ၁၉၆၀ ပြည့်နှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ဆေးကောင်စီငွေရေးကြေးရေးနှင့် စာရင်းများဆိုင်ရာ နည်းဥပဒေများဟု ခေါ်တွင်စေရမည်။ *

၂။ ။ ဤနည်းဥပဒေများတွင်၊ အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏ အဓိပ္ပာယ်နှင့်ဖြစ်စေ မဆန့်ကျင်လျှင် —

(က) "အက်ဥပဒေ" ဆိုသည်မှာ၊ ၁၉၅၇ ခုနှစ်၊ မြန်မာနိုင်ငံတော်ဆေးဘက်ဆိုင်ရာ အက်ဥပဒေကို ဆိုလိုသည်။

(ခ) "ကောင်စီ" ဆိုသည်မှာ၊ အက်ဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသည့် ပြည်ထောင်စု မြန်မာနိုင်ငံ ဆေးကောင်စီကို ဆိုလိုသည်။

(ဂ) "မှတ်ပုံတင်အရာရှိ" ဆိုသည်မှာ၊ အက်ဥပဒေပုဒ်မ ၁၀ (၁) (က) အရ ခန့်ထားသည့် မှတ်ပုံတင်အရာရှိကို ဆိုလိုသည်။

(ဃ) "အမှုဆောင်ကော်မတီ" ဆိုသည်မှာ၊ ၁၉၅၇ ခုနှစ်၊ မြန်မာနိုင်ငံတော် ဆေးဘက်ဆိုင်ရာ အက်ဥပဒေပုဒ်မ ၃၀၊ ပုဒ်မခွဲ (၁) အရ မြန်မာနိုင်ငံ ဆေးကောင်စီက ပြုလုပ်၍၊ ပုဒ်မခွဲ (၂) အရ၊ နိုင်ငံတော်သမ္မတက အတည်ပြုသော နည်းဥပဒေ အပိုင်း ၆၊ အပိုဒ် ၆၄ အရ ဖွဲ့စည်းသော အမှုဆောင်ကော်မတီကို ဆိုလိုသည်။

---

* မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း - ၁၊ ၁၉၆၀ ပြည့်နှစ်၊ နိုဝင်ဘာလ (၅) ရက်၊ စာမျက်နှာ - ၁၆၀၇။

ငွေရေးကြေးရေး။

၃။ ။ နိုင်ငံတော်ကူးသန်းရောင်းဝယ်ရေးဘဏ်တွင် ကောင်စီအမည်ဖြင့် ငွေစာရင်းတစ်ခု ဖွင့်ထားရမည်။ နည်းဥပဒေ ၄ တွင် ဖော်ပြထားသည့် ခြွင်းချက်ကို ထောက်ထား၍၊ ကောင်စီ၏ ငွေအားလုံးကို ထိုဘဏ်၌ အပ်နှံထားရမည်။

၄။ ။ မှတ်ပုံတင်အရာရှိသည်၊ ကောင်စီအားပေးသည့်ငွေအားလုံးကို လက်ခံရမည်။ မိမိ၏ လက်တွင် ငွေပေါင်း ကျပ် ၁၀၀ ထက်ပို၍မထားရ။ ကျန်ငွေများကို ဘဏ်တွင် ကောင်စီ၏ ငွေစာရင်းအရ ဘဏ်သို့ ပေးသွင်းရမည်။

ငွေစာရင်းများ။

၅။ ။ မှတ်ပုံတင်အရာရှိသည်၊ နှစ်စဉ်ဇန်နဝါရီလတွင် စက်တင်ဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့် ယခင်က ဘဏ္ဍာတော်နှစ်အတွက် ရ - သုံးငွေစာရင်းရှင်းတမ်းပြုလုပ်ရမည့်ပြင် သိသင့်သိထိုက်သော အကြောင်းကိစ္စများကိုလည်း ကောင်စီက သတိပြုရန် ဖော်ပြရမည်။

၆။ ။ မှတ်ပုံတင်အရာရှိသည်၊ အမှုဆောင်ကော်မတီ၏ ညွှန်ကြားချက်အရ၊ နှစ်ချုပ်ငွေစာရင်းများကို ပြုလုပ်ရမည်။

၇။ ။ နှစ်စဉ်ဖေဖော်ဝါရီလအတွင်း၊ ရှေ့လာမည့်အောက်တိုဘာလ ၁ ရက်နေ့မှ အစပြုသည့် နှစ်အတွက်၊ ကောင်စီ၏ ဝင်ငွေနှင့် အသုံးစရိတ်ခန့်မှန်းခြေငွေစာရင်းကို ကောင်စီသို့ တင်ပြရမည်။

၈။ ။ အဆိုပါ ခန့်မှန်းခြေငွေစာရင်းတွင် ကောင်စီက ပေးရန်ရှိသော ကြွေးမြီတာဝန်များ ပြေကြေစေရန်နှင့် ကောင်စီ၏ ရည်ရွယ်ချက်များ အထမြောက်အောင်ဆောင်ရွက်ရန် ငွေများ လျာထားပေးရမည်။ ထိုခန့်မှန်းခြေငွေစာရင်း၏ ဝင်ငွေဘက်တွင် ငွေဝင်လမ်းအဘက်ဘက်မှ ရရှိမည်ဟု မျှော်လင့်ရသော အခကြေးငွေ၊ ထောက်ပံ့ငွေနှင့် ရငွေအားလုံးအပါအဝင် သာမန်နှင့် အထူးဝင်ငွေအားလုံး ပါရှိစေရမည်။

၉။ ။ ကောင်စီသည်၊ မိမိထံတင်သွင်းသော ခန့်မှန်းခြေငွေစာရင်းကို၊ စဉ်းစားဆင်ခြင်၍ ပြောင်းလဲချက်မရှိဘဲနှင့်ဖြစ်စေ၊ သင့်သည်ထင်မြင်သည့် ပြောင်းလဲချက်အရဖြစ်စေ ခွင့်ပြုရမည်။

၁၀။ ။ ကောင်စီသည်၊ ခန့်မှန်းခြေငွေစာရင်းတစ်ခုခုခွင့်ပြုသည့်နှစ်အတွင်း မည်သည့်အခါမဆို၊ နောက်ထပ်ခန့်မှန်းခြေငွေစာရင်းကို ပြုလုပ်စေ၍၊ မိမိထံသို့ ဩဂုတ်လတွင် တင်သွင်းစေနိုင်သည်၊ အဆိုပါ နောက်ထပ်ခန့်မှန်းခြေငွေစာရင်းအသီးသီးကို မူလနှစ်ချုပ်ခန့်မှန်းခြေငွေစာရင်းနည်းတူ စဉ်းစားဆင်ခြင်၍ ခွင့်ပြုရမည်။ ခန့်မှန်းခြေငွေစာရင်းတွင်ဖြစ်စေ၊ နောက်ထပ်ခန့်မှန်းခြေငွေစာရင်းတွင်ဖြစ်စေ နည်းလမ်းတကျ လျာမထားသော မည်သည့်ကုန်ကျစရိတ်ကိုမျှ ကောင်စီက ကျခံခြင်းမပြုရ။

၁၁။ ။ ငွေတောင်းဆိုရန် တင်ပြသည့် ဘီ(လ်) စာရင်းနှင့် အခြားဘောက်ချာလက်မှတ်များကို မှတ်ပုံတင်အရာရှိက လက်ခံ၍ စစ်ဆေးရမည်။ တောင်းဆိုငွေမှာ ကျပ်နှစ်ဆယ်ထက်မပို၍၊ ဘီ(လ်) လက်မှတ်စည်းကမ်းတကျဖြစ်လျှင်၊ ထိုငွေကို မှတ်ပုံတင်အရာရှိက ထုတ်ပေးရမည်။ တောင်းဆိုငွေမှာ ကျပ်နှစ်ဆယ်ထက်ပိုလျှင်၊ ဥက္ကဋ္ဌက စစ်ဆေး၍ အတည်ပြုပြီးမှသာ ငွေထုတ်ပေးရမည်။

မှတ်ပုံတင်အရာရှိသည်၊ ကောင်စီက ရရှိသော၊ သို့တည်းမဟုတ် သုံးစွဲသောငွေအားလုံးကို အထွေထွေဝင်ငွေထွက်ငွေစာရင်းစာအုပ်တွင် ချက်ချင်းရေးသွင်းရမည်။

၁၂။ ။ ဘဏ်မှငွေထုတ်ရန် ချက်လက်မှတ်အားလုံးကို၊ ဥက္ကဋ္ဌနှင့်မှတ်ပုံတင်အရာရှိတို့က လက်မှတ်ရေးထိုးရမည်။

အမိန့်အရ

ထွန်းသောင်း၊
အတွင်းဝန်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန။

MINISTRY OF TRANSPORT, POSTS AND TELECOMMUNICATIONS
TELECOMMUNICATIONS BRANCH

Yangon, the 3rd November 1960.

No. 145, In exercise of the powers conferred by section 7 of the Myanmar Telegraph Act, the President of the Union makes the following amendments to the Myanmar Wireless Telegraphs Rules, 1937: — *

1. *For* rule 16 the following *shalll be substituted* as rule 16; namely: —

"16. A candidate for examination shall pay in cash an examination fee of K 20 in the case of a first class certificate. K 15 in the case of a second class certificate, and K 10 in the case of a third class (or special class) certificate."

2. *For* rule 19 the following *shall be substituted* as rule 19; namely: —

"19. In case of failure at an examination the candidate shall not be re-examined until after the lapse of three months. The fees prescribed in rule 16 shall be payable in respect of each such re-examination."

Th se amendments shall be deemed to have come into force on the 1st January, 1960.

By Order,

D.E. JOHNS,

Dy. Secretary to the Govt. of the Union of Myanmar, Ministry of Transport, Posts and Telecommunications.

---

* မြန်မာနိုင်ငံပြန်တမ်း အပိုင်း - ၁၊ ၁၉၆၀ ပြည့်နှစ် နိုဝင်ဘာလ (၁၂) ရက်၊ စာမျက်နှာ - ၁၆၁၇၊

MINISTRY OF TRANSPORT, POSTS AND TELECOMMUNICATIONS
TELECOMMUNICATIONS BRANCH

Yangon, the 3rd November 1960.

No. 146 — In exercise of the powers conferred by section 10 of the Myanmar Wireless Telegraphy Act, the President of the Union makes the following amendments to the Myanmar Wireless Telegraphy (Possession) Rules, 1937: — *

1. *For* rule 6 the following *shalll be substituted* as rule 6; namely: —

"6. The licence shall continue in force for one year from the date of issue, and thereafter so long as the licensee pays to the Licensing Authority in advance in each year on or before the anniversary of the date of initial issue, the fee as prescribed in rule 7."

2. *For* rule 7 the following *shall be substituted* as rule 7; namely: —

"7. A fee of kyats fifty shall be payable for every licence issued under these rules."

These amendments shall be deemed to have come into force on the 1st January, 1960.

By Order,

D.E. JOHNS,

Dy. Secretary to the Govt. of the Union of Myanmar. Ministry of Transport, Posts and Telecommunications.

---

* မြန်မာနိုင်ငံပြန်တမ်း အပိုင်း - ၁၊ ၁၉၆၀ ပြည့်နှစ် နိုဝင်ဘာလ (၁၀) ရက်၊ စာမျက်နှာ - ၁၆၁၇။

MINISTRY OF TRANSPORT, POSTS AND TELECOMMUNICATIONS TELECOMMUNICATIONS BRANCH

Yangon, the 3rd November 1960.

No. 147.— In exercise of the powers conferred by sections 4 and 7 of the Myanmar Telegraph Act and section 10 of the Myanmar Wireless Telegraphy Act, the President of the Union makes the following rules regarding the licence charges for establishment, maintenance and working of the wireless telegraphy apparatus:—

1. (1) These rules may be called the Myanmar Wireless Telegraphy Licence Charges Rules, 1960.*

(2) They shall be deemed to have come into force on the 1st January, 1960.

2. In these rules, unless there is anything repugnant in the subject or context:—

(a) "amateur station licence" means a licence to establish and use in the amateur service of self training, intercommunication and technical investigations carried on by amateurs, that is, by duly authorised persons interested in radio technique solely with a personal aim and without pecuniary interest;

(b) "model control licence" means a licence to establish and use a station for wireless telegraphy for the purpose of controlling the movement of a model vehicle, vessel of aircraft, by means of the emission or electromagnetic energy from sending apparatus and the reception of such energy by receiving apparatus in the model;

(c) "press receiving licence" means a licence to establish and use a receiving station for wireless telegraphy for the sole purpose of receiving press messages;

(d) "dealer" means any person who deals in or manufactures for gain wireless telegraphy apparatus as defined in the Myanmar Wireless

* မြန်မာနိုင်ငံပြန်တမ်း အပိုင်း - ၁၊ ၁၉၆၀ ပြည့်နှစ် နိုဝင်ဘာလ (၁၂) ရက်၊ စာမျက်နှာ - ၁၆၁၇။

Telegraphy Act.

3. Except amateur station licence, model control licence and press receiving licence, all other types and classes of wireless station licences shall be charged at the following rates; namely: —

		per annum K
(i)	Stations of antenna power up to 75 watts	50
(ii)	Stations of antenna power above 75 watts but not more than 250 watts	75
(iii)	Stations of antenna power above 250 watts but not more than 2 kilowatts	100
(iv)	Stations of antenna power above 2 kilowatts	150

4. Licence charges for amateur station licence, model control licence and press receiving licence shall be K 10 per station per annum irrespective of antenna power.

5. Fees specified below shall be charged for the following types of licences; namely :—

			per annum K
(i)	dealer licence		50
(ii)	demonstration licence	.....	5
(iii)	radio repairing licence	....	30
(iv)	public address system licence	.....	60

6. On the issue of a licence, the licensee shall pay the full amount of the fee specified in relation to that type and description of licence, whatever may be the duration of the licence.

7. A licence shall continue in force for one year from the date of issue, and thereafter so long as the licensee pays to the Licensing Authority in advance in each year on or before the anniversary of the date of initial issue, the fee specified in rules 3,4 and 5.

8. No refund shall be granted of any fees paid under these rules on the ground of the inability of the licensee to make full use of the licence.

By Order,

D.E. JOHNS,

Dy. Secretary to the Govt. of the Union of Myanmar,
Ministry of Transport, Posts and Telecommunications.

MINISTRY OF FINANCE AND REVENUE
CIVIL IV BRANCH

Yangon, the 10th November 1960.

No. 492.— The President hereby directs that the following amendments shall be made to the Daily Allowance Rules appended to the Foreign Service Travelling Allowance Rules published in the Ministry of Finance and Revenue Notification No. 132, dated the 14th June 1951: —*

(i) Delete Rule 6 of the Daily Allowance Rules.

(ii) Substitute the following as Rule 6 in place of Rule 7 of the Daily Allowance Rules: —

"6. Members of the clerical staff will draw the allowance at three-quarters of the full rate in countries shown with an "✱" and draw three-quarters of the rate admissible for class 'B' officers in other countries."

(iii) Re-number the existing Daily Allowance Rule 8 as Rule 7.

(iv) Substitute the following Schedule *for* the Schedule appended to the Daily Allowance Rules: —

SCHEDULE

(Referred to in Daily Allowance Rule 5)

NOTE — (a) Where an entry is marked "✱" the daily allowance rates noted below are applicable to all Grades of Officers (including Chief of Chancery who *ex-officio* holds the rank of Third Secretary) regardless of their pay.

(b) Where an entry is not marked "✱", unless specific rates are shown, officers on scales of pay less than Selection Grade Scale of K 800—50— 1,200 will draw daily allowance at ¾th of the specified rates.

(c) Class A officers means Selection Grade Officers on scales of pay of K 800- 50-1,200 and upwards; and ClassB Officers means officers on scales of pay less than Selection Grade Scale of K 800-50-1,200 (including Chief of Chancery.)

* မြန်မာနိုင်ငံပြန်တမ်း အပိုင်း - ၁၊ ၁၉၆၀ ပြည့်နှစ်၊ နိုဝင်ဘာလ (၁၉) ရက်၊ စာမျက်နှာ - ၁၆၅၄၊

* Aden	80s. B.E.A.
* Afghanistan —	
Kabul, Halmund Valley	185 Afghanis.
Elsewhere	110 Afghanis.
Argentine —	
Buenos Aires	380 pesos.
Rosario	190 pesos.
* Elsewhere	145 pesos.
Australia —	
Melbourne	U.K. rates.
Canberra, Sydney, Perth, Brisbane, Adelaide	U.K. rates.
Hobart, Launceston, Newcastle	U.K. rates.
Woomera Rocket Range	U.K. rates.
Elsewhere	U.K. rates.
Austria —	
Vienna	280 schilillings Austrian
Graz, Klagenfurt, Linz, Innsbruck, Salzburg, Bregenz	140 schillings Austrian
Elsewhere	120 schillings Austrian
* Belgian Congo —	
Costermansville, Leopoldville, Stanleyville, Elizabethville, Thysville	585 francs.
Elsewhere	430 francs.
Belgium —	
Brussels	500 Francs.
Elsewhere, excluding Luxembourg	450 francs

Bermuda	£5 15 *s.Od*
Bolivia —	
La Paz(Class B, *f* 2 10s. Od. sterling)	£3 15 *s.Od.* sterling
* Elsewhere	£2 15 *s. Od.* sterling
Brazil —	
Rio de Janeiro (Class B, 420 cruzeiros)	500 cruzeiros.
Santos, Bele Horizonte	450 cruzeiros.
Sao Paulo, Belem, Porto Alegre	580 cruzeiros.
Recife	500 cruzeiros.
Salvador (Bahia)	620 cruzeiros.
Elsewhere. The actual reasonable expenditure on accommodation and three meals, less a deduction of 5s. within a limit of 450 cruzeiros.(Class B officers may claim actual expenditure, less 5s. within the Class A rate at all towns except Rio de Janeiro).	
* British Guiana	$ 15 B.V.I
* British Honduras	$ 22 B.H
* British North Borneo —	
Labuan Airport, Sandakan	$ 23 Straits.
Elsewhere	$ 17.50 Straits.
British West Indies —	
Barbados (1st May to 31st October)	$ 12.5 B.W.I
(1st November to 30th April)	$ 16
Jamaica (16th April to 15th December)	£ J.3 15*s. Od.*
(16th December to 15th April)	$ J.5 5*s.Od.*
Leeward Islands —	
Antigua (1st June to 31st October)	$ 12.5 B.W.I
(1st November to 31st May)	$ 18 B.W.I
Anguilla and Montserrat	$ 7 B.W.I

St. Kitts	....	......	......	$ 13 B.W.I
Trinidad	....	......	......	$ 25 B.W.I
Virgin Islands	....	......	......	$ 11 U.S
Windward Islands —				
Grenada (1st June to 14th December)			......	$ 12.5 B.W.I
(15th December to 31st May)			......	$ 17 B.W.I
St. Lucia	....	......	......	$ 12 B.W.I
St. Vincent	....	......	......	$ 13.5 B.W.I
Dominica	....	......	......	$ 10 B.W.I
* Brunei	....	......	......	$ 17.50 Straits.
* Bulgaria —				
Sofia	....	......	......	120 leva.
Elsewhere	....	......	......	90 leva.
* Cambodia —				
Phnom Penh if accommodated at Government subsidised Royal Hotel)			....	390 riels.
(If not so accommoa ıed)			....	550 riels.
Canada			......	U.S.A rates.
Canary Islands	....	......	......	300 pesetas.
* Ceylon —				
Colombo	....	......	......	35 rupees.
Elsewhere	....	......	......	30 rupees.
Chile —				
Santiago	....	......	......	8,000 pesos.
Valparaiso	....	......	......	6,250 pesos.
* Antofagasta	....	......	......	5,800 pesos.
* Valdivia	....	......	......	4,900 pesos.
* Concepc on	....	......	......	4,050 pesos.
* Elsewhere	....	......	......	2,050 pesos.

China —	
Peking	U.K. rates.
Shanghai	
Mukden, Tientsin	
Canton	
Chunking, Kunming	
Colombia —	
Bogota (Class B, 50 pesos)	60 pesos.
Barranquilla	75 pesos.
Medellin	57 pesos.
Cali, Cartagena	48 pesos.
Elsewhere	37 pesos.
Corsica —	
Ajaccio	3.500 francs.
Elsewhere	3,000 francs.
Costa Rica	.75 colones.
Cuba —	
Havana (15th March to 14th November)	$ 15
(15th November to 14th March)	$ 20
Elsewhere	$ 11
Cyprus —	
Nicosia	£ 2.5 Cyprus.
Elsewhere	£ 1.9 Cyprus.
* Czecho - Slovakia	112 Crowns
Denmark —	
Copenhagen	70 kroner.
Elsewhere	53 Kroner.
* Dominican Republic —	
Ciudad Trujillo (16th December to 15th April)	$ 21
(16th April to 15th December)	$ 17.

San Pedro de Macoris	$ 4.50
Puerta Plata	$ 7.50
Santiago	$ 10
Ecuador —	
Quito	200 sucres
* Guayaquil	180 sucres
Elsewhere	160 sucres
Egypt (U.A.R.) —	
Cairo, Port Said, Alexandria	U.K rates.
Elsewhere	U.K rates.
* Eritrea —	
Asmara, Massawa	$ 22 Ethiopian
Elsewhere	$ 14.50 Ethiopian
Ethiopia —	
Addis Ababa	$ 22 Ethiopian
Elsewhere	$ 17.50 Ethiopian
Fiji	55S Fijian
Finland —	
Helsinki	3,900finmarks
* Elsewhere	2,500 finmarks
* Formosa —	
Taipeh	NT $ 210
Tamsui	NT $ 75.
France —	
Paris	U.K rates.
Biarritz, Bordeaux, Clermont, Ferrand, Dijon, Fontainebleu, Grenoble, Le Havre Le Mans, Lille, Limoges, Lyons, Marseilles, Metz, Nancy, Nantes, Nice, Nimes Reims, Rennes, Roubaix, Rouen, Saarbrucken, St. Etieene, Strasbourg, Toulon, Toulouse	U.K rates.

Elsewhere	U.K rates.
* French Equatorial Africa (inc. Camaroons) —	
Brazzaville, Bangui	36 new francs.
Douala, Yaounde	31 new francs.
Elsewhere	27 new francs.
French North Africa —	
Algiers	42.6 new francs.
Elsewhere in Algeria.......	36.5 new francs.
Tunis	36.5 new francs.
Elsewhere in Tunisia.......	26 new francs.
French Somaliland (Jibuti)	14 new francs.
French West Africa —	
Dakar, Conakry, Abidjan, Lome, Cotonou	29 new francs.
* Bamako, Ougadougu, Niamey	29 new francs.
* Elsewhere	14 new francs.
* Gambia —	
Bathurst (Officers sponsored by Gambia Government)	20s
(Officers not sponsored.)	72s
Germany —	
Berlin, Bonn, Bad Godesberg, Bremen Cologne, Dusseldorf, Frankfurt, Hamburg Hanover, Kiel, Maing, Munich, Stuttgart Wiesbaden	U.K rates.
Elsewhere	U.K rates.
Ghana —	
Accra	65s
* Elsewhere	45s
Gibraltar	40s

Greece —	
Athens	295 drachmae
* Elsewhere	185 drachmae
Guatemala	$ 13.
Haiti —	
Port au Prince (1st May to 31st October)	$ 11.50
(1st November to 30th April)	$ 14.50
Hawaii	*See* U.S.A
* Honduras —	
Tegucigalpa	21 lempiras
Elsewhere	14 lempiras
* Honduras (British)	*See* British Honduras
Hong Kong	U.K rates
Hungary —	
Budapest (Class B, 140 forints)	150 forints
Elsewhere	125 forints.
Iceland	230 kroner.
* India	
Bombay, Calcutta, Delhi	...... 43 rupees.
Madras	38 rupees.
Elsewhere	30 rupees.
* Indo-China	*See* Combodia, Laos, Vietnam
Indonesia —	
Djakarta, Bali	U.K rates.
Bandung	U.K rates.
Elsewhere	U.K rates.
Iran —	
Teheran	1,000 rials.
*Abadan Khorramshahr	675 rials.

Elsewhere. Actual reasonable expenditure on accommodation and three meals, less a deduction of 5s. within a limit of	600 rials.
Irag —	
Baghdad	3.5 dinars.
Basra	3 dinars.
Elsewhere	2.5 dinars.
Isreal —	
Tel Aviv, Haifa Israeli Jerusalem.......	28 L.I.
* Elsewhere	16 L.I
Italy —	
Rome, Genoa Milan, Naples, Venice, Turin, Bologna, Florence	U.K rates.
Trieste, Palermo	U.K rates.
Elsewhere (including Sicily and Sardinia)	U.K rates.
Japan —	
When accommodated in Commonwealth messes	20s. in B.A.F.S.V's
* Japanese economy —	
Tokyo, Yoko hama.......	4,300 yen
Elsewhere	4,100 yen.
Jordan —	
Jerusalem (Jordan part)	56s.
Amman	54s.
Elsewhere	50s.
Kenya —	
Nairobi	50s.
* Elsewhere	35s.
* Korea —	
Seoul	$ 17

* Laos

Vientiane (Actual reasonable expenditure on three meals and accommodation, less a deduction of 5s. within a limit of 1.025 kips).

Lebanon —	
Beirut	**£ 34 lebanese.**
* Tripoli	**£ 4 lebanese.**
* **Elsewhere**	**£ 20 lebanese.**
Liberia —	
Monrovia	**$ 16.**
* **Robertsfield**	**$ 7.50**
Libya —	
Tripoli	**60s.**
* Benghazi	**60s.**
* **Elsewhere**	**50s.**
Luxembourg (Capital)	**540 francs.**
Elsewhere	**450 francs.**
* Macao	40 patacas.
* **Madagascar**	2,160 Francs African.
Malaya —	
Singapore	U.K rates.
* **Penang**	U.K rates.
* Kuala Lumpur Ipoh	U.K rates.
* **Elsewhere**	U.K rates.
Malta	**55s.**
* **Mauritius**	**26 rupees.**
Mexico —	
Mexico City	110 pesos
Acapulco	**140 pesos.**

Elsewhere	....	......	......	100 pesos.
Monaco	....	......	......	2,750 francs.
Morocco —				
Spanish Zone —				
Tetuan	....	......	......	250 pesetas.
Elsewhere	....	......	......	235 pesctas.
French Zone —				
Marrakesh	....	......	......	4,100 francs.
Elsewhere	....	......	......	4,000 francs.
Tangier	....	......	......	377 pesetas or 2,950 francs.
Nepal	....	......	......	38 rupees.
Netherlands—				
The Hague, Amsterdam		....	......	U.K rates.
Utrecht	....	......	......	U.K rates.
Elsewhere	....	......	......	U.K rates.
Netherlands Antilles	....	......	......	U.K rates.
New Caledonia —				
Noumoa	....	......	......	535 francs.
Newfoundland	....	......	......	Special rates apply.
New Guinea	....	......	......	45s. Australian.
New Zealand —				
Wellington, Christchurch, Auckland, Dunedin				U.K rates.
Elsewhere	....	......	......	U.K rates.
* Nicaragua	....	......	......	85 cordobas.
* Nigeria —				
Lagos, Kano Jos	....	......	......	50s.
Buea	....	......	......	45s.

Government Rest House	30s.
* North Borneo	*See* British North Borneo.
Norway —	
Oslo, Bergen, Trondheim	55 kroner.
* Elsewere	45 kroner.
* Nyasaland	*27s. 6d.*
* Pakistan —	
Lahore	45 rupees.
Karachi, Peshawar	32 rupees.
Elsewhere	30 rupees.
* Panama —	
Panama City (15th March to 15th December)	$ 18.50
(16th December to 14th March)	$ 20.50
Elsewhere	$ 13.50
* Paraguay —	
Asuncion	900 guarani.
Persia	*See* Iran.
* Persian Gulf —	
Bahrein	51 rupees.
Kuwait (16th October to 30th April)	58 rupees.
(1st May to 15th October)	64 rupees.
Elsewhere	30 rupees.
Peru —	
Lima (Class B, 85 soles, unless it is necessary to stay in an hotel when the 75 per cent rule may be applied.)......	175 soles.
Elsewhere	75 soles.
Philippines—	
Manila	} U.K rates
Elsewhere	}

* Poland	195 zloties.
Portugal —	
Lisbon	230 escudos.
Oporto	205 escudos.
Madeira (1st November to 30th April)	215 escudos.
Elsewhere (including Azores and Madeira from 1st May to 1st October)	165 escudos
* Portuguese East Africa —	
Beira	260 escudos.
Lourenco Marques	250 escudos.
Portuguese West Africa (Loanda)	250 escudos.
Puerto Rico (San Juan)	$ 20.50
Rhodesia —	
Lusaka	50s.
* Livingstone, Ndola	38s.
* Government Rest Houses	20s.
Salisbury	50s.
* Victoria Falls	47*s.* 6*d.*
* Bulawayo	35s.
* Elsewhere	30s.
* Roumania —	
Bucharest	165 lei.
Elsewhere	140 lei.
* Salvador	27.50 colones.
* Sarawak	$ 17.50 Straits.
Saudi Arabia —	
Jeddah, Riyadh	83 ryals.
Dhahran	70 ryals.
Al Khobar	49 ryals.
Elsewhere	25 ryals.

Seychelles	20 rupees.
Siam	*See* Thailand.
* Sierra Leone —	
Freetown	35s
Government Rest Houses	20s.
* Somalia (Mogadishu)	42 somalis.
* Somaliland Proctectorate —	
Hargeisa	25s.
Berbera	15s. *6d.*
* South Africa —	
Cape Town, Durban, Johannesburg.	
Pretoria	50s.
Elsewhere	32*s.* *6d.*
Soviet Union —	
Moscow	U.K rates.
Leningrad	U.K rates.
Elsewhere	U.K rates.
Spain —	
Madrid	350 pesetas
Barcelona, Bilbao, Vigo	300 pesetas.
San Sebastian (1st July to 30th September).......	350 pesetas.
Elsewhere (including San Sebastian from 1st October to 30th June)	200 pesetas.
* Sudan	£ 2 Sudanese
Sweden	50 kroner.
Switzerland —	
Geneva, Lausanne, Zurich	45 francs.
Basle, Berne, Montreux	40 francs.
Locarno, Lugano	35 francs.
Elsewhere	30 francs.

Syria (U.A.R.) -	
Damascus. Aleppo	U.K rates.
Elsewhere	U.K rates.
Tanganyika -	
Dar es Salaam	47*s*. 6*d*.
* Government Rest Houses	10*s*.
* Elsewhere	35*s*.
Tangier	*See* Morocco.
Thailand -	
* Bangkok	200 ticals.
Elsewhere	120 ticals.
Trieste	*See* Italy.
Tunis	*See* French North Africa
Turkey -	
Istanbul	£ 55 Turkish.
* Ankara	£ 45 Turkish.
* Elsewhere	£ 25 Turkish.
Uganda -	
Entebbe, * Kampala	42*s*. 6*d*.
* Fort Portal	37*s*. 6*d*.
* Government Rest Houses	12*s*.
* Elsewhere	35
United Kingdom (i) Selection grade and above	£ 1 10s *plus* free bed and breakfast in an establishment approved by the Embassy.

	(ii) Below selection grade	£	1 *plus* free bed and breakfast in an establishment approved by the Embassy.
Uruguay —			
Montevideo			40 pesos.
Elsewhere			30 pesos.
U.S.A (including Hawaii)	(i) Selection grade and above	$	10 *plus* free accommodation in an establishment approved by the Embassy.
	(ii) Below selection grade	$	8 *plus* free accommodation in an establishment approved by the Embassy.
Venezuela —			
Caracas Maracaibo (Class B, 50 Bolivars)			65 bolivars.
* Ciudad Bolivar, Valencia			50 bolivars.
* Elsewhere			40 bolivars.
* Vietnam —			
Saigon			810 piastres.
Dalat, Tourane			520 piastres.
Hanoi, Haiphong			D.R.V equivalent of $ 66 H.K.
Elsewhere			420 piastres.
Yemen			35s.

Yugo-Slavia —

Belgrade	U.K rates.
Bled, Dubrovnik, Opatija, Zagreb, Split	U.K rates.
Elsewhere	U.K rates.
Zanzibar	35*s*. (East African).

No Daily Allowance will be payable during a sea voyage or an air voyage except at halts where expenses are not paid by Companies concerned.

2. This notification shall be deemed to have had effect from the 1st October 1960.

By Order,

KYAW NYUN,

Secretary to the Govt. of the Union of Myanmar,
Ministry of Finance and Revenue.

MINISTRY OF DEMOCRATISATION OF LOCAL ADMINISTRATION AND LOCAL BODIES
REVENUE SECTION

Yangon, the 26th November 1960.

No. 282 — In exercise of the powers conferred by section 242, sub-section *(2)* of the Municipal Act, 1898, the President of the Union appoints the Township Officer, Kawlin, to be the Revenue Recovery Officer of the Kawlin Municipality and accordingly directs that the following *shall be added* under the "Sagaing Division" in columns (1) and (2) of the Table appended to rule 41 in Chapter VI of the Myanmar Municipal Rules, 1934: —*

In column (1) "The Township Officer, Kawlin."

In column (2) "Kawlin."

By Order,

TUN OHN,

Dy. Secretary to the Govt. of the Union of Myanmar, Ministry of Democratisation of Local Administration and Local Bodies.

* မြန်မာနိုင်ငံပြန်တမ်း အပိုင်း - ၁၊ ၁၉၆၀ ပြည့်နှစ် ဒီဇင်ဘာလ (၁၀) ရက်၊ စာမျက်နှာ - ၇၈၂။

MINISTRY OF DEMOCRATISATION OF LOCAL ADMINISTRATION AND LOCAL BODIES
REVENUE SECTION

Yangon, the 2nd December 1960.

No. 302 — In exercise of the powers conferred by section 242, sub-section *(2)* of the Municipal Act, 1898, the President of the Union appoints the Township Officer, Bogale, to be the Revenue Recovery Officer of the Bogale Municipality and accordingly directs that the following *all be added* under the "Ayeyarwady Division" in columns (1) and (2) of the Table appended to rule 40 in Chapter VI of the Myanmar Municipal Rules, 1934: —*

In column (1) "The Township Officer, Bogale."

In column (2) "Bogale."

By Order,

TUN OHN,

Dy. Secretary to the Govt. of the Union of Myanmar,
Ministry of Democratisation of Local
Administration and Local Bodies.

---

* မြန်မာနိုင်ငံပြန်တမ်း အပိုင်း - ၁၊ ၁၉၆၀ ပြည့်နှစ် ဒီဇင်ဘာလ (၂၄) ရက်၊ စာမျက်နှာ - ၁၉၁၀၊

လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေးဝန်ကြီးဌာန
စိုက်ပျိုးစရိတ်ချေးငှားရေးဌာနခွဲ

ရန်ကုန်မြို့၊ ၁၃၂၂ ခု၊ နတ်တော်လဆန်း ၄ ရက်။
(၁၉၆၀ ခု၊ နိုဝင်ဘာလ ၂၁ ရက်။)

အမှတ် ၄၇၄။ ။ ၁၉၅၃ ခုနှစ်၊ နိုင်ငံတော်စိုက်ပျိုးရေးဘဏ် အက်ဥပဒေ ပုဒ်မ ၉၂ ဖြင့် အပ်နှင်းထားသော အာဏာများကို သုံးစွဲလျက်၊ နိုင်ငံတော်သမ္မတသည်၊ ၁၉၅၃ ခုနှစ်၊ နိုင်ငံတော် စိုက်ပျိုးရေးဘဏ် နည်းဥပဒေများတွင် အောက်ပါပြင်ဆင်ချက်များကို ပြုလိုက်သည်။*

၁။ ။ နောက်တွင် အဆိုပါနည်းဥပဒေများဟု ရည်ညွှန်းသည့် ၁၉၅၃ ခုနှစ်၊ နိုင်ငံတော် စိုက်ပျိုးရေးဘဏ် နည်းဥပဒေများ၏ နည်းဥပဒေ ၁၁ အစား၊ အောက်ပါကို နည်းဥပဒေ ၁၁ အဖြစ် ထည့်သွင်း ရမည်။

"၁၁။ ။ ကျေးရွာဘဏ် မတည်ထောင်ရသေးသော ကျေးရွာအုပ်စုများတွင် အက်ဥပဒေ အခန်း ၇ ပါပြဋ္ဌာန်းချက်များနှင့်အညီ၊ လယ်ယာလုပ်ကိုင်သူတို့အား၊ စိုက်ပျိုးစရိတ် ချေးငှားနိုင်ရန်အလို့ငှာ၊ သက်ဆိုင်ရာမြို့နယ်အရာရှိက ကြီးကြပ်၍ ရွေးကောက်ပွဲ စနစ်ဖြင့် ရွေးချယ်သည့် လူကြီး ၅ ဦးပါဝင်သော ကျေးရွာငွေချေးကော်မတီများကို၊ ယာယီအားဖြင့် ဖွဲ့စည်းစေရမည်။ ထိုကော်မတီ၏ သက်တမ်းသည် ၃ နှစ်သာဖြစ် စေရမည်။"

၂။ ။ အဆိုပါနည်းဥပဒေများ၏ နည်းပဒေ ၁၃၊ နည်းဥပဒေခွဲ (၂) နောက်တွင်၊ အောက်ပါ ကို နည်းဥပဒေခွဲ (၃) အဖြစ် ထည့်သွင်းရမည်။

"(၃) ကျေးရွာငွေချေးကော်မတီ ဥက္ကဋ္ဌသည်၊ စိုက်ပျိုးသောကောက်ပဲသီးနှံပေါ်သည့်အချိန် တွင် ချေးငွေများကိုအရင်းနှင့်တကွ အတိုးပါ၊ စိုက်ပျိုးရေးဘဏ်က ထုတ်ပြန်သည့် အမိန့်ဆင့်ဆိုချက်များတွင် သတ်မှတ်ထားသည့်အတိုင်း ကောက်ခံ၍၊ မြို့နယ်အရာရှိထံသို့ဖြစ်စေ၊ စိုက်ပျိုးရေးဘဏ်က သတ်မှတ်သည့် အစိုးရငွေတိုက် တွင်ဖြစ်စေ သွားရောက်ပေးသွင်းရမည်။ ထိုသို့ကောက်ခံရာ၌ ကျေးရွာငွေချေး ကော်မတီလူကြီးများက ဥက္ကဋ္ဌအား အကူအညီပေးရမည်။"

* မြန်မာနိုင်ငံပြန်တမ်း အပိုင်း - ၁၊ ၁၉၆၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၃၀) ရက်၊ စာမျက်နှာ - ၁၉၄၂

၃။ ။ အဆိုပါနည်းဥပဒေများ၏ နည်းဥပဒေ ၁၃ နောက်တွင်အောက်ပါတို့ကို နည်းဥပဒေ ၁၃ - က နှင့် ၁၃ - ခ အဖြစ်ထည့်သွင်းရမည်။

"ကျေးရွာငွေချေးကော်မတီလူကြီးအဖြစ်မှ ရပ်စဲခြင်း

၁၃- က။ ။ ကျေးရွာငွေချေးကော်မတီလူကြီးတစ်ဦးသည် —

(က) ကျေးရွာငွေချေးကော်မတီလူကြီး၏ ရာထူးမှနုတ်ထွက်လိုကြောင်း ဥက္ကဋ္ဌထံ စာတင်သွင်းသဖြင့်၊ ထိုကော်မတီက လက်ခံစဉ်းစားပြီးလျှင်၊ ၎င်းအားနုတ်ထွက်ခွင့်ပြုသောအခါဖြစ်စေ၊

(ခ) သေဆုံးသည့်အခါဖြစ်စေ၊

(ဂ) စိတ်ပေါ့သွပ်သည့်အခါဖြစ်စေ၊

(ဃ) အနာကြီးရောဂါစွဲကပ်လာသည့်အခါဖြစ်စေ၊

(င) သက်ဆိုင်ရာ ကျေးရွာအုပ်စုပါ နယ်မြေအတွင်းမှ ပြောင်းရွှေ့သွားသည့်အခါဖြစ်စေ၊

(စ) ကိုယ်ကျင့်တရား၊ သို့တည်းမဟုတ် အကျင့်စာရိတ္တထိခိုက်စေသည့် ရာဇဝတ်ပြစ်မှု တစ်ခုခုကိုကျူးလွန်၍ ပြစ်ဒဏ်စီရင်ခြင်းခံရသည့်အခါဖြစ်စေ၊

(ဆ) လူမွဲအဖြစ် ဆုံဖြတ်ကြေညာခြင်းခံရသည့်အခါ ဖြစ်စေ၊

ကျေးရွာငွေချေးကော်မတီလူကြီးအဖြစ်မှ ရပ်စဲသည်ဟု မှတ်ယူရမည်။

ခြွင်းချက် ။ ။ သို့ရာတွင် ဤနည်းဥပဒေအရ ကျေးရွာငွေချေးကော်မတီလူကြီးအဖြစ်မှ ရပ်စဲသူ၌၊ ကျေးရွာငွေချေးကော်မတီ လူကြီးအဖြစ် ထိုသူပါဝင်ဆောင်ရွက်ခဲ့သော ကိစ္စရပ်များနှင့် စပ်လျဉ်း၍ တာဝန်ကင်းလွတ်ခွင့်မရှိစေရ။

တာဝန်ဝတ္တရားပျက်ကွက်သည့် ကျေးရွာငွေချေးကော်မတီကို နုတ်ပယ်ခြင်း။

၁၃- ခ။ ။ (၁) ကျေးရွာငွေချေးကော်မတီ တစ်ဦးတစ်ယောက်ကသော်လည်းကောင်း၊ အများက သော်လည်းကောင်း၊ စိုက်ပျိုးစရိတ်ရသင့်ရထိုက်သည့် တောင်သူလယ်သမားတို့၏ အမည်များကို စိုက်ပျိုးစရိတ်မရရှိစေရန် စာရင်းမှချန်လှပ်ထားကြောင်း သို့တည်း မဟုတ် စိုက်ပျိုးစရိတ် မရထိုက်သူများ၏ အမည်ကိုစာရင်းတွင် ထည့်သွင်းဖော်ပြထားကြောင်း သို့တည်းမဟုတ် အခြားနည်းဖြင့် အမည်များကို ဖြစ်စေ၊ စိုက်ပျိုးလုပ်ကိုင်သည့် ဧရိယာကိုဖြစ်စေ၊ လိမ်လည်ဖော်ပြကြောင်း၊ သို့တည်းမဟုတ် မိမိ၏ကိုယ် တိုင်ချေးယူထားသော စိုက်ပျိုးစရိတ်များကို လုံလောက်သောအကြောင်းမရှိဘဲ ပြန်လည်ပေးဆပ်ရန် ပျက်ကွက်ကြောင်း တွေ့ရှိရပါက၊ သက်ဆိုင်ရာခရိုင်ဝန်သည်၊ အဆိုပါကျေးရွာငွေချေး

ကော်မတီကို ဖျက်သိမ်းနိုင်သည်၊ သို့တည်းမဟုတ် ကျေးရွာ ချေးငွေကော်မတီလူကြီးတစ်ဦးတစ်ယောက်ကိုဖြစ်စေ၊ အများကိုဖြစ်စေ၊ ကျေးရွာ ငွေချေးကော်မတီလူကြီးအဖြစ်မှ နုတ်ပယ်နိုင်သည်။

(၂) ခရိုင်ဝန်သည်၊ နည်းဥပဒေခွဲ (၁)အရ၊ ကျေးရွာငွေချေးကော်မတီကို ဖျက်သိမ်းခြင်း၊ သို့တည်းမဟုတ် ကျေးရွာငွေချေးကော်မတီလူကြီးကို နုတ်ပယ်ခြင်းမပြုမီ၊ သက်ဆိုင်ရာ ကျေးရွာငွေချေးကော်မတီအား၊ သို့တည်းမဟုတ် ကျေးရွာငွေချေးကော်မတီ လူကြီးအား၊ ချေပပြောဆိုခွင့်ပေးရမည်။

(၃) နည်းဥပဒေခွဲ (၁)အရ နုတ်ပယ်ခြင်းခံရသော ကျေးရွာ ငွေချေးကော်မတီလူကြီး တစ်ဦး၌ မည်သည့်ကျေးရွာ အုပ်စုတွင်မျှ နောက် ၃ နှစ်အတွင်း၊ ကျေးရွာ ငွေချေး ကော်မတီလူကြီး အဖြစ် ပါဝင်ဆောင်ရွက်ခွင့်မရှိစေရ။

<u>ခြွင်းချက်။</u> ။ သို့ရာတွင် ဤနည်းဥပဒေအရ၊ ကျေးရွာငွေချေးကော်မတီလူကြီးအဖြစ်မှ နုတ်ပယ်ခြင်းခံသူ၌ ကျေးရွာငွေချေးကော်မတီလူကြီးအဖြစ် ထိုသူပါဝင်ဆောင်ရွက်ခဲ့သော ကိစ္စရပ်များနှင့် စပ်လျဉ်း၍ တာဝန်ကင်းလွတ်ခွင့်မရှိစေရ။"

၄။ ။ အဆိုပါနည်းဥပဒေများနှင့် ပူးတွဲပါရှိသော ပုံစံ ၁ တွင် တတိယစာပိုဒ်၌ "ကျေးရွာ ဘဏ်လူကြီး" ဆိုသည့်စကားရပ်အစ ။ "ကျေးရွာဘဏ်အဖွဲ့ဝင်" ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

အမိန့်အရ

ဘကြူး၊

အတွင်းဝန်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊

လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေးဝန်ကြီးဌာန။